တက္ကသိုလ်ဘုန်းနိုင်

ပိတောက်ပွင့်ဆဲ လသာဆဲဝယ်

လုံးချင်းဝတ္ထု

တက္ကသိုလ်ဘုန်းနိုင်

E-Books

ပုံနှိပ်မှတ်တမ်း

ပိတောက်ပွင့်ဆဲ လသာဆဲဝယ် တက္ကသိုလ်ဘုန်းနိုင်

ဆဌမအကြိမ်၊ မတ်၊ ၂၀၁၉ တန်ဖိုး • ၁၅၅၀၀ကျပ်

ထုတ်ဝေသူ • ကံကော်ဝတ်ရည်

E-Book Creator• Whispers of Words

© တက္ကသိုလ်ဘုန်းနိုင်မူပိုင်ဖြစ်ပါသည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

1. About Us
2. အပိုင်း [၁]
3. အခန်း [၁]
4. အခန်း [၂]
5. အခန်း [၃]
6. အခန်း [၄]
7. အခန်း [၅]
8. အခန်း [၆]
9. အခန်း [၇]
10. အခန်း [၈]
11. အခန်း [၉]
12. အခန်း [၁၀]
13. အခန်း [၁၁]
14. အခန်း [၁၂]
15. အခန်း [၁၃]
16. အခန်း [၁၄]
17. အပိုင်း [၂]
18. အခန်း [၁၆]
19. အခန်း [၁၇]
20. အခန်း [၁၈]
21. အခန်း [၁၉]
22. အခန်း [၂၀]
23. အခန်း [၂၁]
24. အခန်း [၂၂]
25. အပိုင်း [၃]
26. အခန်း [၂၄]
27. အခန်း [၂၅]
28. အခန်း [၂၆]
29. အခန်း [၂၇]
30. အခန်း [၂၈]
31. အခန်း [၂၉]
32. အခန်း [၃၀]
33. အခန်း [၃၁-ဇာတ်သိမ်း]

About Us

ကျွန်တော်တို့ အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက **E-BOOKS READER** အသုံးပြုသူများနှင့် **DIGITAL DEVICES** တွေမှာ စာဖတ်သူများအတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ **E-BOOKS READER** အသုံးပြုသူများလည်း များပြားလာပြီဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ **E-BOOKS READER** အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန်အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို **DIGITAL** နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ) အသုံးမပြုပါ။

”စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်”

စာပေထုတ်ဝေသူတို့ နှင့် ဆရာ၊ ဆရာမများအနေဖြင့် မြန်မာနိုင်ငံအတွင်းက

E-BOOKS MARKET အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ **E-BOOKS DIGITAL MARKET** ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာရှိနေပါပြီ။ **DIGITAL PRODUCT** ဖြစ်သည့် အတွက် ဆရာ၊ ဆရာမများအတွက်လည်း ပိုမိုအကျိုးများပါသည်။ ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့်ချိုးဖေါက်နေမှုများကို လည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည်ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ **E-BOOK** ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ်ပြုသင့်တယ်"လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ်နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံစာပေလောက အတွက် အနာဂတ်ကလေးငယ်များအတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း **(E-BOOK** ရှိလျှင်**) E-BOOK** များ ကို အဓိက ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။ ထိုကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

အပိုင်း [၁]

‘အချစ်ကား ည၊ မေတ္တာကား နေ့’

အတိတ်သညာ၊ အဝိဇ္ဇာတည်း၊ အနာဂတ်မူ၊ တဏှာဟူ၏။ ကြည်ဖြူစွဲသန်၊ ပစ္စုပ္ပန်ကား၊ ကံသဘာဝ သမ္ဘသန၊ ဓမ္မသတိ၊ မရှိစိတ်ထံ၊ ဝိပ္ပလ္လာသ၊ သူ စိုးရသည့်၊ လွမ်းည သာမော၊ တစ်ခုသော၌၊ လှသောချစ်သူ၊ ချစ်သူ အလှ၊ အလှနှင့်သူ၊သူနှင့် အလှ၊ ခွဲမရပြီ၊ အလှသည်ပင်၊ ဘာဝမြင်သည်၊

ညစဉ် လနှင့်... ပိတောက်နှင့်...

✳✳✳✳✳

အခန်း [၁]

ကျွန်တော်ဆိုသည့် သတ္တဝါက ပိတောက်ပွင့်လျှင် ရင်ခုန်တတ်သည်။

ပိတောက် ပွင့်မှ မဟုတ်။ ပိတောက်တွေ ပွင့်တော့မည်ဟု အမှတ်ပြုမိချိန်မှ စကာ ကျွန်တော့်ရင် ခုန်လေမြဲ ဖြစ်သည်။

ပိတောက်ပွင့်ရက်နှင့် လသာရက်သည် ဆုံတတ်ခဲ့ပါသည်။ ဆုံတောင့် ဆုံခဲ ဆုံလာပြီ ဆိုမှဖြင့်လည်း ပိတောက်ပွင့်ဆဲမှာ ငွေလသာသော နွေညပြာပြာသည် ကျွန်တော့်အတွက် သီးခြားဖြစ်သော ကမ္ဘာလောကကလေးတစ်ခု ဖြစ်လာသည်။

လှပသော ကမ္ဘာလောကကလေးတစ်ခုပါ။ အစ ဆိုတာရယ်... အဆုံး ဆိုတာရယ်... အချိန် ဆိုတာရယ်... ဘာရယ်မှ မရှိသော ကျွန်တော့်ကိုယ်ပိုင်၊ ကျွန်တော် တစ်ဦးတည်းသာ ပိုင်သည့် လှပသော စိတ္တဇကမ္ဘာလောကလေးပါ။

ရုက္ခဗေဒပညာရှင်တွေက ဆိုချင်တာ ဆိုကြပါစေ။ အတွေ့အကြုံ အမှန်တရားအပေါ်မှာသာ ယုံသည့် ဆိုသူတွေလည်း ပြောချင်တာ ပြောကြပါစေ။ သို့ရာတွင် ထိုအခါမျိုး၌ ပိတောက်လေးများကို ကျွန်တော်က အိပ်ပျော်နေသော အလှတရားလေးများဟု မှတ်ယူသည်။ ငွေလရောင်က နှိုးသူပါ။

ရွှေရောင် မျက်လွှာလေးတွေပေါ်မှာ ငွေရောင် အကြည့်ဓာတ်က နူးနူး ညံ့ညံ့ တို့ထိနှိုးလာသည်။ ထိုအခါ အလှတရားလေးတို့ ပွင့်နိုးရှင်သန်လာသည်။ အဲသည်နောက်ပိုင်းမှာတော့ ပြည့်သော၊ စုံသော၊ လှသော၊ ဆန်းသော ကမ္ဘာလေးတစ်ခုသည် တည်ပြီး ပေါ်ပြီး ဖြစ်နေသည်။ တည်ပြီး ပေါ်ပြီး ဖြစ်နေလေတော့ အစကို ကျွန်တော် မသိလိုက်ပါ။ အဆုံးဆိုတာကိုလည်း မမြင်နိုင်ပါ။ ကျွန်တော် သိတာကတော့ ပစ္စုပ္ပန်သက်သက်ပါ။ လှပသော ပစ္စုပ္ပန်။ ကျွန်တော်၏ ချစ်ဖွယ်၊ လွမ်းမက်ဖွယ်သော ပစ္စုပ္ပန် စိတ္တဇအလှကမ္ဘာသက်သက်ပါ။

ဪ... ကြုံတောင့်ကြုံခဲ ပိတောက်ပွင့်ဆဲ လသာဆဲက နွေညပြာပြာ တစ်ခုပါ။ လှပလွန်းသော ကမ္ဘာလောကလေး တည်ဆဲ ပေါ်ဆဲမှာပါ။

အဲသည်အခါတုန်းက မမဝေနှင့် ကျွန်တော် ဆုံတွေ့ ခဲ့ရလေသည်။

*****

အခန်း [၂]

ပတ်ဝန်းကျင်မှာ သံကြွန်၏ အရိပ်နိမိတ်ကလေးများ ပေါ်နေပြီ။ ကျွန်တော်၏ နှာခေါင်းတွင်ကား သံကြွန်၏ အနံ့အသက်လေးများကိုပင် ရနေ၏။

တန်ခူးနွေ၏ ညနေမစောင်းတစောင်း အချိန်မှာ ဖြစ်၍ အပူငွေ့တော့ ရှိနေသည်။ သို့ရာတွင် လေချိုက သွေးနေသဖြင့် အအေးဓာတ်ကလေးကလည်း လွင့်လွင့်လာနေသည်။

မြေပြင်နှင့် တောတန်းတို့ထက်တွင် မြူပြာပြာ လွှမ်းနေ၏။ ကောင်းကင်က မကြည်လွန်း။ မှုန်လည်း မမှုန်လွန်း။ အနောက်ဘက်ဆီမှ တိမ်ဖြူဖြူတို့၏ နောက်ပါးတွင် ရွှေလျှံလဲ့လဲ့ ပြေးနေသည်။

တန်ခူးဆိုသည်က နှစ်သစ်တစ်ခု၏ အစပေါ်။ နှစ်သစ်တစ်ခု၏ စခြင်းကို ပြသော လက္ခဏာတွေက ပတ်ဝန်းကျင်မှာ လှပထင်ရှားနေကြသည်။

သစ်ညိုပင်သည် လည်းကောင်း၊ ဘန့်ပွေးပင်သည် လည်းကောင်း၊ ရှာယားပင်သည် လည်းကောင်း၊ ပိတောက်နှင့် စိန်ပန်းပင်တို့သည် လည်းကောင်း ကျွန်တော့်ရှေ့၌ မြင်သမျှသော ပင်အို ပင်ပျိုတို့သည် ရွက်သစ်တွေကို ဆင်ထားကြ၏။ ရွက်ဝါရွက်ဟောင်းတွေက တစ်ပေါင်းတည်းက ကြွေစင်ကုန်ခဲ့ပြီ။

မနတော့သော်လည်း မရင့်သေးသော ရွက်သစ်တို့သည် ပျိုပျိုလွင်လွင် ရှိလှသည်။ နှစ်သစ် အချိန်သစ်မှာ လောကကို ပျိုမျစ်ခြင်းဖြင့် တန်ဆာဆင်နေကြသည်။

ပွင့်စုံတို့ကလည်း ရောင်မျိုးကွဲယှက်လှ၏။ စိန်ပန်းနီနီရဲရဲကတော့ တစ်ခဲနက် အားမာန်အရှိဆုံး ဖြစ်သည်။ ငုတွေကလည်း အားကျမခံ ထိန်ထိန်ဝါနေ၏။ တရုတ်စံကားတွေကလည်း အပြိုင်ပွင့်နေ၏။ စွယ်တော် ဖြူဖြူတွေကတော့ ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ် ရှိသည်။ ကံ့ကော်ပွင့်ကြွင်းတွေကလည်း သင်းပျံ့ဆဲပါ။

ပိတောက်ပင်ရိပ်တွင် ထိုင်နေသော ကျွန်တော်က အပေါ်သို့ မော့ကြည့်မိသည်။

ပိတောက်တွေကတော့ မပွင့်သေးပါ။ သို့ရာတွင် သတိထား ကြည့်သဖြင့်ထွက်ပြူစ အဖူးအငုံ စိမ်းစိမ်းလုံးလုံးလေးများကို တွေ့ရသည်။

ဩော်... ပိတောက်တွေလည်း ပွင့်ချိန်နီးပြီ။ မနက်ဖြန်လော...

သန်ဘက်ခါလော…။ တစ်ရက် . . နှစ်ရက်… သုံး လေးရက်… ပွင့်တော့ ပွင့်ရော့မည်။

ကျွန်တော့်ရင်က ခုန်လာသည်။ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ခုန်လာသည်။

ရင်ခုန်ရင်းက ကျွန်တော်သည် လက်တွင်း၌ ကိုင်စွဲထားသော အရာလေးကို ငုံ့ကြည့်မိ၏။ ထိုခဏ၌ ကျွန်တော်သည် ပြုံးမိသွား၏။

ကျွန်တော့် လက်တွင်းမှာက စိပ်ပုတီးလေးတစ်ကုံးပါ။ စိပ်ပုတီးနှင့်ရင်ခုန်ခြင်းတို့မှာ မဆီဆိုင်လှပါ။ သည်နေရာ သည်မြေကလည်း ရင်ခုန်ခြင်းတွေ ငြိမ်းရမည့် နေရာပါ။ မြေပါ။

ကျွန်တော် ငိုင်လျက် စဉ်းစားနေခိုက် နောက်ပါးမှ ချောင်းဟန့် အသံ ပေးသည်ကို ကြားရ၏။ လှည့်ကြည့်လိုက်သောအခါ ကျွန်တော့်ဆီ ရှေးရှုချဉ်းကပ် လာသော ဦးပဥ္စင်းဦးဝိမလကို တွေ့ ရသည်။

ဦးပဥ္စင်း…။ ဆရာတော်ကြီး ဦးတိလောက ရှိသေး၍သာ ဦးဝိမလကို ဦးပဥ္စင်းဟု ကျွန်တော်တို့ ခေါ်ကြသည်။ အမှန်မှာ ကိုယ့်ကျောင်း ကိုယ်ထိုင်၍ ကိုယ့်ဘာသာ သာသနာပြုနေတော်မူမည်ဆိုလျှင် ဦးဝိမလကိုလည်း ဆရာတော်ဟု ခေါ်ကြရပေမည်။ ဦးဝိမလ၏ သက်တော်မှာ ၄၀ ကျော်ပေပြီ။ သို့ရာတွင် သက်တော် ၄၀ ကျော်ကြောင်းကို ဖွင့်ပြော၍သာ သိထားကြရသည်။ ပကတိ မျက်နှာတော် အသွင်သက်သက်ကိုသာ ခန့်မှန်းပြောရမည် ဆိုလျှင် ဦးဝိမလ၏ သက်တော်ကို အစိတ်၊ သုံးဆယ်ဟုသာ ခန့်မှန်းပြောဆိုကြမည်။

လူတွေအတွက် သုံးသော စကားနှင့် ပြောရမည်ဆိုလျှင် ဦးဝိမလ၏ ရုပ်တော်သည် နုသည်။ အသားတော်များက ဝင်းဖန့်စိုပြည်သည်။ သစ်ခေါက်ဆိုးရောင် သင်္ကန်းတော်၏ အရောင်သည် ရင့်မှောင်လင့်ကစား ဦးဝိမလ၏ နုပျိုစိုပြည် ခြင်းကို လွှမ်းမပစ်နိုင်။ ဣန္ဒြေတော်ကို ဖြည့်စွက်ပေးသော သတ္တိသာ ထူး၏။

ဦးပဥ္စင်းက ချောင်းဟန့် အသံပေးသော စေတနာကို ကျွန်တော် နားလည်သည်။ ကျွန်တော်က ငိုင်နေသူ မဟုတ်လော။ ဝိပဿနာစကားနှင့် ဆိုရလျှင် ကျွန်တော်က ဥဒ္ဒစ္စ ဖြစ်နေသူပါ။ စိတ်ပျံ့လွင့်နေသူပါ။ သည်လိုလူမျိုးက လန့်တတ်သည်။ ဦးပဥ္စင်း လမ်းလျှောက်လျှင် ခြေသံ မပေါ်ဘဲ အလွန်ညင်သာသိမ်မွေ့၏။ ချောင်းဟန့် အသံမပေးဘဲ အနီး ရောက်လာလျှင် ကျွန်တော် လန့်ပေတော့မည်။

ဦးပဥ္စင်း ချဉ်းကပ်လာသည်ကို မြင်သော ကျွန်တော်က ထိုင်နေသော ပျဉ်တစ်ပြားခင်း ခုံတန်းမှ ဖယ်ပေးသည်။ ခုံတန်းပေါ် ဦးပဥ္စင်း ထိုင်မိသောအခါမှ ဦးချ ကန်တော့ပြီးလျှင် မြေပြင် မြက်ခင်းထက်၌ ကျွန်တော်က ပုဆစ်တုပ်လျက် ထိုင်၏။

ဦးပဥ္စင်းက အေးချမ်းပျော့ပျောင်းသော အသံတော်ဖြင့် မိန့်၏။

“ဟိုဘက်က ဒကာကြီးကို တရားစစ်ပြီး ရှင်းလင်းညွှန်ပြနေလို့ ဦးပဥ္စင်း နည်းနည်း နောက်ကျသွားတယ်။ သည်းခံကွဲ့ မောင်လေးလှိုင်၊ ငါ့တပည့် စောင့် နေရတာ ကြာသွားသလား”

“မကြာလှပါဘူး ဘုရား၊ ပြီးတော့ တပည့်တော် ပုတီးပတ်လည်း ခုနင်ကလေးတွင် ပြီးပါတယ်”

“ဒီနေ့ မောင်လေးလှိုင် ဘာစိပ်သလဲ”

“ဓမ္မဂုဏ်တော်ပါ ဘုရား”

“သာဓု သာဓု သာဓု . . ဝိပဿနာ အားထုတ်သူတွေဟာ ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းကိုလည်း မှန်မှန်ပြုရတယ်၊ ဒါတော့ မမေ့နဲ့နော် တပည့်”

“အရှင်ဘုရား ဆုံးမထားတာကို တပည့်တော် စွဲမြဲအောင် မှတ်ထားပါတယ် ဘုရား”

“မှတ်ထားကွဲ့၊ ဒါကိုလည်း မှတ်ထား… ဦးပဉ္ဇင်း သင်ခဲ့တဲ့ တခြားဟာတွေလည်း မှတ်ထား၊ မမေ့စေနဲ့၊ ငါ့တပည့်က ဦးပဉ္ဇင်းတို့ နယ်ဆီ တော်တော်နဲ့ ပြန်ရောက်တော့မှာမှ မဟုတ်ဘဲ”

ဦးပဉ္ဇင်း၏ နောက်ဆုံး စကားရပ်က ကျွန်တော့်ကို ထိတ်လန့်တုန်လှုပ်သွားစေ၏။

“အရှင်ဘုရား ဘာကို ဆိုလိုလိုက်တာပါလဲ ဘုရား”

ဦးပဉ္ဇင်း၏ မျက်နှာတော်တွင် ပြုံးရိပ်ငွေ့ငွေ့ ထင်လာသည်။ မျက်လုံးတော်များက ကျွန်တော့်မျက်နှာဆီ စူးစိုက်လျက် တည်ငြိမ်စွာ ကြည့်နေသည်။ အေးချမ်းသော သည်မျက်လုံးတော်များက ကရုဏာသဘောကိုလည်း ဖော်ပြနေသည်ဟု ကျွန်တော် ထင်သည်။

“ မောင်လေးလှိုင် ”

“ဘုရား…”

“ လောကကြီးမှာ ဘယ်ဟာက ပြုဖို့ လွယ်ပြီး ဘယ်ဟာက ပြုဖို့ ခက်သလဲ”

“မှန်ပါ၊ အကုသိုလ်က ပြုဖို့လွယ်ပြီး ကုသိုလ်က ပြုဖို့ ခက်ပါတယ် ဘုရား”

“ကုသိုလ်တရားထဲမှာလည်း ဘယ်တရားမျိုးက ပြုဖို့ အခက်ဆုံးလဲ”

“ဝိပဿနာ ဘာဝနာတရားပါ ဘုရား”

“အိမ်း… အိမ်း…၊ ဣစ္ဆ ဘိက္ခဝေ ဘိက္ခုကာယေ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနယျလောကေ အဘိဇ္ဈာ ဒေါမနဿံ…တဲ့၊ ဦးပဉ္ဇင်း ခဏခဏ ရွတ်ပြတဲ့ ပါဠိတော်ကြီးနော်၊ ဒါကိုလည်း မောင်လေးလှိုင် မှတ်မိရဲ့နော်”

“မှတ်မိပါတယ် ဘုရား”

“ဣဓ-ဤမဂ်သာသနာ ဖိုလ်သာသနာတော်၌၊ ဘိက္ခု - သတိပဋ္ဌာန် လုပ်ငန်းစဉ်ကို အားထုတ်သော ပုဂ္ဂိုလ်သည်။အာတာပီ- မဖြစ်မနေ အရိုးကျေကျေ

အရေခန်းခန်း ကြီးပမ်းသော လုံ့လနှင့် ပြည့်စုံသည်ဖြစ်၍၊ သမ္ပဇာနော- ရုပ်နာမ် ဓမ္မ သဘာဝတရားတို့၌ စူးရှသော ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍၊ သတိမာ- ဖြစ်ခြင်း ပျက်ခြင်းဟူသော ကမ္မဋ္ဌာန်းအာရုံနှင့် ပြည့်စုံသည်ဖြစ်၍၊ လောကေ- သညုက္ခန္ဓာဟူသော ပညတ်စွဲ လောက၌၊ အဘိဇ္ဈာ ဒေါမနဿံ- ချစ်ခြင်း မုန်းခြင်း နှစ်ပါးကို၊ ဝိနေယျ- ပယ်ဖျောက်၍၊ ကာယေ- ရူပကာယ ဟူသော ခန္ဓာကိုယ် အစု၌၊ ကာယာနုပဿီ- ရူပကာယကို အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ ကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်၍နေ၏... တဲ့၊ မောင်လေးလှိုင်တို့က လောကမှာ ဘာနဲ့နေကြလဲ”

“ချစ်ခြင်း၊ မုန်းခြင်း နှစ်ပါးနဲ့ပါ ဘုရား”

“ စောစောက မောင်လေးလှိုင် ငိုင်နေတာ... ဦးပဥ္စင်းကို မညာနဲ့နော်၊ ဘာမှာ အာရုံရှိနေလဲ ”

“အာ... ဟာ... ဟိုဒင်း၊ ပန်း... ပန်းပွင့်လေးတွေနဲ့ ရွက်သစ်လေးတွေပါ ဘုရား”

“ချစ်နေတာလား၊ မုန်းနေတာလား”

“အာ... အင်း... အဟင်း... ချစ်... ချစ်နေတာပါ ဘုရား”

“တခြား ချစ်စရာကော ရှိသေးလား”

“ဘာ... ဘာပြောတာလဲ ဘုရား”

“ဦးပဥ္စင်း မေးတာကို ဖြေပါ”

“ရှိတော့ ရှိတာပေါ့ ဘုရား၊ ဟိုတောက်တီးတောက်တဲ့တော့ မရှိသေးပါဘူး”

“မရှိသေးဘူး၊ နောင်တော့ ရှိဦးမယ်”

“ဘုရား...”

“ထားပါလေ... ထားပါတော့၊ ချစ်ခြင်း မုန်းခြင်းနဲ့ နေကြတယ်။ အဲဒီလို နေကြတာကိုပဲ ကောင်းတယ်လို့ ထင်ကြတယ်။ ဒီတော့ ချစ်ခြင်း မုန်းခြင်းကို ပယ်ဖျောက်ဖို့က လွယ်ရဲ့လား မောင်လေးလှိုင်”

“မလွယ်ပါဘူး ဘုရား”

“မလွယ်တဲ့ ကိစ္စမို့ ကလျာဏဘုမ္မိစခန်း ရောက်ပြီးတဲ့ ပါရမီရှင်ဟာ ရှေ့ဆက်ခရီးသွားဖို့ ဘယ်တရားတွေကို ပြည့်သထက် ပြည့်အောင် ဖြည့်ကြရမလဲ”

“တင်ပ့ါ၊ အာတာပီ၊ သမ္ပဇာနော၊ သတိမာ၊ ဝိနေယျ၊ ဒီတရားလေးပါးပါပဲ ဘုရား”

“အဲဒါတွေကို ဖြည့်ဖို့ကကော လွယ်ရဲ့လား”

“မလွယ်ပါဘူး ဘုရား”

“မလွယ်ပေဘူး၊ ဒါကြောင့် စောစောက ဦးပဥ္စင်း ဆိုလိုက်တယ်၊ မောင်လေးလှိုင်ဟာ ဦးပဥ္စင်းတို့နယ်ဆီ တော်တော်နဲ့ ပြန်ရောက်တော့မှာ မဟုတ်ဘူးလို့”

“တပည့်တော်ဟာ ဦးပဥ္စင်းဆီတော့ ခဏခဏ ရောက်မှာပါပဲ ဘုရား”

“ဦးပဥ္စင်းက သတ်သတ်၊ ပောဒီ ကမ္ဘဋ္ဌာန်းကျောင်းက သတ်သတ်၊ ပညတ်တွေပါကွယ်၊ ဦးပဥ္စင်း သုံးလိုက်တဲ့ စကားက ဦးပဥ္စင်းတို့နယ်”

ကျွန်တော့်ရင်တွင်းမှာ ဝမ်းနည်းသွား၏။ အားငယ်သကဲ့သို့လည်း ဖြစ်သွား၏။

“ဘာကို ဆိုလိုလိုက်တာလဲ ဘုရား၊ တပည့်တော်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်အတွက် ဒီဘဝမှာ ပါရမီမရှိဘူး၊ ဒီလိုလား ဘုရား”

ဦးပဥ္စင်းက ပြုံးပြီး လက်ဝါး ကာပြတော်မူ၏။

“ပါရမီဆိုတဲ့ စကားကို ကံဆိုတဲ့ စကားလိုပဲ လွယ်လွယ်ကူကူ အရမ်းမသုံးနဲ့ တပည့်ရယ်၊ ဩော်... ဒါထက် ဥပကရဟန်းကြီးအကြောင်းကို မောင်လေးလှိုင် ဖတ်ဖူးတယ်နော်”

“ဖတ်ဖူးပါတယ် ဘုရား”

“ မြတ်စွာဘုရားဟာ ပဉ္စဝဂ္ဂီတွေကို တရားဦးဟောဖို့ မိဂဒါဝုန်ဆီ ကြွလာတုန်း လမ်းမှာ ဥပကနဲ့ တွေ့တယ်။ ဒီတော့ သူက ဘုရားကို ဘုရားအဖြစ်နဲ့ အရင်ဆုံး တွေ့သူပေါ့၊ ဟုတ်လား။ ဒါပေမဲ့ သူဟာ ချက်ချင်း တစ်မဂ်တစ်ဖိုလ် မရပါဘူး၊ ကြားကာလလေး ခံသွားသေးတယ် မဟုတ်လား ”

ဦးပဥ္စင်း၏ စကားကို နားထောင်နေရာမှ ကျွန်တော် ပြုံးမိသွားသည်။

“ဦးပဥ္စင်းက တပည့်တော်ကိုလည်း ဆာဝါတို့ ဘာတို့နဲ့ ညားပြီး ဒုက္ခ တွေ့ရဦးမယ်လို့ ဆိုလိုတာလား ဘုရား”

“ဦးပဥ္စင်းက ပြန်မေးမယ်၊ အဲဒီဘဝမျိုးကို ဒုက္ခလို့ မောင်လေးလှိုင်က အခု သိမ်းပိုက်မျိုချနိုင်ပြီလား”

သည်မေးခွန်းကို ကျွန်တော် မဖြေပါ။ ပြုံးပြီးသာ မျက်လွှာချနေ၏။

“မဖြေနိုင်ဘူး မဟုတ်လား၊ မဖြေပါနဲ့ကွယ်၊ ဖြစ်တတ်တဲ့ သဘာဝကို ဦးပဥ္စင်းက ပြောရတယ်၊ မောင်လေးလှိုင်က အသက် ၁၈ နှစ်ဆိုတော့ ငယ်လည်း ငယ်သေးတယ်၊ ရှေ့လျှောက် ဖြစ်ကြည့်လိုက်ချင်တဲ့ စိတ်ကလေးကလည်း ရှိသေးတယ်၊ ဦးပဥ္စင်း အပြစ်လည်း မတင်ဘူး၊ သောတာပန် အရိယာကြီးတွေတောင်မှ ရုပ်ထိုးကျင့်သော တဏှာနဲ့ နာမ်ထိုးကျင့်သော တဏှာ နှစ်ပါးမှာ နာမ်ထိုးကျင့်သော တဏှာကိုသာ ပယ်နိုင်ကြသေးတယ်၊ ရုပ်ထိုးကျင့်သော တဏှာကိုတော့ မပယ်နိုင်ကြသေးဘူး၊ ဒါကြောင့် အိမ်ရာထောင်ခြင်း၊ စီးပွားရှာခြင်း ကိစ္စတွေ ရှိနေ ကြသေးတယ်၊ ပုထုဇဉ်ရဲ့ သာယာခြင်းနဲ့တော့ မတူဘူးပေါ့၊ ဒီတော့ မောင်လေးလှိုင်ရဲ့

ဉာဏ်နဲ့ ပါရမီခံလေးကို ကြိုက်တာမို့ နောက်ဆုံး စကား ဦးပဉ္ဇင်း မှာလိုက်ချင်တယ်"

"အမိန့်ရှိပါ ဘုရား"

"ဦးပဉ္ဇင်းတို့နဲ့ အတူ ရှိနေတုန်းမှာ မောင်လေးလှိုင်ဟာ ရသင့်တဲ့ ဉာဏ်တွေ ရခဲ့ပါပြီ၊ ဖြေစမ်းပါဦး မောင်လေးလှိုင်၊ အန္တပုထုဇဉ်တွေကို ဒုက္ခလှလှကြီး ပေးနေတဲ့ အခြေခံအကြောင်း ယုံမှားခြင်းတွေဟာ ဘာတွေလဲ"

"မှန်လှပါ၊ တစ်... သံသရာ့ ရှေ့အစွန်း၌ ယုံမှားခြင်း၊ နှစ်... သံသရာ့ နောက်အစွန်း၌ ယုံမှားခြင်း၊ သုံး... သံသရာ့ ရှေ့နောက်အစွန်း၌ ယုံမှားခြင်း၊ လေး- သစ္စာလေးပါး တရား၌ ယုံမှားခြင်း၊ ဒီလေးပါးပါ ဘုရား"

"အကျိုး ယုံမှားခြင်း လေးချက်ကကော"

"ဘုရား၌ ယုံမှားခြင်း၊ တရား၌ ယုံမှားခြင်း၊ သံဃာ၌ ယုံမှားခြင်း၊ မိမိ အကျင့်၌ ယုံမှားခြင်း၊ ဒီလေးပါးပါ ဘုရား"

" မောင်လေးလှိုင်မှာ အခု ဒီယုံမှားခြင်းတွေ ရှိသေးရဲ့လား "

"မရှိတော့ပါဘူး ဘုရား"

"ဘယ်တရားတွေကြောင့် မရှိတော့ရသလဲ"

"ဒိဋ္ဌဓမ္မ... မြင်အပ်ပြီးသော တရား၊ ပတ္တဓမ္မ... ရောက်အပ်ပြီးသော တရား၊ ဝိဒိတဓမ္မ... သိအပ်ပြီးသော တရား၊ ပရိယောဂါဠ္ဓဓမ္မ... ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ပြီးသော တရား၊ အဲဒီတရားလေးပါးကြောင့်ပါ ဘုရား"

"အဲဒီဉာဏ်အဆင့်ကို ဘယ်လို ခေါ်သလဲ"

"ကင်္ခါဝိတရဏဝိသုဒ္ဓိ- ယုံမှားခြင်းဘဝမှ လွတ်မြောက်တဲ့ စင်ကြယ်ခြင်းအဆင့်ပါ ဘုရား"

"သာဓု သာဓု သာဓု... ဦးပဉ္ဇင်း အားရကျေနပ်လှတယ်ကွယ်၊ အခု ပြန်ရတော့မယ်ဆိုတော့လည်း နှမြောယူကျုံးမရ ရှိလှတယ်၊ ရှိစေတော့လေ၊ ငါ့ တပည့်မှာ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်တွေပြီးလို့ ဥဒယဗ္ဗယဉာဏ်စခန်းဆီကိုတောင် တက်လှမ်းနိုင်ခဲ့ပြီ၊ ဒီသာသနာမှာ သက်သာရာကို ရှာတတ်ပြီ၊ ရှေ့လျှောက်ပြီး ဘယ်နေရာ ဘယ်ဘဝရောက်ရောက် ကလျာဏ မိတ္တ ဆိုတဲ့ ဆရာကောင်းကို ရှာပါ။ လူဆရာကိုလည်း ရှာပါ။ စာဆရာကိုလည်းရှာပါ၊ ကြားရဲ့လား"

"တပည့်တော် မှတ်နေပါတယ် ဘုရား"

"ငါ့တပည့်ဟာ အန္ဓ မဟုတ်တော့ပေမယ့် ပုထုဇဉ်ပဲ ရှိသေးတယ်၊ ဒီတော့ လောကမှာ ခံ့ခံ့မင်မင် ဆက်လျှောက်လေဦးမယ်၊ လောကအတွက် အစောင့် အရှောက်လေးလည်း ဦးပဉ္ဇင်း ပေးလိုက်မယ်၊ အဓိဋ္ဌာန်ရယ်၊ သစ္စာရယ်၊ မေတ္တာရယ်၊ ဘာတဲ့... ပြန်ပြောစမ်း"

"အဝိဋ္ဌာန်ရယ်၊ သစ္စာရယ်၊ မေတ္တာရယ်ပါ ဘုရား"

"အိမ်း... ဉာဏ်ရှိသလို သုံးတော့၊ ဒုက္ခနဲ့ အန္တရာယ်တွေ့ရင် သုံးတော့ ဟုတ်လား"

"စိတ်ချတော်မူပါ ဘုရား"

"အိမ်း... နေစောင်းပြီ၊ ပြန်လမ်းကို ပြန်ပေတော့"

ကျွန်တော်က ဦးပဥ္စင်းကို ဦးချကန်တော့သည်။ ကျွန်တော် ကန်တော့ အပြီး၌ ဦးပဥ္စင်းသည် နေရာမှ ထကာ နောက်သို့ တစ်ချက်မျှ လှည့်မကြည့်တော့ဘဲ ကမ္မဋ္ဌာန်းဂူများ ရှိရာ ကံ့ကော်တောဘက်သို့ ကြွသွားတော်မူ၏။

ကျွန်တော့် ရင်မှာသာဟာကျန်ရစ်၏။ တစ်စုံတစ်ရာကို နောင်တရ ဝမ်းနည်းသကဲ့သို့လည်း ရှိလှသည်။

ကျွန်တော်က စိပ်ပုတီးလေးကို အိတ်တွင်း ထည့်လိုက်ပြီး တရားဟော ဓမ္မာရုံ ရှိရာဘက်သို့ လေးပင်သော ခြေလှမ်းများဖြင့် ထွက်လာခဲ့၏။ ဓမ္မာရုံ၏ အရှေ့ဘက် ကျောင်းပရိဝုဏ်အဝ လမ်းပေါ်၌ ဟေးလ်မင်းအမျိုးအစား ကားအနက်လေးတစ်စီး ဆိုက်ထား၏။

ကားတွင်းသို့ ခြင်းတောင်းတစ်လုံး ထည့်သွင်းနေရာမှ အသက် ၃၀ ခန့် အသားမည်းမည်းနှင့် လူတစ်ယောက်က ကျွန်တော့်ကို မြင်သော် လှမ်းပြော၏။

" ဟော့၊ . . ဇာတ်လိုက်၊ ဘယ်သွားငိုင်နေသလဲ၊ ရှာမတွေ့လို့ မင့်အဒေါ်က ဆူနေပြီ "

ကျွန်တော်က သူ့ကို ပြန်မပြောဘဲ ဓမ္မာရုံ လှေကားဆီ လျှောက်လာခဲ့၏။

လှေကားဦးတွင် အသက် ၅၀ ကျော် လူကြီးတစ်ဦးနှင့် မိန်းမကြီးတစ်ဦးကို တွေ့ရ၏။ ကျွန်တော့် ဦးလေး ဦးစိန်ဟန်နှင့် အဒေါ် ဒေါ်မြမေတို့ပင် ဖြစ်ကြပါသည်။

မြင်သည် ခဏ၌ပင် အဒေါ်က စ,ကြိမ်းတော့၏။

"တကတဲ ဘယ်ကြွနေသလဲ၊ အချိန်မီ ပြန်ရမှာကို မသိဘူးလား"

"ဟုတ်ကဲ့ပါ ကြီးကြီး၊ ဟိုဘက်နားမှာ ဦးပဥ္စင်း ဆုံးမတာကို နာခံနေလို့ပါ"

"အင်း... ကောင်းတယ်၊ သိပ်ကောင်းတယ်၊ အဖော်အလျော် ရမလားလို့ ခေါ်ခဲ့တယ်၊ သူ့ပြန်ဝတ်ကြီးဝတ်ငယ် ပြုရမလို ဖြစ်နေပြီ၊ ငါ မပြောလိုက်ချင်ဘူး"

ဘကြီးက မျက်မှောင်ကြုတ်ပြီး ဝင်ဟန့်တား၏။

"အို... မမြမေ၊ မင်းဟာက ဘယ်လိုလဲ၊ ကမ္မဋ္ဌာန်းကျောင်းထဲမှာ"

"ကမ္မဋ္ဌာန်းကျောင်းထဲမှာမို့လို့ပေါ့၊ ရှင် မသိဘူးလား၊ ဒီနေ့ သင်္ဘောဆိပ် ဆင်းကြိုရဦးမယ်"

"ဘာလုပ်ဖို့လဲ"

"ဘာလုပ်ရမလဲ၊ ဒီနေ့ ဝေဝေ ပြန်ရောက်မယ်၊ ကျွန်မတို့ပါ သွားမကြိုလို့ ကောင်းမတဲ့လား"

"ဪ... အေး... ဟုတ်သားပဲ၊ ကဲ... မောင်လေးလှိုင်၊ သွားပစ္စည်းတွေ သယ်၊ မြန်မြန်သယ်ဟေ့"

"ဟုတ်ကဲ့ ဘကြီး"

ကျွန်တော်က ဓမ္မာရုံပေါ်သို့ တက်လာခဲ့၏။

သည့်တစ်ပတ်တွင် ကျွန်တော်ရော၊ ဘကြီးရော၊ ကြီးတော်ပါ ၃ ည အိပ် တရားလာထိုင်ကြခြင်း ဖြစ်သည်။ ၃ ညအိပ် ဖြစ်သဖြင့် အိပ်ရာလိပ်၊ အဝတ် သေတ္တာမှ စ,ကာ တိုလီမိုလီ ပစ္စည်းလေးများ ပါသည်။

ကျွန်တော်က ပစ္စည်းများကို ကားဆီသို့ ထမ်းသယ်သည်။ စောစောက ကျွန်တော့်ကို လှမ်းစကားပြောသော အသားမည်းမည်းနှင့် လူမှာ ကျွန်တော်တို့ အိမ်မှ ဒရိုင်ဘာ ကိုအောင်မောင်း ဖြစ်သည်။ ကိုအောင်မောင်းပါ ကူသယ်သောကြောင့် မကြာမီပင် ပစ္စည်းများ ကားပေါ် အားလုံး ရောက်ကုန်၏။

ကားပေါ်တွင် နောက်ခန်း၌ ဘကြီးနှင့် ကြီးတော်တို့ ထိုင်ကြသည်။

ကျွန်တော်က ရှေ့ခန်း၌ ကိုအောင်မောင်း၏ ဘေးတွင် ထိုင်သည်။ ကားအထွက်၌ ကျွန်တော်က သစ်ရိပ်ဝါးရိပ်တို့ဖြင့် အေးချမ်းတိတ်ဆိတ်သော ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးကို သမင်လည်ပြန် ငေးကြည့်မိ၏။

ဪ... သည်နေရာကား ဦးပဥ္စင်း မိန့်သကဲ့သို့ ဦးပဥ္စင်းတို့နယ်၊ ကိလေသာကို သမုစ္ဆေဒပဟာန်သဘောဖြင့် အကြွင်းမဲ့ ပယ်သတ်နိုင်သူ၊ သို့မဟုတ် ပယ်သတ်လိုသူတို့၏ ထာဝရစံရာ ဌာန။

သည်နေရာက ယခု ကျွန်တော် ခွာခဲ့ရပြီ။ ကျွန်တော် ရှေးရှုသွားနေသည်က လောကပါ။ ချစ်ခြင်း၊ မုန်းခြင်းဖြင့် လူတို့ နေကြသော လောကဆီကိုပါ။

ထိုစဉ် ကားနောက်ခန်းမှ ဘကြီး၏ မေးသံ ပေါ်လာ၏။

"ဒီတစ်ခါ ဝေဝေ ပြန်လာတာ နောက်ကျပါလား"

"အင်းလေ သူ့အမေက ပြောတယ်၊ အခုက နောက်ဆုံးနှစ်တဲ့၊ ဒါကြောင့်မို့ သူငယ်ချင်းမတွေနဲ့ လိုက်ပြီး တောင်ကြီးမြို့ဆီ လည်သတဲ့၊ သင်္ကြန် မတိုင်မီ အရောက်ပြန်လာတာ"

"အတော်ပဲ၊ သင်္ကြန်တွင်းကျရင် ကိုထင်အောင်နဲ့ မလှနတို့လည်း လိုက် တရားထိုင်မလို့တဲ့၊ ဝေဝေ့ပါ အပါခေါ်ရမယ်"

" တော်စမ်းပါ၊ ရှင့်မလဲ လူတကာကို တရားထိုင်ဖို့ လိုက်ဆွယ်နေတယ် "

"ဝိမုတ္တိရသကွဲ၊ ကိုယ် ခံစားရသလို သူတကာကိုလည်း ခံစားစေချင်တယ်၊ စေတနာပါ"

"ဒါပေမဲ့ ဝေဝေက လှတုန်းပတုန်း ငယ်တုန်းရွယ်တုန်း တရားထိုင်ခိုင်းလို့ ဖြစ်ပါ့မလား"

"ဟ... အရုပ်ဆိုးမှ၊ ကြီးမှ တရားထိုင်ရမယ်လို့ မင့် ဘယ်သူ ပြောလဲ"

"ဒါတော့ ရှင် ပြောမှ မဟုတ်ပါဘူး၊ ကျွန်မ ပြောတာက ဟိုက ထိုင်ချင်ပါ့မလား"

" အေးပါ၊ ငါကလည်း မထိုင်ချင်ရင် ဇွတ်မခေါ်ပါဘူး၊ အေး အဟေး... တရားလိုက်ထိုင်ပြီး အကျွတ်တရားရလို့ ယောဂီဝတ်သွားမှဖြင့် မင့်သားက ငါ့ ခွင့်လွှတ်တော့မှာ မဟုတ်ဘူး၊ ဟား... ဟား... "

ဘကြီးက သူ့စကားသူ သဘောကျပြီး ရယ်လိုက်လာ၏။

အမှတ်မထင် နားထောင်လိုက်လာသော ကျွန်တော့် နားတွင်ကား စကားလေးနှစ်လုံးက စွဲထင်ကျန်နေသည်။

ဝေဝေ...

နာမည်... မိန်းမသားတစ်ယောက်၏ နာမည်...။

နာမည်လေးက လှသည်။ လှလည်း လှမည် ထင်သည်။ ဩော်... ကြီးတော်က လှသည် ပသည်ဟု ဆိုခဲ့ပြီ မဟုတ်လော။ လှပလျှင်တော့...။

ဝေဝေ ခေါ်သော မိန်းမသားတစ်ယောက်။ သည့်သဘောက သညာက္ခန္ဓာ ပါ။ လှသည်။ လှသည် ဆိုတော့ စွဲမက်ဖွယ်ရာ။ သည့်သဘောက သင်္ခါရက္ခန္ဓာပါ။ စွဲမက်ဖွယ်ရာဆိုတော့ ချစ်မည်။ ချစ်ဖွယ်ရာလေးဟု သိမ်းပိုက်ခံစားမည်။ အဲသည်တော့ ဝေဒနက္ခန္ဓာ။ ပဋိစ္စသမုပ္ပါဒ် ယန္တရားစက်က လည်လိုက်ပြီ။

မြတ်စွာဘုရား... မဆီမဆိုင်ဘဲ အမှတ်မထင်သော တစ်ခဏအတွင်းမှာ ချစ်ခြင်း မုန်းခြင်း လောက၏ ပဋိစ္စသမုပ္ပါဒ် ယန္တရားစက်သည် ကျွန်တော့် ရင်တွင်း၌ လည်ဖြစ်အောင် လည်လိုက်ပါသည်။

အဲသည်တုန်းက ဝေဝေ... နောက်တော့ ကျွန်တော်၏ ချစ်လှစွာသော မမဝေ...။

မမဝေကို ကျွန်တော် မြင်ပင် မမြင်ဖူးသေးပါ။

*****

အခန်း [၃]

ကမ္ဘဋ္ဌာန်းကျောင်းတွင် နေစဉ်က အကျင့်ပါလာသောကြောင့် နောက်တစ်နေ့ နံနက်တွင် ကျွန်တော် အစောကြီး နိုးလာသည်။ အစဉ်အ ဆက်မိုန်းပြီး ဇိမ်နှင့် ကွေးနေဦးမည် စိတ်ကူးသေးသော်လည်း ဦးပဥ္စင်း၏ ဆုံးမစကားတို့ကို နား၌ ကြားယောင်လာ၏။

အာတာပီ... သည့်စကားက လုံ့လဝီရိယကို ညွှန်းသည်။ ထိန မိဒ္ဓ ခေါ် ထိုင်းမှိုင်းငိုက်မျဉ်းခြင်း၏ ဆန့်ကျင်ဘက် သဘောပါ။

ကမ္ဘဋ္ဌာန်းကျောင်းတုန်းကမူ နံနက် ၂ ချက်တီးဆိုလျှင် အိပ်ရာမှ ထကြရသည်။ ကိုယ်လက် သုတ်သင်၊ သွားတိုက်၊ မျက်နှာသစ်ပြီး ဘုရားရှိခိုး၍ တစ်နာရီ တရားထိုင်ရသည်။ နံနက် ၄ နာရီကျမှ စားဖွယ်ရာကို စားသောက်ကြရသည်။

ကျွန်တော်သည် အိပ်ရာမှ လျင်မြန်စွာ ထလိုက်သည်။

ကျွန်တော် အပိုင်စားရသော အိမ်အောက်ထပ် နောက်ဖေးပိုင်း အခန်း ကျဉ်းလေးမှ ထွက်လာကာ အိမ်ရှေ့ဧည့်ခန်း မီးဖွင့်ပြီး တိုင်ကပ်နာရီကြီးကို ကြည့် မိ၏။ ထိုခဏ၌ပင် ကျွန်တော် ပြုံးမိသွား၏။

၄ နာရီ ထိုးပြီးနေပြီ။ အကျင့်ပါ၍ စောစောနိုးသည် ဆိုရလင့်ကစား ကမ္ဘဋ္ဌာန်းကျောင်း၌ နိုးသည့်အချိန်နှင့်စာလျှင် ၂ နာရီတိတိ နောက်ကျခဲ့ပြီ။ သြော်... စိတ်ဟူသည်ကား အခက်သား။ ချည်တိုင်မှာ နှောင်ထားသည့် နွားနှယ်ပါတကား။ နည်းနည်း လျှော့လိုက်သည်နှင့် နည်းနည်းပြေးလိုက်သည်။ လုံးဝ ကြိုးကိုဖြေလိုက်လျှင်ကား . .။

ကျွန်တော်သည် နောက်ဖေးဘက် ပြန်လာပြီး သွားတိုက်၊ မျက်နှာသစ်သည်။ ကိုယ်လက် သုတ်သင်ပြီး လက်ကို သန့်စင်အောင် ဆေး၍ ရေအေးအေး တစ်ခွက် သောက်သည်။ ထိုနောက် ပြတင်းတံခါး ဖွင့်ပြီး ၅ မိနစ်ခန့် လေသန့်ကို ဖြည်းဖြည်းမှန်မှန် ရှုသည်။

အပြင်ဘက်၌ ကျေးငှက်လေးများပင် အိပ်တန်းတက်ရာမှ နိုးမလာကြ သေး။ အရှေ့မိုးကုပ်စက်ဝိုင်းဆီ၌ ရောင်နီသည် ပျော့ပျော့ရဲရဲ သမ်းစပြုနေ၏။ သြော်... တစ်နာရီနီးပါး အချိန်ရနိုင်သေးသည်။

ပြတင်းတံခါးကို ပြန်ပိတ်ပြီး လှေကားအတိုင်း ခြေဖျားထောက်လျက် အပေါ်ထပ်သို့ ကျွန်တော် တက်ခဲ့သည်။

ဘုရားခန်း၏ ဘုရားစင်၌ ရောင်စုံမီးပွင့်လေးများကို တစ်ညလုံး ထွန်းထားသည်။ လှပပြောင်လက်သော ကျွန်းသားကျောင်းဆောင်၏ နောက်ကျောမှ စိမ်းမြသော ဗောဓိညောင်ပုံ ဆွဲထားသည့် ပန်းချီကားချပ် ဖြစ်၏။ ယင်းကို နောက်ခံပြုလျက် တံကဲနှင့်တကွ ပြည့်စုံတင့်တယ်သော ရတနာပလ္လင်ထက်တွင် ဘုမ္မိဖဿမုဒြာ ထုလုပ်ထားသော ရွှေဆင်းတုတော်တစ်ဆူသည် ကြည်ညိုဖွယ်ရာ စံတော်မူနေ၏။ စိမ်းပြာရောင် ဖန်ညောင်ရေအိုး အကောင်းစားများအတွင်း၌လည်း ပန်းပွင့်များ ဝေဆာလန်းဆန်းနေ၏။

ဘုရားစင်ရှေ့အောက်ရှိ ကြမ်းပြင်တွင် ကော်ဇောတစ်ချပ် ခင်းထား၏။ ကော်ဇောပေါ်တွင် လေးထောင့်ပုံ သိုးသားရေခင်း ရှိနေသည်။

သိုးသားရေခင်းပေါ်တွင် ပုဆစ်တုပ် ထိုင်လိုက်ပြီး ရတနာသုံးပါးကို ကန်တော့၍ ကျွန်တော်သည် ရှေးဦးစွာ သရဏဂုံ ဆောက်တည်သည်။ ထို့နောက် ဦးပဥ္စင်း သင်ပြထားတော်မူသည့် နည်းအတိုင်း အာဇီဝဋ္ဌမကသီလ ဆောက်တည်သည်။

"ပါဏာတိပါတာ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ၊

အဒိန္နာဒါနာ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ။

ကာမေသုမိစ္ဆာစာရာ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ ဝေရာမဏိ သိက္ခာ ပဒံ သမာဒိယာမိ။

ပိသုဏာယ ဝါစာယ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ။

ဖရုသာယ ဝါစာယ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ။

သမ္ဖပ္ပလာပါ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ။

မိစ္ဆာဇီဝါ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ။

အာမဘန္တေပါ အရှင်ဘုရား"

သီလ ဆောက်တည်ပြီးသောအခါ တရားထိုင်ခါနီး၌ မပြုလျှင် မပြီးသော ပရိကံကို ကျွန်တော် ပြုသည်။

"အရှင်ဘုရား . . တပည့်တော်သည် အနန္တကျေးဇူးတော်ရှင် ဖြစ်တော်မူကြကုန်သော ဘုရား၊ တရား၊ သံဃာ၊ အမိ အဘ၊ ဆရာသမားတို့အား နှိမ့်ချ ရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။

အရှင်ဘုရား... တပည့်တော်သည် မပြစ်မှားအပ်သော အနန္တကျေးဇူး ရှင်များ၏ အပေါ်၌ တစ်စုံတစ်ရာ ပြစ်မှားကျူးလွန်မိသော အပြစ်များ ရှိခဲ့ပါလျှင် ထိုအပြစ်များကို တပည့်တော်အား အစဉ်သနားသည်ကို အကြောင်းပြု၍ သည်းခံ ခွင့်လွှတ်တော်မူကြပါရန် တပည့်တော်က ရိုသေစွာ တောင်းပန်ဝန်ချ ကန်တော့ပါ၏ ဘုရား။

အခြား တစ်ပါးသော ပုဂ္ဂိုလ်များက တပည့်တော်အပေါ်၌ ပြစ်မှား ကျူးလွန်သော အပြစ်များ ရှိခဲ့ပါလျှင်လည်း ထိုအပြစ်များကို တပည့်တော်က ကျေနပ်စွာ သည်းခံခွင့်လွှတ်ပါ၏ အရှင်ဘုရား။

အရှင်ဘုရား... တပည့်တော်သည် ယခု တရားအားထုတ်နေသော အချိန်ကာလအတွင်း၌ တပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တွယ်တာ ငဲ့ကွက်ခြင်း မရှိဘဲ အနန္တကျေးဇူးရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား လှူဒါန်း အပ်နှင်း၍ ထားပါ၏ အရှင်ဘုရား။

သာသနာတော်မြတ်ကို စောင့်ရှောက်အားပေး ချီးမြှောက်ကြကုန်သော အလုံးစုံသော သံဃာတော် အရှင်မြတ်အပေါင်းတို့သည် လည်းကောင်း၊ အလုံးစုံသော နတ်အပေါင်းတို့သည် လည်းကောင်း၊ အလုံးစုံသော လူအပေါင်းတို့သည် လည်းကောင်း၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ မိခင် ဖခင် ဆရာသခင် ကျေးဇူးရှင်တို့သည် လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

သူတော်ကောင်းများ၏ မေတ္တာကို ခိုလှုံ၍ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် တရားအားထုတ်သော တပည့်တော်အား အလုံးစုံသော သူတော်ကောင်း အပေါင်းတို့က စောင့်ရှောက်ကြည့်ရှု ခွင့်ပြု နည်းပေးတော်မူကြပါစေကုန်သတည်း”

ပရိကံ ပြုပြီးသောအခါ ပလ္လင်္ကံ အာဘုဇိတွာ ဟူသော ဥပဒေသအတိုင်း ကျွန်တော်သည် တင်ပျဉ်ခွေ၍ ထိုင်သည်။ ဥဇုံ ကာယံ ပဏိဓာယ ဟူသည့်အတိုင်း ခန္ဓာကိုယ် အထက်ပိုင်းကို ဖြောင့်ဖြောင့်မတ်မတ် ထားသည်။ ဘယ်ဘက် လက်ဖဝါး ပေါ်၌ ညာဘက် လက်ဖဝါးကို တင်ထား၍ လက်မ ထိပ်ချင်း အသာထိထားသည်။ နောက်ဆုံး၌ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ ဟူသည်နှင့်အညီ သတိကို အာရုံဆီ ရှေးရှုညွှတ်လိုက်ပါသည်။

နှာသီးဖျားကို တိုး၍ တွန်း၍ ဝင်လေနှင့် ထွက်လေသည် လှုပ်ရှားနေကြ၏။ ထိုတိုးသဘော တွန်းသဘောလေးဆီ သတိကို ကပ်ပြီး စိတ်ကို ကျွန်တော် က ညွှတ်ထား၏။ ဝင်လေ ထွက်လေကို မှန်မှန်ရှုသည်။ ဝင်သမျှ ထွက်သမျှကို သတိမလွတ်စေဘဲ မှတ်နေသည်။

တွန်းသဘော၊ တိုးသဘောလေးက ရုပ်... ပါ။ သိနေသည်က စိတ် (ဝါ) ဝိညာဉ်ပါ။ ဝိညာဉ်ကို ရုပ်ဆီ ကပ်ပြီး ထင်ရှားအောင် လုပ်ပေးနေသည်က သတိပါ။ ဤကား ရုပ်၊ ဤကား ဝိညာဉ်၊ ဤကား သတိ . . ဟု ခွဲခြားပေးနေသည် က ပညာပါ။ သတိနှင့် ပညာတို့က စေတသိက်များ ဖြစ်ကြသည်။ တစ်နည်း နာမ်တရားများ ဖြစ်ကြသည်။ အားလုံး ပေါင်းလိုက်တော့ ရုပ်၊ ဝိညာဉ်၊ နာမ် သို့မဟုတ် ရုပ်၊ စိတ်၊ စေတသိက်။ ပရမတ်တရားများ ဖြစ်ကြပါသည်။

ကျွန်တော်သည် ဆင်ခြင်ခြင်းကို ရပ်လိုက်ပြီး ပစ္စုပ္ပန်ဆတ်ဆတ် ရှုခြင်း အမှုကို ဆက်ပြုသည်။

မကြာပါ။ ဝသီဘော်လေးက ရှိနေသောကြောင့် မျက်လုံး မှိတ်ထား လျက်က ဖြူဖြူနမိတ်ကို မြင်လာသည်။ အစ ပထမတော့ ရေငွေ့ငွေ့ အလုံးလေးလိုပါ။ တဖြည်းဖြည်းနှင့် ဖြူဖြူ အငွေ့တန်းလေးသည် နှာခေါင်းတွင်း၌ ဝင်လိုက် ထွက်လိုက် ဖြစ်နေသည်။

မဟာသတိပဋ္ဌာန်နည်း အာနာပါနလုပ်ငန်း၌ ရုပ်နာမ်ကို ဖမ်းရန် တံခါး ၄ ပေါက် ရှိသည်။ နှာသီးဖျားကား တစ်ပေါက်၊ ငယ်ထိပ် ဦးနှောက်ကား တစ်ပေါက်၊ နှလုံး ရင်ညွန့်ကား တစ်ပေါက်။ ဝမ်းဗိုက်ချက်တိုင်ကား တစ်ပေါက်။ သတိလျှင် ရှေ့သွားပြု၍ ပညာဖြင့် စောင့်ဖမ်းရမည့် တံခါးပေါက်များ ဖြစ်ပါသည်။ သမာဓိအားကောင်းလျှင် တံခါးပေါက်တိုင်း၌ ကမ္မဋ္ဌာန်းနိမိတ်သည် ထင်မြဲဖြစ်၏။

ယခု ကျွန်တော် မြင်နေရသည်မှာ ပထမ တံခါးပေါက်မှ နိမိတ်ဖြစ်လေသည်။

ဝင်လေ၊ ထွက်လေ၏ တွန်းသဘော၊ တိုးသဘောလေးမှာက ဖောဋ္ဌဗ္ဗ သညာ ရှိသည်။ နှာသီးဖျားရှိ ကာယပသာဒဓာတ်များ၌ ကာယသညာ ရှိသည်။ ယင်းသညာ နှစ်ပါးတို့ ဆုံမှုကား သတိ သို့မဟုတ် သပ္ပဋိဃသညာ ဖြစ်လေသည်။ သပ္ပဋိဃသညာသည် သညာဝိညာဉ်၌ ထင်သည်။ ဤသဘော ၄ ရပ်တို့ ပေါင်းဆုံ မိခြင်းကို ဓမ္မ ၄ ချက် ပေါင်းဆုံသည်ဟု ခေါ်သည်။ ဓမ္မ ၄ ချက် ပေါင်းဆုံမိသော အခါ ဖောဋ္ဌဗ္ဗသညာနှင့် ကာယသညာဟူသော မူလသညာ နှစ်ပါးသည် ချုပ်၏။ သို့ရာတွင် ထိုသညာနှစ်ပါး၏ ပညတ်ရိပ်ကား သညာဝိညာဉ်တွင် ကျန်ရစ်၍ နိမိတ်အဖြစ် ထင်သည်။ နိမိတ်ထင်သည် ဆိုသည်မှာ တစ်စုံတစ်ရာသော အာရုံကို မြင်သိနေခြင်း ဖြစ်လေသည်။

ယခု ကျွန်တော်က ဖြူဖြူအငွေ့တန်းလေးကို မြင်သိနေသည်။ ကျွန်တော်သည် သတိကို ငယ်ထိပ်ဆီ ရွှေ့၍ ဆက်လက်ရှုမှတ်သည်။ အတန်ကြာ ရှုမှတ်သောအခါ မူလနိမိတ်ဖြစ်သော ဖြူဖြူတန်းတန်းလေးသည် ပျောက်သွား၏။ ယင်းအစား မြူကင်းတိမ်ရှင်းသော ကောင်းကင်ပြင်နှင့်တူသော အကြည်ဓာတ်ကြီး သည် ပေါ်လာ၏။ ယင်းအကြည်ဓာတ်ကို နောက်ခံပြု၍ မိုးပွင့်သဏ္ဌာန် တိမ်စိုင် လိုလို နိမိတ်ကြီး ပေါ်လာသည်။ ယင်းနိမိတ်ကြီးကား အဖြူသက်သက် မဟုတ်။ အဖြူ အဝါ အနီ အညို အစိမ်း အပြာရောင်မျိုးတွေ စုံနေသည်။ ကြည့်မငြီးအောင် လှပ၍ ဆက်၍ ရှုနေချင်ဖွယ် ဖြစ်၏။ သည့်အဆင့် ရောက်တိုင်း ကျွန်တော့်မှာ သည်စိတ် ပေါ်သည်။ ကြည့်မငြီးဘဲ ဆက်ရှုနေချင်သည်။

ကျွန်တော်သည် မိမိစိတ်ကို မိမိ ဆုံးမပြီး သတိကို ရင်ညွန့်ဆီသို့ ဆွဲခေါ်လာသည်။

ရင်ညွန့်ဆီ၌ သတိကို ကပ်၍ အသက်ကို မှန်မှန်ရှူလျက် အတန်ကြာ လေး ရှုနေသောအခါ မိုးပွင့်သဏ္ဌာန် တိမ်စိုင်လိုလို နိမိတ်ကြီး ကွယ်သွားသည်။ ယင်းအစား စက်ဝန်းသဏ္ဌာန်တစ်ခု ပေါ်လာသည်။ စက်ဝန်း၏ လေးဖက်လေးတန် ၌ စက်ဝန်းကို လေးစိပ် အညီအမျှ ပိုင်းထားသော မျဉ်းဖြောင့်တန်း ၄ ခုလည်း ရှိနေသည်။ အစသော် စက်ဝန်းရော၊ မျဉ်းတန်းလေးများပါ ကျုံ့လိုက် ကားလိုက် နှင့် မှန်မှန်လေး လှုပ်ရှားနေသည်။ အတန်ကြာသော် ငြိမ်သွား၏။ စက်ဝန်းအနားသတ်တစ်လျှောက် ပတ်ပတ်လည်သည် အရောင်တောက်လာသည်။ မျဉ်းတန်း လေးများမှာလည်း တောက်ပသော ရောင်ခြည်လက်တံများ ဖြစ်လာ၏။ ခဏတွင်ကား ဘာသဏ္ဌာန်ဟု မခေါ်ဆိုနိုင်သော သက်တန့်ရောင်စုံကဲ့သို့ အရောင်များ စုံနေသော အရောင်အဆင်း အလင်း အကြည်ဟူသော လက္ခဏာသဘောများ ပြည့်စုံသည့် နိမိတ်ကို မြင်သိနေရတော့သည်။

ဤအဆင့်ကို ကမ္မဋ္ဌာန်းကျောင်းတိုက်မှ ထွက်မလာမီ ကျွန်တော် ရောက်ခဲ့သည်။ ရောက်နိုင်ခဲ့၍လည်း ဦးပဥ္ဇင်း ဦးဝိမလက ချီးမွမ်းတော်မူခဲ့သည်။

သို့ရာတွင် နိမိတ်ဟူသည်မှာ ပညတ်သာ ဖြစ်ပါသည်။ ပရမတ်တရား မဟုတ်ပါ။ နိမိတ်နှင့် မွေ့လျော်နေသမျှ သမထနယ်မှ မလွတ်မြောက်သေးပါ။ ဝိပဿနာနယ်ဆီ ကူးရန်ကား နိမိတ်ပညတ်မှသည် ရုပ် နာမ် ပရမတ်ကို ပညာသိ ဖြင့် ဖော်ထုတ်နိုင်ရမည်။

အဲသည်အဆင့်ဆီ ကျွန်တော် မရောက်ခဲ့ရသေးပါ။ သို့ရာတွင် ရောက်သမျှ အဆင့်၌ ကျွန်တော် ဝမ်းသာနေသည်။

ဪ .. ကိလေသာကို ပယ်ပုံ ပဟာန်ငါးပါး ရှိကြောင်း ကျွန်တော် သိပြီးပြီ။ ပဟာန်ဆိုသည်မှာ ပဟာနဟူသော စကားမှ လာသည်။ ပယ်ရှားခြင်း ဟု အဓိပ္ပာယ်ရသည်။

တဒင်္ဂပဟာန် ဟူသည်က ကိလေသာတို့ကို တစ်ခဏအားဖြင့် ပယ်ခြင်း ဖြစ်သည်။ ဝိက္ခမ္ဘနပဟာန် ဟူသည်က ကိလေသာတို့ကို ဈာန်ဖြင့် ခွာထားကာ ပယ်ခြင်း ဖြစ်သည်။ သမုစ္ဆေဒပဟာန် ဟူသည်က ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ခြင်း ဖြစ်သည်။ ပဋိပဿမ္ဘနပဟာန် ဟူသည်က ကိလေသာတို့ တစ်ဖန်ဖြစ်ပွားမှုမှ ကင်းသော အဖြစ်နှင့် ပယ်ခြင်း ဖြစ်သည်။ နိဿရဏပဟာန်ကား ကိလေသာတို့ ငြိမ်းအေးကင်းစင်ကာ ဘဝမှ လွတ်မြောက်ခြင်းဟူသော အဆင့်ဖြင့် ပယ်ခြင်းဖြစ်၏။

ဪ… ကိလေသာ ပယ်ရေးမှာ မလွယ်ပါတကား။ သဘောကပင် ခက်သည်။ အလုပ်က ပိုခက်သည်။

ကျွန်တော် ရောက်နေသော အဆင့်မှာ တရားထိုင်နေစဉ် ခဏ၌ ကာမ ဝါစရ ကိလေသာတို့ အခိုက်အတန့် ကင်းသည်ဖြစ်၍ အနည်းဆုံး တဒင်္ဂပဟာန် တော့ ဆိုက်နေသည်။ ဤမျှ ဤခဏသည်ပင် ငြိမ်းအေးချမ်းသာလှပါ၏။

တည်ငြိမ်လှသော အရောင်အဆင်း အလင်း အကြည် ၄ ချက်ညီသော နိမိတ်ကို ကျွန်တော်သည် စိတ်ချမ်းသာမှုကိုပါ သတိပြုမိရင်း ထိုင်ရှုနေသည်။

ကျွန်တော်၏ နားထဲတွင် အလွန်ဝေးရာမှ လာသော အသံတစ်မျိုးကို သဲ့သဲ့ကြားရသည်။ မူလက အဓိဋ္ဌာန်ထားသည်မို့ ကျွန်တော်သည် အသက်ရှူခြင်း ကို ရပ်လိုက်သည်။ မျက်လုံးများကိုလည်း ဖြည်းညင်းစွာ ဖွင့်လိုက်သည်။

ကျွန်တော် ကြားခဲ့ရသော အသံမှာ အဝေးက လာသည် မဟုတ်ပါ။ အောက်ထပ် ဧည့်ခန်းဆီမှ ၅ နာရီထိုးသံ ဖြစ်လေသည်။

ကျွန်တော်သည် မြတ်စွာဘုရားကို ဦးချကန်တော့ပြီး အမျှတိုးတိုးဝေ သည်။ အမျှဝေနေစဉ် အိမ်အပေါ်ထပ် အိပ်ခန်းများဆီမှ ခြေသံနှင့် ချောင်းဆိုးသံ ကြားရသည်။

ရတနာသုံးပါးကို ဦးသုံးကြိမ် ချပြီး အပေါ်ထပ်မှ ကျွန်တော် အမြန် ဆင်းလာခဲ့၏။

အောက်ထပ် ရောက်သောအခါ အိမ်မကြီး၏ နောက်ဖေးဘက် တံခါးမ ကြီးကို ဖွင့်လိုက်၏။ အမိုးရှိသော စ်ကြ်လမ်းနှင့် ဆက်သွယ်ထားသော မီးဖိုချောင်

သည့် ပေ အစိတ်ခန့် အကွာ၌ ရှိ၏။ မီးဖိုချောင်၌ မီးလင်းနေ၏။

မီးဖိုချောင်အတွင်း၌ တရှဲရှဲ အဝေါ်မြည်လျက် လေထိုးဓာတ်မီးဖိုတစ်ခု သည် မီးအားကောင်းစွာ တောက်နေသည်။ ဓာတ်မီးဖိုထက်တွင် ရေနွေးအိုးငယ် တစ်လုံး ရှိသည်။

မီးဖိုအနီး၌ ကပိုကရို အဝတ်အစား။ ပွရောင်း ပြေကျသော ဆံပင်တို့ နှင့် အသက် ၃၀ ခန့် မိန်းမတစ်ဦး ဆောင့်ကြောင့်ထိုင်နေ၏။

"တော်သေးတာပေါ့၊ မမလှက နိုးနေပြီကိုး၊ ရေနွေး ဆူပြီလား မမလှ"

"ဆူပြီ မောင်လေး၊ မမ ထတော့ အိမ်ရှေ့ခန်း မီးလင်းတာ တွေ့တယ်၊ မောင်လေး မဟုတ်လား"

"ဟုတ်တယ် မမလှ၊ ကျွန်တော် ဟိုဒင်း... ဘုရားရှိခိုးနေလို့"

"အေး . . မမ ကော်ဖီဖျော်ဦးမယ်၊ မင်း ကျန်တာ လုပ်ပေါ့ ဦးလေးတို့ နိုးပြီနဲ့တူတယ်၊ ခုနင်က ပြတင်းပေါက်ကနေ အဒေါ် ငုံ့ကြည့်တာ ငါ တွေ့လိုက်တယ်"

စကား ဆက်မပြောတော့ဘဲ ကျွန်တော်က လုပ်စရာရှိသည်ကို အမြန်လုပ်သည်။

ပထမ အိမ်တွင်း ပြန်ဝင်ပြီး ရေခဲသေတ္တာတွင်းမှ ငှက်ပျောသီးတစ်ဖီး နှင့် သံဘောသီးမှည့်တစ်လုံးကို ယူ၍ မီးဖိုချောင်ဆီ ပြန်လာသည်။

သံဘောသီးမှည့်မှာ ရေဆေး သန့်စင်ပြီးသား ဖြစ်သောကြောင့် ထပ် မဆေးတော့ဘဲ ကျွန်တော်က နှစ်ခြမ်းခွဲလိုက်သည်။ တစ်ခြမ်းမှ အစေ့များ ကော်ထုတ်ပြီး ပန်းကန်ပြားတစ်ချပ်တွင် ထည့်၏။ ကြောင်အိမ်တွင်းမှ သံပရာသီး တစ်လုံး ယူပြီး လေးစိတ် စိတ်လျက် သံဘောသီးပန်းကန်တွင်း၌ပင် ထည့်၏။ ငှက်ပျောသီး နှစ်လုံး ဖြုတ်ယူပြီး သီးသန့်ပန်းကန်နှင့် ထည့်၏။ ထိုနောက် သံဘောသီး ပန်းကန်ရော၊ ငှက်ပျောသီးပန်းကန်ကိုပါ အနက်ရောင် ကြွေရည်သုတ် လင်ဗန်းလေးတွင် ထည့်၏။ ပန်းကန်ပြားငယ်တစ်ခုထက် လက်သုတ်ပဝါကို တင်ပြီးလည်း ထည့်ရသေး၏။

"မမလှ" ဟု ကျွန်တော် ခေါ်သော မခင်လှက ကော်ဖီ ထည့်ပြီးသော သံမဏိဖြူ ကရားကို လင်ဗန်းတွင်း ချလာ၏။

သကြားဘူးငယ်၊ အချိုသောက် ပန်းကန်၊ ငွေဓား၊ ဇွန်း စသည်တို့ လည်း မခင်လှက ကူထည့်ပေး၏။

အားလုံး ပြီးပြည့်စုံသောအခါ လင်ဗန်းကလေးကို မ,ပြီး အိမ်ပေါ်ထပ်သို့ ကျွန်တော် တက်လာခဲ့၏။

အိပ်ခန်းဝတွင် အဒေါ်နှင့် အရင်တွေ့ ၏။

"နင့်ဦးလေး နိုးတာ ကြာလှပြီ"

အဒေါ်အသံက ပြတ်သည်။ အပြစ်တင်ရိပ်လည်း လွှမ်းနေ၏။

ကျွန်တော်က အိပ်ခန်းတွင်း ဝင်လိုက်၏။

ခုတင်ထက်တွင် ထိုင်ရင်း ဦးလေးက သမ်းနေ၏။

ခုတင်ဘေးရှိ စားပွဲပုလေးပေါ်တွင် လင်ဗန်းကို ချပြီး ကျွန်တော် ပြန်ထွက်ခဲ့၏။

ကျွန်တော့်၌ ကိစ္စမပြီးသေး၊ လုပ်စရာတွေ ကျန်သေး၏။

အိမ်အောက်ထပ်မှ ရေကို ပလတ်စတစ်ပုံး တစ်လုံးနှင့် ထည့်ကာ မဖိတ်စဉ်အောင် သတိထား၍ အိမ်ပေါ်ထပ်သို့ သယ်ခဲ့၏။ အပေါ်ထပ် အိမ်နောက်ပိုင်း ဝရန်တာ၌ မျက်နှာသစ်ရန် နေရာ ရှိသည်။

ထိုနေရာ၌ ကြွေခွက်တစ်လုံး ရှိသော်လည်း ရေတိုင် တပ်မထား။ ကျွန်တော်တို့ ခြံတွင်း၌ အဝီစိတွင်း မဟုတ်သော ရိုးရိုးရေတွင်း ရှိသည်။ တွင်းမှ ရေကို လျှပ်စစ် မော်တာလေးနှင့် စုပ်ရသဖြင့် အောက်ထပ်၌မူ ရေ ရသည်။ အပေါ်ထပ်သို့ကား လူနှင့် သယ်ယူရ၏။

မျက်နှာသစ်ရန် နေရာ၌ ရေ၊ ရေခွက်၊ ဆပ်ပြာခွက်၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါ အားလုံး အဆင်သင့်ဖြစ်ရန် ကျွန်တော် ဆောင်ရွက်ရ၏။

အမှန်ကား ယနေ့ ကျွန်တော် အားလုံး လုပ်ရန် နောက်ကျသည်။

ခါတိုင်းဆိုလျှင် မျက်နှာသစ်ရန် အစစ အဆင်သင့် ဖြစ်ရေးအတွက် ကျွန်တော် အရင် စီစဉ်သည်။ ထိုနောက်မှ စားစရာ သောက်စရာကို ပြင်ဆင်ထား ရ၏။ အပေါ်ထပ်မှ လူရိပ်လူယောင် ပြသောအခါ ဖြစ်စေ၊ ခေါ်သောအခါ ဖြစ်စေ စားစရာ သောက်စရာကို ယူသွားရ၏။

ကျွန်တော့်ဦးလေးက ဗိုလ်ဆန်သည်။ အိပ်ရာမှ ထထချင်း မျက်နှာ မသစ်သေးဘဲ ကော်ဖီနက်ခါးခါး များများ သောက်သည်။ သံဘောသီးဖြစ်စေ၊ ငှက်ပျောသီးဖြစ်စေ သစ်သီး စားသည်။ သံဘောသီးမှည့်ကို သံပရာသီးလေးနှင့် သုတ်လိမ်း စားတတ်သည်။ ကမ္ဘာ့ဌာန်းကျောင်းတွင် နေစဉ်က သည်ဟာလေးတွေ မလုပ်ရ၍ သူ့ဝမ်းမမှန်ဟု ညည်းဖူးသည်။

မျက်နှာသစ်ရန် အားလုံး ပြင်ဆင်ပေးပြီးသောအခါ ကျွန်တော် တံမြက် စည်း စလှည်း၏။ အိပ်ခန်းများတွင်းကို နောက်မှ လှည်းရမည်။ အပေါ်ထပ်ရှိ အပြင်ခန်းများကို အရင်လှည်းရ၏။ အပေါ်ထပ် ပြီးသောအခါ အောက်ထပ်။

တံမြက်စည်းလှည်းပြီးချိန်၌ ကျွန်တော် အတန်ဆာနေပြီ။

ကျွန်တော်က မီးဖိုချောင်ဆီ သွား၏။

မီးဖိုချောင်၌ မခင်လှသာမက ကိုအောင်မောင်းရော၊ မာလီ ဒရဝမ် ကိုဘိုကေရော ရောက်နေကြပြီ။

ကိုအောင်မောင်းသည် ကျွန်တော်တို့ အိမ်မှ ဒရိုင်ဘာ ဖြစ်ကြောင်း ဆိုခဲ့ပြီးပြီ။ မခင်လှနှင့် ကိုအောင်မောင်းမှာ လင်မယား ဖြစ်ကြ၏။ ကိုဘိုကေကို မာလီ ဒရဝမ်ဟု ပြောရခြင်းမှာ ကိုဘိုကေက မာလီအလုပ်ရော၊ ဒရဝမ်အလုပ်ရော လုပ်ရသူ ဖြစ်သောကြောင့်တည်း။

မီးသွေးမီးဖိုပေါ်ရှိ ဒယ်အိုးတွင်းမှ ကျက်နေပြီဖြစ်သော ပဲပြုတ်နှင့် ထမင်းကြော်နံ့က မွှေးနေ၏။ ပေါင်မုန့် မီးကင်နံ့လည်း သင်းနေ၏။

မခင်လှက ထမင်းကြော်၊ ပေါင်မုန့်မီးကင်၊ လက်ဖက်ရည် စသည်တို့ကို ပြင်ပေး၏။ ကိုအောင်မောင်းက လင်ပန်းတွင် ထည့်ပြီး အိမ်အောက်ထပ်ရှိ ထမင်းစားခန်းသို့ သယ်သွား၏။

ဦးလေးနှင့် အဒေါ်တို့အတွက် ဖြစ်ပါသည်။ ဦးလေးက ထမင်းကြော်တော့ မစားပါ။ အဒေါ်သာလျှင် စားသည်။ အဒေါ်က ပေါင်မုန့်မီးကင် ထောပတ် သုတ် စသည်ကို မကြိုက်ဟု ဆို၏။ မခင်လှကမူ မကြိုက်တာ မဟုတ်၊ ကပ်စေးနဲတာဟု မှတ်ချက်ပေးဖူးသည်။

မခင်လှက ကျွန်တော့်ကို လှမ်းပြော၏။

"ကဲ မောင်လေး... အဒေါ်တို့ကို သွားခေါ်ချေ ပြီးပြီလို့"

"ဟာ... မမလှပဲ သွားတော့၊ ကျွန်တော် ဆာလှပြီ၊ ပြီးတော့..."

"ပြီးတော့ ဘာဖြစ်သလဲ"

"ဒေါ်ဒေါ်က ကျွန်တော့်ကို ဆူချင်တယ်နဲ့ တူတယ်၊ စောစောစီးစီး ကျွန်တော် အဆူမခံချင်သေးဘူးဗျာ"

"အင်း... မင်းတို့ တူအရီးကလည်း ဒုက္ခပဲ"

မခင်လှသည် ညည်းညူပြီး အပေါ်ထပ်ဆီသို့ ထွက်ခွာသွား၏။

ကိုအောင်မောင်း မီးဖိုချောင်သို့ ပြန်ရောက်လာသောအခါ ကျွန်တော်တို့ယောက်ျား သုံးယောက်သည် ထမင်းကြော် ခူးခပ်ပြီး လက်ဖက်ရည်ကြမ်းနှင့် သောက်စားကြ၏။

ကျွန်တော်တို့ စားသောက်နေခိုက် မခင်လှ မီးဖိုချောင်ဆီ ပြန်လာသည်ကို တွေ့ ရ၏။

မခင်လှသည် စ်ကြီးလမ်းခုလတ်၌ ရပ်လိုက်ပြီး တစ်နေရာသို့ လှည့် ကြည့်ကာ "ဟော... ဩော် .." ဟု မြည်တမ်းသည်။

"ဘာလဲ မမလှ"

ဟု ကျွန်တော်က လှမ်းမေးသည်ကို မခင်လှက မဖြေဘဲ ပြုံးစိစိနှင့် ဝင်လာ၏။ ကိုအောင်မောင်းကပါ ဝင်ဆို၏။

"ဘာလဲ .. မင်းဟာက အလန့်တကြား"

"အလန့်တကြား မဟုတ်ဘူး တော်ရဲ့ လှလို့"

"ဘာလှတာလဲ"

"ဝေဝေရယ် . . ကောလိပ်သူ . . လှလိုက်တာ"

"ဪ .. ဝေဝေ လှတာများ အဆန်းလုပ်လို့"

"ဒီတစ်ခါက ဆန်းတယ်တော့၊ ဟိုဒင်း… အဲ… ကြိုးခုန်နေတာ"

"ဘာရယ် .."

"ကြိုးခုန်နေတာ၊ ဘောင်းဘီတိုအဖြူလေးနဲ့၊ အင်္ကျီလေးကလည်း ဟို … ဘာတဲ့၊ စပို့ရှပ်၊ ယောက်ျား ဝတ်တာမျိုးလေ၊ အဝါလေး၊ သူ့အသားလေးနဲ့ သိပ်လိုက်တာ"

ကိုဘိုကေက ထမင်းကြော်ကို ပလုတ်ပလောင်း ဝါးနေရာမှ ကျွန်တော့် ကို ပြုံးဖြဲဖြဲ လှမ်းကြည့်ပြီး ပြော၏။

"မောင်လေး လှတယ်တဲ့၊ သွားကြည့်ပါလား"

ကျွန်တော်က ကိုဘိုကေကို ဘာမျှ ပြန်မပြောဘဲ ထမင်းကြော်ကို ငုံ့၍ စားမြဲစားနေရာ ကိုအောင်မောင်း၏ တားမြစ်သတိပေးသံ ပေါ်လာသည်။

"ကိုဘိုကေက ဘာမဟုတ်တာ မြှောက်ပေးရတာလဲ၊ မောင်လေး မလုပ်နဲ့နော်၊ မင်း ဒီအိမ်ပေါ်က ခြေနဲ့ မဟုတ်ဘူး၊ ခေါင်းနဲ့ ဆင်းပြေးရမှာ"

သည်စကားကမူ ဆန်းသောကြောင့် ကျွန်တော်က ပြန်မေးရ၏။

"အစ်ကိုအောင်မောင်းက ဘာဆိုလိုတာလဲ"

ကိုအောင်မောင်းက တဟဲဟဲ ရယ်ပြီးမှ ဖြေသည်။

"အဲဒါ မင့် မရီးလောင်းကွ"

"ခင်ဗျာ…"

"မင့်အစ်ကို ဘီလပ်က အဲ .. ဟုတ်ပေါင်၊ အမေရိကန်က ပြန်လာရင် လက်ထပ်ဖို့ လူကြီးချင်း စေ့စပ်ထားတာ"

"ဪ… ဒီလိုလား"

ဆက်လက် မစပ်စုလိုသောကြောင့် ကျွန်တော်က ထမင်းကြော်ကို ငြိမ်လျက် စားနေ၏။

မခင်လှကသာ ဟီးခနဲ တစ်ချက် ရယ်ပြီး ပြောသည်။

"ဟိုသီချင်းက မှန်သတော့"

"လုပ်ပြန်ပြီ၊ မင်းက အဆက်အစပ် မရှိ၊ ဘယ်သီချင်းလဲ"

"ဥဩဘသောင် ဆိုထားတာလေ၊ အရုပ်ဆိုးတဲ့ လူများဟာ ချောတဲ့မိန်းမကိုမှ ရတတ်တယ် ဆိုတာ"

"အေးပေါ့ . . အဟဲ . . ဒါကြောင့် မင်းကို ငါ ရထားတာ"

"တော်စမ်းပါ ကလေးကလား"

ကိုအခေါင်မောင်းသည် သူ့ကိုယ်သူ သဘောကျဟန် ရယ်မောနေသောကြောင့် ကျွန်တော်ပါ လိုက်ရယ်သည်။

မှန်တော့ အမှန်သား။ ကိုအခေါင်မောင်းက အသားမည်းပြီး နှာခေါင်း ပြားပြား၊ မျက်လုံးမှေးမှေးနှင့် အရုပ်ဆိုးသည်။ မခင်လှက ဖြူဖြူစင်စင် လုံးကြီးပေါက်လှ ဖြစ်၏။

ကိုဘိုကေက ကျွန်တော့်ဆီ မေးငေါ့ပြပြီး ဆို၏။

"ဒါဖြင့် တို့ဇာတ်လိုက်က ကံဆိုးမှာပေါ့ ဟုတ်လား"

"ဘာလဲဗျ ဦးလေးကိုဘိုကေကလဲ၊ မဦးမချွတ်"

"သိဘူးလေ၊ အရုပ်ဆိုးတဲ့ ယောက်ျားက ချောတဲ့ မိန်းမနဲ့ ရတတ်တယ်ဆိုတော့ ချောတဲ့ ယောက်ျားက အရုပ်ဆိုးတဲ့ မိန်းမနဲ့ ရတတ်တယ်၊ အဲဒီလိုဖြစ်မနေဘူးလား"

ကျွန်တော်က ပြုံးရုံသာ ပြုံးနေ၏။ မခင်လှက ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး မေးသည်။

"မောင်လေးတို့ အမေက လှသလား"

"အင်း... ဟုတ်ကဲ့၊ ဘာဖြစ်လို့လဲ"

"အဒေါ်နဲ့ မောင်လေး အမေက ညီအစ်မ အရင်းလား"

"မဟုတ်ပါဘူး၊ ဖအတူ အမေကွဲပါ"

"ဪ... ဒါကြောင့်ကိုး"

"ဘာလဲ... ဒါကြောင့်ကိုး ဆိုတာ"

"မောင်လေးနဲ့ အဒေါ်က ရုပ်ချင်း မတူလို့ပါ၊ မတူတာတင် မကဘူး လေ၊ တခြားစီမို့လို့ပါ"

"အေး ... အေး ... ပြောပေး ခင်လှ၊ နင်ပါ ခေါင်းနဲ့ ဆင်းနေရမယ်"

"မှန်တာ ပြောတာပဲဟာ၊ ဪ. . ဒါထက် မောင်လေး ဝေဝေ့ကို တွေ့ဖူးပြီလား"

"ဟင့်အင်း"

"ဝေဝေက သိပ်လှတယ်၊ ပြီးတော့ မာနလည်း မရှိဘူး၊ သိပ်သဘောကောင်းတယ်"

"မမလှ"

"ဘာတုံး"

"ဝေဝေဟာ သိပ်လှတယ်လို့ မမလှ ပြောတာ များပြီ၊ တကယ်ပဲ သိပ်လှသလား "

"ဟဲ့ . . မိန်းမချင်း လှတယ်ပြောရင် တော်ရုံတန်ရုံ မလှဘဲနဲ့ မပြောဘူးဟဲ့"

"ထားပါတော့၊ အဲဒီ လှတဲ့ ဝေဝေဟာ ရွှေတုံးရွှေခဲ ရွှေမှုန်တွေနဲ့ ထုထားတာလား"

"ဘာရယ် "

"ဦးပဉ္ဇင်း ခဏခဏ ရွတ်ပြတဲ့ ပါဠိတော်ကို သွားသတိရတယ် ...

ယံ ကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓံ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံဒူရေ သန္တိကေ ဝါ သဗ္ဗံ ရူပံ တဲ့ ..."

ကိုဘိုကေက နဖူးရေ တွန့်ပြီး

"မင်းဥစ္စာ၊ ဘာတွေလဲကွ" ဟု ဆိုသည်။

"ရုပ်တွေအကြောင်း၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရေ၊ သန္တိက ... လို့ ရုပ်မျိုး ဆယ့်တစ်မျိုး ပြားတယ်။ လှတဲ့ ရုပ်ရော မလှတဲ့ ရုပ်ရော အဲဒီထဲမှာ ပါသွားပြီ"

"အေးလေ... အဲဒါ ဘာဖြစ်သလဲ"

"ရုပ်တွေ ဘယ်လောက်ပြားပြား၊ သဘောလက္ခဏာက တစ်ခုပဲ ရှိ သတဲ့။ အဲဒီလက္ခဏာက ရုပ္ပနလက္ခဏာတဲ့၊ ဒါကြောင့်လည်း ရုပ်ကို ရုပ်လို့ ခေါ် တာ၊ ရုပ္ပနဆိုတာက ဖောက်ပြန်ပျက်စီးတာကို ပြောတာ၊ ချောချော အရုပ်ဆိုးဆိုး ရုပ်မှန်ရင် ဖောက်ပြန်ပျက်စီးတယ်၊ ဖောက်ပြန်ပျက်စီးတာက သုဘ မဟုတ်ဘူး၊ အသုဘ..."

ငြိမ်နားထောင်နေရာမှ ဘာမပြော ညာမပြောနှင့် မခင်လှက အော်ရယ်၏။

"ကျွန်တော်ရယ်စရာ ပြောနေတာ မဟုတ်ဘူး မမလှက ဘာရယ်တာလဲ"

မခင်လှသည် နေရာမှ ထလိုက်သည်။ ရွှေမန်းတင်မောင်ဇာတ်ထဲမှ

မင်းသမီးဟန်အပြည့်ဖြင့် လက်ညှိုးထိုးကာ မေးထိုးကာနှင့် သီချင်းဆိုသည်။

"ကိုတင်မောင် လွန်လွန်းပြီ၊ ကျွန်မတို့ ပြောချင်သည်။ ရှင့် ဇာတ်ဆရာ ရှင်တစ်ခုသာ ရှင်ပြုရာ ခံရမှာပါ၊ ရှင့်လက်ခုပ်တွင်းက ရေလိုဟာပါ၊ အဘိဓမ္မာ တတ်သူ ဇာတ်ဆရာကြီးရဲ့ စျာန်လျှောတာတွေ ပြောကာပြဦးမှာ"

မခင်လှသည် ရေတိုင်တွင် လက်ဆေးပြီး အိမ်မကြီးဘက် ထွက်သွား၏။ စားသောက်ခြင်းကို လက်စသိမ်းရာမှ ကိုအခေါင်မောင်းသည် မျက်နှာ ထားကို တည်လိုက်ပြီး ဆို၏။

"မင့်အဒေါ်က မင်းကို အတော်စိတ်ဆိုးနေတယ်"

"ကျွန်တော် ရိပ်မိပါတယ်"

"ကမ္ဘာ့ဗ္ဗာန်းကျောင်းမှာ မင်း ပေါ်မလာခင်ကလေး အပြစ်တင်နေတယ်၊ ငါ့ညီကလည်း ပေါ့တာကိုး၊ ကိုယ့်အဒေါ်အကြောင်း ကိုယ် သိသားနဲ့"

"အေးဗျာ... ကျွန်တော် မှားပါတယ်၊ နောက်ကို ကျွန်တော် ဆင်ခြင်ပါ့မယ်"

လက်ဆေးပြီး ကျွန်တော် ပြန်အတက်အလာတွင် စံကြံပေါ်၌ မခင်လှနှင့် ဆုံမိ၏။

"မောင်လေး .... အဒေါ်က လာခဲ့ဦးတဲ့၊ အပေါ်ထပ်မှာ"

ကျွန်တော် အိမ်တွင်း ဝင်ခဲ့သည်။ ထမင်းစားခန်းအတွင်း၌ ဦးလေး တစ်ယောက်တည်း စားသောက်နေ၏။

အပေါ်ထပ်သို့ ကျွန်တော် ရောက်သောအခါ စာကြည့်ခန်းတွင် ထိုင်နေသော အဒေါ်ကို တွေ့ ရ၏။

"မင်းကို ငါ ပြောစရာတွေ ရှိလို့"

ကျွန်တော်က ဘာမျှမပြောဘဲ အဒေါ်ရှေ့တွင် ရိုသေစွာ မတ်တတ်ရပ်နေ၏။

"ဆန်ရင်း နာနာဖွပ်ရမှာပဲ၊ မင်းက ငါ့ဘက်က တော်တာ၊ ဦးလေးဆိုတာက သူစိမ်း"

သည်စကားက အဒေါ် ပြောနေကျစကား။

"သူစိမ်းနဲ့နေရင် အလိုက်သိတတ်ရတယ်၊ မင်းဦးလေးအတွက် ဝေယျာဝစ္စတွေကို မင်းကို ငါ လုပ်ခိုင်းတာက တခြား ခိုင်းစရာ လူမရှိလို့ မဟုတ်ဘူး။ သူစိမ်းက ချစ်ပါစေ၊ ကြည်ဖြူပါစေလို့၊ မင်း နားလည်ရဲ့လား"

"ကျွန်တော် နားလည်ပါတယ် ဒေါ်ဒေါ်"

"နားလည်တယ်သာ ဆိုတယ်၊ ကမ္ဘာ့ဗ္ဗာန်းကျောင်းတုန်းက မင်းလုပ်ပုံတွေ ကောင်းရဲ့လား၊ အဖော်အလျော်ရဖို့ ခေါ်သွားတယ်၊ မင်းကချည်း ဘုန်းကြီး

ရှေ့ကလျှောက်၊ တော်တော်ကြာ ကမ္ဘာ့ဌာန်းထိုင်နေလို့ တော်တော်ကြာ ပုတီးစိပ်နေလို့၊ တော်တော်ကြာ တရားစစ်ခံနေလို့၊ မင်းကို ခိုင်းဖို့ အချိန်မရှိတော့ဘူး”

ကျွန်တော် ဘာမျှ ဆင်ခြေမပေးပါ။ အဒေါ် ပြောသည်မှာ မှန် လေသည်။ တစ်ခုပဲ ရှိသည်။ ကျွန်တော် တစ်ယောက်တည်းသက်သက် ပြုချင် ပြုခဲ့သည် မဟုတ်။ ဦးပဉ္စင်းဦးဝိမလ၏ အမိန့်ကလည်း ပါသည်။

“ဒီမနက်လည်း ကြည့်၊ ငါ နိုးတော့ မင်းက အခန့်သား တရားထိုင်နေပြီ ဟို... သိုးရေဖုံပေါ်မှာ၊ ငါတောင် မထိုင်ဘူး၊ မင်းဦးလေး ထိုင်ဖို့ ထားတာ၊ မင်း က အဲဒီပေါ်မှာ၊ ဦးလေးပဲ ဆွေမျိုးပဲ ဆိုပေမယ့် ဒူးနေရာဒူး တော်နေရာတော် ဆင်ခြင်ရသေးတယ်”

သည်အချက်ကို ကျွန်တော် သတိမပြုမိခဲ့။ ဪ . . ဟုတ်ပေသည်။ အဒေါ် ပြောသည်မှာ မှန်သည်။ ကျွန်တော် အဆင်ခြင် နည်းခဲ့သည်။

“မင်းကြောင့် ငါ ဓမ္မန္တရာယ်များ ဖြစ်နေမလား မသိဘူး၊ ဒါပေမဲ့ ငါ့စေတနာ ငါ သိတယ်။ စေတနာလျှင် ကံတဲ့၊ ဘုရားဟောတယ်။ ငါ မေးမယ်၊ မင်း ဘုန်းကြီးဝတ်ချင်သလား”

“မဝတ်ချင်ပါဘူး ဒေါ်ဒေါ်”

“အေး... ဝတ်ချင်ရင် ငါ ဝတ်ပေးမယ်၊ မဝတ်ချင်လည်း လူလို နေ ချင်ရင် လူလို တာဝန်သိ၊ မင်းအမေ ငါ့အစ်မ သေခါနီးမှာ ငါ ကတိပေးခဲ့တယ်၊ မင်းကို ငါ ကျွေးမွေးစောင့်ရှောက်မယ်၊ ကျောင်းထားပေးမယ်၊ ငါ့ဝတ္တရား ပျက် သလား”

“မပျက်ပါဘူး ဒေါ်ဒေါ်”

“မင်းလည်း မင်းတာဝန် မပျက်နဲ့၊ ဘုရား တရား ကြည်ညိုတာ ငါ ဘာမှမပြောလိုဘူး၊ ဒါပေမဲ့ မဇ္ဈိမပဋိပဒါ ဖြစ်မှ ကောင်းတယ်၊ ဒါလည်း ဘုရား ဟောတာပဲ”

စိတ်တွင်း၌ ကျွန်တော် ပြုံးမိသည်။ အဒေါ်သည် ဘုရားဟော စကားကို သူ လိုသလို အဓိပ္ပာယ်ကောက် သုံးတတ်သည်။ အထူးသဖြင့် တရားလေး ဘာ လေး လိုက်ထိုင်ပြီးခါမှ ပိုသုံးသည်။

“ကိုယ့်အရွယ်နဲ့ ကိုယ် တန်ရာတန်ရာလုပ်၊ တရား မထိုင်ရဘူးလို့လည်း ငါ ပြောနေတာ မဟုတ်ဘူး၊ ငါ ဓမ္မန္တရာယ်ဖြစ်မှာတော့ ကြောက်တယ်၊ ငါ ပြော နေတာက အစွန်းနှစ်ဖက် မသွားနဲ့၊ မဇ္ဈိမပဋိပဒါတရား...”

“ဒေါ်ဒေါ့်စေတနာကို ကျွန်တော် နားလည်ပါတယ် ဒေါ်ဒေါ်”

“နားလည်ရင် ပြီးရော၊ ဒီသင်္ကြန်တွင်းမှာလည်း တို့ သွားတရားထိုင်ဦး မယ်။ မင်း မလိုက်ခဲ့နဲ့တော့၊ ခင်လှကို ခေါ်သွားမယ်၊ အိမ်မှာ အစောင်မောင်းတို့ ချက်ပြုတ်ကျွေးလိမ့်မယ်၊ မင်းက အိမ်ကို ကောင်းကောင်းစောင့်ရှောက်၊ ကြားလား”

“ဟုတ်ကဲ့ ဒေါ်ဒေါ်”

“နေဦး၊ ဟိုဘက်ခြံက ဦးထင်အောင်နဲ့ ဒေါ်လှနတို့လည်း လိုက်လိမ့်မယ်၊

ဝေဝေကျေန်ရစ်ခဲ့လိမ့်မယ်”

သည်နာမည် လာပြန်လေပြီ။ ဝေဝေ . .။

“ဝေဝေ့ကို မင်းအစ်မရင်းလို ဆက်ဆံပါ။ ရိုရိုသေသေ ကောင်းကောင်း မွန်မွန် ဆက်ဆံပါ။ သူ ခေါ်ရင် သွား၊ သူ ခိုင်းတာလုပ်ပေး၊ တစ်နေ့ သူဟာ မင်း အစ်မ တော်ရမယ့်သူပဲ၊ နားလည်လား”

“နားလည်ပါတယ် ဒေါ်ဒေါ်”

“သ်ကြန်တွင်းမှာ သူငယ်ချင်းတွေ ဘာတွေနဲ့ ဝေးလေးဝါးလားလည်း လုပ်မနေနဲ့၊ မိန်းကလေးတွေ ဘာတွေကို နောက်တာ ပြောင်တာလည်း ငါမကြိုက်ဘူး”

“စိတ်ချပါ ဒေါ်ဒေါ်”

“ရေတွင်းက စက်ကိုလည်း အားတိုင်း မဖွင့်နဲ့၊ မီတာတက်တယ်၊ မင်းတို့ချည်း နေတာ၊ လက်နဲ့ ခပ်သုံး၊ စက်ကြီး ဖွင့်ပြီး ဟို... ဘိုကေ ဆိုတဲ့ မကြီးမငယ်ဟာကြီးနဲ့ ရေပက်တာတွေ ဘာတွေ မလုပ်ရဘူး”

“မလုပ်ပါဘူး ဒေါ်ဒေါ်”

“မင်း အိမ်ကလည်း ဘယ်ကိုမှ မထွက်နဲ့၊ တယ်လီဖုန်းကိုလည်း ခဏခဏ မသုံးနဲ့၊ အိမ်မှာပဲ ခါတိုင်းလို စာဖတ်ရင် ဖတ်၊ ကဗျာစပ်ရင် စပ်၊ တယော ထိုးရင်ထိုး၊ အဲ... တရားထိုင်ချင်လည်း ထိုင်၊ အိမ်ကတော့ ဘယ်မှ မသွားရဘူး”

“မသွားပါဘူး ဒေါ်ဒေါ်”

“ပြီးတော့ ခြံထဲက ပိတောက်ပင်ကြီး ပွင့်ရင် ဘယ်သူမှ လာမခူးစေနဲ့၊ ဘိုကေကိုလည်း ပြော၊ အကိုင်း ချိုးချပြီး ဝေဿန္တရာလုပ်မနေနဲ့လို့။ သစ်ပင်ခုတ် တာ တစ်စက်မှ ငါ မကြိုက်ဘူး”

“ဟုတ်ကဲ့ ဒေါ်ဒေါ်”

“ကဲ . . သွားတော့၊ မင်းဦးလေး အခန်းကို သွားတံမြက်စည်းလှည်းချေ”

ကျွန်တော်သည် စိတ်လွတ်လပ်ပေါ့ပါးစွာဖြင့် အဒေါ်ရှေ့မှ ထွက်လာခဲ့သည်။

ဗိုလ်ဆန်၍လော၊ အသက်ကြီးလာကြ၍လော မသိ။ ဦးလေးနှင့် အဒေါ် တို့က တစ်ခန်းစီ နေကြသည်။ အဒေါ်အခန်းကို မခင်လှ တံမြက်စည်းလှည်းရ သည်။ ဦးလေး၏ အခန်းအတွက်မူ ကျွန်တော် တာဝန်ယူရ၏။

ကျွန်တော်သည် ဦးလေး၏ အိပ်ရာကို သပ်ရပ်အောင် သိမ်းသည်။ စားပွဲပေါ်ရှိ ဆေးလိပ်ခွက်မှ ဆေးလိပ်တို၊ ပြာ စသည်ကို သန့်ရှင်းသည်။ နောက်ဆုံးမှ တံမြက်စည်းလှည်း၏။

ဦးလေး၏ အခန်းတွင်းရှိ ခါးလောက် မြင့်သော မှန်ဗီရိုအရှည်လေးပေါ် ၌ ငွေရောင် ဘောင်ခတ်ထားသော ဓာတ်ပုံတစ်ခု ရှိသည်။ ဓာတ်ပုံတွင်း၌ နယူး

ယောက်မြို့၏ မိုးထိတိုက်များကို နောက်ခံပြုလျက် ရိုက်ထားသော လူရွယ်တစ်ဦး ၏ ပုံပေါ်နေသည်။

ဦးလေးနှင့် အဒေါ်တို့၏ တစ်ဦးတည်းသော သား ကိုသန်းဟန် ဖြစ် သည်။ တစ်နည်းဆိုတော့ ကျွန်တော့်အစ်ကိုဝမ်းကွဲ၊ ဪ … ဝေဝေ၏ ခင်ပွန်း လောင်း။

မခင်လှ၏ စကားကြောင့် အစ်ကိုသန်းဟန်၏ ပုံကို ကျွန်တော် သေသေ ချာချာ ကြည့်မိသည်။

အစ်ကိုသန်းဟန်က မချောပါ။ နှာခေါင်းပြားပြီး သွားခေါဟန် ရှိသည်။ အရပ်အမောင်းကတော့ ကောင်းသည်။

အမှန်တော့ ယောက်ျားဟူသည် ချောဖို့ လိုပါသလော။ ပညာတတ်လျှင် ပြီးရောပေါ့။ အစ်ကိုသန်းဟန်က မြန်မာပြည်တွင် အင်ဂျင်နီယာဘွဲ့ ရပြီးပြီ ယခု အမေရိကန်ပြည်တွင် အင်ဂျင်နီယာ မဟာဝိဇ္ဇာဘွဲ့ ယူနေသည် ဆို၏။ ပြန်လာ လျှင် ရာထူးကောင်းကောင်း ရဦးမည်။ ရုပ်မချောသော်လည်း မယားချောချော ရနိုင်သော အရည်အချင်း မဟုတ်ပါလော။ ပြီးတော့… ကံနှင့် ဆုတောင်း ဟူ သည်ကိုလည်း ဘယ်သူ သိနိုင်ပါသနည်း။

တံမြက်စည်း လှည်းပြီးသောအခါ အောက်ထပ်သို့ မဆင်းသေးဘဲ အပေါ် ထပ် ပြတင်းတစ်ခုမှ နေ၍ ကျွန်တော်သည် တစ်ဖက်ခြံသို့ မျှော်ကြည့်မိသည်။ ကျွန်တော်တို့အိမ်က ရှေးဗိုလ်အိမ်ပုံစံ တိုက်ခံအိမ်ကြီးပါ။ ကြီးမား၍ မြင့်သော်လည်း ခေတ်မမီတော့ပါ။ အုတ်ကြွပ်အမိုးရော သစ်သားနံရံတို့ကပါ အနီ ရောင် ဖြစ်သည်။

တစ်ဖက် ခြံတွင်းမှ တိုက်ကား နောက်ဆုံးပေါ် ပုံစံ ဖြစ်၍ ခေတ်မီလှပ သည်။ အလျား၊ အနံနှင့် အမြင့်တို့က အချိုးအစားကျသည်။ မှန်ပြတင်းကျယ်တို့ များပြားသဖြင့် အတွင်း၌လည်း လင်းလင်းချင်းချင်း ရှိပေလိမ့်မည်။ ပန်းနုရောင်နှင့် ဖက်ဖူးရောင်တို့ကို ပြေပြစ်လိုက်လျောအောင် သုတ်ထားသဖြင့် ပန်းချီဆန်ဆန် တင့်တယ်သည်။ တိုက်တစ်ခုလုံးမှာ သစ်သစ်လွင်လွင်လည်း ရှိသည်။ သစ်လွင် သည်မှာလည်း မဆန်း။ ဆောက်ပြီးသည်မှာလည်း လပိုင်းသာ ရှိသည်။

အိမ်ပြီးသည်မှာ လပိုင်းသာ ရှိသေးသော်လည်း ခြံကမူ သစ်ပင်ပန်းမန် နှင့် ပြည့်စုံနေသည်။ မူလက ရှိနှင့်ပြီးသော အပင်ကြီးများကလည်း ရှိသည်။ တိုက်မဆောက်မီကတည်းက ကြိုတင်အကွက်ချ၍ အရိပ်လည်းရ၊ လှလည်း လှအောင် စိုက်ထားသော ထီးရိုးဝါးရုံ၊ ပင်လယ်ကဗွီး၊ တရုတ်စံကားဖြူ၊ စိန်ပန်းနီ ပင်များလည်း ရှိသည်။ ရေလောင်း မွေးမြူ ကိုက်ညှိထားသော မြက်ခင်းပြင်များ လည်း ရှိ၏။

ဦးထင်အောင်နှင့် ဒေါ်လှနုတို့သည် ဆန်စက် သူဌေးများဟု ကျွန်တော် သိပြီး ဖြစ်သည်။ မူလက သူတို့၏ ဆန်စက်များအနက် တစ်လုံး၏ ဝင်းထဲတွင် အိမ်ရှိသည်။ ယခု ယင်းအိမ်ကြီးက အိုမင်းသည့်အပြင် ဆန်စက်ဝင်းတွင်း နေရ သည်မှာ ဗွက်ထူ ခြင်ကိုက်သည် ဆိုကာ အိမ်သစ်ဆောက်၍ ရွှေ့လာကြခြင်း ဖြစ်သည်။ အိမ်သစ် ဆောက်ထားသော မြေမှာ အစက ကျွန်တော့်ဦးလေးနှင့် အဒေါ်တို့ပိုင်မြေ ဖြစ်သည်။ ဦးလေးနှင့် ဦးထင်အောင်တို့က ငယ်သူငယ်ချင်း၊ ကျောင်းနေဖက်ဟု ဆိုသည်။ ဦးလေးကိုယ်တိုင်ကား ပင်စင်စား ကျောင်းဆရာကြီး ဖြစ်သည်။ မျိုးရိုးကတော့ လယ်ပိုင်ရှင် ဖြစ်သည်။

ဦးလေးက ဦးထင်အခေါင်ကို သူ့ခြံတစ်ဝက် ခွဲရောင်းသည့်မှာ သူငယ်ချင်း ချင်း နီးနီးစပ်စပ် အတူနေရရန်ဟု အစက ကျွန်တော် ထင်ခဲ့သည်။ ဩော်... ယခုတော့ သည်ထက်မကလေပါတကား။

တစ်ဖက်ခြံမှ လှပသော အိမ်နှင့် ခြံကို ငေးကြည့်နေမိစဉ် အိမ်ကြီးရှင် တို့၏ လှပလှပါသည် ဆိုသော သမီးချောကို သွားသတိရသည်။

ထိုခဏမှာပင် ကျွန်တော့်ရင်မှာ ဝမ်းနည်းသကဲ့သို့ ဖြစ်မိသည်။

ဘာကို ဝမ်းနည်းရမှာလဲ ငလေးလှိုင်၊ သူတစ်ပါး ချမ်းသာသည်။ သူတစ်ပါး လှပသည်။ သူတစ်ပါး ကံကောင်းသည်ကို မြင်ရင် ကိုယ်ကလည်း ဝမ်းသာရမှာပေါ့။ မုဒိတာ ဆိုသည့်တရားက ကိုယ် ဘယ်ဘဝမှာ ရောက်နေနေ ထားရမည့်တရား မဟုတ်ပါလား။ သည်တရား မထားခဲ့နိုင်လို့ ယခု ကိုယ့်ဘဝအကျိုးပေးနည်းခဲ့ရပြီ။

ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီး ပြတင်းမှ ခွာမည့်အလုပ်တွင် အသံတစ်ခုကို ကျွန်တော် ကြားရသည်။

ပီယာနိုသံပါ။ ချောမွေ့ညက်ညောဝေစည်သော ပီယာနိုသံပါ။

အသံစဉ်ကို နားထောင်ခြင်းအားဖြင့် မြမြမောင်းမောင်းပတ်ပျိုးဟု ကျွန်တော် ထင်သည်။

ကျွန်တော်က ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံကြည့်မိသည်။ ပတ်ဝန်းကျင်မှာက နွေပါ။ နွေဦး မဟုတ်တော့သော်လည်း မနှောင်း သေးသော လှပသော နွေပါ။ နွေလတ်ရတု၊ စိမ်းနုညိုပြာ၊ လွတ်နှိုင်းသာသည်၊ သွယ်ဖြာညောင်းသစ်မြတကား... ဟု နတ်သျှင်နောင် အမှတ်ပြုခဲ့သော လှပသော နွေပါ။

ဩော်... တစ်ဖက်မှ ပီယာနို တီးနေသူမှာလည်း နွေအလှကို အမှတ်ပြုမိလေသူ ဖြစ်ဟန်တကား။

*****

အခန်း [၄]

"နွေလတ်ရတု၊ စိမ်းနည်းပြာ၊ လွတ်နိုင်းသာသည်၊ သွယ်ဖြာညှောင်းသစ်မြတကား"

ကျွန်တော် ဖတ်နေသော နတ်သျှင်နောင်၏ ရတုပေါင်းချုပ်စာအုပ်ကို ခေတ္တပိတ်လိုက်သည်။

"ပေါင်မုန့်တစ်လုံး၊ ဝိုင်တစ်ခွက်၊ ကဗျာတစ်အုပ်၊ ပြီးတော့ မင်းရယ် . .။ ဒါတွေ ရှိလျှင် ဘာမျှမလိုပါ။ ဟောသည်လောကကြီးဟာ ကောင်းကင်ဘုံကြီးပါ "ဟု ဆိုသော ပါရှင်းလက်ာဆရာကြီး အိုမားခယာမ်၏ အကြောင်းကို ကျွန်တော် ကြားဖူးပါသည်။

ပေါင်မုန့် ဆိုသည်ကို ကျွန်တော် မစားနိုင်ပါ။ ဝိုင်တစ်ခွက်ကို ဘာကြိုက် ရမှန်း ကျွန်တော် မသိပါ။ ဘုရား တားမြစ်သည့် မကြိုက်ထိုက်သော အရာဟုသာ ကျွန်တော် သိသည်။ မင်း… ဆိုသည့် ချစ်သူ။ အင်း… အဲသည်ချစ်သူ… ဟူ သည့် အကြောင်းတော့ ကျွန်တော် မပြောတတ်။ ကဗျာတစ်ပုဒ်နှင့် နေရသော အရသာကိုတော့ ကျွန်တော် ခံစားတတ်သည်။

အထူးသဖြင့် သည်လို နွေရက်မျိုးမှာ နတ်သျှင်နောင်၏ ရတုများနှင့် နေရသည်က အရသာရှိသည်။

ဦးလေးနှင့် ဒေါ်ဒေါ်တို့က သံကြန်အကြိုနေ့ကတည်းက ကမ္ဘူဏ္ဏာန်း ကျောင်းသို့ သွားကြပြီ။

ကမ္ဘူဏ္ဏာန်းကျောင်းသို့ မသွားမီ အချိန်လေးအထိ အဒေါ်သည် ဟိုတစ်နေ့က မှာပြီးသား စကားတို့ကို ကျွန်တော့်အား ထပ်တလဲလဲ မှာကြားခဲ့၏။

ကျွန်တော့်အဒေါ်က စည်းကမ်းကြီး၍ စိုးရိမ်စိတ်ကဲသည်။ ဝိစိကိစ္ဆာနှင့် ဝိတက် ဝိစာရ များသည်။ သည်တော့ အဒေါ်မှာ သွေးတိုးရောဂါ ရှိနေသည်မှာ မဆန်း။

ဦးလေးက လူတကာကို တရားထိုင်စေချင်သည်။ လူတွေ့လျှင် တရား စဟောသည်။ ကမ္ဘူဏ္ဏာန်းကျောင်းတွင်လည်း တရားထိုင်သည်က နည်းပြီး တရား ဆွေးနွေးသည်က များသည်။ ဆွေးနွေးရင်းက ဒေါသတကြီး ငြင်းချင် ထငြင်း၏။

အဒေါ် တရားလိုက်ထိုင်သည်မှာ ဦးလေး တရားဟောကောင်းလွန်း၍ မဟုတ်။

တရားထိုင်လျှင် နှလုံးရောဂါနှင့် သွေးတိုးရောဂါ ပျောက်သည် ဆိုသောကြောင့် ဖြစ်၏။

အဒေါ်ကို အပြစ်မတင်ပါ။ ဘယ်အကြောင်းနှင့် တရားထိုင်ထိုင် ကောင်းပါသည်။ မြတ်စွာဘုရား၏ ကျောင်းတော်ကြီး လှပဆန်းကြယ်ပုံကို ရှုလို မြင်လို သောဆန္ဒသက်သက်ဖြင့် သွားရောက်ခဲ့သော အလှုကြိုက် ခေမာဒေဝီ မိဖုရားပင် လျှင် အကြောင်းဆိုက်တော့ ရဟန္တာမ ဖြစ်ချေသေးသည်။ ကျွန်တော့်အဒေါ်ကော တစ်နေ့မှာ တရားမရဟု မဆိုနိုင်ပါ။ အဒေါ် တရားရသွားလျှင် ကောင်းမည်။ အထူးသဖြင့် ကျွန်တော့်အတွက် နေလို့ထိုင်လို့ ကောင်းမည်။

ယခု အိမ်ကြီးပေါ်တွင် ကျွန်တော် တစ်ယောက်တည်းသာ ရှိသဖြင့် တိတ်ဆိတ်နေသည်။ အပြင်ဘက်၌ နွေ၏ ညနေခင်းမှာလည်း တိတ်ဆိတ်နေ သည်။ ဥသြသံလေးသာ တစ်ချီ တစ်ချီတွင် ပေါ်လာနေ၏။

ကျွန်တော်က နတ်သျှင်နောင်၏ ရတုများကို ပြန်ကြည့်သည်။ ရတုဘုရင်ခမျာက အလွမ်းသမား ဖြစ်သည်။ အလွမ်းသမား ဆိုတော့ လွမ်းဖွယ်ရာသီကို အမှတ်ပြုသည်။ အထူးသဖြင့် ယခုလို နွေကို မယွင်းသတိ ရှုမိသည် အကြိမ်ကြိမ် ရှိဟန်တူသည်။

“တာရက်လကို၊ ရှက်ကွန့်လို၍၊ ရစ်ညိုပြကာ၊ သည်မျှသာနှင့်၊ ထစ်ရွာ မဖြူး၊ တန်ပါဦးလော့”

သံကြန်မိုးကို အငြိုးနှင့် မဖိရန် သည်လို တောင်းပန်သည်။

“ရေဖျန်းသဘင်၊ တာသစ်ရင်က၊ ကြွေးရှင် ဝတ်ခြွေ၊ ငှက်ပေါင်းရွှေနှင့်၊ စုံခြေတစ်ခွင်၊ ညွန့်ညွန့်တွင်နှိုက်၊ ရွှေစင်ချပ်နေ၊ လျှပ်လျှပ်ပြေမျှ ၊မင်းနေဦးစွန်း၊ ဆက်နန်းဘုံထွတ်၊ သာခေါင်လွတ်က၊ ရေဆွတ်မယ်နှင့်၊ စုံခွင့်မမှီ...”

ရေသဘင်ပွဲတွင် ချစ်သူနှင့် အတူ မနွဲနိုင်သည်ကို သည်ပုံ ညည်းသည်။

‘မြော်ချေကလျှင်၊ ကာလအလျောက်၊ ပိတောက်လျှံခဲ၊ ပုလဲငုံသွယ်၊ အလှယ်လှယ်တိ၊ စံပယ်ဖြူမွှေး၊ စကားသေးကို၊ မြတ်လေးစုံမက်၊ ကျွန်ပ် လက်ဖြင့်၊ ရွေးလျက်ရွရွ၊ မဆင်ရတည့်”

ပစ္စုပ္ပန်မှ ပန်းမန်တို့ကို ကြည့်ကာ အတိတ်မှ ဖြစ်ရပ်တွေကို တသပြီး သည်နည်းနှင့်လည်း လွမ်းရှာသည်။ ဪ . . အနာဂတ်အတွက်လည်း မျှော်လင့်ရှာမည်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်။ သံသရာမှာက သည်ကာလ သုံးပါးသာရှိသည်။ ကာလသုံးပါး ယန္တရားလည်သည်က သံသရာလည်ခြင်း မည်သည်။

အတိတ်မှာ ဖြစ်ခဲ့သည် မှန်သမျှက ပစ္စုပ္ပန်မှာ မရှိပြီ။ ရိုးရိုး မရှိသည် မဟုတ်။ ခယဓမ္မော၊ ကုန်ခဲ့ပြီ။ ဝယဓမ္မော၊ တစ်ဖန် ပြန်၍ မဖြစ်နိုင်သော အပျက် သဘောဖြင့် ပျက်ခဲ့ပြီ။ ဝိရာဂဓမ္မော၊ တစ်ဖန်အသစ် ပြန်၍ ဖြစ်နိုင်သော သဘောမှ ကင်းဆိတ်ပြီ။ နိရောဓဓမ္မော၊ ကုန် ပျက် ကင်း၍ ချုပ်ငြိမ်းပြီ။ ဓမ္မသဘောက သည်လို ရှိသော်လည်း ပုထုဇဉ်က မရှိတော့သော အတိတ်ကို ရှိသေးသယောင် မြဲသယောင်

သိမ်းပိုက်ထားသည်။ လှမ်းထောက်ထားသည်။ သည်သဘောကို အဝိဇ္ဇာဟု ခေါ်သည်။ သံသရာ့ရှေ့စွန်းလည်း မည်ပေ၏။

မရှိတော့သော အတိတ်ကို အရှိအဖြစ် သိမ်းပိုက်ထားမိတော့ မဖြစ် သေး။ မပေါ်သေးသော အနာဂတ်ကိုပင် အရှိတရား၊ အဟုတ်တရားအဖြစ် ကြိုတင် လှမ်းဆွဲကိုင်မိတော့သည်။ မိုးပြင်မှာ အရုပ်ရေးသလို၊ လေဖမ်း ဝါးရမ်းချည်သလို တူလှချေ၏။ သည်သဘောကတော့ တဏှာပါ။ သံသရာ့နောက်စွန်းလည်း မည် သည်။

အဝိဇ္ဇာနှင့် တဏှာက ကြိုးကိုင်ထားတော့ ပစ္စုပ္ပန်မှာ ပေါ်သမျှ ကြုံ သမျှ အာရုံတို့ကို ဟုတ်တိုင်းမှန်စွာ မဝေဖန် မဆုံးဖြတ်နိုင်။ အဝိဇ္ဇာစွဲနှင့် သိမှတ် သည်။ တဏှာစွဲနှင့် တပ်မက်သည်။ သည်တော့ ချစ်ခြင်း၊ မုန်းခြင်း၊ ပျော်ခြင်း၊ လွမ်းခြင်း။ သုခ ဒုက္ခ ဖြစ်ရလေသည်။ သည်သဘောက ကံပါ။ သံသရာ့ရှေ့ နောက်စွန်းလည်း မည်သည်။

အဝိဇ္ဇာ၊ တဏှာ၊ ကံတို့ အစွမ်းဖြင့် ကာလသုံးပါး ယန္တရားလည်ရသည် ကို သိသော ဉာဏ်အား သမ္မသနဉာဏ်ဟု ခေါ်သည်။ ဪ… ဝိပဿနာအစ သမ္မသနဉာဏ်ကဟု ဆိုရိုးရှိလေသည်။

အနုပညာအမြင်ဖြင့် ကြည့်တော့ နတ်သျှင်နောင်၏ ရတုလေးများ လှသည်။ သမ္မသနဉာဏ်နှင့် ရှုတော့ ကာလသုံးပါးယန္တရားကို တွေ့ရသည့် နတ်သျှင်နောင်ကို အပြစ်မတင်နိုင်ပါ။ ပုထုဇဉ်မှန်သမျှ သူလိုချည်းသာဖြစ်ရမည်။

သမ္မသနဉာဏ်ကို စာတွေ့ သဘောသာ ပေါက်ထားသော ကျွန်တော် ကော သူ့လို ကြုံရလျှင် ဘယ်ပုံရှိမည်နည်း။

ဥပမာ… ခုလို နွေ ဆိုပါတော့။ လွမ်းတတ်စေသော နွေမှာ ဆိုပါတော့ သည်အခါမှာ ချစ်ရသူကို သူ တွေ့ ရသလို တွေ့ ရသည် ဆိုပါတော့။

"လှဆုံးတင့်နေ၊ ထုံးသရေနှင့်၊ ထွေထွေကြည့်တိုင်း။ ပြစ်မျိုး ရှိုင်းသည့် စံခိုင်းလျော်သစ်၊ ရွှေနှယ်နှစ်မျှ။ တင်ပြစ်မစက်။ လဲ့လဲ့ညက်ကို။ ထက်နတ်ဘုံနေ။ ခုသာ ဂြွေသို့ .."

အဲသည်လိုမျိုး တွေ့ရသည် ဆိုပါတော့။

ကျွန်တော်သည် ပြုံးလိုက်မိ၏။ ရတုစာအုပ်လေးကိုလည်း ပိတ်လိုက်သည်။

ညောင်းလာသဖြင့် စားပွဲမှ ထပြီး ပြတင်းဆီ ကပ်ကာ အပြင်သို့ ငေးလိုက်မိသည်။

"ဪ…"

ကျွန်တော့်နှုတ်မှ သည်စကားလေး တစ်လုံးသာ ထွက်ပေါ်လာနိုင်သည်၊ နွေညနေ၏ အထွေထွေ ရှုခင်းမှာ မြူရိပ်နှင့် ပြာပြာရီရီ ရှိသော်လည်း အနောက်ဘက် ကောင်းကင်ရှိ တိမ်စိုင်တစ်ခုအကွယ်မှ နေရောင်ခြည်သည် ကျွန်တော်တို့ ခြံထောင့်ဆီ လဲ့လဲ့ထိုးသွယ်ကျနေ၏။

ခြံထောင့်မှာတော့ စိမ်းမြညိုမှောင်သော အရွက်တွေနှင့် ပိတောက်ပင် ကြီး ရှိပါသည်။ မလှမ်းမကမ်းမှာကတော့ လှရုံပရုံ ပါးပါးသာ ရှိသေးသော ရွက်သစ် လေးများနှင့် ရဲရဲနီသော ပတ္တမြားပွင့်များကို ဆင်ထားသည့် စိန်ပန်းပင်ကြီး ရှိသည်။ နေရောင်ခြည်လဲ့လဲ့သည် ပိတောက်ရွက်များပေါ်မှာလည်း ထိုးကျနေ သည်။ ပတ္တမြားပွင့်နှင့် မြရွက်နုနုလေးတွေပေါ်မှာလည်း ထိုးကျနေသည်။

အားလုံးပဲ လှပါသည်။ သို့ရာတွင် အလှဆုံးကတော့ ... ပတ္တမြားပွင့်ပင် ကြီးကို ဘေးတိုက်ပေးပြီး ပိတောက်ပင်ကြီးကို မော့ကြည့်နေသော သဏ္ဌာန်လေးပါ။ ထဘီလေးက ဝါဝါလေးပါ။ အင်္ကျီလေးကလည်း ဖျော့ဖျော့လေး ဝါ သည်။ အသားလေးများကလည်း ရွှေဝါရည် ပြေးနေသည်။ သည်အပေါ် နေခြည် မှ ရွှေရည်ကလည်း တစ်ထပ် ဆမ်းပေးထားလေသေးသည်။

မော့မော့လေး ရပ်နေတော့ ကိုယ်ဟန်ကလည်း ကြော့ကြော့လေးပါ။ ရှည်သွယ်သော လည်တိုင်က ငွေငန်းဖြူ လည်တိုင်မျိုးပါ။ ပခုံးမှသည် အဆစ် အမြစ် မပေါ်ဘဲ ချောချောမွတ်မွတ် ရှည်သွယ်လုံးဝန်း တက်သွားသည့် လည်တိုင် ပါး နက်မှောင်သော ဆံပင်ကိုတော့ နောက်ထုံးရှင်အဖြစ် ကျောမှာ ချထားလေ သည်။

စောစောက နတ်သျှင်နောင်၏ အဖွဲ့အနွဲ့ သည် ကျွန်တော့်ရင်မှာ ပြန် ပေါ်လာသည်။

“လှဆုံးတင့်နေ၊ ထုံးသရေနှင့်၊ ထွေထွေကြည့်တိုင်း၊ ပြစ်မျိုးရိုင်းသည်၊ စံခိုင်းလျော်သစ်၊ ရွှေနှယ်နှစ်မျှ၊ တင်ပြစ်မစက်၊ လဲ့လဲ့ညက်ကို၊ ထက်နတ်ဘုံနေ၊ ခုသာကြွေဟု...”

ဩော်... ထက်နတ်ဘုံနေ ခုသာကြွေဟု . . ခုသာကြွေဟု။ ကျွန်တော် ငေးကြည့်နေစဉ် ကျွန်တော်၏ မိုးနတ်သူဇာလေးက လှုပ်ရှား လာသည်။ ပထမတော့ တစ်စုံတစ်ရာကို ရှာဟန်ပါ။ ထို့နောက် အလွယ်တကူ တွေ့ရသော ဝါးကိုင်းတစ်ခုကို ကောက်ယူပြီး ပိတောက်ပင်ထက်ကို လှမ်းချူသည်၊ ဝါးကိုင်းက တိုသဖြင့် မမီပါ။

ကျွန်တော်က အပေါ်ထပ် စာကြည့်ခန်းမှ လှမ်းကြည့်နေခြင်း ဖြစ်လေ သည်။ အထက်နှင့် အောက် ဖြစ်နေသည်မှတစ်ပါး တစ်ဦးနှင့် တစ်ဦးက မဝေးလှပါ။ စိတ်ပျက်ဟန်ဖြင့် ဟိုဟိုသည်သည် လှည့်လည်ကြည့်သော သူ့မျက်လုံး လေးများက ကျွန်တော့်ကို တွေ့သွားသည်။

အစသော် ကျွန်တော့်ကို တွေတွေလေး စိုက်ကြည့်နေသည်။ တစ်ခဏ အကြာ၌မူ နီစွေးသော နှုတ်ခမ်းလေးများ ပွင့်လာသည်။ ညီညာဖြူစင်သော သွားလေးများက ဝင်းလက်နေ၏။

သူက သိသိမှတ်မှတ် ပြုံးနှုတ်ဆက်တော့ ကျွန်တော်ကလည်း ပြန်ပြုံး နှုတ်ဆက်ရသည်။ ထို့နောက် လက်အသာပြပြီး အိမ်အပေါ်ထပ်မှ ကျွန်တော် ပြေးဆင်းလာခဲ့သည်။

သူ့ရှေ့မှောက် ရောက်ပြန်တော့ ကျွန်တော့်လည်ချောင်းမှာ ဆို့နင့်နေ ကာ ဘာစပြောရမှန်း မသိ။

သူကသာ ပြုံးပြုံးလေးနှင့် ကျွန်တော့်မျက်နှာကို စိုက်ကြည့်ပြီး ဆိုသည်။

"မောင်လေး အဲ… ဘယ်သူ၊ ဪ… ဪ မောင်လေးလှိုင် .. ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် လေးလှိုင်ပါ"

"မောင်လေးလှိုင် ဒီဘက်အိမ်မှာ ရှိတယ်ဆိုတာ ဒေါ်ဒေါ်က မမဝေကို မှာသွားပါတယ်"

မမဝေ… သူ့ကိုယ်သူ သုံးနှုန်းလိုက်ပုံလေးက ယဉ်သည်။ မမနှင့် ဝေ တွဲလိုက်ပြန်တော့လည်း အင်း… ခေါ်ဖို့ရန် နှစ်သက်ဖွယ်ရှိသည်ဟု ကျွန်တော့်စိတ်ထဲ ထင်မိသည်။

"ကျွန်တော့်ကိုလည်း ဒေါ်ဒေါ်က မှာခဲ့ပါတယ်"

"ဟုတ်လား၊ ဘာတွေ မှာခဲ့လဲ"

"မမဝေ ခိုင်းတာကို ဆောင်ရွက်ပေးပါတဲ့၊ ရိုရိုသေသေ ကောင်းကောင်းမွန်မွန် ဆောင်ရွက်ပေးပါတဲ့"

မမဝေ၏ အပြုံးလေးမှာ ပျက်မသွားပါ။ သို့ရာတွင် အနည်းငယ် မသိမသာလေး လျော့သွားသည်ဟုမူ ကျွန်တော် ထင်သည်။ မျက်မှောင်လေး ယောင်ယောင်လေး တွန့်ပြီး ကျွန်တော့်ကို စိုက်ကြည့်ပုံမှာလည်း တစ်မျိုးရယ်ပါ။ ကျွန်တော့် မျက်လုံးများမှတစ်ဆင့် ကျွန်တော့်ရင်တွင်း ဘာရှိသည်ကို စုံစမ်းသော အကြည့် မျိုးဟု ထင်ပါသည်။

လှသော မိန်းမတစ်ဦးနှင့် အနီးကပ် ကျွန်တော် မနေဖူးပါ။ မျက်လုံးချင်း ဆိုင်ပြီး စေ့စေ့လည်း မကြည့်ဖူးပါ။ ယခုလို သူ့အကြည့်ကို စေ့စေ့ခံရတော့ ကျွန်တော် မနေတတ်ပါ။

ကျွန်တော်က မျက်နှာလွှဲလိုက်ပြီး ပိတောက်ပင်ကြီးကို မော့ကြည့်၏။

"ဪ … ပိတောက်ဦးတွေပါလား၊

မမဝေ လိုချင်လို့လား ဟင်"

"ဘယ်လို ခေါ်လိုက်တယ်"

"ခင်ဗျာ. . • • မမဝေ ဘာကို မေးတာလဲ"

"ပိတောက်တွေကို ဘယ်လို ခေါ်လိုက်တယ် "

"ဪ… ဟိုဒင်း၊ ပိတောက်ဦးလို့"

မမဝေက အသာရယ်သည်။

"ပိတောက်ဦး . . မောင်လေးလှိုင် ခေါ်လိုက်ပုံက လှတယ်၊ ဟုတ်ပါ ရဲ့ ပိတောက်ဦးရယ်နော်၊ မမဝေ လှမ်းခူးတာ မမီဘူး"

ကျွန်တော်က ပိတောက်ဦးများကို တစ်ဖန် ပြန်ကြည့်သည်။ ပိတောက်တွေက စွင့်စွင့်ငွားငွား မပွင့်သေးပါ။ အဖူးအငုံဘဝမှာပင် အများက ရှိကြသေးသည်။ တစ်ခက်စ နှစ်ခက်စမှာသာ အပွင့်တချို့ အငုံအာစ ရှိနေသည်။

ကျွန်တော်က သက်ပြင်း အသာချပြီး မေး၏။

"မမဝေက အခု လိုချင်လို့လား"

"ဘာပြောတယ်"

"မနက်အထိ စောင့်ပါလား မမဝေ၊ မနက်ဆိုရင် သူတို့ သိပ်လှမယ် ပြီးတော့ အများကြီးလည်း ရမယ်"

"အဲဒီလိုဆိုတော့ ပိတောက်ဦး ဟုတ်ပါတော့ဦးမလား"

"ဒီနေ့ ပွင့်ပွင့်၊ မနက်ဖြန်ပွင့်ပွင့် ကိုယ်က အရင်ပန်ရရင် အဲဒါဟာ ကိုယ့်ပိတောက်ဦးပေါ့"

မမဝေက ရယ်ပြန်၏။

"မမဝေ ဘာရယ်တာလဲ"

"မောင်လေးလှိုင် ပြောတာကို သဘောကျလို့ပါ။ ကိုယ်က အရင်ပန်ရရင် ကိုယ့်ပိတောက်ဦး၊ ဟဲ... ဟဲ... ဒါပေမဲ့ သူများက အရင်ပန်သွားတော့ကော"

"စိတ်ချပါ မမဝေ၊ ဒီခြံထဲကို ဘယ်သူမှ မဝင်ရဘူး၊ ဒီခြံထဲက လူတွေ လည်း ဘယ်သူမှ ကျွန်တော့်ဆီက အခွင့်မရဘဲ ပိတောက်ပန်း မခူးရဘူး။ မနက်ဖြန် ကျရင် မမဝေအတွက် ပိတောက်ဦးကို ကျွန်တော် ဆက်ဆက်ခူးပေးပါ့မယ်"

မမဝေ၏ မျက်လုံးလေးများ တစ်ချက် ဝင်းလက်သွားသည်။ ပြုံးချိုချိုဟု ခေါ်ရမည့် မျက်နှာပေးဖြင့် ကျွန်တော့်ကို စိုက်ကြည့်ပြန်သည်။

သည်တစ်ခါတော့ ကျွန်တော့်ရင်ဖိုသည်။ ဘာကြောင့် မသိဘဲ ရင်ကဖိုသည်။

မမဝေတို့ ခြံနှင့် ကျွန်တော်တို့ ခြံကြားမှာ ဝင်းခြားမထားရသေးပါ။ ဝင်းခြားပြီးလျှင် နယ်နိမိတ်မျဉ်း ဖြစ်မည့်နေရာလောက်တွင် အရွက်သေးသေး စိတ်စိတ်၊ ပင်စည်ဖြူဖြူနှင့် ပန်းချီသစ်ပင်ဆန်သော ရွှေစေ့ပင် သုံးတန်း ရှိနေ သည်။ သစ်ပင်တန်းအရိပ်တွင် ခုံတန်းရှည်လေးတစ်ခု ရှိသည်။

"လာ... မောင်လေးလှိုင်၊ စကားပြောကြရအောင်"

မမဝေက ကျွန်တော့်ကို ခေါ်ငင်ပြီး ခုံတန်းရှည်လေးဆီ ရှေ့ဆောင်သွားသည်။

မမဝေက အရင်ထိုင်သည်။ ကျွန်တော်က အနီးမှာ ရပ်နေ၏။

"ထိုင်လေ"

ခုံ၏ တစ်ဖက်စွန်းတွင် ကျွန်တော်က ယို့ယို့ဝင်ထိုင်၏။

"အရင်တုန်းက မောင်လေးလှိုင်၊ ဒီအိမ်မှာ မရှိသေးပါဘူး နော်"

"ဟုတ်ကဲ့၊ ပြီးခဲ့တဲ့ မိုးတွင်းတုန်းကမှ ကျွန်တော် ရောက်လာပါတယ်"

"မောင်လေးလှိုင် အစက ဘယ်မှာ နေလဲ"

"သံတွဲမှာပါ မမဝေ"

"ဪ .. မောင်လေးလှိုင်က သံတွဲသားကိုး"

"သံတွဲသား မဟုတ်ပါဘူး မမဝေ၊ အစက ကျွန်တော်က ချောင်းသာကပါ၊ ချောင်းသာကိုတော့ မမဝေ ကြားဖူးမှာပေါ့နော်"

"ကြားဖူးတယ်။ သိပ်လှတဲ့ ပင်လယ်ဆိပ်ကမ်း . . တဲ့၊ ဟုတ်လား"

"လှပါတယ် မမဝေ၊ သံတွဲနားက ငွေဝါချိုင်ထက် ပိုလှတယ်"

"သံတွဲမှာ မောင်လေးလှိုင်ရဲ့ မိဘတွေ ရှိတယ်ပေါ့၊ ဟုတ်လား"

"ကျွန်တော့်မှာ မိဘတွေ မရှိတော့ပါဘူး"

"အို…"

"မေမေက သံတွဲမှာ မကြာခင်က ဆုံးသွားတယ်၊ ဆုံးခါနီး ဒေါ်ဒေါ်ဆီ စာရေးခေါ်ပြီး ကျွန်တော့်ကို အပ်သွားခဲ့တာ"

"မောင်လေးလှိုင်တို့ ဖေဖေကကော"

"ကျွန်တော်တို့ အစက ချောင်းသာမှာ နေတယ်လေ၊ ချောင်းသာတစ်ဝိုက်ကနေ အခြေအနေအရပ်ရပ်ကြောင့် ကျွန်တော်တို့အားလုံး မန်ကျည်းဆိုတဲ့ ရွာမှာ သွားစုနေကြတယ်၊ မန်ကျည်းကနေ လုံခြုံရေးနဲ့ ရပ်ရွာ အေးချမ်းရေးအတွက် ကြိုးစားကြတယ်၊ အဲဒီလို ကြိုးစားရင်း ကျွန်တော့်ဖေဖေ ကျဆုံးသွားခဲ့တယ်"

မမဝေက ကျွန်တော့်ကို တွေတွေငေးငေးလေး တစ်ချက် ကြည့်၏။

"မမဝေ စပ်စုတာနဲ့ မောင်လေးလှိုင်ဟာ စိတ်မကောင်းစရာတွေ ပြန်ပြောပြရနေပြီ ထင်တယ်"

"ကိစ္စမရှိပါဘူး မမဝေ၊ ဖြစ်ပြီးခဲ့တာတွေဟာ ဖြစ်ပြီးခဲ့တာပဲပေါ့၊ ခယ ဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓ ဓမ္မာတဲ့၊ ကျွန်တော် တရားနားလည်ပါတယ်"

မမဝေက ကျွန်တော့်ကို စိုက်ကြည့်ပြန်သည်။ ပြီးမှ ပြုံးလျက် ဆိုသည်။

"မောင်လေးလှိုင် ရွတ်လိုက်တဲ့ ပါဠိက မြင့်တယ်၊ ဒါထက် မောင်လေးလှိုင်ဘယ်နှတန်း ရောက်ပြီလဲ"

“ဒီတစ်ခါ ကျောင်းပြန်ဖွင့်ရင် ကျွန်တော် မက်ထရစ်တန်း တက်ရမှာပါ”

“ဪ . . ဒါထက် ခုနင်က ပါဠိကို ဘယ်က ရလဲ”

“ဘုန်းကြီးကျောင်းကပါ”

“ဘယ်လို..”

“ချောင်းသာမှာတုန်းက ကျွန်တော် ဘုန်းကြီးကျောင်းမှာပဲ နေရတယ်၊ ဘုန်းကြီးကျောင်းဆိုတော့ ဘုန်းကြီးစာပဲ သင်ရတယ်”

“သဒ္ဒါတို့ သံဂြိုဟ်တို့ပေါ့ ဟုတ်လား”

“ဟုတ်ကဲ့၊ သံဂြိုဟ်ကို ကျွန်တော် အကုန်မပြီးပါဘူး၊ ဝီထိမုတ် အပိုင်း အထိပဲ သင်ခဲ့ရတယ်၊ ခေတ်စာကိုတော့ သံတွဲရောက်မှ ဖြတ်လမ်းက ကျွန်တော် သင်ခဲ့ရတာ

“မက်ထရစ် အောင်ရင် မောင်လေးလှိုင် တက္ကသိုလ်ကို သွားမယ်ပေါ့ ဟုတ်လား”

“ဦးလေးနဲ့ ဒေါ်ဒေါ်က ပို့ရင်တော့ ကျွန်တော် သွားပါမယ်”

“အို... ပို့ပေးကြရမှာပေါ့၊ တက္ကသိုလ်ရောက်ရင် မောင်လေးလှိုင် ဘာယူမလဲ၊ ဆရာဝန်ဘက်လား၊ အင်ဂျင်နီယာဘက်လား”

ကျွန်တော်က ခေါင်းခါပြီး ပြန်မေး၏။

“တက္ကသိုလ်မှာ ထရစ်ပယ်လ် လစ်ထရေးချား ဆိုတာ ရှိတယ်တဲ့၊ အဲဒါဘာလဲ မမဝေ”

“ဪ .. အဲဒါက ဘီအေတန်းကျမှ ယူကြရတာ၊ ပါဠိစာပေရယ်၊ မြန်မာစာပေရယ်၊ အင်္ဂလိပ်စာပေရယ်၊ ဘာလဲ မောင်လေးလှိုင်က အဲဒါ လိုချင်လို့လား”

“ဟုတ်ကဲ့ ...”

“ဘာဖြစ်လို့ အဲဒါ လိုချင်တာလဲ”

ကျွန်တော် မဖြေပါ။ ပြုံးရုံသာ ပြုံးနေ၏။

“ဖြေလေ...”

“ဟိုဒင်းပါ၊ ကျွန်တော်က ဟိုဒင်း...”

“ဘယ်လိုလဲ၊ ဘာအပြောရကျပ်နေသလဲ”

“ဟိုဒင်း... ကြီးကျယ်တယ် အပြောခံရမှာစိုးလို့”

“ဘာဖြစ်လို့”

"ကျွန်တော်က စာရေးဆရာ ဖြစ်ချင်တယ်"

"ဘုရားရေ . . စာရေးဆရာ ဖြစ်ချင်လို့၊ မင်း ထမင်းငတ်ခံနိုင်လို့လား"

"ကျွန်တော် ထမင်းငတ်ဖူးပါတယ်"

"ထမင်းငတ်ဖူးရုံနဲ့ မပြီးသေးဘူး၊ စာရေးဆရာ ဖြစ်ချင်ရင် မင်း တစ်ခုလိုသေးတယ်"

"ဘာလဲ မမဝေ"

မမဝေသည် ပြုံးချိုချိုဖြင့် ကျွန်တော့်ကို စိုက်ကြည့်ပြန်သည်။ အတန်လေးကြာမှ ရယ်ပြီး ဆို၏။

"စာရေးဆရာ ဖြစ်ချင်ရင် လွမ်းလည်း လွမ်းဖူးမှ၊ မောင်လေးလှိုင် လွမ်းဖူးပြီလား၊ ဟဲ... ဟဲ..."

"ကိုယ်ပိုင်တော့ မလွမ်းဖူးဘူး၊ အငှားတော့ လွမ်းကြည့်ဖူးတယ်"

"ဘယ်လို၊ အငှားလွမ်းဖူးတယ် ဟုတ်လား"

"နတ်သျှင်နောင်တို့၊ နဝဒေးတို့ရဲ့ ရတုတွေကို ဖတ်ရင်း ကိုယ်ဟာ နတ်သျှင်နောင်လည်း ဖြစ်နိုင်တယ်၊ နဝဒေးလည်း ဖြစ်နိုင်တယ်၊ အဲဒီတော့ ကလျာတို့ ရှင်နှောင်းတို့ဟာလည်း ကိုယ့်ဓာတုကလျာ၊ ကိုယ့်ရှင်နှောင်း ဖြစ်လာတယ်၊ ဖြစ်လာတာနဲ့ တစ်ပြိုင်နက် ကိုယ်လည်း လွမ်းမိပြီးနေတာပေါ့ မမဝေ..."

မမဝေက အသံလေးများ ထွက်အောင် ရယ်၏။

"မောင်လေးလှိုင်"

"ခင်ဗျာ..."

"မမျှော်လင့်ဘဲ မမဝေက အင်မတန် စိတ်ကူးယဉ်တတ်တဲ့ သူငယ်တစ်ယောက်နဲ့ လာတွေ့နေပေါ့လား၊ ဒါထက် မင်း ကဗျာကော စပ်တတ်ပြီလား"

"ကဗျာတော့ စပ်တတ်တယ်၊ ဒါပေမဲ့ စပ်ထိုက်တဲ့ အကြောင်းနဲ့ အခြေအနေကို ကျွန်တော် မကြုံရသေးဘူး၊ ကျွန်တော် ပြောပါရောလား၊ ကျွန်တော်... အငှားသာ လွမ်းဖူးသေးတာလို့"

မမဝေသည် ဘာမျှမပြော။ ပြုံးပြုံးလေးနှင့် မျက်နှာလွှဲသွားပြီး အဝေးသို့ ငေးကြည့်နေသည်။ ထို့နောက်မှ မျက်နှာလေး တည်တည်ဖြင့် ပြောသည်။

"အငှားလွမ်းရတဲ့ ဘဝနဲ့ပဲ ကျေနပ်တော့ ငါ့မောင်၊ အဟုတ်တကယ် လွမ်းရတယ် ဆိုတာဟာ ဘဝမှာ ဘယ်နည်းနဲ့မှ ကောင်းနိုင်မယ်လို့ မမဝေ မထင်ဘူး၊ မင်းကော ထင်သလား"

“ကျွန်တော်လည်း မထင်ပါဘူး၊ အင်းလေ… စကားရှိလို့သာ ပြောရတာ၊ ကျွန်တော် လွမ်းလည်း မလွမ်းချင်ပါဘူး၊ လွမ်းရမယ့် ဘဝမျိုးကိုလည်း ဖြစ်နိုင်ရင် ကျွန်တော် ဘယ်တော့မှ မရွေးပါဘူး”

ကျွန်တော်တို့သည် စကားဆက်မပြောကြဘဲ အတန်ကြာ ငြိမ်နေကြသည်။

မမဝေက ခုံတန်းမှ ထလိုက်၏။

“မမဝေ ရေချိုးရဦးမယ်၊ ပြန်တော့မယ်၊ ဪ… မနက်ကျရင် ကတိ မမေ့နဲ့နော်၊ ပိတောက်ဦး ဟုတ်လား”

“စိတ်ချပါ မမဝေ”

မမဝေက ပြုံးပြုံးလေး နှုတ်ဆက်ပြီး ပြန်သွား၏။

ခုံတန်းရှည်ပေါ်တွင် ကျွန်တော် ထိုင်ကျန်ရစ်သည်။ ကျွန်တော့် ခြေထောက်က သဲမြေဖြူဖြူကို အကြောင်းမရှိ ခြစ်ကုတ် ကလော်မိသည်။ သဲမြေတွင်း၌ မြုပ်နစ်နေသော ရွှေးစေ့လေးများ ပေါ်လာ၏။ ရွှေးစေ့လေးတစ်လုံးကို ကောက်ယူပြီး လက်ဝါးပေါ် တင်၍ အမှတ်မထင် ကျွန်တော် ကြည့်မိသည်။

ရွှေးစေ့လေးက ရဲရဲနီသည်။ သဏ္ဌာန်ကတော့ လှပသော နှလုံးသားသဏ္ဌာန်ပါ။

ကျွန်တော့်မျက်လုံးများက ပိတောက်ပင်ထက်ဆီ ရောက်သွား၏။

ဪ… ထိုဆီမှာလည်း ပိတောက်ဦးနှင့်။

ဖူးစ ပွင့်စ ပိတောက်ဦးနှင့်…။

*****

အခန်း [၅]

ညက မိုးတစ်ပြိုက်ရွာသံ ကြားခဲ့ရသည်။ နံနက်လင်း၍ ပြတင်းတံခါးကို ဖွင့်လိုက်သောအခါ မြေသင်းနံ့များ ကြိုင်နေသည်။ သြော်… ပိတောက်နံ့များလည်း လှိုင်နေ၏။

ကျွန်တော်က မျက်နှာကို မြန်စွာသစ်သည်။ သစ်ပင်တက်ကောင်းရန် ဘောင်းဘီရှည်တစ်ထည်ကို ဝတ်၏။ ခါးတောင်းကျိုက်ရန် လည်းကောင်း၊ ပေါင်ပေါ်သော ဘောင်းဘီတို ဝတ်ရန် လည်းကောင်း ကျွန်တော် ရှက်သည်။ ထို့ကြောင့် ဘောင်းဘီရှည်ဝတ်ခြင်း ဖြစ်၏။

ပိတောက်ပင်ကြီးအောက် ရောက်သောအခါ ကျွန်တော်သည် ခေတ္တ မော့ကြည့်မိ၏။ မြတစ်ရိုလုံးတွင် ရွှေပြောက်တွေ မှုန်းထားသကဲ့သို့ ပင်လုံးကျွတ် ဝေအောင် ပိတောက်တို့ ပွင့်နေပေပြီ။

သြော်… နှစ်သစ်နှင့် လောကကို အလှဆင်သည့် အပြစ်ကင်းလေသော ပန်းသိင်္ဂီ၊ ဟိုယခင်များကတော့ ခုန်သောရင်ဖြင့်သာ ပေးရုံ ငေးကြည့်ခဲ့သည်။ မခူးရက်။ မခူးချင်။ ခူးဆွတ်ခြွေရန် အကြောင်းလည်း မမြင်။ ယခုတော့…

ကျွန်တော်သည် ပိတောက်ပင်ကြီးကို ဖက်တက်ခဲ့သည်။ ပင်စည်က ကြီးသကဲ့သို့ အကိုင်းကြီးများက တုတ်ခိုင်သည်။ အခက်အလက်တို့ကလည်း ဝေဆာသည်။

အရပ်အမှီကောင်းသော ခွဆုံတစ်ခု၌ ရပ်ပြီး ကျွန်တော်က ပွင့်ခက်ပါသော အကိုင်းများကို ချိုးချ၏။

မလှမ်းမကမ်းမှ အသံ ပေါ်လာ၏။

"ဟိုက်… ဘယ်သူလဲကွ၊ ပိတောက်ပင် တက်ချိုးနေတာ"

ကိုဘိုကေ အသံ ဖြစ်သည်။ ကျွန်တော်က မဖြေဘဲ ချိုးမြဲ ဆက်ချိုးနေ၏။

" မေးနေတာ မကြားဘူးလား၊ ဒီခြံထဲက အပင်ဆို ဘယ်အပင်မှ အကိုင်း မချိုးရဘူး၊ ငါ အဒေါ်ကို တိုင်ပြောမယ် "

ကျွန်တော်က ငုံ့ကြည့်လိုက်သောအခါ ပြုံးဖြီးဖြီးနှင့် အောက်တွင် ရပ်နေသော ကိုဘိုကေကို တွေ့ ရ၏။

သူ့ခါးတွင်လည်း ဓားမတိုတစ်ချောင်းနှင့်

“ မောင်လေးလှိုင် ”

“ဗျား…”

“ငါပါ တက်ခဲ့မယ်နော့”

“ဘာလုပ်မလို့လဲ”

“အဟဲ… မင့် ငါ ကူမလို့”

“မလိုပါဘူးဗျာ”

“မင်း လိမ့်ကျမှာ မကြောက်ဘူးလား”

“မကြောက်ဘူး”

“မင်း ဘယ်သူ့ဖို့ ခူးနေတာလဲ”

“ဘယ်သူ့ဖို့ဖြစ်ဖြစ်”

“မင်း မပြောပေမယ့် ငါ သိပါတယ်”

“သိရင် ပြီးရော…”

“ အေး… ဘာပဲဖြစ်ဖြစ် ငါလည်း တက်ခဲ့ပြီဟေ့ ”

ပြောပြောဆိုဆိုဖြင့် မျောက်လွှဲကျော်ကြီးတစ်ကောင်ပမာ ကိုဘိုကေသည် ပိတောက်ပင်ပေါ် တက်လိုက်လာ၏။

“ဒါပဲနော် ဦးလေးကိုဘိုကေ၊ အကိုင်းတော့ မချိုင်နဲ့”

“ အေးပါကွ၊ ဒါထက် မင်း ဆင်းချင်ဆင်းတော့၊ ငါ ချိုးချပေးမယ်၊ မင်း အစာက်ကပဲ ကောက် ”

“ကိစ္စမရှိပါဘူး၊ ကျွန်တော့်ဘာသာ ကျွန်တော် ခူးမယ်”

“ အေးပေါ့လေ… ကိုယ့်ဘာသာယ် ကိုယ် ခူးချင်မှာပေါ့ ”

ကိုဘိုကေသည် ကျွန်တော့်ကို မပြောဘဲ တဟဲဟဲ ရယ်ပြီးနောက် သူလည်း ပိတောက်ပန်း ခူးသည်။ ခူးရင်းက သူ့အသံဩကြီးဖြင့် သီချင်းဆိုသည်။

“ဒုန်ယ်လတယ်… တယ်ဒီတယ့်နဲ့… ပိတောက်တွေ ရွှေရည်လူးမယ့် အနေ… ပုလဲငုံစံပယ်ဖြူ ဖူးခိုက်ဝေဝေ၊ ပန်းမျိုးစုံ ရာသီကုန် ဖူးခဲ့ပေါ့လေ… ချစ်သူကို ရည်စူး… ခူးတဲ့လို့ခြွေ၊ ကိုယ်တိုင် လှရာရာရွေးလို့…”

“ ဟေ့ လူကြီး… ခင်ဗျား ပါးစပ်ကြီး ပိတ်ထားဗျာ ”

"ဟ… ဒီသီချင်း ဒီအချိန်မဆိုလို့ ဘယ်အချိန် ဆိုရမှာလဲ"

"ခင်ဗျားအရွယ်ကြီးနဲ့ ဆိုဖို့မျှား လိုသေးလို့လား"

"မင်းတို့အရွယ် ဆိုဖို့ပေါ့ ဟုတ်လား၊ ကဲ ဒါဖြင့် မင်း ဆက်ဆိုကွာ"

" တော်စမ်းပါဗျာ၊ တောက်တီးတောက်တဲ့တွေ… "

"သီချင်းဆိုတာ တောက်တီးတောက်တဲ့လား၊ ပန်းခူးတာကကော တောက်တီးတောက်တဲ့ မဟုတ်ဘူးလား"

"ဘာဆိုင်လို့တုံး"

" နို့… မင်းပဲ ဟိုနေ့က ပြောတယ်၊ လုတာရော မလုတာရော ဘာဖြစ်တယ်ဆိုလဲ၊ မင်း ရွတ်တဲ့ ပါဠိက အရှည်ကြီးပါ "

ကျွန်တော်က ဘာမျှပြန်မပြောဘဲ ပန်းသာ ဆက်ခူးနေ၏။

ကိုဘိုကေကသာ ဆက်မေး၏။

" မောင်လေးလှိုင် နတ်သျှင်နောင်ဆိုတာ တကယ် ရှိခဲ့တာလား "

" အင်း…"

"ဒါဖြင့် ဓာတုကလျာဆိုတာလည်း တကယ် ရှိခဲ့တာပေါ့ "

"အင်း…"

"ပုံ မဟုတ်ဘူး၊ ရာဇဝင်ပေါ့ ဟုတ်လား"

" အင်း…"

"ငါ ကြားဖူးတာက ဓာတုကလျာက နတ်သျှင်နောင်ထက် ကြီးတယ်တဲ့၊ အဲဒါကော ဟုတ်လား"

"အင်း…"

"လူဆိုတာ ကိုယ့်ထက်ငယ်တဲ့ မိန်းမမှ ကြိုက်တာမျိုးကွ… နတ်သျှင်နောင်က ကိုယ့်ထက်ကြီးတာကို ကြိုက်တာ ထောက်တော့ ဓာတုကလျာဟာ အတော့်ကို ချောရမယ်"

"အင်း…"

"အနည်းဆုံး ဟိုဘက်အိမ်က ဝေဝေလောက်တော့ ချောမှာပဲနော"

" ရှေ့ပြော နောက်ကြည့်၊ သစ်ပင်ပေါ် ပြော အောက်ကြည့်၊ ဟောဟိုမှာ လာနေပြီ "

အကာယ်ပင် မမဝေ တစ်ဖက်ခြိမ့်နေ၍ ပိတောက်ပင်ကြီးဆီ လျှောက်လာနေသည်။ ကိုဘိုကေ ပါးစပ်ပိတ်သွားတော့၏။

အခက်တွင်လည်း ပိတောက်ခက်တွေ တစ်ပုံကြီး ရှိနေပြီ ဖြစ်သောကြောင့် ကျွန်တော်သည် အပင်ပေါ်မှ ဆင်းခဲ့၏။

စောစောစီးစီးမှာပင် မမဝေသည် ရေမိုးချိုးပြီးဟန် တူသည်။ မှုန်နံ့သာ ယဉ်ယဉ်လေး တို့ထားသော မျက်နှာလေးက ကြည်လင်လန်းဆန်းနေ၏။ သံကြွန်၏ နံနက်ခင်းကဲ့သို့ပင် ကြည်လင်လန်းဆန်းနေ၏။

ပန်းခက်ပုံကြီးကို ကြည့်ပြီး မမဝေက ဝမ်းသာအားရ ဆို၏။

"ဟယ်... လှလိုက်တာ၊ အို... အများလည်း အများကြီးပဲ"

"အရွက်တွေရော.... အကိုင်းတွေနဲ့မို့ပါ၊ သိပ်မများပါဘူး၊ နေဦး... ကျွန်တော် အရွက်တွေ ခြွေပေးမယ်"

"အို မမဝေပါ ကူခြွေမှာပေ့ါ၊ လာ လာ... ဟို ယူသွားကြမယ်"

ကျွန်တော်နှင့် မမဝေတို့သည် ပိတောက်ခက်များကို ပိုက်ပွေ့ယူကြပြီး မနေ့က ထိုင်ခဲ့ကြသော ခုံတန်းရှည်လေးဆီ သွားကြသည်။

ကိုဘိုကေလည်း ပိတောက်ပင်ပေါ်မှ ဆင်းလာ၏။

" မောင်လေးလှိုင်ရေ ငါရော ကူခြွေပေးရဦးမလား "

"ကိစ္စမရှိပါဘူး ဦးလေး ကိုဘိုကေ"

" အေး ဒါဖြင့် ငါလည်း ငါ့ဘာသာ ငါ သွားခြွေဦးမယ် "

" ကြွပါဗျာ... ကြွပါ "

ကိုဘိုကေသည် ပါးစပ်မှ-

"ဒူနယ်လတယ်... တယ်ဒီးကယ့်နယ်... ပိတောက်တွေ ရွှေရည်လူးမယ့်အနေ..."

ဟု သီဆိုရင်း ပိတောက်ခက်တွေကို ပိုက်ပွေ့လျက် သူ့တန်းလျားဘက် ထွက်သွား၏။

မမဝေနှင့် ကျွန်တော်တို့က ပိတောက်ရွက်များကို ခြွေကာ ပိတောက်ပွင့်ခက် လှလှများ ရအောင် မလိုသော အကိုင်းများကို ဖယ်ရှား အလုပ်များနေကြ၏။

တစ်သက်နှင့် တစ်ကိုယ် ပိတောက်ပွင့်ခက် လှလှ ရအောင် ကျွန်တော် စိတ်ရှည်လက်ရှည် မခြွေဖူးပါ။ ယခု ထိုင်ခြွေနေရစဉ်၊ ကြည်နူးသကဲ့သို့လည်း ဖြစ်မိသည်။ သာယာသကဲ့သို့လည်း ရှိသည်။

ကျွန်တော်က ခြွေရင်းတန်းလန်းမှ မမဝေကို ခိုးကြည့်သည်။ မမဝေကမူ ကျွန်တော် ခိုးကြည့်သည်ကို သိဟန်မတူ။ ပိတောက်ရွက်လေးများကိုသာ အာရုံစူးစိုက် ခြွေနေ၏။

မမဝေ၏ မျက်နှာလေးကို ဘေးတိုက် ကျွန်တော် မြင်ရသည်။ နှာတံလေးက ပေါ်ထင်ပြီး ပုံပန်းကျသည်။ မျက်ဝန်းက ပြာပြီး မျက်တောင်ရှည်များက ပုံ့အောင်ကော့နေသည်။ ညက်ညောသော အသားလေးများက ပိတောက်သွေးလိုပင် ဝင်းဝါသည်။ လက်ကလေးများကလည်း ဝင်းဝါသည်။ လည်တိုင်လေးကလည်း ဝင်းဝါသည်။ ခြေသလုံး တစ်စွန်းတစ်စနှင့် ခြေဖမိုးလေးများကလည်း ဝင်းဝါသည်။ နားသယ်၊ ပါးပြင်နှင့် လက်ခုံလေးများပေါ်မှာ မွေးညှင်းလေးများ မြမြရှိမ်းရှိမ်းလွှမ်းနေသည်။

သက်ပြင်း မသိမသာချပြီး ကျွန်တော် မျက်လုံးလွှဲရ၏။

မမဝေက ပိတောက်ခက် လှလှလေး တစ်ခက်ကို မျက်နှာရှေ့ မြှောက်ကိုင်ထားပြီး ကဗျာလေးတစ်ပိုဒ်ကို ရွတ်သည်။

"လ တန်ခူးပေမို့... အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့... ခိုင်ရွှေဝါ"

သည်ကဗျာလေးကို ကျွန်တော်လည်း ရသည်။ သဖြန် ပုလဲပေါက် ဖြစ်သဖြင့် ဆို၍လည်း ကောင်းသည်။ မမဝေက သံနေသံထားလေးဖြင့် မညည်း တညည်း ဆိုခြင်းဖြစ်ရာ မမဝေ၏ အသံသည် ကြည်လွင်သာယာကြောင်း ကျွန်တော် သတိပြုမိသည်။

"တကယ်တမ်းသာဖြင့်... ဘယ်ပန်းသော် စံမတူနှင့်၊ နန္ဒမူဖလ်ကူထိပ်မှာလ၊ ပစ္စေကာ ချွေးတော်သိပ်ရတယ်ကွယ်... အေးရိပ်ဆာယာ"

နားထောင်ကောင်းသဖြင့် ကျွန်တော်က မှိန်းနားထောင်နေသည်။ သို့ရာတွင် မမဝေက ဆက်မဆိုဘဲ ရပ်သွား၏။

"ဆက်ဆိုပါဦးလေ... မမဝေ"

မမဝေက တစ်ချက် ရယ်ပြီး ပြော၏။

"အဲဒီကဗျာလေးက ဦးကြော့ စပ်တာ၊ မမဝေတို့ ဥပစာတန်းတုန်းက ပြဋ္ဌာန်းတဲ့ ပါမောက္ခဦးအေးမောင်ရဲ့ ကဗျာ့ပန်းကုံးဆိုတဲ့ စာအုပ်မှာ ပါတယ်၊ အဲဒီတုန်းက တစ်ပိုဒ်လုံး အလွတ်ရတယ်၊ အခု အဆက် မေ့သွားလို့"

"ဟင်... မမဝေကလည်း အကောင်းဆုံး အပိုဒ်မှ မေ့ပစ်လိုက်တယ်"

" နေဦး၊ မောင်လေးလှိုင် ရသလား "

"ကဗျာ့ပန်းကုံးစာအုပ်က အခု တက္ကသိုလ်ဝင်တန်းပြဋ္ဌာန်း တော့ ကျွန်တော်တို့ အကြိုတက္ကသိုလ်ဝင်တန်းမှာလည်း သင်ရတယ်"

"ဒါဖြင့် မောင်လေးလှိုင် ရတယ်ပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော် အဆက်ကို ဖော်ပေးမယ်၊ မမဝေ ဆက်ဆိုနော်"

"မမဝေက ဘာလို့ ဆက်ဆိုရမှာလဲ"

"နားထောင်ကောင်းလို့ပေါ့"

မမဝေက မျက်လုံးလေး စွေပြီး ကျွန်တော့်ကို ခေတ္တကြည့်၏။

" မြှောက်တာတော့ မဟုတ်ပါဘူးနော် "

"ကျွန်တော် တကယ် ပြောတာပါ မမဝေ"

" ကောင်းပြီ၊ ဒါဖြင့် အဆက်ကို ထောက်လေ "

"တစ်နှစ်တွင် သည်တစ်လပေပ... တစ်လတွင်... တစ်ရက်တည်း... "

"အဲ... အဲ... ဟုတ်ပြီ၊ ကြည့်စမ်း၊ မမဝေ မေ့နေလိုက်တာ"

မမဝေသည် နှစ်ခြိုက်စွာ ရယ်မောလိုက်ပြီးနောက် ဆက်ဆိုပြ၏။

"တစ်နှစ်တွင် သည်တစ်လပေ... တစ်လတွင်.. တစ်ရက်တည်း၊ ခက်ခဲတဲ့ ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြ စုံမြိုင်တွင်း"

မမဝေ သီဆိုနေပုံကို ကျွန်တော်က အကဲခတ်သည်။ မမဝေ သီဆိုပုံက သက်သက်သာသာ ရှိသည်။ ရှက်ရွံ့တုံ့ဆိုင်းမှုလည်း မရှိ။ ပကတိ သဘာဝသဘောနှင့် လွတ်လပ်သည်။

" မြူမင်းလွှင်ထန်၊ ကြူသင်းတာချိန်ယံမတော့၊ ငွေဝတ်ဆံငုံတံ ညှောက်ကယ်နှင့်၊ ခါ်ကြန် ဂိမ္ဟာန်ရောက်ပြန်တော့၊ သိန်သရေ ထိန်ဝေလို့ တောက်တဲ့ပြင်၊ လမ်းတစ်လျှောက် သင်းတာမို့၊ ဆန်းသလောက် မလင်းနိုင်ဘု (မောင်လေးလှိုင်ရေ ...) ပန်းပိတောက်မင်း "

မမဝေက အဟုတ်လုပ်သွားသည်။ သဖြန်အချတွင် မောင်လေးလှိုင်ရေ... ဟု တရင်းတနှီး ထည့်ဆိုသွား၏။

မမဝေ၏ တစ်ဦးတည်းသော ပရိသတ် ကျွန်တော်က ကိုင်ထားသော ပိတောက်ခက်လေးများကို ချလိုက်ပြီး လက်ခုပ်တီး ဩဘာပေး၏။

မမဝေက သီဆိုရ၍ မောသဖြင့် လေရှိုက်ရှူရင်းက ရယ်၏။

" မောင်လေးလှိုင် "

"ခင်ဗျာ၊ မမဝေ"

"အစက ဒီနွေရှည်ရှည်ကြီးမှာ မမဝေ တစ်ယောက်တည်း ပျင်းရလေရော မှတ်တယ်၊ အခု မောင်လေးလှိုင်နဲ့ဆိုတော့ အဖော်ကောင်းကောင်း ရတာပဲ၊ မမဝေ မပျင်းနိုင်တော့ပါဘူး"

“အဲဒီလိုဆိုရင် ကျွန်တော်လည်း သိပ်ဝမ်းသာရမှာပဲ မမဝေ”

“ဘာပြုလို့”

“ကျွန်တော်က ဘာကောင်မှ မဟုတ်ပါဘူး၊ ဘာမဟုတ်တဲ့ ကျွန်တော်ဟာ တစ်စုံတစ်ယောက်အတွက် တစ်စုံတစ်ရာ အကျိုးပြုနိုင်တယ်ဆိုရင် အဲ့… ကျွန်တော် ပြောခဲ့သလိုပဲ၊ ကျွန်တော် ဝမ်းသာရတာပေါ့”

ပထမတော့ မမဝေက ရယ်သည်။ သို့ရာတွင် ခဏဎ္ဍ ရယ်ခြင်းကို ရပ်ပြီး ကျွန်တော့်ကို သိမ်မွေ့စွာ ကြည့်သည်။ သည်အကြည့်မှာ ကရုဏာပါသည်ဟု ကျွန်တော် ထင်၏။

“ မောင်လေးလှိုင် မမဝေ တစ်ခု မေးမယ်နော် ”

“ မေးပါ မမဝေ ”

“ မောင်လေးလှိုင်ဟာ ဘဝအားငယ်စိတ် ရှိသလား ”

“ခင်ဗျား… မမဝေ ဘာမေးတာလဲ”

“ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှ မဟုတ်ပါဘူးလို့ အစချီ ပြောလိုက်တဲ့ မောင်လေးလှိုင်ရဲ့ လေသံမှာ အားငယ်မှု ပါနေတယ်၊ ဒါမှမဟုတ် နှိမ့်ချမှု ပါနေတယ်၊ သဘောပေါက်ရဲ့လား”

ကျွန်တော် ငိုင်သွားမိ၏။ ဘာကြောင့် သည်စကားကို ကျွန်တော် ဆိုမိလိုက်ပါသနည်း။ အတန်ကြာ စဉ်းစားပြီးမှ ကျွန်တော် ဖြေ၏။

“ကိုယ့်ကိုယ်ကိုယ် မပြည့်စုံတာ အမြဲ ကျွန်တော် သိနေတယ် မမဝေ၊ ပြောချင်တာ ပြောပါလေ၊ အမှန်က ကျွန်တော်ဟာ တစ်ကောင်ကြွက်ပါ၊ ဒီတော့ အင်း… အားငယ်တယ်လို့ ဝန်ခံရမှာပဲ၊ ဒါပေမဲ့ မနဿတ္တဘာဝေါ ဒုလ္လဘော ဆိုတဲ့ စကားအဓိပ္ပာယ်ကို ကျွန်တော် နားလည်တယ်၊ ဒီတော့လည်း ဖြစ်ရာဘဝမှာ ကိုယ်နဲ့ လောကအတွက် ကိုယ်ဟာ နည်းနည်းပါးပါး ဖြစ်စေ အသုံးဝင်စေချင်တယ်၊ ကျွန်တော် ဆိုလိုတာက အဲဒါပါ”

မမဝေက ကျွန်တော့်ကို စိုက်ကြည့်မြဲ ကြည့်နေသည်။ အနေရကျပ်သော ကျွန်တော်က ပြန်မေး၏။

“မမဝေက ကျွန်တော့်ကို ဘာလို့ စိုက်ကြည့်နေတာလဲ၊ ကျွန်တော် ပြောတာကို မယုံဘူးလား”

“အို အို… မဟုတ်ပါဘူး၊ မောင်လေးလှိုင်ကို မမဝေ စိတ်ဝင်စားလို့”

“ခင်ဗျာ…”

“ မောင်လေးလှိုင်ဟာ အလွန်စိတ်ဝင်စားဖို့ကောင်းတဲ့ သူငယ်တစ်ယောက်ပဲ၊ မမဝေ တစ်ခုတော့ ယုံတယ်၊ မောင်လေးလှိုင်ဟာ ကြီးရင် စာရေးဆရာကြီးတစ်ဦး တကယ်ဖြစ်ဦးမှာပဲ ”

“တကယ်လား မမဝေ၊ ဘာပြုလို့တုံး”

“ မောင်လေးလှိုင် အသက် ဘယ်လောက်ရှိပြီလဲ ”

“၁၉ နှစ်ထဲမှာပါ မမဝေ”

“၁၉ နှစ် ဆိုတာက ရှန်နော်လက်ဂျီကယ်လ်... အိတ်ဂျ်၊ သတ္တဗေဒ အသက်။ ပညတ်အသက်၊ ဒီစကားကို ကြားဖူးရဲ့လား”

“ဟင့်အင်း”

“ပညတ်အသက်က လူတစ်ယောက်ရဲ့ အဆင့်ကို တိတိကျကျ ဘာမှ မပြောနိုင်ဘူး၊ အသက်သာ ကြီးပြီး ကလေးလို ဖြစ်နေတဲ့ လူတွေကို တွေ့ဖူးတယ် မဟုတ်လား”

“အင်း... ဟုတ်ကဲ့”

“မင်တယ်လ်အိတ်ချ် ဆိုတဲ့ ဉာဏ်သက်၊ သို့မဟုတ် ပါရမီသက် ဆိုတာက ရှိသေးတယ်၊ ပညတ်သက်မှာ ငယ်နေပေမယ့် ပါရမီသက်မှာ ကြီးနေတဲ့လူတွေ အများကြီး ရှိတယ်၊ စိတ်ပညာကတော့ ဒီလိုပဲ ခွဲခွဲခြမ်းခြမ်း ပြဆိုတယ်”

မမဝေ ပြောသော စကားများမှာ ကျွန်တော် မသိသေးသော ဗဟုသုတဖြစ်ခြင်းကြောင့် ကျွန်တော်က လေးစားစွာ နားထောင်နေသည်။

“ မောင်လေးတို့ရဲ့ ပညတ်သက်က ငယ်ပါသေးတယ်။ ဒါပေမဲ့ ပါရမီ သက်က မနုတော့ဘူး၊ မောင်လေးလှိုင် ပြောတဲ့ စကားတွေကနေ မမဝေ သိရတာ ပဲလေ။ အဲဒီတော့ ကြိုးစား ငါ့မောင်၊ စာရေးဆရာကြီး တကယ် ဖြစ်လာနိုင်တယ်၊ ဒီတော့မှ... ”

မမဝေက စကားကို မဆက်ဘဲ ရပ်ပစ်၏။

“ဒီတော့မှ ဘာဖြစ်သလဲ၊ ဆက်ဦးမှပေါ့ မမဝေရ”

ထုံးစံအတိုင်း မမဝေက ရယ်ပြန်၏။

“ဪ... အဲဒီတော့မှ မောင်လေးလှိုင်ရဲ့ ပထမဆုံး စာအုပ်ကို မမဝေကို အရင်ပေးဖတ်လို့၊ အဲ... အလွမ်းဆိုရင်တော့ မဖတ်ချင်ဘူးနော်”

“မမဝေရဲ့ အားပေးစကားတွေ ကြားရလို့ ကျွန်တော် သိပ်ဝမ်းသာမိတယ်၊ ကျွန်တော်ဟာ တကယ် စာရေးဆရာကြီး ဖြစ်လာရင် ကျွန်တော့်ပထမဆုံး စာအုပ်ကို မမဝေကို အရင်ပေးဖတ်ရုံမကဘူး၊ မမသို့... လို့ ရည်ညွှန်း ပြုလိုက်မယ်၊ အလွမ်း ဖြစ် မဖြစ်တော့ ကြိုတင်ပြီး ကျွန်တော် ဘယ်လိုလုပ်သိမလဲ၊ ဘဝမှာ ကျွန်တော်က ဘာတွေ ကြုံရဦးမှန်းမှ မသိတာ၊ စိတ်ချပါလေ အလွမ်းဆိုရင် မမဝေကိုလည်း ရည်ညွှန်းချက် မပြုဘူး၊ မမဝေဆီကိုလည်း ပို့မပေးပါဘူး”

မမဝေ ရယ်ပြန်ပါ၏။

“တကတဲ... မမဝေက ရယ်စရာပြောတာကို အတည်ကြီးမှတ်လို့၊

အလွမ်းပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ဂုဏ်မြောက်ရင် မမဝေက ဖတ်ပါတယ်၊ ကဲ... စကားတပြောပြောနဲ့ ဟောဒီမှာ ပြီးပြီ၊ အမယ်လေး... တစ်ပုံကြီးပဲ၊ ဘာလုပ်ရမလဲ မသိဘူး”

အမှန်ပင် ပိတောက်ပန်းခက်တွေက တစ်ပုံကြီး ဖြစ်နေသည်။

“ဘုရားတင်ပေါ့ မမဝေ၊ ပြီးတော့ လက်ဆောင်လည်း ပေးပေါ့ သင်္ကြန်အခါမှာ လူတွေဟာ ပိတောက်ပန်းကို မြတ်နိုးတတ်ပါတယ်”

“ မောင်လေးလှိုင်ကော တစ်ဝက် ယူထားလိုက်ပါလား ”

“တစ်ဝက်တောင်ဆို များပါတယ် မမဝေ၊ ဘုရားတင်ဖို့ နည်းနည်း ကျွန်တော် ယူထားလိုက်မယ် ”

“လက်ဆောင်လေး ဘာလေး ပေးဖို့ ယူထားလိုက်ဦးလေ”

“ကျွန်တော့်မှာ လက်ဆောင်ပေးစရာ ဘယ်သူမှ အထူးမရှိဘူး”

ပြုံးချိုချို မျက်နှာပေးဖြင့် မမဝေက ကျွန်တော့်ကို ကြည့်ပြန်သည်။ မယုံပေါင်ကွယ်... ဟု မပြောသော်လည်း ပြောသည့်ဟန်မျိုး ဖြစ်၏။

“မမဝေ...”

“အင်း... ဘာလဲ”

“အစကတော့ မမဝေက သူများထက် ဦးအောင် ပိတောက်ဦးကို ပန်ချင်တယ် ပြောတယ်”

“အင်းလေ...”

“ဒါပေမဲ့ အခု မမဝေ ပန်လည်း မပန်သေးဘူး”

“အိမ်ရောက်တော့ ဘုရားတင်ပြီးရင် ပန်မှာပေါ့”

ကျွန်တော့်လက်တွင်း၌ နောက်ဆုံးဖြစ်သော ပိတောက်တစ်ကိုင်း ရှိနေသေး၏။

“ ဟောဟို အပုံက ပန်းတွေက အထွတ်အမြတ်အဖြစ် ဘုရားတင်ဖို့ ထား၊ ရော့... ရော့... အဲဒါတော့ မမဝေ ပန် ”

ကျွန်တော်က ပိတောက်ခက်တွေကို မမဝေထံ လှမ်းပေးသည်။

“မင်း အတော်စိတ်ကူးယဉ်တဲ့ ချာတိတ်ပဲ၊ ပေး ပေး... မမ ပန်ပြပါမယ်”

မမဝေသည် ကျွန်တော် လှမ်းပေးသော ပိတောက်ခက်များကို ယူကာ ခေါင်းမှာ ပန်၏။

“ကျွန်တော်က စိတ်ကူးယဉ်တာ မဟုတ်ပါဘူး၊ မမဝေ မေ့နေသလားလို့”

“ တော်ပါ၊ ကဲ… ဒီမှာကြည့်၊ လှရဲ့လား ”

မမက လည်တိုင်လေးကို ငုံ့၊ ခေါင်းလေးကို စောင်းပြီး ပြ၏။

ပိတောက်ဟူသည် လှပြီးသားပါ။ ခွေခွေနွယ်နွယ်နှင့် အုပ်ကောင်းနက်မှောင်သော မမဝေ၏ ခေါင်းထက်မှာ ပိုလှသည်။ ပိတောက်ဝါဝါနှင့် အသားဝါဝါက ဟပ်စပ်လိုက်ဖက်တော့ အင်း… မမဝေလည်း ပိုလှပါ၏။

“လှပါတယ် မမဝေ၊ ပန်းဟာလည်း လှသွားတယ်၊ မမဝေလည်း ပိုလှသွားတယ်”

“ပြီးတော့ မင်းအပြောကလည်း နည်းနည်းလေး ပိုတယ်”

မမဝေသည် ရယ်မောလိုက်ပြီး ပိတောက်ပန်းခက်များကို ပိုက်ပွေ့ယူ လျက် တစ်ဖက်ခြံသို့ ပြန်သွား၏။

ကြည်နူးသောစိတ်၊ ခုန်သော ရင်ဖြင့် မမဝေ သွားရာကို ကျွန်တော်က မျက်စိတစ်ဆုံး ကြည့်နေမိသည်။ ပြီးတော့မှ ကျွန်တော့်အတွက် မမဝေ ခွဲချန်ထားခဲ့သော ပိတောက်ပန်းခက်များကို ပွေ့ယူသည်။

သည်ပိတောက်ပန်းခက်များကိုတော့ ကျွန်တော် ဘုရားတင်မည်။

ဘုရားတင်ပြီးလျှင်တော့ ကျွန်တော် တစ်စုံတစ်ရာ ဆုကို တောင်းရမည်။ ဘယ်ဆုကို တောင်းရပါ့မလဲ၊ မမဝေရယ်… ကျွန်တော် ဘယ်ဆုကို တောင်းရပါ့မလဲ။

✳✳✳✳✳

အခန်း [၆]

ကျွန်တော် ယခု နေရသော မြို့ က ပုသိမ်မြို့ ပါ။ ပုသိမ်မြို့ ဟူသည်က လယ်ကွက် မြေပြန့်တွေ ပတ်ပတ်လည်မှ ဝိုင်းရံနေသော မြို့ ဖြစ်ပါသည်။

ကျွန်တော်တို့ အိမ်ကြီး၏ အပေါ်ထပ်မှ မျှော်ကြည့်လျှင် တောင်ဘက် တစ်ခွင်မှာ ပြန့်ပြောသော လယ်ကွင်းတွေ ရှိသည်။ ကျွန်တော်တို့ အိမ်နှင့် မလှမ်း မကမ်းတွင်ကား ဟင်္သာတ-ပုသိမ် မီးရထားလမ်း ရှိသည်။ အိမ်၏ အနောက် ဘက် တစ်ကြောကား ညီညာကျယ်ပြန့်သော ဂေါက်ကွင်းမြေ ဖြစ်၏။

အလှဆုံး ရှုခင်းကား အိမ်၏ မျက်နှာမူရာ မြောက်ဘက်မှာ ရှိသည်။ သည်ဘက်မှာက သံဘောဆိပ်မှ သွယ်တန်းပြေးလာသော ကားလမ်းမကြီး ရှိ သည်။ လမ်းမကြီး၏ တစ်ဖက်မှ မြေသည် ညီညာရာမှ မသိမသာ လျှောဆင်း သွားပြီး စိမ်းမြသော ကန်သုံးဆင့် ရေကန်သာ၏ ကမ်းစပ် ဖြစ်သွား၏။

မြစ် မဟုတ်ဘဲ ကုန်းပေါ်၌ ရေနေသော အိုင်ကြီးမို့ ကန်ဟုသာ ခေါ်နေကြသည်။ ကန်သုံးဆင့်သည် သာမန်ရေကန်မကပါ။ ကန်တစ်ခုကဲ့သို့ စိမ်းပြာ ညင်သာသော ရေပြင်လည်း ရှိသည်။ မြစ်တစ်ခုကဲ့သို့ ကွေ့ဝိုက်ကာလည်း ရှိသည်။ သဲဖြူမြေမှာ မြရောင်မြက်ခင်းတို့ လွှမ်းသော ကမ်းကွေ့ ၊ ကျွန်းဆွယ်၊ မြေစွန်း၊ မြေငူတို့နှင့်လည်း ပြည့်စုံသည်။

သင်္ကြန်အတက်နေ့ ညနေပိုင်းတွင် အိမ်အပေါ်ထပ် ပြတင်းတစ်ခုမှနေ ၍ ကျွန်တော်သည် ကန်သုံးဆင့်၏ ရှုခင်းပန်းချီကို ငေးမောကြည့်နေမိသည်။ ကန်၏ ဟိုမှာဘက် မျက်စိတစ်ဆုံးရှိ တောတန်းတို့ရှေ့တွင် ပြာရီသော မြကမ္ဗလာ လွှမ်းကျနေသည်။ ကန်ရေပြင်တွင်ကား ယဉ်ကျေးလိမ္မာသော လှိုင်း တွန့်လေးများ မနားတမ်း ပြေးနေကြ၏။ ရေလျော့ချိန်မှာ ဖြစ်သဖြင့် ကန်လယ် တွင် ဟိုတစ်ကွက် သည်တစ်ကွက် ကျွန်းသစ်လေးများ ပေါ်နေကြ၏။ ရေဝမ်းဘဲသံတို့လည်း စီစီညံနေ၏။

နွေမှာမို့ ရေဝမ်းဘဲတို့ အုပ်လိုက်ကျသည်။ လေထဲတွင်လည်း အုပ်လိုက် ဝဲနေကြသည်။ လူသူဝေးရာဘက် ကျွန်းဆွယ်တို့ထက်လည်း အုပ်လိုက် ကျနေ သည်။ ရေလယ်မှ ထီးထီးမားမား ကျွန်းကွက်ငယ်ငယ်တို့ထက်လည်း အုပ်လိုက် ကျနေသည်။

ရေဝမ်းဘဲတို့ ဘယ်က လာကြသနည်း။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါးပေါ် မှီတွယ်ဖြစ်လေရသည့် သတ္တဝါတို့ မျိုးဗလေ့မို့ ရာသီ အလိုက် သင့်ရာလျော်ရာဆီ ခရီးနှင် လှည့်လည်ရောက်လာကြရသည် တူသည်။

ကျွန်တော့်ဘဝကလည်း ထို့အတူ မခြားပြီ။

သည့်နေရာကနေ၍ သည့်ရေကန်သာဆီ ငေးမိတိုင်း အတိတ်က နှောင်းအဖြစ်ကို ကျွန်တော် အောက်မေ့မိမြဲ ဖြစ်သည်။

ဟိုတုန်းကတော့ ကျွန်တော် ရှေးရှုငေးရာမှာက ပင်လယ်ပြင်ကြီးပါ။ ချောင်းသာကမ်းခြေက အမော်စွန်းနှစ်ခုကြားတွင် ဝိုက်ဝိုက်လေး နေ သည်။ အမော်စွန်းနှစ်ခုကြားက သည့်လို ဝိုက်ဝိုက်လေးနေသော သောင်ကမ်းခြေကို ချိုင်ဟု ကျွန်တော်တို့ဆီမှာ ခေါ်သည်။

ခုလို နွေမှာဆိုလျှင် ချိုင်က သောင်သဲတို့ ပို၍ဖြူစင်သည်။ ပင်လယ်ရေကလည်း ပိုပြီးပြာသည်။

ဒီရေ အကျတွင် သောင်ဦးမှာ ထိုင်၍ ပင်လယ်ပြင်ကို ကျွန်တော် ငေးမိမြဲ ဖြစ်သည်။

ပင်လယ်ပြင်ကြီးက ကျယ်ဝန်းသည်။ ဟိုး တစ်မိုင်ကျော် နှစ်မိုင်နီးပါး တွင် ဖွေးဖွေးလေး ပေါ်နေသော သဲဖြူကျွန်းမှတစ်ပါး ပင်လယ်ပြင်ကြီးမှာ ဘာမျှ အပိတ်အပင် အတားအဆီး မရှိ။

ပင်လယ်ပြင်ကြီး၏ ဟိုမှာဘက်မှာ ဘာရှိသနည်း။ ပင်လယ်ကြီးကို ဖြတ်ပြီး ရွက်လွှင့်သွားချင်စမ်းပါဘိတော့။ ဪ... ကမ္ဘာကုန်ကျယ်သရွေ့ လျှောက်လည်ချင်စမ်းပါဘိတော့။

ဘဝတဏှာ။ ယခုတော့ ကျွန်တော် သိပါပြီ။ ဘဝတဏှာ၊ ဪ... ကာမတဏှာ၊ သည့်အစွဲကလည်း ရှိနေသေးသည်။

မြင်ချင်သည်။ ကြားချင်သည်။ စားချင်သည်။ မွှေးချင်သည်။ ထိတွေ့ချင်သည်။ မနောတွေ့ ခံစားချင်သည်။ ခြောက်ပါးအာရုံ ကာမဂုဏ်၊ ချစ်ခြင်း မုန်းခြင်း လောကမှာ ခင်တွယ် ကပ်ငြိကြသော တရားအစုပါ။ သည့်တရားအစုနှင့် ကျင်လည်ရခြင်းဟူသော ဘဝကိုလည်း ခံမင်တသ စွဲလမ်းရသေးသည်။ ဘဝတဏှာ။

ယခု ကျွန်တော့်ရှေ့မှာ ပင်လယ်ပြင်ကြီး မရှိတော့ပါ။ သို့ရာတွင် ပင်လယ်ကူးပြီး ကမ္ဘာကုန်ကျယ်သရွေ့ လှည့်လိုစိတ်ကတော့ ကျွန်တော့်မှာ ကျန်နေသေးသည်။

ကန်သုံးဆင့်... ကျွန်းခုံသောင်နက ရေဝမ်းဘဲတွေ ဘဝနှင့် ကျွန်တော့်ဘဝက ဘာခြားနားပါသနည်း။

ဆူဆူညံညံ အသံများကြောင့် ကျွန်တော့် အတွေးမျှင် ပြတ်သွားရ၏။ အသံများ လာရာဆီကို ကျွန်တော်က လှမ်းကြည့်၏။ ထင်သည့်အတိုင်းပင် ကိုဘိုကေက ခေါင်းဆောင်သည်။

ကျွန်တော်တို့ခြံမှ အိမ်ဖော်များနှင့် တစ်ဖက်ခြံမှ အိမ်ဖော်များသည် လည်း ခင်မင်အကျွမ်းဝင်ကြသည်။ ဟိုဘက်ခြံမှာကလည်း ဒရိုင်ဘာ၊ မာလီ၊ ဒရဝမ်၊ ထမင်းချက် စသည်ဖြင့် ပရိသတ်က မနည်းလှ။ အထူးသဖြင့် ထွေးဆင့်၊ ထွေးမြင့်

ညီအစ်မနှစ်ယောက် ရှိကြသည်။ လူပျိုကြီး ကိုဘိုကေသည် ဆင့်လျှင် ဆင့်၊ မဆင့်လျှင် မြင့် ဟူသော ကြွေးကြော်သံဖြင့် နှစ်ဦးလုံးကို ချိန်ထားသည်။ ယခု သင်္ကြန် နောက်ဆုံးနေ့ ဖြစ်ရာ သူတို့တစ်သိုက် အပြန်အလှန် ရေပက်ကစားရာမှ ဆူညံသံများ ထွက်ပေါ်လာခြင်း ဖြစ်သည်။ သင်္ကြန်ရေပက်ခြင်း ဟူသည်မှာ ကူးစက်တတ်သော သဘော ရှိသည်။

သူများ ရေပက်ကစားသည်ကို မြင်လျှင် ကိုယ်တိုင် လိုက်မပါဝင်တိုင်စေ၊ ငေး လိုက် ကြည့်လိုက်ရမှ ကျေနပ်သည်။ ကျွန်တော်က အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ကိုယ့်ဆီ ကူးလာမည်စိုး၍ လူရိပ်လည်း ရရဲမပြဝံ့။

မမဝေနှင့် ကျွန်တော်တို့ ထိုင်နေကျ ရွှေးပင်များနှင့် မလှမ်းမကမ်းတွင် ဇလပ်စကြာရုံကြီး ရှိသည်။ ဇလပ်စကြာရုံကွယ်မှ နေ၍ သူတို့အသိုက်ကို ကျွန်တော် ကြည့်သည်။

ထွေးဆင့်က တရုတ်စံကားပင်ကြီးကို ပတ်ပြေးနေသည်။ ဘယ်အချိန်က ဘယ်သူ့ အလူးခံထားရသည်မှု မသိ။ မျက်နှာတွင် အိုးမည်း ပေလျက်သားနှင့် ကိုဘိုကေက ရေပုံးကြီးကို ကိုင်လျက် ထွေးဆင့်နောက် လိုက်နေ၏။ ထိုစဉ် အကြီးမ ထွေးမြင့်က ရေတစ်ပုံးနှင့် ပေါ်လာပြီး ကိုဘိုကေကို ဆီးပက်၏။ ကိုဘိုကေ က ထွေးဆင့်နောက် လိုက်သည်ကို ရပ်လိုက်ပြီး ထွေးမြင့်ကို ပြန်ပက်သည်။

ကျွန်တော်တို့ အိမ်မှ ကိုအောင်မောင်းနှင့် ဟိုဘက်အိမ်မှ ကျန်လူများ က လက်ခုပ်ဝိုင်းတီးပေးပြီး နောက်ပြောင် အော်ဟစ်နေကြ၏။

ကိုဘိုကေတို့ ဖြစ်ပျက်နေပုံမှာ ကဗျာမဆန်ပါ။ သို့ရာတွင် ကျွန်တော်က ကဗျာဆန်ဆန် တွေးမိသည်။

ဟိုတစ်နေ့က ပိတောက်ပန်းတွေကို ကိုဘိုကေသည် မည်သူ့အား ပေး ခဲ့သနည်း။ ထွေးဆင့်တို့ ထွေးမြင့်တို့ကို ပေးခဲ့သည်ပင် ဖြစ်ရမည်။ သည်လိုဆို တော့ ပန်းပိတောက် ရွှေရည်သွေးကို ကိုဘိုကေတစ်ယောက် မြိတ်လေးစုံမက်၊ ကျွန်ပ်လက်ဖြင့်၊ ရွှေးလျက်ရွှရွှ ပန်ဆင်ရန် ပေးနိုင်ခဲ့ရသည်ဟု ဆိုနိုင်ပြီ။ ယခု လည်း မျက်နှာတွင် အိုးမဲအလူးလူးဖြင့် သူနည်းသူ့ဟန်ဖြင့် “ရေဖျန်းသဘင်၊ တာ သစ်ရင်”နေလေသည်။

ကျွန်တော်က မမဝေတို့၏ တိုက်အိမ်ဆီ လှမ်းကြည့်သည်။ မမဝေ၏ အရိပ်အယောင်ကို မမြင်ရပါ။

တစ်နေ့ကနှင့် မနေ့ကတော့ ပိတောက်ဦးကို လိုချင်သဖြင့် မမဝေသည် အိမ်ပြင် ထွက်လာခဲ့သည်။ ယနေ့တော့ ပိတောက်ဦးလည်း မလိုပြီ။ ကိုဘိုကေတို့ သောင်းကျန်းသည်ကို ကြည့်ပြီး ရေပက်ခံရမည်လည်း ကြောက်ဟန်တူသည်။

မမဝေ အစိုးရိမ်လွန်သည်။ ကျွန်တော်တို့ နှစ်ခြံလုံးတွင် မမဝေကို ရေပက်ဝံ့သူ မရှိပါ။ ကျွန်တော်ပင် မပက်ရဲပါ။ မမဝေကို ကျွန်တော် ရေပက်လျှင် ကျွန်တော့်အဒေါ်က ကျွန်တော့်ကို ဘာပြောမည်နည်း။ ကျွန်တော့်တာဝန်က မမဝေ ခိုင်းလျှင် ကောင်းကောင်းမွန်မွန် ရိုရိုသေသေ လုပ်ပေးရမည်။ သည်တွင်ပါ။ သည်ထက် ပိုခွင့်မရှိ။ ဘာမျှ ပိုခွင့်မရှိ။

ကျွန်တော်က သက်ပြင်းချပြီး ပိတောက်ပင်ကြီးကို လှမ်းကြည့်သည်။ ပိတောက်ပင်ထက်မှာ ပိတောက်ပွင့်တွေ ကျန်နေသေးသည်။ ပိတောက် ပင်ကြီး၏ ထိပ်ကို လွန်လျက် မိုးကောင်းကင်ဆီ မျှော်လိုက်သောအခါ မပြော့တပြော မိုးကောင်းကင်ထက် စောစီးစွာ ထွက်ခဲ့ပြီးသော ရှစ်ရက်သားခန့် ငွေလခြမ်းကို တွေ့ရသည်။

ကျွန်တော့်ရင်ခုန်လာ၏။ ပိတောက်ပွင့်ရက်မှာ ငွေလမင်း ရှိနေသည်။ ညကျလျှင် ထိန်ထိန်ကြီး မဝင်းပစေ၊ ငွေလတော့ သာနေလိမ့်မည်။

ကျွန်တော်သည် အိမ်တွင်းသို့ ပြန်ဝင်လာခဲ့သည်။

လှုပ်ရှားနေသော ကျွန်တော့်ရင်တွင်းမှာ ကဗျာလေးတစ်ပိုဒ်၏ နာမည်သည် ပေါ်လာ၏။

“ပိတောက်ပွင့်ဆဲ လသာဆဲဝယ်.. “

ကျွန်တော်က ဖောင်တိန်ဖြုတ်ကာ စာရွက်တစ်ရွက်ပေါ်၌ ကဗျာစပ်ရန်ကြိုးစားသည်။

တကယ်တမ်း ဆိုပြန်တော့လည်း ကဗျာကို ဘယ်ကစ စပ်ရမှန်း ကျွန်တော် မသိပါ။

ည ၇ နာရီခန့်၌ ပိတောက်ပင်ကြီးအောက် ကျွန်တော် ရောက်နေသည်။

ကောင်းကင်ပြာ၏ အနောက်ဘက် ခပ်စောင်းစောင်းဆီ၌ ငွေလခြမ်းက သာနေသည်။

ရှစ်ရက်သား ငွေလက မထိန်လှပါ။ မထိန်၍ပင် ညသည် တစ်မျိုးလှပ နေသည်။ တိမ်တို့ကလည်း ခရီးသွားနေသောကြောင့် မှိန်တစ်ချီ လင်းတစ်လှည့် လည်း ရှိသည်။

ညသည် တိတ်ဆိတ်နေ၏။ တစ်ချို့ တစ်ချို့တွင်သာ ဥသြသံလေး ပေါ်လာနေသည်။ နွေညအလှတွင် ဥသြငှက်လည်း အိပ်မပျော်ဟန် ရှိစွတကား။

လရောင်ဖျော့ဖျော့မှာမို့ ပင်ယံထက်၌ ပိတောက်ပွင့်များကို ကျွန်တော် မမြင်ရပါ။ သို့ရာတွင် ရနံ့များကတော့ သင်းကြိုင်နေသည်။

ရွှေးပင်ရိပ် ခုံတန်းလေးပေါ်မှာ ကျွန်တော် ထိုင်လိုက်၏။

လရောင်မှာ ရွှေးပင်ကလည်း တစ်မျိုး လှသည်။ သူ့အရွက်လေးတွေကသေးသေးမို့ လရောင်ကို မကာဆီးနိုင်ပါ။ လရောင်ရော ပြိုးပြိုးပြက်ပြက် အရိပ် လေးများပါ ကျွန်တော့်ကိုယ်ပေါ် ကျနေ၏။

ကျွန်တော်က ငြိမ်ငြိမ်လေးပင် ထိုင်နေသည်။ ငြိမ်ငြိမ်လေး မထိုင်၍လည်း ဘာလုပ်ရမည်နည်း။

သည့်အလုပ်မျိုးက ငြိမ်ငြိမ်လေး ခံစားကြည့်ရမည့် အလုပ်မျိုး ဖြစ်သည်။ ငြိမ်ငြိမ်လေး ခံစားကြည့်သောအခါ လှပသော ကမ္ဘာလေးတစ်ခု ပေါ်လာသည်။ ပြီးတော့ အဲသည် ကမ္ဘာမှာ ကိုယ်တစ်ယောက်တည်း။

အနှောင့်အယှက်လည်း ကင်းဘိသည်။ အပြစ်လည်း ကင်းဘိသည်။ ချမ်းသာခြင်းလည်း ရှိဘိသည်။

သို့ရာတွင် အနှောင့်အယှက် ကင်းသည်မှာ တစ်ခဏပါ။ သြော်... အနှောင့်အယှက်ဟု ခေါ်ရမည်လည်း ခက်ပေသည်။

ကျွန်တော် ကြားရသည်က ပီယာနိုသံပါ။ ဖွဖွရွရွနှင့် သီဆိုကောင်းရုံကျဲကျဲလေး တီးသော ပီယာနိုသံပါ။

မတိုးလွန်း မကျယ်လွန်းသော သီဆိုသံကလည်း လွင့်ပါလာ၏။

"ဗဟိုမြွက်သံ တစ်ကိုယ်စက်ရန်၊ ညင်းလေကထန်၊ ယုန်ပျံလေ ပဝင်း၊ ရွှေလမင်း ... နဝင်းလဲ့လဲ့သာကြူ၊ တည့်မွန်းလ သီတဂူ..."

လူကို မမြင်ရသော်လည်း အသံကို ကျွန်တော် မှတ်မိသည် ထင်သည်။

မမဝေ၏ အသံပါ။ အင်းလေ . . မမဝေ၏ အသံမှတစ်ပါး မည်သူ့အသံလည်း ဖြစ်နိုင်ပါ့မည်နည်း။

"နန္ဒမူသော်ကသင်း၊ စန္ဒကူး ဇော်ကနင်း၊ ဆောင်လေသာ ပြတင်း... ယောက်ချင်းခု ထထိုင်... မြကေခိုင်မင်လုံး... ဇင်ကုံးက ထုံလို့သာကြိုင်"

အသံက ကြည်လင်သည်။ သာသာလွင်လွင်လည်း ရှိသည်။ သြော်... ခံစားမှုလည်း ပါလေသည်။

ကျွန်တော်က တေးသံမှာ မှိန်းရင်း ပိတောက်ပင်ကြီးဆီ ကြည့်သည်။ ပြီးတော့ လင်းတစ်ဖုံ မှုန်တစ်လှည့် ရှိသော ငွေလမင်းဆီ ကြည့်သည်။

ညသည် လှဆဲပါ။ တေးသံနှင့် ပီယာနိုသံကြောင့် လွမ်းဖွယ်လည်း ရှိလာသည်။

"သူဇာပိုင် ဒေဝရာဇ်မှာမှ . . ပူဇျာလှိုင် ပွေအဖြစ်ကိုဖြင့်၊ ဆေးမင်နှင့် ရေးတင်သင့်... လေးခင်ခင့်တွက်သာဆိုင်"

ကျွန်တော်က အံ့သြမိသည်။ ဟိုတစ်နေ့ကတော့ အလွမ်းဆိုလျှင် မဖတ်ချင်ဟု မမဝေ ပြောခဲ့သည်။ ယခုတော့ အလွမ်းတေးကို မမဝေက ညည်းနေသည်။

"မပိုင်သေး မှိုင်ငေးလေ ခက်လှ... ခက်လှ၊ လိပ်ပြာတွင်တဲ့မှ ရိပ်ကြာ ဝင်၊ တစ်သန်းမှူး ဆန်းထူးတော်ဝင်၊ တစ်နန်းမှူး ပန်းဦးဂေါ်ဇင်၊ မှန်ရဝေမှာလှုထုံခြွေမဲ့ လှုကေရှင်"

ပတ်ပျိုးက ဆုံးသွားသည်။ ကျွန်တော်လည်း သည်ပတ်ပျိုးကို ရပါသည်။ သည်ပတ်ပျိုး၏ အဆုံးမှာက သီးသန့် သဖြန် မရှိ။ ကိုယ် ကြိုက်ရာ သဖြန်ကို ကိုယ်

ဆိုလေ့ ရှိကြသည်။ မမဝေ ဘယ်သဖြန်ကို ရွေးလေမည်နည်း။

ကျွန်တော် ကြာရှည် မစောင့်ရပါ။ မမဝေက သဖြန်တစ်ပိုဒ်ကို ဆိုသည်။

“ရှေးဝဋ်ကြွကယ်ဆင်၊ သခင်ကို ဘယ်နေ့မှ မမေ့ပါဘူး… မလွမ်းတန်၊ လွမ်းပြန်လျှင် ငိုရက်နှင့်၊ ရွှေမျက်ရည် နှစ်သွယ် ပြိုင်လို့ သည်းစိုင်က နူး…”

ကျွန်တော် ငိုင်ကျသွားသည်။ အကြာကြီး ငိုင်ကျသွားသည်။

ငိုင်ရာမှ ကျွန်တော် သတိရ နိုးလာသောအခါ၌ တေးသံရော ပီယာနိုသံပါ မရှိတော့ပါ။

ကျွန်တော့်ရင်တွင်းမှာ ဝမ်းနည်းစိတ် လွှမ်းနေသည်။ ဘဝကို စိတ်နာသကဲ့သို့လည်း ဖြစ်မိသည်။ တစ်စုံတစ်ရာကို ဆုံးရှုံးရသကဲ့သို့လည်း ခံစားရသည်။

နေရာမှ ဖြည်းညင်းစွာ ကျွန်တော် ထလိုက်သည်။

ကျွန်တော့်ကိုယ်က မမဝေတို့ တိုက်ဘက်ဆီ လှည့်လျက်သား ဖြစ်သည်။

တိုက်ရိပ်ကွယ်မှ ဖြူဖြူသဏ္ဍာန်လေးတစ်ခု ပေါ်ထွက်လာသည်။ လရောင်မှာ ဖြစ်သဖြင့် ဘာအရောင်ကို ဝတ်ဆင်ထားသည်ဟု ကျွန်တော် မသိနိုင်ပါ။ ကျွန်တော် တွေ့ရသည်ကတော့ ဖွေးဖွေးဖြူ၍ ကြော့ကြော့ရှင်းသော သဏ္ဍာန်ပါ။ မမဝေ၏ လရောင်၌ လှပသော သဏ္ဍာန်ပါ။

တကယ်တော့ မမဝေဆီကို ကျွန်တော် လျှောက်သွားချင်သည်။ သို့ရာ တွင် ကျွန်တော် မသွားပါ။

မမဝေနှင့် ကျွန်တော်က ဘာဆိုင်သနည်း။ မမဝေမှာက ဆိုင်သူ ရှိ ပြီ။ အဲသည် ဆိုင်သူကို ရည်စူးပြီး ‘ရှေးဝဋ်ကြွကယ်ဆင်၊ သခင်ကို ဘယ်နေ့မှ မမေ့ ပါဘူး” ဟု စောစောက မမဝေ ဆိုသွားလေသည် မဟုတ်ပါလော။

တစ်နေ့မှ မမေ့သော သူ့ကိုသာ မမဝေသည် ယခုလို အချိန်မျိုးမှာမျှော်လင့်ရှာမည်။

ကျွန်တော်နှင့် မဆိုင်ပါ။

တစ်ဖက် ခြံတွင်း လရောင်မှာ လမ်းလျှောက်နေသော မမဝေကို တစ်ချက် ငေးကြည့်ပြီး ကျွန်တော်သည် မှောင်ရိပ်ကွယ်ကာ ခြေဖော့နင်းလျက် အိမ်တွင်းသို့ ပြန်ဝင်ခဲ့သည်။

အပေါ်ထပ် စာကြည့်ခန်း စားပွဲပေါ်တွင် စာရွက်လေးတစ်ရွက် ရှိနေ သည်။ စာရွက်ဘေးမှာက ကျွန်တော့် ဖောင်တိန်ပါ။

စာရွက်ပေါ်မှာက ပိတောက်ပွင့်ဆဲ လသာဆဲဝယ် . . ဟု ကဗျာအမည်ခေါင်းစဉ်ကို ကျွန်တော် လှပစွာ ရေးထားသည်။

ဟုတ်ကဲ့ . . ပိတောက်တွေ ပွင့်ဆဲပါ၊ လကလည်း သာဆဲပါ၊ သို့ရာတွင် သည်ညအတွက် စပ်ဖွယ်ရာ လှပသော ကာရန်များကို ကျွန်တော် မရနိုင်ပါ။

ကျွန်တော်သည် ဘုရားခန်းဆီသို့ လာခဲ့ပြီး ဘုရားစင်ရှေ့မှာ ထိုင်သည်။

မီးရောင်၌ တင့်တယ်သော ရုပ်ပွားတော်မြတ်ကို ကျွန်တော် ရိုသေစွာရှိခိုးသည်။

မြတ်စွာဘုရားသခင်သည် ချစ်ခြင်း၊ မုန်းခြင်း လောက၏ အပြစ်ကို ဖွင့်ဆိုပြသတော်မူခဲ့သည်။ ချစ်ခြင်း မုန်းခြင်း လောက၏ ဒုက္ခမှ လွတ်မြောက်ရာ ကို ညွှန်ပြတော်မူခဲ့သည်။

တရားကို ကျွန်တော် သိပါသည်။ သို့ရာတွင် ကျွန်တော့်ရင်မှာက ချစ်ခြင်း မုန်းခြင်းနှင့်။ သည်တော့ ဒုက္ခသဘော ဖြစ်သော သောကလေးက မဝေ့ တဝေ့နှင့်။

သြော် .. တဒင်္ဂပဟာန်သဘော လွတ်မြောက်ခြင်းကိုတော့ ကျွန်တော်ရှာရမည်။

မရှာနိုင်သော် ရွှေမျက်ရည် နှစ်သွယ် ပြိုင်ရမှာက မမဝေ တစ်ယောက်တည်း မဟုတ်ပါ။

ကျွန်တော်လည်း မျက်ရည် ကျတတ်ပါ၏။

❊❊❊❊❊

အခန်း [၇]

နှစ်ဆန်း ၂ ရက်နေ့တွင် ဦးလေးတို့အသိုက် ကမ္ဘာ့ဗ္ဗာန်းကျောင်းမှ ပြန်လာကြသည်။

ရောက်မဆိုက်မီ အဒေါ်က အမောတကောနှင့် ကျွန်တော့်ကို ပြော၏။

"ဟဲ့... လေးလှိုင် မရှိတော့ဘူး၊ မင့်ဦးပဉ္ဇင်း မရှိတော့ဘူး"

"ခင်ဗျာ. .."

"ဦးပဉ္ဇင်း ဦးဝိမလ မရှိတော့ဘူး"

"ခင်ဗျာ... ဦးပဉ္ဇင်းဦးဝိမလ မရှိတော့ဘူး၊ ဒေါ်ဒေါ် ဘာပြောတာလဲ"

ဦးလေးက လှမ်းမာန်၏။

"တကတဲ .. မမြမေ၊ မင်းစကားက ဘာလိုလို ညာလိုလိုနဲ့ ဖြည်းဖြည်းမှ ရေရေလည်လည် ပြောစမ်းပါ"

အဒေါ်က အိမ်အစောက်ထပ် ဧည့်ခန်း နောက်မှီ ကုလားထိုင်ထက် ခြေပစ် လက်ပစ် ဝင်ထိုင်လိုက်ပြီး

"မောလိုက်တာ၊ လေးလှိုင် . . ငါ့ ရေအေးအေးတစ်ခွက် ပေးစမ်း"

ဟု ခိုင်းသည်။ ကျွန်တော်က ရေခဲသေတ္တာတွင်းရှိ ရေပုလင်း တွင်းမှရေတစ်ခွက် ငှဲ့ယူခဲ့ပြီး အမြန် ပြန်လာသည်။ ကျွန်တော့်ရင်တွင်းမှာ လှုပ်ရှားနေခဲ့ ကာ ဦးပဉ္ဇင်း၏ သတင်းကို အတိအကျ ကြားချင်နေ၏။

ဦးလေးကလည်း တစ်စုံတစ်ရာကို စဉ်းစားနေဟန် မျက်မှောင်ကြုတ်ပြီး ကုလားထိုင်တစ်လုံးပေါ်တွင် ငြိမ်လျက် ထိုင်နေ၏။

အဒေါ်က ရေတစ်ခွက်ကို ကုန်အောင် သောက်လိုက်ပြီး ခွက်ကို ကျွန်တော့်ထံ လှမ်းပေးလျက်

"မင့်ဦးလေးလည်း တစ်ခွက် ပေးလိုက်ဦး"

ဟု ဆိုသည်။ ဦးလေးက လှမ်းအော်သည်။

"ဟော့... ဘာလုပ်ဖို့လဲ၊ ငါမှ မသောက်ချင်ဘဲ"

"သိဘူးလေ၊ သောက်ချင်သလားလို့"

"ဟာ... သောက်ချင်ရင် ပြောမှာပေ့ါ နေပေစေဟော့ .. မောင်လေးလှိုင်"

ကျွန်တော်သည် ရေခွက်ကို ပြန်ထားခဲ့ပြီး ဧည့်ခန်းဆီ ပြန်လာကာ ဦးလေး၊ အဒေါ်တို့နှင့် ခပ်ကွာကွာရှိ ကုလားထိုင်တစ်လုံးတွင် ယို့ယို့ ဝင်ထိုင်၏။

ဦးလေးက ရှင်းပြ၏။

"ဒီလိုကွယ့် မောင်လေးလှိုင်၊ သင်္ကြန်အတက်နေ့ညအထိ ဦးပဥ္ဇင်းက တရားဟောနေသေးတယ်၊ ဪ . . မင်းကိုတောင် မေးသေးတယ်"

ဤသည်ကို ကျွန်တော် ယုံပါ၏။ ဦးပဥ္ဇင်းသည် ကျွန်တော့်ပေါ် မေတ္တာကြီးတော်မူသည်။

"တိုတို ပြောရရင်ကွယ်... နောက်တစ်နေ့ မနက်ကစပြီး ဦးပဥ္ဇင်းကို မတွေ့တော့ဘူး၊ ဘယ်မှလည်း ရှာမရတော့ဘူး၊ နောက်မှ ဆရာတော်ကြီးကို တက်လျှောက်တော့မှ သိကြရတယ်"

ဦးလေးက ခေတ္တစကားရပ်သွား၏။ ကျွန်တော်က စိတ်ဝင်စားမှုအပြည့် ဖြင့် ဦးလေးကို ကြည့်နေရင်း နားထောင်သည်။

"ဆရာတော်ကြီး မိန့်မှ ရှင်းတော့တယ်၊ ဦးပဥ္ဇင်းက အဓိဋ္ဌာန်ထားတယ် တဲ့၊ အသက် ၅၀ မပြည့်ခင် တောထွက်မယ်တဲ့၊ အခုက ရဟန်းကိစ္စ ဆက်လုပ်ရ အခေါင် သူ့အဓိဋ္ဌာန်အတိုင်း တောထွက်သွားတာပဲ"

ကျွန်တော့်ရင်တွင်းမှာ ဝမ်းသာဝမ်းနည်း ဖြစ်သွားသည်။

မူလ အဒေါ်စကားက ဘာလိုလိုကြီး ဖြစ်သည်။ ယခု... ရဟန်းကိစ္စ ဆက်လုပ်ရအခေါင် တောထွက်သည်ဟု သိရသောကြောင့် ဝမ်းသာရသည်။ တစ်ဖန် ချစ်ခင်ရာ အားကိုးရာ ဆရာတစ်ဆူနှင့် ဝေးရပြီဟု သိသဖြင့် ဝမ်းနည်းမိသည်။

ဦးလေးက တောက်ခေါက်သည်။

"နာတာပဲကွာ .. ဦးပဥ္ဇင်းက သရုပ်ခွဲပြတာ သိပ်တော်တယ်၊ အဝိဇ္ဇာ ရိပ်ကနေ ခန္ဓာငါးပါးပေါ်ပုံ သူပြမှ ငါ ရှင်းတော့တယ်၊ ပဋိစ္စသမုပ္ပါဒ် ယန္တရားကို ငါမရှင်းသေးဘူး၊ ဝိညာဏပစ္စယာ နာမ ရူပံ၊ အဲဒါလေးမှာ ငါတစ်ခံနေတာ အဲဒါလေးသာပေါ်၊ ငါလည်း အရိယာ ဖြစ်ပြီ"

အဒေါ်က ဝင်စွက်၏။

"ရှင်က အရိယာ ဖြစ်တော့ ဦးပဥ္ဇင်းလိုပဲ တောထွက်ဦးမှာလား"

"ဟ... အရိယာတိုင်း တောထွက်တာမှ မဟုတ်ဘဲ၊ စိတ်ချ မင်းပါ တရားမရမချင်း ငါ တောမထွက်သေးဘူး"

"ရှင်က ကျွန်မကို တရားမရသေးဘူးလို့ ဆိုချင်တာပေါ့ ဟုတ်လား"

"ကွာ .. မင်းက လင်မယားချင်း အငြင်းမပွားချင်ပါနဲ့၊ တရားမရဘူး ရတယ်တယ်ဆိုတာ ဘယ်သူကမှ ပြောဖို့ မလိုဘူး၊ ကိုယ့်ဘာသာကိုယ်သိရသကွ ကဲ . . ငါ သွားနားဦးမယ်"

အဒေါ်နှင့် ကျွန်တော် နှစ်ဦးတည်း ကျန်သောအခါ အဒေါ်က စစ်မေး၏။

"အိမ် ဘယ်သူ လာသေးလဲ"

"ဘယ်သူမှ မလာပါဘူး ဒေါ်ဒေါ်"

"တယ်လီဖုန်းတွေ ဘာတွေ လာသေးလား"

"ဦးလေး ဦးဘကြူးနဲ့ ဦးလေး ဦးလှရွှေဆီကတော့ လာပါတယ်"

"ဦးလှရွှေဆိုတာ ဂျော်ဂျီကို ပြောတာလား"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"ဘာတဲ့လဲ"

"ဩော် . . ဦးလေးကို ဂေါက်ရိုက်ဖို့ချိန်းတာပါ "

"သူတို့မှာ ဒါပဲ၊ တခြား ဘယ်သူ့ဆီက လာသေးလဲ"

"မလာပါဘူး ဒေါ်ဒေါ်"

"ကိုဘိုကေတို့ကော သ်ကြန်တွင်းက သောင်းကျန်းသေးလား "

"မသောင်းကျန်းပါဘူး ဒေါ်ဒေါ်"

"ပိတောက်တွေ ဘာတွေ တက်မချိုင်ဘူးလား"

"ကိုဘိုကေတော့ မချိုင်ပါဘူး၊ ကျွန်တော်တော့ နည်းနည်းတက်ခူးတယ်"

"ဘာ . . မင်းက တက်ခူးတယ်၊ မခူးရဘူးလို့ ငါ မှာမထားဘူလား"

"မှာထားပါတယ်၊ ဒါပေမဲ့ မမဝေက ခူးခိုင်းလို့ပါ"

"ဩော် ... ဝေဝေက ခူးခိုင်းလို့လား၊ မင်း နည်းနည်းပဲ ခူးပေးလိုက်သလား"

"တော်တော်တော့ များပါတယ်"

"အေး ... ... အေး . . မင်း ဝေဝေ့ကို ကောင်းကောင်းမွန်မွန် ရိုရိုသေသေ ဆက်ဆံရဲ့လား"

"ဆက်ဆံပါတယ် ဒေါ်ဒေါ်၊ ပြီးတော့ မမဝေကလည်း

သဘောကောင်းပါတယ်"

"ဝေဝေလား ... သိပ်သဘောကောင်းတာပေါ့၊ သဘောကောင်းတယ် ဆို မင်းက ခွေးလေး အရောဝင် ပါးလျက် နားလျက် မလုပ်ရဘူး၊ နားလည်လား"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"မင်း သံ့ကြေနံတွင်းမှာ ဝေဝေ့ကို ရေတွေ ဘာတွေ သွားပက်သေးလား"

"ကျွန်တော် မလုပ်ဝံ့ပါဘူး ဒေါ်ဒေါ်"

"အေး... ဟိုတစ်နေ့က ငါ စကားကုန် ပြောပြီးပြီ၊ ဝေဝေ ငြိုငြင်မယ့် အလုပ် မင်း တစ်ခုမှ မလုပ်မိစေနဲ့ ကြားလား၊ ဝေဝေ ချစ်ခင်အောင် ဝေဝေ ကြည်ဖြူအောင် ပြောဆိုနေထိုင်၊ မင်းအတွက်လည်း ကောင်းမယ်၊ တို့အားလုံး အတွက်လည်း ကောင်းမယ်၊ နားလည်ရဲ့လား"

အမှန်မှာ အဒေါ်၏ စကားရပ်အားလုံးကို ကျွန်တော် နားမလည်ပါ။ အထူးသဖြင့် မင်းအတွက်လည်း ကောင်းမယ်၊ တို့အားလုံးအတွက်လည်း ကောင်းမယ် ဟူသော စကားများကို ကျွန်တော် နားမလည်ပါ။ သို့ရာတွင် ကျွန်တော့်မှာ မေးခွင့်မြန်းခွင့် အတွန့်တက်ခွင့် မရှိပါ။

"နားလည်ပါတယ် ဒေါ်ဒေါ်"

"ကောင်းပြီ သွားတော့"

အဒေါ့်ရှေ့မှောက်မှ ကျွန်တော် ထွက်လာခဲ့သည်။

ထိုနေ့က တစ်နေ့လုံး ကျွန်တော် စိတ်မကောင်း။ ကျွန်တော့်ဆရာ ဦးပဥ္စင်းကား တောထွက်သွားခဲ့ပြီ၊ ဦးပဥ္စင်းကို ဘယ်အချိန်ဘယ်အခါ ဘယ်နေရာမှာ ကျွန်တော် ပြန်တွေ့ နိုင်ပါတော့မည်နည်း။ သည့်တစ်သက် ပြန်ကောတွေ့ပါဦးတော့မည်လော။

ကျွန်တော့်ကို အာနာပါန ကမ္မဋ္ဌာန်း သင်ကြားစဉ်က ဦးပဥ္စင်း မိန့်ကြား ရှင်းလင်းချက်များကို ကျွန်တော် ပြန်သတိရလာသည်။

ထွက်လေ ဝင်လေ ဟူသည်မှာ ရုပ်သဘော ဖြစ်သည်။ ရုပ်မှန်လျှင် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဓာတ်လေးပါး အစုအဝေးဟု အများသိကြ သည်။ ဦးပဥ္စင်း၏ ရှင်းပြချက်အရ သညာ ဝိညာဉ်နှယ်အတွက် ဒေသနာအားဖြင့် (ဝါ) လက္ခဏာသဘောအားဖြင့်သာ မြတ်စွာဘုရားသည် ဓာတ်တို့ကို လေးပါး ပြား၍ ဟောတော်မူသည်။ ဧကောဓမ္မောအဖြစ် ချုံးသော် တေဇော ၁ တစ်ပါးသာ ရ၏။ တစ်နည်းဆိုရလျှင် ရုပ်ဓာတ်ကြီးတို့၏ ရောတည်ဓာတ်သည် တေဇောဓာတ် သာလျှင် ဖြစ်သည်။

နှာသီးဖျား၌ တွေ့သိရသော ဝင်လေ ထွက်လေ ရုပ်သည် ဥတု ပြဓာန်းသော ရုပ်ဖြစ်ပြီး မီးသဘောအားဖြင့် ဒဟမီး ဖြစ်သည်။ ငယ်ထိပ်ဦးနှောက်ကို တွေ့ သိရသော ဝင်လေ ထွက်လေ ရုပ်မှာ အာဟာရ ပြဓာန်းသော ရုပ်ဖြစ်ပြီး

မီးသဘောအားဖြင့် သန္တပ္ပုနမီး ဖြစ်သည်။ နလုံးရင်ချိုင့်၌ တွေ့သိရသော ဝင်လေ ထွက်လေ ရုပ်မှာ စိတ်ပြဋ္ဌာန်းသော ရုပ်ဖြစ်ပြီး မီးသဘောဖြင့် ဥသမမီး ဖြစ်သည်။ ချက်တိုင်၌ တွေ့သိရသော ဝင်လေ ထွက်လေ ရုပ်ကား ကံ ပြဋ္ဌာန်းသော ရုပ် ဖြစ်ပြီး မီးသဘောအားဖြင့် ပရိပါစကမီး ဖြစ်လေသည်။

မဟာသတိပဋ္ဌာန်နည်းဖြင့် အာနာပါန ကမ္မဋ္ဌာန်း အားထုတ်ရာတွင် အာနာပါန တံခါး လေးပေါက်၌ မြင်သိရသော နိမိတ်တို့မှာ ယင်းမီးဓာတ်ကြီး အသီးသီး ဖြစ်လေသည်။ ဒဟ၊ သန္တပ္ပန၊ ဥသမ၊ ပရိပါစကတည်းဟူသော ယင်း မီးဓာတ်တို့ကို ကျောက်နဂါးမီးဓာတ် ဟူ၍ ပေါက်ရောက်တော်မူကြသော ရှေး ပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တို့က သမုတ်တော်မူကြသည်။ ကျောက်နဂါး မီးဓာတ် ပေါက်ရောက်လျှင် လောကုတ္တရာအတွက် အကျိုးကြီးလှသကဲ့သို့ လောကီ အတွက် လည်းကောင်း၊ သာသနာပြုရေးအတွက် လည်းကောင်း အကျိုးကြီးလှ သည်ဟု ဦးပဥ္စင်း မိန့်တော်မူခဲ့သည်။

ကျွန်တော့်ဆရာ ဦးပဥ္စင်းသည် ယင်းသို့ ပေါက်ရောက်ပြီးသူဟု ကျွန်တော် ယုံကြည်သည်။

ယင်းသို့ဆိုလျှင် ကျွန်တော့်ကို ခွဲခွာခါနီး ဦးပဥ္စင်း နောက်ဆုံးအဖြစ် သတိပေး မြွက်ကြားခဲ့သော စကားများသည် အဓိပ္ပာယ် ကြီးမားလှပါ၏။ အဓိပ္ပာယ် ကြီးမားလှပါပေ၏။

ဩော် . . ယခု ဆရာဦးပဥ္စင်း မရှိပြီ။ ကျွန်တော့်မှာ အားကိုးရာ မရှိပြီ

ညနေစောင်းတွင် ဝမ်းနည်းစိတ်၊ အားငယ်စိတ်၊ နောင်တစိတ်တို့ဖြင့် ရွှေးပင်ရိပ် ခုံတန်းတွင် ထိုင်လျက် ပိတောက်ပင်ကြီးကို ကျွန်တော် ငိုင်ကြည့်နေ သည်။

ဩော်... ထိုတစ်ညနေတုန်းကလည်း ပိတောက်ပင်ကြီး တစ်ပင် အောက်မှာပါ။

“မောင်လေးလှိုင်တို့က လောကမှာ ဘာနဲ့ နေကြသလဲ”

“ချစ်ခြင်း မုန်းခြင်း နှစ်ပါးနဲ့ပါ ဘုရား”

ဦးပဥ္စင်းနှင့် ကျွန်တော် အပြန်အလှန် ပြောခဲ့ကြသော စကားများကိုပြန်လည်ကြားယောင်လာသည်။

“တခြား ချစ်စရာ ရှိသေးလား”

“ဘာ .. ဘာပြောတာလဲ ဘုရား”

“ဦးပဥ္စင်း မေးတာကို ဖြေပါ”

“ရှိတော့ ရှိတာပေါ့ ဘုရား၊ ဟို... တောက်တီးတောက်တဲ့တော့ မရှိသေးပါဘူး”

“မရှိသေးဘူး၊ နောင်တော့ ရှိဦးမယ်”

ဦးပဥ္စင်း၏ သည်စကားကြောင့် ဟိုတုန်းက ကျွန်တော် ထိတ်လန့်တုန်လှုပ်ခဲ့သည်။ ယခုလည်း ထိတ်လန့်တုန်လှုပ်မိသည်။

ချစ်ခြင်း မုန်းခြင်းလောကမှ ဘဝနှင့် ပတ်သက်၍လည်း ဦးပဥ္စင်း မေးတော်မူခဲ့သည်။

"ဦးပဥ္စင်းက ပြန်မေးမယ်၊ အဲဒီဘဝမျိုးကို ဒုက္ခလို့ မောင်လေးလှိုင်က အခုသိမ်းပိုက်မျိုချနိုင်ပြီလား"

ဦးပဥ္စင်း၏ အမေးကို ကျွန်တော် မဖြေခဲ့ပါ။ မဖြေပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် သိပါသည်။

ဟိုတုန်းကလည်း သိပါသည်၊ ယခုလည်း သိပါသည်။

ဟိုတစ်ညကပင် ပိတောက်ပွင့်ဆဲ လသာဆဲမှာ သည်ပိတောက်ပင်အောက်ကျွန်တော် ရှိနေခဲ့ရသည်။ ပိတောက်ကိုလည်း ချစ်မိသည်၊ ငွေလကိုလည်း ချစ်မိသည်။ ညတိုင်းပင် ပိတောက်ပွင့်၍ လသာနေပါစေဟု မျှော်လင့်မိရသေးသည်။

ဘယ်မှာနည်း... အကြောက်တရား၊ ချစ်ခြင်း၊ မုန်းခြင်း လောကအတွက်၊ ဘယ်မှာနည်း... ကျွန်တော့် အကြောက်တရား။

ကျွန်တော် ငိုင်နေခိုက် သင်းပျံ့သော ရနံ့တစ်ခုက ကျွန်တော့်နှာခေါင်းတွင် ယဉ်ယဉ်လေး ကြိုင်လာသည်။

လှည့်ကြည့်လိုက်သော ကျွန်တော်က မြေပြင်မှာ ငွေလမင်းကို တွေ့လိုက်ရသည်။

မမဝေ... ငွေလမင်း... မြေပြင်မှ ကျွန်တော့် ငွေလမင်း...။

ငွေလမင်းက ကျွန်တော့်အနီး ချဉ်းကပ်လာသည်။ ကျွန်တော့် ငွေလမင်း ထံမှ ပိတောက်ရနံ့ပမာ ယဉ်ယဉ်လေး သင်းပျံ့သော ရနံ့မွှေးသည် ကျွန်တော့်ထံ ကြိုင်လှိုင်လွင့်လာနေ၏။

"အငှားအလွမ်းသမားကြီး . . ဘာတွေ လာငိုင်နေတာလဲ"

ကျွန်တော်က မဖြေဘဲ နေရာမှသာ ထပေး၏။

"လာ ထိုင် မမဝေ"

"မထိုင်ချင်ပါဘူး၊ မေးနေတာ ဖြေလေ"

ညနေ ရေချိုးပြီး ဖီးလိမ်း ပြင်ဆင်ထားစမို့ မမဝေ၏ တစ်ကိုယ်လုံးသည် ရွှန်းမြကြည်လင်နေသည်။ ပြုံးချိုချိုဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေသော မျက်တောင်ကော့တို့ ဝန်းရံအပ်သည့် မျက်လုံးပြာများကလည်း ရွှန်းမြကြည်လင်နေသည်ပင်။

"ကျွန်တော် ဘာဖြေရမှာလဲ"

"ဘာတွေ ငိုင်နေသလဲလို့"

"ငိုင်နေတာ မဟုတ်ပါဘူး၊ တွေးနေတာပါ"

"ကဲ... ဒါဖြင့် ဘာတွေ တွေးနေသလဲ"

"ဒုက္ခပါပဲ မမဝေရယ်၊ တွေးနေတာဟာ တွေးနေတာပဲပေါ့၊ ဘယ်ပြောတတ်မလဲ"

"အဲဒီလို တွေးနေတာကိုပဲ ပြောပေါ့၊ ဘာလဲ ဖွင့်မပြောနိုင်တဲ့ .. အတွေးလား၊ အဲဒီလိုဆိုရင်တော့လည်း မပြောနဲ့"

"ဖွင့်မပြောနိုင်တဲ့ အတွေးမျိုးဟာ ကျွန်တော့်ရင်ထဲမှာ မရှိသေးပါဘူး မမဝေ၊ မမဝေ သိချင်ရင် ကျွန်တော် ပြောပြပါ့မယ်၊ ပြီးတော့မှသာ စိတ်ကူးယဉ်တယ်လို့ မဆိုနဲ့"

"အင်း... ကောင်းပြီ"

"တစ်နေ့ညက လသာတုန်း ပိတောက်ပင်အောက် ကျွန်တော် ရောက်ခဲ့ တယ်၊ ပိတောက်ပွင့်ဆဲ လသာဆဲဆိုတဲ့ အချိန်မျိုးဟာ ကြုံရခဲပါတယ်။ တစ်နည်း အားဖြင့်တော့ အိပ်မက်ကမ္ဘာလေးတစ်ခုပေါ့ မမဝေရယ်၊ ကျွန်တော်က အဲဒီ အိပ်မက်ကမ္ဘာလေးကို ထာဝရကမ္ဘာလေးပဲ ဖြစ်လိုက်ပါတော့လို့ ဆုတောင်းမိ တယ်၊ ညတိုင်းဟာ ပိတောက်ပွင့်ပြီး ငွေလသာနေပါစေလို့ မျှော်လင့်မိတယ်၊ ကျွန်တော် တွေးနေတယ် ဆိုတာက အဲဒါပါ မမဝေ"

မမဝေက မျက်လုံးလေးများ ပြူးပြသည်။ ပြီးတော့မှ ရယ်၏။

"စိတ်ကူးယဉ်တယ်လို့ပဲ မမဝေ မှတ်ချက်ပေးချင်တယ် မဟုတ်လား"

"စိတ်ကူးယဉ်တယ်လို့ မမဝေ မှတ်ချက်မပေးချင်ပါဘူး၊ မျှော်လင့်မှု ကြီးလွန်းလှတယ်လို့သာ ဆိုချင်တယ်"

"မျှော်လင့်မှုဆိုတာဟာ ကြီးရိုး မရှိပါဘူး မမဝေ၊ စီကာပတ်ကုံး ပြောတတ်သူနဲ့ မပြောတတ်သူပဲ ကွာမယ်၊ ဒါပေမဲ့ ပုထုဇဉ်မှန်သမျှဟာ မျှော်လင့်မှု ကြီးကြပါတယ်၊ မျှော်လင့်မှုကြီးခြင်းဟာပဲ သံသရာ ကျင်လည်ရခြင်း မဟုတ်လား မမဝေ..."

"ဘယ်လို... ဘယ်လို... ဒီတစ်ခါတော့ မောင်လေးလှိုင့် စကားကသိပ်လေးနက်သွားပြီ"

"သံသရာ သို့မဟုတ် သစ်တလောကမှာ မြဲတာ အစိုးရတာ ကိုယ့်အလို လိုက်တာ တစ်ခုမှ မရှိဘူး၊ ကွဲကွာရတာဟာ သံသရာက ဥပဒေပါ၊ အို နာ သေ ခြင်းဟာ သံသရာက ဓမ္မတာတွေပါ၊ ဒါပေမဲ့ ပုထုဇဉ်မှန်သမျှဟာ မနက်ဖြန်ဟာ ဒီနေ့ထက် ကောင်းလာလိမ့်မယ် ထင်ကြတယ်၊ သံသရာရဲ့ ဥပဒေနဲ့ ဓမ္မတာတွေကို မေ့ထားပြီး တစ်နေ့၊ တစ်ချိန်၊ တစ်နေရာရာမှာ ပိတောက်တွေ ပွင့်ပြီး လက သာနေလိမ့်မယ်လို့ မျှော်လင့်နေကြတာချည်းပဲ၊ ဒီတော့ ကျွန်တော် လွန်ပါသလား မမဝေ.."

မမဝေက ရုတ်တရက် မဖြေပါ။ ရယ်လည်း မရယ်ပါ။ လှပသော

မျက်လုံးများကသာ ကျွန်တော့်မျက်နှာကို တစ်စုံတစ်ရာ ရှာဖွေဟန်ဖြင့် စိုက်ကြည့်နေသည်။

ခဏကြာမှ သက်ပြင်းရှိုက်ပြီး အနည်းငယ် ပြုံး၍ ဆို၏။

“မောင်လေးလှိုင်ကို မမဝေ ဘွဲ့တစ်ခုခု ထပ်ပေးချင်တယ်”

“ဘယ်လိုတဲ့လဲ မမဝေ”

“အဘိဓမ္မာဆရာကြီးလို့”

မမဝေသည် သဘောကျဟန် ရယ်မောလိုက်ပြီးနောက် သူ့လက်လေးတစ်ဖက်ကို ကျွန်တော့် ပခုံးထက် အသာတင်လိုက်ပြီး ဆို၏။

“မောင်လေးလှိုင့် တရားအနာကောင်းနေလို့ မမဝေ လာရင်း ကိစ္စ တောင်မေ့နေတယ်”

“ပြောပါ မမဝေ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ”

“တကတဲ . . လူကို အမြဲတမ်းခိုင်းမလို့လို့ ထင်နေသလား”

“မထင်ပါဘူး မမဝေ၊ တကယ်လို့ အမြဲတမ်း ခိုင်းနေတောင်မှ မမဝေ ခိုင်းသမျှကို ကျွန်တော်က...”

ကျွန်တော်က စကားကို ရုတ်တရက် ရပ်လိုက်သည်။ မမဝေက ခေါင်း လေး ငဲ့ပြီး မျက်လုံးလေး စွေလျက် ငံ့လင့်သကဲ့သို့ အမူအရာဖြင့် ကျွန်တော့်ကို ကြည့်နေ၏။

ကျွန်တော်က စကားကို မဆက်ပါ။ မမဝေ၏ တိုက်တွန်းချက် ပေါ်လာသည်။

“ဆက်လေ... ကျွန်တော်က ဘာဖြစ်သလဲ”

“ကျွန်တော် ပြောရင် မမဝေ ယုံပါ့မလား”

“ယုံမယ်..”

“ဒါဖြင့်ရင် ပြောမယ်၊ မမဝေ ခိုင်းချင်တာ ခိုင်းပါ၊ မမဝေ ခိုင်းသမျှကို ပိတောက်ဦး တက်ခူးပေးရသလိုပဲ ကျွန်တော် ဝမ်းသာစွာနဲ့ လုပ်ပေးပါ့မယ်”

မမဝေက ခေါင်းလေးကို နောက်လှန်ပြီး အားရပါးရ ရယ်၏။ ရယ်တာ အားရမှ လက်သီးဆုပ်လေးတစ်ဖက်ဖြင့် ကျွန်တော့်ကျောကို အသာထုပြီး ဆိုသည်

“ပိုလိုက် .. ဝိလိုက် . . သည်းလိုက်တဲ့ ချာတိတ်မောင်၊ တကတဲ မမဝေက အခု ခိုင်းမလို့ မဟုတ်ပါဘူး၊ အဖော် ခေါ်မလို့”

“ခင်ဗျာ ..”

“ဟိုး… ကန်စောင်းဆီ လမ်းလျှောက်ချင်လို့ မမဝေနဲ့ မောင်လေးလှိုင် လိုက်မလား

“လိုက်မှာပေါ့ မမဝေ”

“ကဲ… ဒါဖြင့် သွားကြစို့၊ လမ်းကျမှ မောင်လေးလှိုင်ရဲ့ အဘိဓမ္မာ တရား ဆက်ဟော၊ မမဝေ ကောင်းကောင်း နားထောင်မယ်”

ဟိုးအဝေး တောတန်းတို့ ရှေ့မှာ သတိထားကြည့်က မြူပြာပြာသည် ပါးပါးလွှာလွှာ ဆီးကာကျနေသည်။ မြေပြင်မှသည် တောတန်းထိပ်၊ တောတန်း ထိပ်မှသည် လဟာပြင်၊ အဲသည်မှသည် ကောင်းကင်ဆီအထိ မြူကမ္ဗလာ မှုန် ပြာပြာက လွှမ်းကာ ရှိနေသည်။

မြူပြာကြောင့် နွေ၏ညနေသည်လည်း လုပစွာ ပြာရသည်။ အပြုံးပွင့် နယ် လှိုင်းယဉ်ယဉ်တို့ကို ဆင်ထားသော ကန်သုံးဆင့်၏ ရေမျက်နှာပြင်သည်လည်း ပြာရသည်။

စောင်းစောင်းပြေပြေလေး ရှိသော သဲဖြူ ကမ်းခြေမြေ၏ မြက်ခင်းများ ထက် မှန်မှန် လျှောက်လာကြရင်းက မမဝေသည် အရှေ့ဘက် ကောင်းကင်ဆီ ညွှန်ပြ၏။

“မောင်လေးလှိုင်၊ ဟောဟိုမှာ ဖိုးလမင်းကြီး”

ကျွန်တော်က ပြုံးပြီး ခေါင်းညိတ်ပြ၏။ ၁၀ ရက်သား ဖိုးလမင်းကြီး စောစောထွက်လာသည်ကို ကျွန်တော်ကလည်း သတိပြုမိပြီး ဖြစ်၏။

မမဝေနှင့် ကျွန်တော်က ကမ်းခြေ မြေလေးတစ်ခုမှာ အတူတွဲထိုင်ကြသည်။

လှိုင်းနုကလေးတွေ ရှိသော်လည်း ရေပြင်က ကြည်လင်နေသည်။ ရေပြင် မှာ မမဝေ၏ အရိပ်က ထင်နေသည်။ လေတိုးသဖြင့် လွင့်ပါးနေသော ဆံယဉ်လေးများကို မြင်ရသည်အထိ ထင်နေ၏။

မမဝေ၏ အသံက ပေါ်လာသည်။

“ငြိမ်လှချည်လား ဆရာကြီး၊ တွေးနေပြန်ပြီလား”

“တွေးနေတာ မဟုတ်ပါဘူး မမဝေ၊ ကြည့်နေတာ…”

“ဘာကြည့်နေတာလဲ”

“လမင်းကြီးကို ကြည့်နေတာပေါ့”

“ရေထဲ ငုံ့ကြည့်လို့ လမင်းကြီးကို တွေ့ ရသလား”

“လမင်းကြီးအရိပ်က ရေထဲမှာ ပေါ်ပါတယ် မမဝေ”

“ဘယ်မှာလဲ ရေထဲက လမင်းကြီး”

မမဝေက ရေပြင်ဆီ လှမ်းမျှော်၍ ဟိုကြည့် သည်ကြည့် ရှာသည်။

"ဟွန်း... မင်း ညာတယ်၊ တွေ့လည်း မတွေ့ရဘူး"

ကျွန်တော် ဘာမျှ ဆက်မပြောတော့ပါ။ ဆက်ပြော၍လည်း မသင့်တော့ဟု ထင်သည်။

ကျွန်တော်က ရေပြင်တွင် ထင်နေသော မမဝေ၏ အရိပ်ကိုသာ စိုက်ကြည့်နေ၏။

မမဝေက ကျွန်တော် စိုက်ကြည့်နေရာဆီသို့ လိုက်ကြည့်မိသည်နှင့်တူသည်။ ခဏတွင် ရယ်သံ ပေါ်လာ၏။

"မမဝေဘာရယ်တာလဲ"

"မင်း ပိုတာကို ရယ်တာပေ့ါ"

"ကျွန်တော်က ဘာပိုလို့တုံး"

"တော်ပါ၊ ဝိနေပြန်ပြီ၊ ကဲ လာ သွားကြစို့၊ ဟိုးဘက်က ပတ်ပြီး ပြန်လှည့်ကြရအောင်၊ တော်တော်ကြာ နေဝင်သွားမယ်"

လေချိုတသွေးသွေးဝယ် မမဝေနှင့် ကျွန်တော်တို့ ကန်စောင်းတွင် လျှောက်လာကြခိုက် ရေဝမ်းဘဲတို့ အိပ်တန်းတက်ရန် ပျံတက်ကြပြီ။

ကြင်ဖော်တွဲနိုင်သူတို့ ပျော်ကြမည်။

မမဝေက ကျွန်တော့်ကြင်ဖော် မဟုတ်ပါ။ ကျွန်တော့် ငွေလမင်းသာ ဖြစ်ပါသည်။

ငွေလမင်းဟူသည်ကို လူက မပိုင်နိုင်ပါ။ မပိုင်နိုင်ပေမင့် ချစ်ရသည်။

ဩော်... ချစ်လေရသည်။ ငွေလမင်းကို ကျွန်တော် ချစ်လေရသည်။

ချစ်ခြင်းဟူသည့် ပျော်ရွှင်ခြင်းပေလော။ အဲသည် ညနေတုန်းကတော့ အဖြေကို ကျွန်တော် မသိပါ။

ကျွန်တော် သိသည်က ချစ်ရခြင်း။

ငွေလမင်းကိုမှ ချစ်ရခြင်း။

*****

အခန်း [၈]

ကျွန်တော့်ကိုယ် ကျွန်တော် သိသည်။ သို့မဟုတ် ကျွန်တော့်ကိုယ် ကျွန်တော် မသိကြောင်း ကျွန်တော် သိသည်။

ဦးပုည ညည်းခဲ့သည့်စာကို ကျွန်တော် အမှတ်ရမိ၏။

"… သိရက်နဲ့လေ . . ဝိပါက်ကြမ္မာ ထင်ရဲ့…"

သိသည်က တခြား။ မှားသည်က တစ်ကဏ္ဍ။ ဪ… သည့်လို ဆိုပြန်တော့ သိသည် ထင်သည်မှာ အသိစစ် မဟုတ်ဟန်တကား။ အသိစစ်မှန်လျှင် 'သိ' 'ပယ်' 'ဆိုက်' 'ပွား' လေးပါးဂုဏ်လျှင် စုံရမည်။ ပွားရန်ဝေး။ ဆိုက်ရန် မနီး။ ပယ်ခြင်းငှာပင် မစွမ်းသော အသိဟူသည် အသိစစ် မဟုတ်နိုင်ပါတကား။

အပြင်ဘက်တွင် မိုးက တိတ်စပြုနေ၏။

မိုးတိတ်မည်ကို စောင့်ရင်းက ကျွန်တော်သည် ဇိနတ္ထပကာသနီကျမ်းကို ဖတ်နေခြင်း ဖြစ်၏။

အသိတရားနှင့် ပတ်သက်၍ တွေးနေမိသည်ကို ရပ်လိုက်ပြီး ကျမ်းကို ကျွန်တော် ပြန်ဖတ်သည်။ အဇပါလညောင်ပင်ရင်း၌ နှစ်ရက် သုံးရက် စံတော်မူပြီးလျှင်

'… အဇပါလညောင်ပင်ရင်း၌ နှစ်ရက်သုံးရက် စံတော်မူပြီးလျှင် အစဉ်အတိုင်း ဗာရာဏသီပြည်သို့ ဈေးရှုကြွတော်မူလတ်သော် မဟာဗောဓိနှင့် ဂယာသီသ၏ အကြား၌ ဥပက အမည်ရှိသော တက္ကတွန်းကို တွေ့၍ ထိုတက္ကတွန်းက "ငါ့ရှင်… သင်၏ ဣန္ဒြေတို့သည် နှစ်လိုကြည်ညိုဖွယ် ရှိပေ၏။ သန့်ရှင်း စင်ကြယ် သပ္ပာယ် ပြည့်ဖြိုးလျက် ပြိုးပြိုးပြက်မှ ထွက်ထွန်းသော အရောင်လည်း ရှိပေ၏။ အဘယ်သူကို ရည်မှန်းလျက် ရဟန်းပြုဘိသနည်း။ သင့်ဆရာကား အဘယ်နည်း။ သင်ကား အဘယ် အမည်ရှိသနည်း… ဟု မေး၏။ မြတ်စွာဘုရားလည်း- "ချစ်သား ဥပက၊ ငါကား ကိလေသာ ရန်သင်းကို နှိမ်နင်း ဖျက်ဆီး၍ တည်သဖြင့် အလုံးစုံ ဘုံသုံးပါး၌ ဖြစ်သော တရားအပေါင်းကို သိတော်မူ၍ တေဘူမက ဓမ္မခပ်သိမ်းတို့၌ လိမ်းကျံကပ်ငြိခြင်းမှ ကင်းတော်မူ၏။ အလုံးစုံသော အကုသိုလ်တရားကို ပယ်ရှားစွန့်ခွာ၍ တဏှာ၏ ကုန်ရာ နိဗ္ဗူတာ အခေါင်ဘုံကို အာရုံပြုဘိသဖြင့် ကိလေသာအပေါင်းတို့မှ လွတ်၏။ ချစ်သား ဥပက… စတုဘူမက ဓမ္မအလုံးစုံကို အလိုလိုသာ ငါ သိတော်မူရကား လောကသုံးပါး၌ ထင်ရှားပြစရာ ငါ့ဆရာသည် အဘယ်မှာ ရှိတော့အံ့နည်း။ ငါ့အမည်ကား… ငါးပါးသော မာရ်ကို

ပယ်လှန်အစောင်ဘိ၍ အနန္တဇိန မည်သတည်း” ဟု ပြတော်မူခြင်းငှာ...

သဗ္ဗမြာဘိဘူ သဝိဒူဟ မသမြိ၊

သဗ္ဗေသု အနုပလိတ္တော၊

သဗ္ဗံ ဇဟော တဏှာက္ခယေ ဝိမုတ္တော၊

သယံ အဘိညာယကံ မုဒ္ဒိ သေယျံ။

အစရှိသော ဂါထာကို မိန့်တော်မူလျှင်- “အရှင်ဂေါတမ ဟုတ်ရာပေ၏။ သို့ရာတွင် သင်ကား ယခု အဘယ်သို့ ကြွအံ့နည်း” ဟု မေးပြန်၏။ “ချစ်သား ဥပက... သမုဒြာ ဂင်္ဂါသဲလုံးမျှ ပွင့်ကုန်ကြသော ဗုဒ္ဓတို့ဓမ္မတာ ဓမ္မစကြာဟူသော တရားစည်ကြီးကို တီးတော်မူခြင်းငှာ ဗာရာဏသီပြည်၏အနီး မိဂဒါဝုန် တောကြီးသို့ ငါကြွတော်မူအံ့ဟု မိန့်တော်မူလေသော်- ‘ဟုပေယျ အာဝုသော’ ဟူသော စကားကို ဆိုလျက် ခေါင်းညိတ်ပြီးလျှင် ခရီးလွှဲ၍ ဝင်္ဂမည်သော ဇနပုဒ်သို့ သွားလေ၏။

ကျွန်တော်သည် သက်ပြင်းရှိုက်ပြီး ကျမ်းစာအုပ်ကို စားပွဲပေါ် ချလိုက်၏။

သိရန် အရေးသည် ခက်စွတကား။ မျက်ဝါးထင်ထင် မြင်လျက်ပင် သိချင်မှ သိပေမည်။ အတုမရှိသော အဆင်းအသွင်နှင့် ဘုရားရှင်ကို ဥပက မြင်တွေ့ခဲ့ရသည် ဘုရားရှင်ကိုယ်၌က ဘုရားဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့ရုံမက မဟာကရုဏာ ရှေ့ထားလျက် ဓမ္မစကြာ တရားစည်ကြီး တီးတော်မူတော့မည့် အကြောင်းကိုလည်း သိစေတော်မူသည်။ သည်ကြားထဲက ဥပက မသိ။ ဟုပေယျ အာဝုသော ဟုသာ ဆိုလေသည်။ ဟုတ်ပေရာ၏၊ ဖြစ်ပေရာ၏ ငါ့ရှင် ဟု အဓိပ္ပာယ်ရသည်။

ဟုတ်ပေရာ၏၊ ဖြစ်ပေရာ၏နှင့်ပင် ‘စာပါ’ နှင့် တွေ့ရတော့သည်။ အရပ်ပြောတော့ ဆာဝါ။ ပါဠိမှာတော့ ‘စာပါ’ ဟု လာသည်။ ‘စာပါ’ ဟူသော အမည်သည် ‘စပ်’ ဟူသော စကားမှ ဆင်းသက်လေသလော။ စပ်ဟူသော ပါဠိ စကားက ချစ်ခင်နှစ်သက်ခြင်းဟု အဓိပ္ပာယ်ရသည်။ သည်လိုဆိုရင်တော့ ဥပက၏ သက်ထား မစာပါကို ခင်ခင်ချစ်ဟု ဆီလျော်အောင် ဘာသာပြန်ရမည် ထင်သည်။ တစ်နည်း စဉ်းစားပြန်တော့ ‘စာပ’ဟူသော ပါဠိစကားက ‘ လေး ’ဟူ၍ အဓိပ္ပာယ် ရပြန်သည်။ ဪ... သူ့အဖေကလည်း မုဆိုးကြီး။ မုဆိုးကြီးသမီးမို့ နီးရာစပ်ရာ ‘ လေး ’ ကို အစွဲပြု၍ ခင်ခင်လေးဟု မှည့်ထားလေသလော။

ခင်ခင်ချစ် ဖြစ်စေ၊ ခင်ခင်လေး ဖြစ်စေ၊ ဥပက၏ ဘဝတစ်ကွေ့အတွက်တော့ အနက်အဓိပ္ပာယ်က အတူတူပင် ထွက်ခဲ့သည်။ ခင်ခင်ချစ်မို့ ချစ်လိုက်ရသည်။ ခင်ခင်လေး ပစ်လွှတ်လိုက်သည့် သမုဒယမြားက ဥပက အသည်းမှာ နင့်အောင် စိုက်လာဘိတော့သည်။

ဥပကအကြောင်း ကြံကြံဖန်ဖန် တွေးနေမိရာမှ ကြံကြံဖန်ဖန်ပင် သီချင်းစာသားတစ်ခုကို ကျွန်တော် သွားသတိရမိသည်။

“မှိုင်းမှိုင်းမြ... ဝေဝေတဲ့ ညိုညို၊ ပျော်ပဲပျော်လည်း ပျော်လို... သက်ကယ်ဖိုဖို

ငိုခင်းပြောင်း”

ဘုံပျံနေနန်းပတ်ပို့ုးကြီးမှ စာတစ်ပိုဒ်ပါ။

ဝေဝေ... ဩော်... ဝေဝေတဲ့ ညိုညို၊ ဝေရာမှ ညိုရသည်။ အဆုံးသတ်ကျတော့ သက်ကယ်ဖိုဖို၊ ငိုခင်း ပြောင်းရသည်။ ပျော်ခန်းတွေ ရပ်တော့ ငိုခင်းဆီ ပြောင်းရသည်။

မြတ်စွာဘုရား... လွဲပါစေ ဖယ်ပါစေ။ သက်ကယ်ဖိုဖို...

ငိုခင်းဆီတော့ မပြောင်းပါရစေနှင့်၊ မပြောင်းပါရစေနှင့်။

အောက်ထပ်မှ စကားပြောသံများကို ကြားရသည်။ တစ်သံက အဒေါ်၏ အသံ ဖြစ်သည်။ တစ်သံက မမဝေ၏ အသံ။

ကျွန်တော်က အပြင်ဘက်ကို လှမ်းကြည့်သည်။

မိုးကောင်းစွာ တိတ်သွားပြီ။ သစ်လွင်သော နေရောင်ဝါဝါကိုပင် တွေ့နေရ၏။

နေရာမှ ကျွန်တော် အထတွင် အဒေါ်၏ ခေါ်သံ ပေါ်လာ၏။

“ မောင်လေးလှိုင်၊ ဟေး... မောင်လေးလှိုင် ”

“ဟုတ်ကဲ့ ဒေါ်ဒေါ် ကျွန်တော် လာပါပြီ”

အိမ်ရှေ့ခြံတွင်း၌ အဒေါ်နှင့် မမဝေတို့ ရပ်နေကြသည်။

ညနေမှာ ထုံးစံအတိုင်း မမဝေက ဖြီးလိမ်းပြင်ဆင် ကြော့ကြော့လှလှ ပြီးနေပြီ။ ထုံးစံအတိုင်း ပြုံးချိုချိုဖြင့် ကျွန်တော့်ကို လှမ်းကြည့်၏။

အဒေါ်ကသာ ဆို၏။

“ ဟောဒီမှာ မင်းအစ်မက လမ်းလျှောက်မလို့တဲ့၊ မင်းကို အစထဲက ပြောထားတယ်ဆို ”

“ဟုတ်ကဲ့ ဒေါ်ဒေါ်”

“အဲဒါများ အေးအေးဆေးဆေး ဘာလုပ်နေရသလဲ”

“မိုးရွာနေလို့ ကျွန်တော် စောင့်ရင်း စာဖတ်နေတာပါ ဒေါ်ဒေါ်”

“မိုးတိတ်တာ ကြာပြီပဲဥစ္စာ”

အဒေါ်က အပြစ်တင်သံ မကင်းသော လေနှင့်ဆိုရာ မမဝေက ဝင်ပြော၏။

“ကိစ္စမရှိပါဘူး ဒေါ်ဒေါ်မေ၊ ဝေဝေတောင်မှ မိုးတိတ်ပါ့မလားလို့ စောင့်ကြည့်နေသေးတာ၊ အချိန်စောပါသေးတယ်၊ ကဲ... မောင်လေးလှိုင် သွားကြရအောင်၊ သွားမယ်နော် ဒေါ်ဒေါ်မေ”

“ အေ အေး… မောင်လေးလှိုင် မင်းအစ်မနဲ့ ကောင်းကောင်းလိုက်သွားနော် ”

ကတ္တရာလမ်းမကြီးမှနေ၍ ဒီပိုးကျောက်ခင်း မြေနီလမ်းလေးသည် ကျွန်တော်တို့ ခြံဆီ သွယ်ပြေးလာနေသည်။

မမဝေနှင့် ကျွန်တော်တို့က မြေနီလမ်းလေးအတိုင်း လျှောက်လာပြီး ကတ္တရာလမ်းမကြီးကို ကူးလိုက်ကြသည်။ ပြီးတော့မှ လမ်းမကြီး ဘေးတစ်လျှောက်မှ နေ၍ အနောက်ဘက်ဆီ ဆက်လျှောက်ကြသည်။

တန်ခူးပင် မကုန်သေးသောကြောင့် မိုးမဝင်သေးပါ။ စောစောက မိုးမှာ ညှော်သည့်မိုးသာ ဖြစ်သည်။

ညှော်သည့်မိုးကြောင့် မျက်နှာသစ်လိုက်ရသော ကောင်းကင်ကြီးသည် သန့်စင်ပြာလွင်နေ၏။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း စိုလန်းသစ်လွင်နေသည်၊ မှည့်ဝင်းဝါရွှေသော နေရောင်လည်း လှဲ့လှဲ့ကျလာနေ၏။

မမဝေက ဖက်ဖူးရောင် အင်္ကျီလက်ပြတ်လေးကို ဝတ်ထားသည်။ ထဘီကလည်း အင်္ကျီရောင်ထက် အနည်းငယ်သာ ရင့်သည့် ဖက်ဖူးရောင်ပင် ဖြစ်သည်။ ပြောင်တော့ မဟုတ်။ ပွင့်ဖတ်ဖြူဝယ် အဝါဝတ်ဆံလေးများ ပါသည့် ပန်းခက်လေးများ ရိုက် နှိပ်ထားသည်။

သွယ်ရှင်းသော လည်တိုင်မှာ သွယ်ပျောင်းသော ဆွဲကြိုးလေးတစ်ကုံးကို ဆွဲထားသည်။ ဆွဲကြိုးအဆုံးမှ အကွက်ဖော်ထားသော မြကျောက်ကမူ လှဲ့လှဲ့ မှောင်နေ၏။

တက္ကသိုလ်ကျောင်းတော်သူကြီးမို့ လှအခေါင် ယဉ်အခေါင် ဆင်တတ်လေသလော။ လှပြီးသူမို့ ဆင်သမျှ ယဉ်လေသလော။ ကျွန်တော် မပြောတတ်ပါ။ လမ်းတစ်လျှောက် စက်ဘီးစီးလာကြသော လူငယ်လူရွယ်တို့က လွန်သွားသည့်တိုင်အောင် သမင်လည်ပြန်နှင့် ကျွန်တော်တို့ကို လှည့်ကြည့်ကြသည်။ ကျွန်တော်တို့ ဆိုသည်မှာ မမှန်နိုင်ပါ။ မမဝေကို ကြည့်ကြခြင်းသာ ဖြစ်ပါလိမ့်မည်။ မြေသင်းနံ့တို့ကလည်း ပြန့်ပြူးနေသည်။ မြေသင်းနံ့နှင့် ရောလျက် ပိတောက်ပန်းနံ့တို့လည်း ကြိုင်နေ၏။

“ မောင်လေးလှိုင်ရေ… ပိတောက်နံ့တွေ ရသလား ”

“ဟုတ်ကဲ့၊ ဩော်… ဟိုမှာလေ”

ဂေါက်ကလပ်တစ်ဝိုက် လမ်းဘေးတွင် ပိတောက်ပင်များ ရှိသည်။ မီးကြိုးနှင့် ကားမြင့်မြင့်တို့ လွတ်ရန် အကိုင်းများကို ခုတ်ထားသဖြင့် အပင်များက မလှတော့ပါ။ သို့ရာတွင် အပွင့်တွေက ပွင့်နေ၏။

ပိတောက်ပင် တစ်ပင်အောက်တွင် ကယ်ဒီ ခေါ် ဂေါက်အိတ်ထမ်းသမား လေးတွေ စုဝေးနေကြသည်။ မမြင့်လှသော အပင်ပေါ်မှာက တစ်ယောက်။

ကယ်ဒီလေးများနှင့် ကျွန်တော်က ခင်သည်။ အချို့မှာ ကျွန်တော်တို့ ကျောင်းမှ ဆင်းရဲသော မိဘ၏သား ကျောင်းသားလေးများ ဖြစ်ကြသည်။

ပိတောက်ပင်အစောက် ရောက်ကြသောအခါ အပင်ပေါ်မှ သူငယ်ကို ကျွန်တော်က လှမ်းပြောသည်။

"သန်းမောင် မဟုတ်လား၊ သန်းမောင်ရေ... တို့လည်း တစ်ခက် ပေးပါလားဟေ့"

"တစ်ခက်တည်းလား အစ်ကိုရ၊ သုံး လေးခက်ပဲ တောင်းရောပေါ့"

" အေးကွာ... မင်းသဒ္ဓါသလောက် ပေးပေါ့ "

"သဒ္ဓါပါတယ်ဗျာ သဒ္ဓါပါတယ်၊ အစ်ကို့အဒေါ်ကြီးလို ကျွန်တော်တို့က ကပ်စေးမနဲ့ပါဘူး၊ ရော့ ရော့... အစ်ကိုကလည်း သဒ္ဓါသူကို သဒ္ဓါသလောက် တစ်ဆင့်ပေး အဲ... ဟဲ ဟဲ"

သန်းမောင်ဆိုသည့် ကောင်က နာမည်တစ်လုံးနှင့် နေသော သက်ကြီးပုကောင် ဖြစ်သည်။ သွက်သည်။ လည်သည်။ ကြီးကျယ်သည်။ ဂေါက်ကွင်းမှာလည်း နာမည်တစ်လုံးနှင့်။ ကျောင်းမှာလည်း နာမည်တစ်လုံးနှင့်။

သန်းမောင်၏ စကားကြောင့် ပိတောက်ခက်တွေကို ကျွန်တော် မမဝေကို ချက်ချင်း မပေးဝံ့။

လမ်းမကြီးမှ ခွာပြီး ဂေါက်ကလပ် ခြံဝင်း အနောက်ဘက်မှ ကပ်လျက် ဂေါက်ကွင်းကို ဖြတ်၍ ကန်စောင်းဆီသို့ မမဝေနှင့် ကျွန်တော် လျှောက်လာခဲ့ကြသည်။

" ရော့... မမဝေ "

မမဝေက ပြုံးလျက် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီးမှ ပိတောက် ခက်များကို လှမ်းယူ၏။

ကျွန်တော်တို့သည် လှိုင်းလေးတွေ ပုတ်နေသော ကမ်းစပ် သဲမြေဖြူဖြူအတိုင်း ဆက်လျှောက်ကြသည်။

" ဟောဟိုး... အထိ သွားကြရအောင်နော် မောင်လေးလှိုင် "

မမဝေက ရေလယ်ဆီ ထိုးထွက်နေသော ကျွန်းဆွယ်ဆီ ညွှန်ပြ၍ ဆိုသည်။

"သွားတာပေါ့ မမဝေ"

ကျွန်တော်တို့ ယခု လျှောက်နေကြသည်မှာ ရေကန်ကြီး၏ တောင်ဘက် ကမ်းခြေ ဖြစ်သည်။ သည်ကမ်းခြေမြေက ဂေါက်ကွင်း၏ အမှတ် ၄ ဖဲယားဝေး ခေါ် ရိုက်လမ်းမြေလည်း ဖြစ်သည်။ ဂေါက်ရိုက်လမ်းမြေ ဖြစ်သောကြောင့် အန္တရာယ် မကင်းချေ။

ခပ်လှမ်းလှမ်း အနောက်ဘက်ဆီ၌ အုပ်ကောင်းသော သရက်နှင့် ညောင်ပင်ကြီးများ ရှိသည်။ ထိုနေရာမှ စကာ ကန်၏ ခါးလယ်ကို ဖြတ်လျက် ကျွန်းဆွယ်တစ်ခုသည် အရှေ့မြောက်ဆီသို့ သွယ်သွယ်လျားလျား ထိုးထွက်နေသည်။

ကျွန်းဆွယ်ထိပ်တွင် ရေပြင်ကို ဖြတ်လျက် ဟိုဘက်ကမ်းဆီ ကူးသောတံတားတစ်ခုလည်း ရှိသည်။

ကျွန်းဆွယ်ပေါ်၌ကား စိုက်ပျိုးထားသော အုန်း၊ မဟော်ဂနီ၊ စိန်ပန်းစသော ပင်ပျိုလေးများ ရှိ၏။

မမဝေနှင့် ကျွန်တော်တို့က ကျွန်းဆွယ်လေး၏ မြောက်ဘက်ကမ်း၌ ထိုင်ကြသည်။

မျက်နှာမူရာတွင် ရေပြင်က ကျယ်လှသည်။ ရေပတ်လည် ဝိုင်းရာမို့ တသုန်သုန် ညင်းလာသော လေကလည်း ချိုသာအေးမြသည်။

မပြည့်သေးသော ငွေလမင်းသည် အရှေ့ဘက် ကောင်းကင်ဆီမှာ အတန်မြင့်နေပေပြီ။ ရေပြင်ဆီ၌ လမင်းကြီးအရိပ်က ထင်နေ၏။

ကျွန်တော်က မမဝေ မျက်နှာ ငွေလမင်းကို လှမ်းကြည့်သည်။

မမဝေက ပိတောက်ပန်းခက်လေးများကို လက်တွင် ကိုင်ရင်း အဝေးဆီ ငေးကြည့်နေသည်။ တစ်စုံတစ်ရာကို တွေးနေပါသလား။

“ မမဝေ ”

“အင်...”

“အဲဒီ ပိတောက်ပန်းလေးတွေကို မပန်တော့ဘူးလား”

မမဝေက ပြုံးပြီး ကျွန်တော့်ကို လှည့်ကြည့်သည်။

“ပိတောက်ဦးမှ မဟုတ်တော့ဘဲ”

“ပိတောက်ဦး မဟုတ်ရင် မမဝေက မပန်ဘူးပေါ့၊ ဟုတ်လား”

“ကွယ်... မင်း ကြံကြံဖန်ဖန် မေးတယ်၊ လက်ထဲမှာ ကိုင်ထားရင်လည်း လှသားပဲ၊ ဟွန်း... မင်း မေးတာနဲ့ မမဝေ အတွေးတောင် ပြတ်သွားတယ်”

“မမဝေက ဘာတွေးနေလို့လဲ”

“သြော်... အဟင်း... ဦးကြော့ စာများ မှားသလားလို့”

“ခင်ဗျာ...”

“တစ်နှစ်တွင် သည်တစ်လပေပ၊ တစ်လတွင် တစ်ရက်တည်း ဆိုတာ လေ၊ တစ်နှစ်တွင် တစ်လ ဆိုတာတော့ ဟုတ်ပါရဲ့ တစ်လတွင် တစ်ရက်တည်း ဆိုတာက ဟုတ်ရဲ့လား၊ ဟိုတစ်လောကလည်း တစ်ခါပွင့်ပြီးပြီ၊ အခုလည်း ပွင့်ပြန်ပြီ ဘယ့်နှယ်လဲ”

“ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဦးကြော့ မမှားပါဘူး”

"ဘာပြုလို့"

"ကျွန်တော်လည်း အထပ်ထပ် စဉ်းစားဖူးတယ်၊ ပိတောက်တွေ ပွင့်တိုင်းလည်း သတိထားကြည့်မိဖူးတယ်၊ ဩော်... ပိတောက်က ပွင့်ပြီးရင် မခူး သာ မခူး၊ မချိုး သာ မချိုးရင် တစ်ရက်မကလည်း နေသေးတယ် မမဝေ"

"ဒါတောင် ဦးကြော့ မမှားဘူးလို့ မင်း ပြောတယ်"

"တစ်ပင်အတွက် ဒါမှမဟုတ် မြေတူ ရေတူ အခြေအနေတူမှာ ပေါက်ရတဲ့ အပင်စုတစ်ခုအတွက် ကြည့်ရတယ် မမဝေ၊ သူတို့ တစ်လမှာ တစ်ရက်တည်း ပွင့်ကြတယ်၊ တစ်နည်းဆိုရရင် တစ်ပင်ဟာ တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်ပဲ ပွင့်တယ်"

ငြိမ်နားထောင်နေရာမှ မမဝေ ပြုံးလိုက်သည်ကို ကျွန်တော် သတိပြုမိ၏။

"မမဝေ ဘာပြုံးတာလဲ"

"သဘောကျလို့ပါ တစ်ပင်ဟာ တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်ဆိုတာ... အင်း အင်း... ဆက်ပြောပါဦး"

"တစ်လမှာ တစ်ရက် ဆိုတဲ့ အဲဒီတစ်ရက်ပြီးရင် အပင်ပေါ်မှာ တစ်ပွင့်မှ မရှိတော့တာ မဟုတ်ဘူး၊ ကျွန်တော် မြင်တာ ပြောပြမယ်၊ တချို့ သစ်ပင်က အခါရာသီရောက်ရင် စတော့ပွင့်တယ်၊ တစ်ပြိုင်နက် တစ်ခါတည်း အပြီးအပိုင်တော့ မပွင့်ဘူး၊ ပွင့်တဲ့ အပွင့်က ပွင့်ပြီး ငုံတာက ငုံနေတယ်၊ တချို့က အပွင့်က ပွင့်ပြီးလို့ အသီးတောင် ဖြစ်နေမှ တချို့ အပွင့်က ထပ်ထွက်တယ်၊ ပိတောက်ကတော့ အဲဒီလို မဟုတ်ဘူး၊ ပွင့်ပြီဟော့ဆို အကုန်လုံး ပွင့်ပစ်လိုက်တာပဲ။ တစ်ခက်ချင်း နှစ်ခက်ချင်းမှာ နာရီပိုင်းခြားချင် ခြားမယ်၊ ဒါပေမဲ့ ယေဘုယျတော့ အချိန်စေ့ရင် အားလုံး ပွင့်ပြီးသားပဲ မမဝေ၊ သူက ခြွင်းခြွင်းချန်ချန် မလုပ်တတ်ရှာပါဘူး"

မမဝေသည် ပြုံးရိပ်ဝေဝေဖြင့် လက်တွင်းမှ ပိတောက်ခက်လေးများကို အတန်ကြာ စိုက်ကြည့်နေ၏။

ကျွန်တော့်မျက်လုံးများကလည်း ပိတောက်ခက်လေးများကို ကြည့်သည်။ ပိတောက်ပွင့်ရောင် ဝါဝင်း၍ အဆစ်အမြစ် မထင်ဘဲ လုံးဝန်းရှည်သွယ်သော လက်ချောင်းလေးများကိုပါ မြင်ရသည်။ မမဝေ၏ ဘယ်ဘက် လက်သူကြွယ်တွင် ဆွဲကြိုးမှ ကျောက်နှင့် အသွင်တူ အသွေးတူသော မြလက်စွပ်တစ်ကွင်းကို ဝတ်ထား၏

" ဟော... ဒီတစ်ခါတော့ မမဝေ ငိုင်နေပြီ "

"ငိုင်နေတာ မဟုတ်ဘူး၊ မင်းလိုပဲ တွေးနေတာပေါ့"

"ဘာတွေးနေတာလဲ၊ ကိုယ့်အလှည့်ကျမှ မဝှက်ရဘူးနော်"

"ဟွန့်... အဲဒီလိုဆိုရင်တော့ ဒုက္ခပါပဲ"

"အဲဒီလိုဆိုရင်လည်း မပြောပါနဲ့ မမဝေရယ်၊ ကျွန်တော် နားမထောင်တော့ပါဘူး"

“ကြည့်… ကိုပိုလေး၊ ပိုလိုက်ပြီ၊ ဘယ်သူက မပြောဘူးလို့ ငြင်းလို့လဲ”

“ နို့… မမဝေကပဲ ဒုက္ခဆို ”

“ဒုက္ခဆိုတာက… ခက်တော့တာပဲ၊ မမဝေ ဘယ်လို ပြောရမလဲ၊ အင်း… အဟင်း… မင်းက စိတ်ကူးယဉ်တတ်တဲ့လူ ဆိုတော့ ကြောက်ရသေးတယ်”

“ခင်ဗျာ… ကျွန်တော့်ကို ကြောက်တယ်”

“ တောက်တီးတောက်တဲ့ အဓိပ္ပာယ်ကောက်မှာ စိုးလို့ပါ။ မမဝေ ပြောမှာက အတွေးအခေါ်လေး တစ်ခုပါ၊ တော်တော်ကြာ ကိုယ်တွေလား ဘာလား မေးမနေနဲ့၊ တွေးမိတာကို ပြောပြမှာနော်၊ ဒါပဲ”

“အမယ်လေး… နိဒါန်းတွေ ခံလှချည်လား မမဝေရယ်၊ ပြောမှာ ပြောပါ၊ ကျွန်တော် ဘာမှ ပိုပြီး ကောက်ချက်မချပါဘူး”

ပြုံးနေသော မမဝေ၏ မျက်နှာလေးသည် တည်ငြိမ်သွားသည်။ လေအေးအေးလေးဖြင့် တည်တည်ငြိမ်ငြိမ် ဆက်ပြော၏။

“ဝိဇ္ဇာတန်းမှာ မမဝေ မြန်မာစာပေရယ်၊ အင်္ဂလိပ်စာပေရယ်၊ ဖီလော်ဆော်ဖီရယ် ယူတယ်၊ ဒီတော့ မမဝေ တွေးလည်း တွေးတတ်တယ်၊ စိတ်ကူးလည်း ယဉ်တတ်တယ်၊ အလှတရားတွေ အမှန်တရားတွေနဲ့ ပတ်သက်ပြီး မမဝေ စဉ်းစားကြည့်မိဖူးတယ်၊ ဥပမာ အချစ်ဆိုတဲ့ အလှတရားတစ်ခုပေါ့ကွယ်…”

ငြိမ်နားထောင်နေရာမှ ကျွန်တော်က မမဝေကို ကွက်ခနဲ ကြည့်မိ၏။

မမဝေကတော့ ရေပြင်ဆီ စူးစိုက်ကြည့်ပြီး ကြွေနွေ့ပြည့်စွာဖြင့် ဆက်ပြောနေ၏။

“အချစ်ဆိုတာဟာ အလှတရားလား၊ ဒါမှမဟုတ် အလှတရားကို ပိုင်ဆိုင်လိုခြင်းလား ဆိုတာတွေကို ခေါမခေတ်ကတည်းက ပလာတိုးတို့က ဆွေးနွေးခဲ့ကြတယ်၊ အင်္ဂလိပ် ကဗျာတွေမှာလည်း အချစ်ကို အမျိုးမျိုး တင်စားဆိုကြတယ်၊ မမဝေ နှစ်ခြိုက်တဲ့ ကဗျာလေးတစ်ခုကို ပြောပြမယ်။ ကဗျာဆရာက ဆိုတယ်၊ ညမှာ မျက်လုံးလေးတွေ အများကြီး ရှိတယ်တဲ့၊ ကြယ်လေးတွေကို သူ ပြောတာပေါ့ကွယ်၊ အဲ… ညမှာ မျက်လုံးလေးတွေ အများကြီး ရှိပေမယ့် နေ့မှာမှာ တော့ မျက်လုံးရယ်လို့ တစ်လုံးပဲ ရှိရှာသတဲ့၊ အဲဒီတစ်လုံးတည်းသော မျက်လုံးဖြစ်တဲ့ ရှင်နေမင်းကြီး ကွယ်သွားရင် နေ့ဆိုတာ ပျောက်လို့ အမှောင်သာ လွှမ်းရတော့တယ်တဲ့၊ ဒီလိုပဲ စိတ်သန္တာန်မှာ အတွေးဆိုတာတွေ အများကြီး ရှိပါသတဲ့၊ အဲ… နှလုံးသားမှာတော့ အချစ်ဆိုတာ တစ်ခုပဲ ရှိသတဲ့၊ အချစ်ဆိုတဲ့ အလင်းရောင် ကွယ်သွားရင် ဘဝဆိုတာ ဆိတ်သုဉ်းပြီး မှောင်လုံးလုံးကျသွားတာပါပဲတဲ့။

သူ့တင်စားပုံလေး မောင်လေးလှိုင် သဘောပေါက်တယ်နော်”

“သဘောပေါက်ပါတယ် မမဝေ၊ ကျွန်တော် အင်း… အဲ… ကြိုက်လည်း ကြိုက်တယ်”

“အဲဒီကဗျာလေးနဲ့ နှယ်ပြီး မမဝေလည်း တင်စားဖွယ်ရာ တစ်ခုကို သွားတွေးမိတယ် မောင်လေးလိုင်၊ မမဝေကတော့ အချစ်ဆိုတာဟာ ဟောဒီ ပိတောက်ပန်းလေးနဲ့ တူမလားလို့၊ တူမလားလို့… လို့ ပြောတာနော်၊ တူတယ်လို့ မမဝေ မပြောဘူး၊ ဘာပြုလို့လဲဆိုတော့ အချစ်ဆိုတာကို မခံစားဖူးသေးလို့ပဲ”

ကျွန်တော်က နားနှင့် ကြားလိုက်ရသည်ကို မယုံမိ။ မမဝေကိုသာ အလန့်တကြား ကြည့်မိသည်။

“မမဝေကို မင်း ဘာလို့ ဒီလို ကြည့်ရတာလဲ၊ ပြောတာကို မယုံဘူးလား”

“အို… အို… မဟုတ်ပါဘူး၊ ဆက်ပြောပါ မမဝေ၊ ဆက်ပြောပါ ကျွန်တော် ကောင်းကောင်းနားထောင်ပါ့မယ်”

“ဆက်ပြောရရင် မင်း ခုနင်က ရှင်းပြတဲ့ ဦးကြော့ရဲ့ စာပိုဒ်လေးက စရမယ်၊ အဲဒီစာပိုဒ်လေးနဲ့ ပတ်သက်တဲ့ သံသယလည်း ကင်းသွားပြီမို့ မင်းကို မမဝေ ကျေးဇူးတင်တယ်”

မမဝေ ဘာဆိုလိုသည်ကို ကျွန်တော် မသိ။ သို့ရာတွင် ဘာမျှ ဝင်မပြောဘဲ ကျွန်တော် ငြိမ်နားထောင်နေ၏။

“ပိတောက်ပန်းဟာ တစ်နှစ်မှာ တစ်လတည်း ရွှေပွင့်တယ်၊ ပွင့်ပြန်တော့လည်း မင်း ပြောသလိုပဲ ဘာမှ မခွဲင်းမချန်ဘဲ တစ်ရက်တည်းမှာ အစွမ်းကုန် ပွင့်လိုက်တယ်၊ အဲဒီနောက်မှာတော့ ပိတောက်ပင်ခများမှာ ထပ်ပွင့်ပေးစရာ ဘာမှမကျန်ရှာလေတော့ဘူး”

မမဝေသည် စကားကို ခေတ္တရပ်လိုက်ပြီး အသာအယာ ရယ်၏။

“ဆက်ပြောဦးလေ မမဝေ”

“ ပြောပါ့မယ်၊ ဒါပေမဲ့ အစကတည်းက မမဝေ စကားခံထားတယ်နော် ”

“အင်းပါ…”

“ဒါဖြင့် ပြောတော့မယ်၊ အချစ်ဆိုတာ ဘာလဲ၊ ဒီသဘောမျိုး ရှိနေမလားလို့၊ လူတစ်ယောက်ရဲ့ ရင်မှာ အချစ်စစ်ဆိုတဲ့ ပန်းပိတောက်ဟာ တစ်သက်တာ တစ်ခါပဲ ပွင့်နိုင်လိမ့်မယ်၊ အဲဒီ တစ်ခါသာ ပွင့်တဲ့ အချစ်ပိတောက်ဟာလည်း တစ်ယောက်တည်းသော သူ့အတွက်။ အဲဒီနောက်တော့ ရင်နှလုံး ဆိုတဲ့ ပိတောက် ပင်ကြီးမှာ ထပ်ပွင့်ပေးစရာ ဘာတစ်ခုမှ မကျန်တော့ဘူး၊ ကဗျာစပ်တတ်ရင် မမဝေ စပ်လိုက်ချင်တယ်”

မမဝေက စကားကို အဆုံးသတ်သည်။ ကျွန်တော်က ငိုင်လျက် စဉ်းစားနေမိ၏။

“ကိုယ့်ဆရာကြီး တွေးနေပြန်ပြီ မဟုတ်လား၊ မဟုတ်တာတွေ၊ ချွဲမတွေးနဲ့နော်”

“မဟုတ်တာ တွေးနေတာ မဟုတ်ပါဘူး မမဝေ၊

ကျွန်တော်က ကဗျာစာသားလေးတစ်ခု ရလို့”

“ကဗျာစာသားလေး... မမဝေကို ရွတ်ပြလေ ..”

“စာသား အကြမ်းလေးပေါ့ မမဝေ၊ စိတ်တိုင်းကျတော့ မကောင်းလှသေးဘူး၊ နားထောင်ကြည့်လေ....”

ကျွန်တော်က ကာရန်နဘေလေးများကို စိတ်တွင်း၌ ပြန်စိစစ်လိုက်ပြီး ကဗျာလေးကို တစ်ပိုင်းတစ်စ ရွတ်ပြသည်။

“ကိုယ့်ဘဝ...

ပွင့်လာရ ချစ်ဦးလွှာ။

ပိတောက်ကို ပမာခိုင်း

နှိုင်းချင်ရဲ့ မောင့်သက်လျာ။

တစ်သက်တွင် သည်တစ်ချစ်

တစ်ချစ်သည် တစ်ယောက်တည်း

မဖောက်လွဲပါတဲ့ ခိုင်သစ္စာ

မေတ္တာနှစ် သ်ကြန်ပန်း”

ခေါင်းလေးကို မစောင်းတစောင်းဖြင့် မျက်လွှာကို အောက်ချကာ နားစွင့်ထောင်နေရာမှ မမဝေသည် ကျွန်တော့်ကို မော့ကြည့်သည်။

မမဝေ၏ ပါးစပ်လေးက ဝန်းဝန်းဝိုင်းဝိုင်း လှလှလေး ဟနေသည်။ မျက်လုံးလေးများကလည်း အလည်လည် ရှိသည်။ မျက်နှာမှာရော၊ မျက်လုံးများမှာပါ ပြုံးရိပ်သည် အံ့ဩရိပ်နှင့် တွဲကာ ပေါ်လွင်နေ၏။

“ မောင်လေးလှိုင် သိပ်တော်ပါလားဟင်၊ ခဏလေးနဲ့ ကဗျာလေးတစ်ပိုဒ် ရတယ်”

“ကဗျာလေး တစ်ပိုဒ် မဟုတ်သေးပါဘူး မမဝေ၊ အချိုးတစ်ချိုး ကျန်နေသေးတော့ ကျွန်တော့်ကဗျာက မဆုံးသေးဘူး”

“အဲဒီလိုဆို ဆုံးအောင် ဆက်စပ်ဦးလေ”

“ဟာ... မမဝေရယ်၊ ဒီလောက်တော့ ကျွန်တော် မစွမ်းသေးပါဘူး၊ ပြီးတော့...”

“အင်း... ပြီးတော့ ဘာဖြစ်သလဲ”

“ပြီးတော့ ကဗျာဆိုတာက စပ်ရတာ လွယ်တယ်၊ ဆုံးရတာ ခက်တယ်၊ အဆုံးကျမှ ကိုယ့်ရင်ထဲရှိတာ အကုန်ပြောရတာကိုး”

"အင်းလေ… ရင်ထဲရှိတာ ပြောချလိုက်ပေါ့"

" ပြောချစရာ ရင်ထဲမှာ မရှိသေးတာ မမဝေ၊ စင်စစ်တော့ ဒီကဗျာက အချစ်သဘောက ကျွန်တော့်ကိုယ်ပိုင်မှ မဟုတ်ဘဲ၊ မမဝေရဲ့ အချစ်၊ အဲလေ… မမဝေရဲ့ အချစ်သဘောကို အရင်က ကျွန်တော်က အလွမ်းငှားယူရသလို အခုလည်း အချစ်ငှားယူတာ၊ ဒီတော့ အဆုံးသတ် ပြောလိုက်စရာ ကျွန်တော့်မှာ ဘယ်ရှိပါ့မလဲ"

မမဝေဆီက ဘာမျှ မှတ်ချက်မရ။ ပြုံးလည်း မပြုံး၊ အရောင်တို့ အလှယ်လှယ် ပြောင်းသည့် မျက်လုံးများနှင့်သာ ကျွန်တော့် မျက်လုံးများဆီ စိုက်ကြည့်နေသည်။ သည်တစ်ချီတော့ ကျွန်တော်ကလည်း မျက်လုံးများကို လွှဲမပစ်ပါ။ လွှဲပစ်၍လည်း မရပါ။

ကျွန်တော်ကလည်း မမဝေ၏ မျက်လုံးများကို ပြန်စိုက်ကြည့်နေမိသည်။

မမဝေ၏ မျက်လုံးများတွင် တစ်စုံတစ်ရာကို ကျွန်တော် တွေ့ရသည် ထင်သည်။ ထိုတစ်စုံတစ်ရာသည် ဘာမှန်းတော့ ကျွန်တော် မသိ။ ကျွန်တော် သိသည်က ရင်ဖိုရခြင်းပါ။ ကျွန်တော့်ရင်တွေ မဖိုစဖူး ဖိုရခြင်းပါ။

မမဝေက အရင် မျက်လုံးလွှဲသွားပြီး ကန်ရေပြင်ဆီ ငေးကြည့်နေသည်။

ဖွံ့ထွားမို့မို့ ရှုလိုစဖွယ် တင့်တယ်သော မမဝေ၏ ရင်မှာ နိမ့်တုံမြင့်လှည့် လှုပ်ရှားကြွဖိုနေသည်ကိုကား ကျွန်တော် သတိပြုမိသည်။

ကန်ဆီမှာ ရေဝမ်းဘဲတို့ မရှိတော့ပါ။ နေက ဝင်သွားပြီ ဖြစ်သောကြောင့် အရောင်ထွက်စ လမင်းကြီးသည် ရေပြင်မှာ လှိုင်းစီးသကဲ့သို့ ပေါ်နေ၏။

တိတ်ဆိတ်သော ပတ်ဝန်းကျင်၌ ဥသြသံလေးသာ တလွင်လွင့် ပေါ်ထွက်နေ၏။

မမဝေနှင့် ကျွန်တော်တို့က နေရာမှ ထပြန်လာကြသည်။ လမ်း၌ ထွေထွေထူးထူး စကားမပြောမိကြ။

ညနေက ပွင့်နေသော ပိတောက်ပင်အနီး ရောက်မှ ကျွန်တော်က မေးသည်။

"မမဝေ…"

"အင်း…"

"ဘာဖြစ်လို့ စကားမပြောဘဲ ငြိမ်နေတာလဲ"

" တွေးနေလို့ "

"လာပြန်ပြီ ဒီ တွေးတာက"

" တွေးရတယ် မောင်လေးလှိုင်၊ တွေးရတယ်။ မမဝေ ဘဝမှာ တွေးစရာတွေက အများကြီး "

"ဘယ်သူ့ဘဝမှာကတော့ တွေးစရာတွေ အများကြီး မရှိလို့လဲ"

"ကဲ... အဘိဓမ္မာဆရာကြီး၊ မမဝေက ပြိုင်မငြင်းပါဘူး၊ ဟောဟိုမှာ နေဝင်သွားလို့ ထင်တယ်၊ ဒေါ်ဒေါ်မေ ထွက်ကြည့်နေတယ်၊ လာ... မြန်မြန်"

■

ထိုညက အပြင်ဘက်တွင် လက ထိန်ထိန်သာနေသည်။

လမ်းဘေးတစ်လျှောက်က ပိတောက်ပင်တွေဆီမှ ရနံ့တွေသည် လေမှာ ကြိုင်စွာ လှိုင်စွာ လွင့်ပါလာနေ၏။

ကမ္ဘာ့ဗ္ဗာန်းကို မပျက်တမ်း ဝတ်အဖြစ် ကျွန်တော် ထိုင်သော်လည်း သည်ည သမာဓိကျဲပြီး နိမိတ်တို့ ကောင်းစွာ မထင်။

အိပ်မပျော်သောကြောင့် ညနေက မပြီးခဲ့သေးသော ကဗျာလေးကို ကျွန်တော် ဆက်စပ်သည်။

ဩော်... ရင်မှာ ပြောစရာ ပေါ်လာသဖြင့် ကဗျာကား ဆုံးခဲ့ပါ၏။

"ကိုယ့်ဘဝ...

ပွင့်လာရ ချစ်ဦးလွှာ။

ပိတောက်ကို ပမာခိုင်း

နှိုင်းချင်ရဲ့ မောင့်သက်လျာ

တစ်သက်တွင် သည်တစ်ချစ်

တစ်ချစ်သည် တစ်ယောက်တည်း

မဖောက်လွှဲပါတဲ့ ခိုင်သစ္စာ

မေတ္တာနှစ် သံကြွန်ပန်း။

ဩော်... မဆင်ငြင်းရင်လှ

ပင်မင်းမှာ မာလာသုဉ်းသည်သို့

ဘဝမှာ ပိတောက်တုံးပေလိမ့်

ဆံထုံးနောင် မပြင်နဲ့

တာသဘင် တစ်ကြိမ်သစ်မည်က

သံသရာ ဟိုတစ်ခေတ်မှာမို့

(ကွယ်) လွမ်းရစ်တော့ မငိုတမ်း…”

ကိုယ့်ကဗျာလေးကို ကိုယ် ကျေနပ်သောကြောင့် ‘ရင်တွင်းမှ ပိတောက် ပန်း’ ဟု အမည်ပေးလိုက်သည်။

ထိုနောက် လက်ရေးလှလှဖြင့် ထပ်ရေးပြီး ကဗျာစာရွက်ကို စာအိတ်တစ်ခုအတွင်း ထည့်ပိတ်သည်။

စာအိတ်ပေါ်တွင် နာမည်ကြီး မဂ္ဂဇင်းတိုက်တစ်ခု၏ လိပ်စာကို အရဲစွန့် ရေးလိုက်မိပါသတည်း။

✳✳✳✳✳

အခန်း [၉]

မေလအတွင်း၌ တက္ကသိုလ်အောင်စာရင်းတွေ ထွက်၍ မမဝေ ဘီအေ အောင် ကြောင်း သိရသည်။ ရိုးရိုးအောင်သည် မဟုတ်။ အင်္ဂလိပ်စာပေတွင် ဂုဏ်ထူးရသည်။

မမဝေ ပြောပြချက်အရ မမဝေသည် တက္ကသိုလ်၌ အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာမ အလုပ်ရနိုင်သည်ဟု သိရသည်။

ထိုညနေက ထုံးစံအတိုင်း ကျွန်တော်တို့ လမ်းလျှောက်ထွက်ကြသည်။ ပိတောက်ပင်တွေမှာ ပိတောက်ပွင့်တွေ မရှိပြီ။ ထို့ကြောင့် ပိတောက်ရနံ့တို့ မကြိုင်ပြီ။ သြော်... ကောင်းကင်မှာလည်း ငွေလမင်းကြီး မရှိပြီ။

ကျွန်တော့်ရင်မှာ လွမ်းသလို ဆွေးသလို ဖြစ်နေသည်။

ကောင်းကင်မှာ ငွေလမင်းကြီး မရှိတော့ပါ။ ဟုတ်ကဲ့... ကိစ္စမရှိပါ။ ကျွန်တော့်ဘေးမှာ ငွေလမင်းကြီး ရှိနေသေးသည်။ ကျွန်တော့်ရင်မှာလည်း ပိတောက်နှင့်၊ ပိတောက်ဦးနှင့်။ ရင်ထဲမှာတော့ ပိတောက်ပွင့်ဆဲ လသာဆဲပါ။

သြော် .. ဘေးမှ ငွေလမင်းကြီး ပျောက်သွားခဲ့လျှင် . . ဟောသည် ငွေလမင်းကြီးနှင့် ဝေးသွားရလျှင် . .

"မမဝေ ရန်ကုန်ပြန်သွားဦးမလား"

"ရန်ကုန် ပြန်သွားဦးမလား၊ ဘာပြုလို့ မေးတာလဲ"

"သိဘူးလေ၊ တက္ကသိုလ်မှာ ဆရာမများ ပြန်လုပ်မလားလို့"

မမဝေသည် ခေတ္တငြိမ် စဉ်းစားသယောင် ရှိရာမှ ရုတ်တရက် ပြန်မေးသည်။

"မင်း မမဝေကို ဆရာမ သွားလုပ်စေချင်သလား"

"ခင်ဗျာ ..."

"မမဝေ မေးတာကို ဖြေလေ"

"ကျွန်တော့်ကို အဲဒီလို ဘာကြောင့် မေးတာလဲ"

“ပြန်မေးမနေပါနဲ့၊ မမဝေ မေးတာကို ဖြေ”

ကျွန်တော်က စိတ်ရှုပ်ပြီး ခေါင်းကုတ်လျက် သက်ပြင်းချမိ၏။

“ကြည့်စမ်းပါဦး၊ သက်ပြင်းကြီးတွေ ဘာတွေ ချလို့၊ ဘာတွေများ ဖြေရမှာ ခက်နေသလဲ”

“ခက်နေတာပေါ့၊ ဒါပေမဲ့ ဖြေပါ့မယ်လေ နော် ...”

“တကတဲ . . လူလေးက ချောသလောက် ဇာတ်လိုက်လို ဟန်များ တယ်၊ ဖြေပါလို့ ပြောနေတယ် မဟုတ်လား”

“ဖြေပါ့ပြီ မမဝေ၊ တစ်ဖက် စဉ်းစားတော့လည်း မမဝေကို ရန်ကုန် ပြန်ပြီး တက္ကသိုလ်မှာ ဆရာမကြီး လုပ်စေချင်တယ်၊ ဘာပြုလို့လဲဆိုတော့ ပညာ ဆိုတာဟာ သင်ထားပြီးရင် အလုပ်လုပ်မှ၊ နို့မို့ဖြင့်ရင် သင်ထားရတဲ့ ပညာတွေဟာ နမြောစရာကြီး၊ ပြီးတော့လည်းလေ ကျွန်တော်လည်း ကြွားနိုင်တာပေါ့၊ ဟော့ ... တို့ မမဝေက တက္ကသိုလ်မှာ ဆရာမကြီးလို့၊ ဟုတ်ဘူးလား... မမဝေ “

“အင်း ... ဆက်ပြောဦး”

“ဘာဆက်ပြောရမလဲ”

“တစ်ဖက်က စဉ်းစားတော့...လို့ မင်း စကားခံထားတယ် မဟုတ်လား”

“ဪ .. အင်း အဟင်း...”

“ဘာဪ အင်း အဟင်းလဲ၊ ဆက်ပြောလေ .. “ခက်တာပဲ။ ကဲ . . ပြောမယ်၊ မမဝေက ရန်ကုန်ပြန်သွားတော့ ကျွန်တော် တစ်ယောက်တည်း ဒီမှာ ကျန်ရစ်တော့မယ်၊ အဲဒီလိုဆိုရင် “

“လုပ်ပြန်ပြီ စကားကို တိုးလိုးတန်းလန်းနဲ့၊ အဲဒီလိုဆိုရင် ဘာဖြစ်သလဲ”

“အဲဒီလိုဆိုရင် ပိတောက်တွေ တုံးပြီး လမင်းကြီးလည်း ကွယ်သွားမှာပေါ့”

ပြောလိုက်မိပြီးမှ ကျွန်တော် နောင်တရသွားမိသည်။ သည့်စကား ကျွန်တော် ပြောထိုက်ပါသလား၊ မမဝေကို ကျွန်တော် သည့်စကား ပြောထိုက် ပါသလား။

တော်ပါသေး၏။ မမဝေက ဘာမျှ သဘောမထားဟန်ဖြင့် ရယ်၏။

“အခု မင်း ပြောလိုက်တာက မင်း စာရေးဆရာကြီး ဖြစ်လာရင် မင်း ရေးမယ့် ဝတ္ထုထဲက ဇာတ်လိုက်တစ်ယောက်ရဲ့ စကားလား၊ ဟုတ်လား”

ကျွန်တော်က မဖြေပါ။ စကားက လွန်မိထားရာ ယခုကဲ့သို့ မမဝေက ကျွန်တော့်စကားကို လျှော့ဖျော့ပစ်လိုက်သောအခါ ချော်လဲရောထိုင် ဟူသကဲ့သို့ ကျွန်တော်က ငြိမ်နေလိုက်ရ၏။

စကားတပြောပြောနှင့် လျှောက်ခဲ့ကြသော ကျွန်တော်တို့သည် ကျွန်းဆွယ်ဆီ

ရောက်ခဲ့ကြ၏။ ဟိုတစ်နေ့တုန်းက ထိုင်သည့် တစ်နေရာမှာပင် ကျွန်တော်တို့ ထိုင်ကြသည်။

မေလတွင်းမှာမို့ မုတ်သုံလေက လာနေပြီ။ ကန်ကို ဖြတ်တိုက်လာသော လေသည် အရင်အခါများထက် အဟုန်ကြီးသည်။ လေအဟုန်က ကြီးတော့ လှိုင်းလေးတွေလည်း ပိုကြီးသည်။ ကန်ရေစပ်မှ လှိုင်းပုတ်သံလေးများ မှန်မှန်ပေါ်ထွက်နေ၏။

ရေပြင်တွင် အဆက်မပြတ် ပြေးလာနေကြသော လှိုင်းများကို ငေးကြည့် ရင်း မမဝေက ငြိမ်နေ၏။

မမဝေက သည်တစ်ချီ အပြာရောင် ဆင်ထားသည်။ ထဘီက အပြာ ရင့်ရင့်၊ အင်္ကျီက အပြာနု။ ဪ .. ဆံထုံးကြီးမှ ကျောက်အရောင်ပင် ပြောင်းထား သည်။ ဟိုတစ်နေ့က စိမ်းလဲ့သော မြပါ။ ယနေ့တော့ နီလာပါ။ လဲ့လဲ့ပြာသော နီလာပါ။ ဝါဝင်းသော လက်သူကြွယ်မှာလည်း နီလာလက်စွပ်ကို ဝတ်ထားသည်။

အစိမ်းနုရောင်ကို ဆင်ထားစဉ်က မမဝေ တစ်ကိုယ်လုံးသည် နုထွတ် လန်းဆန်းစွာ လှပသည်။ ယခုလို အပြာရောင် ဆင်ထားပြန်တော့ အေးချမ်းသန့်စင်စွာ လှပသည်။

ကျွန်တော်သည် သက်ပြင်းကို မမဝေ မကြားအောင် ခိုးရှိုက်သည်။

ငြိမ်ထိုင်နေရာမှ မမဝေသည် ထလိုက်ပြီး ရေစပ်ဆီ ဆင်းသည်။

"ဘာလုပ်မလို့လဲ မမဝေ"

မမဝေက ရေစပ်မှ တစ်စုံတစ်ခုကို ကောက်ယူပြီး ပြသည်။

"ကြည့်စမ်း မောင်လေးလှိုင်၊ ဒါ ဘာလေးလဲ"

ရုတ်တရက် ကြည့်တော့ သစ်ကိုင်းလေးတစ်ခုပါ။ သေသေချာချာ ကြည့်တော့ ပိတောက်ခက်လေးတစ်ခု ဖြစ်နေသည်။ အပွင့်ဟူ၍ ပီပီသသ မရှိတော့ပါ။ ပွင့်ချပ်လေးအများမှာ ကြွေပြီးခဲ့ပြီ။ကျန်သမျှ ပွင့်ချပ်လေးတွေက ညှိုးခြောက် တွန့်လိပ်နေသည်။ ပွင့်ဖတ်လေးများက ညိုမည်းနေ၏။ အမှန်မှာ ပိတောက်ခက်ဟူ၍ သိရသည်မှာ အရွက်များကြောင့် ဖြစ်၏။ အရွက်များပင်လျှင် အစိမ်းရောင် ပျောက်နေပြီ။

မမဝေက ညှိုးရော်သွေ့နွမ်းသော ပိတောက်ခက်လေးကို ကိုင်ရင်း နေရာတွင် ပြန်ထိုင်၏။

"ဟိုတစ်နေ့က မမဝေ ကျကျန်ရစ်တဲ့ ပိတောက်ခက်ကလေး"

"မမဝေက ဘာလို့ ပြန်ကောက်ယူတာလဲ"

"ဪ .. သနားစရာလေးမို့ပါကွယ်"

"ကျွန်တော့်တော့ စိတ်ကူးယဉ်တတ်တယ်လို့ မမဝေက ပြောတယ်၊

မမဝေလည်း သိပ်စိတ်ကူးယဉ်တာပဲ”

“မမဝေလည်း . စိတ်ကူးယဉ်တတ်ပါတယ်လို့.. ဝန်ခံဖူးသားပဲ၊ မောင်လေးလှိုင်ရေ . . ဟောဒီ ပိတောက်ခက် အနွမ်းလေးကို ကြည့်ပြီး မမဝေ တရားရမိတယ်”

“ဘယ်လိုလဲ မမဝေရယ်၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ ဆိုပြီး ဓာတုကလျာ ညည်းသလို နှောင်ထုံးကေမျှင် လျှော့ဖြေချင်လို့လား၊ မလုပ်ပါနဲ့ဦး မမဝေရယ်”

“မမဝေ ပြောတာက အဲဒီလို တရားမျိုး မဟုတ်ဘူး”

“ဒါဖြင့် ဘယ်လိုတုံး”

“ဒီပိတောက်ခက်လေးကို မြင်ရတော့ ဪ... ပိတောက်ဆိုတာဟာ မမဝေလို ဘဝမျိုးပါလားလို့ စဉ်းစားမိတယ်”

“ခင်ဗျာ... ဘယ်လို”

“မမဝေ ရှင်းပြမယ်၊ သေသေချာချာ နားထောင်နော်၊ ပိတောက်ကို လူတာမို့ လူတွေက မြတ်နိုးကြတယ်။ အလှကြည့်ပန်းပဲ ဆိုကြပါစို့ကွယ်၊ ပိတောက် ဟာ အလှကြည့်ပန်းအဖြစ်နဲ့ပဲ ဇာတ်သိမ်းသွားရတာပဲ၊ သဘာဝအလျောက် အသီး တော့ ချန်သွားသပေါ့လေ။ ဒါပေမဲ့ သူ့အသီးက စားရတာလည်း မဟုတ်၊ ပိတောက် သီးများ ဘယ်သူက မြတ်နိုးတန်ဖိုးထားကြလို့လဲ၊ မင်းက ပြောမယ်၊ အပင် ပြန်စိုက်ဖို့ အသုံးဝင်တယ်လို့၊ ဒါပေမဲ့ ပိတောက်ပင် ဖြစ်ဖို့က အသီး မလိုပါဘူး အကိုင်း ခုတ်စိုက်ရင် ရတာပဲ၊ ပိုတောင်မြန်သေးတယ် မဟုတ်ဘူးလား”

“အဲဒါနဲ့ မမဝေရဲ့ ဘဝက ဘာဆိုင်လို့လဲ”

“ဆိုင်တာကို မမဝေ ပြောပြမယ်၊ ပိတောက်ဟာ အလှကြည့်ပန်းပဲ၊ မမဝေဟာလည်း အမှန်က အလှကြည့်ပန်းပဲ၊ မမဝေ မိဘက ချမ်းသာတယ်၊ ပြီးတော့ မမဝေက တစ်ဦးတည်းသော သမီး၊ မမဝေကို သူတို့ ပညာသင်ပေးတာ က အလုပ် လုပ်ခိုင်းဖို့ မဟုတ်ဘူး၊ ဂုဏ်အတွက်သက်သက်ပါ၊ ဂုဏ်ဆိုတဲ့ စကား တောင် မသုံးထိုက်ပါဘူးကွယ်၊ ပကာသနသက်သက်ပါ၊ ဟိုဒင်း . . ပန်းလှလှ အတွက် ပန်းအိုးလှလှ ဝယ်ပေးတာမျိုး၊ သူတို့က မမဝေဖို့ ဘွဲ့လှလှတစ်ခု ဝယ် ပေးတာပဲ”

မမဝေ၏ စကားများက ကျွန်တော့်ကို အံ့သြစေသည်။ အံ့သြစွာဖြင့်ပင် မမဝေကို ကျွန်တော် ငေးကြည့်နေမိသည်။

မမဝေ၏ မျက်နှာလေးက အနည်းငယ် ညှိုးနေသည်။ မျက်နှာညှိုးလျက်နှင့် ဆက်ပြောသည်။

“စောစောက မမဝေ တက္ကသိုလ်မှာ ဆရာမ သွားလုပ်ရမလားလို့ မင်းကို မေးခဲ့တယ် မဟုတ်လား၊ စကားအဖြစ် မေးရတာပါကွယ်၊ မမဝေမှာ လုပ်ခွင့်မရှိပါဘူး၊ ဖေဖေနဲ့ မေမေ့ကို မမဝေ အမျိုးမျိုး ခွင့်တောင်းကြည့်ခဲ့ပြီးပြီ၊ နေ့လယ်ကတောင် ထပ်ပြောကြည့်သေးတယ်၊ မရပါဘူး”

မမဝေ စိတ်မကောင်း ဖြစ်နေမှန်း သိသောကြောင့် ကျွန်တော်က ဖြေသိမ့်သည်။

"ဒါတော့လည်း မမဝေရယ် မိဘစေတနာကိုး၊ သူတို့က မမဝေကို လိုလေသေးမရှိ ထားလည်း ထားနိုင်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ စေတနာကို သိလို့ မမဝေ အပြစ်မပြောပါဘူး၊ တစ်ခါတလေတော့ စဉ်းစားမိတယ်၊ မမဝေ ဘဝက လှောင်ချိုင့်ထဲက ငှက်ပဲ၊ လှောင်ချိုင့်ထဲမှာ မပျော်ဘူးလားဆိုတာ ဒီလိုလည်း မဟုတ်ဘူး၊ လှောင်ချိုင့်ကလည်း ရိုးရိုးလှောင်ချိုင့်မှ မဟုတ်ဘဲ၊ ရတနာစီထားတဲ့ ရွှေအိမ်ကိုး၊ သဘာဝဉာဉ်လေး ကြောင့်သာ တစ်ခါ တစ်ခါမှာ လွတ်လပ်တဲ့ အပြင်လောကကြီးဆီ ပျံထွက်ချင်စိတ် ပေါ်တယ်၊ အမှန်ကတော့ ပျံထွက်ဖို့လည်း မရဲဘူး၊ သတ္တိမှ မရှိဘဲ၊ မောင်လေးလှိုင် ကို မေးရဦးမယ်၊ သတ္တိဆိုတာက ဘယ်တော့မှ ရှိသလဲ"

"ခင်ဗျာ.. အာ ... ကျွန်တော်က ဘယ်လိုလုပ် ဖြေတတ်မလဲ"

"သတ္တိဆိုတာက မစွန့်မဖြစ်မှ ပေါ်တာ၊ မစွန့်မဖြစ် ဖြစ်ဖို့ကလည်း တစ်စုံတစ်ရာကို ဆုံးရှုံးမှာ ကြုံရတော့မှ၊ ဒီမှာဘက်မှာထက် မြတ်နိုးစရာကို ဟိုမှာဘက်မှာ တွေ့ရမှ၊ အင်း ခက်တာက မမဝေမှာ ဒါမျိုးလည်း မတွေ့ သေးဘူး၊ ဒီတော့ ..."

မမဝေသည် လက်တွင်းမှ ပိတောက်နွမ်းဖက်လေးကို အသာ လွှင့်ပစ်လိုက်၏။ ပြီးတော့ ရယ်၏။ ရယ်ပြီးမှ ပြောသည်။

"ဒီတော့ အလှပန်းအဖြစ်နဲ့ပဲ နေရဦးမှာပဲ၊ တနေ့ ဟောဒီလို ညှိုးရင် ဟောဒီလိုပဲ ဘာမှ အကျိုးမရှိဘဲ ဇာတ်သိမ်းရမှာပဲ"

သူ ပြောချင်သည်ကို အားရအောင် ပြောပြီးနောက် မမဝေသည် နေရာမှ ထကာ-

"ပြန်ကြစို့" ဟု ဆိုသည်။

လမ်းခရီးတွင် မမဝေက ကျွန်တော့်ကို မေးသည်။

"ဒီညနေ မောင်လေးလှိုင်ကို မမဝေ စိတ်မချမ်းသာစရာတွေ ပြောမိသလို ဖြစ်သွားသလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး မမဝေ၊ ဒါပေမဲ့ ကျွန်တော် တစ်ခု ပြောပြချင်တယ်"

"ပြောလေ..."

"အလှပန်း ဘဝတိုင်းဟာ စိတ်ပျက်စရာ မဟုတ်ပါဘူး၊ ပိတောက်လို ပေါ့ မမဝေ၊ သူ့ဘဝဟာ အချည်းနှီး မဟုတ်ပါဘူး၊ သူဟာ အနည်းဆုံး လောက ကို အလှဆင်ပေးသွားတယ်၊ လောကကြီး ဆိုတာဟာ စားဖို့နေရာ၊ နေဖို့ နေရာ၊ အိပ်ဖို့ နေရာ ဖြစ်ရုံနဲ့ မလုံလောက်သေးပါဘူး၊ လှလည်း လှဦးမှ"

မမဝေက ယှဉ်လျှောက်နေရာမှ ကျွန်တော့်ကို ငဲ့ကြည့်၍ ပြုံးသည်။

"မင်းစကားက သိပ်နားထောင်လို့ ကောင်းတာပဲ၊ မမဝေ နောက်တာ မဟုတ်ဘူးနော်၊ ကဲ . . ဆက်"

"အထူး ဆက်ပြောစရာ မရှိပါဘူး မမဝေ၊ မမဝေလည်း တစ်နေ့မှာ တစ်နည်းနည်းနဲ့ လောကကို အလှဆင်ပေးသွားနိုင်မှာပေါ့။ ဟိုတစ်လောက ကျွန်တော် ပြောဖူးတယ် မဟုတ်လား၊ "မနုသတ္တဘာဝေါ ဒုလ္လဘော"လို့၊ လူဖြစ်လာ ရင် လူတိုင်းဟာ လူ့လောကအတွက် တစ်ခုခု လုပ်ပေးသွားနိုင်ပါတယ်၊ မလုပ်ပေး နိုင်တဲ့ လူရယ်လို့ မရှိပါဘူး"

ကျွန်တော့်စကားအဆုံးတွင် မမဝေက အသံလေးများ ထွက်အောင်ရယ်သည်။

"မောင်လေးလှိုင် . ."

"ခင်ဗျာ မမဝေ..."

"မင်းဟာ မမဝေကို စိတ်ချမ်းသာအောင် အင်မတန် ပြောတတ်တယ်"

"ကျွန်တော့်စကားကြောင့် မမဝေ တကယ် စိတ်ချမ်းသာသလား"

"တကယ် စိတ်ချမ်းသာတာပေါ့"

"အဲဒီလိုဆိုရင်..."

ကျွန်တော် ဆက်မပြောရပါ။ မမဝေက ကျွန်တော် ပြောမည့်စကားကို ဦးအောင် ဝင်ပြောလိုက်သောကြောင့် ဖြစ်ပါသတည်း။

"ကျွန်တော်လည်း သိပ်ဝမ်းသာရမှာပေါ့၊ အဲဒါ ပြောမလို့ မဟုတ်လား ကိုပိုလေး၊ စကားတခါ ပြောရင် တခုခုတော့ ပိုလိုက်ရမှ၊ ဟွန်း . . ပိုတတ်သူကို မုန်းလိုက်တာ"

❊❊❊❊❊

အခန်း [၁၀]

ယခုတစ်လော ကျွန်တော်၏ စိတ်တွေမှာ ပုသိမ်၏ မိုးနေ့များနှင့် တူနေသည်။

ပုသိမ်မြို့ က မုတ်သုံလေ ရှေးဦးစွာ ဝင်အဝေ့ခံရသော မြို့ ဖြစ်ပါသည်။ ရေခိုးရေငွေ့ အားကောင်းသော တိမ်တို့က ရခိုင်ရိုးမကြီးကို ကျော်မိပြီး ပုသိမ်မြို့ ပေါ် ရောက်သည်နှင့်တစ်ပြိုင်နက် ချမ်းသာသမျှ မိုးရေတို့ကို မခြိုးမချံ သွန်ချ သွားတတ်သည်။

တစ်မနက်လုံး ကောင်းကင်ပြာတွင် တိမ်ဖြူဖြတ်လျက် နေရောင် တဝင်းဝင်းဖြင့် သာယာနေရာမှ ဖြုန်းဆို တိမ်မည်းတွေ ဆင်တက်လာပြီး ပတ်ဝန်း ကျင် တစ်ခုလုံး ဝေဝေမှောင်သွားတတ်သည်။ ထစ်လည်း ထစ်၊ ချုန်းလည်း ချုန်းဖြင့် ကိုရွှေမိုးက ရေတွေကို တစ်ဝကြီး အလှူပေးဘိသည်။ ကောင်းကင်တွင် တိမ်ညိုကြမ္မလာ လွှမ်းပြီး လဟာပြင်၌ ငွေမြားတံ တင်းတိမ်ကာနေဘိတော့ သည်။ ရိုးမဆီမှ တိမ် ဆက်မလာလျှင်ကား ညနေခင်းသည် ရွှေခြည်ငွေခြည် တဝင်းဝင်းနှင့် အပြစ်ကင်းစွာ လှချင်တိုင်း လှနေပြန်ဘိသည်။

မမဝေနှင့် ဆုံကြုံ ရင်းနှီးပြီးသည့်နောက်ပိုင်းတွင် ကျွန်တော့် ရင်တွင်း မှာလည်း မိုးညိုလိုက် နေသာလိုက်နှင့် အဖုံဖုံ အလဲလဲ ဖြစ်နေရသည်။

မမဝေနှင့် အတူသွားလိုက်၊ အတူထိုင်လိုက်၊ စကားလက်ဆုံ ပြော၍ မကုန် ရှိလိုက်နှင့် နေရသော ပစ္စုပ္ပန်အခါလေးများတွင် ကျွန်တော့်ရင်ထဲ နေသာ နေပါ၏။ သြော် . . နေသာသည်ထက်ပင် ပိုပါသေးသည်။ အကြောင်းမှာ ကျွန်တော့် ရင်ထဲတွင် ပိတောက်ပွင့်နှင့် .. လရောင်နှင့်၊ ပိတောက်သင်းနှင့် လမင်းနှင့်။

အနာဂတ်ကို ဉာဏ်မီသမျှ တွေးလိုက်တော့ ကျွန်တော့်ရင်ထဲ မိုးမှောင် ၍ သည်းရတော့သည်။

မမီသည့် ပန်းကို တုံးခုတ်၍ လှမ်းသည်ဟု ဆိုရိုးရှိသည်။ အမှန်မှာ မမဝေ သည် ကျွန်တော့်အတွက် မမီသည့် ပန်းမဟုတ်ပါ။ မမီသည့် ပန်းကို တုံးခုတ်၍ လှမ်း လျှင် မီကောင်းမီနိုင်မည်ဟု မျှော်လင့်နိုင်သေးသည်။ မမဝေကတော့ ကျွန်တော့် အတွက် သာမန် မမီသည့် ပန်း မဟုတ်။ သူ့ခြံတွင်းမှ မမီသည့်ပန်း ဖြစ်နေသည်။ မြို့ဝန်မင်းထံ ခွင့်မပန်လျှင် ရာဇဝတ်တော်ခံရမည် ဆိုသည့် ပန်းမျိုးပါ။ သြော်.. ခွင့်ပန်တော့လည်း မတန်မရာမို့ မြို့ဝန်မင်းက ရာဇမာန် ရှကာ ဒဏ်ဆုသာလျှင် ချခြိမ့်မည်။

သတိတရားလေး ဝင်လာတော့ အနေအထိုင်ကို တတ်နိုင်သမျှ ကျွန်တော် ဆင်ခြင်သည်။ အပြောအဆိုကိုလည်း တတ်နိုင်သမျှ ကျွန်တော် ထိန်းသည်။

ကျောင်းတွေ ပြန်ဖွင့်ပြီးသောအခါ မမဝေနှင့် တတွဲတွဲ နေရန် ကျွန်တော့် မှာ အချိန်များစွာ မရတော့ပါ။ မိုးတွေ ဖွိုင်ဖွိုင်ရွာသောအချိန်မို့ ညနေတိုင်းလည်း လမ်းမလျှောက်နိုင်ကြတော့ပါ။

ကျောင်းတွေ ပြန်ဖွင့်ပြီးစ မေလကုန်လုတွင် မမျှော်လင့်သော စာ တစ်စောင်ကို ကျွန်တော် လက်ခံရရှိသည်။

"ကိုလေးလှိုင်

အရွယ်ကို မသိ၍ ခန့်မှန်းခြေဖြင့် 'ကို'ဟု သုံးလိုက်ပါသည်။ ဦး..ဟု သုံးရမည့်အရွယ် ဖြစ်နေပါလျှင် ခွင့်လွှတ်ပါ။

ကိုလေးလှိုင် ပို့လိုက်သော ရင်တွင်းမှ ပိတောက်ပန်း ကဗျာ ကို လက်ခံရရှိပါသည်။

အတွေးအခေါ်လေးကိုလည်း ကြိုက်ပါသည်။ သူတကာတွေ အလွယ်တကူ လေးလုံးစပ်များ အစပ်များနေချိန်တွင် အချိုးမှန်သော လေးချိုးလေး တစ်ပိုဒ် ဖြစ်၍လည်း နှစ်သက်လှပါသည်။

တန်ခူးလ စာစောင်အမီသာ ရောက်လာခဲ့လျှင် ရာသီစာ ဖြစ်သောကြောင့် ကိုလေးလှိုင်၏ ကဗျာကို အဖွင့်စာမျက်နှာ ကဗျာအဖြစ် ကျွန်တော်တို့ အသားပေး ဖော်ပြမည် ဖြစ်ပါသည်။ ယခုတော့ တစ်လ နောက်ကျနေပါသည်။ သို့ရာတွင် အတွေးကောင်းသော ကဗျာလေးတစ်ပိုဒ် ပျောက်ပျက်မသွားစေလိုသော စေတနာဖြင့် ဇွန်လ စာစောင်တွင် ထည့်သွင်းပေးပါမည်။ မဂ္ဂဇင်းစာအုပ်လည်း ပို့လိုက်ပါမည်။

နောင်ကိုလည်း ကဗျာကောင်းလေးများ ပို့ပေးပါ ခင်ဗျား

ကြီးမောင်

အယ်ဒီတာ

အချစ်ဦးထံမှ ပြန်စာရလျှင် ရင်တွေခုန် လက်တွေတုန်၍ ဝမ်းသာမဆုံး ဖြစ်ကာ စာလေးကို ဖတ်၍မဝ ရှု၍မဝ အထပ်ထပ် ဖတ်ကြသည်ဟု ကြားဖူးသည်။

ကျွန်တော့်မှာလည်း အယ်ဒီတာ ဦးကြီးမောင်၏ စာကို ဖတ်မဝ ရှုမဝ ဖြစ်မိသည်။ ရင်တွေလည်း ခုန်သည်။ လက်တွေလည်း တုန်သည်။ လေးလေးစားစား စာပြန်လိုက်သည့်အတွက်လည်း ကျေးဇူးတင် ဂုဏ်ယူမိသည်။

အစသော် စာကို မမဝေအား ပြမည်ဟု ကြံစည်သေးသည်။ သို့ရာတွင် မဂ္ဂဇင်း ထွက်လာမှ အံ့သြအခေါင် လုပ်မည်ဟု စိတ်ကူးပြီး လျှို့ဝှက်ထားလိုက်၏။

မမဝေကို ကျွန်တော် လျှို့ဝှက်ထားသည့် အချက်တစ်ခုလည်း ရှိသေးသည်။

ကျွန်တော်က တယောကို ကောင်းစွာ တီးတတ်သည်။ ရေးယခင်ကဆိုလျှင် လသာတိုင်း ရွှေပင်ရိပ်မှာ ကျွန်တော် တယောတီးလေ့ ရှိသည်။

မမဝေ ရောက်ပြီးမှ ကျွန်တော် တစ်ခါမှ တယော မတီးမိ။ တယော

ဆိုသည့်ကို တီးပါက မေတ္တာနှင့် အချစ်ဘွဲ့တို့က ပါလာမည်။ တစ်ဖက်ခြံမှာ မိန်းမပျိုတစ်ဦး ရှိမှန်းသိလျက် ကိုယ်က လသာသာမှာ သည့်ဘက်ခြံက တယော တီး တေးဆိုခဲ့လျှင် အဓိပ္ပာယ်က မည်သို့ ထွက်လေမည်နည်း။ မမဝေနှင့် ခင်မင် ရင်းနှီးပြီးသောအခါတွင် သည့်စိုးရိမ်မှုတော့ ကျွန်တော့်ရင်မှာ မရှိတော့ပါ။ သို့ရာ တွင် သူတို့အိမ်က လူကြီးတွေနှင့် ကျွန်တော့် အဒေါ်တို့ အထင်လွဲမည်ကို ကျွန်တော် ကြောက်သည်။ ယခင်က ကျွန်တော့်အဒေါ်သည် ကျွန်တော် တယော တီးလျှင် မကန့်ကွက်ဖူးသည်မှာ မှန်၏။ ယခုမူ အခြေအနေက တစ်မျိုးဟု ကျွန်တော် ထင်သည်။ ဪ… ကိုယ့်လိပ်ပြာ ကိုယ် မလုံသည်ကလည်း ပါသေးသည်။

ဇွန်လဆန်းတွင် ကျွန်တော်တို့ကျောင်း၌ နှစ်ပတ်လည် ဆုနှင်းသဘင် လုပ်သည်။ ဆိုပွဲ ကပွဲလေးလည်း ပါလေရာ ကျွန်တော်က တယောတီးရ၏။

ဇာတ်တိုက်၊ သီချင်းတိုက် လုပ်ကြကတည်းက တယောလေးကို ကျွန်တော် က ကျောင်းသို့ ယူသွားသည်။ ညနေ အိမ်ပြန်သောအခါ တယောကို ကျွန်တော် က ဆရာမကြီး ရုံးခန်းတွင် ထားခဲ့သည်။ ပွဲပြီးသော ညနေတွင်ကား ကျွန်တော်သည် တယောလေးကို ပြန်ယူခဲ့၏။

နေ့ခင်းက မိုးရွာထားရာ ယခု ညနေတွင် မိုးတိတ်၍ သာယာနေသည်။ အိမ်အပြန်တွင် ကျွန်တော်က လမ်းကြီးမှ ဖဲ့ဆင်းလိုက်၏။ လမ်းမကြီး ဆီမှ မြေနီလမ်းလေးတစ်ခုသည် ညောင်ပင်အုပ်များ အောက်မှ ဖြတ်ပြီး ကျွန်းဆွယ်ဆီ ပြေးလျက်ရှိသည်။

မြေနီလမ်းအတိုင်း ကျွန်တော်သည် လျှောက်လာပြီး ကျွန်းဆွယ်ဆီ ရောက်ခဲ့၏။

မမဝေနှင့် ကျွန်တော်တို့ ထိုင်နေကျ နေရာလေးမှာပင် ကျွန်တော် ထိုင်လိုက်၏။

မမဝေနှင့် မတွေ့ ရခင်ကတည်းက သည့်ကျွန်းဆွယ်လေးတွင် မကြာခဏ ကျွန်တော် လာထိုင်တတ်သည်။ သာယာသော ညနေခင်းများတွင် သည်နေရာ ၌ တစ်ကိုယ်တည်း တယောတီးသည့်အခါ တီးသည်။

ယခုလည်း မိုး၏ ညနေသည့် တိမ်ပန်းချီစုံစုံနှင့် သာယာလှပနေသည်။ အနောက်မိုးပြင်သည် မှန်သားပြင်ကဲ့သို့ လက်ပြီး အစိမ်းနုရောင်၊ အဝါ ရောင်၊ လိမ္မော်ရောင်၊ သံုးရောင် ရောယှက်တောက်ပနေသည်။ ရောင်စုံ တောက် ပနေသော နောက်ခံရှေ့မှာ မီးခိုးရောင် တိမ်စိုင်တိမ်လိပ်တို့က သဏ္ဌာန်ပုံအမျိုးမျိုး ဖော်လျက် ပေါ်နေကြသည်။ သည့်အထက်မှာတော့ ကောင်းကင်သည် ခရမ်းနှင့် သပြေသီးရောင်သွေး ထွေးယှက်ပြေးနေသည်။ ဟိုတစ်ကွက် သည့်တစ်ကွက်မှာ တော့ စိမ်းပြာရောင်လဲ့လဲ့ ထွန်းလက်နေသည်။

ပတ်ဝန်းကျင်နှင့် ဆီလျော်သော ဝသန်ရာသီ မိုးဘွဲ့ ပတ်ပျိုးလေးကို ကျွန်တော်က တီးရင်း တိုးတိုးဆိုသည်။

“ဝသန်ရာသီ . . ပြာရီရှစ်ခွင်မည်းလို့လေ… ခိုးလွင်မြူခြေ ပန်းငွေဇာမှုံ ကြဲသို့လေး ..“

စာသားလေးများ လှသောကြောင့် မောင်မောင်ဘေ၏ သည်ပတ်ပျိုးလေးကို ကျွန်တော် ကြိုက်သည်။ သီချင်းရှင် စာဆိုရှင်သည် စကားကြွယ်သမျှ သဘာဝအလှကို မြင်တတ်လွန်းလှသည်။

"ခွာညိုရောင် တွဲပြန်ပြီ... ထွေထွေတိမ်ခဲ ကွန့်ကွန့်ခြွေ... သိင်္ဂီရောင်ရွှေ သပြေသွေးလိုနှင့်၊ ထွေးယှက်လို့ဝေ..."

ဆိုတီးရင်း ကျွန်တော် ကျေနပ်မိသည်။ ဂီတအရသာရော၊ ကဗျာ အရသာပါ ခံစားရသည်။ ခွာညိုရောင် တွဲပြန်ပြီ . . ဟူသော အသုံးလေး မှ ကို သိမ်မွေ့လှပစွာ လာ၍ထိသည်။

"နန်းသူ ဗျာပွေ့အခေါင်၊ တိမ်တဲ့ တိမ်သရုပ်ဆောင်၊ ပန်းဝါဆောင် လဲ့လဲ့သန်း၊ ပြာပြာချိုတ် ... ပန်းသက်တံ့သွင်၊ သာခွာ မကာရံ၊ တိမ်ကွန့်ဆင်၊ ရေးရွှေ မင်စိန်တုရင်စွန်းလိုနှင့်၊ လွမ်းထပ်ထပ်တွင်..."

စာဆိုက ရာသီအလှကို ဖွဲ့ရာမှ ရင်မှအကြောင်းကို ဆက်ပြောသည်။ ဪ ... လှသော ရာသီမှာ မစုံသူနှင့် ကွဲပြန်တော့ ငွေမျက်ရည်ဝဲရတတ်သည်။

"ကွန်းကြာရိပ်သည်... ဆွေးအင်ကကဲ၊ စွဲတောက်ပွေ့အပ်၊ ဖြေမရှင်ပုံ တိမ်စုံမူရာ၊ ထူးတဲ့ရာသီ၊ တစ်မှေးမကြည်၊ ဆောင်ကတီထဲမှာလ၊ ဝဲငွေ မျက်ရည်"

သဖြန်ကို ဆက်မဆိုတော့ဘဲ ကျွန်တော်က တယောကို ရပ်လိုက်၏။

ခဲလုံးလေး တစ်လုံးက ကျွန်တော့်အနီး ကျလာသဖြင့် ကျွန်တော်က လှည့်ကြည့်မိ၏။

"ကြည့်စမ်း . . မမဝေ"

ကျွန်တော့်ကျောဘက် ကျွန်းဆွယ်၏ တစ်ဖက်စောင်း၌ မမဝေက ထိုင်နေသည်။

ကျွန်တော်က နေရာမှ ထသွားပြီး မမဝေ၏အနီး၌ ထိုင်လိုက်၏။

"မမဝေက ဒီမှာ ထိုင်နေတာ ကျွန်တော် မမြင်ဘူး"

"မမဝေက ဒီမှာ အစကတည်းက ထိုင်နေတာ မဟုတ်ဘူး၊ လမ်းလျှောက် လာတာ၊ အလွမ်းသမားလေး ခိုးလွမ်းနေတာ မိတော့ ဪ... ဆုံးအောင် လွမ်းပါစေဆိုပြီး ဒီနားက ထိုင်နားထောင်နေတာ သိရဲ့လား"

မမဝေက ပြုံးသလို စူသလို မျက်နှာထားဖြင့် မျက်စောင်းလဲ့လဲ့ထိုးပြီး ပြောရာ ဆင်ခြေရှာမရသော ကျွန်တော်က ရယ်နေရ၏။

"မင်းကို ဒီမှာ တွေ့ရတာ အတော်ပဲ၊ မမဝေ စပ်ထားတဲ့ ကဗျာလေး တစ်ပိုဒ်ကို ရွတ်ပြမလို့"

"မမဝေ စပ်ထားတဲ့ ကဗျာလေး... ဟုတ်လား"

“တစ်ပိုဒ်လုံးတော့ မဟုတ်ဘူးလေ၊ ဟိုနေ့က မင်း အပြီးမသတ်လိုက် တဲ့ အချိုးလေ၊ မမဝေ ဖြည့်စပ်ထားတာ၊ နားထောင်မလား”

“အို . . ဟုတ်လား၊ နားထောင်မှာပေါ့”

“နေဦး .. ဒါဖြင့် မင်း နောက်ဆုံးအပိုဒ်က ဘယ်လိုတဲ့၊ ပြန်ရွတ်စမ်း”

“မဖောက်လွဲပါတဲ့ ခိုင်သစ္စာ၊ မေတ္တာနှစ်သ်ကြွန်ပန်း”

“အဲ… ဟုတ်ပြီ၊ မမဝေ ဆက်စပ်ပြမယ်နော်”

မမဝေက ကျွန်တော့်ကို မချိုမချဉ် ကြည့်ပြီး ရွတ်ပြ၏။

“ဩော် . . မဆင်ငြင်းရင်လ၊

ပင်မင်းမှာ မာလာသုဉ်းသည့်သို့

ဘဝမှာ ပိတောက်တုံးပေလိမ့်၊

ဆံထုံး နောင်မပြင်နဲ့၊

တာသဘင် တစ်ကြိမ်သစ်မှာက

သံသရာ ဟိုတစ်ခေတ်မှာမို့

(ကွယ်) လွမ်းရစ်တော့ မငိုတမ်း”

ကဗျာအဆုံး၌ မမဝေက ကျွန်တော့်ကို ပြုံးလဲ့လဲ့ဖြင့် စိုက်ကြည့်နေ သည်။ အံ့ဩစိတ်ကြောင့် ရုတ်တရက် ကျွန်တော်ကမူ ကြောင်နေ၏။

မမဝေက ရယ်လိုက်ပြီး ကျွန်တော့်ပခုံးကို သူ့လက်သီးလေးဖြင့် ထု၍မေးသည်။

“ဘာမသိချင်ယောင်ဆောင်နေလဲ၊ ဟွန်း… ကိုပို၊ ဒါ . . ဘယ်သူစပ်တာလဲ ပြောလေ”

“ဩော်… အဟင်း၊ အဲ… မမဝေ ဘယ်လိုလုပ် သိလဲ”

“ဘယ်လို သိရမလဲ၊ မနက်က မမဝေ ပျင်းလို့ ဒေါ်ဒေါ်မေနဲ့ သွားစကား ပြောနေတုန်း မင်းနာမည်နဲ့ ပို့လိုက်တဲ့ မဂ္ဂဇင်း ရောက်လာတယ်၊ ဒေါ်ဒေါ်မေက ပေးလို့ မမဝေ ဖတ်ကြည့်တော့ တွေ့တာပေါ့”

ယနေ့က စနေနေ့ ဖြစ်သည်။ နေ့တစ်ဝက်မှာ စာတိုက်က လာပို့သည် တူ၏။ ကြုံကြိုဖန်ဖန် မမဝေနှင့် သွားတိုးသောကြောင့် လျှို့ဝှက်သော ကျွန်တော့် အစီအစဉ် ပျက်ရသည်။ မူလက မမဝေကို ကျွန်တော်က အံ့ဩအောင် လုပ်မည်မှန်းသည်။ ယခု အငိုက်ဖမ်းခံရသူက ကျွန်တော်ပါ။

“မင်းက ဒီကဗျာလေး စပ်ပြီး ဘာလို့ မမဝေကို ဝှက်ထားရတာလဲ”

“ဝှက်ထားတာ မဟုတ်ပါဘူး မမဝေ၊ မဂ္ဂဇင်းမှာ ပါလာမှ ကျွန်တော်က မမဝေကို အံ့ဩအောင် လုပ်မလို့”

“ဆင်ခြေချည်းပဲ၊ ဒါဖြင့် တယောတီးတတ်တာကျတော့လည်း ဘာလို့ဝှက်ထားရသလဲ”

“အဲ… ဒါတော့ မမဝေရယ်..”

“လာပြန်ပြီ၊ ဒီအဆုံးမသတ်တဲ့ စကားတွေ၊ အဲဒါတော့ .. ဘာဖြစ်သလဲ”

“ခက်တာပဲ မမဝေရယ်၊ မမဝေက သိပ်ခက်တာပဲ”

“အလို . . မမဝေက ဘာတွေများ ခက်နေလို့လဲ”

“ခက်တာပေါ့ မမဝေရယ်၊ ကျွန်တော့်ဘဝကို မမဝေ တကယ် နားလည်ရဲ့လား”

“ဘယ်လို… ဘယ်လို”

“ကဲ…နေဦး၊ မမဝေကို ကျွန်တော် သီချင်းလေးတစ်ပိုဒ် ဆိုတီးပြမယ်၊ နားထောင်မလား”

မမဝေ၏ မျက်နှာလေးက ဝင်းကြည်သွား၏။

“တကယ်လား… နားထောင်မယ်လေ၊ ဘယ်သီချင်း ဆိုတီးပြမလဲ”

“ဂီတနက်သန် ကိုစောငြိမ်းရဲ့ သည်ဆောင်းဟေမာန်လေ. . ၊ မမဝေ ကြားဖူးတယ် မဟုတ်လား”

“အင်း . . ကြားဖူးတယ်၊ ကောင်းလည်း သိပ်ကောင်းတယ်၊ အဆိုရလည်း ခက်တယ်၊ ဆိုပြလေ… မမဝေ နားထောင်မယ်”

ကျွန်တော်က တယောကြိုးများကို ပြင်ညှိပြီး ဆိုတီးပြသည်။

“သည်ဆောင်းဟေမာန်… မြောက်ပြန်လေညှင်း ဆော်တယ်ကို၊ နတ်တော်… ပြာသို… ခွာညိုတည့် နှင်းဖုံ… ဖုံ။

ရွှေဝတ်မှုံ . . ငွေဝတ်မှုံ တသုံသုံ လေယူလွင့်လို့ ရိုးတံဆင့်၊ ပင်မြင့်ယံ မှာ စံပယ်ညီလာ၊ ထိပ်ခေါင်းပန်းမြတ်၊ သမ္ဘတာဘုရင်၊ ငွေသဇင်ဟန်မူနွဲ့ ယဉ်ကြော့ နိုင်လွန်းရှာ။

အသွယ်သွယ် ညွှတ်ကိုင်း ရွှေကျိုင်းတလူလူ၊ ငွေကျိုင်း တံခွန်ထူကာ သဲဖြူ ငွေ ရာဇမတ်ကာ၊ မင်းဘဏ္ဍာတော်မှတ်… ချူရေးရာလှမ်း… သည် ပန်းမြတ်ကိုသာ ပန်ချင်သူပါ၊ မှန်စိန်စီ သိင်္ဂနန်းမှာ .. မမှန်းသာ မလှမ်းသာ၊ လရာသီညှောင်း . . မြောက်ပြန်လေလောင်း၊ သည်ဆောင်းဟေမာန်ခါ”

သီချင်းအဆုံးတွင် မမဝေက ကျွန်တော့်ကို တွေတွေကြည့်နေသည်။ အတန်လေးကြာမှ မေးသည်။

"ဘာဖြစ်လို့ ဒီသီချင်းကိုမှ ရွေးပြီး ဆိုပြရတာလဲ"

"ဆီဆိုင်နေလို့ပေါ့ မမဝေရယ်၊ ကျွန်တော် ရှင်းပြပါမယ်။ ဟိုရှေးတုန်းက သဇင်ပန်းဟာ တော်ဝင်ပန်းတဲ့၊ သဇင်ပန်း ပွင့်ပြီဆိုရင် သာမန် ပြည်သူတွေဟာ မပန်ရဘူး၊ မြို့ ဝန်မင်းထံ ဆက်ရသတဲ့၊ မြို့ဝန်မင်းကလည်း သဇင်ပန်းဦးကို ရွှေနန်းရွှေအိမ်မှာ ထည့်ပြီး လက်ခံရတယ်၊ ရွှေကျိုင်း ငွေကျိုင်း ရွှေထီး ငွေထီး မိုးထားပြီး သဲဖြူခင်း၊ ရာဇမတ်ကာထားရတယ်၊ ပြီးတော့မှ မင်းဇကရာဇ် ဆက်ရတယ်၊ နန်းတွင်းမှာတောင်မှ မင်းဧကရာဇ်နဲ့ ဧကရီ မိဖုရားခေါင် ကြီးခေါင်းမှာ မပန်ခင် ဘယ်သူမှ အရင်ဦးပြီး မပန်ရဘူးတဲ့၊ အဲဒါတော့ မမဝေလည်း သိပြီး ဖြစ်မှာပါပဲလေ"

"အဲဒါနဲ့ ဘာဆိုင်လို့တုံး"

"ဆိုင်တာကို ပြောမလို့ပါ မမဝေ၊ တော်ဝင်ပန်းမြတ် ထားတဲ့ သဲဖြူ ငွေရာဇမတ်ထဲ သွားကျော်ဖြတ်တဲ့ လူဟာ ဒူးပြတ်ရမှာပေါ့၊ ဒေါ်ဒေါ်တို့ အလိုအရ ကျွန်တော့်ဘဝကလည်း မမဝေ လမ်းလျှောက်ခေါ်ရင် လိုက်၊ ခိုင်းတာကို ကောင်းကောင်းမွန်မွန် ရိုရိုသေသေ လုပ်ပေး၊ အဲဒီထက် မပိုရဘူး ဆိုပါတော့၊ ကျွန်တော် က ဟောဒီ တယောလေးနဲ့ မမဝေတို့ ဧည့်ခန်းက ပီယာနိုဘေးမှာ မမဝေနဲ့ တီးမှုတ်မိတယ် ဆိုရင် ဘာဖြစ်သွားမလဲ၊ သဲဖြူငွေရာဇမတ်ကို ကျော်ရမလား ဆိုပြီး ကျွန်တော် ဒူးဖြတ်ခံရမှာ ကြောက်တယ်"

မမဝေထံမှ စကားပြန်ကို ကျွန်တော် ချက်ချင်းမရပါ။ မော့ကြည့်လိုက်သော ကျွန်တော့်မျက်လုံးများက ကျွန်တော့်ကို စိုက်ကြည့်နေသော မမဝေ၏ မျက်လုံးများနှင့် ဆုံရသည်။

ဘာကြောင့်ရယ် မသိ၊ မမဝေ၏ မျက်လုံးတို့တွင် မျက်ရည်များ ဝဲနေ၏။

ကျွန်တော့်ထံမှ မျက်လုံးလွှဲသွားပြီး မမဝေသည် ကန်ရေပြင်ကို အတန် ကြာ စိုက်ကြည့်နေသေး၏။ ခဏကြာမှ ရယ်သံအစစ် မဟုတ်လှသော အသံဖြင့် မမဝေ ရယ်သည်။

"သဲဖြူငွေ ရာဇမတ်ကာ မင်းဘဏ္ဍာတော်မှတ်...တဲ့၊ မောင်လေးလှိုင် ရေ . . ပဒေသရာဇ် ဧကရာဇ်ဟာ နည်းနည်းမှ မတရားဘူး၊ ဪ .. ပဒေသရာဇ် ဧကရာဇ်ခေတ် ပြီးတော့ ဘယ်ခေတ် လာလဲ"

"အရင်းရှင်ခေတ်ပေါ့ မမဝေ"

"အဲဒီခေတ် အဲဒီစနစ်ကကော ကောင်းရဲ့လား"

ကျွန်တော် မဖြေပါ။ သူဌေးသမီး မမဝေ၏ သည်အမေးကို ကျွန်တော် မဖြေချင်ပါ။

"မင်းက မဖြေဘူး၊ ကဲ .. မမဝေကပဲ ဖြေပါ့မယ်၊ တက္ကသိုလ်မှာတုန်းက မမဝေရဲ့ သူငယ်ချင်းတချို့ဟာ ဟိုဒင်း... လက်ဝဲသမားတွေပေါ့ကွယ်။ သူတို့က

အရင်းရှင်စနစ်ကို ဝေဖန်ကြတယ်၊ မမဝေ အမှန်ဝန်ခံမယ်၊ အစကတော့ သက်သက်မနာလိုဝန်တို ပြောကြတယ် ထင်တယ်၊ အခုတော့လည်း စဉ်းစားစရာ ဖြစ်လာတယ်။ ဥပမာ မမဝေ ပြောမယ်။ အခု မမဝေတို့ တိုက်ဟာ ဘယ်လောက် ကုန်တယ် ထင်သလဲ”

“ဘယ်သိနိုင်ပါ့မလဲ မမဝေ”

“နှစ်သိန်း ကုန်တယ်၊ ကမ်းနားက စက်ဝင်းထဲမှာလည်း အိမ်ကြီးတစ်လုံး အကောင်းကြီး ရှိသေးတယ်၊ အဲဒီဝင်းထဲမှာပဲ အလုပ်သမားတွေ နေတဲ့ တန်းလျား ရှိတယ်။ မမဝေတို့ အဘိုးလက်ထက်က ဆောက်ပေးထားတာတဲ့၊ အခုဆို ယိုင်လို့ ရွဲ့လို့၊ အကျိုးတွေ အပေါက်တွေနဲ့၊ ဒါပေမဲ့ ပြင်မပေးဘူး၊ မမဝေတို့ ကတော့ နှစ်သိန်းတန် အိမ်တစ်လုံး ထပ်ဆောက်တယ်”

မမဝေ ဘာဆိုလိုသည်ကို မသိသော်လည်း ကျွန်တော်က စိတ်ဝင်စားလာ၏။

“ဒီတော့ ဒါ တရားရဲ့လား၊ မတရားဘူးလို့ မမဝေ ထင်တယ်၊ အခုနေတော့ မမဝေလည်း ဘာမှ မတတ်နိုင်သေးဘူး၊ မမဝေဟာ သူများ ကြမ္မာကို ဖန်တီးပေးနိုင်ဖို့ နေနေသာသာ ကိုယ့်ကြမ္မာတောင် ကိုယ် ပိုင်ရဲ့လား၊ သံသယ ဖြစ်မိတယ်၊ ဪ .. မောင်လေးလှိုင် ဘားနဒ်ရှော ဆိုတဲ့ စာရေးဆရာကြီး- ကြားဖူးလား”

“ခွသမား စာရေးဆရာကြီးလို့ ကြားတော့ ကြားဖူးတယ်၊ သူ့စာပေ မဖတ်ဖူးသေးဘူး”

“ခွသမား မဟုတ်ပါဘူး၊ မှန်တာတွေကို ပိဿာလေးနဲ့ ဘေးပစ်သလို ရေးပြတတ်တယ်၊ မမဝေကို လိပ်ပြာမသန့်အောင် တနှံ့နှံ့ နှိပ်စက်နေတဲ့ သူ့စကား တစ်လုံး ရှိတယ်၊ အင်္ဂလိပ်လိုတော့ လီဂယ် ပရော့စတီကြူးရှင်းတဲ့၊ မြန်မာလို တည့်တည့်ပြန်ရရင် တရားဥပဒေဘောင်ထဲက ပြည့်တန်ဆာစနစ်တဲ့။ သူ ဘာကို ပြောတာလဲဆိုတော့ ချစ်ခြင်းမေတ္တာမပါဘဲ ဂုဏ်နဲ့ ဓနအတွက် ထိမ်းမြားလက်ထပ်ပေါင်းသင်းကြတာကို ပြောတာ”

မမဝေက ရဲရဲကြီး ပြောချနေသော်လည်း မျက်နှာ မထားတတ်သော ကျွန်တော်က မျက်လွှာချထား၏။

“အဲဒီဘဝမျိုးကို ကိုယ်ကိုယ်တိုင် ရောက်သွားမှာ မမဝေ လိပ်ပြာမသန့်ဘူး၊ လိပ်ပြာမသန့်လို့ သတ္တိရှိသလား ဆိုတော့လည်း သတ္တိက မရှိပြန်ဘူး၊ ဟိုတစ်နေ့က ပြောခဲ့သလိုပါပဲလေ၊ သတ္တိဆိုတာက မစွန့်မဖြစ်မှ ပေါ်တာ၊ မစွန့် မဖြစ် ဖြစ်ဖို့ကလည်း တစ်စုံတစ်ရာကို ဆုံးရှုံးမှာ ကြုံရတော့မှ၊ ဒီမှာဘက်မှာထက် မြတ်နိုးစရာကို ဟိုမှာဘက်မှာ တွေ့ရမှ”

သည်စကားကို မမဝေ ဆိုသည်မှာ နှစ်ကြိမ် ရှိပြီ။ မမဝေ အတိအကျ ဘာကို ဆိုလိုနေပါသနည်း။ ကျွန်တော် မသိပါ။

မျက်နှာလေး ညှိုညှိုနှင့် ပြောနေရာမှ မမဝေသည် ကျွန်တော့်ကို ကြည့် လိုက်ပြီး ယဲ့ယဲ့ပြုံးသည်။

“မင်းကို စိတ်မချမ်းသာစရာတွေ မမဝေ ပြောနေမိပြန်ပြီ ထင်တယ်”

“အို.. အို... မဟုတ်ပါဘူး၊ ပြောပါ မမဝေ၊ မမဝေ ရင်ထဲ ရှိတာတွေ ကို ပြောချင်တာ ပြောပါ၊ မမဝေရဲ့ ရင်ထဲ ရှိတာ ပြောတာကို နားထောင်ခွင့်ရှိတဲ့ ကောင်လေးတစ်ကောင်အဖြစ် ကျွန်တော် ဂုဏ်ယူပါတယ်”

“ကြည့်... လုပ်လိုက်ပြန်ပါပြီ”

“ခင်ဗျာ . . ဘာလဲ၊ မမဝေ ဘာပြောတာလဲ”

“ဘာပြောရမလဲ၊ ပိုလိုက်တာကို ပြောတာ၊ ကဲ... စကားပြန်မကြွယ် နဲ့၊ ခုနင်က သီချင်းပြန်တီးပြ”

“မိုးချုပ်သွားလိမ့်မယ် မမဝေ”

“ကောင်းပြီ၊ ဒါဖြင့်ရင် အိမ်ကျမှ ဟုတ်လား”

“ဖြစ်ပါ့မလား မမဝေရယ်”

“ဘာလို့ မဖြစ်ရမလဲ၊ သဲဖြူတွေ ရာဇမတ်တွေ လုပ်မနေနဲ့... မောင်လေးလှိုင်. .. မင်း မမဝေကို တကယ်ခင်သလား”

“ဩော် .. မမဝေရယ်၊ မေးနေဖို့ လိုသေးရဲ့လား”

“အဲဒီလိုဆိုရင် မင်း မမဝေကို မှန်စိန်စီ သိင်္ဂီနန်းက သဇင်ပန်းနဲ့ ဘာနဲ့လည်း မနှိုင်းနဲ့၊ မင်း နှိုင်းချင်ရင် ပိတောက်ပန်းနဲ့ နှိုင်းချင်နှိုင်း”

“ခင်ဗျာ .. ပိတောက်ပန်းနဲ့ ..”

“ဟုတ်တယ်လေ၊ မင်းပဲ .. ဟိုညနေက ပြောခဲ့တယ် မဟုတ်လား၊ ပိတောက်ပန်းဟာ အနည်းဆုံး လောကကို အလှဆင်ပေးတယ်တဲ့၊ မမဝေလည်း တတ်နိုင်သမျှ လောကကို အလှဆင်ဖို့ ကြိုးစားမယ်၊ အဲဒီလောက ဆိုတာထဲမှာ မင်းလည်း ပါတယ်၊ မောင်လေးလှိုင် ဆိုတဲ့ ကဗျာဆရာလေးတစ်ယောက်လည်းပါတယ်၊ ကျေနပ်ရဲ့လား”

ကျွန်တော် ကျေနပ်ပါသည်။ သို့ရာတွင် နားမလည်ပါ။

မမဝေနှင့်အတူ ယှဉ်တွဲပြန်လာစဉ် ထုံးစံအတိုင်း မမဝေ၏ မျက်နှာလှလှလေးကို ကျွန်တော် ခိုးကြည့်သည်။ ကိုယ်လှလှလေးကိုလည်း ခိုးကြည့်သည်။

သည်ကိုယ်လှလှ၊ ရင်လှလှအတွင်းက နှလုံးသားဆီမှာ ဘာတွေ ရှိနေသနည်း။

ကျွန်တော် မသိပါ၊ ကျွန်တော် နားမလည်ပါ။

*****

အခန်း [၁၁]

ဩော်... ဟိုယခင်အခါများက ပိတောက်ဖူးငုံလေးများကို အိပ်ပျော်နေသော အလှတရားလေးများဟု ကျွန်တော် တင်စားခဲ့သည်။ ငွေလရောင်ကိုတော့ ချော့နှိုးလေသူအဖြစ် ပမာနှိုင်းခဲ့သည်။

ယခုတော့ ကျွန်တော့် ရင်တွင်းမှာလည်း ကဗျာတည်းဟူသော အလှတရားလေးတွေနှင့်၊ ချစ်ခြင်းမေတ္တာ ငွေရောင်က တို့နှိုးလာတော့ သူတို့လေးတွေလည်း ပွင့်နိုးလာရသည်။ ဦးကြီးမောင်တို့၏ မဂ္ဂဇင်းတွင် ကျွန်တော်၏ ကဗျာလေးများသည် တစ်လခြား ဆိုသလို ပါပါလာသည်။

အစမှာတော့ အယ်ဒီတာ့အကြိုက်ကို လိုက်ပြီး လေးချိုးပုံစံနှင့် ကျွန်တော် စပ်သည်။ တစ်ခါတစ်ရံ ကွန့်ပြီး ဖိုးဝဇီရတို့၏ မှာတမ်းပုံစံကို ခေတ်မီရန် ပြုပြင်ပြီး သုံးသည်။ နောင်တော့ ပုံစံကို ဂရုမစိုက်တော့ဘဲ ရင်နှင့် လက်မှာ တွေ့သကဲ့သို့ ရေးသည်။

နှင်းလေးတွေ ဝေသော နတ်တော်လတွင် မဂ္ဂဇင်း၌ ကျွန်တော်၏ ' ငွေလမင်း၏ သစ္စာရှင် ' ဟူသော ကဗျာ ပါလာသည်။

လေးလုံးစပ်သည့် ကဗျာလေးကိုတော့ မမဝေကို ကျွန်တော်က ရွှေးပင်ရိပ်မှာ ပြခဲ့သည်။

'ပန်းတိုင်း အိပ်စက်

နေ့ကို မက်သည်

ညနက်သဘင်

လှမဆင်လို

နှင်းလျှင် ဖြိုးဖြောက်

တံခါးခေါက်လည်း

မိုးသောက်ထိအောင် အိပ်ရက်သည်။

ကုမုဒကြာ

ကျွန်ုပ်သာလျှင်

မျက်နှာငယ်သော

ကြယ်၏တောမှ

တိမ်ကြောဆန်သူ

ပန်းချစ်သူကို

လူသူ ဆိတ်တုန်း

ညနက်တုန်းမှာ

အပြုံးပွင့်နှင့် ကြိုပါ၏။

ဩော်... လကွယ်သောည

နှမဘယ်ဆီ

ရောက်ခဲ့ပြီနည်း။

နာရီပြန်ညောင်း

ညပေါင်းရင့်ရှည်

မှောင်သည်ပိန်းပိန်း

သန်းယိမ်းလွန်လွန်

တံခွန်သောက်ရှုး

အရုဏ်ကူးစေ

ချစ်ဦးသူကို စောင့်ပါမည်...’

မမဝေသည် ကဗျာလေးကို အချိန်ကြာစွာ ဖတ်နေ၏။ အထပ်ထပ် ဖတ်နေဟန်တူ၏။

“ဒီကဗျာကိုကော ကြိုက်ရဲ့လားဟင် မမဝေ”

“ကြိုက်တာပေါ့၊ မမဝေက မင့်ကဗျာလေးတွေဆို အကုန်ကြိုက်တာပဲ၊ ဟောဒီကဗျာလေးရဲ့ဟန်က တစ်မျိုး၊ မင်း တာဂိုးရဲ့ကဗျာတွေ ဖတ်ဖူးလား”

“ဟင့်အင်း...”

“ဒီကဗျာလေးက တာဂိုးဆန်တယ်၊ မင်း ကြုံကြုံဖန်ဖန် မြင်တတ်တယ်၊ ကြုံကြုံဖန်ဖန်လည်း တွေးတတ်တယ်၊ အင်းလေ... မင်း ရှေ့ဆက် အခေါင်မြင်ဦးမှာပဲ၊

ဒါထက် မင်း ဝတ္ထုတွေ ဘာတွေကော မရေးတော့ဘူးလား”

“ ရေးတော့ ရေးတာပဲ မမဝေ၊ ပို့လည်း ပို့လိုက်တာပဲ၊ ဒါပေမဲ့ အရွေးမခံရဘူး၊ သူတို့က ပြန်ပို့တာချည်းပဲ ”

“ဘာကြောင့် မရွေးဘူးဆိုတာ ရှင်းမပြကြဘူးလား”

“အဲဒီလိုတော့လည်း ရှင်းမပြကြဘူး”

“အင်းပေါ့လေ၊ သူတို့မှာ ဖတ်ရတဲ့ စာမူတွေကလည်း အများကြီး၊ ပယ်ရတာတွေကလည်း အများကြီး၊ ပယ်ရသမျှ ဘယ်ရှင်းပြနိုင်ကြမလဲ၊ ဒီလို လုပ်လေ... အပယ်ခံထားရတဲ့ စာမူတွေ မမဝေကို ပေးဖတ်နော်၊ မမဝေ ဝေဖန်ပေးမယ်”

“ဟင်... ဟုတ်ပါရဲ့ အဲဒါ ကျွန်တော် အကြံမရဘူး၊ ဟုတ်တယ်၊ မမဝေ ဝေဖန်ပေးနော်၊ ကျွန်တော် ပေးဖတ်မယ်”

ကျွန်တော်သည် ထိုနေ့ညနေတွင် ကျွန်တော်၏ အပယ်ခံ ဝတ္ထုစာမူလေးများကို မမဝေ၏ လက်ထဲ အပ်လိုက်၏။

၃ ရက်ခန့် ကြာသော စနေနေ့၏ နေ့လယ်တွင် မမဝေသည် ကျွန်တော်တို့ အိမ်ဘက်သို့ ကူးလာသည်။ မမဝေ၏ လက်တွင်း၌ ကျွန်တော့်စာမူလေးများလည်း ပါသည်။ စာအုပ် နှစ်အုပ်လည်း ပါလာ၏။

စနေနေ့ ဖြစ်သောကြောင့် ဦးလေးက ဂေါက်ရိုက်သွားပြီး အဒေါ်ကသာ ဆီးကြိုမေး၏။

“စာအုပ်တွေနဲ့ ဝေဝေ ဘာလုပ်မလို့လဲ”

“ဪ... မောင်လေးလှိုင်ကို စာသင်ပေးမလို့”

“ အေး အေး ကောင်းတယ် ကောင်းတယ်၊ ဒီကောင် ဒီနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေရမှာ ”

ကျွန်တော်တို့ အိမ်မှာ စာကြည့်ခန်းက ကျယ်ဝန်းသည်။ သီးသီးသန့်သန့် လွတ်လွတ်လပ်လပ်လည်း ရှိ၏။

စားပွဲ၌ ထိုင်မိကြသောအခါ မမဝေက တိုးတိုး ကျိတ်ရယ်သည်။

“မုသားမပါ လက်မချောတဲ့၊ ဒေါ်ဒေါ် မေးတော့ စာသင်ပေးမလို့ဆို လိမ်လိုက်ရတာပဲ၊ အင်းလေ... တကယ်တော့ ဒါလည်း စာသင်တာပဲဟာ”

ယင်းသို့ နိဒါန်းပျိုးပြီးနောက် မမဝေသည် လုပ်ငန်း စတော့၏။

“ မောင်လေးလှိုင်က ဝတ္ထုတွေ ရေးတာတော့ ဟုတ်ပါရဲ့ ဝတ္ထုရေးနည်း အတတ်ပညာကော ဆည်းပူးဖူးလား ”

"ဟင့်အင်း... ဒီလိုပဲ ရေးတာပဲ"

"တခြားစာရေးဆရာတွေရဲ့ ဝတ္ထုတွေ ဖတ်၊ ပြီးတော့ ကိုယ်လည်း စမ်းရေးကြည့်၊ ဒီလို မဟုတ်လား"

"ဟုတ်ကဲ့..."

"တခြား စာရေးဆရာတွေရဲ့ ဝတ္ထုတွေကို ဖတ်တော့လည်း ဇာတ်လမ်း ဇာတ်ကွက် ဖွဲ့ယူပုံ၊ ဇာတ်ကောင်တွေကို ကိုင်တွယ်သုံးပုံ၊ အတွေးအခေါ်ကို ပေးပုံ၊ ထုံးထားတာလေးတွေ ဖြေပုံ၊ လိပ်ထားတာလေးတွေ ဖြန့်ပုံ၊ အဲဒါလေးတွေ သရုပ်ခွဲကြည့်ဖူးလား"

"ဟာ... ဟင့်အင်း၊ ဒီလိုပဲ ဖတ်တာပဲ၊ ကောင်းရင် ကြိုက်လိုက်၊ ဟို ဟာလေး ဒီဟာလေးတော့ အတုခိုးထားလိုက်၊ အဲဒီလောက်တော့ လုပ်တာပဲ"

"ဝတ္ထုကောင်းကောင်း ရေးတတ်ချင်ရင် ဝတ္ထုကောင်းတွေကို များများ ဖတ်ပေးရမယ်၊ အဲဒါကတော့ မလွှဲမသွေ လုပ်ရမှာပဲ၊ ဒါပေမဲ့ သိထားအပ်တဲ့ အခြေခံအင်္ဂါရပ်တွေနဲ့ နည်းစနစ်တွေ ရှိတယ်။ မမဝေ ပြောပြမယ်"

မမဝေသည် မျက်နှာလေးကို တည်တည်ထားပြီး လေးနက်သော အသွင်ကို ဆောင်လိုက်၏။

" မောင်လေးလှိုင် ပုံပြင်တွေရော၊ ဝတ္ထုရော ဖတ်ဖူးမှာပေ့ါ၊ မေးမယ် ပုံပြင်နဲ့ ဝတ္ထု ဘာကွာခြားသလဲ "

"ပုံပြင်နဲ့ ဝတ္ထု ဘာကွာခြားလဲ၊ ဟိုဒင်း... သိသလိုလိုပဲ၊ ပြောတော့ မပြတတ်ဘူး"

"လက်ာကြီးတွေ၊ ပြဇာတ်တွေလိုပဲ ပုံပြင် ဆိုတာက စာပေသမိုင်းဦးကတည်းက ပေါ်လာကာ၊ နော့ဗယ်(လ်) လို့ ခေါ်တဲ့ ဝတ္ထုကတော့ ခရစ်စ် ၁၃၀၀ တစ်ဝိုက်လောက်ကျမှ စတင်ပေါ်လာတာ၊ သစ်ဆန်းသော စာပေပုံစံတခု ပေ့ါကွယ်၊ ဝတ္ထုဟာ ဝတ္ထု ဖြစ်လာဖို့ ပထမဆုံး လိုအပ်ချက်က အင်္ဂလိပ်လို ဘီလိဗေးဗ်နက်စ်လို့ခေါ်တဲ့ ယုံဖွယ်ရှိခြင်း အင်္ဂါနဲ့ ပြည့်စုံရတယ်၊ ယုံဖွယ်ရှိခြင်း ဆိုတာက ဝတ္ထုထဲက အဖြစ်အပျက်တွေကို ဖတ်နေတုန်းမှာ ဖတ်သူက ဒီလောက တစ်နေရာရာမှာ တကယ်ဖြစ်နေတယ်လို့ ထင်မှတ်နိုင်စေရမယ်၊ မဖြစ်နိုင်တဲ့အကြောင်းတွေကို ရေးပြနေဦး၊ ဖတ်နေစဉ်အတွင်းမှာ တကယ်ဖြစ်နေတယ်လို့ ထင်မှတ်လာနိုင်စေရမယ်၊ ဥပမာ... ရိုင်ဒါဟတ်ဂတ်ရဲ့ ဝတ္ထုမျိုးတွေပေ့ါ၊ မင်း ဖတ်ဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ဆရာကြီးရွှေဥဒေါင်းတို့၊ ဆရာကြီးဒဂုန်ရွှေမျှားတို့ ဘာသာပြန်တာ ကျွန်တော် ဖတ်ဖူးပါတယ်"

"ပုံပြင်မှာက ဒီအင်္ဂါ ရှိဖို့ မလိုဘူး၊ ရွှေယုန်နဲ့ ရွှေကျား သက်ကယ်ရိတ် သွားလို့ရတယ်၊ မြေခွေးကြီးက လူလိုစကား ပြောချင် ပြောရတယ်၊ ဝတ္ထုမှာတော့ မရဘူး၊ ဝတ္ထုမှာ ယုံဖွယ်ရှိခြင်း အင်္ဂါရအောင် စာရေးဆရာက တစ်နည်းနဲ့ မဟုတ် တစ်နည်း တိုင်းမ်းပင် စပေ့စ် ဆိုတဲ့ ကာလနဲ့ ဒေသကို ပီပီပြင်ပြင် ဖော်ပေးရတယ်၊

တစ်နည်း ဆိုရရင် သမိုင်းနဲ့ ပထဝီကို လွှတ်ထားလို့ မရဘူး၊ ဟိုးရှေးရှေးတုန်းက ရှင်ဘုရင်ကြီးတစ်ပါး စိုးစံသော နဂပူရတိုင်းပြည်ကြီး၌ ဆိုတာမျိုး သွားလုပ်လို့ မရဘူး၊ မောင်လေးလှိုင်ရဲ့ ဝတ္ထုလေးတွေမှာ မမဝေ အဲဒါမျိုး သွားတွေ့တယ်၊ ဘယ်မြို့လဲ၊ ဘယ်ရပ်ကွက်လဲ မပါတဲ့အခါ မပါဘူး၊ တစ်ခါတလေ ဘယ်တုန်းက ဖြစ်ခဲ့တာဆိုတာ မပေါ်လွင်ဘူး၊ ဘုရားစူး အဟုတ်တကယ် ဖြစ်ခဲ့တာပါလို့ စာရေးဆရာက အားပျော့ပျော့နဲ့ ပြောသလို ဖြစ်နေတယ်”

ဟုတ်နေသောကြောင့် ကျွန်တော် ရယ်နေ၏။

“ကာလနဲ့ ဒေသ ပေါ်ရမယ် ဆိုတာနဲ့ ကာလနဲ့ ဒေသကို မဆီမဆိုင် သီးသီးသန့်သန့်ကြီး လျှောက်ရေးပြလို့လည်း မဖြစ်သေးဘူး၊ ကာလနဲ့ ဒေသဟာ ဘဝပတ်ဝန်းကျင် ဖြစ်သွားမှ ပြီးပြည့်စုံတယ်၊ ကာလနဲ့ ဒေသ ဖော်ပြမှုဟာ ဇာတ်ကောင်ရဲ့ စိတ္တဇာတ၊ လူ့ဘဝတွေကို ဖော်ပြမှုနဲ့ ဆက်နွယ်မိဖို့ သိပ်အရေးကြီးတယ်၊ ဘဝပတ်ဝန်းကျင် ဖန်တီးမှု အောင်မြင်သွားရင် ဇာတ်ကောင်ရဲ့ သံသရာဟာ ထင်ရှားလာတယ်။ ဇာတ်ကောင်ဟာ ဇာတ်ကောင်သံသရာမှာ ကျင်လည်ရခြင်းဟာ ဇာတ်လမ်းပဲ ဖြစ်တယ်၊ တစ်နည်း ပြောရရင် သီးခြား လွတ်လပ်သော ဇာတ်လမ်းရယ်လို့ မရှိဘူး၊ ဇာတ်ကောင်ဟာ သူ့စရိုက် သူ့ဝေဒနာနဲ့အညီ သူ့သံသရာမှာ သူကျင်လည်ခြင်းကိုသာ အမည်အဖြစ် ဇာတ်လမ်းလို့ ခေါ်တာ၊ ဇာတ်လမ်းကို ပထမ၊ ဇာတ်ကောင်ကို ဒုတိယ လုပ်လိုက်ရင် ဝတ္ထုဟာ အသက် သေသွားတတ်တယ်၊ အဲဒီအပြစ်လည်း မောင်လေးလှိုင်ရဲ့ ဝတ္ထုတွေမှာ တွေ့ရတာပဲ”

“ဟာ… မမဝေရယ်၊ ဒီလိုဆို ဝတ္ထုရေးရတာ ဘယ်လွယ်တော့လို့လဲ”

“လွယ်သော အနုပညာ ဖန်တီးမှုဆိုတာ ဘယ်ရှိပါ့မလဲ မောင်လေးလှိုင်၊ အမှန်က မမဝေက အကောင်းစံချိန် သဘောကို ပြောပြနေတာပါ၊ ကမ္ဘာကျော်စာရေးဆရာကြီးတွေရဲ့ ကမ္ဘာကျော် ဝတ္ထုကြီးတွေမှာတောင်မှ ဒီစံချိန်က အမြဲတမ်း အပြည့်မရှိဘူး၊ မမဝေက ဝေဖန်ရေးအမြင်နဲ့သာ ပြောနေရတာ၊ ဝေဖန်ဖို့က လွယ်တယ်၊ ဖန်တီးဖို့က ခက်တယ်”

“ကျွန်တော့် ဝတ္ထုတွေမှာ တခြား ဘာအပြစ်တွေ့သေးလဲ”

“ မောင်လေးလှိုင် ဝတ္ထုတွေက ဝတ္ထုတိုလိုလို၊ ဝတ္ထုရှည်လိုလိုလည်း ဖြစ်နေသေးတယ်၊ ဝတ္ထုတို ဆိုတာက ဘဝတစ်ကွက်ကို လှစ်ခနဲ လျှပ်လက် ပြတာမျိုး၊ တချို့ အဖြစ်တွေက လျှပ်ခဏ လက်ပြမှပဲ လှတယ်၊ လမင်းကြီးက ထိန်ထိန်သာပြနေရင် လှချင်မှ လှတာ၊ ဝတ္ထုရှည်ဆိုတာက တစ်ရစ်ပြီး တစ်ရစ် လှစ်ပြတာမျိုး၊ တစ်နည်းဆိုရရင် ဝတ္ထုရှည်ဟာ သမိုင်းတစ်ခုပဲ၊ လူ့သမိုင်းကြီးထဲက လူတစ်ယောက်၊ သို့မဟုတ် လူတစ်စု၊ သို့မဟုတ် လူတန်းစားတစ်ရပ်ရဲ့ သမိုင်းတိုတစ်ခုပဲ”

“ပြီးတော့ကော…”

“ဘာပြောတာလဲ၊ ပြီးတော့ကော ဆိုတာ…”

“ကျွန်တော့်ဝတ္ထုက အပြစ်တွေလေ…”

" နောက်တစ်ပြစ်က တွေးခေါ်မြော်မြင်ရေး အပိုင်းပဲ၊ မောင်လေးလှိုင် ဝတ္ထုထဲက တွေးခေါ်မြော်မြင်မှုတွေက မောင်လေးလှိုင်ရဲ့ ကိုယ်ပိုင်လို့ ဖတ်ရသူက မယုံနိုင်ဘူး၊ ပေါပင် ဖြစ်နေတဲ့နောက် သံယောင်လိုက်သလို ဖြစ်နေတယ်၊ ဆန္ဒဒေါသာ၊ ဘယာမောဟ၊ အပါယ်ကျသား... ဆိုတဲ့ လောကသာရပျို့က ဆုံးမစာကို မောင်လေးလှိုင် ရသလား "

"ရပါတယ်၊ အဂတိ မလိုက်စားဖို့ ဆုံးမထားတာလေ၊ ဆန္ဒဂတိ၊ ဒေါသဂတိ၊ ဘယာဂတိ၊ မောဟဂတိ၊ လောဘဂတိ... ဆိုတဲ့ ဆန္ဒစွဲ သို့မဟုတ် အချစ်ကြောင့်ဖြစ်စေ၊ အမုန်းကြောင့် ဖြစ်စေ၊ ကြောက်လို့ဖြစ်စေ၊ မသိနားမလည်လို့ ဖြစ်စေ၊ အမှားကို အမှန်, အမှန်ကို အမှား ပြောမိတာ၊ အမှားကို အမှားလို့ မပြောရဲသလို အမှန်ကိုလည်း အမှန်လို့ မထောက်ခံရဲတာ၊ အဲဒီလို အဂတိလိုက်စားရင် အပါယ်ကျတတ်တယ်လို့ ဆိုထားတာ"

"စာရေးဆရာ ဖြစ်လာရင် တွေးခေါ်မြော်မြင်မှုပိုင်းမှာ အဂတိ မလိုက်စားဖို့ အရေးကြီးတယ်၊ ကိုယ်ပိုင် အတွေ့အကြုံ၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်ပိုင် သိမ်းပိုက်မျိုချနိုင်ပြီး လောကကိုလည်း တကယ် အကျိုးပြုနိုင်တဲ့ လောကအမြင်မျိုးကိုသာ စာရေးဆရာက စွဲကိုင်ထားသင့်တယ်၊ ဒီနေရာမှာတော့ မောင်လေးလှိုင်ကို သိပ်အပြစ်မတင်နိုင်ဘူး၊ မောင်လေးလှိုင်က ငယ်သေးတာကိုး၊ ပညာလည်း နုနယ်သေးတာကိုး၊ ဆီဆိုင်လာလို့ တစ်ခု ပြောရဦးမယ်၊ အခု မမဝေ ပြောမယ့်စကားက မောင်လေးလှိုင်အတွက် စောများ စောနေဦးမလား မသိဘူး၊ ဒါပေမဲ့ မှတ်ထားပေါ့နော်၊ နောင် စာရေးဆရာကြီး ဖြစ်လာရင် သတိထားနိုင်တာပေါ့"

" ပြောပါ မမဝေရယ်၊ ကျွန်တော် အကုန်မှတ်ထားပါ့မယ် "

"စာရေးဆရာဆိုတာဟာ နှလုံးသားလည်း ကြီးရတယ်၊ အမြင်လည်းရှည်ရတယ်၊ သူဟာ လူ့ဘောင်ရဲ့ ထာဝရလူ့ဘောင်သားကြီး ဆိုတာ သတိမလစ်အပ်ဘူး၊ လူ့ဘောင် ဆိုတာက ပထဝီအားဖြင့်လည်း ကျယ်ပြန့်တယ်၊ အချိန်အားဖြင့်လည်း ရှည်လျားတယ်၊ ကမ္ဘာ့စာရေးဆရာကြီးတွေကို နှစ်မျိုးနှစ်စား ပိုင်းခြား ခွဲခြမ်းကြတယ်။ တစ်မျိုးတစ်စားက ကန့်သတ်သိမြင်မှု ရှိသူတဲ့၊ တစ်မျိုးတစ်စားကတော့ ကန့်သတ်မဲ့ သိမြင်မှု ရှိသူတဲ့၊ ကန့်သတ်သိမြင်မှု ရှိသူတွေက အများစုတဲ့၊ သူတို့ဟာ ခေတ်တစ်ခေတ်၊ ဒေသတစ်ခု လူစုတစ်စုရဲ့ အပေါ်မှာ ဩဇာလွှမ်းတယ်၊ သူတို့ကိုယ်တိုင်ကလည်း သူတို့ သိမြင်မှုရဲ့ အကျဉ်းသမား ဖြစ်နေတတ်တယ်၊ ကန့်သတ်မဲ့ သိမြင်မှု ရှိသူတွေကတော့ သိပ်နည်းသတဲ့၊ ဥပမာ... ရှိတ်စပီးယားတို့၊ ဂိုတဲလ်တို့၊ တော်လ်စတွိုင်းတို့လို ပုဂ္ဂိုလ်မျိုးကြီးတွေ၊ သူတို့ကို ခေတ်ရဲ့ ဘောင်၊ ဒေသရဲ့ ဘောင်၊ လူစုဘောင်တွေက အကျဉ်းချထားလို့ မရဘူး၊ သူတို့က ဒီဘောင်တွေကို လွန်မြောက်တယ်၊ တစ်နည်း ပြောရရင် ထာဝရ လူ့ဘောင်သား ကြီးတွေပေါ့၊ မောင်လေးလှိုင်ကို မမဝေက တတ်နိုင်ရင် အဲဒီလို ပုဂ္ဂိုလ်ကြီးမျိုး တစ်နေ့မှာ ဖြစ်လာစေချင်တယ်"

မမဝေ၏ စံနမူနာကြီးက ကြီးလွန်းလှသောကြောင့် ကျွန်တော်က ဇက်ပုပြ၏။ အမှန်လည်း ကျွန်တော် ကြောက်သည်။

"အမယ်လေး မမဝေရယ်... ကျွန်တော် မမှန်းဝံ့ပါလား"

"နို့... မောင်လေးလှိုင်ပဲ ပြောခဲ့တယ်၊ မျှော်လင့်ခြင်းနဲ့ ပုထုဇဉ်ဟာ သံသရာမှ

ကျင်လည်ရတာဆို”

ကိုယ့်စကားနှင့် ကိုယ် ပြန်ပက်မိနေသောကြောင့် ကျွန်တော်က ရယ်လျက် ဆိတ်ဆိတ်နေလိုက်ရ၏။

အတန်ကြာမှ ရင်တွင်း ရှိသည်ကို ပြောရ၏။

“မမဝေ စာပေကိစ္စကို သိပ်သိတာပဲနော်၊ မမဝေကိုယ်တိုင် စာရေးဆရာမကြီး လုပ်ပါလား”

“စာပေကိစ္စကို သိတိုင်း စာရေးဆရာ မဖြစ်နိုင်ဘူး မောင်လေးလှိုင်၊ ဒီလိုသာဆိုရင် စာပေပါမောက္ခတိုင်းဟာ စာရေးဆရာကြီးတွေ ဖြစ်ကုန်ကြမှာပေါ့၊ ဖြစ်မလာကြပါဘူး၊ စာရေးဆရာဖြစ်ဖို့က ပါရမီဆိုတဲ့ တရားက လိုသေးတယ်၊ ပါရမီဆိုတာ ဘာပဲရယ်လို့ ဟုတ်တိပတ်တိလည်း မမဝေ အနက်မပေးတတ်ပါဘူး၊ ပါရမီကို ဖြည့်ဆည်းခြင်းလို့ ပြောပြနိုင်ပေမယ့် တွန်းအားသဘောကလည်း လိုသေးတယ်၊ တွန်းအားဟာလည်း ဘယ်က လာသလဲ၊ အတိအကျတော့ မသိဘူး၊ နှလုံးသားနဲ့ လူ့ဘောင်က လာတယ်လို့တော့ ထင်တယ်၊ လောကကို အလှဆင်သူတွေ မဟုတ်လား၊ လောကကို အလှဆင်သူတွေဟာ လောကကိုလည်း ချစ်လိမ့်မယ်၊ ချစ်တတ်တဲ့ နှလုံးသားလည်း နဂိုကတည်းက ပါလာခဲ့ကြတယ် ထင်တယ်”

“မမဝေရဲ့ စကားတွေ ကြားရလို့ ကျွန်တော် အားလည်းတက်မိတယ် အားလည်း ငယ်မိတယ်”

“အို... ဘာပြုလို့”

“စာရေးဆရာဘဝဟာ ရဖို့ရာ ခံ့မင်တသ ကြီးစားထိုက်တဲ့ ဘဝထူးကြီးပါလားလို့ သိရလို့ အားတက်မိတယ်၊ တကယ့် စာရေးဆရာကြီး ဖြစ်ဖို့ဟာ မလွယ်ပါလားလို့ သိရပြန်တော့လည်း အားငယ်မိတယ်”

“အားမငယ်စမ်းပါနဲ့ မောင်လေးလှိုင်ရယ်၊ မောင်လေးလှိုင်မှာ ပါရမီရှိတယ် ဆိုတာ မမဝေ ယုံတယ်၊ မောင်လေးလှိုင် အလုပ်က ဆက်ဖြည့်ဆည်းဖို့ပဲ၊ ဪ... ဟောဒီမှာ မမဝေ စာအုပ် နှစ်အုပ် ယူလာခဲ့တယ်”

“ဘာစာအုပ်တွေလည်း မမဝေ”

“ ဟောဒီ တစ်အုပ်က နှစ်ကားတော့ကာ ရေးတဲ့ စာပေအဓိပ္ပာယ် ဖွင့်ယူနည်းတဲ့၊ မောင်လေးလှိုင် အဲဒါကို အရင်လေ့လာ၊ ဟောဒီစာအုပ်ကြီးကတော့ ဘားထရန်ဒ်ရပ်စဲလ်ရဲ့ အနောက်တိုင်း လောကအမြင်သမိုင်းတဲ့၊ သူ့ကိုတော့ ဖြည်းကြည့်ထားပေါ့၊ နောင် ဖြည်းဖြည်းချင်းမှ နားလည်အောင် ကြိုးစား၊ မရှင်းတာတွေကို မမဝေနဲ့ ဆွေးနွေး၊ ဟုတ်လား ”

မမဝေက နေရာမှ ထ၏။

စာကြည့်ခန်း ပြတင်းမှနေ၍ ရေကန်ကြီးဆီ လှမ်းမြင်နိုင်သည်။ နေရောင်က လဲ့လဲ့နွေးနွေး ကျရောက်သော်လည်း နှင်းမြူ နှင်းရိပ်လေးများလည်း ငွေ့ငွေ့ရှိနေသည်။ နှင်းနဲ့ နှင်းသက်လေးများလည်း ယဲ့ယဲ့ သင်းပျံ့နေ၏။

ပြုံးလဲ့လဲ့နှင့် မမဝေက ဆိုသည်။

"ကဲ... ဆရာမ ညောင်းသွားပြီ၊ ရေသွားချိုးဦးမယ်၊ ရေချိုးပြီးရင် လမ်းလျှောက်ကြမယ်၊ အဆင်သင့် လုပ်ထားနော်"

"ဒီလို လုပ်ပါလား မမဝေ၊ ကျွန်တော်က တယောလေး ယူပြီး ဟိုးကမ်းဆွယ်ဆီ သွားနှင့်မယ်၊ မမဝေက နောက်မှ ကားလေးနဲ့ လိုက်ခဲ့"

"မင်းက မမဝေကို တယောတီးပြမယ်ပေါ့"

"အင်းလေ၊ မမဝေ နားထောင်ချင်ရင်"

"ဟွန်း... မပိုနဲ့၊ ဘယ်သူက နားမထောင်ချင်ဘူး ပြောလို့လဲ"

ငွေနှင်းလေးတွေ ဝေဝေစီသည့် ဆောင်းညနေ၊ ထိုဆောင်းညနေတွင် ရေပတ်လည် ဝိုင်းသော ကန်လယ်ကျွန်းဆွယ်၌ ဆောင်းညနေအလိုက် မမဝေ ကြိုက်သော တေးကို တယောနှင့် ကျွန်တော်က တီးသည်။ ကျွန်တော့်ဘေးမှာ ထိုင်ရင်း မမဝေက သီဆိုသည်။

"ဘုံပျံနေနန်း... ပြင်ခန်းစံ... မွေ့၊ လျှံငွေနှင်းစီ... စီ၊ ခွာပြာညို့ လဲ့သန်း... ငုံမြန်းကြ ဖူး... တံ... ချီ"

ပွင့်မည့်ပန်းတို့ ငုံကြ မြန်းကြနှင့် ဖူးတံချီသော ရာသီလျှင် အမှန် ဖြစ်ခဲ့ပါ၏။

✳✳✳✳✳

အခန်း [၁၂]

"နွေရက် နီးလျှင်၊ စုံတောခွင်လည်း၊ မြသွင်မညို့ တချို့ သင့်၍၊ ထပ်ဆင့်ဖြည့်သွန်၊ တောင်လေပြန်က၊ မထန်နှင်းဖွဲ၊ ဆောင်းစဲလွယ်မူ၊ နွေအားလုံသော်၊ ရတုအလျောက် လဲနှင့် ပေါက်လည်း၊ လျှံတောက်ရွှေဆင်း၊ တောလုံးဝင်းမျှ..' ဟု ကျွန်တော့် အသည်းစွဲ နတ်သျှင်နောင် ဖွဲ့ခဲ့သော တပို့တွဲလက ကုန်ဆုံးပြီး တပေါင်းလက ဝင်လာခဲ့သည်။

နွေရက် နီးရုံမက နွေဦးရာသီ ပီပီ ဆိုက်လာသဖြင့် မြူဝေဝေမှာ ဝါရွက်တို့ ကြွေကြပြီ။

ကျွန်တော်တို့ ခြံဝင်းအတွင်းနှင့် ခြံပြင်မှာ ဘန့်ပွေးပင်ကြီးတွေ ရှိသည်။ အရွက်ကြီးတွေ ပြန့်ပြန့်ကားကားဖြင့် တစ်ဆောင်းလုံး တစ်မိုးလုံး ကြွားကြွားဝင့်ဝင့် ရပ်တည်နေခဲ့သည်။ နွေရက် နီးတော့ ရွက်စိမ်းကြီးတို့ စတင် ဝါသည်။ ကြွေချိန် နီးတော့ အဝါမှာ အနီ ရော၍ ရွှေနှင့် သန္တာသွေး နှောဘိသည်။

အချစ်ကြီးတော့ အလွမ်းသည်းရသကဲ့သို့ အရွက်ကြီးတော့ အကြွေစော ရလေသလော မပြောတတ်။ ဘန့်ပွေးရွက်တို့က စောစွာ ကြွေကြသည်။ မြေပြင် မှာ ခြေချစရာ မရှိအောင် ရွှေသန္တာရွက်တို့ ဖုံးနေသည်။ ပင်ယံထက်တွင် အကိုင်း ကျဲကျဲတို့က မည်းမည်းနှင့် မွဲမွဲ ကျန်ရစ်သည်။

ဘန့်ပွေးနောက် လိုက်ပြီး ကျန်သော အပင်တို့လည်း ရွက်ခြွေကြသည်။ ပိတောက်ရွက်ဝါတွေက ဝေးရာအထိ လွင့်ကြသည်။ ရွက်ဝါတို့က မုလေးပွားပမာ ပင်ခြေတစ်ဝိုက်ဆီ ဖွဲဖွဲဖော့ဖော့ ကြွေကြသည်။

နှစ်၏ နိဂုံးကို ပြသော သည်လရာသီတွင် ဘဝတစ်ကွေ့၏ အဆုံး သဘောဖြစ်သည့် တက္ကသိုလ်ဝင် စာမေးပွဲကြီးကို ကျွန်တော် ဖြေရသည်။

အိပ်ချိန်က နည်းတော့ လူက နွမ်းသည်။ စာမေးပွဲ တစ္ဆေခြောက်သဖြင့် စိတ်က ပန်းသည်။ သည်ကြားထဲမှာ ရာသီကလည်း လွမ်းဖွယ် ရှိလှသေး၏။ ကျွန်တော့် စာမေးပွဲကြီး ပြီးချိန်၌ ကျွန်တော်တို့ အိမ်မှာလည်း လှုပ်လှုပ် ရှားရှား ဖြစ်လာသည်။

အစ်ကိုသန်းဟန်က ဘွဲ့ယူပြီး၍ မြန်မာပြည်သို့ ပြန်လာနေပြီဟု သိရ သည်။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ မှ ဗြိတိန်နိုင်ငံ ဆောက်သင်း ပတန်မြို့ အထိ ကမ္ဘာကျော် ဘုရင်မ အယ်လီဇဗက် သင်္ဘောကြီးနှင့် လာခဲ့သည် ဆိုသည်။ လန်ဒန်မြို့ တွင် သင်္ဘောပတ်စောင့်ပြီး ယခုမှ လစ်ဗာပူးလ်မြို့မှ ရန်ကုန် အရောက်

တစ်ဘီလိုင်းကုမ္ပဏီ၏ ဒါတီရိုင်းယား သင်္ဘောကြီးဖြင့် လာနေသည် ဆိုသည်။ သင်္ကြန်မတိုင်မီ မြန်မာပြည် ပြန်ရောက်မည် ဆို၏။

ကျွန်တော်တို့ အိမ်အပေါ်ထပ်တွင် အခန်းလွတ်တစ်ခု ရှိသေးသည်။ ငယ်စဉ်က အစ်ကိုသန်းဟန် နေသွားသော အခန်းဟု ဆိုသည်။ ယခု သည်အခန်း ကို ကျွန်တော်တို့က ရှင်းလင်းသန့်စင် ပြုပြင်ကြရသည်။

မခင်လှက ကြမ်းပြင်၊ နံရံ၊ မျက်နှာကြက်တို့မှ ဖုန်များ၊ ပင့်ကူအိမ်များ ကို ရှင်းလင်းရသည်။ ကျွန်တော်နှင့် ကိုဘိုကေတို့က ကွဲနေ အက်နေသော ပြတင်း မှန်တို့ကို အသစ်လဲ တပ်ကြရသည်။

သံမှိုရိုက်ရင်း ကိုဘိုကေက ပြောသည်။

“မင့်အဒေါ်က အလကား ဇာချဲ့တာကွ၊ သတို့သားကို တစ်ခါတည်း သူ့ယောက္ခမအိမ်ပေါ် တင်လိုက်ရင် ပြီးတာပဲ၊ ဟိုအိမ်က တိုက်အသစ် ပံ့နေတာ ပဲ၊ တို့လည်း အလုပ်မရှုပ်ရဘူး”

မခင်လှက မျက်နှာသုတ်ပဝါ ခေါင်းပေါင်းလျက် တံမြက်စည်းနှင့် မျက်နှာကြက်မှ ပင့်ကူအိမ်များကို လှည်းလျက်က ကန့်ကွက်သည်။

“ရှင်ကလည်း ပြောရော့မယ်၊ ဟင်းရွက်ကန်စွန်းတွေ မှတ်နေလို့လား၊ မင်္ဂလာမှ မဆောင်ရသေးဘဲဟာ”

“ဟ . . ရောက်ရောက်ချင်း မင်္ဂလာမဆောင်ကြဘူးလား”

“မင်္ဂလာက ဝုန်းဆို ကောက်ဆောင်ရတာ မဟုတ်ဘူး၊ စေ့စပ်ကြောင်း လမ်းတာတွေ ဘာတွေ လုပ်ရဦးမယ်”

“ဟော . . အခုလည်း စေ့စပ်ထားတာပဲ မဟုတ်ဘူးလား”

“ဒါက အချင်းချင်းသာ နားလည်ထားတာ၊ လက်မထပ်ခင် လူကြီးစုံရာရှေ့မှာ တရားဝင် လုပ်ရဦးမယ်”

“အေးလေ ....ဟုတ်သားပဲ၊ လက်ကတော့ ဘယ်တော့ ထပ်မှာလဲ”

“ကိုသန်းဟန်က ရောက်ရောက်ချင်း ဒီကို ခဏသာ လာနိုင်မှာ၊ အလုပ် တွေ ဘာတွေ ဝင်ရဦးမယ်၊ အခြေကျမှ လက်ထပ်ဖို့ စီစဉ်ရမှာ၊ သူ့မိတ် ကိုယ့်မိတ် နဲ့ ဆိုတော့ အချိန်ယူလည်း စီစဉ်ရဦးမှာ”

“ရှုပ်လိုက်တာဟာ၊ တို့သာဆိုရင် အိပ်ရာလိပ်လေး အသာထမ်းပြီး မိန်းမရေ လာခဲ့ပြီဟေ့ဆို တစ်ခါတည်း ကိစ္စပြီးမှာ”

“ရှင့် ထွေးဆင့်လား . . ထွေးမြင့်လား၊ အဲဒီလို သွားလုပ်ကြည့်ပါလား”

“လုပ်ပြမယ်... စောင့်ကြည့်”

“ကျုပ်တို့ စောင့်ကြည့်ခဲ့တာ ကြာပါပြီတော်”

"လက်ဖက်ကောင်း စားချင်ရင် တောင်တက်နေးရသတဲ့၊ မဟုတ်ဘူး လားဟေ့ မောင်လေးလှိုင်"

ကျွန်တော်က မဖြေဘဲ ပြတင်းတစ်ပေါက်၌ မှန်ဆက်တပ်နေ၏။

"စကား ပြန်မရဘူး၊ ဟေ့... ခု တစ်လော မင်းလည်း မှိုင်တိုင်တိုင် ငိုင်တိုင်တိုင်နဲ့၊ ဘာဖြစ်နေလဲ"

"တော်စမ်းပါဗျာ၊ စာမေးပွဲ ဖြေထားရလို့ ပန်းနေတာ၊ ခင်ဗျား စကား ကြီးက ဘာလိုလို ညာလိုလို..."

"အဟဲ . . အဟီး... ငါကလည်း ဘာလိုလို ညာလိုလို ဖြစ်မှာစိုးလို့ပြောနေတာ"

"ကိုဘိုကေကြီး၊ ကလေးကို ဘာတွေ လျှောက်ပြောနေတာလဲ၊ ဪ ... မောင်လေးလှိုင်ရေ ... မင်း ဝေဝေနဲ့ အတွဲ ကျနေတာ မဆိုးဘူး၊ မင့်မရီး လောင်းကို မင်း ကပ်ထား"

"ကျွန်တော်က ဘာလို့ မမဝေကို ကပ်ထားရမှာလဲ"

"မင်း နှစ်ထပ်ကွမ်း မရီးတော်ရအောင်ပေါ့"

"ဘာပြောတယ်"

"ရန်ကုန်မှာ ဝေဝေ့ အဖေ့ညီတစ်ယောက် ရှိတယ်၊ သူလည်း သူဌေးပဲ၊ ရုပ်ရှင်ကုမ္ပဏီ ထောင်ထားတယ်၊ အဲ... သူ့မှာ သမီးတစ်ယောက် ရှိတယ် မင်းထက်တော့ ငယ်တယ်၊ သူလည်း အချောပဲဟေ့၊ ဒါကြောင့် မင့်မမဝေကို မင်း ကပ်ထားလို့ မမလှက ပြောရတာ"

ကိုဘိုကေက ဝင်ထောက်ခံ၏။

"ဟုတ်တယ်ဟေ့ မောင်လေးလှိုင်၊ မင်းကလည်း အခု စာလေး ဘာ လေး ရေးနေတော့ ဟိုကလည်း ရုပ်ရှင်ကုမ္ပဏီဆို အကိုက်ပဲ၊ မင်းကြီးပွားရင် အနည်းဆုံး ငါ့ကို လူရွှင်တော်မင်းသား ဖြစ်အောင် လုပ်ပေးစမ်းပါနော်"

ကျွန်တော်က စကားလိုက်မရောဘဲ အလုပ်ကိုသာ အမြန်ပြီးအောင်လုပ်သည်။

ယခုတစ်လော ကျွန်တော့်၌ အချိန်လေးတွေကို လုရသော အကြောင်း ပေါ်နေသည်။

စာမေးပွဲ ပြီးပြီဖြစ်၍ ကျောင်းမတက်ရတော့သည်မှာ မှန်သည်။ အိမ် တွင် ကျွန်တော် ကူလုပ်ပေးရသော ဝေယျာဝစ္စဟူသည်ကလည်း များများ မရှိလှ သည်ကြားထဲက အချိန်ကို လုရသည်ကား ကျွန်တော်က ဝတ္ထုရှည်ကြီးတစ်ပုဒ် ရေးနေမိသောကြောင့် ဖြစ်သည်။

မမဝေက ကျွန်တော်သည် ဝတ္ထုတိုဘက်မှာထက် ဝတ္ထုရှည်ဘက်တွင် ပိုသန်သည်ဟု ဆုံးဖြတ်သည်။ ကျွန်တော်ကလည်း ဤအတိုင်း သဘောရသည်။ ယခု

ဝတ္ထုရေးနေသည်မှာ ပုံနှိပ်ရသည်။ မနိုပ်ရသည်က ပဓာန မဟုတ်ပါ။ ကျွန်တော်က စနစ်တကျ စတင် စမ်း၍ ရေးကြည့်နေခြင်း ဖြစ်သည်။

ကိုယ် တကယ်သိသော အကြောင်းအရာနှင့် ကိုယ် တကယ် ခံစားရသည့် ကိုသာ ရေးရန် မမဝေက ပြောသဖြင့် ကျွန်တော်က ကျွန်တော် ငယ်စဉ်က ကြီးပြင်း ခဲ့ရသည့် ချောင်းသာကမ်းခြေ ဒေသကို နောက်ခံပြုပြီး ဝတ္ထုကို ရေးနေသည်။

ဝတ္ထုရှည်ဟူသည်မှာ သမိုင်းတစ်ရပ်ဟု မမဝေ ပြောသည်မှာ မှန်ပါ၏။ ချောင်းသာနှင့် ချောင်းသာမှ လူတွေအကြောင်းကို ကျွန်တော့်မှာ ပြောပြဖွယ်များစွာ ရှိသည်။

ချောင်းသာက ချောင်ကျသည်။ တစ်ဖက်က ပင်လယ်၊ တစ်ဖက်က ရိုးမ ရှိ၍ တစ်ရပ်တစ်ကျေးနှင့် ဆက်သွယ်ရန်က မလွယ်။ အနီးဆုံး မြို့ကြီး ဖြစ်သော ပုသိမ်ကို လာချင်လျှင် နွေနှင့် ဆောင်း ဆိုက ပင်လယ်ကို ဖြတ်ပြီး တစ်ကွေ့ကြီး လာရသည်။ လှိုင်းလေကြီးသော မိုးအခါတွင်ကား ပင်လယ်ကမ်းက ပိတ်လေသည်။ ထိုအခါ ခြေကျင်ခရီးဖြင့် ရိုးမကြီးကို ကျော်ရသည်။

ချောင်းသာမှာက အုန်းသီးသာ ထွက်သည်။ အုန်းသီးကို အလုံးလိုက် တင်ပို့ ရောင်းနိုင်လျှင် ဈေးကောင်းမှန်း သိသော်လည်း သယ်ယူပို့ဆောင်ရေးက မလွယ်ကူ။ အုန်းသီးဆံ အခြောက်ကိုသာ အဓိကထား၍ ထုတ်ရ၏။ ပင်လယ် ထွက်၍ ငါးမန်း ဖမ်းသော လုပ်ငန်းတော့ ရှိသည်။ ကြီးကျယ်လှသည်ကား မဟုတ်။

ချောင်းသာ၏ နည်းပါးလှသော ထွက်ကုန်တွင် ငါးမန်းသား ဆားစိမ်နှင့် ငါးမန်းယပ်တို့ ပါဝင်သည်။ ငါးမန်းယပ် ဟူသည်မှာ မြို့ကြီးပြကြီးက တရုတ်ဟိုတယ်ကြီး များတွင် ဈေးကြီးပေး သောက်ရသည် ဆိုသော ဟင်းချိုချက်သည့် ငါးမန်းကောင်ပင်ဖြစ်သည်။

မြေကျဉ်းရာ ကမ်းမြောင်ဒေသမို့ လယ်များများ မစိုက်နိုင်။ ဆန်ကို ပုသိမ်မှ တင်ယူရသည်။ ဆန်တွင်မက ဆီ၊ ငရုတ်၊ ကြက်သွန်၊ အဝတ်အထည်မှအစ ပုသိမ်ကပင် တင်ယူရသည်။

ချောင်းသာချိုင်က ပန်းချီဆန်၍ လှပသော်လည်း အသုံးမဝင်လှ။ ကျွန်တော် ငယ်စဉ်က သောင်ပြင်မှ မျှော်ကြည့်လျှင် အလွန်ဝေးရာ ပင်လယ်တွင်းဆီ၌ ရွက်လွင့်သွားကြသော ကတ္တူကြီးများကို တွေ့ရသည်။ တစ်ခါတစ်ရံ မိုးကုပ် စက်ဝိုင်း အစပ်လောက်ဆီ၌ သင်္ဘောတစ်စင်း၏ ခေါင်းတိုင်မီးခိုးကို ရေးရေးတွေ့ ရသည်။

ချောင်းသာကို သင်္ဘောကြီးတွေ ဝင်ထွက်သည့် ပင်လယ်ဆိပ်ကမ်းမြို့ ကြီးအဖြစ် ကျွန်တော်စိတ်ကူးယဉ်ကြည့်ဖူးသည်။ လက်တွေ့မှာက မဖြစ်နိုင်ပါ။ ချောင်းသာကမ်းခြေအလွန်တွင် ကျောက်ဆောင်တန်းကြီးများ ရှိသည်။ ဒီရေသည် ကျောက်ဆောင်တန်းကို ဖုံးရုံ ဖုံးသည်။ ဒီရေကျလျှင် ကျောက်ဆောင်တန်းတို့ မည်းမည်းပြာပြာ ပေါ်နေကြသည်။ ကျောက်ဆောင်တန်းတို့၏ အမည်တို့ကပင် အန္တရာယ်ကို ဖော်ပြနေ၏။ တစ်ခု၏ အမည်က ကတ္တူပျက်၊ အခြားတစ်ခု၏ အမည်က သင်္ဘောပျက် ဟူသတည်း။

ချောင်းသာမှ လူတို့၏ ဘဝက ကျောက်ဆောင်ထူသော ပင်လယ်ပြင် ပမာ ခက်ထန်၏။ သားရဲပေါသော ရိုးမတောကဲ့သို့လည်း ကြမ်းတမ်းသည်။

ယင်းဇာတိမြေကို နောက်ခံပြုပြီး ကျွန်တော်က ဝတ္ထုကို ရေးသည်။ ကျွန်တော် ဖြတ်သန်းကြီးပြင်းခဲ့သော ၁၉၄၈-၄၉ အချိန်တွင်းက အဖြစ်အပျက် များကို အခြေခံသည်။ အဲသည် အချိန်တုန်းက စိတ်ဝင်စားဖွယ် အဖြစ်အပျက်များ လည်း အဟုတ် ရှိခဲ့သည်။

လွတ်လပ်ရေး ရပြီးစ ထိုအချိန်၌ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး တရားဥပဒေ စိုးမိုးသည့် အေးချမ်းသာယာသော နိုင်ငံတော် ဖြစ်ရေးတို့အတွက် ပြည်သူအများသည် တာဝန်သိသိ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ထိုသို့ တာဝန်သိသူများတွင် ကျွန်တော်တို့ ဒေသမှ ပြည်သူများလည်း ပါဝင်ကြသည်။

မူလက ဝတ္ထုနာမည်ကို ကျွန်တော်က ကဗျာဆန်ဆန်ပင် “ချောင်းသာ သောင်ခြေဦး’ ဟု ပေးသည်။

ဝတ္ထုဇာတ်လမ်းကို ကြိုတင်သိပြီး ကျွန်တော် ရေးပြီးသမျှကို ဖတ်ရှု တည်းဖြတ်သူ မမဝေက မကြိုက်။

“မင်းဝတ္ထုမှာက ရှုန်းကန်မှုနဲ့ အားတွေ မာန်တွေ ပါတယ်၊ ‘ချောင်းသာသောင်ခြေဦး’ ဆိုတဲ့ နာမည်က နုနေတယ်”

“ဒါဖြင့် ဘယ်လို ပေးရမလဲ”

မင်းဝတ္ထုထဲက ဇာတ်ကောင်တွေက မင်းလိုပဲ မျှော်လင့်မှု အားကြီး တယ်၊ အဆိုးဝါးဆုံး အခြေအနေမှာတောင်မှ ဘဝကို အရှုံးမပေးဘူး၊ ဘယ်လောက် မှောင်မှောင် သူတို့အတွက်က အလင်းရောင် ရှိနေတယ်။ ရေးသာ ရေးနေတယ်၊ မင်း ဒါကို သတိပြုမိရဲ့လား”

“ ဟင့်အင်း... ကျွန်တော် ဒီလိုပဲ ရေးချလိုက်တာ”

“ကောင်းတယ်၊ အဲဒီလိုပဲ ရေးချ၊ ဒါမှ ဖန်တီးယူတာ မဟုတ်ဘဲ ဖန်ဆင်းမှုအစစ် ဖြစ်လာမှာ”

“ဝတ္ထုနာမည် ရွေးပေးဦးလေ”

“မမဝေက ရွေးပေးရမယ်”

“ဟိုဒင်းလေ... မမဝေ ဘယ်လို ခံစားရသလဲ၊ အဲဒီခံစားမှုကို နာမည် မပေးနိုင်ဘူးလား”

မမဝေက ခေတ္တစဉ်းစားနေသည်။ အတန်ကြာသောအခါတွင် မျက်နှာလေးက ဝင်းလက်လာ၏။

“ရပြီ၊ မမဝေ နာမည်ရပြီ”

“ဘယ်လိုတဲ့လဲ မမဝေ”

“ကြယ်မကြွေသော ညများ . .တဲ့၊ ဘယ့်နှယ်လဲ”

ကျွန်တော် အံ့အားသင့်သွားသည်။ မမဝေကိုသာ အံ့ဩဝမ်းသာ စိုက်ကြည့်နေမိသည်။

"မင်း မကြိုက်ဘူးလား"

"ကြိုက်တာပေါ့ မမဝေရယ်၊ ကြိုက်လွန်းလို့ ဘယ်လို ပြောရမှန်းတောင်မသိဘူး၊ ကြယ်မကြွေသော ညများ… . အင်း ဟုတ်တယ်… ကြယ်မကြွေသော ညများ… မမဝေရယ် ကျွန်တော် ကျေးဇူးတင်လိုက်တာ"

ကျွန်တော်က ဝတ္ထုကြီးကို ဆက်ရေးသည်။ အားလပ်သမျှ အချိန်တိုင်း တွင် ရေးသည်။ ညဆိုလျှင် သန်းခေါင်ကျော် လူခြေတိတ်၍ နက်မှောင်သော ကောင်းကင်တွင် ကြယ်တွေ စုံနေချိန်အထိ မအိပ်ဘဲ ကျွန်တော် ရေးသည်။

ကိုယ့်အလုပ်နှင့်ကိုယ် စိတ်ဝင်စား၍ ဘဝကိုပင် ခေတ္တမေ့နေသော တစ်နေ့မှာ အဒေါ်က ကျွန်တော့်ကို ခေါ်ယူစကားပြောသည်။

ကျွန်တော်နှင့် စကားပြောလျှင် ကျွန်တော့်အဒေါ်က မျက်နှာကို အစဉ် တည်တည်ထားတတ်၏။ ယခု ပိုမိုတည်ငြိမ်လေးနက်နေ၏။

"မင်းကို ငါ အရေးကြီးတဲ့စကား ပြောမလို့"

အဒေါ့်စကား၊ အဒေါ့်မျက်နှာထားကြောင့် ကျွန်တော် ထိတ်လန့် သည်။ ကျွန်တော်၌ အဒေါ် ဘာအပြစ် မြင်လေသနည်း။

"မင်းရဲ့ တစ်သက်တာ ကောင်းစားဖို့ပါ၊ တို့အားလုံးရဲ့ ကောင်းကျိုးနဲ့လည်း ပတ်သက်နေတယ်"

ကျွန်တော့် ရင်တွင်းမှ အလုံးကြီး ကျသွားသည်။

"ဟုတ်ကဲ့ ပြောပါ ဒေါ်ဒေါ်"

"မင့်အစ်ကို သန်းဟန် ပြန်လာရင် ဝေဝေနဲ့ လက်ထပ်မှာတော့ မင်း သိပြီးလောက်ပြီ၊ လက်ထပ်တာက ဘာမှ ဒီလောက်အရေးမကြီးဘူး၊ အရေးကြီး တာက ရွှေ့ရေး၊ ဝေဝေ့ မိဘတွေက ဆန်စက် လေးလုံးတောင် ပိုင်တယ်၊ ဒါ ဆိုတာက နည်းတဲ့လုပ်ငန်း မဟုတ်ဘူး၊ ဒါတွေအားလုံးဟာ တစ်နေ့မှာ ဝေဝေ့ပစ္စည်း တွေ ဖြစ်လာမယ်၊ ဝေဝေ့ပစ္စည်းဆိုတော့ မင့်အစ်ကိုသန်းဟန် ပစ္စည်းပဲပေါ့ လုပ်ငန်းတွေကို တစ်နေ့ သူတို့ပဲ ဦးစီးရမယ်၊ ဒီတော့ သူတို့မှာ စိတ်ချယုံကြည် လောက်တဲ့ အတွင်းလူယုံ လိုတယ်"

ကျွန်တော်က အဒေါ်မျက်နှာကို မော့ကြည့်သည်။ အဒေါ် ဘာဆိုလိုသည်ကို ကြိုတင်၍ ကျွန်တော် နားလည်သည်။

"မင်းအစ်ကိုသန်းဟန်က ချက်ချင်းကြီး လုပ်ငန်းကို ဝင်ဦးစီးလို့ မရ သေးဘူး၊ သုံးနှစ် တန်သည် လေးနှစ် တန်သည် အစိုးရအလုပ် ဝင်လုပ်ရဦးမယ် ဝေဝေလည်း သူ သွားရာ လိုက်ရဦးမှာပဲ၊ ဒီတော့ မမျှော်လင့်ဘဲ မင်းက အခရာဖြစ်လာတယ်"

ကျွန်တော်က အဒေါ့်မျက်နှာကို ကြည့်မိပြန်သည်။ ဘာစကားမျှတော့

ဝင်မပြော။

"မင်းအခု စာမေးပွဲအောင်ရင် တက္ကသိုလ်တွေ ဘာတွေကို စိတ်ကူးမနေနဲ့တော့၊ ဝေဝေတို့ ဆန်စက်မှာ အလုပ်တစ်ခု ဝင်လုပ်ရမယ်၊ အောက်ခြေသိမ်း အကုန်နားလည်အောင် အလုပ်သင်ပေါ့၊ တက္ကသိုလ်က ဘွဲ့ရလို့ မင်းလခ ဘယ်လောက် ရမလဲ၊ အလွန်ဆုံး သုံး လေးရာပေါ့၊ ကိုထင်အောင်တို့က အခု သူတို့ မန်နေဂျာအဘိုးကြီးကို တစ်လ ၈၀၀ တောင် ပေးထားတာ၊ အဲဒီနေရာဟာ တစ်နေ့ မင်းနေရာ ဖြစ်လာရမယ်၊ မင်း ကျွမ်းကျင်လာတဲ့ အချိန်နဲ့ သန်းဟန်တို့ ဝေဝေတို့ ဦးစီးကြမယ့် အချိန်ဟာ အလောတော်ပဲ၊ မင်းကျတော့ သူဌေးညီသူဌေးမောင် ဆိုတော့ အခြေအနေက ပိုမြင့်မယ်၊ ကုန်ကုန်ပြောမယ်၊ သွေးချင်း ထဲက သူဌေးသမီးတစ်ယောက်ယောက်နဲ့ နေရာကျပြီး မင်းလည်း သူဌေး ဖြစ်လာ နိုင်တယ်"

ကျွန်တော်က အင်းမလှုပ် အဲမလှုပ် ငြိမ်နေသည်။ မကျေနပ်ဟန်ဖြင့် အဒေါ်က လှမ်းငေါက်သည်။

"မင်းက ဘာလို့ စကားမပြန်တာလဲ၊ ငါ စီစဉ်ထားတာကို မကြိုက်ဘူးလား"

"ဟင့်အင်း . . မကြိုက်လို့ မဟုတ်ပါဘူး၊ ဒေါ်ဒေါ် စကားကို ကျွန်တော် ဘယ်တုန်းကမှ မပယ်ရှားခဲ့ပါဘူး၊ အခုလည်း နားထောင်ပါ့မယ်။ ဒါပေမဲ့. . ဟိုဒင်း . . ကျွန်တော် တက္ကသိုလ်တော့ သွားပါရစေ"

အဒေါ့်မျက်နှာက တင်းမာသွားသည်။ ကျွန်တော့် အဒေါ်သည် စိတ် ကြီးပြီး သူ့ကို လွန်ဆန်လျှင် နည်းနည်းမှ မကြိုက်တတ်။

"မသွားရဘူး၊ မင်းတို့က ဘွဲ့ လေးရလာရင် အရာရှိသာ လုပ်ချင်တာ၊ အဲဒီတော့မှ ငါ့ကို တော်လှန်ရင် ငါ့အစီအစဉ်တွေ အကုန်ပျက်ကုန်မှာ၊ ငါ အခု ပြောနေတာ အပြတ်ပဲ"

အဒေါ့်ရှေ့မှောက်မှ စိတ်မချမ်းသာခြင်း ကြီးစွာဖြင့် ကျွန်တော် ထွက်ခွာလာခဲ့ရသည်။

တကယ် စဉ်းစားကြည့်တော့ အဒေါ့်စကားများတွင် စိတ်မချမ်းသာဖွယ် တစ်ကွက်မျှ မပါပါ။ ဖြောင့်ဖြူးသော ဘဝလမ်းကို ပညာသားပါပါ အကွက်ရိုက် ဖောက်ပြသွားသည်မို့ စိတ်ချမ်းသာဖွယ်ပင် ဖြစ်ပါလေသေးသည်။ သည်လမ်း အတိုင်း လိုက်လျှောက်လျှင် လူပါ ချမ်းသာနိုင်သေးသည်။ အဒေါ်ကို ကျေးဇူးတင် ပါ၏။ သို့ရာတွင် ကျွန်တော် စိတ်မချမ်းသာနိုင်ပါ။

ညနက်နက်တွင် မြေရှိ ကြွေရွက်သံတွေကို ကြားနေရရင်း ကျွန်တော် တကုပ်ကုပ် စာရေးသည်။ စာရေးနေစဉ်အတွင်း ကျွန်တော်က သီးသန့် ကြမ်းခင်း ပြင် ရှိသော လောက,လေးတစ်ခုမှာ ရောက်ရှိနေသည်။ ညောင်းလာ၍ အပြင်ဆီ မျှော်ကြည့်လိုက်သောအခါ ငြိမ်သက် တိတ်ဆိတ်သော ကမ္ဘာမြေပြင်ကို မြင်ရ သည်။ နှစ်ပါးသော လောကကြားတွင် ကျွန်တော်က လွတ်လပ်စွာ သွားနေသည်။ သည်ခရီးမှာ ကျွန်တော်ပင် အရှင်။ ကျွန်တော်ပင် သခင်။ သည်တော့ ကျွန်တော့် မှာ ကျွန်တော့် ကိုယ်ပိုင်ချမ်းသာခြင်းနှင့်။

ကျွန်တော် မြတ်နိုးသော သည်ချမ်းသာခြင်းက အဒေါ် လိုလားသော

ချမ်းသာခြင်းနှင့် မတူပါ။ ကျွန်တော် လိုလားသော ချမ်းသာခြင်းမှာ ဘယ်လိုရှာရှာ အဒေါ်လည်း ချမ်းသာခြင်းကို တွေ့မည် မဟုတ်။

ဪ . . ရွေးချယ်အပ်သော ဘဝရေးအတွက် ရုန်းကန်ချိန်သည် ဆိုက်ရောက်လာပြီ ထင်၏။

ကန်သုံးဆင့်မှာ ကန်ရေတို့ လျော့သွားပြီ။ ရေလျော့တော့ ကျွန်း တွေ ပေါ်လာသည်။ ကမ်းစပ်တွေမှာ ရေတိမ်သဖြင့် အောက်ခြေမှ မြက်ညှာနှင့် စိမ်းစိမ်းတို့ ပေါ်နေသည်။ ရေပြင်ကလည်း စိမ်းလဲ့လဲ့နေသည်။

ကျွန်းဆွယ်ကုန်းစောင်းနှင့် ကန်စောင်းမြေပြင်ရှိ မြက်ခင်းတို့၌ အစိမ်းရောင် ပျော့၍ အဝါရောင် ကဲနေသည်။ မြက်နွမ်းလေးတွေမှာ လူနင်းရိုးဖြင့် ကြေကြေ ကွေ့ကြွသည်။

ကျွန်းဆွယ်ထိပ်တွင် မမဝေနှင့် ကျွန်တော်တို့သည် စကားမပြောဘဲထိုင်နေကြ၏။

ရေဝမ်းဘဲတို့မှ ပြန်ရောက်ခဲ့ကြပြီ။ ကြင်ဖော်တွဲ၍ ဝဲကာပျံကာ ပြန် ရောက်ခဲ့ကြပြီ။ ပတ်ဝန်းကျင်တွင် သူတို့အသံက စီစီညံသည်။ သူတို့ကို ကြည့်ပြီးရင်တွင်းမှာ လွမ်းရမည်လိုလို၊ ကြည်နူးရမည်လိုလို ခံစားရ၏။

မမဝေက နံ့သာရောင် အင်္ကျီလေးကို ဝတ်ထားသည်။ ထဘီလေးက တော့ နုနုဝါဝါပါ။ လည်ဆွဲမှ ကျောက်ကလည်း ကြက်ဥနှစ်ရောင် ဝါဝါ ဖြစ်သည်။ လက်စွပ်ကျောက်ကလည်း သည်အသွေးပင်။

ဝါဝင်းသော မျက်နှာလေးက အနည်းငယ် နွမ်းလျနေသည်။ ထာဝစဉ် အပြုံးခိုတွဲပြီး သွက်လှသော နှုတ်ခမ်းလေးများကလည်း စေ့စေ့ငုံငုံ ငြိမ်လွန်းလှသည်။

“မမဝေ...”

“အင်..”

“မမဝေ နေကောင်းရဲ့လား ဟင်”

မမဝေက ညင်သာစွာ ကျွန်တော့်ဘက် လှည့်ကြည့်သည်။

“နေကောင်းပါတယ်၊ ဘာဖြစ်လို့ မေးတာလဲ”

“ဪ . . အခုတစ်လော မမဝေကို ကြည့်ရတာ နည်းနည်းနွမ်းတယ်၊ နွေရောက်လို့ နေပူလို့လား ဟင်”

မမဝေသည် မဖြေဘဲ ခေတ္တနေသည်။ ပြီးတော့မှ အဓိပ္ပာယ်မရှိ ရယ်လိုက်ကာ ဆို၏။

“ဟုတ်တယ်၊ နွေရောက်လို့ ပူတယ်၊ ဒါပေမဲ့ ဟောဒီအပြင်က နွေ မဟုတ်ဘူး၊ ဒီနွေကိုတော့ မမဝေ ချစ်ပါတယ်”

“အပြင်ကနွေ မဟုတ်လို့ ဘယ်ကနွေလဲ မမဝေရယ်”

“မောင်လေးလှိုင်၊ မင်း ဘာမသိချင်ယောင်ဆောင်နေရတာလဲ၊ မမဝေ ပူရတာက ရင်ထဲကနွေ၊ မင်း ရင်ထဲမှာ နွေရောက်ဖူးသလား”

“ကျွန်တော့်ရင်ထဲ နွေရောက်ဖူးသလား ဆိုတော့ ရောက်ဖူးတယ် ထင်တယ်၊ ဒါပေမဲ့ ကျွန်တော်က ကျွန်တော်ပါ၊ မမဝေက ဘာလို့ ရင်ထဲမှာ နွေရောက်ရသလဲ၊ ကျွန်တော် နားမလည်နိုင်ဘူး”

မမဝေက မဲ့ပြုံးလေး ပြုံးပြ၏။

“မမဝေကကော ဘာမို့လို့လဲ၊ မမဝေလည်း မင်းလို လူပါပဲ၊ မမဝေ မှာလည်း ရင်နဲ့ နှလုံးနဲ့ အသည်းနဲ့၊ ပြီးတော့”

နှုတ်ကို ထိန်းဟန်ဖြင့် မမဝေသည် စကားကို ချက်ချင်း ရပ်လိုက်သည်။ ဇွတ်ပြုံးဟန် မျက်နှာပေးဖြင့် ကျွန်တော့်ကို တစ်ချက် စိုက်ကြည့်ပြီးမှ လိုးလွဲသော စကားကို ဆိုသည်။

“မမဝေကိုသာ ပြောနေတယ်၊ မင်းလည်း အတော်ပိန်သွားတယ်၊ အသားတွေလည်း ဖြူရော်ရော်နဲ့ ညဥ့်နက်ထိအောင် မင်း စာရေးသလား၊ ဟုတ် လား”

“ဟုတ်တယ် မမဝေ၊ စာက ညဥ့်နက်မှ ရေးလို့ ပိုကောင်းတယ်”

“အလွန်အကျွံ မလုပ်နဲ့လေ၊ ကိုယ့်မှာ လောစရာ အကြောင်းဖြင့် မရှိဘဲ နဲ့၊ ကျန်းမာရေး ထိခိုက်နေဦးမယ်”

“ကျွန်တော့်စိတ်မှာတော့ လောစရာ အကြောင်းက ပေါ်နေတယ်၊ မမဝေ ဟောဒီဝတ္ထုကြီးကို ကျွန်တော် မြန်မြန်ပြီးချင်တယ်”

“ဘာဖြစ်လို့ မြန်မြန်ပြီးချင်ရတာလဲ”

“ဘာရယ်လို့တော့ ကျွန်တော် မပြောနိုင်ဘူး၊ စောစောက ကျွန်တော့် ရင်ထဲ နွေရောက်ဖူးသလားလို့ မမဝေ မေးတယ်၊ အင်း... - အခု ရောက်နေသလိုပဲ။ ဟောဟိုမှာ ကြည့်စမ်း မမဝေ၊ မြူကမ္ဘလာလေ...၊ နွေက မြူကမ္ဘလာကို ယူ လာတယ်၊ ကျွန်တော့်ရင်ထဲမှာ ပူတယ်တော့ မဟုတ်ဘူး၊ ဒါပေမဲ့ မြူကမ္ဘလာ ကျလာတယ်၊ လိပ်ကာ ကျလာသလိုပါပဲလေ၊ လိပ်ကာကျရင် ဇာတ်သိမ်းရတယ်၊ ဒီတော့ ကျွန်တော်လည်း ဝတ္ထုကို ဆုံးရမယ်၊ ဆုံးဖြစ်အောင်ကို ဆုံးရမယ်”

မမဝေသည် ကျွန်တော့်စကားများကို နားထောင်ရင်း ငိုင်နေသည်။ အတန်ကြာသော် ခေါင်းမော့ပြီး ကျွန်တော့်ကို ကြည့်သည်။ မျက်ဝန်းပြာသော မမဝေ၏ မျက်လုံးများက တစ်မျိုးတစ်ဖုံ လဲ့နေသည်။ မျက်ရည်တို့လည်း ဝေ့နေ၏။

“လိပ်ကာကြီး ကျလာတော့မယ်လို့ မင်း တကယ် ထင်သလား”

“ထင်တယ် မမဝေ... ဇာတ်ဆရာကြီးကလည်း လိပ်ကာချခိုင်းနေပြီ”

“အဲဒီဇာတ်ဆရာကြီးက ဘယ်သူလဲ”

“ကံ . . တဲ့ မမဝေ၊ ကံဆိုတဲ့ ဇာတ်ဆရာကြီး”

မမဝေက မနွမ်းတနွမ်း ပြုံး၏။

“မင်းက ကဗျာဆရာ၊ ကဗျာဆရာ ဆိုတော့ ရင်ထဲ ရှိတာ ပြောသွားလိုက်တာ၊ မမဝေရင်ထဲလဲ ရှိလှတယ်၊ မမဝေကတော့ မပြောတတ်ဘူး၊ ဒါပေမဲ့ ကဗျာလေးတစ်ပုဒ် မမဝေ ရွတ်ပြမယ်နော်၊ မင်း နားထောင်”

မမဝေက ရှေ့တစ်ခွင်မှ မြင်ရသော ဝါရွက်ကြွေသည့် နွေရှုခင်းကို ကြည့်ရင်း အသံသာသာဖြင့် ကဗျာတစ်ပိုဒ်ကို တေးပမာ ရွတ်ဆိုသည်။

“ကလျာရွှေညီ၊ နန်းကေသီသို့၊ ဦးချိုလက်စုံ၊ ရှိပဒုံဖြင့်၊ ခိုလှုံဖျဖျ၊ ခစားကြ၍၊ ဂီတသံအေး၊ ငြိမ့်လေးညင်းတွဲ့၊ နန်းဟန်ဖွဲ့ ၍၊ ကန့်ကလျ၊ ဖြေဖျော်ကြ လည်း၊ သောက ကိန်းအောင်း၊ ပူလက်ဟောင်းကြောင့်၊ ပျော်ကြောင်းမထင် ပူကြွေးတင်၍၊ မရွှင်လျက်နှင့်၊ ရွှင်ယောင်ကျင့်သည်...။ ခုဖြင့် ဖြေခက်သည် တကား”

ကျွန်တော်က မမဝေကို နားမလည်နိုင်ဘဲ ကြည့်မိသည်။ သည်ရတုက ရာဇဓာတုကလျာ ဖွဲ့ဆိုသည်ဟု ယူဆကြသော ရတု ဖြစ်၏။ ဘာကြောင့် သည် ရတုကို မမဝေ ဆိုပြပါသနည်း။

မမဝေကမူ ကျွန်တော့်ကို မကြည့်ဘဲ ရတုကိုသာ ဆက်ရွတ်၏။

“မြလွှာဝေစီ၊ နွေခဋီဝယ်၊ ရွှေဖီသင်းပျံ့၊ နှင်းယန့်နှင့်၊ ခင်းညှံ့မြေဇာ၊

လေညှင်းလာက၊ ရွှေမာလာငုံ၊ ပန်းဝတ်မှုံတို့၊ ကြွေတုံသက်ဆင်း၊ ကိုက်ငုံကင်းနှင့်၊ အင်ကြင်းဖြူနီ၊ ရိုးတံချီလျက်၊ သံညီဥသြ၊ နှုတ်ချိုနှော၍၊ တောင်တောသာခွင့်၊ ရာသီဖွင့်သည်။ နရင့်နွေစက်လည်တကား”

ဒုတိယအပိုဒ် အပြီး၌ မမဝေက ရပ်သွားသည်။ တတိယအပိုဒ် ကျန်သေးသည်။ သို့ရာတွင် မမဝေက ဆက်မဆိုပါ။ မဆိုရုံမက နေရာမှပင် ထလိုက်၏။

“ပြန်တော့မလို့လား မမဝေ၊ ရတုကလည်း မဆုံးဘဲနဲ့”

“တတိယအပိုဒ်ကို မမဝေ မေ့သွားပြီ ဆိုပါတော့”

“ကျွန်တော် ထောက်ပေးမယ်လေ

“တော်ပါပြီ ကိုလျှာရှည်၊ မမဝေက မဆုံးချင်ဘူး၊ မင်းလို မဆုံးချင်ဘူး၊ ထတော့ ... ပြန်ကြမယ်”

✻✻✻✻✻

အခန်း [၁၃]

တပေါင်း ကုန်၍ တန်ခူးဆီသာ ကူးလာခဲ့သည်။ ကျွန်တော့်ဝတ္ထုကြီးက မပြီးပါ။ အစ်ကိုသန်းဟန်သာ ပြန်ရောက်လာခဲ့သည်။ ကျွန်တော်ကတော့ ရေးရဆဲ။

အစ်ကိုသန်းဟန်ကို ဦးလေးနှင့် အဒေါ်ပါမက ဦးထင်အောင်နှင့် ဒေါ်လှနတို့ပါ ရန်ကုန်သို့ သွားကြိုကြသည်။

ထူးဆန်းသည်မှာ မမဝေကတော့ လိုက်မသွား။ ဪ .. မိန်းမသား ကလျာဏ်ရှင် ဖြစ်တော့ ထိန်းသင့်သည်ကို ထိန်းရသည်နှင့် တူသည်။

အစ်ကိုသန်းဟန်က ဓာတ်ပုံထဲမှာထက် အရုပ်ဆိုးသည်။ ဓာတ်ပုံတွင်းမှာက အသားဖြူ သကဲ့သို့ ရှိနေသောကြောင့် တော်သေးသည်။ အပြင်မှာက အသား အတန်ညိုသည်။

အစ်ကိုသန်းဟန်ကို ကျွန်တော် ပြုံးမိသော အချက်များ ရှိသည်။

သူက အိမ်တွင်းမှာပင် ဖိနပ်မချွတ်။ ဖိနပ်ကို အိမ်အပေါ်ထပ်အထိ စီးသည်။ ထမင်းစားလျှင် ဇွန်း ခက်ရင်း သုံးသည်။ ငါးပိတော့ ကြိုက်သည်။ ဇွန်း ခက်ရင်းနှင့် သူ တို့နိုင်ရန် တို့စရာကို သေးသေး လှီးပေးရသည်။

နံနက် စောစောတွင် ယခင်က ဦးလေးအတွက်သာ ကော်ဖီပွဲ ကျွန်တော်တက်ပို့ရသည်။ ယခုတော့ အစ်ကိုသန်းဟန်အတွက်ပါ ပို့ပေးရ၏။ အစ်ကိုသန်းဟန် က ညအိပ်အင်္ကျီကျား၊ ဘောင်းဘီကျားဖြင့် မျက်နှာမသစ် သွားမတိုက်သေးဘဲ ကော်ဖီ တစ်ကရား ကုန်အောင် ဇိမ်နှင့် သောက်သည်။

ကျွန်တော့်အပေါ် ဆက်ဆံသည်ကား ပွင့်လင်းဖော်ရွေပါ၏။

တွေ့စက ကျွန်တော့်ကို ခြေဆုံး ခေါင်းဆုံး ကြည့်ပြီး ပြောသည်။

“တို့ ညီအစ်ကိုသာ ဆိုတယ်။ တစ်ခါမှလည်း မတွေ့ဖူးကြသေးဘူး အေးဟေ့ ... ညီအစ်ကိုဆိုရင် လူတွေ ယုံဖို့ ခက်ခက်ပဲ၊ တို့ရုပ်တွေက တခြား မင်းက မင်းသား ငါလည်း အဟဲ . . မင်းတော့ မင်းသားပဲ၊ ဒါပေမဲ့ မင်းကုသကွဟား..ဟား..”

“ဒါပေမဲ့ အစ်ကိုသန်းဟန်၊ ယောကျ်ားတို့ အချင်းဟာ ပညာပါ၊ အစ်ကိုသန်းဟန်လို ကျွန်တော် ပညာရှိချင်လှပါတယ်”

"ငါ့ညီက အပြောလည်း ဘယ်ဆိုးလို့တုံး၊ ဒါထက် မင်း ကဗျာတွေ ဘာတွေလည်း ရေးတယ်ဆို၊ ဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုသန်းဟန်"

"ဒီလိုဆို မင်း ဝေဝေနဲ့ အဖွဲ့ကျမှာပေါ့နော်"

"မမဝေနဲ့ ကျွန်တော် ခင်ပါတယ်"

"အေးပါ . . ငါ ယုံပါတယ်၊ ဝေဝေက ကဗျာနဲ့ ဂီတ ဝါသနာပါတယ် ငါဆိုတဲ့ ကောင်က ကျောင်းတုန်းက ကျက်ရတဲ့ ကဗျာတွေ ဘာတွေတောင် ခေါင်းထဲ မရှိတော့ဘူး၊ ဂီတနဲ့ ပတ်သက်ရင် ငါက လက်ခုပ်ပဲ တီးတတ်တယ်၊ သီချင်းကြီးတီးရင် ငါက အိပ်ငိုက်ရော၊ အခုတော့ အတော်ပဲ၊ ငါ့ညီဆီက ကဗျာ လေး ဘာလေး နည်းနည်း ပြန်သင်ရမယ်၊ မင်း မမဝေနဲ့ စကားပြောရင် ဖြီးနိုင် အောင်ပေါ့ကွာ၊ ဟဲ... ဟဲ..."

ပွင့်လင်းရိုးသားမှုကြောင့် အစ်ကိုသန်းဟန်ကို တွေ့ပြီးစကတည်းက ကျွန်တော် ခင်မင်သွားသည်။ သူကလည်း ကျွန်တော့်အပေါ် ခင်မင်ပုံရသည်။ နံနက်တိုင်း ကျွန်တော် ကော်ဖီ တက်ပို့ရသည်ကို သိသောအခါ၌လည်းမေး၏။

"ကော်ဖီကို တခြားလူက ဘာလို့ မပို့တာလဲ မောင်လေးလှိုင်"

"အဲဒါက ကျွန်တော့် တာဝန်ပါ၊ ဒေါ်ဒေါ် ချပေးထားတဲ့ စည်းကမ်းပါ"

"မေမေကတော့ လုပ်မယ်၊ ဒီလိုဆိုရင် မင်း အစောကြီး ထရမှာပေါ့"

"ကျွန်တော့်မှာ စောစောနိုးတတ်တဲ့ အကျင့် ရှိပါတယ်။ ပြီးတော့ ကျွန်တော် ဘာမှ မပင်ပန်းပါဘူး၊ မမလုက အကုန်ပြင်ပေးတာ၊ ကျွန်တော်က အပေါ်ကို ယူလာရုံကလေး၊ အိမ်အတွက် ဒီလောက်လေး လုပ်ပေးရတာ ကျွန်တော် ကျေနပ်နှစ်သက်ပါတယ်"

အစ်ကိုသန်းဟန်က ဘာမျှမပြောတော့ဘဲ ခေါင်းခါနေ၏။ သူ့မှာ နှလုံးသား ရှိ၍ ကိုယ်ချင်းစာတတ်မှန်း သိရသောကြောင့် ကျွန်တော် ဝမ်းသာမိ သည်။ ကျွန်တော့်အတွက်လည်း ဝမ်းသာသည်။ ဪ . . မမဝေတို့အတွက်လည်း ဝမ်းသာသည်။ မိန်းမသားတစ်ယောက်သည် လင်သားထံမှ နှလုံးသားနှင့် ကိုယ်ချင်းစာတရား ရလျှင် အခြား ဘာလိုပါသေးသနည်း။

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မလိမ်လျှင် ဝမ်းမသာနိုင်သော အဖြစ်ကို တော့ အမှန် ကြုံရပါသည်။

အစ်ကိုသန်းဟန် ရောက်ပြီး နောက်တစ်နေ့မှ စခဲ့လေသည်။ ထုံးစံအတိုင်းပင် ညနေ၌ အပေါ်ထပ် စာကြည့်ခန်းမှာ ကျွန်တော် စောင့်နေသည်။ မကြာမီမှာ ထုံးစံအတိုင်းပင် ငွေလမင်း ထွက်သည့်ပမာ ရွှန်းရွှန်း မြမြနှင့် မမဝေက အိမ်ရှေ့ဆီ ရောက်လာသည်။

မမဝေကို ဆီးကြိုသူက ကျွန်တော် မဟုတ်ရပါ။ အစ်ကိုသန်းဟန်ပါ။ ပြတင်းကွယ်မှ ကျွန်တော် ကြည့်နေခိုက် အပေါ်ထပ်သို့ သုတ်သီးသုတ်ပျာနှင့် အဒေါ်

တက်လာသည်။

အဒေါ်က လေသံအုပ်အုပ်နှင့် ပြော၏။

“လေးလှိုင် . . မင်း အလိုက်မသိဘဲ သွားဝင်မရှုပ်နဲ့နော်”

“ခင်ဗျာ... ဒေါ်ဒေါ် ဘာပြောတာလဲ”

“သူတို့ လမ်းလျှောက်မလို့ လျှောက်ကြပါစေ။ မင်းကရော လိုက်မသွားနဲ့”

“ဩော်... အင်း... ဟုတ်ကဲ့ပါ၊ ကျွန်တော် ဟိုဒင်း သိပါတယ်...”

ကျွန်တော့် ရင်တွင်း ဝမ်းလည်းနည်းမိသည်။ မခံချင်လည်း ဖြစ်မိသည်။ သို့ရာတွင် အဖြစ်က ကျွန်တော် ဘာများတတ်နိုင်ပါမည်နည်း။

ပြတင်းကွယ်မှ အသာချောင်း၍တော့ ကြည့်နေမိသည်။

မြေနီလမ်းလေးတစ်လျှောက် နှစ်ကိုယ်တွဲပြီး အစ်ကိုသန်းဟန်နှင့် မမဝေတို့ လျှောက်သွားကြသည်။ သမင်လည်ပြန်နှင့် အပေါ်ထပ်ဆီ မမဝေ တစ်ချက် လှည့်ကြည့်သည်ကို ကျွန်တော် တွေ့ရပါ၏။ သို့ရာတွင် ပြတင်းကွယ်မှ ကျွန်တော် လူယောင်မပြရဲ။

သည်အခန်းတွင်းမှာလည်း ကျွန်တော် ကြာရှည်မနေနိုင်။ အို... သည် အိမ်ကြီးပေါ်မှာ ကျွန်တော် မနေချင်တော့ပါ၊ ကျွန်တော် ပြေးချင်သည်။ လွတ်ရာ ဝေးရာကို ပြေးချင်သည်။

မမဝေတို့ မျက်စိအောက်က ပျောက်သွားမှ အိမ်အောက်သို့ ကျွန်တော် ဆင်းလာခဲ့သည်။

ကျွန်တော်သည် မီးရထားလမ်းဆီ ထွက်ခဲ့သည်။ မီးရထားလမ်း အတိုင်း ရည်ရွယ်ချက်မဲ့ အရှေ့ဘက်ဆီသို့ ကျွန်တော် လျှောက်သည်။

ပတ်ဝန်းကျင်မှာ မြူပြာပြာတို့တော့ လွှမ်းဖွယ်ဝေနေပါသည်။ ရွက်သစ်ဆင်စပြုသော အပင်တို့က ဆင်စပြုနေသော်လည်း ရွက်ဝါတို့ ပင်တိုင်းမှာ မကုန်စင်သေးပါ။ ပင်စည်ကပဲ သံယောဇဉ်ကြီးသလော၊ ရွက်ဝါကပင် သမုဒယနှောင်ကြိုး ခိုင်လေသလော မပြောတတ်၊ နွေဦးပင်ယံတို့ထက် ရွက်ဝါအချို့ ကျန် နေလေသေးသည်။

ရွက်ဝါရေ . . ကြွေမှာ ကြွေလိုက်တော့။ မင့်အခန်းက ပြီးနေပြီ၊ မြန်မြန် ကြွေတော့၊ မင်း မြေမှာ မြန်မြန်လျှောင်းရမယ်၊ အဲဒီအခါကျတော့ မရှိတော့တဲ့ အတိတ်ဆိုတာကို မင်း မြန်မြန်မေ့လိမ့်မယ်၊ မင်း မမေ့ပေမယ့် ပင်စည်မှာ မင်း ဇာတ်လမ်းတော့ မကျန်နိုင်လေတော့ဘူး”

ကျွန်တော့် ရင်တွင်းက သည်လို ပြောသော်လည်း ရွက်ဝါတို့က မကြွေ ပါ။ ကြွေချင်ပေမယ့် ဇာတ်သိမ်းပေးမည့် လေရူးကို စောင့်ရရှာပေမည်။

ကျွန်တော်ကလည်း စောင့်ရဦးမည်။

မြူကမ္ဗလာကို ကြမ္မာလိပ်ကာချပေးမည့် ကံဇာတ်ဆရာကြီးကို စောင့်ရဦးမည်။

ရွှက်ဝါတို့နှင့်အတူ စောင့်ရလေဦးမည်။

■

အစ်ကိုသန်းဟန်က သူ့ဌာနချုပ်မှ ခွင့်နှစ်ပတ် ရခဲ့သည် ဆို၏။ ခွင့်စေ့ လျှင် မန္တလေး၌ အလုပ်ဝင်ရမည် ဆိုသည်။

အစ်ကိုသန်းဟန် ခွင့်စေ့၍ မပြန်မီ စေ့စပ်ကြောင်းလမ်းခြင်း အခမ်းအနားကို သင်္ကြန်အလွန်၌ ကျင်းပရန် သူတို့ စိုင်းပြင်းနေကြသည်။ မင်္ဂလာပွဲကိုတော့ ဝါမဝင်မီ ပြုလုပ်မည်ဟု သိရသည်။

တတ်နိုင်သူတွေ ဖြစ်ကြသဖြင့် စေ့စပ်ကြောင်းလမ်းပွဲကိုပင် မင်္ဂလာပွဲလေးတမျှ စီစဉ်ကြသည်။ ရပ်ဝေးရပ်နီးမှ ရင်းနှီးသော ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြသည်။ ခရီးဝေးမှ ဧည့်သည်များ လာလျှင် ညအိပ် တည်းခိုနိုင်ရန် ကျွန်တော်တို့ နှစ်အိမ်လုံးကို ပြင်ဆင်ထားကြသည်။ အကျွေးအမွေးအတွက်ကိုပင် ရန်ကုန် “ စထရင်း”ဟိုတယ်မှ အထူးမှာကြားထားသည် ဆိုသည်။

ပွဲချိန်အမီ နှစ်အိမ်လုံး ခြံကို ရှင်းကြသည်။ မမဝေတို့ အိမ်ဘက်မှာတော့ လူအားက မြှိုင်သည်။ ကျွန်တော်တို့ဘက်မှာကား ကိုဘိုကေနှင့် ကျွန်တော်သာ ရှိသည်။ ကိုအဓောင်မောင်းက ကားမောင်းရသဖြင့် ကျွန်တော်တို့ကို အနည်းအကျဉ်းသာ ကူညီနိုင်သည်။

ကိုဘိုကေနှင့် ကျွန်တော်တို့သည် မြက်ရိုင်းများကို ရှင်းကြရသည်။ မညီ မညာ ဖြစ်နေသော ခြံစည်းရိုးပင်များကို ကိုက်ညှိကြသည်။ ခြံဝင်းအတွင်းရှိ သစ်ပင်တို့၏ အောက်ခြေများကို ရှင်းရသည်။

ပျော်ပျော် နေတတ်သော်လည်း သဘောကောင်းသော ကိုဘိုကေက ပင်ပန်းမည့် အလုပ်ဆိုလျှင် သူသာ ပိုလုပ်သည်။ ကျွန်တော့်ကို သက်သာသည်ကို သာ လုပ်စေသည်။

သင်္ကြန်မတိုင်မီ တစ်ညနေ၌ အစ်ကိုသန်းဟန်က ကားဖြင့် သင်္ဘောဆိပ် ဆီ ဆင်းသွားသည်။ သူ့သူငယ်ချင်းအချို့က စေ့စပ်ကြောင်းလမ်းပွဲ လာရင်း ပုသိမ် မှာ သင်္ကြန်ပွဲ နွှဲရန် ကြိုတင်ရောက်လာမည် ဖြစ်သောကြောင့် သွားကြိုခြင်း ဖြစ်သည်။

ကျွန်တော်တို့ အိမ်ကြီးရှေ့တွင် မြေနီလမ်းက ပိုင်းထားသော အလုမွေး ထားသည့် မြက်ခင်းပြင် ရှိသည်။ ဟိုဘက်ခြမ်း မြက်ခင်းပြင်ပေါ်မှာ ရေဖျန်းဒလက် က လည်နေသည်။ ရေပန်း နှစ်သွယ်က လေတွင်းမှာ ချာလည်လှည့်နေ၏။ သည် ဘက်ခြမ်း မြက်ခင်းပြင်ပေါ်တွင်ကား လက်တွန်းစက်ဖြင့် ကျွန်တော် မြက် ဖြတ် ညှိနေ၏။ ခပ်ဝေးဝေး ခြံတစ်ထောင့်တွင် ကိုဘိုကေက မြက်ခြောက်နှင့် အမှိုက် များကို မီးစောင့်ရှို့နေသည်။

စက်ရုပ်ကဲ့သို့ လှုပ်ရှားရင်း ကျွန်တော်က မြက်ဖြတ်စက်ကို တွန်းနေ သည်။

ယခုတစ်လော ဘာလုပ်လုပ် စက်ရုပ်ပမာ ဖြစ်နေသော ကိုယ့်ကိုယ်ကိုယ် ကျွန်တော် သတိထားမိသည်။

ပြန်တွက်ရရေတော့ တစ်နှစ်။ ဪ . . တစ်နှစ်တင်းတင်း ပြည့်တော့ မည်ပါလား၊ မနှစ်က သည်အချိန်မျိုးတွင် . .။

ကျွန်တော့်ကျောနှင့် လည်ပင်းဆီ ရေများ ဖွားခနဲ တစ်ချက် စဉ်ပက်လေသည်။

လှည့်ကြည့်လိုက်သော ကျွန်တော်က မမဝေကို မျက်နှာချင်းဆိုင် တွေ့သည်။

ပန်းနုသွေး ဝတ်ဆင်လျက် မမဝေက ရေပန်း ဒလက်အနီးမှာ ရပ်နေ သည်။ မျက်နှာလေးကိုတော့ ပြုံးထားသည်။ သို့ရာတွင် ခါတိုင်းလို ချိုလှဲ့လှဲ့ မဟုတ်။ သည်အပြုံးမှာ တစ်စုံတစ်ရာ လိုနေမှန်း ကျွန်တော် သိသည်။

"အလုပ် မသိမ်းသေးဘူးလား ဆရာကြီး"

"မသိမ်းသေးဘူး မမဝေ၊ ဟောဒီဘက် တစ်ဝက် ကျန်သေးတယ်"

"ကျန်တာကို ကိုဘိုကေ ဆက်လုပ်ပါစေ"

"ခင်ဗျာ .."

ပြုံးရိပ် မပြယ်သေးသော မျက်နှာဖြင့် မမဝေက ကျွန်တော့်ကို စေ့စေ့ ကြည့်ရင်း ဆိုသည်။

"လမ်းလျှောက်ကြမယ်လေ"

"ခင်ဗျာ .."

မမဝေ၏ မျက်နှာမှ အပြုံး ပျောက်သွားသည်။ အသံ မမာ့တမာနှင့်လည်း ပြောသည်။

"လမ်းလျှောက်ကြမယ်လို့ မမဝေ ပြောနေတယ်၊ မင်း နားမလည်ဘူးလား"

"ဟုတ်... ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ တော်တော်ကြာ အစ်ကိုသန်းဟန် ပြန်လာတော့မှာ"

"ဪ .. တော်ကြာမှ ပြန်လာလာ၊ မိုးချုပ်မှ ပြန်လာလာ၊ မမဝေက မင်းကို အခု လမ်းလျှောက်ဖို့ ခေါ်နေတာ"

ခက်ကပြီ။ ကျွန်တော်က ဟိုကြည့် သည်ကြည့် လုပ်မိသည်။

"မင်း ဘာကြည့်နေတာလဲ"

"ဪ... ဒေါ်ဒေါ်ကိုပါ"

“ဒေါ်ဒေါ့်ကို ဘာလုပ်မလို့လဲ”

“ဟိုဒင်း… ကျွန်တော်… ခွင့် . . ခွင့်တောင်းမလို့”

မမဝေ၏ မျက်နှာထားသည် တင်းသွား၏။ ကျွန်တော့်အနီး ကပ်လာ ပြီး ကျွန်တော့်လက်တွင်းမှ မြက်ဖြတ်စက်ကို ဆွဲယူကာ တွန်းပစ်လိုက်သည်။

“မင်း . . ခါတိုင်း မမဝေနဲ့ လမ်းလျှောက်မှာ ဒေါ်ဒေါ်မေ့ကို ခွင့်တိုင်သလား”

“ဒါပေမယ့် မမဝေ အခုက…”

“ဒါပေမဲ့တွေ အခုကတွေ လုပ်မနေနဲ့၊ သွား . . လက်ဆေး၊ မျက်နှာသစ်၊ အဝတ်လဲ၊ မြန်မြန်လဲချေ”

အဲသည်တော့လည်း ကျွန်တော် ဘာတတ်နိုင်ပါမည်နည်း။ လက်ဆေး၊ မျက်နှာသစ်၊ အဝတ်လဲပြီး မမဝေနောက် လိုက်ခဲ့ရသည်။

ခါတိုင်း လျှောက်နေကျ ကန်စောင်းဆီပင် ကျွန်တော်တို့ လျှောက်ကြ သည်။ ခါတိုင်းလိုတော့ နှုတ်မရွှင်ကြ။

ကျွန်းဆွယ်ဆီအထိ ကျွန်တော်တို့ မသွားကြပါ။ မမဝေနှင့် ကျွန်တော်တို့ပထမဆုံး လမ်းလျှောက်ကြစဉ်က ထိုင်ခဲ့ကြသော တောင်ဘက်ကမ်းခြေ မြေငူလေးတွင်သာ ရပ်ပြီး ထိုင်ကြသည်။

ဟိုနှစ်တုန်းဆီကတော့ သံကြွန်လွှန်ပြီး အတန်ကြာမှ လပြည့်သည်။ ယခုတော့ သံကြွန်ပင် မကျသေး။ လမင်းကြီးက အတန်ဝိုင်းလှပြီ။ အပြာဖျော့ဖျော့ အရှေ့ဘက် ကောင်းကင်တွင် ညနေကြီးမှာ လမင်းကြီး ဖြူဖြူထွက်နေ၏။

မမဝေက လမင်းကြီးဆီ ငေးကြည့်နေသည်။ ကျွန်တော်က ကန်ရေပြင် မှ မမဝေ၏ အရိပ်ကို အတွေးပိုပိုနှင့် စိုက်ကြည့်နေမိ၏။

ဆိတ်ငြိမ်နေရာမှ မမဝေက ရုတ်တရက် ကောက်မေးသည်။

“ခုတစ်လော မင်းက မမဝေကို ဘာလို့ ရှောင်နေရတာလဲ”

“မမဝေရယ် . . မမဝေကို ကျွန်တော်က ရှောင်နေတာ မဟုတ်ပါဘူး”

“ဪ… ဒါဖြင့် မမဝေက မင်းကို ရှောင်နေတယ်လို့ ဆိုလိုက်ချင်သလား”

“ဒီလိုလည်း ကျွန်တော် မဆိုပါဘူး မမဝေရယ်၊ မမဝေက ဘာလို့ ကျွန်တော့်ကို အပြစ်တင်ရတာလဲ”

“မင်းရဲ့ အရိပ်အယောင်ကို မမဝေ မတွေ့ ရဘူး၊ ခြံထဲ ဆင်းအလုပ်လုပ် နေတာကို မပြောနဲ့၊ ဥပမာ မင်း… ဘာလို့ မင်းရဲ့စာမူတွေ မမဝေကို လာမပြ တော့လဲ”

“ကျွန်တော့်မှာ ပြစရာ စာမူအသစ်မှ မရှိဘဲ”

"ဘယ်လို ဘယ်လို… မင်း စာဆက်မရေးတော့ဘူးလား"

"ကျွန်တော် ကြိုးစားပါတယ်၊ ဒါပေမဲ့ ရေးလို့ မရဘူး"

"ဘာလို့ ရေးမရတာလဲ"

ကျွန်တော်က မဖြေ။

"မမဝေ မေးနေတာကို ဖြေလေ"

"ခက်လှချည်လား မမဝေရယ်၊ ရေးမရတာဟာ ရေးလို့ မရလို့ပေါ့"

မမဝေက သူ့မျက်လုံးများနှင့် ကျွန်တော့်မျက်လုံးများကို စိုက်ကြည့်သည်။ သည်အကြည့်ကို ကျွန်တော် သိပါသည်။ မမဝေသည် သည်အကြည့် ဖြင့် ကျွန်တော့်ရင်ကို စာဖတ်မြဲ ဖြစ်ပါသည်။

ကျွန်တော်က မျက်လုံးများကို လွှဲပစ်လိုက်၏။

"မောင်လေးလှိုင်"

"ခင်ဗျာ …"

"ဒီနေ့ မင်းကို လမ်းလျှောက်ဖို့ ခေါ်လာတာဟာ မမဝေ ပြောစရာရှိလို့"

"ပြောပါ မမဝေ"

"မင်းနဲ့ တွေ့စက မင်းဟာ မမဝေအတွက် သာမန်ကောင်လေးတစ်ယောက်ပဲ။ စိတ်ကူးယဉ်တတ်တဲ့ ချစ်စရာကောင်လေးတစ်ယောက်ပေါ့ကွယ်၊ ဒါပေမဲ့ အခု မဟုတ်တော့ဘူး၊ မင်း သိရဲ့လား၊ မင်းဟာ မမဝေရဲ့ မျှော်လင့်ခြင်းပဲ"

"ခင်ဗျာ. . ကျွန်တော် ဟာ မမဝေရဲ့ မျှော်လင့်ခြင်း ဟုတ်လား"

"ဟုတ်တယ်၊ မင်းနဲ့ မတွေ့ခင်က မမဝေ ဘဝဟာ ဘာမှ အဓိပ္ပာယ် မရှိဘူး၊ မမဝေက ချမ်းသာတယ်၊ ဘာမှလည်း မလုပ်ဘူး၊ ဘာမှလည်း လုပ်ဖို့ မလိုဘူး၊ အင်္ဂလိပ်လိုတော့ မမဝေတို့ဟာ အိုင်ဒဲလ်ရစ်ချ်တွေ၊ လူချမ်းသာ ဆန် ကုန်မြေလေးတွေပေါ့၊ မင်းနဲ့တွေ့ပြီး ခင်မင်ရင်းနှီးတဲ့နောက်မှာ မမဝေလည်း ဒီလောကအတွက် တစ်ခုခု အနည်းဆုံး လုပ်ပေးသွားနိုင်တယ် ဆိုတာ နားလည် လာတယ်၊ မမဝေ ဝန်ခံမယ်၊ မင်းနဲ့ အတူနေခဲ့ရတဲ့ ရက်တွေဟာ မမဝေရဲ့ ဘဝ တစ်လျှောက်မှာ အဓိပ္ပာယ် အရှိဆုံးနဲ့ အပျော်ဆုံးရက်တွေပဲ၊ ဒါကို မင်း ယုံ"

မမဝေ၏ စကားက ဆွေးဆွေးမြည့်မြည့်နိုင်သည် ထင်သည်။ ကျွန်တော့်ရင်မှာ အမည် မဖော်နိုင်သော ဝေဒနာတို့ ပေါ်လာသည်။

"မင်းကို စာရေးဆရာကြီးတစ်ဦး ဖြစ်လာလိမ့်မယ်လို့ မမဝေ တထစ်ချ ယုံတယ်။ စာရေးဆရာဘဝကို မမဝေ အထင်ကြီးတယ်။ မြတ်နိုးတယ်၊ လောက ကို အလင်းရောင်လည်း ပေး၊ အလှလည်း ဆင်သူတွေအဖြစ်နဲ့လည်း ကြည်ညိုတယ်၊ မမဝေကိုယ်တိုင် စာရေးဆရာတော့ မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ စာရေးဆရာ ဖြစ်လာမယ့်

လူတစ်ယောက်ကို မမဝေ ပါရမီ ကူညီဖြည့်ပေးခွင့်ကို မင်းပေးခဲ့တယ်၊ အစကတော့ လမ်းသွားရင်း ဟန်လွဲ ဆိုတာလို ပေါ့ပေါ့ပါ၊ ဒါပေမဲ့ အခု မင်းနဲ့ ခွဲသွားရတော့မယ် ဆိုတာ သိတဲ့အချိန်မှာ မမဝေ့ ရင်ထဲ စိုးရိမ်စိတ် ဝင်လာတယ်”

မမဝေ၏ အသံလေးမှာ မသိမသာ တုန်နေသည်။ မမဝေနှုတ်မှ ခွဲသွား ရတော့မည့်အဖြစ်ကို ဝန်ခံသံ ကြားရသောအခါ သိပြီးဖြစ်လျက်နှင့် ကျွန်တော့် ရင်မှာ ပိုနာလာသည်။

“မမဝေဟာ ပန်းတစ်ပင် စိုက်တယ် ဆိုပါတော့ကွယ်၊ တစ်သက်မှာ ဒီတစ်ပင်ပဲ စိုက်နိုင်ခွင့် ရပါတယ်။ ဒီအပင်လေး အခေါင်မြင်ပြီး ဖူးပွင့်လာမှာ မြင်ချင်တယ်၊ နောင်ကိုတော့ မင်းက မင်းလမ်းသွားပြီး မမဝေက မမဝ လမ်း သွားရမှာပါ၊ ဒါပေမဲ့ မင်းနဲ့အတူ မမဝေ နောက်ထပ် နှစ်လလောက်တော့ နေရဦးမယ် ထင်တယ်။ အချိန်တွေဟာ သိပ်မရှိတော့ပါဘူး မောင်လေးလှိုင်၊ အဲဒီ ရသမျှ အချိန်လေးအတွင်းမှာ အတတ်နိုင်ဆုံး မမဝေ ကူညီသွားချင်တယ်၊ ဒီတော့ ဘာတွေ ဖြစ်နေနေ မင့်စာကို မင်း ဆက်ရေးပါ၊ ဘာတွေ လုပ်နေရ လုပ်နေရ . မမဝေက မမဝေ တာဝန်ကျေမယ်၊ ဪ... တွေ့ စက မင်း မမဝေကို ပြောခဲ့ တာ သတိရသေးလား”

“မမဝေကို ကျွန်တော် ပြောမိခဲ့တာတွေက အများကြီးဟာ၊ ဘာကို သတိရရမှာလဲ မမဝေ”

“မင်းရဲ့ ပထမဆုံး ဝတ္ထုကြီးမှာ မမဝေကို ရည်ညွှန်းချက်ပြုလိုက်မယ်ဆိုတာ...”

“ဪ... အင်း သတိရပါတယ်”

“ဒါဖြင့်ရင် စာဆက်ရေးပါ၊ မင်းဇာတ်လမ်းကို မင်း... အလွမ်းနဲ့ သိမ်းပစ်ပစ်၊ မမဝေ ဖတ်ရဖို့ စောင့်မျှော်နေမယ်”

သည်တစ်ကြိမ်တော့ မမဝေ၏ မျက်လုံးများကို စေ့စေ့ကြည့်သူမှာ ကျွန်တော်ပါ။ သို့ရာတွင် မမဝေ၏ စိတ်ကို ကျွန်တော် စာဖတ်၍ မရပါ။

ဪ... ဘယ်တုန်းကမှ ကျွန်တော် နားမလည်ခဲ့သောမမဝေ။ ယခုတော့ ပိုနားမလည်ပြီ။

ကျွန်တော်က သက်ပြင်းရှိုက်လိုက်၏။

“ကောင်းပါပြီ မမဝေ၊ ကျွန်တော် စာဆက်ရေးပါ့မယ်၊ မမဝေရဲ့ မျှော်လင့်ခြင်းဟာ ပြည့်စေရပါမယ်၊ ကျေနပ်ပြီလား”

မမဝေက ပြုံးပြပြီး နေရာမှ ထ၏။

“ကျေနပ်ပြီ ကဲ .. လာ ဟိုးအထိ လျှောက်ပြီး ပတ်ပြန်ကြမယ်”

“ကောင်းပါ့မလား မမဝေရယ်၊ ဒီကနေပဲ လှည့်ပြန်ကြရအောင်၊ အိမ်မှာ ဧည့်သည်တွေ ဘာတွေ ရောက်ကုန်ကြရောပေါ့”

မမဝေ၏ မျက်နှာလေးသည် မသိမသာ တင်းသွား၏။

"ကောင်းပ့ါမလား ဆိုတဲ့ စကားက မင်း ဘာကို ရည်ရွယ်ပြောလိုက်တာလဲ"

"ခင်ဗျား . . ဟို ဟိုဒင်း .."

"မင်း မဖြေနိုင်ဘူး မဟုတ်လား၊ မဖြေနိုင်ရင် မဖြေနဲ့၊ မမဝေက အဖြေပေးမယ်။ ဒီနေ့ ဒီအချိန်အထိ မမဝေဟာ မမဝေ ဘဝရဲ့ အရှင်သခင် ကံကြမ္မာရဲ့ မာလိန်မှူး... မင်း ဘာပြောချင်သေးလဲ"

ကျွန်တော် ဘာမျှ မပြောချင်တော့ပါ။ ဘာမျှလည်း မပြောနိုင်ပါ။

မမဝေနှင့် ကျွန်တော်တို့သည် အနောက်ဘက်ဆီ ဆက်လျှောက်သည်။

ကျွန်တော်တို့ နောက်ကျောမှာက လမင်းကြီး ရှိသည်။ ရှေ့တည့်တည့် ဟိုး . . တောတန်းတို့ ထိပ်မှာက ဝင်လုဆဲမို့ ရဲရဲနီနေသော နေမင်းကြီး၊ ကြားမှာက မြူကမ္ဘလာ။

မြူ ကမ္ဘလာက ဖုံးအခောင် ပိတ်အခောင် မကျသေးပါ၊ စောသေးဟန် တူလေသည်။

မမဝေနှင့် ကျွန်တော်တို့ အိမ်ပြန်ရောက်ချိန်၌ နေရောင်က လုံးလုံးမပျောက်သေးပါ၊ လရောင်ကလည်း ရှိနေသည်။

ကျွန်တော်တို့ အိမ်ရှေ့ မြက်ခင်းပေါ်တွင် ကုလားထိုင်ပုများပေါ်၌ အစ်ကိုသန်းဟန်နှင့် လူရွယ် သုံးဦး ထိုင်နေကြသည်။ သူတို့ရှေ့ စားပွဲမှာက ဘီယာပုလင်းနှင့် ဖန်ခွက်များ ရှိနေသည်။

ကျွန်တော်တို့ကို မြင်သောအခါ အစ်ကိုသန်းဟန် ပြေးထွက်လာသည်။

"ကြည့်စမ်း၊ ဝေဝေ ဘယ်သွားနေတာလဲ"

"ဩော် ... ... ဝေဝေ မောင်လေးလှိုင်နဲ့ ကန်စောင်းကို လမ်းလျှောက်သွားတယ်"

"ဟောဟိုမှာ ကိုသန်းဟန် သူငယ်ချင်းတွေ ရောက်လာကုန်ပြီ၊ ဝေဝေ ဝင်နှုတ်ဆက်ပါဦး"

မမဝေက စားပွဲဆီ တစ်ချက် ကြည့်လိုက်၏။

"ကိုသန်းဟန်တို့ပဲ လွတ်လွတ်လပ်လပ် နေကြပါ၊ နောက်မှပဲ သူတို့နဲ့ ဝေဝေ တွေ့ပါမယ်"

"အိုး .. ဝေဝေကလည်း ခဏလေးပါ၊ စကားလေးတစ်ခွန်း နှစ်ခွန်း လောက်.."

"ဝေဝေ ပြောပြီးပြီ၊ ကိုသန်းဟန်တို့ပဲ လွတ်လွတ်လပ်လပ် နေကြပါလို့၊ သတို့သမီးလောင်းတစ်ယောက်အနေနဲ့ ဝေဝေ့မှာ ဒီလောက် သတ္တိမရှိသေးဘူး"

အစ်ကိုသန်းဟန်၏ မျက်နှာမှ အပြုံးလျှော့သွား၏။

"ဆောရီး ဝေဝေ၊ ကိုယ် သတိလွတ်သွားတယ်"

"ကိစ္စမရှိပါဘူး"

"ကိုယ်တို့ ဘီယာသောက်နေတာကိုလည်း ဝေဝေ ခွင့်လွှတ်ပါ"

"ဝေဝေ မကန့်ကွက်ပါဘူး"

မမဝေသည် အစ်ကိုသန်းဟန်ကို တစ်ချက် ပြုံးပြပြီး သူတို့ တိုက်ဘက် ဆက်ထွက်သွား၏။

ကျွန်တော်တို့ ခြံဝတွင် အစ်ကိုသန်းဟန်နှင့် ကျွန်တော်သာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ကျန်ရစ်ကြ၏။

အစ်ကိုသန်းဟန်က သူ့ပခုံးကျယ်ကြီးကို တစ်ချက် တွန့်ပြပြီး သူ့သူငယ်ချင်းများဆီ ထွက်သွား၏။

ကျွန်တော်က ယို့ယို့ကုပ်ကုပ်ဖြင့် ခြံတွင်း ဝင်ခဲ့ပါသတည်း။

*****

အခန်း [၁၄]

သင်္ကြန်ရက်များအတွင်း၌ ကျွန်တော်သည် အပြင်မထွက်ဘဲ စာကြီးစား ရေး၏။

အစ်ကိုသန်းဟန်နှင့် သူ့သူငယ်ချင်းများက မြို့တွင်း ထွက် ရေပက်ခံကြ သည်။ ညွှေသည်တွေ စုံနေပြီဖြစ်သော ဟိုဘက်တိုက်သို့လည်း ကူးပြီး ရေကစား ကြသည်။

သင်္ကြန်အခါမို့ တစ်မြို့ လုံး ပျော်ရွှင်နေကြသည်။ ကျွန်တော်တို့ နှစ်အိမ် ရှိ လူများကား အပျော်ဆုံး ဖြစ်ကြမည် ထင်သည်။ သြော် .. သူတို့အထဲက ကျွန်တော် တစ်ယောက်တော့ မပါပါ။

သင်္ကြန်တွင်းမှာ ကျွန်တော် မပျော်သကဲ့သို့ သင်္ကြန်ရက်များ ကုန်ဆုံး သွားမည်ကိုလည်း ကြောက်ရွံ့ နေမိသည်။

သင်္ကြန်လွန်လျှင် . .

ကျွန်တော်က ဝမ်းနည်းစွာ ပြုံးမိသည်။ ကျွန်တော် ရေးနေသော ဝတ္ထုကြီး၏ နာမည်က 'ကြယ်မကြွေသော ညများ' ဖြစ်ပါသည်။ ကျွန်တော့်အဖြစ်က ကြယ်ကြွေမည်ကို စောင့်ကြည့်နေရသည်။

သင်္ကြန်လွန်လျှင်တော့ ကြယ်ကြွေတော့မည်။ ကျွန်တော့်ရင်တွင်းမှာ ကြယ်တွေ ကြွေရတော့မည်။

ညနက်လာသောအခါ ငွေလရောင်က ပိုထိန်လင်းသည်။ ထိန်လင်းသော ငွေလရောင်မှာ နွေစရိုက်နှင့်အညီ ပတ်ဝန်းကျင်သည် ပြာရီရီ ရှိလှသည်။ လူတွေ အားလုံး အိပ်၍ တိတ်ဆိတ်သွားပြီ ဆိုလျှင် ဥဩငှက်သံလေးကို မှန်မှန် ကြားရ သည်။ သြော် . . သူလည်း နှုတ်ဆက်တေးကို သီနေသည် ဖြစ်ရာ၏။

ဥဩသံကို အဖော်ပြုရင်း ကျွန်တော်က စာကို ရေးသည်။ ဥဩလိုပင် သည်ဝတ္ထုဖြင့် မမဝေကို ကျွန်တော် နှုတ်ဆက်သွားရမည် မဟုတ်ပါလော။

ကျွန်တော့် အခန်းကျဉ်းလေးက အိမ်ကြီး၏ အောက်ထပ် အစွန်တွင် ရှိသည်။ ကျွန်တော့်အခန်းမှသည် ပိတောက်ပင်ကြီးက မဝေး။

သင်္ကြန်အတက်နေ့ ည၌ ကျွန်တော်သည် ညနက်အခေါင်ပင် စာထိုင် ရေးနေသည်။ အိမ်အောက်ထပ် ညွှေခန်း တိုင်ကပ်နာရီကြီးမှ ၁၂ နာရီထိုးသံ

ကြားရသောအခါ အညှောင်းဆန့်ရန် ခေတ္တ ကျွန်တော် နားလိုက်သည်။

ပြတင်းတံခါးကို ကျွန်တော်က ဖွင့်ထားသည်။ သန်းခေါင်လေချိုကပြတင်းမှ ဝင်လာနေသည်။

လေချိုသည် သင်းပျံ့သော ရနံ့ကိုလည်း သယ်ဆောင်လာသည်။

ပိတောက်နှင့် ... ကျွန်တော်၏ ချစ်လှစွာသော ပိတောက်နှင့်... ။

ဩော်... ပိတောက်တွေ ပွင့်လေပြီ။

နွေညပြာပြာ ငွေလသာဆဲမှာ ပိတောက်ပန်းတို့ ပွင့်ပြန်လေပြီ။ မနက်ဆိုလျှင် ပင်လုံးကျွတ် ထိန်ထိန်ဝေရော့မည်။

ကျွန်တော့်ရင်က ခုန်လာသည်။ ကြည်ကြည်နူးနူးမှာ ဆွေးဆွေးမြည့်မြည့်လေး ခုန်လာသည်။

အိမ်တံခါးကို ညင်သာစွာ ဖွင့်ပြီး အပြင်ဘက်သို့ ကျွန်တော် ထွက်လိုက်၏။

အပြင်ဘက်မှာက ငွေလရောင်သည် ပိုထိန်သကဲ့သို့ ဖြစ်နေသည်။ လ မွန်းတည့်မှတ်ကို အတန်လွန်ပြီးပြီ ဖြစ်သောကြောင့် မြေမှာ သစ်ရိပ်တို့ ရှည်စွာ ကျနေသည်။

ဟိုဘက်တိုက်မှာရော ကျွန်တော်တို့ အိမ်ကြီးပါ မီးရောင်ကင်းလျက် လရောင်အောက်မှာ တစ်ပိုင်းဖြူ တစ်ပိုင်းမည်းဖြင့် ဆိတ်ငြိမ်စွာ ရပ်တည်နေကြသည်။

လူသူအားလုံး အိပ်မောကျနေပုံ ရသည်။ တစ်နေ့လုံး ရေကစားထားကြ ၍ မောလည်း မောရှာကြမည်။

ဩော်... အိပ်မပျော်သူဟူ၍ ကျွန်တော် တစ်ယောက်တည်းသာ ရှိခြိမ့်မည်။

ကျွန်တော်က အိပ်မက်တွင်း၌ လမ်းလျှောက်သူကဲ့သို့ ပိတောက်ပင်ကြီးဆီ ရွေးရှုသွားသည်။

ရွှေပင်ရိပ်မှ ခုံတန်းလေးဆီ လှမ်းမြင်နိုင်သော နေရာ အရောက်တွင် ကျွန်တော့် ခြေလှမ်း တုံ့သွား၏။

ကိုယ်တစ်ခြမ်းပေါ် လရောင်ကျနေသဖြင့် ဖွေးဖြူကြော့ရှင်းသော သည်သဏ္ဌာန်ကို ကျွန်တော် အမြင်မမှားနိုင်ပါ။

ကျွန်တော်က အနားကပ်သွားပြီး အသံအုပ်အုပ်ဖြင့် ခေါ်မိသည်။

“မမဝေ...”

ခေါင်းငုံ့ကာ မျက်နှာကို လက်ဝါးလေးများနှင့် အုပ်ထားရာမှ မမဝေက အလန့်တကြား မော့ကြည့်သည်။

"ညနက်လှပြီ၊ မမဝေ မအိပ်သေးဘဲ ဒီမှာ လာထိုင်နေတယ် ဟုတ်လား"

ထိတ်လန့်ခြင်း ပြေပျောက်သွားဟန်နှင့် မမဝေက ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ကျွန်တော့်အမေးကိုတော့ မဖြေပါ။

လရောင်စဉ့် ပက်သဖြင့် ညက်ညောပဝင်းနေသော မမဝေ၏ မျက်နှာ လေးကို ကျွန်တော် ငေးကြည့်မိသည်။ မမဝေ၏ မျက်လုံးများနှင့် ပါးပြင်တွင် မျက်ရည်တို့ ဝင်းလက်နေ၏။

"ကြည့်စမ်း . . မမဝေ ငိုနေတယ်၊ ဘာဖြစ်လို့လဲ မမဝေရယ်၊ ဘာဖြစ်လို့ ငိုနေရတာလဲ"

မေးမိကာမှ ဆိုးတော့သည်။

မမဝေသည် ကိုယ်လေးကို ကျွန်တော့် ရင်ခွင်ဆီ ယိုင်ညွှတ်ချလိုက်၏။ ခေါင်းလေးကို ကျွန်တော့်ပခုံးထက် တင်ပြီး ချုံးပွဲချ ငိုတော့၏။

တမင်တော့ မရည်ရွယ်ပါ။ မရည်ရွယ်အပ်သည်ကိုလည်း ကျွန်တော် သိပါ၏။ သို့ရာတွင် ကျွန်တော့် ဘယ်လက်က မမဝေ၏ သေးသွယ်သော ခါးလေး ကို ပတ်ရစ် ပိုက်ပွေ့ထားမိသည်။ ကျွန်တော့်ညာလက်က မမဝေ၏ ကျောပြင် လေးကို ယုယစွာ ပွတ်သပ်လျက် နှစ်သိမ့်ချော့မော့မိနေသည်။

အဲသည်ကာမှ... ရင်ချင်းအပ်မိကြသည်။ ပါးချင်းလည်း ကပ်မိ၏။ လွမ်းဖွယ်သော အနမ်းစုံကို အဖုံဖုံ အသွယ်သွယ် တုံ့လှယ်ကြူမွှေး ချစ်ရေးပျူငှာ မေတ္တာတာရိုး အကျိုးကြီး ကျိုးခဲ့ရသည်။ ပတ်ဝန်းကျင်မှာ ပိတောက်သင်း၍ လမင်းထိန်သာနေသည်။

ပိတောက်ပွင့်ဆဲ လသာဆဲက နွေညပြာပြာ သည်ကမ္ဘာမှာ အတိတ် ဟူသည်လည်း မရှိ၊ အနာဂတ်ဟူသည်လည်း မရှိပြီ၊ လှပသော တစ်ခဏ ပစ္စုပ္ပန် မှာ မမဝေနှင့် ကျွန်တော်သာ ရှိသည်။ မမဝေနှင့် ကျွန်တော်က လွှဲလျှင် ပိတောက် သင်းနှင့် လမင်းသာ ရှိသည်။ အခြား ဘာမျှ မရှိ.. မရှိပြီ. .။

လန့်နိုးသူအလား ... မမဝေသည် ကျွန်တော့်ရင်ကို သူ့လက်လေးများ နှင့် တွန်းကာ နောက်သို့ ဆုတ်ခွာလိုက်၏။

ကျွန်တော်ကလည်း နေရာမှ မလှုပ်ပါ။ မမဝေကိုသာ ငိုင်ငေးကြည့်မိသည်။

လက်သီးလေးများ ဆုပ်ပြီး မမဝေသည် ကျွန်တော့်ကို အတန်ကြာ စိန်းစိန်းစိုက်ကြည့်နေသည်။ ခဏဥ္စမှု အံလေးကြိတ်လိုက်ပြီး ကိုယ်လေးကို ချာခနဲ လှည့်ကာ တိုက်ဆီသို့ ပြေးဝင်ပျောက်ကွယ်သွား၏။

ဪ.. လွမ်းဖွယ် ခဏတာ... ဇာတ်လမ်းက ဆုံးခဲ့လေပြီတကား။

ဇာတ်လမ်း ဆုံးပြီမို့ ... သည်ဇာတ်ခုံပေါ်မှာ သည်ဇာတ်ကောင်က မနေသင့်ပြီ။

ဪ . . မနေသင့်သည်မှာလည်း ကြာပါလေပြီကော . .။

ကျွန်တော့်ရင်မှာ နောင်တနှင့်လည်း ပူသည်။ ဆုံးရှုံးလက်လွှတ်ခြင်းကြောင့်လည်း ဆူနေသည်။

စိတ်ကို တုံးတုံးချလိုက်မိပြီ ဖြစ်သောကြောင့် ဘာလုပ်ရမည်က ကျွန်တော့်အတွက် ရှင်းနေပြီ။

ကျွန်တော်က ညကတည်းက အထုပ်အပိုးလေးများကို ပြင်ဆင်ထုပ်ပိုးသည်။

နံနက်စောစော ထကာ ကွန်ဒြေမပျက် အပေါ်ထပ်သို့ တက်ပြီး ကော်ဖီ ပို့ပေးသည်။

၆ နာရီသာသာတွင် ဂေါက်ရိုက်ရန် အစ်ကိုသန်းဟန်နှင့် အဖွဲ့က အိမ်မှ ထွက်ကြသည်။ အစ်ကိုသန်းဟန်က ဂေါက်မရိုက်တတ်ပါ။ သူ့သူငယ်ချင်းတွေက ရိုက်တတ်ပြီး ဂေါက်အိတ်များ ပါလာကြသည်။ ဂေါက်ရိုက်တတ်သော ဦးလေး လည်း လိုက်သည်။ အစ်ကိုသန်းဟန်က ဘေးမှ လိုက်ကြည့်ပေမည်။

၇ နာရီခန့်တွင် အိမ်မှ ကားက ဈေးသို့ သွားသည်။ မခင်လှတွင်မက ဈေးသည်တွေ ရောက်တုန်းမို့ အဒေါ်လည်း လိုက်သွား၏။

ကိုဘိုကေက သူ့တန်းလျားမှာ ရှိနေပေလိမ့်မည်။

ကျွန်တော့်အတွက် အကောင်းဆုံး အခွင့်အရေးပေတည်း။

ကျွန်တော့်မှာက အဝတ်အစား များများ မရှိ။ အခြားပစ္စည်းလည်း ထူးထူးထွေထွေ မရှိ။

ကျွန်တော့်မှာ ရှိသမျှပစ္စည်းတို့က လက်ဆွဲအိတ် တစ်လုံးနှင့် ဆံ့သည်။

လူရိပ်လူခြည် ကြည့်ပြီး အိမ်ကြီးမှ ကျွန်တော် ထွက်လာခဲ့သည်။

ကျွန်တော့် လက်တစ်ဖက်မှာက လက်ဆွဲအိတ်လေးကို ကိုင်ထားသည်။ အခြားလက်တစ်ဖက်မှာကတော့ တယောသေတ္တာလေး။

အိမ်ကြီးမှ အလွယ်တကူ ခွာခဲ့နိုင်ပေမင့်... ခြံပြင်အရောက်မှာ မမဝေတို့ တိုက်ဆီသို့ ခေတ္တလေး ရပ်ပြီး ကျွန်တော် ကြည့်မိသည်။

ဪ .. ခွဲရပါမည်။ ချစ်စွာသော မမဝေကို ကျွန်တော် ခွဲချန်ထားရစ် ရပါမည်။

ညက အဖြစ်ကို ကြုံရပြီးမှ မမဝေအနီးမှာ ကျွန်တော် မရှိတော့လျှင် အကောင်းဆုံး ထင်သည်။

မမဝေအတွက်လည်း ကောင်းပါမည်။ အစ်ကိုသန်းဟန်အတွက်လည်း ကောင်းပါမည်။ ကျွန်တော့်အတွက်လည်း ကောင်းလိမ့်မည် ထင်ပါသည်။

ခက်သည်မှာ... အကောင်းဆုံး အလုပ်ဟူသည့်တိုင်းကို နှလုံးသားက ကြည်ကြည်ဖြူဖြူ လက်မခံနိုင်တော့ပါ။ နှလုံးသားက ကြည်ကြည်ဖြူဖြူ လက်

မခံနိုင်တော့ မျက်ရည်ဟူသည်က ဝဲရသည်။

ဝဲသော မျက်ရည်တို့ကို အနိုင်နိုင်ထိန်းပြီး ကျွန်တော်က နေရာမှ အမြန်ထွက်ခွာလာခဲ့သည်။

ဝေးရာသို့ပါ . . ချစ်လှစွာသော မမဝေနှင့် ဝေးရာဆီသို့ပါ..။

✳✳✳✳✳

အပိုင်း [၂]

~~~~~~~~~~~~

“ဆက်ရလေသော လွမ်းအိပ်မက်”

“ပိတောက်ပွင့်ဆဲ၊ လသာဆဲဟု၊ လှမြဲသည်သာ၊ စိတ်ကမ္ဘာလျှင်၊ ပမာလျှပ်ပြက် အိပ်တစ်မက် တည့်၊ ရင်ထက်လမင်း၊ ပိုက်ပွေ့ရင်းတွင်၊ ချစ်တင်းဆိုဆို၊ ပြုံးချိုချိုနှင့်၊ ကြယ်ကိုပန်းကုံး၊ သီမကုံးခင်၊ ကြင်တုန်းရက်ရက်၊ နှဲ့ဆက်ရှုရင်၊ မဝင်ကြားလေ၊ မျှသက်ဝေဆဲ၊ ချင်မရဲ၍၊ သောင်သဲရေတိုက်၊ လန့်နိုးကြိုက်က၊ ညမိုက် သန်းခေါင်၊ တယောင်ငိုညည်း၊ ကိုယ်တည်း တစ်ယောက်၊ ပိတောက်လည်းတုံး၊ လ,လည်း ပုန်းပြီ....

မိုးလုံးပတ်လည် ညို့တကား... “

~~~~~~~~~~~~

အခန်း [၁၆]

သံဘောဆိပ်သို့ ကျွန်တော်ရောက်လာချိန်၌ ဟိုးအနောက် တောင်ဆီမှာ မိုးတို့ညို့နေသည်။ နှစ်ဆန်းတစ်ရက်နေ့ ရောက်မှ သံကြန်မိုးသည် အခါလွန်ရွာမည် ဟန်ဆင်နေသည်။

ရောဝတီသံဘော "ဝေဘာဂီ" က ခေါင်းတိုင်မှ မီးခိုးတလူ လူနှင့် ဆိပ်ခံဘေားတွင် ကပ်ဆိုက်ထားသည်။

သည့်အချိန်တုန်းက ခရီးသွားလာသူ နည်းပါးသေးသော ကြောင့် သံဘောပေါ်၌ ခရီးသည် မများလှ။ ရှိသမျှလူ အများကလည်း အောက်ထပ်တွင်သာ စီးကြသည်။

သံဘောပေါ်၌ ခရီးသည်မကျပ်၊ လူအတန်ပင် ချောင်နေသည်၊ ရှိသမျှလူတို့ကလည်း အောက်ထပ်တွင်သာ ပြုစီးကြ သည်။

လက်မှတ် ဝယ်ပြီးနောက် လူရှင်းသော အပေါ်ထပ်သို့ ကျွန်တော် တက်လာခဲ့သည်။ ဦးပိုင်းရှိ ပထမခန်းနှင့် ကပ်နေ သော နေရာ၌ ကျွန်တော်က ပစ္စည်းလေးများကို ချထား လိုက်သည်။

ကြမ်းပြင်မှာက အခင်းမရှိ။ ကျွန်တော့်မှာလည်း အခင်း မပါ။ ရှိစေတော့၊ သည့်အတိုင်း ထိုင်လိုက်မည်။ ညအိပ်ချိန် ရောက်၍ အခနှင့် ဖျာငှားရလျှင် ဖျာနှင့်အိပ်မည်။ မရက ပုဆိုးတစ်ထည်ဖြန့်ခင်းပြီး လက်ဆွဲသေတ္တာကို ခေါင်းအုံးပြု၍ ဖြစ်သလိုအိပ်မည်။

ကျွန်တော်က ကြမ်းပြင်ပေါ် ကျကျနန ထိုင်ချလိုက်၏။ ဒူးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ပတ်ကာထိုင်ရင်း ငိုင်ငိုင်ငူငူ အတွေးထူမိ၏။

ရှေ့ရေးကို ကျွန်တော်မပူပါ။ ဘယ်တုန်းကမှ ရှေ့ရေးအတွက် ကျွန်တော်မပူခဲ့ပါ။ ဘဝတစ်လျှောက်လုံး ကျွန်တော်က ရုန်းကန်လာခဲ့ရသည်။ ရုန်းကန်ရမည်ကို ကျွန်တော် မကြောက်ပါ။

ဟိုငယ်စဉ်တည်းက ပင်လယ်ပြင်ကြီးဆီ ေးကာ ပင်လယ် ကူးလိုစိတ် ကျွန်တော့်မှာ ရှိခဲ့သည်။ ပင်လယ်ဟူသည်ကို လွယ်လွယ်ကူကူ ကူး၍မရမှန်း ကျွန်တော် သိပြီးသားပါ။ သို့ရာတွင် ပင်လယ်ကူးလိုစိတ်က ကျွန်တော့်ရင်မှာ ဘယ်သောအခါမှ မပျောက်။

ယခုတော့ ဘဝပင်လယ်ကို ကိုယ်တစ်ယောက်တည်း အမှန် တကယ် ကူးရတော့မည်။ ကိုယ့်ကိုယ်ပိုင် ရွေးချယ်မှု ဖြစ်သော ကြောင့် နောင်တမှုဝန်လည်း ကျွန်တော့်မှာ မရှိပြီ။ လွမ်းစိတ်ကတော့ ရင်မှာရှိနေသည်။

သံယောဇဉ်ဟူသည် မရှိလျှင် အကောင်းဆုံး ထင်သည်။ သံယောဇဉ်က ရှိလာတော့ ရှေ့ရေးကိုမကြောက်လင့်ကစား နောက်ရေးဆိုတာကိုတော့ မမေ့နိုင်၊ မမေ့နိုင်တော့ ရင်မှာ လွမ်းရသည်။

မမဝေကို ရင်မှာ လွမ်းရသည်။ မရက်နိုင် မကြောက်နိုင်၊ ယခုပင် မျက်ရည်ဖြိုင်ဖြိုင်ကျအောင် လွမ်းမိသည်။ လွမ်းဖွယ် အဖြစ်ကို ကြုံလာရသော ကိုယ့်ဘဝကိုပင် စိတ်နာမိသည်။

ဘာတွေပြောနေနေ ဖြစ်လာရသည်ကား ဘယ်သူမပြု မိမိ မှုပါ။ ချစ်တတ်သော နှလုံးသားက နုခဲ့သည်ကိုး။ ယဉ်တတ်သော စိတ်ကူးကို ဇက်လွှတ် အလိုလိုက်မိခဲ့သည်ကိုး။ မျက်ရည်ကြားမှ ပြုံးမိရသေးသည်။

ကြီးကြီးကျယ်ကျယ်လေးတော့ မမဝေကို ကျွန်တော်ပြောမိခဲ့သေးသည်။ သဲဖြူငွေရောင်ဇမြတ်နှင့် မင်းဘဏ္ဍာထားရာဆီ ဒူးပြတ်မည် ကြောက်၍ မဖြတ်ရဲပါ။ တကယ်တမ်းကျတော့ မိုက်မိုက်ကန်းကန်းလေး ဖြတ်ဖြစ်အောင် ဖြတ်လိုက်သေး သည်။ သည်တော့ ဒူးမပြတ်စေ၊ အသည်းတော့ ပြတ်ရသည်။ အသည်းတစ်ခြမ်းတော့ ပြတ်ရသည်။

အသည်းတစ်ခြမ်း ပြတ်ပါစေ၊ ဪ..... အတိတ်မှ လွမ်း ရိပ်လေး ခိုသာရုံ အသည်းစလေးတစ်စသာ ကျန်ချင်ကျန်ပါစေ၊ ကိုယ့်မိုက်ပြစ်ကို ကိုယ်ခံပါမည်။ ရွေးအပ်သည်ထင်၍ ရွေးချယ်ခဲ့မိပြီ ဖြစ်သော ပစ္စုပ္ပန် သည်ခရီးအတွက်မူ ကျွန်တော့်ရင်မှာ နောင်တပူဝန် စဉ်းငယ်မျှ မရှိပြီ။

ကျွန်တော် ပျောက်သွားမှန်းသိလျှင် အဒေါ် ဘာပြော မည်နည်း။ ကရုဏာဒေါသူပုန်တော့ ခေတ္တထမည်။ ဒေါင်း တောက်အောင်တော့ ရှာကြံမည် မဟုတ်။ ဒေါင်းတောက် အောင် ရှာကြံသည်အထိ ရောက်ရန် အဒေါ့်ဘဝ၌ ကျွန်တော်သည် အဓိပ္ပာယ်ကြီးကြီးမားမား မရှိလှပါ။

အဒေါ့်တာဝန်က ကျေခဲ့ပါပြီ။ အကောင်းဆုံးဟု သူထင်ခဲ့သော ဘဝလမ်းခရီးစဉ်ကိုပင် ပညာသားပါပါ အကွက်ချပြ ပေးခဲ့ပြီးပြီ မဟုတ်ပါလော။သူ့ လမ်း အတိုင်း မလျှောက်လို၍ ကျွန်တော် ရှောင်ထွက်သွားသည်ဟုသာ အဒေါ် ကောက် ချက်ချနိုင်ပေလိမ့်မည်။ အရိပ်ထဲ ဆွဲခေါ်သည်ကို မလိုက်ဘဲ နေပူထဲထွက်ပြေးသူ တူမိုက်တစ်ယောက်အနေနှင့် ခေတ္တတော့ အဒေါ် ဒေါသူပုန်ထမည်။ နောက်တော့ သူပြောလေ့ရှိသည် အတိုင်း ပြတ်လေမည်။ လိုအပ်လျှင် လိုရာဆွဲသုံးနိုင်ရန် တရား စကား တစ်လုံးလုံးကို သူ ရှာလိမ့်မည်။

အဒေါ့် ကို ကျွန်တော် ချစ်လှသည်မဟုတ်ပါ။ သို့ရာတွင် မမုန်းပါ။ ကျေးဇူးကိုတော့ အစဉ်အောက်မေ့သည်။အဒေါ် ခေတ္တ စိတ်ဆင်းရဲအောင် လုပ်မိခဲ့ရသည့် အဖြစ်ကြောင့်လည်း စိတ်မကောင်းပါ၊ သို့ရာတွင် ယခု ကျွန်တော် လုပ်ခဲ့သည်မှာ အားလုံးအတွက် အကောင်းဆုံးဟု ထင်သည်။

အဒေါ့်စကားအတိုင်းသုံးရလျှင် အားလုံးအတွက် အကောင်းဆုံး။

အတွေးနယ်၌ မြုပ်၍ ကောင်းနေစဉ်မှာ သံ်ဘော၏ ပထမ အချက်ပေးဥသြမှုတ်သံကို ကြားရသည်။ စက်သံလည်း ဆူညံ လာ၏။

မျက်လုံးမှ မျက်ရည်စများကို သုတ်ပစ်ပြီး နေရာမှ ကျွန်တော် ထလိုက်၏။

ဪ… ကျွန်တော်ကသာ သတိမထားမိသည်။ အပြင် ဘက်မှာ မိုးက ရွာနေလေသည်တကား။

သံ်ဘောဘေး လက်တန်းများအနီးသို့ ကျွန်တော်ကပ်သွားသည်။

ခွဲခွာခါနီး မြို့ကို နောက်ဆုံးအဖြစ် ကျွန်တော် ကြည့်လိုသည်။

မြင်ရသမျှ ပုသိမ်တစ်မြို့လုံးက မိုးကြောင့် မှိုင်းမှိုင်းမြ ဝေဝေညို့နေသည်။ သက်ကယ်ဖိုဖို-ငိုခင်းပြောင်းရလေသော ကျွန်တော့်ကို သည်ရှုခင်းနှင့် နှုတ်ဆက်ဟန်ရှိသည်။

မိုးထဲရေထဲတွင် နောက်ကျသောခရီးသည်အချို့ သံ်ဘောဆီ အပြေးလေးလာကြသည်ကို ကျွန်တော် သတိပြုမိ၏။

သံ်ဘောကြီးက ခွာတော့မည်။ ဆိပ်ခံနှင့် သံ်ဘောကို ဆက် ထားသော ကြိုးတို့ကိုပင် ဖြုတ်ကြလေပြီ။

ခြေသံကြားရသောကြောင့် ကျွန်တော်က အမှတ်မထင် လှည့်ကြည့်သည်။

မိန်းမသားတစ်ဦးပါ။ မိုးကာအင်္ကျီကို ဝတ်ထား၏။ ခေါင်း၌လည်း လက်ကိုင်ပဝါတစ်ခုကို မျက်နှာအုပ်အဓောင် သိုင်းစည်းထား၏။

လက်တစ်ဖက်တွင်က သားရေသေတ္တာတစ်လုံးကို ကိုင် ထား၏။ အခြားတစ်ဖက်က လက်ပွေ့ အိတ်အဖြူလေးကို ဆွဲ ထားသည်။

မိန်းမသားက ကျွန်တော့် ပစ္စည်းလေးများအနီး ရောက် သော် တုံ့ ရပ်သွား၏။ ခဏ၌ပင် ဘေးတိုက်ရှိရာမှ ကျွန်တော့် ဘက်သို့ လှည့်ကြည့်သည်။

မြတ်စွာဘုရား၊ အိပ်မက်လေပါလား။အို…အိပ်မက်မဟုတ် ပါ၊ မဟုတ်ပါ။

ဘယ်လိုပင် မျက်နှာကိုအုပ်အဓောင် လက်ကိုင်ပဝါ သိုင်း စည်းထားပေမင့် မြင်ရသမျှ ဝင်းဝင်းဝါသော သည်အသား လေးများကို ကျွန်တော် မမေ့ပါ။ သည်မျက်တောင်ကော့၊ သည်မျက်ဝန်းပြာ၊ သည်မျက်လုံးကြည်နှင့် သည်အလှရှင်က မြေပြင်တွင် ကျွန်တော့် အတွက် တစ်ယောက်တည်းသာ ရှိသည်။

“ဟင်….မမဝေ”

ကျွန်တော့်နည်းတူ ကျွန်တော့်ကို ငြိမ်စိုက်ကြည့်နေရာမှ မမဝေသည် လှုပ်ရှားလာ၏။

“မောင်လေးလှိုင်……ဘာတွေမှ ပြောမနေနဲ့ဦး၊ မင့် ပစ္စည်း တွေ သယ်ပြီး မမဝေနောက်လိုက်ခဲ့ နော်”

ကျွန်တော်က မလှုပ်။ အံ့သြတုန်လှုပ်ခြင်းနှင့် အစိုးမရ လိုက်လေသော ရုတ်တရက် ဝမ်းနည်းဝမ်းသာမှုက တစ်ကိုယ်လုံးကို ချုပ်ထားသည်။

"ကြည့်လေ၊ မင်း မမဝေ ပြောနေတာကို မကြားဘူးလာ"

"ဪ....ဟုတ်....ဟုတ်ကဲ့ မမဝေ"

ကျွန်တော်က ကျွန်တော့်ပစ္စည်းလေးများကို ကောက် ကိုင်ပြီး မမဝေ၏ နောက်သို့ လိုက်လာခဲ့သည်။

မမဝေက ပထမတန်း အခန်းတွင်းသို့ ရှေ့ဆောင် ခေါ်ငင် သွားသည်။

ပထမတန်းအခန်းတွင်း၌ အခြားခရီးသည်တစ်ယောက်မျှ မပါ။

နှစ်ထပ်ခုတင်သုံးလုံးနှင့် စားပွဲကုလားထိုင်များရှိနေသည်။

ကျွန်တော်တို့က ပစ္စည်းများ နေရာချထားခြင်းပြုနေခိုက် ဥသြသံရှည်ရှည်ပေးပြီး သင်္ဘောကြီးက ထွက်တော့၏။

မမဝေက ကျွန်တော် ရှေ့တည့်တည့်တွင် မတ်မတ်ရပ် လိုက်၏။ ပြီးမှ သတိရဟန်ဖြင့် ကိုယ်လေးကို နွဲ့နွဲ့လှည့်ပြီး ကျွန်တော့်ဆီ ကျောပေး၏၊

ကျွန်တော်က မိုးကာအင်္ကျီကို မမဝေ၏ ကိုယ်မှ ခွာယူ ချွတ်ပေးသည်။

မမဝေက ခေါင်းမှ သိုင်းစည်းထားသော လက်ကိုင်ပဝါကြီးကိုလည်း ဖြုတ်ကာ သေတ္တာပေါ် ပစ်တင်လိုက်၏။

သည်တစ်ကြိမ်တော့ နံ့သာရောင်ကိုယ်ဝတ်ထည်ဖြင့် ရှုမငြီးအခေါင် ကြော့ကြော့ရှင်းသော မမဝေသည် ကျွန်တော် ရှေ့မှာ ပြုံးပြုံးလေးရပ်နေသည်။

မမဝေက လက်များကို အရင်ဆန့်ကမ်းသည်။

ဪ......မမဝေ ရင်ခွင်ဆီပဲ ကျွန်တော်က ဝင်လိုက်လေ သလော၊ ကျွန်တော့် ရင်ခွင်ဆီပဲ မမဝေက ဝင်လိုက်လေ သလော၊ တစ်ဦးကိုတစ်ဦး ခုံမင်စွဲမက် တင်းကျပ်စွာပွေ့ဖက် ထားမိကြသည်။

မမဝေ၏ ပါးလေးများက ကြူမွှေးပါဘိ၊ မမဝေ၏ဆံပင် များက ကြိုင်သင်းပါဘိ၊ မမဝေ၏နှုတ်ခမ်းလေးများကလည်း ပူနွေးပါဘိ။

ဪ......အချစ်၊ ဪ.....အလှ၊ ဪ...အသက်ရယ် မမဝေ မောင့်အသက်ရယ်။

မမဝေက အသာအယာရုန်းပြီး တွန်းဖယ်လေမှ ကျွန်တော့် လက်များကို လျှော့လိုက်သည်။

နှစ်ထပ်ခုတင်တစ်လုံး၏ အောက်ထပ်၌ ကျွန်တော်တို့ တွဲ ထိုင်ကြသည်။ တစ်ယောက်၏ လက်များကို တစ်ယောက်က မလွှတ်။

မျက်ရည်ဝေ့ဝေ့ကြားမှ ပြုံးချိုချိုဖြင့် ကျွန်တော့်ကို ကြည့် ရင်း မမဝေက အပြစ်တင်သည်။

"မောင်လေးလှိုင်... မင်း လူဆိုး၊ မမဝေကို မင်း ပစ်သွား ရက်တယ်နော်"

"မမဝေရယ် ပစ်သွားရက်တယ်တော့ ဘယ်ဟုတ်မလဲ မပိုင် နိုင်မှန်းသိလို့ လက်လျှော့ရပေမယ့် ငွေလမင်းကြီးကို ဘယ်သူက မုန်းရက် စွန့်ရက်မှာလဲ၊ ယောက်ျားတန်မဲ့ ကျွန်တော် မျက်ရည်ကျရတာကိုတော့ မမဝ ဘယ်သိနိုင်ပါ့မလဲ"

"တွေ့လိုက်ရတာနဲ့ ဒီစကားမျိုးလေးတွေ ကြားလိုက်ရပြီ၊ ဟွန်း... မုန်းလိုက်တာ၊ မောင့်ကို မမဝေ မုန်းလိုက်တာ"

ကျွန်တော်က မမဝေ၏လက်လေးကို မချင့်မရဲ ဆုပ်ညှစ်မိသည်။

"ကျွန်တော် ထွက်လာတာ မမဝေ ဘယ်လိုလုပ် သိသလဲ"

"မင်းထွက်သွားတာ မမဝေ မြင်လိုက်ရတာကိုး"

"အို မမဝေ မြင်လိုက်တယ်"

"မြင်တာပေါ့၊ ညက တစ်ညလုံး မမဝေ အိပ်မပျော်ဘူး၊ နေမြင့်မှန်းတော့ အခန်းထဲက မထွက်သေးဘဲ ပြတင်းနားမှာ မမဝေ ထိုင် ငိုင်နေတာ၊ အဲဒီတုန်း မင်းကို မမဝေမြင်ရဘာ၊ အိတ်လေး တစ်ဖက်ကဆွဲ တယောလေး တစ်ဖက်က ကိုင်ပြီး ငိုင်ငိုင်လေးထွက်သွားတဲ့ မင်း ရဲ့သဏ္ဍာန်ဟာ မမဝေရဲ့မျက်လုံး ထဲမှာ မပျောက်တော့ဘူး၊ ရှေ့လျှောက် မင်း တစ်ခုခု ဖြစ် သွားမှာ စိုးရိမ်လိုက်တော့ မမဝေရင်ထဲမှာ ကမ္ဘာမီး ဟုန်းခနဲ တောက်ရတယ် ရှင်ရယ်၊ အဲဒါကိုတော့ ရှင်သိရဲ့လား"

ကျွန်တော်က မမဝေ၏ လက်ကလေးကို ဆုပ်ညှစ်မိပြန် သည်။

"မမဝေ အခုထွက်လာတာကို ဘယ်သူမှ မသိကြဘူးလား"

"မသိအောင် လုပ်ရတာပေါ့၊ သားရေသေတ္တာကို နေပူ လှန်းသလိုလို ဘာလိုလိုလုပ်၊ လူလစ်တော့ ကားအဖုံးထဲထည့်၊ အဝတ်အစားတွေ ဘာတွေကိုတော့ သတ်သတ်ယူ၊ သေတ္တာထဲ မထည့်နိုင်သေးဘူး၊ ကားထဲမှာ ဖြစ်သလိုဝှက်ထည့်၊ ပြီးတော့ ဣန္ဒြေမပျက် ကားမောင်းထွက်လာတာပဲ၊ လမ်းတစ်နေရာကျမှအဝတ်အစားတွေ သေတ္တာထဲ ပြောင်းထည့်လာတာ၊ အရေး ထဲ မိုးက ရွာလာလိုက်သေးတယ်၊ အဲဒါလဲ ကောင်းကောင်းပဲ၊ သံဘောဆင်းတော့ ရုပ်ဖျက်လို့ လွယ်သွားတာပေါ့"

"ကားရော ဘယ်ထားခဲ့လဲ"

မမဝေက ခစ်ခနဲရယ်ပြီး လက်ဝှေ့ အိတ်တွင်းမှ ကားသော့လေးကို ထုတ်ပြ၏။

"ကားကတော့ ဘူတာရုံနားမှာ ထားခဲ့တယ်"

“ဘူတာရုံနားမှာ”

“ဟုတ်တယ်၊ ခြေရာပျောက်အောင် မမ ဝင်လုပ်ခဲ့တာ”

“ဘယ်လို မမဝေ”

“မမဝေပျောက်သွားတာကို သူတို့ ချက်ချင်းမသိနိုင်သေး ဘူး၊ သိလို့လိုက်ရှာတဲ့ အခါကျတော့လဲ မီးရထားက ထွက် သွားပြီ၊ မမဝေ ကားကိုလဲ ဘူတာနားမှာ တွေ့တယ်ဆိုတော့ အဟဲ...သူတို့ ဘယ်လိုတွက်ကြမလဲ”

“ကြည့်စမ်း မမဝေ သိပ်ဉာဏ်ကောင်းတာပဲ၊ ဒါထက် သ်ဘောဆိပ်ကို ဘယ်လိုလုပ်လာခဲ့သလဲ”

“ဒါကတော့ လွယ်ပါတယ်ကွယ်၊ ဆိုက်ကားနဲ့ လာခဲ့တာ ပေါ့၊ ပြောရဦးမယ်.......မမဝေ တစ်သက်နဲ့တစ်ကိုယ် ဒါ ပထမ ဆုံး ဆိုက်ကားစီးဖူးတာပဲ”

မမဝေက ရယ်မောပြီးပြောသော်လည်း ကျွန်တော့်ရင် မှာမကောင်း။ ရင်ထုမနာဖြင့် မမဝေ၏မျက်နှာလေးကို ကျွန်တော် စိုက်ကြည့်မိသည်။

“ကြည့်...မင်းမျက်နှာကဘာဖြစ်သွားရတာလဲ”

“ဩော်...မမဝေရယ်၊ ကျွန်တော့်ရင်မှာ နာလို့ပါ မမဝေ..... မမဝေဘာလုပ်ခဲ့တယ်ဆိုတာ မမဝေ စဉ်းစားမိရဲ့လား”

မမဝေလည်း တစ်ချက် ငိုင်ကျသွားသည်။ ခဏအကြာမှ သက်ပြင်းလေးရှိုက်ပြီး ငွေ့ငွေ့ပြုံးလျက်ဆို၏။

“မမဝေစဉ်းစားမိပါတယ်၊ စဉ်းစားမိတယ် မဟုတ်ပါဘူး လေ... စဉ်းစားပြီးမှ မမဝေ လုပ်ခဲ့တာပါ၊ ဒီမှာ မောင်.... ဩော်...မောင့်ကို မမဝေ မောင်လို့ပဲခေါ်ပါရစေတော့နော်’

ကျွန်တော်က မမဝေ၏လက်ကလေးကို ညှစ်မိရပြန်ပါ၏။

“မမဝေရယ် ကျွန်တော်ဟာ မမဝေရဲ့မောင်ပါ၊ မောင်လို့ မမဝေရဲ့နှုတ်က ခေါ်မယ့်အသံကို အိပ်မက်တွေမက်ပြီး စောင့် ခဲ့ရသူပါ၊ အခုတောင်မှလေ ကျွန်တော်ဟာ အိပ်မက်မက်နေ တာများလားလို့ ထင်နေမိရတယ်၊ကံကြမ္မာက ကျွန်တော့်ပေါ် ဒီလောက်တောင် သဘောမနော ကောင်းလိုက်တာကို ကျွန် တော် မယုံရဲသလို ဖြစ်နေရတယ်”

မမဝက ပြုံးလျက်က မျက်နှာလေးကို မစူတစူလုပ်လိုက် ပြီး ကျွန်တော့်ကို မျက်စောင်းထိုးကြည့်သည်။

“ပြောဦး’

“ခင်ဗျာ....”

“ပိုဦးလို့၊ အပိုလေးတွေ ဆက်ပြောဦးလို့ ၊ မောင်......မောင့် ကိုလေ မမဝေ

တစ်ခါတလေ သိပ်မုန်းတယ်သိလား ဟွန်း....”

မမဝေက သူ့လက်သီးလေးဖြင့် ကျွန်တော့် ကျောကိုထု၏။ မမဝေလက်ကလေးကိုဖမ်းယူပြီး ကျွန်တော်က ပြန်ဆုပ်ညှစ် ထား၏။

“ဆက်ပြောလေ မမဝေ”

“ဘာပြောရမှာလဲ”

“မမဝေ စကားပြတ်သွားတယ်လေ၊ စဉ်းစားပြီးမှ မမဝေ လုပ်ခဲ့တာတဲ့၊ ပြီးတော့ ဘာဖြစ်လဲ”

မမဝေ၏မျက်နှာလေးက တည်သွားသည်။ ဘာကြောင့်မသိ တည်ကြည်သောမျက်နှာလေးဖြင့် ကျွန်တော့်ကို အတန်ကြာ စွာ စိုက်ကြည့်နေသည်။

“ပြောလေ..ဘာလို့ မောင့်ကိုစိုက်ကြည့်နေရပြန်တာလဲ”

“ကြည့်ရတယ် မောင်၊ မောင့်ရင်ကို မမဝေ စာဖတ်ရတယ်၊ မမဝေ မေးမယ်နော် ခုလို မမဝေ လိုက်လာတော့ မမဝေကို မောင် ‘ ဟိုဒင်း... အထင်များ သေးသွားလား၊ ရင်ထဲမှာ စိုးရိမ်လို့ မေးရတယ် မောင်’

“ဒုက္ခပါပဲ မမဝေ၊ မောင်က ဘာလို့ အထင်သေးမှာလဲ၊ အထင်မသေးတဲ့အပြင် မောင် ပြောခဲ့ပါရောလား၊ မောင့်ရင်မှာ နာတယ်”

“မောင့်ရင်က ဘာလို့နာရတာလဲ”

“နာရတာပေါ့ မမဝေ၊မမဝေကို ချစ်လွန်းလို့ နာရတယ်၊ ချစ်လာတော့ ပိုင်ဆိုင်ချင်တယ်တဲ့၊ ကျွန်တော် မငြင်းပါဘူး မမဝေ ငွေလမင်းကြီးကို ကျွန်တော် ပိုင်ချင်တာပေါ့၊ ပိုင်ချင်ပေမယ့် မောင် မပိုင်ရက်ပါဘူး မမဝေ၊ ကိုယ့်ဘဝ အခြေ အနေ၊ မမဝေရဲ့ ဘဝအခြေအနေတွေကို တွက်မိတိုင်း မောင် မပိုင်ရက်ဘူး၊ မောင် ဟိုစာလေးတစ်ပိုဒ်ကို သွား သတိရတယ်”

“ဘယ်စာလေးလဲ မောင်၊ပုဆိုးပိုက်ခါ......စောင်ပိုက်ခါနဲ့၊ လိုက်ပါရစေ....ရွှေနွယ်ရိုးကို....မိန်းမကခိုး ဆိုတာလား”

“ဘာလို့ ဒီစာကို ရွတ်ရတာလဲ မမဝေ၊ မောင်ကလဲ ပြန်မေးမယ်၊ မောင့် အချစ်ကို မမဝေကကော အထင်သေး သလား”

“မမဝေက ရယ်စရာ ပြောတာပါ၊ တကတဲ... အထိမခံ ရွှေပန်းကန် ဖြစ်သွားရပြန်ပြီ၊ ကဲပါ မောင့်စာ မောင် ရွတ်ပြ”

‘ကျွန်တော်တို့ခုနစ်တန်းတုန်းကဦးသြဘာသရဲ့ဝေဿန္တရာ ဇာတ်ကို သင်ရတယ်၊ အတန်းပိုင်ဆရာက ကျွန်တော်တို့ရင်မှာ ပိုခံစားနိုင်အောင်ဆိုပြီး ဝေဿန္တရာပျို့ထဲက စာလေးတွေ ကိုလဲ ကောက်နုတ်ပြီး သင်ပြပေးတယ်၊ မဒ္ဒဒေဝီကို ဆင်း ဆင်းရဲရဲနဲ့ တောထဲမလိုက်ဖို့ ဦးရီးတော်မင်းကြီးက တားတဲ့ စာကို ကျွန်တော် ကြိုက်လွန်းလို့ အလွတ်ရအောင် မှတ်ထား တယ် အဲဒါကို ရွတ်ပြမယ်နော်”

"အင်း'

"တောလည့်မြိုင်ချာ၊ ဝင်ကာပါသို့၊ ညက်ပြာနွံချေ၊ မလိုက်လေနှင့်၊ သားရေနေနယ်၊ ရွယ်လည်း ပျို့မြစ်၊ ပန်းပွင့်သစ်သို့၊ မညစ်မညူး နန်းသူဖွယ်ရာ၊ နံ့သာပျံ့မွှေးကိုယ်နှင့်ဝေးလျက်၊ မြူ ကြေးတင်လေ့၊ မကြိုက်လေနှင့် တဲ့၊ မမဝေရယ်၊ ကျွန်တော် သွားရမယ့် ခရီးကြမ်းဆီ မမဝေကို ကျွန်တော် မခေါ်ရက် ဘူး၊ ကျွန်တော့်အသက်၊ မောင့်အသက်၊ ညက်ပြာနွံချေ မမဝေရေ၊ မလိုက်လေနဲ့၊ မောင့်နောက်ကို မလိုက်လေနဲ့၊ အဲဒီလို ပြောလိုက်ချင်တယ်၊ သိရဲ့လား"

ကျွန်တော် ပြောပြနေသည့်ကို မျက်ဝန်းပြာတလဲ့လဲ့ဖြင့် မမဝေသည် ပြုံးပြုံးလေး နားထောင်နေသည်။ ကျွန်တော့် စကားဆုံးမှ မေး၏။

"မဟာစည်သူရဲ့ စာလေ၊မမဝေလဲ ရပါတယ်၊မဒ္ဒီဒေဝီက ဘာပြန်ပြောတယ်လို့ စာကဆိုသေးလဲ"

"ဟာ…အဲဒါတော့ ဆရာက သင်မပေးခဲ့ဘူး"

"ဟွန်း…..လုပ်ပြီ၊ ထားပါတော့၊ အခု မမဝေက သင်ပေး မယ်၊ မဒ္ဒီဒေဝီက ဟောဒီလို ပြန်ပြောတယ်၊ ရစ်ခွေမေတ္တာ၊ ဆင်းရဲခါက၊ မကွာဖက်ထစ်၊ ချစ်ခြင်းချစ်လျက်၊ ပေါင်းဖြစ် သည့်နှင့်၊ ရေတည်းမြင့်မူ၊ ကြာမြင့်သောလား၊ လင်ကောင်း စားသော်၊ မယားအိမ်သူ၊ ကောင်းသောဟူရှင့်၊ဆိုးတူ ကောင်း ဖက်၊ ပေါင်းယှဉ် စားပွဲ၊ သစ္စာ ခွဲလျက်၊ ဆင်းရဲသော်ပစ်၊ ကောင်းသော်ချစ်ဟု၊ မပစ်ကောင်းပေ၊ သို့ဖြစ်ချေ၍၊ မနေ လိုက်လိမ့် တောချောင်တည်း..တဲ့၊ မောင် မဒ္ဒီဒေဝီကို တား လို့ မရပါဘူး၊ ဘောလည့်မြိုင်ချာ ဝင်ကာပါဆီ ညက်ပြာနွံချေ က လိုက်ခဲ့ပါတယ်လေ၊ မောင့်ကို မေးမယ်၊ မဒ္ဒီဒေဝီက ဘာလို့ လိုက်တာလဲ ဟင်"

"ချစ်လို့ပေါ့ မမဝေရယ်၊ ချစ်လွန်းလှလို့ပေါ့"

"ချစ်လွန်းလှလို့ ဆိုတာလဲ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီ ထက် မြင့်မြတ်တဲ့ ရည်ရွယ်ချက် သူ့မှာ ရှိခဲ့တယ်၊ ခုနင်က ပျို့ထဲက စာပဲ မမဝေ ပြန်ရွတ်ပြမယ်၊မောင် သေသေချာချာ နားထောင်နော်၊ စဉ်းစားပြီး နားထောင်၊ ဟုတ်လား'

"နိဒါန်းပျို့လှချည့်လား မမဝေရယ်၊ကောင်းပါပြီ၊မောင် စဉ်းစားပြီး သေသေချာချာ နားထောင်ပါ့မယ်"

မမဝေက သာယာသော အသံလေးဖြင့် စာကို ချောမွတ်စွာ ရွတ်ပြသည်။

"မဒ္ဒီရဲ့ ရည်ရွယ်ချက်က ဟောဒီလိုတဲ့ မောင်၊ ပေါက်ပြ ကျော်သဲ၊ သည်တစ်ပွဲတွင်၊ အံ့အံထင်ရှား၊ ရှင်သိကြားကို ၊ မယားကောင်းလင်၊ ခံစေချင်၍၊ တောပြင်တောင်ကြည်း၊ ည ဆည်းဆည်း၍၊ တိမ်းလည်းဖဝါး၊ ကျပ်ကြား မြောင်ချောက်၊ ညှိုးခြောက်ပိန်ပျော့၊သားတော့်ချည်းသာ၊ ဘယ်ပျော်ရာလိမ့်၊ မဟာသုဘဒ္ဒ၊ သက်မျှရွယ်ချင်း၊ ဆဒ္ဒန်မင်း၏၊ သွားနင်းရာရာ၊ နောက်တွင်ပါသို့၊ မကွာစဉ်စိုက်၊ အမြဲလိုက်၍၊ ပျော်ပိုက်စေ ငှာ၊ လုပ်ကျွေးပါလိမ့်…တဲ့၊ မဒ္ဒီအဆုံးအဖြတ်ဟာ ချစ်တာ တစ်ခုတည်း သက်သက်ကြောင့် မဟုတ်ပါဘူး၊ သိကြားမင်းနဲ့ တစ်မျိုး၊ ဆဒ္ဒန်ဆင်မင်းနဲ့တစ်ဖုံ သူ့ အထင်တကြီး နှိုင်းခိုင်းတဲ့ သူ့ချစ်လင်ကို ပါရမီ ကူညီ ဖြည့်ပေးချင်လွန်းလို့…တဲ့၊ ကဲ… မောင်

ဘာပြောချင်သေးသလဲ”

ကျွန်တော် ဘာမှမပြောချင်တော့ပါ။ ပြောလည်း မပြော နိုင်ပါ။ ဝါဝင်းလှပသော မမဝေ၏ လက်ကလေး ကိုသာ ဆုပ်ကိုင်လျက် မယူပြီး မြတ်နိုးစုံမက်စွာ ရင်မှာကပ်ထားမိ သည်။

“မောင်”

“မမဝေ”

“မမဝေရဲ့ စေတနာကို မောင် တကယ်နားလည်ရဲ့လား”

“နားလည်ပါတယ် မမဝေ၊ နားလည်လို့ မျက်ရည်ဝဲအောင် မောင်ဝမ်းသာမိတယ်၊ ဒါပေမယ့် ဘာတွေကို စွန့်လွှတ်ခဲ့ရ တယ် ဆိုတာကိုသိတော့ မောင့်ရင်ဟာ နာတော့ နာတာပဲ မမဝေ”

“မမဝေက ဘာများစွန့်လွှတ်ရလို့လဲ၊ ရတနာလှောင်အိမ် ကိုလား၊ ရင်မနာနဲ့ မောင်၊ မမဝေကတော့ မောင့်ကိုတောင် ကျေးဇူးတင်ရသေးတယ်”

“ဘယ်လို၊ မောင့်ကို ကျေးဇူးတင်တယ်”

“ဟုတ်တယ်၊ ရတနာလှောင်အိမ်ထဲက မမဝေ ပျံထွက် ပြေးချင်တာ ကြာပြီ၊ ဒါပေမယ့် သတ္တိကမရှိခဲ့ဘူး၊ အခုတော့ ရှိလာတယ်၊ မရှိမဖြစ်တော့ ရှိလာရတာပေါ့ မောင်ရယ်၊ ပြီးတော့ မောင့်ပါရမီကို ကူညီဖြည့်ရင်း လောကကို အလှဆင်နိုင်တဲ့ အခွင့်အရေးရယ်၊ အဲဒါတွေကို ဆုံးရှုံးရမှာ ကြုံ ရတော့ မမဝေမှာ သတ္တိတွေက ဝင်လာတယ် ဘားနဒ်ရှော ပြောတဲ့ ဟို အိမ်ထောင်ရေးမျိုးက မိန်းမတစ်ယောက်အဖြစ် ထက် မဟာစည်သူရဲ့ ပို့ထဲက မဒ္ဒီဒေဝီ ဘဝမျိုးကို မမဝေ ရွေးချယ်ရဲလာတယ်၊ မောင့်ကြောင့် မမဝေကို ချစ်အောင် အမျိုးမျိုးလုပ်နိုင်တဲ့ ဟောဒီ မောင့်ကြောင့်”

သည့်တစ်ကြိမ်မှာတော့ ကျွန်တော်က မမဝေ၏ တစ်ကိုယ် လုံးကို သိမ်းကြုံးပွေ့ပြီး ရင်ခွင်တွင်း၌ထားမိသည်။ အကြောစိမ်းလေးတွေ ယှက်သန်းဖြာနေသည်ကို မြင်ရသော မမဝေ၏ ပါးလေးကို ကျွန်တော့်ပါးနှင့် အပ်ရင်း မေးရ၏။

‘မမဝေ’

“မောင်”

“ဒီလောကမှာ အပျော်ဆုံးလူဟာ ဘယ်သူလဲ ဟင်၊ သိလား”

“မောင် ပြောပြ...”

“ဖြစ်တောင့်ဖြစ်ခဲ ကောင်းကင်က ငွေလမင်းကြီးက ကိုယ့် ရင်ထဲ ခုန်ဆင်းလာလို့ ပွေ့ပိုက်ထားရတဲ့ သူပေါ့၊ အဲဒီလူ ဟာ ဘယ်သူလဲ သိလား”

“သိပေါင်... “

"အဲဒီလူကိုကော ငွေလမင်းကြီးက မချစ်ဘူးလား"

"ချစ်ပေါ်င်"

"ဘာဖြစ်လို့"

"သည်းလို့ ... ပိုလို့"

မမဝေက ကျွန်တော့်ရင်ခွင်မှ ရုန်းထွက်ပြီး နေရာမှထလိုက်၏။

"မကဲနဲ့ဦး၊ လာ..ဟိုမှာစင်ရော်လေးတွေ ကြည့်ရအောင်"

ပြတင်း၌ နှစ်ကိုယ်ယှဉ်တွဲပြီး မမဝေနှင့် ကျွန်တော်တို့က စင်ရော်လေးများကို ကြည့်ကြသည်။

စုံချည်၊ ဆန်ချည် ဝဲကာပတ်ကာနှင့် စင်ရော်လေးများက သင်္ဘောနောက် လိုက်လာကြသည်။ ညံ့ညံ့စာစာ သံသာသာ နှင့် ပျော်လည်း ပျော်ကြရှာပုံ ရသည်။

ဩော်... အဖော်စုံတော့ ပျော်ကြရှာမည်။ မမဝေ နှင့် ကျွန်တော့်လိုပင် အဖော်စုံတော့ ပျော်ကြမည်။

ကျွန်တော့် ရင်မှာလည်း ပျော်သည်။ မသည်းရပါ၊ မပိုရပါ။

မမဝေက ငွေလမင်း။ ကျွန်တော့် ငွေလမင်း။

ယခုတော့ ငွေလမင်းကြီးကို ကျွန်တော်က ပိုင်ရပြီ။

ယခင်ကတော့ မထိပိုင် မကိုင်ရ။

ယခုတော့ ပိုင်ပြီဆိုင်ပြီမို့ ငွေငန်းဖြူလည်တိုင်စရာ ပခုံးအလှ ဝင်းပပကို ယုယစွာ ဆုပ်ကိုင်ပွေ့ထားမိပါသတည်း။

*****

အခန်း [၁၇]

ရန်ကုန်မြို့က ကြီးသည်။ ရပ်ကွက်တွေကလည်း များသည်။ တကယ်တမ်း ပုန်းရှောင်တတ်က လူမိရန် မလွယ်။ လူသိမခံချင်ကလည်း အလွန်လျှင် သူစိမ်းဆန်သော မြို့ကြီးတည်း။

ရန်ကုန်မြို့ ကြီးဆီသို့ မမဝေနှင့် ကျွန်တော်တို့က ကွေ့ ပတ်ရောက်လာကြသည်။

ညတွင် သင်္ဘော မခုတ်ရဲသော ခေတ်ဖြစ်သောကြောင့် ကျွန်တော်တို့ စီးလာကြသော ဝေဘာဂီ သင်္ဘောက ဝါးခယ်မတွင် တစ်ည ဝင်အိပ်သည်။

နောက်တစ်နေ့မှ ဆက်ထွက်ပြီး မအူပင်တွင် ခေတ္တဆိုက်သည်။

မအူပင်၌ အညာဆန် သင်္ဘောကြီးနှင့် ဆုံသောကြောင့် ကျွန်တော်တို့ သင်္ဘောပြောင်းစီးကြသည်။

မအူပင်မှ ဟသ်ာတလိုက်ကြပြီး ဟသ်ာတတွင် ဆင်း၍ သာရဝေါ ဘက်ကမ်း ကူးကြသည်။ သာရဝေါမှ ရန်ကုန်အထိ မီးရထားဖြင့် လာပြီး ကမာရွတ် ဘူတာ၌ ဆင်းကြ၏။

ကျွန်တော်က ရန်ကုန်ကို နှစ်ခေါက်ခန့်သာ ရောက်ဖူးသည်။ ရန်ကုန်မှာ ကျွန်တော့် အသိအကျွမ်းဟူ၍ တစ်ယောက်မျှ ဟုတ်တိပတ်တိ မရှိ။ မမဝေကသာ ခေါင်းဆောင်ရသည်။

မမဝေမှာတော့ အသိမိတ်ဆွေ သူငယ်ချင်းမတွေ ရှိပါ၏။ သို့ရာတွင် မောင်နှံစုံ တွဲ၍ သွားတည်းခိုရမည်က အခက်ကြီး။ ပြီးတော့ အခိုက်အတန့်တွင် တတ်နိုင်သမျှ မမဝေက ဇာတ်မြှုပ်နေလိုသည်။

မမဝေ၏ အစီအစဉ်အတိုင်း ကျွန်တော်တို့သည် ကမာရွတ်ဘူတာ တက္ကစီတစ်စီး ငှားပြီး ကမ်းနားလမ်းရှိ စထရင်းဟိုတယ်သို့ လာခဲ့ကြသည်။

ဟိုတယ်၏ ဧည့်စာရင်း လက်ခံရာဌာန၌ ဂါဝန်ဝတ် အမျိုးသမီး နှစ်ဦး ရှိနေသည်။ အင်္ဂလိပ်နှင့် မြန်မာသွေး ရောထားဟန် အတန်ချောသော အမျိုးသမီးက မမဝေကို ခေတ္တ စူးစိုက်ကြည့်သည်။ ပြီးမှ နီရဲသော နှုတ်ခမ်းများကို လှပစွာ

ဖွင့်ပြုံးပြီး မေး၏။

“ ဟေး… ယူ အက်ဗလင်း၊ မြန်မာနာမည်… နေဦး၊ ဝေဝေ… ဝေဝေ မဟုတ်လား ”

“ဟင်… ဒက်ဗရာ၊ မင်း ဒီမှာ လုပ်နေတယ် ဟုတ်လား”

“ဒါပေါ့၊ ကိုယ်က မင်းတို့လို တက္ကသိုလ်မှ ဆက်မသွားနိုင်ဘဲ၊ မင်း ဘွဲ့ရပြီးပြီနော်၊ ခု ဘာလုပ်နေလဲ”

“ကိုယ်လား၊ ဘာမှ မလုပ်သေးပါဘူး”

“ဒါပေါ့လေ၊ မင်းက သူဌေးသမီးကိုး၊ အစာလ်ရိုက်တ် အီဗာ၊ ကိုယ် ဘာဆောင်ရွက်ပေးနိုင်ပါသလဲ”

“ကိုယ်တို့ ဟန်းနီးမွန်း ထွက်လာတာ၊ ဒီမှာ တည်းမလို့”

ဒက်ဗရာ ခေါ် အမျိုးသမီးသည် လေတိုးတိုး တစ်ချက် ချွန်လိုက်ပြီး ကျွန်တော့်ကို ပြုံးလဲ့လဲ့ လှမ်းကြည့်၏။

“အီဗာ… ယူ့ လူက ဇာတ်လိုက်ပဲ၊ ယူ လူရွေး သိပ်တော်ပါလား”

“သင့်ခရု ဒက်ဗီ၊ ကိုယ်တို့ အခန်းရမလား”

“ဝှိုင်းနော့တ်၊ ဟောဒီမှာတော့ ဖြည့်ဦး”

ဒက်ဗရာက စာအုပ်ထူကြီး တစ်ခုကို လှမ်းပေး၏။ အမည်၊ နေရပ်၊ လာရာ အရပ်၊ တိုင်းပြည်၊ လူမျိုး၊ ဟိုတယ်တွင် တည်းခိုမည့် ရက်ပေါင်း၊ ပြန်လည် ထွက်ခွာမည့်ရက် စသည်တို့ကို ဖြည့်သွင်းပြီး လက်မှတ်ထိုးကြရသည်။

ကိစ္စပြီးပြီ ထင်ခိုက်၌ ဒက်ဗရာက ကောက်မေး၏။

“ဒါထက်… အထောက်အထား တစ်ခုခု ပါလား”

“ဘာအထောက်အထားလဲ ဟိုဒင်းလေ… ဟို ယူတို့နှစ်ယောက်ဟာ အကြောင်မလင်မယား ဆိုတာ”

မမဝေနှင့် ကျွန်တော်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ ကျွန်တော်တို့မှာ ဘာအထောက်အထားမျှ မပါ။

“အဲဒါ လိုသလား၊ ဟုတ်လား ဒက်ဗရာ”

“လိုတယ်ကွယ်၊ အဲဒါက စည်းကမ်းပဲ”

မမဝေက သက်ပြင်းလေး ချ၏။

“အဲဒီလိုဆိုရင်တော့ ဒုက္ခပဲ၊ တို့မှာ ဘာမှ မပါဘူး”

ဒက်ဗရာကလည်း စိတ်ရှုပ်ဟန် ခေါင်းကုတ်၏။

"ကိုယ် သိပ်တော့ အားနာတာပဲ၊ ဒီလို လုပ်လေ၊ ကိုယ် မန်နေဂျာ သွားပြောပေးမယ်၊ ခဏနေဦး"

ဒက်ဖရာက ခုံမြင့်ဖိနပ်သံ တခွပ်ခွပ်ဖြင့် မန်နေဂျာ၏ အခန်းဆီ ထွက်သွားသည်။

မမဝေနှင့် ကျွန်တော်တို့က တစ်ယောက် မျက်နှာကို တစ်ယောက် စိတ်ပျက် အားလျော့စွာ ကြည့်နေမိကြ၏။

ခဏအကြာ၌ ဖိနပ်ခွာသံ မြည်လျက် ဒက်ဖရာ ပြန်လာသည်ကို တွေ့ရ၏။ မျက်နှာလေးက ရွှင်ပျနေ၏။

"အိုကေ... မန်နေဂျာက ယူတို့ကို ခဏတွေ့ချင်တယ်တဲ့၊ လာလိုက်ခဲ့ကြ"

ဟိုတယ်ကြီး၏ အနောက်ဘက်ခြမ်းရှိ မန်နေဂျာအခန်းသို့ ကျွန်တော်တို့ လိုက်သွားကြသည်။

မန်နေဂျာက အသက် ၅၀ ခန့်ရှိပြီး ဥပဓိရုပ်ကောင်းသော ကပြားတစ်ဦးပင် ဖြစ်၏။

"ထိုင်ကြပါ။ ထိုင်ကြပါ"

သူက ယဉ်ကျေးပျူငှာစွာ ပြောသဖြင့် စိတ်အနည်းငယ် သက်သာသွားပြီး ကျွန်တော်တို့ သူ့စားပွဲရှေ့ရှိ ကုလားထိုင်များ၌ ထိုင်ကြ၏။

မန်နေဂျာ၏ မျက်နှာက ပြုံးပြုံးပင်။ သို့ရာတွင် ရေလည်ပါးနပ်ဟန်ကိုပြသော သူ့မျက်လုံးများက ကျွန်တော်တို့ စုံတွဲကို အကဲခတ် လေ့လာစူးစမ်းနေကြောင်း ကျွန်တော် ရိပ်မိသည်။

"ဧည့်သည်တွေကို ခုလို ခေါ်ယူတွေ့ဆုံရတာ စိတ်မကောင်းပါဘူး ဝတ္တရားမို့ပါ၊ ခွင့်လွှတ်ကြပါ"

သူက ချောမွတ်သော အင်္ဂလိပ်စကားဖြင့် ပြောနေခြင်း ဖြစ်၏။

"ကိစ္စမရှိပါဘူး၊ ကျွန်မတို့ကလည်း လွတ်လွတ်လပ်လပ် သီးသီးသန့်သန့် နေချင်လို့ ဒီကို လာခဲ့ကြတာပါ၊ အမှန် ဝန်ခံရရင် လူကြီးမင်းလည်း သိပါလိမ့်မယ်၊ ကျွန်မတို့ ဓလေ့က ဒီလို ဟိုတယ်မှာ တည်းခိုရိုးမှ မရှိတာ၊ ဒီတော့ လိုအပ်ချက်တွေကို နားမလည်ရိုး အမှန်ပါပဲ"

မမဝေကလည်း အင်္ဂလိပ်စကားနှင့် ပြန်ပြောခြင်း ဖြစ်သည်။ မမဝေ အင်္ဂလိပ်စကား ပြောသည်ကို ယခင်က ကျွန်တော် မတွေ့ဖူး၊ မမဝေ ပြောဟန်က ကပြားမလေး ဒက်ဖရာကဲ့သို့ပင် လေယူလေသိမ်းက အစ လုပသပ်ရပ်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ နိုင်ငံမှာက အမျိုးသားမှတ်ပုံတင်စနစ်ကလည်း မရှိသေးတော့ စည်းကမ်းနဲ့ လုပ်ရတဲ့ ကျွန်တော်တို့မှာ အခက်အခဲ မကြာခဏ ရင်ဆိုင်ရပါတယ်"

"ကျွန်မမှာ တက္ကသိုလ်မှတ်ပုံတင်ကတ်တော့ ပါပါတယ်၊ လူကြီးမင်း ကြည့်ချင်ပါသလား"

မန်နေဂျာက လက်ဝါး ကာပြသည်။

"မလိုပါဘူး၊ မြန်မာစကားပုံ ရှိတယ် မဟုတ်လား၊ အပွေးမြင် အပင်သိ ဆိုတာလေ၊ ကျွန်တော် ခန့်မှန်းတတ်ပါတယ်၊ ပြီးတော့ မစ္စစ်အက်ဗလင်း၊ အဲ… အခုတော့ မစ္စစ်ဘယ်သူ…"

"မစ္စစ်လေးလှိုင်ပါ"

မန်နေဂျာသည် တစ်စုံတစ်ရာကို သဘောကျဟန် ရယ်၏။

" ပြောရဦးမယ်၊ ကျွန်တော်တို့ ယဉ်ကျေးမှုနဲ့ သူတို့ ယဉ်ကျေးမှု ကွာခြားလို့ ဒုက္ခတွေ့ရပုံလေးတွေ၊ ကျွန်တော်တို့ နိုင်ငံက ဇနီးမောင်နှံတွေဟာ ခုခေတ်မှာ အကြောင်းအမျိုးမျိုးနဲ့ နိုင်ငံခြားကို ခရီးသွားကုန်ကြပါပြီ။ အထက်တန်းကျတဲ့ နိုင်ငံခြား ဟိုတယ်ကြီးတွေမှာ သွားတည်းရင် အခု မစ္စစ်လေးလှိုင်တို့ တွေ့ရတဲ့ အခက်အခဲမျိုး ကြုံရတော့တာပဲ၊ ကျွန်တော်တို့ မြန်မာက လက်ထပ်ပြီးပေမယ့် လင်က တစ်နာမည်၊ မယားက တစ်နာမည်ပဲ မဟုတ်လား၊ နိုင်ငံကူးလက်မှတ်မှာ နာမည်တွေက ဒီအတိုင်းပဲ၊ ဥပမာ… ယောကျ်ားက ဦးလှ၊ မိန်းမက ဒေါ်နု ဆိုပါတော့၊ နိုင်ငံကူးလက်မှတ်မှာ နာမည်တွေက ဒီအတိုင်းပဲ၊ ဟိုတယ်မှာ နှစ်ယောက်ခန်း တောင်းတော့ စကားများကြရရော၊ ဒေါ်နုဟာ မစ္စစ်လှလို့ နိုင်ငံကူးလက်မှတ်ကမှ ဆိုမထားဘဲ၊ သူတို့ ထုံးစံအရ ရှေ့က မစ္စစ်၊ နောက်က ယောကျ်ားနာမည် မပါဘဲနဲ့ ဒေါ်နုဟာ ဦးလှ ဇနီးမှ မဖြစ်နိုင်ဘဲကိုး၊ ဟား… ဟား…"

မန်နေဂျာက သူ့စကားသူ သဘောကျဟန်ဖြင့် ရယ်သောကြောင့် ကျွန်တော်တို့ပါ လိုက်ရယ်ကြသည်။

"ဒါကြောင့် နိုင်ငံခြားထွက်မယ့် အသိမိတ်ဆွေ ဇနီးမောင်နှံတွေ ကျွန်တော် မှာရတယ်။ နိုင်ငံကူးလက်မှတ် လုပ်ရင် အမျိုးသမီးက နာမည်နှင့် လုပ်သွားပါလို့၊ မစ္စစ်လှ အလိုင်းယက်စ် ဒေါ်နုလို၊ အဲဒါမှ ပြဿနာငြိမ်းတယ်"

"ကျွန်မတို့လည်း ခုတော့ ဒီဆန်ဆန် ဖြစ်နေရပါပြီ။ လူကြီးမင်း အဆုံးအဖြတ်ပါပဲလေ"

"ကျွန်တော် ဒါကို ပြောမလို့ပါ၊ စကားပြတ်သွားလို့၊ ကျွန်တော့်မှာ အတွေ့အကြုံ ရှိလို့ စာနာထောက်ထား တတ်ပါတယ်။ ခုနင်က ပြောခဲ့သလိုပဲ အပွေးမြင်ရင် ကျွန်တော် အပင် သိပါတယ်၊ ပြီးတော့ မစ္စစ်လေးလှိုင်ကို သိကြောင်း ဒက်ဗရာက ထောက်ခံထားပါတယ်။ ဒီတော့ ကျွန်တော် လက်ခံလိုက်ပါမယ်၊ ကျွန်တော်တို့ ဟိုတယ်မှာ မောင်နှံနှစ်ဖော် စိတ်ချမ်းသာ ကိုယ်ချမ်းသာ တည်းခို ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းပါတယ်"

ကျွန်တော့်ရင်မှ အလုံးကြီး ကျသွားသည်။ မမဝေနှင့် ကျွန်တော်တို့က မန်နေဂျာကို ကျေးဇူးတင်စကား ပြောကြားကြပြီး ဒက်ဗရာ့နောက် ပြန်လိုက်လာကြ၏။

၅ ရက်တွက် ကျသင့်ငွေကို ကြိုတင်ရှင်းလင်း ပေးပြီးသောအခါ ဒက်ဗရာက သော့တစ်ချောင်း ထုတ်ပေး၏။

“အီဗာရေ... နေ့ပိုင်းဆို ကိုယ် ဒီမှာ အမြဲရှိတယ်၊ လိုတဲ့အကူအညီ တောင်းနော်၊ အခု အခန်းကို ပေါ်တာက လိုက်ပို့လိမ့်မယ်၊ လိုတာခိုင်းဖို့ ဘဲလ်မ့်ခ်ိုင်တွေလည်း ရှိပါတယ်၊ ကဲ... သွားတော့နော်၊ ဆီးယူ”

“အစစ အဆင်ပြေအောင် ကူညီလို့ ကျေးဇူးတင်တယ် ဒက်ဗီ၊ အိုကေ... ဆီးယူ”

မများလှသော ကျွန်တော်တို့၏ ပစ္စည်းလေးများကို ကုလားကပြား ပေါ်တာက ယူပြီး ရှေ့မှ သွားသဖြင့် ကျွန်တော်တို့က နောက်မှ လိုက်ခဲ့ကြသည်။

ကျွန်တော်တို့အတွက် အခန်းက အပေါ်ထပ်၏ အရှေ့ဘက် အဆောင်တွင် ဖြစ်သည်။

ခုတင်နိမ့် ၂ လုံး၊ ကိုယ်လုံးပေါ် မှန်ဗီရို၊ စာရေးစားပွဲ၊ စာကြည့်မီးတိုင် ကုလားထိုင်ပုတို့ဖြင့် အခန်းက ပြည့်စုံသည်။ နံရံဆေးရောင်ရော အခန်းဆီးနှင့် ကော်ဇောများကပါ ရှားစေးနုရောင် ဖျော့ဖျော့ ဖြစ်၍ အခန်းသည် ဣန္ဒြေရရ ခန့်ညားပြီး နွေးနွေးထွေးထွေးနိုင်သည်။

ပေါ်တာ ထွက်သွားသောအခါ တံခါးကို ပိတ်လိုက်ပြီးနောက် ခုတင်တစ်လုံးပေါ်တွင် မမဝေက မောပန်းဟန်ဖြင့် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ကျွန်တော်က မမဝေအနီး၌ ထိုင်လိုက်ပြီး ခါးလေးကို ဖက်ရင်း မေး၏။

“သိပ်မောသွားသလား မမဝေ”

“ဟွန်း... မမဝေ မဟုတ်ဘူး”

“ဘာပြောတယ်”

“မမဝေ မဟုတ်ဘူး”

“ဘာပြောတယ်”

“မမဝေ မဟုတ်ဘူး၊ မစ္စစ်လေးလှိုင်... တဲ့ ကိုယ်တော်ရဲ့ သိရဲ့လား”

မမဝေသည် သဘောကျဟန် ရယ်မောလိုက်ပြီး သူ့လက်လေး နှစ်ဖက်ဖြင့် ကျွန်တော့်လည်ပင်းကို သိုင်းဖက်၍ ဆို၏။

“ မောင်... ပုဆိုးပိုက်ကာ စောင်ပိုက်ကာနဲ့ မောင့်နောက် လိုက်ခဲ့ရတာ မလွယ်ပါလားကွယ်ရယ် နော် ”

“ကြည့်... သုံးပြန်ပြီ ဒီစကား ”

“နို့... မဟုတ်လို့လား”

"ဟုတ်ဟုတ် မဟုတ်ဟုတ် ဒီစကား ကြားရရင် မောင့်ရင် နာရပါတယ်လို့ မောင် ဘယ်နှခါ ပြောရမှာလဲ"

မမဝေ၏ မျက်နှာလေးက ကျွန်တော့်မျက်နှာအနီးမှာ ကပ်နေသည်။ လှပသော မျက်လုံးပြာကြီးများ ဝန်းလည်နေသည်ကို အနီးကပ် ကျွန်တော် တွေ့ရ၏။ မမဝေသည် ရွှန်းမြလဲ့ကြည်သော မျက်လုံးပြာကြီးများဖြင့် အတန်ကြာ ကျွန်တော့်ကို စိုက်ကြည့်နေ၏။

" မောင့်ကို ဘာလို့ အဲဒီလို ကြည့်ရပြန်တာလဲ "

" မောင် စိတ်ဆိုးသွားသလားလို့ "

"အမယ်လေး မမဝေရယ်၊ ကိုယ့်မယားအလှကို ကိုယ်က စိတ်ဆိုးရက်မလားလို့"

သည်လိုဆိုပြန်တော့ မမဝေက သူ့လက်ဝါးနုနုလေးဖြင့် ကျွန်တော့်ပါးစပ်ကို ပိတ်လိုက်သည်။ မျက်နှာလေးကလည်း ရှက်သွေးဖြင့် ရဲဘိသည်။

"အဲဒီ့... အဲဒီ့ စကားကြီးတော့ မသုံးနဲ့ဦး၊ နော် မောင်"

"ဘယ်စကားလဲ"

"ကြည့်... သိလျက်နဲ့ သူ မေးပြန်ပြီ"

"မသိပါဘူး၊ ဘယ်စကားလဲ"

"ဝိပေးနော် သိလား၊ ဘယ်စကားရမလဲ၊ ကိုယ့်... ကိုယ့်... မမဝေ နှုတ်မှ စကားလုံးက မထွက်၊ မျက်နှာလေးက ပိုရဲလာသည်။

"နို့... မောင် မှန်တာ ပြောတာပဲ၊ မဟုတ်ဘူးလား"

" ပြောလေ ကဲလေ၊ သူ အသားယူပြန်ပြီ ဟွန်း...၊ ကဲ ယူဦး ယူဦး... "

မမဝေက မျက်နှာလေး တကယ်စူကာ ကျွန်တော့်ကျောကို တအုံးလုံး ထုသည်။ ထု၍ အားရမှ ရှက်သွေးမပြေသေးဘဲ ပြုံးလျက်က ကျွန်တော့်ကို မျက်စောင်းထိုးကြည့်နေသည်။

"မမ ဝေ"

"ဘာလဲ"

" မောင် အကောင်းပြောမလို့ပါ "

"ဘာအကောင်းပြောမလို့လဲ"

"ဪ... တကယ်ပါ၊ မောင်တို့ ဘာဆက်လုပ်ကြမလဲ"

မမဝေ မျက်နှာလေးသည် ပြန်လည် တည်ငြိမ်လေးနက်သွား၏။

“ မောင် သိပ်စိတ်ပူနေသလား ”

“ပူတာပေါ့ မမဝေရယ်၊ မောင့်တစ်ယောက်တည်း အတွက်ဆို မောင် မပူပါဘူး၊ မောင် တစ်ခါက ပြောခဲ့သလိုပဲ၊ မောင်က ဘာကောင်မှ မဟုတ်ဘူး၊ စကတည်းက ဒုက္ခကြားမှာ ကြီးလာရတော့ မောင် ဘာကိုမှ မကြောက်ဘူး၊ ခုတော့ မမဝေအတွက် ထည့်တွက်ပြီး မောင် ပူရတယ်”

“ ပျော်ရမယ့်အချိန် ပူမနေနဲ့ဦး မောင်၊ မမဝေမှာ ငွေတွေ ရှိသေးတယ်၊ မောင် စာဆက်ရေး၊ တစ်ရက် နှစ်ရက်လောက် နားပြီး မမဝေ ထွက်အလုပ်ရှာမယ်၊ ဪ... အိမ်တစ်လုံးလည်း ရှာရမယ် မောင် ”

“အိမ်တော့ ရှာရမယ်၊ ဒါပေမဲ့ ဘာလို့ မမဝေက အလုပ်ထွက်ရှာရမလဲ၊ ရှာခြင်းရှာ မောင်က ထွက်ရှာမှာပေါ့”

“လက်တွေ့ ဆန်စမ်းပါ မောင်ရယ်၊ မမဝေက ဘွဲ့ရပြီးသားဆိုတော့ အလုပ်ရဖို့က လွယ်တယ်၊ မောင့်ပညာက တစ်ပိုင်းတစ်စနဲ့၊ မောင် စာပဲ ဆက်ရေးရမယ်၊ အဲဒါက မောင့်အလုပ်၊ မောင့်ကို တစ်သက်လုံး မမဝေ လုပ်စေချင်တဲ့ အလုပ် သိရဲ့လား”

မမဝေ ပြောသည်က မှန်နေသောကြောင့် ကျွန်တော် ဆင်ခြေမပေးသာ။ ရင်တွင်းမှာတော့ မကောင်းလှ။

“ကြည့်... မောင့်မျက်နှာ ညှိုးသွားပြန်ပြီ၊ မောင် မမဝေကို မောင် တကယ်ချစ်ရဲ့လား ဟင်”

သည်မေးခွန်းဒဏ်ကိုတော့ ကျွန်တော် မခံနိုင်ပါ။

ကျွန်တော်က မမဝေကို ရင်ခွင်တွင်း ပိုက်ပွေ့သွင်းယူလိုက်သည်။

“ နောက်ကို ဒီအမေးမျိုး မောင့်ကို ထပ်မမေးပါနဲ့ မမဝေ၊ မောင် ဖြေမယ်၊ မမဝေကိုလေ မောင် ချစ်တယ်၊ ချစ်တာမှလေ... သာမန်ယောကျ်ား တစ်ယောက်က လှလွန်းတဲ့ သူချစ်သူကို ချစ်သူအဖြစ် ချစ်တာထက် မောင့်အချစ်က ပိုတယ်၊ မမဝေက မောင့်ချစ်ဦးသူ၊ မောင်ဆိုတဲ့ ကောင်လေးတစ်ကောင်ကို မမဝေက ဘယ်လိုမှ သံယောဇဉ် မရှိခင်ကတည်းက မောင်က မတုံမရဲနဲ့ မျက်ရည်ဝဲပြီး တိတ်တခိုး မြတ်နိုးချစ်ရသူ၊ မောင် ဒီစကားကို ထပ်ပြောမယ်၊ မြတ်နိုးချစ်ရသူ၊ မြတ်မြတ်နိုးနိုးနဲ့ ချစ်ရသူ၊ မြတ်နိုးပြီး ချစ်ရပြီကော မမဝေ၊ မမဝေက မောင့် လမင်းကြီးကိုး၊ မောင့်ရင်မှာသာတဲ့ လမင်းကြီး၊ မောင့်ဘဝကို လင်းစေတဲ့ လမင်းကြီး၊ မမဝေရယ်... လမင်းကြီးကို မြတ်နိုးပြီး ချစ်တာထက် ပိုပြီး မောင် ဘယ်လိုချစ်ပြရဦးမှာလဲ၊ ပိုတယ်လို့ မပြောလိုက်ပါနဲ့၊ ရင်ကို ခွဲပြလို့ ရစတမ်းဆို မောင် ခွဲပြလိုက်စမ်းချင်လှတယ်”

ကျွန်တော့်စကား အဆုံးတွင် မမဝေက သူ့ပါးလေးနှင့် ကျွန်တော့်ပါးကို ကပ်ထားသည်။ တင်းနေအောင် ကပ်ထားသည်။ မမဝေ၏ ပါးပြင်မှ မျက်ရည်တို့ ကျွန်တော့်ပါးဆီ ကူးလာသည်။

"ဟင်… ကြည့်စမ်း မမဝေ ငိုနေတယ်၊ ဘာပြုလို့လဲ ဟင်"

" မောင်က လွမ်းအောင် ပြောတာကိုး၊ မမဝေ ရင်ထဲ နင့်လာအောင် ပြောတာကိုး၊ ယုံပါတယ်တဲ့ မောင်ရယ်… မမဝေ ယုံပါတယ်၊ မမဝေလည်း မောင့်ကို ချစ်လိုက်တာ၊ မောင့်လိုတော့ မပြောတတ်ဘူး၊ မမဝေ ပြောတတ်တာ တစ်ခုပဲ ရှိတယ်၊ အဲဒါတောင် မောင် နားလည်အောင် မမဝေ ဘယ်လိုပြောရမှန်း မသိဘူး "

" ပြောလေ… မောင် နားထောင်ချင်တယ် "

"မမဝေ ရင်ထဲမှာ အချစ်ဆိုတာ တစ်ခါမှ မပေါ်ဖူးဘူး၊ မောင်နဲ့တွေ့မှ အချစ်ကို မမဝေ ခံစားရတယ်၊ ဒီတော့ အချစ်ဟာ မောင်… မောင်ဟာ အချစ်၊ မမဝေ ရင်ထဲမှာ အချစ်ရယ် မောင်ရယ်… မောင်ရယ် အချစ်ရယ်၊ ပြီးတော့… မောင်ရယ် အချစ်ရယ် အဲဒါပဲ ရှိတယ်၊ တခြား ဘာမှ မရှိဘူး၊ ချစ်လိုက်ရတာ အဲဒီလောက်တောင်ပဲ မောင်ရဲ့ နားလည်ရဲ့လား"

ကျွန်တော်က နှုတ်ဖြင့် မဖြေ။ မမဝေ၏ ပါးလေးကိုသာ မနာအောင် သွားဖြင့် မချင့်မရဲ ခဲလိုက်မိသည်။

ချစ်ခြင်းမေတ္တာဟူသည် အသည်းနှလုံးချင်း ပေါင်းဆုံရခြင်းပါ၊ အကြား မရှိ၊ အစပ်မရှိ ရောယှက်စိမ့်ဝင် ပေါင်းဆုံရခြင်းပါ။ သည်လို ပေါင်းဆုံမိတော့ လွမ်းဖွယ်ဆန်းကြယ်သော ဘုံလောက လေးတစ်ခုက ပေါ်သစ်လာသည်။ သည်လောကလေးမှာ တစ်ခဏအဖြစ် မိန်းမောရခြင်းသည်ပင် တစ်ဘဝပေလော… ထင်ယိုးမှားဖွယ် ဖြစ်ရသည်။

ငြိမ်နေကြရာမှ မမဝေက လှုပ်ရှားလာပြီး ကျွန်တော့် နဖူးကို မွှေးလိုက်ကာ ထိုင်ရာမှ ထ၏။

"မမဝေ ရေအရင်ချိုးလိုက်မယ်၊ နောက်တော့ မောင် ချိုး၊ ပြီးတော့ လျှောက်လည်ရအောင် နော် မောင်"

"ဘယ်လျှောက်လည်ကြမလဲ မမဝေ"

"ရန်ကုန်မြို့ ကြီးဟာ အကျယ်ကြီး မောင်၊ လည်စရာတွေလည်း အများကြီး၊ ညဥ့်နက်ပေမယ့်လည်း လူမပြတ်ပါဘူး၊ ဪ… မမဝေတို့ ဘုရားကို အရင်သွားဖူးကြရအောင်နော်"

"ဟုတ်ပါရဲ့… မောင်တို့ ဘုရားကို အရင်သွားဖူးကြမယ်၊ ကဲ… မမဝေ ရေချိုးနင့်"

ထိုညဦးက မမဝေနှင့် ကျွန်တော်တို့သည် ရွှေတိဂုံဘုရားဆီ အရင် သွားဖူးမျော်ကြသည်။

ဘုရားသွား အတူ၊ ကျောင်းသွားအတူ။ သည်စကားကို သုံးကြသည်ကို ယခင်က ကြားဖူးသည်။ မည်မျှ ကြည်နူးဖွယ် ရှိသည်ကို မခန့်မှန်းတတ်ခဲ့။ ယခုတော့ ကြည်နူးဖွယ်ရာကို ကိုယ်တွေ့ ကြုံရသည်။ မမဝေဘုရားပန်းတွေကို ဝယ်သည်။

ပြီးတော့ ကျွန်တော့်ကို တစ်ဝက်ခွဲပေးသည်။ ပန်းစည်းကိုယ်စီ ကိုင်ကာ နှစ်ကိုယ်ယှဉ်တွဲ၍ လျှောက်လာကြစဉ် မမဝေ၏ မျက်နှာလေးသည် ကြည်လင်ဝင်းပနေသည်ကို ကျွန်တော် သတိပြုမိ၏။

မမဝေနှင့် ကျွန်တော်တို့သည် နေ့တူ နံတူ ဖြစ်ကြသောကြောင့် ဗုဒ္ဓဟူးထောင့်မှ အာရုံခံတန်ဆောင်းတွင်း ဝင်၍ ဘုရားကို ပန်းလှူပူဇော်ကန်တော့ကြသည်။

ကျွန်တော် ဘုရားရှိခိုးပြီးသည့်အထိ မမဝေက မပြီးသေး။

ကျွန်တော်က စိတ်ရှည်စွာ ထိုင်စောင့်နေသည်။ စောင့်ရင်းကလည်း ရှုမငြီးသော မမဝေ၏ သဏ္ဌာန်လေးကို ကြည်နူးစွာ စိုက်ကြည့်နေမိသည်။

မမဝေက မမဝေနှင့် အလိုက်ဆုံးဟု ကျွန်တော် နှစ်သက် ထင်မှတ်ထားသော အဝါရောင်ကို ဆင်မြန်းထား၏။ တန်ဆောင်းတွင်း၌ မီးရောင်တို့ကား ဝင်းလက်နေသည်။ ရွှေရောင်တို့လည်း ဝင်းလျှံနေ၏။ ပန်းစည်းကို ကိုင်ကာ မျက်လုံးမှိတ်ပြီး ကျုံ့ကျုံ့ထိုင်လျက် ဘုရားဝတ်ပြုနေသော မမဝေ၏ သဏ္ဌာန်ကလည်း ရွှေသားနှင့် သွန်းထုထားသကဲ့သို့ တင့်တယ်လှ၏။

ဘုရားရှိခိုးပြီးသောအခါ မမဝေက ပြုံးပြုံးလေးနှင့် ကျွန်တော့်ဆီကို ပန်းစည်း လှမ်းပေး၏။

မမဝေပန်းစည်းနှင့် ကျွန်တော့်ပန်းစည်းကို ပေါင်း၍ ညောင်ရေအိုးတွင် ကျွန်တော်က ထိုးစိုက်သည်။

မမဝေနှင့် ကျွန်တော်တို့က လက်ချင်းတွဲပြီး ဘုရားကို လက်ယာရစ် လှည့်လျှောက်ကြသည်။

မီး ပူဇော်ထားသော ရွှေတိဂုံစေတီတော်ကြီးက ရွှေတောင်ကြီးပမာ ထွန်းလျှံတောက်ပနေ၏။ ခေါင်းလောင်းသံ ဆည်းလည်းသံများကလည်း သာယာစွာ ထွက်ပေါ်နေ၏။

“ မောင်... ”

“မမ ဝေ”

“ မောင်ရယ်... မမ ဝေ စိတ်ချမ်းသာလိုက်တာ၊ မောင်ရော... ”

“ မောင်လည်း စိတ်ချမ်းသာတာပေါ့ မမဝေရယ် ”

ကျွန်တော်တို့သည် စကားတပြောပြောနှင့် ဆက်လျှောက်ကြ၏။

အင်္ဂါထောင့် ရောက်သောအခါ ညောင်ပင်ကြီး ရှိရာ သွားပြီး အပေါ်စီးမှ မြင်ရသော ရန်ကုန်မြို့ကြီးကို ကြည့်ကြ၏။

နောက်ကျမှ ထွက်လာသော လမင်းကြီးကလည်း ထိန်ထိန်သာနေ၏။

မမဝေက သူ့လက်ပတ်နာရီလေးကို ငုံ့ကြည့်ပြီး ဆို၏။

“ ဟော... ၈ နာရီတောင် ထိုးပြီ၊ မောင် ဆာပြီလား ”

“ဟုတ်ပါရဲ့ နည်းနည်းတောင် ဆာလာပြီ”

“ဒါဖြင့် ပြန်ကြစို့၊ ဖရဲဇော်လမ်း ဝင်ပြီး တစ်ခုခု စားပြီးမှ ဟိုတယ် ပြန်ကြမယ်နော်”

“ ကောင်းသားပဲ မမဝေ ”

“ဪ... မောင် ရုပ်ရှင်ကော ကြည့်ချင်သေးလား”

“ကြည့်ချင်ပါဘူး၊ အချိန်တွေ နှမြောပါတယ်”

“ကြည့်... ပိုလိုက်ရသေးတယ်”

မမဝေနှင့် ကျွန်တော်တို့က ရင်ပြင်တော်ဆီ ပြန်အထွက်၌ တန်ဆောင်းကြီးတစ်ခု၏ ထောင့်တွင် မိန်းမပျိုတစ်ဦးနှင့် ပက်ပင်း သွားတိုးသည်။

မိန်းမပျိုက ဝမ်းသာသော အမူအရာသို့ ပြောင်းသွားပြီး နှုတ်ဆက်၏။

“ဟင်... မမဝေ၊ မမဝေ မဟုတ်လား”

“ ဟော... အရီပါလား၊ ကြည့်စမ်း... အရီ၊ မင်းက လှတုန်းပဲ ”

“မမဝေကကော... မမဝေနား ကပ်လိုက်လို့ အရီ လှတာတွေပျောက်ကုန်ပါပြီ”

အရီသည် ရင်းနှီးစွာဖြင့် မမဝေ၏ လက်မောင်းလေးကို ကိုင်ဆွဲထားသည်။

“မမ ဝေ ပုသိမ်က လာတာလား...”

“ပုသိမ်က မလာလို့ ဘယ်က လာရမှာလဲ အရီရယ်”

“သိဘူးလေ၊ မမဝေက တက္ကသိုလ် တက်နေတာ မဟုတ်လား၊ ဪ... မေ့လို့၊ ကြာပြီပဲ၊ မမဝေ ဘွဲ့ရပြီးပြီပေါ့ နော်”

“ပြီးပါပြီ၊ ဒါထက် အရီ ဘုရားလာဖူးတာလား”

အရီက ဟက်ခနဲ တစ်ချက် ရယ်၏။

“အဟဲ... အရီက လာကြမ်းပိုးကျနေတာ”

“ဘာရယ်.. လာကြမ်းပိုးကျနေတာ”

“အရီက ရယ်စရာ ပြောတာပါ၊ မောင်က ဘုရားပုံ ပန်းချီလာဆွဲနေတော့ မောင်နဲ့ လိုက်လာရင်း အရီက ဟိုလျှောက်လည် ဒီလျှောက်လည်ပေါ့၊ အဲဒါ ပြောတာ”

“ဩော်… မောင်သန်းအောင်ကော ပါသလား၊ ဘယ်မှာလဲ သူ”

“ မောင်လား၊ သူ့ ကားတွေ သိမ်းနေတယ်၊ ဟော… ပြောရင်းဆိုရင်း လာနေပြီ”

ပိန်ပိန်သွယ်သွယ် အသားဖြူဖြူနှင့် လူရွယ်တစ်ဦးက ပန်းချီ ကိရိယာများကို သယ်ဆောင်လျက် ရောက်လာသည်။

အရီက လှမ်းပြော၏။

“ မောင်ရေ… ဟောဒီမှာ ဘယ်သူလဲ ”

“ ဟောဗျ မမဝေပါလား ”

လူရွယ်က မမဝေကို နှုတ်ဆက်ပြီးမှ ကျွန်တော့်ကို လှမ်းပြုံးကြည့်သည်။

မနေသာတော့သော ဟန်ဖြင့် မမဝေက မိတ်ဆက်ပေး၏။

“ မောင်… အဲဒါ အရီ့ ယောက်ျား ပန်းချီကိုသန်းအောင်၊ မောင်သန်းအောင် … သူက မမဝေရဲ့ ဟိုဒင်း… အဲ… မောင် ”

ကိုသန်းအောင်က ပါးစပ်ဖြဲ ရယ်ပြီး-

“ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်လက်က ဆေးတွေ ပေနေလို့ဗျ ”

ဟု လက်ဆွဲ နှုတ်မဆက်နိုင်သည်ကို တစ်ဆက်တည်း ရှင်းပြောသည်။

အရီကသာ ပြုံးလျက်က မျက်မှောင်လေး တွန့်ပြီး ပြော၏။

“မမဝေ ပြောတာကလည်း မရှင်းဘူး”

“ဘာမရှင်းလို့လဲ”

“မမဝေရဲ့ မောင်တဲ့၊ အဲ… မမဝေရဲ့ မောင်နော် အဟဲ…”

“ကွယ်… အရီကလည်း မောင်ဆို ပြီးရောပေါ့ အရီ့မောင် ကိုသန်းအောင်လိုပေါ့”

“ဟာ… ရှင်းပြီ ရှင်းပြီ၊ အဲဒီလို တည့်တည့်ပြောတော့ အရီ ရှင်းသွားပြီ မမဝေ၊ မမဝေက နာမည်လည်း ပြောမပြသေးဘူး၊ နာမည်ကလည်း မောင် ပဲတဲ့လား”

“အရီကလည်း နောက်ပြီ၊ ကိုလေးလှိုင်တဲ့၊ ဩော်… မောင်သန်းအောင် ရေ… မောင်ကလည်း မင်းလိုပဲ အနုပညာသမား၊ သူက ကဗျာ ရေးတယ်”

ကိုသန်းအောင်၏ မျက်နှာသည် အထူးဝမ်းသာဟန်သို့ ပြောင်းသွား၏။

“ ဟောဗျ… ဆုံမှ ဆုံတတ်ပလေ၊ ဆရာ့ ဟိုကဗျာလေးဟာလေ၊ အရီရေ… မင်း သိပ်ကြိုက်တယ်ဆိုတဲ့ ဟိုကဗျာလေးလေ… ”

“ဘာလဲ... ငွေလမင်း၏ သစ္စာရှင်၊ အဲဒါလား”

“ဟုတ်တယ်၊ ကိုလေးလှိုင်... အရီက အဲဒီကဗျာကို ကျွန်တော့် အတင်းပန်းချီဆွဲခိုင်းနေတယ်”

“ဟုတ်တယ် ဆရာ၊ အရီက တကယ်ဆွဲခိုင်းနေတာ၊ အရီ့ ရင်ထဲမှာလေ တစ်မျိုးပဲ၊ လမင်းကြီးက မရှိဘူး၊ ဒါမှမဟုတ် ဟိုးအဝေးကြီးမှာ။ ကြယ်လေးတွေကတော့ လက်လက် လက်လက်နဲ့ အလင်းရောင်က လဲ့လဲ့လေးပေါ့ ဆရာ၊ ကန် ရေပြင်မှာတော့ ကြာဖြူလေး တစ်ငုံတည်း၊ တစ်ငုံဆိုမှ တစ်ငုံတည်း၊ သနားစရာလေး ဆရာ၊ အရီ ပြောတာ ဟုတ်တယ် မဟုတ်လား”

ကျွန်တော်က အရီ စိတ်ကူးယဉ်ပုံကို သဘောကျပြီး ရယ်နေမိ၏။ ကိုသန်းအောင်ကသာ သဘောကျသယောင် ညည်းသယောင် ပြောသည်။

“အဲဒါပဲ ကြည့်တော့၊ ကျွန်တော့်မှာ အလုပ်အတွက်လည်း ဆွဲရတယ်၊ မရွှေရီ ခိုင်းတာလည်း ဆွဲရတယ်”

“အံမယ်... အရီ ခိုင်းလို့ ဆွဲတာတွေ ပိုက်ဆံအများကြီးနဲ့ မောင် မရောင်းရဘူးလား”

ကိုသန်းအောင်က မဖြေဘဲ တဟဲဟဲသာ ရယ်နေ၏။

မမဝေက စကားပြတ်ရန် နှုတ်ဆက်၏။

“ကဲ... အရီရေ၊ မမဝေတို့က ဆက်သွားစရာ ရှိသေးလို့ ခွင့်ပြုဦးနော်။ နောက်တော့မှ တွေ့ကြတာပေါ့”

“ဩော် ဟုတ်ကဲ့၊ ဒါထက် မမဝေတို့ ပုသိမ်ကို ဘယ်တော့ ပြန်ကြမလဲ”

မမဝေက ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်ကာ သူ့အဓိပ္ပာယ်နှင့်သူ ပြုံးပြီး ဖြေ၏။

“မသိသေးဘူးကွယ်၊ မမဝေတို့က ပျော်သလောက် ဒီမှာ နေကြဦးမယ်”

“အဲဒီလိုဆိုရင် အရီတို့အိမ် လာလည်ဦးလေ၊ အရီတို့ ပုဇွန်တောင် ရွှေဘုန်းပွင့်လမ်းမှာ နေပါတယ်၊ အိမ်နံပါတ်( )ပါ”

အရီတို့ မောင်နှံကို နှုတ်ဆက်ပြီး မမဝေနှင့် ကျွန်တော်တို့က ဘုရားပေါ်မှ ဆင်းလာခဲ့ကြသည်။

“အရီတို့ ကိုသန်းအောင်တို့နဲ့ မမဝေက တော်တော်ခင်သလား”

“ခင်တယ်၊ ရပ်ဆွေရပ်မျိုးတွေပေါ့၊ အရီက ဟင်္သာတသူ၊ ပုသိမ်မှာ ကြီးတယ်၊ မောင်သန်းအောင်ကတော့ ပုသိမ်ဇာတိပဲ၊ ဩော်... မောင်ရေ... သူတို့လည်း မမဝေတို့လိုပဲ”

“ဘာကို ပြောတာလဲ မမဝေ”

“ဟိုဒင်းလေ… အဲ အဟဲ… ပုဆိုးပိုက်ကာနဲ့ စောင်ပိုက်ကာနဲ့”

မမဝေက သူ့စကားကို သူ သဘောကျပြီး ရယ်သည်။

“မမဝေက ဒီစကားပဲ ခဏခဏ ပြောတယ်၊ သိပ်သဘောကျနေတယ် ဟုတ်လား”

“ မောင်က သဘောမကျဘူးလား၊ အင်းလေး… မောင် သဘောမကျရင် မမဝေ မပြောတော့ပါဘူး နော် ”

“ကြည့်… လုပ်ပြန်ပြီ”

“ဘာပြောတာလဲလို့”

“ပိုတာကို၊ မမဝေ ပိုတာကို၊ ဟွန်း… မောင် မုန်းလိုက်တာ”

ကျွန်တော်က မမဝေ၏ လေကို တုပြီး ပြောလိုက်ရာ အတူတွဲ၍ စောင်းတန်းလှေကားများမှ ဆင်းနေသည်ကို သတိလစ်သွားဟန်ဖြင့် ကျွန်တော့်ကျောကို ထုသည်။ ပြီးမှ သတိရဟန် ရှက်ကိုးရှက်ကန်းလေးဖြင့် ပါးစပ်ကို လက်ကိုင်ပဝါလေးနှင့် ပိတ်ပြီး ခေါင်းငုံ့လျက် ရယ်ကာ လိုက်ပါလာပါသတည်း။

✳✳✳✳✳

အခန်း [၁၈]

စထရင်းဟိုတယ်တွင် ကျွန်တော်တို့ ခုနစ်ရက်ခန့် နေခဲ့ကြ သည်။

သည်ရက်များအတွင်း မမဝေက အပြင်ထွက်၍ အလုပ်ရှာသည်။

မမဝေ၏ သူငယ်ချင်းအချို့က ရန်ကုန်မြို့ရုံးကြီးများတွင် ဝင်ရောက် အလုပ်လုပ်နေကြသည်။ ထိုသူငယ်ချင်းများမှ တစ်ဆင့် မမဝေက အလုပ်ရှာခြင်း ဖြစ်သည်။

မမဝေနောက်ကို ကျွန်တော် မလိုက်ရပါ။ သူငယ်ချင်းများ ကိုပင် မမဝေက အဖြစ်မှန် ဖွင့်မပြောသေးဘဲ ဖုံးဖိထားသည် ဆို၏။

"မောင်ရေ...ဇာတ်ကို မြှုပ်ထားကြဦးမှ တစ်ယောက်က တစ်ရာ သိသွားကြရင် မကောင်းဘူး၊ အန္တရာယ်က ရှိနေသေးတယ် ထင်တယ်"

မမဝေ ပြောသည်မှာ မှန်ပါ၏။

မမဝေရော ကျွန်တော်ပါ နေ့စဉ် သတင်းစာများကို ဂရု စိုက် ကြည့်ကြသည်။ သမီးအဖြစ်မှ စွန့်လွှတ်ခြင်း၊ အမွေဖြတ် ခြင်း ဟူသော ကြော်ငြာမျိုးကို မမဝေက မျှော်လင့်ထား သည်။ သို့ရာတွင် ယင်းကြော်ငြာမျိုး ပါမလာ။

"သူတို့ ငြိမ်နေကြတယ်၊ ဒါ ဘာသဘောလဲ မောင်၊မမဝေ မကြိုက်ဘူး"

ကျွန်တော်လည်း မကြိုက်ပါ။ ငြိမ်နေသည်ဆိုတော့ လူကြီး တွေ ဘက်က အုပ်ဆိုင်းထားပုံရသည်။ တစ်စုံတစ်ရာများ ကျိတ်ကြံနေကြသလော။

ကျွန်တော်က တွေးမိသည်ကို မမဝေအား ပြောပြမိ၏။

"တစ်ခုတော့ရှိတယ် မမဝေ၊ မောင်နဲ့ မမဝေ လိုက်လာခဲ့ တယ်ဆိုတာ သူတို့ တစ်ထစ်ချ ယူဆနိုင်မှာ မဟုတ်ဘူး"

"ဘာပြုလို့"

"မမဝေက မော်တော်ကားကို ဘူတာရုံမှာ ထားခဲ့တော့ ရထားနဲ့ပဲ သွားတယ်လို့ သူတို့ ထင်ဖို့များတယ်၊ မမဝေ သင်္ဘောပေါ်တက်လာတာလဲ ဘယ်သူမှ မှတ်မိမယ်မဟုတ်ဘူး၊ ကျွန်တော့်ကိုတော့ တွေ့သူက တွေ့ချင် တွေ့လိုက်မယ်လေ၊ ဒါပေမယ့် ကျွန်တော်ကသတ်သတ် သင်္ဘောပေါ်အရင်ရောက် နေတာပဲ၊

ဆက်စပ်မိကြမယ်မထင်ဘူး”

“ဒါပေမယ့် နှစ်ယောက်လုံး ပြိုင်တူပျောက်ခဲ့တာ မဟုတ် လား”

“ထန်းသီးကြွေခိုက် ကျီးနင်းခိုက်လို့ ယူဆချင်ယူဆကြမယ်၊ ဘာပြုလို့လဲဆိုတော့ ဒေါ်ဒေါ်ဘက်က စဉ်းစားရင် အိမ်က ‘မောင် ထွက်ပြေးသွားစရာ တခြား အကြောင်းက ရှိနေတာကိုး”

“ဘာအကြောင်းလဲ မောင်”

“ဒေါ်ဒေါ်က ကျွန်တော့်ကို တက္ကသိုလ်ဆက်မလွှတ်ဘဲ မမဝေတို့ စက်ထဲမှာ အလုပ်တစ်ခုခုဝင်လုပ်ရမယ်လို့ အပြတ် ပြောထားတာရှိတယ်၊ အဲဒါကို ကျွန်တော်က လက်မခံချင် မှန်းလည်း ဒေါ်ဒေါ် ရိပ်မိတယ်”

နားထောင်နေရာမှ မမဝေသည် တစ်စုံတစ်ရာကိုမကျေနပ် ဟန်ဖြင့် ကျွန်တော့်ကို ပြုံးစူစူဖြင့် မျက်စောင်းလှဲ့လှဲ့ထိုး၏၊

“ဘာလို မောင့်ကို မျက်စောင်းထိုးတာလဲ”

“ထိုးတာပေါ့၊ မောင် ပြောနေတာက ဟင်း..ကျွန်တော် ကျွန်တော်နဲ့”

“ဩော်......ဒါကတော့ နှုတ်ကျိုးနေတာကိုး မမဝေရ”

“ဟင်း...မကျိုးရဘူး၊ မမဝေ မကြိုက်ပါဘူး”

ကျွန်တော်က မမဝေ ကျေနပ်ရန် ပိုက်ပွေ့ပြီး ချော့ရ၏။

“မောင်”

“မောင်ပြောတာ ဟုတ်တယ်၊ သူတို့ တစ်ထစ်ချ ယူဆနိုင်မှာ. မဟုတ်သေးဘူး၊ အဲဒီလိုဆိုလေ မောင်နဲ့ မမဝေအတွက်က ကောင်းလေပဲ မဟုတ်လား”

“အင်း..မောင်လဲ အဲဒီလိုထင်တယ်”

“အရီနဲ့ မောင်သန်းအောင်တို့တော့ သိသွားပြီ၊ ဒါပေမယ့် သူတို့လေးတွေက ရှုပ်ရှုပ်ရှက်ရှက်မလုပ်တတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ တခြားလူတွေ သိပ်မသိအောင် မမဝေတို့ အုပ်ထား ကြမယ်”

ဤသဘောတူညီချက်ကြောင့် သူ့သူငယ်ချင်းများထံ မမဝေ သွားလျှင် ကျွန်တော် လိုက်မသွား၊ ဟိုတယ်မှာပင် စာ ရေးရင်း နေရစ်၏။

တစ်နေ့၌ မမဝေ ပြန်လာ၍ အခန်းတံခါးကို ကျွန်တော် ဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် မမဝေက ကျွန်တော့် လည်ပင်းကို ယှီးလေးခိုစီးလိုက်ပြီး ဝမ်းသာအားရ ဆို၏၊

“မောင်ရေ အလုပ်ရခဲ့ပြီ၊ အလုပ်ရခဲ့ပြီ၊ သိလား မောင်”

"ဟင်..တကယ်"

"အိုး…တကယ်ပေါ့"

မမဝေက ကျွန်တော့်ကို ခုတင်ဆီ ဆွဲခေါ်သွားပြီး.. ထိုင် လျက် အားရပါးရ ပြောသည်။

"မမဝေ သူငယ်ချင်း မြင့်မြင့်ဆိုတာရှိတယ်၊ သူက ဘီကွမ်း၊ ပြည့်ထောင်စု ဘဏ်မှာ ဝင်လုပ်နေတယ်၊ သူ ညွှန်တာနဲ့ သန်းခေါင်စာရင်း မင်းကြီးရုံးကို မမဝေ သွားတာပေါ့၊ ရုံး ကုမ္ပဏီအပေါ်ထပ်မှာ သန်းခေါင်စာရင်းရုံးက ဌာနသစ်၊ လုပ်ငန်းတွေကလဲ အချိန်မီ ပြီးရမယ်၊ ဒီတော့ အလုပ်တွေ အများကြီးပေါ်နေတာပေါ့၊ ကိုးတန်းအဆင့်သူ အဆက်တန်း စာရေး၊ ဆယ်တန်းအဆင့်သူ အထက်တန်းစာရေး၊ အင်တာ - အဆင့်သူ ဘီစီ၊ တစ်ခါတည်း တန်းခန့်နေတယ်၊ မမဝေ ကံကောင်းတယ်ပြောရမလား မသိဘူး၊အဲဒီက ဒုတိယမင်းကြီး တစ်ယောက်က မမဝေတို့အသိ ဖြစ်နေတယ်၊ အဲ…သူ့တော့ မမဝေ လှိမ့်ခဲ့ရတယ်"

"ဘာလိမ့်ခဲ့ရတာလဲ"

"သူက ပုသိမ်မှာ အရေးပိုင်အဖြစ် နေသွားဖူးတယ်၊ သိပ် မခင်လှပေမယ့် မမဝေတို့ချမ်းသာတာ သူသိတယ်၊ သူက မမဝေ လာအလုပ်လျှောက်တာ အံ့ဩနေတယ်၊ မမဝေလဲ ဘဝ အတွေ့အကြုံရချင်လို့၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ချင်လို့ ဘာလို့နဲ့ အဟဲ…ဖြီးရတာပေါ့၊ ဒါတောင် သူက မေးသေး တယ်၊ အိမ်က သဘာတူရဲ့လားတဲ့၊ တူပါတယ်လို့ မမဝေလဲ ဆက်လိမ့်တာပဲ၊ အဲဒါအခု မမဝေ ဘီစီအရင်ရမယ်၊ အလုပ် သင်ပြီးရင် ခြောက်လအတွင်းလောက်မှာ အစေ့ဖစ်ဆာ ဖြစ် မယ်၊ မောင် ဟန်မကျဘူးလား"

"ဘီစီဆိုတော့ လခ ဘယ်လောက်ရှိမလဲ မမဝေ"

"ရှားပါးစရိတ်နဲ့ ဆိုရင် နှစ်ရာ့ကိုးဆယ်ကျော် မောင်၊ မမဝေတို့ ကောင်းကောင်းလောက်ပါတယ်""

"မောင်ကော အဲဒီမှာ အလုပ်မရနိုင်ဘူးလား"

မမဝေ၏မျက်နှာလေးမှာ ချက်ချင်းညှိုးသွား၏။

"မမဝေမကြိုက်တဲ့စကားကို မောင်ပြောပြန်ပြီ၊ ကဲ..မောင် မကြိုက်တဲ့မေးခွန်းပဲ မမဝေလဲ ပြန်မေးမယ်၊ ဒီမှာ မောင်… မောင့်ကို မမဝေချစ်သလောက် မောင်က မမဝေကို ချစ်ရဲ့လား"

မမဝေ တတ်နိုင်သည်။ နိုင်ချက်ကိုကိုင်တော့ ကျွန်တော် ရှေ့မဆက်သာ။

"အင်းပါလေ မမဝေ မကြိုက်ရင် မောင် မပြောတော့ပါ ဘူး၊ ဒါထက် မောင်တို့ အိမ်တစ်လုံးတော့ မြန်မြန်ရှာရမှာပဲ၊ ဒီမှာက သိပ်စရိတ်ကြီးတယ်"

"ဟုတ်တယ် မမဝေ အကြံရပြီ၊ မောင်…… မောင့် မဂ္ဂဇင်း တိုက် သွားပါလား၊ အဲဒီမှာက စာရေးဆရာတွေ ဘာတွေနဲ့ တွေ့ပြီး အိမ်လေးဘာလေး စုံစမ်းနိုင်တာပေါ့၊

သူတို့က ဘဝ လဲစုံ...သတင်းလဲစုံသူတွေလို့ မမဝေ ကြားဖူးတာပဲ”

“ဟယ်..... ဟုတ်ပါရဲ့ မမဝေအကြံ သိပ်ကောင်းတာပဲ မောင်မေ့နေလိုက်တာ”

နောက်တစ်နေ့တွင် မမဝေက အလုပ် စဝင်သည်။ ကျွန်တော်က ဦးကြီးမောင်တို့၏ မဂ္ဂဇင်းတိုက်သို့သွားသည်။

ကျွန်တော့်အတွက်စိတ်ပျက်အားငယ်ဖွယ်တစ်ခု ကြုံရသည့်ကား ဦးကြီးမောင်သည် မဂ္ဂဇင်းတိုက်၌ မရှိတော့။ စာပေ ဗိမာန်စာအုပ်ထုတ်လုပ်ရေးဘက်သို့ ကူးပြောင်းသွားပြီဆို၏

တိုက်၌ရှိသူများက ကျွန်တော့်ကို ဝိုင်းတော်သား တစ်ဦး အဖြစ် ကောင်းစွာ လက်ခံကြိုဆိုကြပါသည်။

ကျွန်တော်က အိမ်အကြောင်းစုံစမ်းသောအခါ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ဇိမ်နှင့် စီးကရက် မှိန်းနေသော အစ်ကိုဆွေဟု အခေါ်ခံရသူ ဟာသ စာရေးဆရာကြီးက ဦးစံရှားဟန်ဖြင့် စပ်စုသည်။

“အိမ်တွေဘာတွေ စုံစမ်းပုံ ထောက်တော့ မိန်းမခိုးတော့ မလို့နဲ့ တူတယ်၊ ဒါမှမဟုတ် ခိုးလာခဲ့ပြီလား ဟုတ်စ”

“ဟာ.....မဟုတ်ပါဘူး၊ အင်းလေ ဟုတ်ချင်လဲ ဟုတ်လာ မှာပေါ့...အဟင်း’

“အဲဒီလို ဝန်ခံစမ်းပါ၊ ကိုယ်က ဟာသ ရေးနေပေမယ့် စုံထောက်ဉာဏ် အပြည့်ရှိတယ်၊ မကြည်အေး မျက်မှန်ပျောက်မှုကြီးတုန်းက ဤဖေကိုယ်စုံထောက်တာ၊ ထားပါတော့..... ရန်ကုန်မှာ အိမ်ငှားချင်တယ် ဆိုတော့ မောင်ရင်က ပိုက်ဆံ ဘယ်လောက်တတ်နိုင်လို့လဲ”

“အသင့်အတင့်ပေါ့ အစ်ကိုရာ”

“အပျောက် တစ်သောင်းလောက် တတ်နိုင်ရင် မြို့လယ်မှာ တစ်ခန်းစာလောက်ရမယ်၊ တစ်ထောင်ကနေ ငါးရာလောက် တတ်နိုင်ရင် စမ်းချောင်းတို့ မြေနီကုန်းတို့မှာ လင်ကိုယ်မယား နေလောက်တဲ့ အိမ် တစ်ဝက်ဖြစ်ဖြစ်၊ တစ်ထပ်ဖြစ်ဖြစ် ရမယ်၊ သုံးဆယ်၊ ငါးဆယ်လောက် တတ်နိုင်ရင် ဗားကရာ ကရင်သင်္ချိုင်းကုန်းပတ်လည်က ပလက်ဖောင်း မြို့တော်ပေါ်မှာ ရ မယ်၊ မောင်ရင် ဘယ်အတန်းအစားလောက် လိုချင်သလဲ”

“အလယ်အလတ်လောက်ပေါ့ဗျာ’

“ဒီလိုဆို တစ်ထောင်နဲ့ ငါးရာတစ်ဝိုက်ပေါ့ ဟုတ်လား”

“ဟုတ်..ဟုတ်ကဲ့”

“ကိုယ်ညွှန်လိုက်မယ်၊ ကိုယ့်ကို ပြောထားတာရှိတယ်၊ ဟိုး ရှေးတုန်းက မြန်မာ့အလင်းသတင်းစာ အယ်ဒီတာကြီးတစ်ဦး ရဲ့ မိန်းမ၊ အဘွားကြီး၊ မျက်စိကောင်းကောင်း မမြင်ရှာတော့ဘူး၊ မြေးလေးနှစ်ယောက်နဲ့နေတယ်၊

အိမ်တစ်ခြမ်း ငှားစား ချင်တယ်၊ စပေါ်က ခုနစ်ရာ၊ လခက တစ်လ ခုနစ်ဆယ်၊ မနေချင်လို့ပြောင်းရင် လူစားရရချင်း စပေါ်ခုနစ်ရာ ပြန်ပေး မယ်၊ ရေပါတယ်၊ မီးပါတယ်၊ စမ်းချောင်း ကျွန်းတောလမ်း ပေါ်မှာ၊ မောင်ရင် သွားကြည့်၊ ကြိုက်ရင် ကိုယ်က လွှတ် လိုက်တယ်လို့ ပြော...”

ဟိုတယ်သို့ ပြန်ရောက်ပြီး ညနေ၌ မမဝေရှုံးဆင်းလာသော အခါ ဂျစ်ကားတစ်စီးငှား၍ ကျွန်တော်တို့သည် ကျွန်းတောလမ်းသို့ သွားကြသည်။

အိမ်ကိုလည်း တွေ့ပါ၏။ မျက်စိ ကောင်းစွာ မမြင်သော အဘွားကြီးကိုလည်း တွေ့ပါ၏။

သို့ရာတွင် အခန်းက မအားပြီ။

“မောင်ဆွေက လွှတ်လိုက်တယ် ဆိုတော့ အားနာစရာပဲ ကွယ်၊ အမေက မနေ့ကပဲ ဆရာဝန် လင်မယားနှစ်ယောက်ကို ငှားလိုက်တယ်”

ကျွန်တော်တို့မှာ မောသွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာလုပ်ရမှန်း မသိတော့။

ခေတ္တငိုင်နေရာမှ မမဝေက စိတ်မလျှော့သေးဟန်ဖြင့် စုံ စမ်း၏။

‘ဒါဖြင့် အမေရယ်...ဒီနားတစ်ဝိုက်မှာ တခြားအိမ်လွတ် လေးများ မရှိဘူးလား”

“ဒီနားတစ်ဝိုက်တော့ မရှိဘူး၊ ဟိုဘက် သရက်တောလမ်း မှာ အိမ်တစ်လုံးတော့ ရှိတယ်၊ အမေ့အိမ်လို မဟုတ်ဘူး၊ စျေး တော့နည်းနည်းကြီးမယ်၊ သူက တစ်အိမ်လုံးမှ ငှားချင်တာ”

မမဝေ၏မျက်နှာလေးမှာ ဝင်းပသွားပြန်၏

“အိမ်က အကြီးကြီးလား အမေ”

“အမေတော့ မမြင်ဖူးဘူး၊ သိပ်ကြီးမယ်တော့ မထင်ဘူး။ ဆောက်ပြီးတာလဲ. သိပ်မကြာလှသေးဘူး”

“ကျွန်မတို့ သွားကြည့်ချင်တယ် အမေ၊ အိမ်နံပါတ် မသိ ရဘူးလား”

“အဲ...အိမ်နံပါတ်တော့ မမှတ်မိဘူး၊ မေးရင် ရပါတယ်၊ ဒေါ်မမလေးအိမ် ဆိုရင်၊ သူက ရွှေပေါင် ငွေပေါင် လေးလဲ ခံတော့ လူသိကြပါတယ်. အစက ညီအစ်မ နေကြတာ၊ ညီမနဲ့ သမီးတွေက စိတ်ဆိုးဆင်းသွားလို့ အခု သူတစ်ယောက်တည်း မနေရဲဘူး၊ စိတ်ချရတဲ့ အိမ်ငှားရရင် သူက မြို့ထဲက သူ့တူ တွေနဲ့ သွားနေမယ်ပြောတယ်”

မေးပါများတော့ စကားရသည်။ သွားပါများတော့ ခရီးရောက်၏။

မမဝေနှင့် ကျွန်တော်တို့သည် သရက်တောလမ်းဘက် လာ ခဲ့ကြရပြန်သည်။

သရက်တောလမ်းကား ရှမ်းလမ်းကြီး၏ အနောက်ဘက်၌ အစီအရီရှိသော လမ်းများအနက် တစ်လမ်းဖြစ်သည်။ လမ်း၏ အလယ်လောက်တွင် ဒေါ်မမလေး၏အိမ်ကို တွေ့ကြရသည်။

အိမ်လေးက မကြီးလှ။ ပေအစိတ် ပေလေးဆယ် မြေတွင် ကျကျနန ဝင်းခတ်ထားပြီးမှ အလယ်တွင် ဆောက်ထားသော ကျွန်းအိမ်အသစ်လေးဖြစ်၏။ အိမ်ရှေ့ပိုင်း ပတ်ပတ်လည်ကို သံဇကာ ကာထား၏။

အိမ်လှေကားထိပ်၌ ကျွန်တော်တို့ရပ်မိသောအခါ အသား ညိုညို၊ အရပ်ရှည်ရှည်နှင့် ပိန်လှသော မိန်းမကြီးတစ်ဦးသည် သံဇကာ တံခါးဝ၌ ပေါ်လာသည်။ တံခါးချက်ချင်းဖွင့်မပေးသေးဘဲ မေးမြန်း၏။

"ဘာကိစ္စရှိလို့လဲ"

မမဝေက မျက်နှာကို အချိုဆုံးထားကာ စကားပြန်၏။

"အဒေါ်က ဒေါ်မမလေးလား"

"ဟုတ်တယ်၊ ဘာကိစ္စရှိလို့လဲ"

"ကျွန်မတို့ အိမ်ငှားချင်လို့ပါ၊ ဝင်ခွင့်ပြုပါ ဒေါ်ဒေါ်"

ဒေါ်မမလေးက မမဝေနှင့် ကျွန်တော့်ကို အကဲခတ်ဟန် ခြေဆုံးခေါင်းဆုံးကြည့်သည်။ ပြီးတော့မှ ကျွန်တော်တို့ စီးလာသော ဂျစ်ကားကို လှမ်းကြည့်၏။ ဂျစ်ကားပေါ်၌ ဒရိုင်ဘာက အေးအေးဆေးဆေး ဆေးလိပ်ထိုင်သောက်နေ၏။

လူသံကြားရသောကြောင့်လားမသိ၊ အသက် ဆယ့်ခြောက်နှစ်ခန့် လူငယ်တစ်ဦးက အိမ်တွင်းမှ ထွက်လာ၏။

ထိုအခါကျမှ ဒေါ်မမလေးက တံခါးကိုဖွင့်ပေး၏။ ကျွန်တော်တို့ ဝင်မိလျှင် တံခါးကို ချက်ချပြန်ပိတ်သည်။

ဖျာပေါ်ထိုင်ပြီးကြသောအခါ ဒေါ်မမလေးသည် မမဝေ ကို စေ့စေ့စပ်စပ်ကြည့်၏။ အထူးသဖြင့် မမဝေ၏ လည်ပင်းမှ ဆွဲကြိုးကို သေသေချာချာကြည့်၏။ မမဝေကိုကြည့်၍ အားရမှ ကျွန်တော့်ကိုတစ်ဖန် ကြည့်ပြီးမေးသည်။

"မောင်နှမလား"

"ရှင်... အင်.....အဟင်........... မဟုတ်ပါဘူး"

"ဘာတော်လဲ"

"ဟို...ဟိုဒင်း'

မမဝေ၏ အခက်အခဲကို ရိပ်မိသောကြောင့် ကျွန်တော်က ဝင်ဖြေသည်။

"ကျွန်တော်တို့ ဇနီးမောင်နှံပါ"

ဒေါ်မမလေး၏ မျက်နှာသည် ပြုံးစေ့စေ့ ဖြစ်လာ၏။

"ဇနီးမောင်နှံ၊ ညားကြတာ မကြာသေးဘူးပေါ့ ဟုတ်လား"

မမဝေက ရှက်ပြုံးပြုံးပြီး ခေါင်းညိတ်ပြ၏။

"မောင်နှမဆိုလဲ ယုံမှာ၊ အလှချင်းက ညီတာကိုး၊ ငါ့ တူမကြီးက နည်းနည်းတော့ကြီးတယ် မဟုတ်လား"

အတော်ဆိုးသော အဘွားကြီးပင်။ လာရင်းကိစ္စကိုမမေး သူထင်ရာတွေကို လျှောက်မေးနေ၏။

ဒေါ်မမလေးက သူ့ဘာသာသူ ဘာသဘောကျသည်မသိ၊ရယ်၏။

"ရှက်ကိုးရှက်ကန်းလေးတွေမြင်တော့ အင်း....ညားစမှန်း ဒီက ရိပ်မိသားပေါ့၊ နေပါဦး၊ အိမ်ငှားချင်လို့လား"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"ဘာအလုပ် လုပ်ကိုင် ကြသလဲ"

"ကျွန်မက သန်းခေါင်စာရင်းမင်းကြီးရုံးမှာ လုပ်ပါတယ်၊ ဌာနခွဲစာရေးကြီးပါ"

"လခက ဘယ်လောက်ရလဲ"

"သုံးရာလောက်ပါ ဒေါ်ဒေါ်"

"လခက မနည်းပါလား၊ သူငယ်ကကော ဘာလုပ်လဲ"

"မောင့်ကိုပြောတာလား၊ မောင်က စာရေးဆရာပါ"

ဒေါ်မမလေးသည် ကျွန်တော့်ကို ပြုံးပြီး လှမ်းကြည့်၏။

"စာရေးဆရာဆိုတော့ စာရေးကောင်းမှာပေါ့၊ ငါ့တူမကြီးက အဲဒါကြောင့် ကြိုက်တာမဟုတ်လား"

ကျွန်တော့် ရင်တွင်း၌ စိတ်လည်း ပျက်သည်။ ရယ်လည်း ရယ်ချင်သည်။ ဘယ်လို အဘွားကြီးနှင့် လာတွေ့နေရပါလိမ့်။

ဒေါ်မမလေးသည် ရယ်ပြန်ပါ၏။

"စိတ်မဆိုးနဲ့နော်၊ ဒီက အဲဒီလို စပ်စုရတာ ဝါသနာပါ တယ်၊ အခုက ဘယ်နေကြလဲ"

"စထရင်းဟိုတယ်မှာပါ"

“နေဦး၊ ဒီဟိုတယ်ဟာ ဟို မင်္ဂလာဆောင်တွေ ဘာတွေ လုပ်တဲ့ဟာကြီး မဟုတ်လား”

“ဟုတ်ပါတယ် ဒေါ်ဒေါ်”

“အဲဒါကြီးက သိပ်ဈေးကြီးတယ်ဆို”

“ကြီးပါတယ်၊ ဒါကြောင့် ကျွန်မတို့ ခု အိမ်လိုက်ရှာ နေတာ”

“ဇာတိက ဘယ်ကလဲ’

“မြစ်ဝကျွန်းပေါ်ဘက်ကပါ”

“မိဘတွေက ဘာလုပ်လဲ”

“စက်ပိုင်ပါ ဒေါ်ဒေါ်”

ဒေါ်မမလေးသည် မမဝေကို ကြည့်ပြန်သည်။ သူ့လက် များက မမဝေ၏ ဆွဲကြိုးဆီရောက်သွားသည်။

ထုံးစံအတိုင်း မမဝေက ထဘီအနီနှင့် အင်္ကျီပန်းရောင်လေးကို ဝတ်ထား သည်။ ထုံးစံအတိုင်းဆွဲကြိုးမှကျောက်က အနီပင်ဖြစ်၏။

ဒေါ်မမလေးက ဆွဲကြိုးမှ ကျောက်ကို သေသေချာချာ ကိုင်ကြည့်နေ၏။

“ပတ္တမြားအစစ်ပါလား၊ အရည်ကောင်းလို့ ဒီက ရောက်စ ကတည်းက ကြည့်နေတာ၊ ရွှေကလဲ ရွှေကောင်း၊ ပုရပိုက် ခေါက် အစစ်၊ ဒီက ဒါတွေ နားလည်တယ်”

မမဝေက ကျွန်တော့်ကို လှမ်းကြည့်သည်။ မမဝေ၏ အကြည့်မှာက စိတ်ရှုပ်ဟန်လေး ပါသည်။

ကျွန်တော်က ချောင်းဟန့် လည်ချောင်းရှင်းပြီး ဝင်ပြောသည်။

“ဒေါ်ဒေါ် ခင်ဗျာ၊ ကျွန်တော်တို့ အိမ်ကိစ္စကို ဆွေးနွေး ချင်ပါတယ်၊ ဒေါ်ဒေါ် ဒီအိမ်ကို ငှားမယ်ဆိုတာ ဟုတ်ပါ သလား’

“ဪ.....အင်း..ဟုတ်ပါရဲ့ ဒီမှာ ဘယ်နှစ်ယောက်နေကြ မှာလဲ”

“ကျွန်တော်တို့နှစ်ယောက်တည်းပါပဲ ဒေါ်ဒေါ်”

“နှစ်ယောက်တည်း၊ ဒီကလဲ လူရည်သန့်သန့် နှစ်ယောက်တည်းကိုပဲ ငှားချင်ပါတယ်၊ အမှန်က ဒီအိမ်ကို နေဖို့ဆောက် ထားတာ၊ ညီမလုပ်တဲ့လူက စိတ်ဆိုး ဆင်းသွားတော့ ဒီက တစ်ယောက်တည်းလဲ မနေရဲဘူး၊ တွေ့ရာလူလဲ မငှားချင်ဘူး။ ကိုယ်နေတဲ့အိမ်ကို ကိုယ့်အိမ်လိုမှတ်တဲ့လူမှ လာစပ်ကြပါတယ်၊ စိတ်တိုင်းကျကို မတွေ့လို့ မငှားလိုက်ဘူး၊ တချို့ဆို အာမခံ တဲ့ လူတွေ ဘာတွေနဲ့လာတာ၊ ဒါထက် တူမကြီးတို့ကိုကော ဘယ်သူက အာမခံပေးမလဲ’

မမဝေက ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်ကလည်း မမဝေကို ကြည့်သည်။ ဒေါ်မမလေးက ကျွန်တော်တို့နှစ်ဦးကို ထစ်လှည့်စီ ကြည့်နေသည်။

မထူးတော့ပြီဟု သဘောပိုက်ကာ ကျွန်တော်က အမှန်ကို ဝန်ခံ၏။

"ကျွန်တော်တို့တော့ ဘယ်သူ့ကိုမှ အာမခံ မပြနိုင်ပါဘူး ဒေါ်ဒေါ်၊ ဒေါ်ဒေါ် စောစောက ခန့်မှန်းခဲ့သလိုပဲ ကျွန် တော်တို့ဟာ ရစ မောင်နှံပါ၊ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဘဝကို နှစ်ယောက်တည်း လျှောက်ကြရမယ့် အခြေအနေပါ၊ ဒီလောက်ဆိုရင် ကျွန်တော် ဘာပြောတယ်ဆိုတာ ဒေါ်ဒေါ် နားလည်လိမ့်မယ်ထင်ပါတယ်၊ ကျွန်တော်တို့ ပေးနိုင်တာက တော့ ကတိပဲ၊ ဒေါ်ဒေါ် လိုချင်တဲ့ ကတိကို ကျွန်တော်တို့ ပေးပါ့မယ်။ ပေးပြီးတဲ့ ကတိကို ကျွန်တော်တို့ မြဲပါမယ်၊ ဒီအပြင် တခြား အာမခံတော့ ဘာမှ ကျွန်တော်တို့ မတတ်နိုင်ပါဘူး ဒေါ်ဒေါ်"

ကျွန်တော့် စကားအဆုံးတွင် ဒေါ်မမလေးသည် အလွန် သဘောကျဟန်ဖြင့် ရယ်၏။

"ငါ့တူက စာရေးဆရာဆိုတော့ အပြောကောင်းဟေ့၊ ငါ့တူမကြီးကလဲ ဒါကြောင့် ကြိုက်တာထင်ပါရဲ့ အဟဲ... ဟဲ ... ဒီမှာ ငါ့တူ၊ ဒီကလဲ ကြိုက်သွားပြီ'

"ခင်ဗျာ"

"ငါ့တူပြောတာကို ဒီကလဲ ကြိုက်သွားပြီလို့၊ အဲဒီလို ဖြောင်ပြောရင် ဒီက သိပ်ကြိုက်တယ်၊ ဒီက တစ်သက်လုံး ရွှေကဲ စိန်ကဲနဲ့ လူကဲခတ်ပြီး ထမင်းစားလာတဲ့ မိန်းမ၊ မြင် ကတည်းက လူရည်သန့်တွေမှန်း ဒီက သိပြီးပြီ၊ ကဲ...အလုပ် စကားပဲပြောတော့မယ်၊ အိမ်လခက တစ်ရာ၊ စပေါ်က တစ်ထောင်၊ ဘယ့်နှယ်လဲ.......ပေးနိုင်ကြရဲ့လား"

"စပေါ် တစ်ထောင်ရဲ့ သဘောက ဘယ်လိုပါလဲ ဒေါ်ဒေါ်"

"ငါ့တူတို့ ဒီအိမ်မှာမနေဘဲ ပြောင်းတဲ့နေ့၊ အိမ်ကလဲ ငါ့ တူတို့ကြောင့် ဘာမှမဖြစ်ဘူးဆိုရင် အဲဒီ တစ်ထောင်ကို ဒီက ပြန်ပေးမယ်"

"တစ်ထောင်တောင်ဆိုတော့ မများလွန်းဘူးလား ဒေါ်ဒေါ်"

"များပါတယ်၊ ဒီက တမင် များများတောင်းထားတာ၊ ဒါမှလဲ လူရည်သန့်တာ ဒီကရနိုင်မယ်လေ"

ကျွန်တော်က ဈေးဆစ်မည်အလုပ်၌ မမဝေက ဝင်ပြော သည်။

"ကောင်းပါပြီ၊ ကျွန်မတို့ ဈေးမဆစ်တော့ပါဘူး၊တစ်ခုတည်း မေးချင်တယ်၊ တစ်ထောင်ကို ဒေါ်ဒေါ်က ငွေသားပဲ လိုချင်တာလား"

"ငါ့တူမကြီးက ဘာပြောတာလဲ"

"ကျွန်မတို့မှာ အခု ငွေသားမလွယ်ဘူး၊ ပစ္စည်းဆိုရင်ကော"

"တူမကြီးက ဘာပစ္စည်းရှိလဲ"

မမဝေသည် လက်ပွေ့အိတ်လေးကိုဖွင့်ပြီး ဆွဲကြိုးတစ်ကုံး ထုတ်ပြ၏၊ နီလာမျက်ရွဲနှင့် ဆွဲကြိုးတည်း။

ဒေါ်မမလေးက ဆွဲကြိုးကို သေချာစွာ ကြည့်၏။

"တူမကြီးက ဒါကို စပေါ်အဖြစ် တင်မယ်ပေါ့"

"စပေါ်လို့ မပြောပါနဲ့ ဒေါ်ဒေါ်ဒေါ်ဒေါ်က စိတ် ချလို့ ကျွန်မတို့ကို ဒေါ်ဒေါ် အိမ်ငှားတယ် - ကျွန်မတို့က ဒေါ်ဒေါ့်ကို စိတ်ချလို့ ဒီပစ္စည်းကို အပ်ထားမယ်၊ ကျွန်မ ဆွဲကြိုးက တစ်ထောင်မက တန်ပါတယ်"

ဒေါ်မမလေးသည် ခေတ္တငြိမ်ပြီး စဉ်းစားနေ၏။ အတန် ကြာမှ ခေါင်းညိတ်သည်။

"တူမကြီးပြောတာ လမ်းကျတယ်၊ ဟုတ်ပြီ၊ ဒီက သဘောတူတယ်"

"ဒါဖြင့် ကျွန်မတို့ ဘယ်တော့ပြောင်းလာရမလဲ"

"နက်ဖြန်လာလာ သန်ဘက်ခါလာလာ၊ ပစ္စည်းလေး ပြန်ယူသွား၊ ပြောင်းတဲ့နေ့ကျမှ ပေး"

မမဝေက ဆွဲကြိုးလေးကိုပြန်ယူရင်း "ကျွန်မတို့ မနက်ဖြန်ပဲ ပြောင်းလာချင်တယ် ဒေါ်ဒေါ်"ဟု ဆို၏။

"လာပါ၊ ဒီကလဲ ဒီမှာတစ်ယောက်တည်း ကြာကြာမနေ ရဲဘူး၊ ဟောဒီ တူလေးကို ခဏ အဖော်ခေါ်ထားရတာ"

ဒေါ်မမလေးကို နှုတ်ဆက်ပြီး ပြန်လာကြသောအခါ ကားပေါ်တွင် မမဝေက မျက်နှာလေးတရွှင်ရွှင်ဖြင့် နှုတ်လေးက သွက်နေသည်။

မမဝေ အကြိုက်လိုက်ပြီး ပြုံးရွှင်ရယ်မောနေရသော်လည်း တစ်လမ်းလုံး ကျွန်တော် စိတ်မကောင်း။

ဟိုတယ်ပြန်ရောက်ကြသောအခါတွင်ကား ကျွန်တော့် ရင်တွင်း၌ အစောင့်မထားနိုင်တော့။

"မမဝေ မကြိုက်တဲ့စကားကိုပဲ မောင် ပြောရဦးမယ်"

"ဘာလဲ မောင်'

"မောင့်ရင်ထဲ မကောင်းဘူး"

"ဘာမကောင်းတာလဲ မောင်'

"မမဝေ ဆွဲကြိုးလေး ပေါင်ထားရမှာ"

"ဩော်......ဒါလား မောင်၊ ဒါတော့ မောင်ရယ်... မရှိ ဝမ်းစာ၊ ရှိရတနာ တဲ့"

“ဒါကို မောင် သိပါတယ်၊ ဒါပေမယ့်....”

“ဒါပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့ မောင်၊ မမဝေ ပျော် နေတာ စိတ်မဆင်းရဲပါရစေနဲ့၊ ဒီ ထက်မကတဲ့ဟာတွေကို စွန့် ပြီး မောင့်နောက် လိုက်ခဲ့ရတဲ့ မယားပါ မောင်ရယ်”

ကျွန်တော် ဘာမျှ ထပ်မပြောနိုင်တော့ပါ။

ပါးချင်းအပ်ပြီး မမဝေ၏ ကျောလေးကိုသာ ယုယစွာ ပွတ်သပ်နေမိသည်။

မမဝေထံမှ ရယ်သံလေး ပေါ်လာ၏။

‘မောင်ရေ’

“မမဝေ”

“မောင် စာရေးလို့ ပိုက်ဆံတွေရရင်လေ......”

“အင်း....”

“အဲဒီဆွဲကြိုးလေး ပြန်ရွေးတာပေါ့၊ ဟုတ်ဘူးလား”

“စိတ်ချ၊ မောင် ကြိုးစားမယ်”

“မမဝေ ပြန်လိုချင်လို့တော့ မဟုတ်ဘူးနော်”

“သြော်... မမဝေရယ်....... မောင် သိပါတယ်၊ မမဝေ စေတနာကို မောင် ကောင်းကောင်း သိပါတယ်၊ သိလွန်းလို့ မမဝေကို မောင် ပို ပို ချစ်ရတယ်၊ ချစ်ရတာ ရင်မှာမဆံ့လို မောင့်ရင်များ ပွင့်ထွက်မလား အခေါက်မေ့ရတယ်”

“အမလေး...ရင်ကြီးတော့ ပွင့်ထွက်မသွားပါနဲ့၊ဒီရင်တစ်ခု ပဲ မမဝေမှာ ခိုလှုံစရာရှိပါတယ် မောင်ရယ်၊ ကိုသည်းကြီးရယ်၊ မမဝေ့မောင် ကိုဖိုးသည်းကြီးရယ်”

မမဝေ့မောင် ကိုဖိုးသည်းကြီး ကျွန်တော်က မမဝေ့ ပါး နနကို သည်းသည်းကြီးပင် မွှေးကြူမိရပါ၏။

*****

အခန်း [၁၉]

ရှမ်းလမ်းမကြီး၏ အနောက်ဘက်ရှိ လမ်းသွယ်တို့အနက် ဇေယျဝတီလမ်း၊ တရုတ်ကျောင်းလမ်း၊ သံတံတားလမ်း စသည်ဖြင့် ထင်ရှား၍ ကျယ်ဝန်းသော လမ်းသွယ်ကြီးများ ရှိကြသည်။ ယင်းလမ်းကြီးများနှင့်ယှဉ်လျှင် သရက်တောလမ်းသည် သေးငယ်၍ အနည်းငယ် ချောင်ကျသည်။

သေးငယ်ချောင်ကျသော သည့်လမ်းကလေးကိုပင် ကျွန်တော်တို့က နှစ်သက်သည်။ ဇာတ်မြုပ်၍ အေးအေး ကုပ်ကုပ် နေလိုသော ကျွန်တော်တို့ လိုအင်နှင့် ကိုက်ညီသည်။

စားပွဲကုလားထိုင်လေးတစ်လုံးနှစ်လုံးနှင့် အိုးခွက်ပန်းကန် လေး အနည်းငယ် ဝယ်ယူပြီးစီးသောအခါ လင်ကိုယ်မယား နေသာရုံ အိမ်လေးက ပြည့်စုံလာသည်။

အိမ်လေးကို ပြင်ဆင်ပြီးသော ညနေတွင် ကျွန်တော်ကပြော၏။

"မမဝေရေ......မောင်တို့ အားလုံးတော့ ပြီးပြီ အရေးကြီးတာ တစ်ခုပဲ မလုပ်ရသေးတယ်"

'ဘာလဲ မောင်'

"မောင်တို့ လက်မထပ်ကြရသေးဘူး"

"ဟွန်း......အကောင်းပြောသလားအဓောက်မေ့တယ်'

"မောင်က အကောင်းပြောတာပဲ"

"အခုမှ သတိရသလား၊ ပူတူးတူးလေးတွေရမှ သတိရပါလား၊ ဟင်း"

"မဟုတ်ဘူးလေ၊ မောင်တို့ ရုံးမှာဖြစ်ဖြစ် တက်လက်ထပ် ထားကြရင် ကောင်းမလားလို့"

"ဘာဖြစ်လို့"

"ဘာရယ်လို့တော့ ဟုတ်ပါဘူးလေ၊ မောင်က လိုမလားလို့"

"မောင့်ကို မမဝေက ထားပြီး ပစ်ပြေးမှာ စိုးလို့ ဟုတ် လား"

"မမဝေကလဲ ကြံကြီးစည်ရာ၊ မောင်က ဘာလို့ အဲဒီလို စိုးရိမ်ရမှာလဲ"

"မစိုးရိမ်လဲ ပြီးတာပဲ၊ ရှုံးတက် လက်ထပ်ရမှာကြီးတော့၊ ဟင်း...မမဝေ ရှက်ပါတယ်"

"မမဝေ သဘောပါပဲလေ၊ မောင်က စဉ်းစားမိတာပြော တာ"

မမဝေသည် ခေတ္တ ငြိမ်၍နေသည်။ အတန်ကြာမှ သက် ပြင်းလေး ချပြီး ပြော၏။

"ပေါင်းသင်းကြတယ်ဆိုတာ နှလုံးသားချင်းပါမောင်ရယ် မေတ္တာနဲ့ သစ္စာထက် ဘာတွေကများ ပို အာမခံနိုင်လို့လဲ၊ ထုံးစံမို့ တစ်ခုခု လုပ်ချင်တယ်ဆိုရင်တော့ မမဝေ စဉ်းစားမိ တာ ရှိတယ်"

"ဘယ်လိုလဲ မမဝေ"

"ခုနေတော့ မမဝေတို့ လက်ထဲမှာ ငွေလေး နည်းနည်းပဲ ရှိတော့တယ်၊ အခြေအနေကလဲ ငြိမ်နေတာ အကောင်းဆုံးပဲလို့ မမဝေ ထင်နေတုန်းပဲ၊ မောင့်ဝတ္ထုကြီးလဲ ပြီးခါနီးပြီပဲ အဲဒီဝတ္ထုထွက်လာတော့ မောင်လဲ စာရေးဆရာတစ်ဦး ပီပီ သသ ဖြစ်လာပြီ၊ မမဝေလခကလဲ အပြည့်ရတော့မယ်၊ အဲဒီတော့မှ မမဝေဘက်သ သူငယ်ချင်းတွေ မောင့်ဘက်က စာရေး ဆရာတွေ ဖိတ်ပြီး တစ်ခုခု ကျွေးလိုက်ကြရရင် မကောင်းဘူး လား"

"ဟာ...ဟုတ်တယ်၊ မမဝေ အကြံ သိပ်ကောင်းတယ်၊ အဲဒီ လိုပဲ လုပ်ကြတာပေါ့"

ကျွန်တော်တို့သည် သိုသိုသိပ်သိပ်လေးပင် ဆက်နေကြ၏။ နံနက်ရှစ်နာရီဆိုလျှင် ရုံးသွားရန် မမဝေက အိမ်မှ ထွက် သည်။မီးရထားလမ်း သံတံတားကြီးကိုကျော်ပြီး ကားမှတ်တိုင် အရောက် ကျွန်တော်က လိုက်ပို့ပေးသည်။

တစ်နေ့လုံး ကျွန်တော်က အိမ်တွင် စာထိုင်ရေးသည်။

ကျွန်တော်က ဝတ္ထုကြီးကို သုံးပိုင်းပိုင်းရေးသည်။

ပထမပိုင်းကား အေးချမ်းသောကာလက ချောင်းသာ ဒေသ၏ ဘဝနှင့် သဘာဝဖြစ်သည်။ ကျွန်တော့်ဇာတ်လိုက်၏ ဖခင်က ပင်လယ်ထွက်၍ ငါးဖမ်းသူဖြစ်သည်။ ငါးဖမ်းထွက် သည်ကို 'ချိုင်ဆင်း'သည်ဟု ခေါ်သည်။ ကျွန်တော့် ဇာတ် လိုက် ဖခင်သည် အဓိကအားဖြင့် "ငါးကြွမ်းပိုက်"သမားဖြစ် ၏။ငါးကြွမ်းနှင့် ငါးမန်းများကို ဖမ်းသည်။စွယ်သေငါးမန်း၊ ရင်သေငါးမန်း၊ ကြယ်ငါးမန်းများအကြောင်းကို ကျွန်တော်က အသေးစိတ် မှုန်းပြသည်။ ပင်လယ်၏ ကြည်နူးဖွယ်ရာနှင့် အန္တရာယ် အသွယ်သွယ်ကိုလည်း ဖော်ပြသည်။ ကျွန်တော့် ဇာတ်လိုက်မင်းသမီး၏ မိဘတွေကား အုန်းခြံပိုင်ရှင်ဖြစ်သည်။ မင်းသားနှင့်မင်းသမီးတို့၏ ကလေးဘဝသံယောဇဉ်နှင့် အပြစ် ကင်းသော မေတ္တာကို အသားပေးကာ ဇာတ်အိမ် ပန္နက်ရိုက်ထား၏။

ဝတ္ထု၏ ဒုတိယပိုင်းကား ချောင်းသာနှင့်တကွ ဆင်မ၊ ရှောက်ချောင်း၊ ငဆော်၊

သဇင်၊ အုန်းချောင်း၊ သဘော့ကန်၊မန်ကျည်း စသော ကျွန်တော်တို့ ဒေသစု ပြည်သူများ ရပ်ရွာ အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ကြိုးပမ်း ဆောင်ရွက်ကြပုံအကြောင်းဖြစ်သည်။ကျွန်တော့ဇာတ်လိုက်၏ ဖခင်သည် ထိုသို့ ကြိုးပမ်းရင်း ကျဆုံးကွယ်လွန်သည်။

ဝတ္ထု၏တတိယပိုင်းကား ပြန်လည်အေးချမ်းစချောင်းသာ တစ်ဝိုက်၏ ဇာတ်လမ်း ဖြစ်သည်။ ကျွန်တော့် ဇာတ်လိုက်က မုဆိုးမသားအဖြစ် ပင်လယ်မှာ ပြန်ရုန်းကန်ရသည်။မင်းသမီး က ပုသိမ်မြို့တက်ပြီး ကျောင်းနေ၍ တက္ကသိုလ်ကျောင်းသူကြီး ဖြစ်လာသည်။ ပြာပုံမှ ပြန်လည်ထူထောင်ရသော ချောင်းသာ တစ်ဝိုက်ဆီ၌ လူမှုရေးနှင့် စီးပွားရေးပြဿနာတွေက အနန္တ ကျန်နေသေးသည်။ ပညာတတ်မြို့ကြီးသူဖြစ်နေသူ မင်းသမီးက ချောင်းသာ သောင်ငွေဦးဆီ ပြန်လာမည်လော။ ဘယ်အမြင် ဘယ်ရည်ရွယ်ချက်နှင့် ပြန်လာမည်နည်း။ ဇာတ်လိုက်၏ ဘဝ သည်လည်း လှိုင်းလေထူပြောသော ပင်လယ်ပြင်တွင် ထာဝရ ရုန်းကန်နေရမည်လော။ လှပသော ချောင်းသာ တစ်ဝိုက်မှ ပြည်သူတွေမှာလည်း အနာဂတ်အတွက် ဘာမျှော်လင့်ချက် များ ရှိနေပါသနည်း။

အမှောင်ဆုံးကာလ ညများမှာပင် ချောင်းသာ၌ ကြယ် မကြွေခဲ့။ သဘာဝဒဏ်နှင့် သောင်းကျန်းမှုဒဏ်ကို ပင်လယ် ကျောက်ဆောင်ပမာ ကြံ့ ကြံ့ ခံနိုင်သော သူတို့၏ ရင်တွေမှာ မျှော်လင့်ချက် ကြယ်မင်းက မကြွေ၊ ဘယ်တော့မှ မကြွေ။

ဝတ္ထုက ဇာတ်သိမ်းပိုင်း ရောက်လာပြီ ဖြစ်သောကြောင့် ပိုခက်လာသည်။ ပိုခက်လာလင့်ကစား ရေးရသည်မှာ ပိုအားရှိလာသည်။ ဩော်…မမဝေကလည်း အနီးတွင် အစဉ်လိုလို ရှိနေပြီ မဟုတ်လော။

တစ်နေ့ခင်းလုံး ကျွန်တော်က စာရေးသည်။ ညနေကျလျှင် ဈေးသွားဝယ်သည်။

မမဝေက ဟင်းမချက်တတ်၊ ထမင်းပင်.. ဟုတ်တိပတ်တိ မချက်တတ်။ ကျွန်တော်က သင်ပြပေးရသူပါ။

မမဝေရုံးက ပြန်ရောက်သာအခါတွင် ကျွန်တော်က ဟင်းလျာကို ကိုင်ပြီးပြီ။

“ကြည့်စမ်း၊ မောင်က ငါးတွေ ကိုင်ထားတယ်၊ မမဝေ လုပ်မှာပေါ့၊ အဲဒါက မမဝေ အလုပ်”

“မမက ငါးကိုင်တတ်လို့လား”

“လွယ်လွယ်လေးပဲ မောင်ရာ၊ အကြေးလေးထိုးပြီး ငါးမိုက်ခွဲရတာ”

“ကဲ….ဟောဒီမှာ ငါးခူတွေ၊ အကြေးထိုးဖို့ မလိုဘူး မနက်စာအတွက် မောင် ဝယ်လာတာ၊ မမဝေ ဘာလုပ်မလဲ”

မမဝေသည် ငါးခူတွေကို ထိုင်ကြည့်၏။ ဝင်းဝါသော သူ့ လက်ကလေးဖြင့် မရဲတရဲ တို့ကြည့်၏။

"ချွဲတယ်နော် မောင်"

"အင်း..."

'အဲဒါကို ဘာလုပ်ရမလဲ၊ ရေဆေးလိုက်ရင် ချွဲတာပျောက် ရောလား"

ကျွန်တော်က ရယ်မိ၏။

"ရေဆေးရုံနဲ့ ချွဲတာ ဘယ်ပျောက်ပါ့မလဲ မမဝေရဲ့'

"ဒါဖြင့် ဘာလုပ်ရလဲ"

"နို့...ငါးကိုင်တာ လွယ်လွယ်လေးဆို၊ အခုက အကြီး တောင် မပါဘူး'

"မမဝေ အကြီးရှိတဲ့ ငါးကို ပြောတာ"

"ဆင်ခြေချည်းပဲ၊နက်ဖြန်မှ မောင် ငါးပြေမ ဝယ်လာခဲ့ဦးမယ်"

"ဟင်း...အရိုးများတယ်၊ မမဝေ မစားတတ်ဘူး'

"ကဲပါ၊ ငါးကို မောင် ဆက်ကိုင်ပါ့မယ်၊ မမဝေက ဆန်ဆေး၊ ထမင်းအိုးတည်'

မမဝေသည် သွက်လက်စွာဖြင့် အိုးတွင်း ဆန်ထည့်ပြီး ရေဖြင့် သုံးထပ်ဆေး၏။ ရေနောက်ဆုံး ထပ်ထည့်ပြီး ကျွန်တော့်ကို ပြ၏။

"ရေ အဲဒီလောက်ဆို တော်ပြီလား"

"အမယ်လေး မမဝေ၊ အဲဒီလောက်ဆို ဆန်ပြုတ်ဖြစ်သွား မယ်၊ ရေတွေများတယ်၊သွန်ပစ်ဦး၊ ရေကို လက်နှစ်ဆစ်လောက်ပဲ ထား"

မမဝေက ရေသွန်ပစ်လိုက်ပြီးနောက် ကျွန်တော့် ကိုပြပြန်သည်။

"အဲဒီလောက်လား"

"အင်း...ဟုတ်ပြီ၊ တည်လိုက်တော့"

မမဝေက ထမင်းအိုးကို မီးဖိုပေါ်တင်လိုက်ပြီး ကျွန်တော့် အနီး လာထိုင်သည်။

"မမဝေ ဘာလုပ်ရဦးမလဲ မောင်'

"ငရုတ်သီးထောင်းဖို့ပဲ ရှိတော့တယ်၊ နေပါစေ၊ မောင် လုပ်မယ်၊ မနေ့ကလို မျက်စိထဲ ဝင်နေဦးမယ်"

"မဝင်စေရပါဘူးမောင်ရယ်၊ မမဝေငရုတ်သီး ထောင်း တတ်ပါပြီ"

"ဒါဖြင့် ဟောဟိုဇလုံထဲမှာ မောင် ငရုတ်သီးခြောက်တွေ စိမ်ထားတယ်၊ အညှာဖြုတ် ရေညှစ်ပြီး ထောင်း၊ လက်လဲ ပူဦးမယ်နော်"

မမဝေက ကျွန်တော် ခိုင်းသည့်အတိုင်း လုပ်ရှာသည်။ မျက်စိထဲဝင်မှာတော့ ကြောက်ရှာသည်ထင်၏။ငရုတ်ဆုံကို ဘေးတိုက် ပေးထိုင်ပြီး မျက်နှာလေးကို မလွှဲတလွှဲ လုပ် ထား၏။

အတန်ကြာသောအခါ ကျည်ပွေ့ဖြင့် ငရုတ်သီးတို့ကို မွှေ ပြီး ငုံ့ ကြည့်၏၊ သူ့ဘာသာသူ မဆုံးဖြတ်ရဲသေးဘဲ ကျွန်တော့်ကို လာပြ၏။

"မောင်....အဲဒီလောက်ဆို ညက်ပါပြီနော်"

"အံမယ်.......မောင့်မယားက တယ်ဟုတ်ပါလား၊ ငရုတ်သီး တောင် ညက်အစောင် ထောင်းတတ်သွားပြီး

'မောင်က မမဝေကို နှိမ်တာ'

"မနှိမ်ရပါဘူးဗျာ၊ တကယ် ချီးမွမ်းတာ၊ ကဲ...ကြက်သွန် တွေ ဘာတွေ ထည့်တော့၊ ချင်းကို အရင်ထည့်၊ ပြီးမှ ကျန်တာတွေ ထည့်၊ သတိလ ထားထောင်းဦးနော်၊ မနေ့က ကြက် သွန်ထည့်အထောင်းမှာ မျက်စိထဲ ဝင်တာ" "

မမဝေသည် သတိထားထောင်း၏။လက်ဝါးလေးတစ်ဖက် ဖြင့် မျက်လုံးများကို ကာထား၏။

"မောင်"

"ဟင်"

"လုံးချက်တယ်ဆိုတာ ဘာကိုပြောတာလဲ"

"ငါးရော၊ ထောင်းထားတဲ့ ငရုတ်သီးကြက်သွန်တွေကော ဆီရော တစ်ခါတည်း ပေါင်းမွှေပြီး ချက်တာကို ပြောတာ"

"ငါးဆုပ်လို အလုံးလေးတွေလုပ်ပြီး ချက်တာ မဟုတ်ဘူး ပေါ့'

"မဟုတ်ဘူး၊ ဆီသတ်ချက်တာနဲ့ ခွဲပြီးပြောတာ"

"မနေ့က မောင် ချက်ပြတာ ဆီသတ်ချက်တာ ဟုတ်လား"

"ဟုတ်တယ်"

'ဆီကို ဘာလို့ သတ်တာလဲ'

"ပိုပြီးမွှေးအစောင်ပေ့ါ မမဝေ၊ ဆီစိမ်းစော်လဲ မနံဘူး ပေါ့"

"မောင် အဲဒါတွေ ဘယ်လိုတတ်သလဲ"

"ချောင်းသာတုန်းက အမေ့ ကူလုပ်ပေးရင်း တတ်တာပေါ့"

"မမဝေလဲ တတ်ချင်တာပဲ၊ ဒါပေမယ့် ဖေဖေက မမဝေ မီးဖိုးချောင်ထဲဝင်တာ

မကြိုက်ဘူး ကဲ...အခု လင်ရတော့ မမ ဝေ ဘာအသုံးကျသေးလဲ”

မမဝေက ပြုံးပြုံးလေးနှင့်ပြောနေသော်လည်း ကျွန်တော့် ရင်မှာ ထိခိုက်မိသည်။ မကျွမ်းမကျင်ဖြင့် ငရုတ်သီးထောင်းနေ ဟန်လေးကို ကြည့်ကာ ကရုဏာသက်မိ၏။

ဪ... ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ဘဝ ကို စွန့်ခဲ့သူ။ ကျွန်တော့်အတွက် စွန့်လေခဲ့သူ။

ကျွန်တော်သည် စိတ်ကူးကိုဖြတ်ပြီး လုပ်စရာရှိသည် ဆက်လုပ်၏။

အကွင်းလိုက်လှီး ထားသော ငါးရံ့သားကို ကျွန်တော်က ဆားနှင့် နယ်ပြီးပြီး ခရမ်းချဉ်သီးကို အစိတ်လေးတွေ ဆက် စိတ်နေ၏။

“မောင်ရေ ပြီးပြီ”

“ဒါဖြင့် ချက်ရုံပဲ၊ မမဝေရေ ညစာ ငါးရံ့ရေချိုဟင်း။ သရက်သီးလေး တွေလဲ တို့ဖို့ ဝယ်လာခဲ့တယ်”

“ငါးရံ့ ရေချိုနဲ့ သရက်သီးတို့စရာ၊မောင် အစပ်တယ်ဟုတ် ပါလား၊ မမဝေ ဆာတောင်လာပြီ”

“မမဝေလဲ မောင်နဲ့ပေါင်းလို့ထင်တယ်၊ ပိုတတ်လာပြီ”

“မပိုရပါဘူး ရှင်ရယ်၊ ကိုယ့်လင်ကို ကိုယ် အဟုတ်ချီးမွမ်း တာပါ၊ ကဲ...မဝေ ဘာကူရဦးမလဲ”

“မောင်လုပ်တာ ဘေးကကြည့်နေပေါ့၊ ပြီးတော့ မှတ် ထားနော်”

“ဟုတ်ကဲ့ ရှင့်”

ကျွန်တော်က ထမင်းအိုးတည်ထားသော မီးဖို၏ ဘေးမှ အခြား မီးဖိုတစ်ခုပေါ်တွင် ဒန်အိုးအသစ်လေးတစ်လုံးကို ရေဆေးပြီး တင်သည်။

လုပ်ချင်ကိုင်ချင်နေသော မမဝေက ဆီပုလင်းကိုယူပြီး ဆို၏၊

“မမဝေ ဆီလောင်းထည့်လိုက်မယ် နော်”

“ခဏနေဦး၊ ရေမခြောက်သေးလို့၊ ဆီထပေါက်ပြီး မမဝေအပူလောင်လိမ့်မယ်”

မမဝေသည် လျှာလေးတစ်လစ်လုပ်ပြီး ဇက်ပုပြ၏။

“ကဲ....ထည့်တော့”

မမဝေသည် အိုးတွင်းသို့ ဆီအနည်းငယ်ထည့်ပြီး။ ‘ တော် ပလား မောင် ‘ ဟု မေးသည်။

"ထည့်ဦး၊ အဲ..ဟုတ်ပြီ၊ တော်ပြီ"

ဆီဆူလာသောအခါ ကျွန်တော်က နနွင်းမှုန့်အနည်းငယ် ထည့်သည်။ ပြီးမှ မမဝေ ထောင်းပေးထားသော ငရုတ် ကြက်သွန်တို့ကို ထည့်ပြီး မွှေပေးသည်။

မမဝေက ငါးပန်းကန်ကို ကိုင်၍ စောင့်နေသည်။

"ကဲ....ငါးထည့်၊ ခရမ်းချဉ်သီးလဲ ထည့်´

မမဝေက ကျွန်တော်ခိုင်းသည့်အတိုင်း တပြုံးပြုံးနှင့် လုပ်သည်။။

ဟင်းအိုးကို သမအခောင် မွှေပြီးနောက် ယောက်မကို ကျွန်တော်က ချထားလိုက်သည်။

"အဲဒါ ပြီးရောလား မောင်"

"ခဏအုပ်ထားရမယ်၊ ပြီးတော့မှ ရေကို အလောတော်ထည့်ရမယ်"

"အဲဒီလိုဆို ရေချိုဟင်းဖြစ်သွားကောလား"

"ဒါပေါ့"

ဟင်းအိုးကိုအုပ်ထားပြီး ကျွန်တော်က မနက်စာအတွက် ငါးခူကို ဆက်ကိုင်၏။

ပထမ ဆူးတောင်များကို ဖြတ်သည်။ ထို့နောက် ပြာနှင့် လူးပြီး အချွဲချွတ်၏။

"ပြာနဲ့ ဘာလို့ လူးတာလဲ မောင်'

"အချွဲကုန်အောင်လေ၊ တချို့က သမံတလင်းမှာ ပွတ်ပစ် တယ်၊ ပွတ်ပစ်တော့ အရေမလှတော့ဘူး၊ ခုလိုဟာက ရေ ဆေးလိုက်ရင် ဖွေးသွားတယ်'

"မောင် လက်ဆေးလေ၊ မမဝေ ဆက်လုပ်လိုက်မယ်"

"မောင် အားနေလျက်နဲ့ မမဝေ မလုပ်ရဘူး၊ မမ ဝေလက်လှလှလေးတွေ မောင် အလှမပျက်စေချင်ဘူး"

"မောင်ကချည်းပဲ တစ်သက်လုံး လုပ်သွားမလို့လား၊ အို... ဘယ်ဖြစ်မလဲ"

"နောက်တော့ လုပ်ချင်လုပ်ပေါ့၊ အခု မလုပ်ရသေးဘူး၊ ဟောဟိုမှာ ထမင်းအိုးဆူပြီလားမသိဘူး၊ သွားကြည့်ဦး"

မမဝေသည် မီးဖိုဆီပြေးကာ ထမင်းအိုးဖုံးဖွင့်၍ မွှေပေးသည်။

"မောင်ကလဲ အလန့်တကြား မဆူသေးပါဘူး"

"ဟင်းအိုးလဲ ကြည့်လိုက်ဦး၊ ကပ်များကုန်ပြီလား မသိ ဘူး"

“မကပ်သေးပါဘူး မောင်၊ ဟယ်....မွှေးလိုက်တာ’

“အိုးကို နည်းနည်း လှုပ်ပေးပြီး ရေထည့်လိုက်တော့”

“အင်းလေ၊ ဘယ်လောက်ထည့်ရမှာလဲ”

“ငါးမြုပ်ရုံထည့် မမဝေ”

” ကဲ...ထည့်ပြီ၊ ဟင်းမချို ရင်တော့ မမဝေ အပြစ်ပဲနော်”

“ချိုရမှာပေါ့ မမဝေရယ်၊ ပိုချိုရစေ့မယ်”

“ဘာပြုလို့”

“မမဝေ လက်ကလေးနဲ့ လောင်းထည့်လိုက်တာ မဟုတ်လား”

“ပိုပြီ၊ ဒီတစ်ခါ မောင် ပိုတဲ့အလှည့်”

ချစ်စ ခင်စ ကြင်နာစမို့ သည်လိုပင် ဘာလုပ်လုပ် ကျွန် တော်တို့ ပျော်ကြရသည်။ အချိန်လေးတွေသည် ဘယ်ပုံ ကုန် သွားလိုက်မှန်း မသိ။

ညနေ မီးဖိုချောင်တွင် ကျွန်ဘော် ဆရာလုပ်သမျှ ည စာရေးစားပွဲတွင်ကား မမဝေက ကျွန်တော့် အယ်ဒီတာ ဖြစ် နေ၏။

ကျွန်တော်က စာဆက်ရေးနေစဉ် ဘေးရှိ ပက်လက်ကုလား ထိုင်လေးပေါ် ထိုင်ရင်း မမဝေက ကျွန်တော် ရေးပြီးသမျှ စာမူများကို ဖတ်သည်။

“ဟော...မောင် လုပ်ပြန်ပြီ”

“ဘာလဲ မမဝေ”

“ဒီမှာ ရေးထားတာလေ၊ ကျွန်တော်က ရုတ်တရက် ဘာမျှ မပြောနိုင်၊ အညိုထွေးကသာ ကြွေကွဲစွာ တစ်လုံးချင်း ဆက် ပြောနေ၏တဲ့”

“အဲဒါဘာပြုလို့လဲ မမဝေ”

“မောင်က ဝတ္ထုကို ကျွန်တော်က ပြန်ပြောနေဟန် ရေး ထားတယ်၊ ကျွန်တော်က အညိုထွေး ရင်ထဲက ခံစားမှုကို ဘာကြောင့် သိနိုင်သလဲ”

“မသိနိုင်ဘူးလား မမဝေရဲ့ သိနိုင်တာပေါ့”

“သိတော့သိနိုင်တယ်လေ၊ ဒါပေမယ့် အပိုင်မပြောနိုင်ဘူး ကိုယ့်ခံစားမှုကိုသာ ကိုယ်က နာမည်အတိအကျ တပ်ခွင့်ရှိတာ၊ သူတစ်ပါးခံစားမှုကို ကိုယ်က အဲဒီလို သွားလုပ်ခွင့်မရှိဘူး၊ ဥပမာ အညိုထွေးက ရုတ်တရက် ဘာမျှပြန်မပြော၊ကျွန်တော် ကသာ ကြွေကွဲစွာ တစ်လုံးချင်း ဆက်ပြော၏၊ အဲဒီလို ရေးလို့ ရတယ်၊ ခံစားသူက ကျွန်တော်ကိုး၊ အညိုထွေးကျတော့ ဘာမျှပြန်မပြောနိုင် လို့ ရေးခွင့်မရှိဘူး၊ ဘာမျှ ပြန်မပြော၊ဒီလိုသာ ဆိုနိုင်တယ်၊ မပြောနိုင်လို့ ဆိုလိုက်တာနဲ့ အညိုထွေး စိတ်နေရာ

ကျွန်တော်က ဝင်ယူသလိုဖြစ်သွားတယ်၊ မမဝေ ဝေဖန်တာ သဘောပေါက်ရဲ့လား’

“ဟုတ်ပါတယ်၊ ကျွန်တော် အဲဒါ သတိမထားမိဘူး”

“မောင်တွင် မဟုတ်ပါဘူး၊ စာရေးဆရာ တော်တော်များ များ သတိလစ်ကြတယ်၊ ကျွန်တော် ပြန်ပြောဟန်ကို ရေးနည်းမှာ လွတ်လပ်မှုတွေရှိတယ်၊ စာရေးဆရာပြောချင်တာကို ဇာတ်လိုက် ကျွန်တော်က တော်တော်သယ်ပေးနိုင်တယ်၊ ဒါပေ မယ့် တခြားဇာတ်ကောင်တွေကို ဖော်ရာမှာတော့ လွတ်လပ်မှု နည်းသွားတယ်၊ ကျွန်တော်မြင်တာ၊ ကျွန်တော်ကြားတာ၊ ကျွန်တော် ထင်တာကို ရေးနိုင်တော့တာကိုး၊ အဲဒါကို သတိ လစ်လိုက်ရင် အခု မောင်ရေးသလို ရေးမိကုန်ရော”

“ဒီလိုဆို ရေးထားတာကို မောင် ဘယ်လိုလုပ်ပြင်ရမလဲ”

“အမြင် အထင် ဖော်တဲ့ စကားတွေနဲ့သာပြင်ရေးရမှာပေါ့၊ မမဝေ ပြင်လိုက်မယ်၊ ကျွန်တော်က ရုတ်တရက် ဘာမျှမပြော နိုင်၊ အညိုထွေးကသာ ကြေကွဲဟန်ဖြင့် တစ်လုံးချင်းဆက်ပြော နေ၏၊ ဟုတ်လား၊ ဒါမှမဟုတ် အညိုထွေးကသာ ကြေကွဲမှုကို မဖုံးနိုင်သော လေသံကလေးဖြင့် တစ်လုံးချင်း ဆက်ပြော နေ၏”

“ဟာ...ကောင်းတယ် မမဝေ၊ ဒုတိယအသုံးက မောင် ဆိုလိုတာနဲ့ ပိုနီးတယ်”

“စကားစပ်လို့မမဝေ တစ်ခါတည်းပြောထားမယ်၊တစ်ခါ တလေ ကျွန်တော်က ပြန်ပြောဟန်တော့ မရေးဘူး၊ ဒါပေမယ့် အဓိကဇာတ်ကောင်တစ်ယောက်ကို စိုးမိုးမှုပေးရေးထားတယ်၊ ဝတ္ထုတစ်ခုလုံးမှာ အဲဒီဇာတ်ကောင်ရဲ့ အမြင်၊အထင်၊ အကြား၊ ခံစားမှု၊ အတွေ့အကြုံ စသည့်ကို ကြောရိုးလုပ်ထားတယ်၊ .အခန်းတစ်ခန်းမှာကျတော့ တခြားဇာတ်ကောင်တစ်ဦးရဲ့ အမြင်အထင် စသည့်ကို သွားဖော်မိရင် အနုပညာချိန်ခွင်ရုတ်တရက် တစ်ဖက်စောင်းသွားတာမျိုး ဖြစ်တတ်သေးတယ်၊ မောင် သတိထားပေါ့”

ကျွန်တော် သဘောကျစွာ ရယ်ပြီး ပြောမိ၏။

“မမဝေ သိပ်နားလည်တာပဲ၊ မမဝေ ကိုယ်တိုင် ဝတ္ထု တစ်ပုဒ် ရေးပါလား”

“မမဝေ တစ်ခါ ပြောဖူးသားပဲ၊ စနစ်တွေ နားလည်တိုင်း စာရေးဆရာ မဖြစ်နိုင်ဘူးလို့၊ ပါရမီသာ အဓိကပါ မောင်ရယ်၊ မမဝေကတော့ မောင့်ပါရမီ ကူညီဖြည့်ပေးရတဲ့ ဘဝကို ရွေးထားတာ၊ အဲဒီဘဝကို ကျေနပ်ပါပြီ”

ကျွန်တော် ဘာမျှမပြောနိုင်ပါ။ ကျွန်တော့် ရင်တွင်း၌ ကြည်နူးမိပါသည်။ သို့ရာတွင် ဇနကဇာတ်၌ ဦးဩဘာသ ရေးသကဲ့သို့ “နှလုံးကြည်နူး၍ ငါဝိုသတည်း”ဟု မငိုမိတိုင်စေ၊ မျက်ရည်တော့ ကျမိသည်။

မမဝေသည် ဖတ်ရှုဝေဖန်ရန် စာမူမရှိသည့်အခါ၌ စာ လိုက်ရေးပေးသည်။ ရုံးမှာ တစ်နေကုန် အလုပ် လုပ်လာပြီးမှ ညတွင် စာလိုက်ရေးပေးသည်ကို ကျွန်တော်က သဘောမတူ နိုင်ပါ၊ ကန့်ကွက်သော်လည်း မရ။

“ရုံးမှာက ကြီးကြပ်စီမံရုံပါ မောင်ရယ်၊ မမဝေ မပင်ပန်း ပါဘူး”

“မပင်ပန်းပေမယ့် သက်သာတယ်တော့ ဘယ်ရှိနိုင်ပါ့မလဲ မမဝေရဲ့”

“ဒါဖြင့် မောင် .စာရေးနေတုန်း မမဝေက ဘာလုပ်နေရမလဲ”

“နားနေပေါ့ အိပ်ချင်လဲ အိပ်လေ”

“အို.....မောင် မအိပ်ခင် မမဝေ မအိပ်နိုင်ပါဘူး”

“ဒါဖြင့် ဘေးမှာထိုင်နေ”

‘အဲဒီတော့လဲ ပျင်းတယ် မောင်ရဲ့’

ကျွန်တော် အရှုံးပေးရသည်ပင်။ ကျွန်တော်က လမ်းလျှောက်ရင်း စိတ်ကူး၍ တစ်လုံးချင်း ပြောပေးသည်။ မမဝေက လိုက်ရေး၏။

တစ်ခါတစ်ရံတော့ မမဝေ နောက်ပါးရပ်ရင်း မမဝေ၏ ပခုံးလေးကို ကိုင်လျက် ကျွန်တော်က ပြောသည်။ ကျွန်တော် အတွေးပြတ်၍ ငြိမ်စဉ်းစားနေသောအခါ မမဝေက ခေါင်း လေးကို နောက်လှန်ကာ ကျွန်တော့် ရင်ဘတ်ဆီ မှီရင်း - မျက်ဝန်းပြာကြီးများ တရွှန်းရွှန်းနှင့် ကျွန်တော့် မျက်နှာကို ကြည့်လျက် စောင့်နားသည်။

လူလည်း ညောင်း၊ ဦးနှောက်လည်း ညောင်းသည့်အခါ တွင် မအိပ်ချင်သေးက ကျွန်တော် တယောထိုးသည်။ထိုအခါတွင် ကျွန်တော်တို့က အိမ်ရှေ့ခန်း မီးကို ပိတ်ထားလိုက်သည်။ အိမ်ရှေ့နှင့် ပြတင်းမှ ဝင်လာသော ကြယ်ရောင် လရောင်နှင့် လုံလောက်သည်။

ဖိနပ်ချွတ် ကြမ်းပြင်ဆီ ခြေချပြီး တံခါးပေါင်ကိုမှီ၍ ကျွန်တော်က တယောတီးသည်။ကျွန်တော့် ကျောတစ်ခြမ်းကိုမှီပြီး မမဝေက တိုးတိုးသာသာ သီချင်းဆို၏။

ကြယ်ရောင် လရောင်မှာ မမဝေကပိုလှသည်ဟု ကျွန်တော် ထင်သည်။ အလင်းရောင်လဲ့မှုန်မှုန်တွင် မမဝေ၏ အသား လေးများက ရေးရေးနှင့် ဖွေးဖွေးစင်သည်။ မျက်လုံးများက တဖျပ်ဖျပ် ပြာမြရွှန်းလက်သည်။

မေတ္တာဘုံ၊ သို့မဟုတ် မေတ္တာရိပ်မြုံ စာတွေထဲ၌ ဤသို့ သုံးကြသည်ကို ယခင်က ကျွန်တော် ဖတ်ဖူးသည်။ ယခုတော့ ကိုယ်တိုင်ကြုံရသည်။ ကိုယ်တိုင် ပိုင်ရသည်။

မမဝေနှင့်အတူ ကိုယ်တိုင် ပိုင်ရပါသည်။

*****

အခန်း [၂၀]

မေလကုန်တွင် ကျွန်တော့်ဝတ္ထုကြီးက ပြီးသွားသည်။

“ မောင် ဘယ်တိုက်ကို ပို့မလဲ ”

မမဝေက မေးသောအခါ ကျွန်တော် ရုတ်တရက် မဖြေနိုင်။

“ဆက်သွယ်နေကျ မဂ္ဂဇင်းတိုက်ပဲ ပို့ရမှာပဲ ထင်တယ်၊ ဒါမှမဟုတ် လုံးချင်းထုတ်တဲ့ တိုက်တစ်ခုခုနဲ့ စမ်းကြည့်ရမှာပဲ”

မမဝေက ခေါင်းခါ၏။

“နာမည် မရသေးတဲ့ လူကို လုံးချင်းတိုက်တွေက နှိမ်တတ်တယ်လို့ မမဝေ ကြားဖူးတယ်၊ ပြီးတော့ တိုက်မကောင်းလို့ ကိုယ့်ပထမဦးဆုံး ဝတ္ထုဟာ ပလက်ဖောင်းပေါ်က အဟောင်းဈေး ရောက်သွားရင် အညွန့်ကျိုးတာပဲ မောင်”

“ဒါဖြင့် မဂ္ဂဇင်းကိုပဲ ပို့ရမလား”

“မမဝေကတော့ မဂ္ဂဇင်းကိုပဲ ပို့ချင်တယ်၊ အခုခေတ်ကလည်း မဂ္ဂဇင်းကြီးတွေ ဩဇာရှိတဲ့ခေတ်၊ အခု စာပေလောကမှာ အခောင်မြင်နေတဲ့ စာရေးဆရာတွေကလည်း မဂ္ဂဇင်းကြီးတွေက မွေးထုတ်လိုက်တဲ့ လူတွေချည်းလိုလိုပဲ၊ ဒါပေမဲ့ မောင့် မူလမဂ္ဂဇင်းတိုက်တော့ မပို့နဲ့”

“ဘာဖြစ်လို့”

“သူတို့က မောင့်ဝတ္ထုတွေကို ပယ်ထားဖူးတယ် မဟုတ်လား၊ အဲဒီဝတ္ထုတွေတုန်းက ပယ်လည်း ပယ်ထိုက်ပါတယ်၊ ဒါပေမဲ့ လူဆိုတာ ပုံသေမှတ်ထား တတ်တယ်၊ အခု မောင့်ဝတ္ထုကို ပုံသေမှတ်ထားတဲ့ အစွဲနဲ့ ထပ်ပယ်မိမှာ မမဝေ စိုးတယ်”

“ဒါဖြင့် ဘယ်တိုက် ပို့မလဲ”

“စာဆိုတော်မဂ္ဂဇင်းကို ပို့ကြည့်ပါလား၊ မမဝေ ကြားဖူးတာက သူတို့ နာမည် မကြည့်ဘူး၊ စာကြည့်တာတဲ့၊ တိုက်ထိုင် အမြဲတမ်း စာရေးဆရာလည်း မွေးမထားဘူးတဲ့၊ ငွေကြေးလည်း ပြည့်စုံတယ် ကြားတယ်၊ မောင့်ဝတ္ထုကို ပထမ ဆုံး ဖတ်ရတာဆိုတော့ ဘာအစွဲမှလည်း ရှိဦးမှာ မဟုတ်ဘူး၊ ကဗျာနဲ့ မောင့်

နာမည်လေးကလည်း ရှိထားတော့ သူတို့ လေးလေးစားစား ဖတ်ကြမှာပဲ”

မမဝေ၏ အကြံက ကောင်းသဖြင့် ကျွန်တော်သည် စာဆိုတော်မဂ္ဂဇင်း တိုက်သို့ သွားသည်။

နှစ်ထပ်တိုက်ကြီး၏ အပေါ်ထပ်သို့ ကျွန်တော်က မရဲတရဲနှင့် တက်သွားသည်။ အပေါ်ထပ် ခန်းမကြီးက သင်္ဘောကြီးတစ်စင်းကဲ့သို့ ရှည်လျားသည်။ အခန်းလေးတွေကလည်း အစီအရီနှင့်။ အယ်ဒီတာချုပ်ဟု ဆိုင်းဘုတ်တပ်ထားသော အခန်းကို တွေ့သော်လည်း ကျွန်တော် မဝင်ဝံ့။

နောက်ဆုံးတော့ နီးရာ အခန်းတစ်ခုတွင်း ဝင်လိုက်သည်။

အခန်းတွင်းမှာက စားပွဲ ၃ လုံးနှင့် လူ ၃ ယောက် ရှိနေသည်။

အခန်းဝအနီးရှိ စားပွဲသို့ ကျွန်တော် ချဉ်းကပ်သွားသည်။ မျက်မှန်လေးတဝင်းဝင်းနှင့် တရုတ်ကပြားအသွင် ရှိသော လူရွယ်က မော့ကြည့်ပြီး မေး၏။

“ဘာကိစ္စလဲ ခင်ဗျ”

“ဟိုဒင်း… ကျွန်တော် အယ်ဒီတာနဲ့ တွေ့ချင်လို့”

“ဪ… စာမူပေးချင်လို့လား”

“ဟုတ်… ဟုတ်ကဲ့”

“ ဟောဟို စားပွဲက ဦးအုန်းသော်ဆီ သွားပါ၊ သူက အယ်ဒီတာအဖွဲ့ဝင်၊ ကျွန်တော်က ဓာတ်ပုံဆရာ ခင်ဗျ ”

အခန်းထိပ်ရှိ စားပွဲ၌ ဦးအုန်းသော်က ထိုင်၍ တစ်စုံတစ်ခု ဖတ်နေသည်။ သူ့ရှေ့ ကျွန်တော် သွားရပ်သောအခါမှ မော့ကြည့်၏။

“ဪ… ထိုင်ပါ၊ ထိုင်ပါ”

ဦးအုန်းသော်ဟု ခေါ်သော်လည်းမကြီးလှသေး။ အသက် ၂၄ နှစ်ခန့်သာ ရှိဦးမည်။ အသားညိုပြီး သွယ်၍ ခိုင်ခံ့သော မေးရိုး ရှိသည်။ မျက်လုံးများက ကြည်၍ တောက်ပသည်။ တမင် မပြုံးပြခင်ကတည်းက သူ့နှုတ်ခမ်းမှာ ပကတိ ပြုံးယောင် ရှိသည်။

“ကျွန်တော်က ဟောဒီသမထစာအုပ်ထဲ စိတ်ရောက်နေလို့ လာရပ်မှ သတိပြုမိတာ ခွင့်လွှတ်ပါ၊ ဟန်ကြီးပန်ကြီး လုပ်တယ် မထင်နဲ့နော်”

သူ့အသံနှင့် သူ့အပြုံး နှစ်ရပ်လုံးက အေးချမ်းသည်။

“ကိစ္စမရှိပါဘူး၊ စာဖတ်တာ ကျွန်တော်က အနှောင့်အယှက်များ ပြုမိသလား မသိဘူး”

“အို… မဖြစ်ပါဘူး၊ ကျွန်တော် အုန်းသော်ပါ၊ ဘာများ ဆောင်ရွက်ပေးနိုင်ပါသလဲ”

ကျွန်တော်က လွယ်အိတ်တွင်းမှ စာမူကို ထုတ်ယူပြသည်။

ဦးအုန်းသော်က စာမူကို လှမ်းယူရင်း-

“ဝတ္ထုလား အတော်တော့ ထူတယ်” ဟု ဆို၏။

ဦးအုန်းသော်သည် စာမူကို ခေတ္တကြည့်ရာမှ မော့လာပြီး မေးသည်။

“ဪ… ကိုလေးလှိုင်ကိုး၊ ကျွန်တော် ခင်ဗျား ကဗျာတွေ ဖတ်ဖူးပါတယ်”

အယ်ဒီတာက ကိုယ့်ကဗျာကို ဖတ်ဖူးသည် ဆိုသောကြောင့် ကျွန်တော် အနည်းငယ် အားတက်သွားသည်။

ဦးအုန်းသော်၏ နောက်မေးခွန်းကတော့ ကျွန်တော့်ကို အံ့အားသင့်သွားစေသည်။

“ကိုလေးလှိုင်က သံသရာဆိုတာကို ယုံတဲ့ လူပေါ့နော်”

“ခင်ဗျာ…”

“ခင်ဗျား ကဗျာတစ်ပိုဒ်မှာလေ၊ ဟို… အချစ်နဲ့ ပိတောက်အကြောင်းဟာ”

“ရင်တွင်းမှ ပိတောက်ပန်း”

“ဟုတ်ကဲ့၊ ရင်တွင်းမှ ပိတောက်ပန်း၊ အဲဒီထဲမှာ သံသရာ ဟိုတစ်ခေတ် ဆိုတဲ့ အသုံးလေး ကျွန်တော် မှတ်မိတယ်၊ ဒါကြောင့် မေးမိတာပါ”

“ဟုတ်ကဲ့၊ သံသရာကို ကျွန်တော် ယုံပါတယ်၊ အဝိဇ္ဇာ၊ တဏှာ၊ ကံ အကြောင်းကို ယထာဘူတကျကျ နားလည်သူတိုင်းဟာ သံသရာကို အထူးမေးခွန်း မထုတ်ကြပါဘူး”

ဦးအုန်းသော်၏ အပြုံးက ပိုဝင်းလက်လာ၏။

“ရုပ်ကမ္ဘာကြီး၏ သစ္စာကား ဘာတည်း ညာတည်းနဲ့ လုပ်နေကြတဲ့ လူတွေထဲမှာ ကိုလေးလှိုင်က လူဆန်းပေါ့၊ အဲ… သတ္တိလည်း ကောင်းတယ်”

ကျွန်တော်က ဘာပြန်ဖြေရမှန်း မသိ။ ဦးအုန်းသော်ကသာ ကျွန်တော့် စာမူဆီ သူ့မျက်လုံးများ ပြန်ပို့၏။

ကျွန်တော်က ဦးအုန်းသော်ကို ပြန်အကဲခတ်သည်။

ရှားရှားပါးပါး တွေ့ရခဲသော ပင်ဖြူတိုက်ပုံအင်္ကျီကို ဝတ်ထားသည်။ ပုဆိုးကလည်း အဖြူများသော ကွက်ကျဲတည်း။

ကျွန်တော့်မျက်လုံးက သူ စားစားက ဖတ်နေသော စာအုပ်ဆီ မျက်လုံး ရောက်သွားသည်။ အင်္ဂလိပ်ဘာသာနှင့် ရေးထားသော စာအုပ် ဖြစ်သည်။ ဦးအုန်းသော်က သမထဟု ဆိုသော်လည်း စာအုပ်ပေါ်မှ စကားလုံးက ယောဂဟု ဖော်ပြနေသည်။

ယောဂ၊ ယောဂီ။ ယောဂ ဟူသည်က အားထုတ်ခြင်း၊ ယောဂီ ဟူသည်က အားထုတ်သူ။ ကမ္မဋ္ဌာန်း၊ သမထ၊ ဘာဝနာ စသည်ကို ယောဂဟု ခေါ်လျှင် မမှား ထင်သည်။ ဝိပဿနာမှ လွဲသော ယောဂမှန်သမျှကို သမထဟု ခေါ်နိုင်မည်။

ကျွန်တော် တွေးနေခိုက် ဦးအုန်းသော်က လှမ်းပြောသည်။

"ကိုလေးလှိုင် ဝတ္ထုက စစချင်း ရခိုင်ရိုးမနဲ့ ပင်လယ်နံ့က သင်းလာတယ်၊ ကျွန်တော်တောင် ပြန်လွမ်းလာတယ်"

"ဦးအုန်းသော်က ရခိုင် ရောက်ဖူးလို့လား"

ဦးအုန်းသော်က တစ်မျိုးသော အပြုံးကို ပြုံး၏။

"ကျွန်တော့်ဘဝက စုံခဲ့ပါတယ်၊ ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းက ထွက်ပြီး ကုန်ကားစပယ်ယာတောင် လုပ်ဖူးတယ်၊ တောင်ကုတ်လမ်းကနေပြီး ရခိုင်ကို ရောက်ဖူးပါတယ်၊ ဒုက္ခတော့ အများကြီး တွေ့ခဲ့တာပေါ့ဗျာ"

ဦးအုန်းသော်က ကျွန်တော့်စာမူကို စားပွဲပေါ်၌ ချထားလိုက်၏။

"ကျွန်တော် ဖတ်ကြည့်ပါ့မယ်၊ သင့်ရင် အယ်ဒီတာချုပ်ဆီ တင်ပြပေးပါမယ်၊ မြည်းကြည့်သရွေ့ အစတော့ ကျွန်တော် ကြိုက်ပြီ"

"ဝတ္ထုက နည်းနည်း ရှည်သွားတယ် ဆရာ"

"ဟုတ်တယ်၊ နည်းနည်းတော့ ရှည်တယ်။ ကိစ္စမရှိပါဘူးလေ၊ ကောင်းရင် အခန်းဆက်ဖြစ်ဖြစ် ထည့်ရတာပေါ့"

"ကျွန်တော်က နာမည် မရသေးတော့ အခန်းဆက် ပေးနိုင်ပါ့မလား ဦးအုန်းသော်"

"ဒီအတွက်တော့ မပူပါနဲ့၊ ကောင်းရင် ထည့်ပေးပါမယ်၊ နာမည်ဆိုတာကလည်း ထည့်ပေးမှ ရတာပဲ၊ ကျွန်တော်တို့က နာမည်ကို သိပ်မကြည့်ပါဘူး"

"အခုလို ကြားရလို့ ဝမ်းသာပါတယ် ဆရာ၊ ကျွန်တော် ဘယ်တော့လောက် ထပ်လာရမလဲ"

" နောက် ၅ ရက်လောက်ဆို ပြန်လာခဲ့ပါလား "

"ဟုတ်ကဲ့ ဆရာ"

ကိစ္စက ဤတွင် ပြတ်သကဲ့သို့ ဖြစ်နေသော်လည်း ဦးအုန်းသော်က မေးသည်။

“ဒါထက် စောစောက ကိုလေးလှိုင်က အဝိဇ္ဇာ၊ တဏှာ၊ ကံ ဆိုတဲ့ စကား သုံးခဲ့တယ်၊ ကိုလေးလှိုင် အလုပ်လေး ဘာလေး လုပ်သလား…”

“ဟုတ်ကဲ့…၊ အစက လုပ်ပါတယ်၊ အခုတော့ အဲ… နည်းနည်းပြတ် နေတယ်”

“ဘယ်နည်း လုပ်ပါသလဲ”

“မဟာသတိပဋ္ဌာန်နည်း အာနာပါနပါ”

ဦးအုန်းသော်က ခေါင်းတဆတ်ဆတ် ညိတ်သည်။

“မဟာသတိပဋ္ဌာန် တရားတော်ကြီးကို မြတ်စွာဘုရားဟာ သာဝကအများ ပါရမီပြည့်စုံပြီး မဂ္ဂင်ရှစ်ပါး အင်္ဂါနဲ့ ညီညွတ်ချိန်၊ ကိုယ်တော်မြတ်ရဲ့ ဝါတော် ၂၀ ပြည့်မှ ဟောတော်မူတယ်လို့ ကြားဖူးတယ်၊ မဟာသတိပဋ္ဌာန်နည်းက တော်တော်ခက်တယ်ဆို”

“ခက်သလားတော့ ကျွန်တော် မပြောတတ်ပါဘူး၊ ကျွန်တော့် ဆရာတော်က ရုပ်နာမ်ပိုင်း၊ ခန္ဓာပိုင်း၊ ပဋိစ္စသမုပ္ပါဒ်ပိုင်းဆို သုံးပိုင်း ပိုင်း သင်ကြားပါတယ်၊ အလုပ်တရားနဲ့ အသိတရား နှစ်ပါးစုံ ကိုင်ရပါတယ်၊ ပရိယတ်တော့ ထိုက်သင့် သလောက် နားလည်မှ ဆရာ”

“ကိုလေးလှိုင် ပရိယတ် သင်ဖူးလား”

“အလုပ် လုပ်တတ်ရုံ အခြေခံတော့ ကျွန်တော် သင်ဖူးပါတယ်”

“ဒီလောက်ဆိုလည်း ဘယ်နည်းမလဲ၊ ကျွန်တော်တော့ ခုမှ လိုက်စားစ ရှိသေးတယ်”

ဦးအုန်းသော်နှင့် စကားအနည်းငယ် ဆက်ပြောပြီးနောက် ကျွန်တော်သည် စိတ်ရွှင်လန်းတက်ကြွစွာဖြင့် အိမ်သို့ ပြန်လာခဲ့၏။

ထိုညနေက မမဝေ ရုံးမှ ပြန်လာသောအခါ ကျွန်တော့်မျက်နှာကို ကြည့်ပြီး ပြော၏။

“ မောင့်မျက်နှာ ရွှင်လှချည်လား၊ ဟန်ကျခဲ့သလား ဟင် ”

“ဟန်ကျမယ် ထင်တာပဲ မမဝေ၊ မောင့်မျက်နှာ ရွှင်ရတာကတော့ အဲ… တစ်ကြောင်းပေါ့လေ”

“ဘာအကြောင်းလဲ မောင်”

“သုဂတ ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို မမဝေ သိတယ် မဟုတ်လား”

“သိတာပေါ့၊ ကောင်းသောလာခြင်း ရှိတော်မူသော မြတ်စွာဘုရား၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ သတ္တဝါတို့ အကျိုးကို ပြိုင်ဘက်မရှိ ဆောင်ရွက်တော်မူသော မြတ်စွာဘုရား၊ ဟုတ်တယ် မဟုတ်လား”

"ဟုတ်တယ်၊ မောင် ဒီနေ့ သုဂတောဝါဒဆိုတဲ့ မြတ်စွာဘုရားရဲ့ အဆုံး အမနဲ့ စပ်လျဉ်းတဲ့ စကားတွေကို အယ်ဒီတာအဖွဲ့ဝင်တစ်ဦးနဲ့ ပြောခဲ့ရတယ်၊ ဒီတော့ မောင်လည်း ကောင်းသော စကားကို ဆိုခဲ့တယ်၊ ကောင်းသော သွားခြင်းနဲ့လည်း ပြည့်စုံခဲ့ရတယ်ပေါ့၊ ဒါကြောင့် မောင့်မျက်နှာ ရွှင်တာ"

"သာဓု မောင် သာဓု... ဒါထက် အစက မောင် ကမ္ဘဋ္ဌာန်း ထိုင်တယ်နော်"

"အင်း..."

"အခု ဘာလို့ မထိုင်တော့လဲ"

"ဩော်... မမဝေကလည်း ဒုက္ခပါပဲ"

"ဘာဒုက္ခလဲ ပြော"

အဝတ်အစား လဲပြီးစမို့ အင်္ကျီကြယ်သီးလေးတွေ တပ်ရင်း မမဝေက ကျွန်တော့်အနီး လာထိုင်၍ တိုက်တွန်းသည်။

" ပြောလေ မောင် "

ကျွန်တော်သည် စိုပြည်ဝင်းဖန့်သော မမဝေ၏ အလှသဏ္ဍာန်ကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

"ဘယ်အခါ ကြည့်ကြည့် မမဝေက လှသည်။ ဝေဝေ ဟူသော အမည်နှင့် လိုက်အောင် အစဉ်ပင် အလှမျိုးဝေဘိသည်။ ဩော်... လှလို့ပင် ကျွန်တော် ချစ်ရသည်။ အူအသည်းမှ တုန်ပြီး အသက်လိုပုံ ကုန်ကုန်ချစ်ရသည်။

ချစ်ရသည်။ ဩော်... ဘဝများစွာ လှသူကို ချစ်ခဲ့ရပေမည်။ ဆက်၍လည်း ချစ်နေရဦးမည်။ ချစ်သူနှင့် ခုလို ပေါင်းရတော့ ပျော်ရသည်။ ကိုယ်လည်း ရှိသည်။ ကိုယ့်ချစ်သူလည်း ရှိသည်။ ကိုယ့်ချစ်သူက လှတော့ ကိုယ်က ဝမ်းသာဂုဏ်ယူရသေးသည်။ ကိုယ့်ချစ်သူသည် ကိုယ်ပိုင်ပဲရယ်ဟု မခွဲတမ်း

ကြင်လိုက်သည်။ ဖွဟဲ့... လွဲစေ... ဖယ်စေ။ သည်ချစ်သူနှင့်များ ကွေကွင်းခဲ့ရသော်... သည်ချစ်သူကို လက်လွှတ်ဆုံးရှုံးခဲ့ရသော်။

ဒိဋ္ဌိ... ငါ၊ တဏှာ... ငါ၊ မာန... ငါ၊ ကျွန်တော့် သန္တာန်မှ 'ငါ' သုံးငါ။ ချစ်ခြင်း မုန်းခြင်း လောကမှာ ပျော်ပျော်ကြီး ကျင်လည်မိနေပါသော ကျွန်တော့်သန္တာန်မှ ငါ သုံးငါ။

ကြာမြင့်စွာ ကာလပတ်လုံး မေ့လျော့ဖုံးကွယ်ခြင်း လွှမ်းနေရာမှ ဓမ္မသတိသည် လှစ်ခနဲ ထင်လာဘိသည်။

"ကြည့်စမ်း မောင်၊ မမဝေကို ဘာလို့ အကြာကြီး စိုက်ကြည့်နေတာလဲ"

"ဩော်... အင်း... အဟင်း... မောင်က... ဟိုဒင်း..."

ကျွန်တော် ရုတ်တရက် စကားရှာမရပါ။ အဓိပ္ပာယ်မရှိသာ ရယ်လိုက်ရ၏။

" မောင် "

"ဗျာ... မမဝေ"

"ကြည့်... အဲဒါ ဘာဖြစ်နေတာလဲ"

"ဪ... မမဝေကလည်း၊ မောင် ဘာမှ မဖြစ်ပါဘူး"

" ဖြစ်ပါတယ်၊ မောင် ညာတာ၊ မမဝေကို မောင်ညာတာ"

"မညာပါဘူး မမဝေရယ်၊ မောင် ပြောပြပါမယ်၊ မောင်ဟာ တစ်ကြိမ်တုန်းက ဟောဒီ သံသရာကြီးကို သိပ်ကြောက်တယ်၊ ကြောက်လို့ပဲ ကမ္ဘဋ္ဌာန်းထိုင်ခဲ့တယ်၊ အခုတော့ကော မကြောက်ဘူးလား ဆိုတော့ ကြောက်သေးတာပဲ၊ ဒါပေမဲ့ ကြောက်တာထက် ချစ်မိတာက အားကြီးနေသေးတော့ ဒီသံသရာမှာပဲ ပျော်မိရပြန်တယ်၊ မမဝေနဲ့အတူ သံသာလေ ကမ်းတိုင် တူပြိုင်လေကူးမယ်။ အဲဒီလို မျှော်လင့်နေရတယ်၊ ဒါကြောင့်လည်း မြတ်စွာဘုရားက သမုဒယသစ္စာကို ဟောပြ တော်မူတာပဲ၊ သမုဒယ ဆိုတာက ဖြစ်ကြောင်း ဖြစ်ခြင်းရဲ့ အကြောင်း၊ ဒုက္ခရဲ့ ဖြစ်ရခြင်းအကြောင်း၊ အဲဒီအကြောင်းက ဘာတွေလဲ ဆိုတော့ ချစ်ခြင်း၊ မုန်းခြင်း အကြောင်းတွေကြောင့် ဒုက္ခတွေ ဖြစ်ရသတဲ့ မမဝေ"

ငြိမ်နားထောင်နေရာမှ မမဝေက ရယ်၏။

"လက်စသတ်တော့ မောင်က နိဗ္ဗိန္ဒဉာဏ်တွေ ဝင်နေတာပေ့ါလေ"

"နိဗ္ဗိန္ဒဉာဏ် မဝင်ရပါဘူး မမဝေရယ်၊ မဝင်လို့ဘဲ မမဝေ့အနားမှာ မောင် ရှိနေတာပေ့ါ၊ မဟုတ်ဘူးလား"

" တော်သေးတာပေ့ါ မောင်ရယ်၊ မမဝေအနားမှာပဲ နေပါ၊ မမဝေအနားက မောင် ပျောက်သွားရင် မမဝေ ကမ္ဘာပျက်ရချည်ရဲ့ မောင် "

ကျွန်တော့်လည်ပင်းကို ခိုဖက်လိုက်၏။ ပြုံးရယ်ကျီစယ်ရင်းလည်း ဆိုသည်။

"ကိုလေးလှိုင် လွန်လွန်းပြီ၊ ကျွန်မက ပြောချင်သည်။ ရှင် ဇာတ်ဆရာ ရှင်တစ်ခုသာ ရှင်ပြုရာ ခံရမှာပါ၊ မောင့်လက်ခုပ်တွင်းက ရေလိုဟာပါ၊ အဘိဓမ္မာ တတ်သူ ဝေ့ချစ်ဦးရဲ့ စျာန်လျှောတာတွေ ပြောကာပြဦးမှာ၊ ဟွန်း... ကိုပိုကြီး၊ မမဝေကို တစ်မျိုးမဟုတ် တစ်မျိုး သူ ပိုရမှ၊ လာ... ထ၊ ထမင်း ဟင်း ချက် ကြမယ်၊ ဪ... ဒီနေ့ ဟင်းကို အစအဆုံး မမဝေ ချက်မယ် နော်"

"သဘောပါဗျာ... သဘောပါ"

ခါတိုင်းကဲ့သို့ပင် ပျော်ပျော်ရွှင်ရွှင် ချက်ပြုတ်ကြရင်း ကျွန်တော်က အယ်ဒီတာဦးအုန်းသော်နှင့် တွေ့ခဲ့ပုံကို အသေးစိတ် ပြောပြ၏။ မမဝေက မှတ်ချက်ပေးသည်။

"သူတို့ မောင့်ဝတ္ထုကို လက်ခံမှာပါ"

“ မောင်လည်း အဲဒီလိုပဲ ထင်တယ် ”

“မမဝေက ထင်တာ မဟုတ်ဘူး၊ ယုံတာ”

“ဘာပြုလို့”

“အိုး... ကိုယ့်လင်အစွမ်း ကိုယ် အသိဆုံးပေါ့၊ဟုတ်ဘူးလား”

စောင့်စားနေသော ၅ ရက်အတွင်း၌ တက္ကသိုလ်ဝင်တန်း အစောင်စာရင်းများ ထွက်လာသည်။ ကျွန်တော် အစောင်၏ ဇာတာ စန်းလဘ်များ တက်လာချိန်ဟု ကျွန်တော် ယူဆသည်။

၅ ရက်မြောက်သောနေ့၌ စာဆိုတော်မဂ္ဂဇင်းတိုက်သို့ ကျွန်တော် သွားသောအခါ ဦးအုန်းသော်က ရွှင်ပျစွာနှင့် ဆီးကြိုသည်။ သူ့လက်တစ်ဖက်ကိုလည်း ကမ်းပေးဘိသည်။

“ကွန်ဂရက်ကျူလေးရှင်း ကိုလေးလှိုင်၊ ခင်ဗျား ဝတ္ထုကို အယ်ဒီတာချုပ်နဲ့ အယ်ဒီတာအဖွဲ့ဝင် အားလုံးက လက်ခံလိုက်ပြီ၊ ပန်းချီတောင် အပ်လိုက်ပြီ”

“ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျေးဇူးလည်း တင်လိုက်တာ”

“ကျွန်တော့်ကို ကျေးဇူးမတင်နဲ့၊ ကျွန်တော်တို့ အယ်ဒီတာချုပ်ကို ကျေးဇူးတင်၊ ခင်ဗျားဝတ္ထုကြောင့် သူ ငွေ ၅၀၀ လောက် နစ်နာသွားတယ်”

“ဘယ်လို... ဘယ်လို...”

“ကျွန်တော်တို့ အယ်ဒီတာချုပ်က ဟာသဝိဇ္ဇာဘွဲ့ ရတဲ့ စာရေးဆရာကြီးမှန်း ခင်ဗျား သိပါတယ်နော်”

“သိပါတယ်၊ ဒါပေမဲ့ ဆရာက အခု ဟာသတွေ မရေးတော့ပါလား”

“အသက်ကြောင့် ထင်တာပဲ၊ ဆရာက အခု ဘဝနဲ့ အလွမ်းလေးတွေ တစ်ချီတစ်ချီ ထလုပ်နေတယ်”

“ကျွန်တော်လည်း သတိထားမိတယ်၊ ဆရာက အလွမ်းလည်း ပိုင်တယ် နော်”

“ပိုင်တာပေါ့ဗျာ၊ စွယ်စုံပုဂ္ဂိုလ်ကြီးပဲဟာ၊ မရေးချင်လို့ ရှိရမယ်၊ ရေးရင် ရတာချည်းပဲ၊ ဒီလအတွက် ကျွန်တော်တို့ စိတ်ကျေနပ်တဲ့ ဝတ္ထုရှည် မရသေးဘူး၊ ဒီလဆိုတာက နောက်လထုတ်အတွက် ပြောတာ၊ စာစီဖို့ ပန်းချီဘာလောက် လုပ်ဖို့ ကျွန်တော်တို့က လဆန်းပြီး ၁၀ ရက်လောက်အထိ ထားနိုင်တယ်၊ သူ့၌ စိတ်ကျေနပ်လောက်တဲ့ ဝတ္ထုရှည် မရလို့ အယ်ဒီတာချုပ်က သူကိုယ်တိုင် ဝတ္ထုရှည်တစ်ပုဒ် ရေးနေတာ၊ သူ့လည်း ကလေးတွေ ကျောင်းစရိတ် ငွေလိုနေလို့”

ကျွန်တော်က ခေါင်းညိတ်ပြ၏။ အချိန်ကလည်း ကျောင်းများ ပြန်ဖွင့်ချိန် ဖြစ်သောကြောင့် ငွေအမှန်လိုချိန်တည်း။

“သူ့ဝတ္ထုက မပြီးသေးဘူး၊ ခင်ဗျားဝတ္ထုကို ကျွန်တော် အဲဒီညကပဲ

ဖတ်ကြည့်တယ်၊ ခဏ မြည်းရင်းပေါ့၊ ဒါပေမဲ့ ကျွန်တော် မိုးလင်းသွားတယ်၊ ဝတ္ထုက သိပ်ဆွဲတာကိုး၊ ဒါနဲ့ ကျွန်တော်လည်း အယ်ဒီတာချုပ်ဆီ တင်ပြလိုက်တယ်၊ သူလည်း နှစ်သက်တာမို့ သူ့ဝတ္ထု သူ ဆက်မရေးတော့ဘဲ ခင်ဗျားဝတ္ထုကို ထောက်ခံပြီး အယ်ဒီတာအဖွဲ့ တင်ပြပေးတယ်၊ အယ်ဒီတာအဖွဲ့က သဘောတူလို့ ပန်းချီတောင် အပ်လိုက်ပြီ၊ နောက်လကို အခန်းဆက်အဖြစ်နဲ့ ပါလာမှာပါ”

ကျွန်တော့် ဝမ်းသာခြင်းကား ဖော်မပြနိုင်အောင်ပင် ဖြစ်ရပါသည်။ အယ်ဒီတာချုပ် စာရေးဆရာကြီး၏ မြင့်မြတ်လှသော စိတ်ထားကိုလည်း အံ့ဩမိသည်။

“ဝမ်းသာလိုက်တာ ဦးအုန်းသော်၊ အယ်ဒီတာချုပ်ကို ကျွန်တော် ရိုသေစွာ ရှိခိုးပါတယ်၊ အရင် ကျွန်တော် ကြားဖူးနေတာက အယ်ဒီတာတွေဟာ စာရေးဆရာ ပေါက်စဆို နှိမ်တယ်၊ တချို့များဆို သူ့ဝတ္ထုကို ကိုယ့်ဝတ္ထုတောင် လုပ်ပစ် ကြတယ် ဆိုတယ်၊ အခု ဆရာကြီးကျတော့ ပြောရင်တောင် ယုံကြပါ့မလား မသိဘူး”

“အဲဒီလိုလူမျိုးတွေလည်း ရှိချင်ရှိမပေါ့၊ ကျွန်တော်တို့ အယ်ဒီတာချုပ်ကတော့ အယ်ဒီတာဆိုတာ စာရေးဆရာ မွေးပေးသူလို့ ခံယူထားတယ်၊ စာရေး ဆရာကောင်းတစ်ယောက် တိုးလာတာဟာ စာပေလောကနဲ့ တိုင်းပြည်မှာ အားတစ်ခု တိုးလာတာလို့ ခံယူထားတဲ့လူ”

“ဒီစကား ကြားရလို့ ကျွန်တော် သိပ်အားတက်တာပဲ၊ ဆရာကြီးလိုပုဂ္ဂိုလ်တွေကို ကျွန်တော်က နာမည်တစ်ခု ပေးချင်တယ်”

“ဘယ်လိုလဲ”

“စာပေလောကပါလနတ်မင်းကြီးတွေလို့”

“အင်း... ဟုတ်သဗျို့ အယ်ဒီတာချုပ် အပြင်ထွက်သွားလို့၊ နို့မို့ရင် ခင်ဗျားနဲ့ တွေ့ပေးနိုင်တယ်၊ သူကလည်း တွေ့ချင်နေပါတယ်၊ နောက်တစ်ခေါက်ပေါ့ဗျာ၊ ဪ... ငွေရေးကြေးရေးလေး ဆွေးနွေးကြရအောင်”

“ဟုတ်ကဲ့”

“လချင်းပြီး မဂ္ဂဇင်းဝတ္ထုရှည်အတွက်ပဲ ဖြစ်ဖြစ်၊ အခန်းဆက် တစ်လစာ အတွက်ပဲဖြစ်ဖြစ် ကျွန်တော်တို့က ငွေ ၁၅၀ က စပေးတယ်၊ နောက်တော့ ၁၀၀ ကနေ ၅၀၀ အထိ ပေးပါတယ်၊ လုံးချင်းရိုက်တော့ သတ်သတ်ပေါ့၊ ကိုလေးလှိုင် ကျေနပ်ရဲ့လား”

“ ကျေနပ်ပါတယ် ဆရာ၊ ငွေထက် နာမည်ရတာ ဝမ်းသာလှပါပြီ ”

စာဆိုတော်မဂ္ဂဇင်းတိုက်မှ ဆင်းလာသောအချိန်တွင် ကျွန်တော့် ခြေထောက်များက ပေါ့ပါးသွက်လက်နေသည်။ လေထဲ လျှောက်လာရသကဲ့သို့ ဆိုခြင်းမှာ သည်အဖြစ်မျိုးနှင့် တူသည်။

လေထဲ လျှောက်ရသကဲ့သို့ အဖြစ်ကိုလည်း ကျွန်တော် သတိပြုမိသည်။ ကျွန်တော် အနှစ်နှစ် အလလက မျှော်မှန်းထားခဲ့သော စာရေးဆရာအဖြစ်နှင့်

သည့်မြေပေါ်မှာ ရပ်တည်ခွင့် ရရှိလေပြီ ဖြစ်ကြောင်းလည်း ကျွန်တော် သိပါသတည်း။

အားတက်ဖွယ် ဝမ်းသာဖွယ်အဖြစ် တွေ့ကြုံရသော ထိုအပတ် တနင်္ဂနွေနေ့တွင် မမဝေနှင့် ကျွန်တော်တို့သည် မြို့ တွင်း ထွက်လာကြသည်။

ဘုရား တက်ဖူးကြသည်။ ရုပ်ရှင်ကြည့်ကြသည်။ ညနေပိုင်းတွင် အင်းစိန်ကား စီးပြီး ကမာရွတ်သို့ လာကြသည်။ သည့်ကမှ ပြည်လမ်းဘေး အင်းလျား ကန်စောင်းဆီ လာခဲ့ကြ၏။

မိုး ဝင်ချိန် စပြီမို့ တိမ်တို့ ခရီးနှင်နေကြပြီး နေညိုညိုမှာ လေချိုလည်း ဖျန်းသည်။ တိမ်ပန်းချီလည်း ဆမ်းသည်။

တက္ကသိုလ်ကြီးက ပြန်မဖွင့်သေး။ နောက်ဆက်တွဲ စာမေးပွဲတွေတော့ ရှိပြီဟု မမဝေ ပြောပြ၍ သိရသည်။ ကန်စောင်း၌ လူအသင့်အတင့်သာ ရှိသည်။ စုံတွဲလေးတွေတော့ မကင်းပါ။ မမဝေနှင့် ကျွန်တော်တို့က လမ်းလျှောက်သူ ပါးရာ ကမ်းစပ်တစ်ခုမှာ ထိုင်ကြ၏။ ကန်ရေပြင်ဆီ ငေးကြည့်နေရာမှာ မမဝေက ရုတ်တရက် ဆို၏။

“ မောင်ရေ... ပုသိမ်ကို မမဝေ လွမ်းလိုက်တာ ”

ကျွန်တော်က ထိတ်လန့်သွားသည်။

“ပုသိမ်ကို လွမ်းတယ် ဟုတ်လား မမဝေ”

မမဝေက အသာအယာ ရယ်၏။

“ကြည့်... ဘာတွေ အတွေးချော်သွားတာလဲ၊ မမဝေ ပြောတာက ကန်သုံးဆင့်ကို လွမ်းတယ်လို့၊ မောင်ကော မလွမ်းဘူးလား”

“လွမ်းတာပေါ့ မမဝေရယ်၊ မမဝေနဲ့ မောင် ချစ်မိုးတွေ စွေခဲ့ကြတာက ကန်သုံးဆင့်ကြီးဘေးမှာ မဟုတ်လား”

“ဟင်း... အဲဒီလို အသားယူ မပြောနဲ့၊ ဒီတုန်းက မောင့်ကို မမဝေက ချစ်နေပါပြီလို့ ဘယ်သူ ပြောသလဲ”

“သိဘူးလေ၊ တိတ်တိတ်လေးများ ခိုးချစ်နေသလားလို့”

“ မောင်နော်... အသားတော်တော်ယူ၊ သူများက သူ့ကို ချစ်တာမဟုတ်ဘူး၊ သနားရတာ ”

“သနားတာဟာ ချစ်တာ အစ မဟုတ်ဘူးလား”

မမဝေက မဖြေ။ ရှက်ပြုံးလေးဖြင့် ကျွန်တော့်ကျောကို လက်သီးနှင့် အသာထု၏။

“ နေဦး၊ မောင် တစ်ခု မေးရဦးမယ် ”

“ဘာတုံး မောင်”

“ကန်စောင်းမှာလေ တစ်ခါက မမဝေ မောင့်ကို ဓာတုကလျာ စပ်တဲ့ ရတုလေးကို ရွတ်ပြတယ်။ ဒါပေမဲ့ အဆုံးပိုဒ်ကို ချန်ထားတယ်”

“ကြည့်စမ်း... ဒါကို သူ မမေ့ဘူး”

“ဘယ်မေ့ပါ့မလဲ၊ အကြွေးတင်နေတာကိုး၊ ကဲ... အခု ဆိုပြ”

“အို... အခု ဆိုပြရမယ်”

“အင်း...”

“ဘာလုပ်ဖို့လဲ”

“နားထောင်ချင်လို့ပေါ့”

“လိုသေးလို့လား မောင်ရယ်”

“ ဟော... ပေါ်ပြီ ”

“ဘာပြောတာလဲ”

“လိုသေးလို့လား ဆို၊ ဒါဖြင့် အဲဒီတုန်းက မမဝေက တတိယပိုဒ်ကို တမင် မဆိုဘဲ ချန်ထားတာ မဟုတ်လား”

“သိရင်လည်း ပြီးရော၊ ဘာပြုလို့ မေးနေရလဲ”

“မမေးတော့ပါဘူး၊ မမဝေ ဝန်တော့ခံပြီနော်”

“ကြည့်... ဘာဝန်ခံရမှာလဲ”

“သနားရုံမကပါဘူး ဆိုတာ”

မမဝေ၏ လက်သီးဆုပ်လေးက မြောက်သွားပြန်သည်။ သို့ရာတွင် ကျွန်တော့်ကို မထုဘဲ ရပ်လိုက်ပြီး သွားလှဲ့လှဲ့လေးတွေ ပေါ်အောင် ရယ်နေသည်။

“မမ ဝေ”

“ မောင် ”

“အဲဒီ ကျန်တဲ့အပိုဒ်လေး မောင့်ကို ဆိုပြကွယ်၊ နော်”

“ မောင်က သိပ်နားတောင်ချင်တာပဲ ဟုတ်လား ”

“ဓာတုကလျာကိုယ်တိုင် ဆိုပြမှာ၊ မောင်က နားထောင်ချင်တာပေါ့”

မမဝေက မျက်စောင်းလှဲ့လှဲ့လေးတော့ တစ်ချက် ထိုးသည်။ သို့ရာတွင်

နာပျော်နှစ်သိမ့်ဖွယ် အေးအေးလွင်လွင် ဆိုပြရှာသည်။

“မဟာစေတီ၊ မွေသရီ၏၊ မြေညီခင်းပြန့်၊ သလင်းသန့်ဝယ်၊ နှင်းပန်းတပဲ၊ ဝတ်ဖြူလဲနှင့်၊ နန်းထဲနန်းလျှော့၊ သီမတော့ဘဲ၊ ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်၊ ခိုင်တည်နှလုံး၊ တဖြောင့်သုံး၍၊ နောင်ထုံးကေမင်၊ လျှော့ဖြေချင်လည်း၊ နတ်သျှင်သူ့ကြောင့်၊ တရေးမှောင့်ခဲ့၊ မဖြောင့် ပွဲလွင့်၊ နောင်ကြီးဝင့်သည်၊ လုလင့်ငွေမျက်ရည်တကား”

ရတုအဆုံးတွင် မမဝေက ကျွန်တော့်ကို ငေးငေးလေး စိုက်ကြည့်နေသည်။

ဘာကြောင့်မသိ။ မမဝေ၏ မျက်လုံးများတွင် မျက်ရည်တွေ ပြည့်လျှံနေသည်။ မျက်နှာလေးကလည်း ဆွေးမြည့်ကြေကွဲဟန် ပေါ်နေ၏။

နောက်တစ်ခဏ၌မူ မမဝေသည် သူ့ခေါင်းလေးကို ကျွန်တော့်ပခုံးပေါ် မှီချပြီး ရှိုက်၍ငို၏။

“ဟင်... ကြည့်စမ်း၊ ဘာပြုလို့လဲ မမဝေ၊ ဘာပြုလို့ ငိုတာလဲ”

မမဝေက မဖြေ။ အတန်လေးကြာအောင် ရှိုက်ငိုနေသေးသည်။ ပြီးမှ မျက်ရည်တွေကြားက နွမ်းနွမ်းလေး ပြုံးပြီး တောင်းပန်သည်။

“ မောင် စိတ်မကောင်းဖြစ်သွားသလား၊ မမဝေ တောင်းပန်ပါတယ်၊ ရတုရွတ်ရတာ မမဝေ ရင်ထဲ ဆို့ပြီး ငိုချင်လာတယ် ”

“ ဟောဗျာ... ဘာဖြစ်လို့လဲ ”

“ဘာဖြစ်ရမလဲ၊ ဖွ... လွဲပါစေ ပယ်ပါစေ၊ မတော်တဆ မောင်နဲ့ မမဝေ ကွဲသွားရရင်...”

မမဝေက ကျွန်တော့်ပခုံးပေါ် မှီပြီး ငိုပြန်ပါ၏။

“မမဝေကလည်း နိမိတ်မရှိ နမာမရှိ၊ မမဝေနဲ့ မောင်က ဘာလို့ ကွဲရမှာလဲ”

“မမဝေနဲ့ မောင် ဘာလို့ ကွဲရမှာလဲ၊ ဟုတ်တယ် မောင်၊ ဘာလို့ ကွဲရ မှာလဲ၊ ဒါပေမဲ့ မမဝေ ရင်ထဲ စိုးရိမ်နေတာပဲ၊ ဘာမှန်းလည်း မသိဘူး၊ ချစ်လွန်းလို့ ထင်တာ မောင်ရယ်၊ ဪ... သိပ် သိပ် သိပ်ချစ်တာဟာ မကောင်းဘူး ထင်တယ်နော် မောင်”

“ဘာပြုလို့”

“သိပ်ချစ်တော့ အလကားနေရင်း သိပ်ပူပင်ရတယ်၊ မောင် သိရဲ့လား”

“ မောင် သိပါတယ် မမဝေ၊ မမဝေ ဘာဆိုလိုတယ်ဆိုတာ မောင် နားလည်ပါတယ်၊ ကဲ... ပြန်ကြမယ်၊ အိမ်ကျမှ မမဝေ စိတ်ချမ်းသာအောင် မောင် တယောလေး တီးပြမယ် ”

ထိုညက လရောင် ကြယ်ရောင်တွင် ရေးရေး ဖွေးဖွေးနှင့် အမြင်အေးအောင် လှပရှိမ်းမြသော မမဝေ၏ မျက်နှာလေးကို ကြည့်ရင်း ကျွန်တော်က တယောလေးကို

ဆိုတီး တီးပြသည်။

သီချင်းအမည်က ချစ်သမျှကို။

ဪ... ယွင်းစေ ဝသုန်၊ ငွေဝန်းသော်တာယုန်သို့ ကမ္ဘာကုန်ကျယ်သရွေ့ မမေ့တဲ့အခေါင် ချစ်ထုံးနှောင်ပါမည်ဟု ဆိုထားသည့် သစ္စာတိုင်ပတ်ပျို့။

မမဝေ စိတ်ချမ်းသာအခေါင် ကျွန်တော့် ချစ်ရသမျှကိုလည်း သည်သီချင်းဖြင့် သစ္စာတိုင်ပြရလေသည်။

✳✳✳✳✳

အခန်း [၂၀]

ပုသိမ်မိုးကဲ့သို့ မသွန်သော်လည်း ရန်ကုန်မိုးကလည်း ထန် သင့်သမျှ ထန်သည်။ အများသူငါ ရုံးတက် ရုံးဆင်းချိန်တွင် မှန်မှန်ရွာတတ်၍လည်း စိတ်ပျက်ဖွယ်ကောင်းသည်။

မိုးထန်စ ဇွန်လဆန်းတွင် ရုံးကပြန်လာတိုင်း မမဝေခမျာမှာ တစ်ကိုယ်လုံးရွဲရွဲစိုဘိသည်။

ကိုယ်ပိုင်ကားပေါ်တွင် နေပြောက်မထိုး မိုးရေမခနေခဲ့ရ သော ဘဝကို သိထားသောကျွန်တော်က မမဝေအတွက် စိတ်မကောင်း။ မမဝေကမူ အပြုံးမပျက်။

"ခဏပဲဟာ မောင်၊ နောက်လထဲကျတော့ ရုံးကြိုကား တစ်စီးစီးကို လခပေးစီးတာပေ့ါ၊ ဂျစ်ကားစီးတောင်တစ်လ မှ ဆယ့်ငါးကျပ်တဲ့"

"ခုတည်းက စီးပါလား မမဝေရယ်၊ မိုးနဲ့လေနဲ့ ဒုက္ခများ တယ်"

"မဖြစ်သေးဘူးလေ မောင်၊ ပြီးတော့ ကားတွေကလဲ သူ့ လူနဲ့သူ ကျပ်နေကြတာ'

မဖြစ်သေးဘူးလေ မောင် ဆိုသည့် မမဝေ၏ စကားကို နားလည်သဖြင့် ကျွန်တော်က ဆက်မတိုက်တွန်းတော့။ ကျွန် တော်တို့ ရည်ရွယ်ထားသည့် ဧည့်ခံပွဲလေးမတိုင်မီ . မမဝေက မြှုပ်ထားသောဇာတ်ကို ဖော်လိုဟန်မရှိသေး။

တစ်ညနေတွင် မိုးက သည်းလှသည်၊ လေကလည်း အတန်ပါသည်။

ချက်ရင်းပြုတ်ရင်းက စိတ်တပူပူဖြင့် မမဝေကို ကျွန်တော် မျှော်သည်။ ခါတိုင်းဆိုလျှင် နောက်အကျဆုံး ငါးနာရီတွင် မမဝေ ပြန်ရောက်မြဲ ဖြစ်၏။ ယနေ့ ငါးနာရီသာ ခွဲသည်။ မမဝေပြန်မရောက်။

မိုးသည်းလွန်း၍ပဲ.. တစ်နေရာရာတွင် ခိုနေရသေးသော ကြောင့်လော။ စီးလာသောကားပင် စက်ချွတ်ယွင်းသော ကြောင့်လော၊ငါးနာရီခွဲအထိတော့ အထူးတလည် ကျွန်တော် စိတ်မပူမိသေး။

ခြောက်နာရီထိုးသောအခါတွင်ကား အိမ်ရှေ့မှ ကျွန်တော် မခွာနိုင်တော့။ ဖြတ်သွားဖြတ်လာ လူရိပ်လူယောင် တွေ့တိုင်း မျှော်လင့်တကြီးနှင့် ကြည့်မိသည်။

ရုံးလုပ်ငန်းတွေ မပြီး၍လော၊အချို့ ရုံးများတွင် အိုဗာတိုင် ခေါ် ရုံးဆင်းချိန်လွန်အခေါင်လုပ်ရကြောင်း ကျွန်တော် ကြား ဖူးသည်။ မမဝေလည်း ယနေ့အိုဗာတိုင်နှင့် မိနေသလော၊ အိုဗာတိုင်ဆိုလျှင် နှစ်နာရီလောက်တော့ ကြာမည်ထင်သည်။ အဲသည်လိုမှန်က ခြောက်နာရီခွဲလောက်တွင်တော့ ပြန်ရောက် လာတန် ကောင်း၏၊ အလွန်ဆုံး ခုနစ်နာရီပေ့။

ကိုယ့်ကိုယ်ကို အားပေးရင်း ကျွန်တော် ဆက်စောင့်သည် ခုနစ်နာရီထိုးရုံမက ခွဲသွားသည်။ မိုးက မသည်းတော့ဘဲ စိမ့်စိမ့်လေး ရွာနေ၏။

ကျွန်တော်သည် အိမ်လှေကားထိပ်တံခါးဖွင့်ပြီး ရပ်စောင့် နေသည်။ .

လမ်းဓာတ်မီးရောင်တွေက မထိန်လင်းလှ၊ မိုးနှင့်ဆိုတော့ ပို၍ မှိန်မှိန်ဖျော့ဖျော့နိုင်သည်။

လမ်းထိပ်မှ လှုပ်လှုပ်လှုပ်လှုပ်နှင့် လျှောက်လာသူ တွေ့ တိုင်း ကျွန်တော်က မမဝေ ထင်သည်။ ကိုယ့်အိမ်ကို လွန် လျှောက်သွားခါမှ ရင်တွင် ဟာ၍ မောရသည်။

ရှစ်နာရီထိုးပြီးသောအခါ ကျွန်တော့်ရင်တွင် ပူရုံမက ငယ်ထိပ် မြွေခဲသကဲ့သို့ ဖြစ်ရသည်။

ဘာဖြစ်ပါသနည်း၊ မမဝေ ဘာဖြစ်ပါသနည်း၊

လွဲပါစေ…ဖယ်ပါစေ။ ကားများ ဝင်အတိုက်ခံရသလော။ အို..မဖြစ်နိုင်ပါ။ မမဝေက ကလေးမှ မဟုတ်ဘဲ၊ ရန်ကုန်မြို့ တွင် ကျင်လည်စွာလည်း သွားတတ်လာတတ်သည်။တည်တည် ငြိမ်ငြိမ်နှင့် သတိလည်း အလွန်ကြီးသည်။ သွားသွားလာလာ ဘာလုပ်လုပ် ဣန္ဒြေရရနှင့် ပိပိရိရိ သပ်ရပ်သေချာသည်။

စီးလာသောကားပင် တိမ်းမှောက်လေသလော။ကားချင်း ပင် တိုက်မိသလော၊ မမဝေစီးရသော လက်ရုံးတံဆိပ် ကား များကလည်း ကြမ်းပါဘိ။ ရမ်းပါဘိ။

နိမိတ်မရှိဟု စိတ်တွင်း၌ မထားလိုသော်လည်း အနိဋ္ဌာရုံ မျိုးစုံက မျက်စိတွင်း မြင်လာသည်။

ထိုင်မရထမရဘဝကိုသည်းမခံနိုင်သည်အဆုံး၌ ကျွန်တော် က စာလေး တစ်စောင် ကောက်ရေးသည်။

“မမဝေ.......စိတ်ပူလို့ မောင် စုံစမ်းထွက်တယ်၊ ပြန်ရောက် နှင့်ရင် စိုးရိမ်မနေနဲ့၊ မောင် အမြန်ဆုံး ပြန်လာမယ်’

မမဝေ၌ အိမ်သော့ အပိုတစ်ချောင်း အမြဲပါသွားသော ကြောင့် ကျွန်တော် ပြန်မရောက်ခင် မမဝေ ပြန်ရောက်လျှင် စိတ်မပူရန် သည်စာကို ရေးရခြင်း ဖြစ်သည်။

ရေးပြီးခါမှ သည်စာလေးကို မမဝေ မြင်သာအောင် ဘယ်နေရာတွင် ထားရမှန်း ကျွန်တော် မသိ၊

တက်တက်လာချင်း မြင်အောင် လှေကားထိပ်, သံဇကာ တံခါးတွင် ကပ်ထားရမည်လော။ အတွင်းဘက် အိမ်ရှေ့မီတာ သေတ္တာနားတွင်

ပိုမကောင်းဘူးလား။ အိပ်ရာထဲက ခေါင်းအုံးမှာ ချိတ်လေးနှင့် တွယ်ထားလျှင်ကော။

သည်ကိစ္စလေး လုပ်ရန်ပင် ကျွန်တော့်မှာ ချီတုံချတုံနှင့် ဝေခွဲမရ ဖြစ်နေမိသည်။

နောက်ဆုံးတော့ စာလေးကို စာရေး စားပွဲပေါ်မှာပင် တင်ထားသည်။ လွင့်မကျစေရန် မင်အိုးနှင့်ဖိထားသည်။ကွက်ကွက်ကွင်းကွင်းမြင်နိုင်ပါစေဟု စားပွဲပေါ်တွင် အခြား ဘာမျှ မရှိရန် ဖယ်ရှားရသေးသည်။

ဩော်...မမဝေ ပြန်ရောက်၍ ကျွန်တော့်ကို မတွေ့လျှင် ပူပန်ရှာဦးမည်။

ကျွန်တော်သည် အိမ်ရှေ့ တံခါးများကို မပိတ်ဘဲ တမင် ဖွင့်ထားခဲ့သည်။ လှေကားထိပ်မှ သံဇကာ တံခါးကိုသာ ပိတ်ပြီး သော့ခတ်ထားခဲ့၏။

မိုးစိမ့်စိမ့်တွင် ထီးဆောင်းပြီး အိမ်မှ ကျွန်တော် ထွက် လာခဲ့သည်။ လမ်းမှာတွေ့သမျှ လူတိုင်းကိုလည်း ကြည့်ရသေး-သည်။

သံတံတားကိုကျော်ပြီး အစောက်ကြည့်မြင်တိုင် လမ်းမကြီး ဆီ ရောက်လာခဲ့သည်။ မိုးကြောင့် လူပြတ်နေသော ပန်းပင် ကြီး လမ်းအတိုင်း ကြည့်မြင်တိုင် ကမ်းနားဈေးအထိ ကျွန် တော် ဆက်လျှောက်သည်။

စိတ်က လောနေသောကြောင့် အတန်လှမ်းသော သည့်ခရီးကိုလှမ်းမှန်းသတိမပြုမိ၊ မြန်မြန်လျှောက်သဖြင့် အသက်ရှူ ပြင်းနေသော်လည်း မောသည်ကို မခံစားရ၊

လက်ရုံးကားဂိတ် ရုံးကတော့ မီးထိန်နေသည်။တာဝန်ကျ လူသုံးဦးလည်း ရှိနေသည်။ ဘတ်စ်ကားကြီးများက ဝင်ဆဲ ထွက်ဆဲတည်း။ မိုးရွာပြီး.. ညရောက်သော်လည်း လူတွေ သွားဆဲလာဆဲပါတကား။ ဩော်....မမဝေလည်း ပြန်ရောက် နိုင်သေးသည်။ ခုဆို အိမ်များ ပြန်ရောက်နေပြီလော။ ကျွန် တော့စာလေးကို တွေ့မှတွေ့ပါမည်လော။

ကားဂိတ်ရုံးမှ လူတစ်ဦး အနီးသို့ ကျွန်တော် ချဉ်းကပ် သွားသည်။

“ဘာကိစ်စလဲ”

“ဩော်...နောင်ကြီးရယ်၊ ကျွန်တော် တစ်ခု စုံစမ်းချင် လို့ပါ”

“စုံစမ်းချင်လို့၊ ဆိုပါဦး”

ခက်သည်ကား ဘယ်ပုံ စကားစရမှန်းမသိ။

“ဒီလိုပါခင်ဗျာ၊ ဟိုဒင်း၊ ကျွန်တော့်ဇနီးက လူကြီးမင်းတို့ ကားနဲ့ နေ့တိုင်း ရုံးကပြန်ပါတယ်၊ အဲဒါ ဒီနေ့ ပြန်မရောက် သေးလို့”

“ဗျာ...အဲဒါနဲ့ ကျွန်တော်တို့က ဘာဆိုင်လို့လဲ”

“ဟုတ်ပါတယ်၊ ကျွန်တော်သိချင်တာက ....နောင် ကြီးတို့ ကားတစ်စီးစီးများ

တစ်ခုခုဖြစ်သလားလို့”

“ဘယ်လို၊ ဘာ…ဘာ တစ်ခုခုဖြစ်ရမှာလဲ”

“ကားချင်းတိုက်မိတာတို့၊ မှောက်တာတို့၊ အဲဒါမျိုး”

ကျွန်တော့်စကားမဆုံးခင် ထိုသူက အော်သည်။

“ဟော့လူ ဘာနိမိတ်မရှိ နမာမရှိတွေ လာပြောနေသလဲ”

‘စုံစမ်းတာပါခင်ဗျာ၊ မကြိုက်ရင်လဲ ခွင့်လွှတ်ပါ၊ တောင်း ပန်ပါတယ်”

ကျွန်တော်က လေသံကို အပျော့ဆုံးထားပြီးပြောမှ ထိုသူ ၏ ရုတ်တရက် တင်းသွားသောမျက်နှာသည် ပြန်လျော့သွား၏။

“ကျွန်တော်တို့လိုင်းမှာ ဒီနေ့ ဘာ မတော်တဆမှုမှမရှိဘူး”

“သေချာပါတယ်နော်”

“ကိုယ့်လူကို ကျုပ်က ဘာလို့ ညာရမှာလဲ၊ ခင်ဗျား မယုံရင် မော်တော်ပီကယ်ရုံး သွားမေးပါလား”

သူက ဘုမှုတ်သော်လည်း ကျွန်တော်က ဘောက်ပြန်မလုပ်နိုင်ပါ။ သူ့ဆီကအဖြေသည် ကျွန်တော့်အတွက် စိတ်သက်သာဖွယ်ရာပင် ဖြစ်နေသည်။

“စိတ်မဆိုးပါနဲ့ ခင်ဗျာ၊ အခုလောက်သိရတာ ကျေးဇူး တင်လှပါတယ်”

ကားဂိတ်ရုံးမှ ကျွန်တော် ထွက်လာသောအခါ၌ လက်ရုံး ကားတစ်စီးက ထွက်ခါနီးနေပြီ။ ကျွန်တော်က ထိုကားပေါ်သို့ တက်လိုက်၏။ မထူးပြီ၊ မမဝေတို့ ရုံးအထိ လိုက်မည်။

လက်ရုံးကားသည် နာမည်ကြီးအခေါင် ကြမ်းသည်၊ ရမ်း သည်။ နေ့ကြောင်တောင် လူစည်ချိန်မှာပင် ကြောက်စရာ အရှိန်နှင့် မောင်းတတ်သည်။

ယခု ကားပေါ်မှာ ခရီးသည်မများလှ။ မိုးကြောင့် လမ်း ကလည်း ရှင်းသည်။ ညလည်း ဖြစ်သေး၏။ ဒရိုင်ဘာက ကား ကို ပြိုင်ကားနှုန်းတမျှနှင့် မောင်းသည်၊

ကျွန်တော် မကြောက်နိုင်ပါ၊ မြို့တွင်းသို့ အရောက်နှေးလှ သည်ပင် ထင်မိ၏။

မမဝေတို့ ရုံးတည်ရာ ရိုးကုမ္ပဏီ အဆောက်အအုံကြီးသို့ ကျွန်တော် ရောက်လာခဲ့သည်။ မျက်နှာစာ တံခါးကြီးမှ ဒရဝမ်ကား ကုလားလူမျိုးဖြစ်၏။ သူက အဓောက်ထပ်ရှိ ကုမ္ပဏီ၏ ဒရဝမ်ဖြစ်သည်။

ကုမ္ပဏီဒရဝမ် ညွှန်ပြသောကြောင့် ဘေးဘက်လှေကားဆီ ကျွန်တော် သွား၏။ အဲသည်က ဒရဝမ်ကမူ မြန်မာလူမျိုး ဖြစ်၏။

“နောင်ကြီးက သန်းခေါင်စာရင်းမင်းကြီး ရုံးစောင့်လား”

"ဟုတ်တယ်"

"ညမျှား အလုပ်ဆင်းနေကြသေးလားခင်ဗျာ"

"ဘာရယ်"

"ဩော်.....ဒီည အိုဗာတိုင်များ ရှိသလားလို့"

"ကြံကြီးစည်ရာ၊ ရှိလဲ ဒီအချိန်အထိ ... ဘယ်နေမလဲ"

"ဩော်...ဟုတ်ကဲ့၊ ဒါထက် ဒီရုံးက ဘီစီ ဒေါ်ဝေဝေ ဆိုတာများ သိပါသလား"

"ဘီစီတွေက အများကြီး ဘယ်သိမလဲ၊ ပြီးတော့ ကျုပ် က ညစောင့်ဗျ၊ ကျုပ်ရောက်တဲ့အချိန် ရုံးက လူရှိတော့တာ မျိုးမှ မဟုတ်ဘဲ"

ကိစ္စက ပြတ်လေပြီ။ ကျွန်တော် ဘာများဆက်လုပ်နိုင်ပါမည်နည်း။

ကျွန်တော့်မှာ အားငယ်သွားမိသည်။ မြို့တော်ခန်းမကြီးရှေ့ ပလက်ဖောင်းပေါ်၌ ရပ်ပြီး ခေတ္တငိုင်နေမိ၏။

ရန်ကုန်မြို့ကြီးက ကျွန်တော့် ရှေ့မှောက်တွင် ကြီးကျယ်လှစွ။ သည်မြို့ကြီးအလယ် ဘယ်နေရာတွင် မမဝေက ရှိနေပါ သနည်း။ သည်မြို့ကျယ်ကြီးတစ်ခွင် နှံ့အောင် ကျွန်တော်က ဘယ်လို လိုက်ရှာပါမည်နည်း၊

ဩော်... မျှော်လင့်ချက်ကတော့ မကုန်သေး။ သည်အချိန် လောက်ဆိုလျှင် မမဝေ အိမ်များပြန်ရောက်နေပြီလော။

လက်ရုံးကားစီး၍ လာလမ်းအတိုင်း ကျွန်တော် ပြန်တံ့ခဲ့ရသည်။

ကျွန်တော်တို့လမ်းသို့ ကျွန်တော်ပြန်ရောက်ချိန်၌ တစ်ရပ်ကွက်လုံး အိပ်ကုန်ကြပြီ။ အိမ်တိုင်း တံခါးပိတ်၍ လမ်းပေါ် မှာ လူသူကင်းဆိတ်ဘိသည်။

ကျွန်တော်တို့ အိမ်လေးကသာ မီးလင်းနေသည်၊ တံခါးဝကနေ၍ မမဝေသည် ... ဝမ်းသာဇောလေးနှင့် ကျွန်တော်ကို ကြိုဆိုလေမည်လော။

သံဇကာတံခါးဆီလှမ်းကြည့်မိသောအခါ မျှော်လင့်သမျှမောရသည်။

အပြင်ဘက်တွင် သော့ခလောက်က ကျွန်တော်ခတ်ထားခဲ့သည့် အတိုင်းပင်။

အိမ်ပေါ်ရောက်သောအခါ ကျွန်တော်သည် ခြေပစ်လက်ပစ် ထိုင်မိသည်။

ည ဆယ့်တစ်နာရီ ထိုးတော့မည်။ သည်အချိန်မှ ရောက် မလာတော့ မမဝေ တစ်ခုခုဖြစ်ပြီ။ ဘာဖြစ်သနည်း။ မမဝေ ဘာဖြစ်ရှာပြီနည်း။

ဘယ်သူ့ဆီမှာ ကျွန်တော်က ဘယ်လိုမေးရပါမည်နည်း။

မြို့ပေါ်တွင် မမဝေ၏ သူငယ်ချင်းတွေရှိမှန်း ကျွန်တော်သိသည်။ 'သို့ရာတွင်

သူတို့ကို ကျွန်တော်မသိ။ သူတို့ နေရပ် လိပ်စာကိုလည်း မသိ။

ပင်ပန်းနွမ်းနယ်စွာဖြင့် ကျွန်တော်သည် မီးဖိုခန်းဆီ ထွက် ခဲ့၏။

မီးဖိုများတွင် မီးငြိမ်းသည်မှာ ကြာပြီ၊ ထမင်းတွေ ဟင်း တွေလည်း အေးစက်ရော့မည်။

မမဝေ နောက်ကျ၍ရောက်လာလျှင် အဆင်သင့် ခူးစားရုံ ရှိရန် ထမင်းစားပွဲကို ကျွန်တော်ပြင်ထားခဲ့သည်။ စားပွဲဝိုင်း လေးပေါ်မှာ ထမင်းပန်းကန်နှစ်ချပ်နှင့် ဟင်းပန်းကန်လေး တွေက မှောက်လျက်သား။

စကားတပြောပြောနှင့် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ထမင်းစားမြိန်ရသည်ကို သတိရသည်။ ထမင်းစားပြီးလျှင် အိုးခွက်ပန်းကန်တွေကို လုဆေးကြသည်။

ကျွန်တော့်ရင်မှာဆို့ပြီး နင့်နေသည်။ ထမင်းလည်း စား ချင်စိတ် မရှိပြီ။

အိမ်ရှေ့ပြန်ထွက်လာပြီး ခါးပန်းမှာ ကျွန်တော် ငူငူထိုင်မိ သည်။

ညက တိတ်ဆိတ်လှသည်။ တိတ်ဆိတ်ရုံမကပါ။ ဆိတ်သုဉ်း လှသည်။ ဆိတ်သုဉ်းသော သည်ညလယ်မှာ ကျွန်တော် တစ်ယောက်တည်း အသက်ရှင်နေရသည် ထင်သည်။

ရုံးမှာလည်း မမဝေ မရှိပြီ၊ ကားဂိတ်ရုံးမှလူ၏စကားအရ ယနေ့သည်ကားလိုင်းတွင် မတော်တဆဖြစ်မှု လုံးဝမရှိဆို သည်။

လူပျောက်အဖြစ်နှင့် ရဲကိုတိုင်ရမည်လော။ . ပျောက်သည် ဟုကော ဘယ်ပုံတစ်ထစ်ချ ဆိုရမည်နည်း၊ ရဲတိုင်ခြင်းကတော့ နောက်ဆုံးအဆင့်ဖြစ်သည်။ သည်တစ်ညတော့ စောင့်ရဦးမည်။ နောက်တစ်နေ့မှာ ရှာရဦးမည်။ မတွေ့တော့မှ ရဲတိုင်တန် ထိုင်ရမည်။

အတွေးတွေ ဟိုရောက် သည်ရောက်မှ ဟိုတစ်နေ့က မမဝေပြောခဲ့သော စကားလေးများကို ပြန်ကြားယောင်လာသည်။ ...မောင်နဲ့ မမဝေကွဲသွားရင်.. မဦးမချွတ် သည်စကားကို မမဝေက ဘာကြောင့် သုံးခဲ့ရပါသနည်း။

ကျွန်တော်တို့ကို မည်သူက ခွဲကြမည်နည်း။ သူ့ မိဘတွေ ကတော့ ဖြစ်နိုင်လျှင် ဖြစ်သည့်နည်းဖြင့် ခွဲကြပေမည်။ ယခု - သူ့ မိဘတွေ လိုက်လာပြီး အတင်း ခေါ်ဆောင်သွားကြပြီ လော၊ ဒါကလည်း မဖြစ်နိုင်၊ မမဝေက ကလေးလေးမဟုတ်၊ မမဝေ သဘောမတူဘဲ ဇွတ်ဆွဲခေါ်၍ရမည်မဟုတ်၊ ကြောက်လန့်ပြီး ပြန်လိုက်သွားသည် ဆိုရအောင်လည်း မမဝေ၏ စိတ်ဓာတ်က ဤမျှ မပျော့။ မမဝေ စိတ်ကို ကျွန်တော် သိသည်။ နုနုလေးယောင်ယောင်နှင့် သူ့ မှန်သည် ထင်က အလွန်မာသည်။

မမဝေ ကိုယ်တိုင်ကများ... ကျွန်တော် ထိတ်လန့်သွားသည်။ ဘာပဲပြောပြော မမဝေက စိတ်ကူးတော့ ယဉ်တတ်သည်။

ကျွန်တော့်ကို စိတ်ကူးယဉ်နှင့် ချစ်ခဲ့လေသည်လော သို့မဟုတ် ချစ်ခဲ့လေ၍ စိတ်ကူးယဉ်ယဉ်နှင့် သူ့ကိုယ်သူ အနစ်နာခံပြီး သူ ဖြစ်စေချင်တာလေးတွေကို လုပ်ပေးသွားရှာသလော။

ကျွန်တော့်ကို စာရေးဆရာဘဝရောက်ရုံ သူ တတ်စွမ်းသမျှ ပါရမီဖြည့်ပေးသွားရှာသလော၊ ဝတ္ထုကြီးပြီး၍ အောင်မြင်ခြင်း လမ်းမပေါ် ကျွန်တော် စတင်ရောက်ပြီဟု ယုံကြည်နိုင်ပြီမို့ စွန့်ခွာပြေးပြီလော။

ဟင့်အင်း..မဖြစ်နိုင်ပါ။ မမဝေသည် ကျွန်တော့် ကို ချစ် သည်။ မမဝေ ကျွန်တော့်ကို ဘယ်လောက်ချစ်သည်ကို ကျွန် တော် အသိဆုံးပါ။

ညက နက်သည်ထက် နက်လာခဲ့သည်။ ကျွန်တော် မအိပ်ချင်ပါ။ အိပ်လည်း မအိပ်နိုင်ပါ။ စောင့်ပါမည်။ မိုးလင်းအထိ ထိုင်စောင့်မည်။

တိတ်ဆိတ်သောညမှာ တစ်ခါတစ်ရံ လမ်းပေါ်မှ ခြေသံလိုလို ကြားရသည်။

လှေကားထိပ်ထွက်ပြီး မျှော်ကြည့်ရပေါင်းလည်း မရေ တွက်နိုင်ပြီ။

တစ်ခါတစ်ရံ အဝေးမှ ကားသံကြားရသည်။ လမ်းထဲ ဝင်လာမည်လော။ မမဝေ ပါလာမည်လော ဘာကားမျိုး ဖြစ်မည်နည်း။

ကားသံတွေက အဝေးမှလာပြီး အဝေးမှာ ပျောက်သွား ကြသည်။

အပြီးသတ်ကျတော့ ဆိတ်သုဉ်းသော ညရယ်၊ ကျွန်တော်ရယ်၊ ဒါပါပဲ။

ရင်က ပူလှသည်။ တစ်စုံတစ်ရာသော အလုံးကြီးကလည်း ရင်ဝမှာ ဆို့နေသည်။ စိုးရိမ်မှုမျိုးစုံကလည်း နှိပ်စက်ဘိ သည်။

ကလေး ဆိုလျှင်တော့လည်း အော်ငို လိုက် ချင် သည်။ အဓိပ္ပာယ်မဲ့ ခေါင်းကို တိုင်နှင့် ဆောင့်ချင်သည်။

တောကြီး တောင်ကြီး ကန္တာရခရီးမှာဆိုလျှင်ကလည်း “မမဝေရေ…”ဟု တကြော်ကြော် အော်ခေါ်ရကောင်းရဲ့။

ဪ……လကွယ်သောည၊

နမဘယ်ဆီ၊

ရောက်ခဲ့ပြီနည်း၊

နာရီပြန်ညှောင်း၊

ညပေါင်းရင့်ရှည်၊

မှောင်သည်ပိန်းပိန်း၊

သန်းယိမ်းလွန်လွန်၊

တံခွန်သောက်ရှူး၊

အရုဏ်ကူးစေ၊

ချစ်ဦးသူကို စောင့်ပါမည်။

ကျွန်တော် စပ်ခဲ့မိသည့် ကဗျာပါ။ ယခုတော့ သည်ကဗျာ အတိုင်း ကြုံမှ ကြုံလေရသည်။

စောင့်ရပါမည်။ အကယ်ပင် အရုဏ်ကူး၍ မိုးစင်စင်လင်း စေ၊ ကျွန်တော် စောင့်ရပါမည်။

စောင့်ရင်းမှာ တင်းသည့်ကြားမှ မျက်ရည်တော့ ဖြိုင်ဖြိုင်ကျမိပါသတည်း။

■

ရှည်လျားလှသော ညသည် နောက်ဆုံး၌ ကုန်လွန်ပြီး မိုး လင်း၏။

ထိုင်စောင့်ရင်းက တစ်ချက်တစ်ချက်တွင် ငိုက်မိသည်မှ တစ်ပါးလုံးဝ မအိပ်ခဲ့သောကြောင့် ကျွန်တော် ခေါင်းတွင်းမှာ မူးရီ နောက်ကျိနေသည်။

မျှော်လင့်ချက်ကြိုးမျှင်က တဲတဲပင် ရှိတော့သော်လည်း မပြတ်ချင်သေး။

တစ်ကြောင်းကြောင်းကြောင့် ညက ပေါ်မလာပေမယ့် နံနက်မှာ မမဝေ ပြန်လာနိုင်သေးသည်။

ပြန်မလာရင်တော့ ရှာရမည်။ ပျောက်သောသူ ရှာလျှင် တွေ့။သည်စကားကို အားကိုးပြီး ရှာရမည်။ ရန်ကုန်တစ်မြို့လုံး ရှာရပါစေ၊ တစ်ကမ္ဘာလုံးမှာ ရှာရပါစေ၊ ရှာရမည်။ မမဝေကို ရှာရမည်။

လန်းလာအောင်ဟု ကျွန်တော်သည် ရေချိုးပစ်လိုက်သည်။ စားချင်သောက်ချင်စိတ် မရှိသော်လည်း အားရှိအောင် ဇွတ် မှို စားသောက်ရသည်။

မျှော်လင့်ချက် ကြိုးမျှင် တဲတဲကြောင့် နံနက်ကိုးနာရီထိအောင်တော့ အိမ်မှာ ထိုင်စောင့်နေမိသေးသည်။ ကိုးနာရီ ကျော်သောအခါ အမှာစာလေး တစ်စောင် ထပ်ရေးထားခဲ့ပြီး အိမ်မှ ကျွန်တော် ထွက်လာခဲ့၏။

မမဝေတို့ရုံးကိုပင် အရင်လာခဲ့သည်။ ရှာပုံတော်ကို သည်က စရမည်။

ရိုးကုမ္ပဏီ ဘေးဘက် လှေကားမှ ကျွန်တော် တက်လာခဲ့ သည်။ မမဝေတို့ရုံးက သုံးထပ်မှာရှိသည်။ ..

ခန်းမကျယ်ကြီးတွင် စားပွဲအသီးသီးနှင့် စာရေးစာချီတွေ များလှသည်။ တစ်ဦးလျှင် စားပွဲတစ်လုံးတော့ မဟုတ်။ စားပွဲ ရှည်ကြီးများကို တန်းချထား၏။ လူတွေက ဟိုဘက်သည်ဘက် မျက်နှာချင်းဆိုင် ထိုင်ကြသည်။ တစ်ထောင့်က ယာယီ ကာထားပုံ ရသော အခန်း တစ်ခုနှစ်ခုကတော့ အရာရှိများအခန်း ဖြစ်ပုံရ သည်။

စားပွဲရှည်တစ်လုံးမှ စာရေးမလေးများထံ ကပ်သွားပြီး ကျွန်တော်က စုံစမ်းသည်၊

"ဒေါ်ဝေဝေ့ဆက်ရှင်က ဘယ်နားမှာလဲ ခင်ဗျာ"

စာရေးမလေးတစ်ဦးက ခပ်လှမ်းလှမ်းရှိ စားပွဲရှည် တစ်လုံးဆီ ညွှန်ပြ၏။

ယင်းစားပွဲမှာလည်း မျက်နှာချင်းဆိုင်ထိုင် အလုပ် လုပ် နေကြသော စာရေးမများနှင့် စာရေးများ ရှိကြ၏။ ထိပ်က နေရာတွင်မူ လူလွတ်နေ၏။

ကျွန်တော်က ယောကျ်ားစာရေးတစ်ဦးအနီး ကပ်၍ မေးသည်။

"ဒါ ဒေါ်ဝေဝေ ဆက်ရှင်နော်"

'ဟုတ်ပါတယ်"

'ဒေါ်ဝေဝေကော ခင်ဗျာ"

စားပွဲမှ လူအားလုံးသည် ကျွန်တော့်ကို ဝိုင်းကြည့်ကြမှန်း ကျွန်တော် သတိပြုမိသည်။

"ဒေါ်ဝေဝေ ရုံးမတက်နိုင်ဘူး ခင်ဗျ'

"ခင်ဗျာ..ရုံးမတက်နိုင်ဘူး"

"ဟုတ်တယ်၊ ကျွန်တော်တို့ အားလုံး စိတ်မကောင်း ဖြစ် နေကြတယ်"

ထိုသူက မျက်နှာညှိုးညှိုးဖြင့် ခေါင်းခါပြရင်း .ပြော၏။

"ခင်ဗျာ...ဒေါ်ဝေဝေ ဘာဖြစ်လို့လဲဟင်"

"ဒေါ်ဝေဝေက ဆေးရုံကြီးမှာ အတွင်းလူနာတဲ့ ခင်ဗျာ"

သူ ဘာဆက်ပြောသေးသနည်း။ မပြောဘဲနှင့် ရပ်လိုက် သည်လော။ ကျွန်တော် မသိပါ။ ဘာမျှ ဆက်မကြားပါ။ ဆေးရုံကြီးမှာ အတွင်းလူနာ၊ သည့်စကားရပ်များကသာ နားတွင်း စူးဝင်သွားသည်။ မဟုတ်ပါ။ မကပါ။ရင်နှလုံးတွင်း စူးဝင်သွားသည်။

ထိုသူခမျာက မျက်လုံးကြီးပြူးပြီး ကျွန်တော့်ကို စိုက်ကြည့် နေသေးသည်။ ပြီးမှ လှုပ်ရှားလာ၍ နေရာမှထကာ သူ့ ကုလားထိုင်ကို ကျွန်တော့်ဆီ ထိုးပေး၏။

"ထိုင်.....ထိုင်ဦး ခင်ဗျ၊ ခင်ဗျား ဘာဖြစ်သွားသလဲ"

သူ့ကို ကျွန်တော် ကျေးဇူးတင်သည်။ သူ ထိုးပေးသော ကုလားထိုင်ပေါ်သို့ ကိုယ်ကို ပုံချထိုင်လိုက်ရ၏။

"ခင်ဗျား...ဒေါ်ဝေဝေနဲ့ ဘာတော်သလဲ"

"ခင်ဗျာ"

"ခင်ဗျားနဲ့ ဒေါ်ဝေဝေနဲ့ ဘာတော်သလဲ"

"ဒေါ်ဝေဝေက ကျွန်တော့်....."

စကားမဆုံးဘဲ သူ့ကိုသာ ကျွန်တော်က ငေးကြောင်ကြည့်မိ၏။

သူ့ ကို စာနာ နားလည်ဟန် ပြုံးပြ၏။

"ခဏလေးနေဦးနော်၊ ဟော်...အတော်ပဲ၊ ဟိုမှာ မမရှင် လာနေပြီ၊ မမရှင်ရေ....ဟောဒီမှာ မမဝေကို လာမေးတယ်"

ကျွန်တော့်ရှေ့ လာရပ်သူက မမဝေနှင့်ရွယ်တူခန့် မွန်မွန်ရည်ရည်ရှိသော အမျိုးသမီး တစ်ဦး ဖြစ်သည်။

"ဒေါ်ဝေဝေ့ကို လာမေးသလား၊ ဟုတ်လား'

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"ဒေါ်ဝေဝေက ဆေးရုံကြီးမှာ"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဆေးရုံကြီးမှာ၊ ဘာဖြစ်သလဲ၊ မမဝေ ဘာဖြစ်သလဲ"

"မမဝေလို့ မင်းက ခေါ်လိုက်တယ်၊ ဒေါ်ဝေဝေနဲ့ မင်း ဘာတော်လို့လဲဟင်"

သည်မေးခွန်းက လာပြန်ချေပြီ၊

"ကျွန်တော် မမဝေရဲ့ မောင်၊ မောင်..ပါ'

"အရင်းလား၊ ဝမ်းကွဲထင်တယ်နော်'

ကျွန်တော်က ခေါင်းကို ယောင်ယောင် ညိတ်ပြ၏။

"ဒါဖြင့် သူ့မိဘတွေကို သိမှာပေ့ါ၊ ဒေါ်ဝေဝေ့မိဘတွေ လေ၊ သူတို့လဲ အခု ဆေးရုံကြီးမှာ၊ မမရှင် ဒီမနက် ဆေးရုံဝင်ခဲ့သေးတယ်၊ ခုနင်က အကျိုးအကြောင်းကို အရာရှိဆီ သတင်း သွားပို့တာ"

"မမရှင်က မမဝေ့ သူငယ်ချင်းပါလား"

"မဟုတ်ပါဘူး၊ မမရှင်က ဒီက အထက်တန်း စာရေးပါ၊ ဖြစ်တဲ့နေ့က အဲ....ဖြစ်တဲ့နေရာမှာ ဒေါ်ဝေဝေနဲ့ အတူတူ ရှိနေခဲ့တယ်"

"မမဝေ ဘာဖြစ်တာလဲ၊ ကျွန်တော့်ကို ပြောပြပါလား ခင်ဗျာ"

"မမရှင်က အလုံမှာ နေတယ်၊ ဒေါ်ဝေဝေနဲ့ အပြန်မှာ ကားလိုင်းတစ်လိုင်းတည်း စီးနေကျပါ၊မနေ့ကတော့ မိုးကရွာပြီး ကားတွေက သိပ်ကျပ်လို့ ရုံးတွေနား နီးတဲ့ ဒီနားမှတ်တိုင်က မစီးဘဲ လွစ်စ်လမ်းမှတ်တိုင်က

ကြိုစီးမယ်ဆို သွားကြတယ်၊ ကားတစ်စီးဆိုက်လာတော့ လူကျပ်လို့ မစီးသေးဘူးလို့ နှစ်ဦး သဘောတူ ဆုံးဖြတ်ကြတယ်၊ အဲဒီတုန်း ဆီဒင်ကားတစ်စီးက လှမ်းမကမ်းမှာ ဖြုန်းဆို ရပ်လာတယ်၊ ဘတ်စ်ကားကလဲ စထွက်ပြီ၊ ဘာမပြော ညာမပြောနဲ့ ဒေါ်ဝေဝေဟာ အဲဒီ ထွက်စ ကားပေါ်ကို အတင်းတွယ်ပြီး အတက်လိုက်မှာ လိမ့်ကျ ကျန်ရစ်တယ်၊ ခေါင်းက ပက်လက်ဖောင်းနဲ့ ရိုက်မိပြီး ခွေခွေလေး မလှုပ်နိုင်ရှာတော့ဘူး၊ မမရှင်လဲ အတင်းဝင်ပွေ့ တာပဲ၊ ဒီတုန်း မိန်းမကြီးတစ်ယောက်နဲ့ လူကြီးတစ်ဦး ရောက်လာတယ်၊ မိန်းမကြီးက ဒေါ်ဝေဝေကို အတင်းဝင်ဖက်တယ်၊ ပါးစပ်ကလဲ. သမီးရေ...ဝေဝေရေ၊ သမီးမေမေလေနဲ့ ကွယ်..အရှူးတစ်ပိုင်းပါပဲ၊ အတိုပြောရရင်တော့ စောစောက ဆိုက်လာတဲ့ ဆီဒင်ကားပေါ် ဒေါ်ဝေဝေကို တင်ပြီး သူတို့နဲ့အတူ မမရှင်လဲ ဆေးရုံကြီးကို လိုက်သွားတာပဲ၊ ဆေးရုံကြီးရောက်တဲ့အထိလဲ ဒေါ်ဝေဝေ သတိမရ သေးဘူး”

ကျွန်တော်က မမရှင် ဆိုသူကို ငေးကြည့်နေမိသည်။ သူ ပြောနေသော စကားတွေကို ကြားပါ၏။ ကြားလျက်က မယုံချင်။ မယုံရဲ။ ရင်တွင်း၌သာ လှိုင်းတွေ တက်လာသကဲ့သို့ ခံစားနေရသည်။

“မမရှင်လဲ မပြန်နိုင်ဘူး၊ ဒေါ်မမဝေက လှသလောက် သဘောကောင်းတယ်လေ၊ မမရှင်ထက် ရာထူးကြီးပေမယ့် သူက နှစ်နှစ်လောက်ငယ်တယ်၊ မမရှင်က သူ့ကို ညီမ တစ်ယောက်လို ချစ်နေတာ၊ အဲဒါကြောင့် ဒေါ်ဝေဝေ သတိ မရမချင်း မမရှင်လဲ အိမ်ကို မပြန်နိုင်ဘူး”

ကျွန်တော့်မျက်လုံးများမှ မျက်ရည်တွေ ကျတော့မည်ကို ကျွန်တော် သတိပြုမိသည်။တားဆီးရန် ကျွန်တော် မကြိုးစား၊ ဘယ်လိုကော တားဆီးနိုင်ပါမည်နည်း။

“ညရှစ်နာရီလောက်ကျမှ ဒေါ်ဝေဝေ သတိပြန်လည်လာ တယ်၊ ဒါပေမယ့် စကားတွေ ဘာတွေ မပြောနိုင်ပါဘူး၊သတိ ပြန်လည်လာရုံလေးနဲ့ တူပါတယ်၊ ဒီလောက်ဆို စိတ်နည်းနည်း သက်သာရတာမို့ မမရှင်လဲ အဲဒီတော့မှ အိမ်ကိုပြန်တယ်၊ ဒီမနက် ဝင်ကြည့်တော့ အခြေအနေတိုးတက်လာတယ်ဆိုရမယ်ထင်တယ်။ မျက်လုံးဖွင့်ပြီး စကားတစ်လုံးနှစ်လုံး ပြောတယ်တဲ့၊ ဒါပေမယ့် ဘာမှ ကြည်ကြည်လင်လင် ရှိသေးဟန်မတူဘူး၊ သူတို့ပြောတာက ခေါင်းမှာ ဘယ်ဘက်စောင်း လောက်က အရိုးအက်သွားတယ် တဲ့၊ ဦးနှောက်အတွင်းသား ထိမထိတော့ အသေအချာ မသိရသေးဘူးတဲ့၊ မထိပါစေနဲ့လို့ မမရှင် ဆုတောင်းတယ်”

မမရှင်သည် စကားကို အဆုံးသတ်လိုက်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေ၏။

“အလို...ငါ့မောင်၊ မင်း ဘာဖြစ်သလဲ၊ အို... မင်း ငိုနေ တယ်”

ကြာလျှင် ဣန္ဒြေပိုပျက်ရ ချေတော့မည်။ သိထိုက်သည်ကို လည်း သိပြီမို့ နေရာမှ အားယူပြီး ကျွန်တော် ထသည်။

“မမဝေဟာ ရန်ကုန်ဆေးရုံကြီးပေါ်မှာပါ နော်”

“ဟုတ်တယ်၊ပိုက်ဆံခန်းမှာ ညကတည်းက သူတို့ထားတယ်၊

အထူးနာ့စ်တောင်မှ နှစ်ယောက်ငှားထားတယ်၊ သူ့မိဘတွေက ချမ်းသာပုံရတယ်၊ အင်းလေ..မင်း သိမှာပေါ့”

“အခုလောက်သိရလို့ ကျွန်တော် ကျေးဇူးတင်လှပါတယ်၊ ကျွန်တော့် ကို ခွင့်ပြုပါ”

ရုံးပေါ်မှ ဘယ်လိုဆင်းလာခဲ့သည်ကို ကျွန်တော် မမှတ်မိပါ။ ဆေးရုံကြီးဆီကို ဘယ်လမ်းကလျှောက်ပြီး ဘယ်ပုံရောက် လာမှန်းလည်း မသိပါ။

ထိခိုက်ဒဏ်ရာရသူများထားရာ ဝဒ်ကိုတော့ ဆေးရုံကြီး ရောက်မှ စုံစမ်းယူရသည်။

ရန်ကုန်ဆေးရုံကြီးကို ကျွန်တော် တစ်ခေါက်မျှ မရောက်ဖူးပါ။ ဆေးရုံစည်းကမ်းများကိုလည်း နားမလည်ပါ။

ဝဒ်တွင်းအဝင်တွင်အဝ၌ ကုလားလူမျိုး အစောင့်နှင့် တိုးတော့၏။

“ညေ့ဒယ်....ဒီးအချိန် မလားနဲ့လားတယ်နော်....ညာနေး မှ လာဘား”

ခက်ချေပြီ။ ဘာလုပ်ရမည်နည်း။ သည်ရောက်မှ မမဝေကို ` မတွေ့ရဘဲ ကျွန်တော် မပြန်နိုင်ပြီ။

နံနက်က မမရှင် တစ်ခေါက် ဝင်ခဲ့သေးသည်ဆိုခြင်းကို ကျွန်တော် သွားသတိရသည်။ နည်းက ရှိပေလိမ့်မည်။

ကျွန်တော်က အိတ်တွင်းမှပိုက်ဆံနိုက်ထုတ်သည်။ကျပ်တန် နှစ်ရွက်ကို မောင်မင်းကြီးသား လက်တွင်းသို့ ထည့်လိုက် ရ၏။

“နင် ဘယ်ဒူးကို သွားတွေ့မလဲ”

“ခေါင်းမှာ ဒဏ်ရာရတဲ့ လူနာ၊ မိန်းမတစ်ယောက်လေ၊ ပိုက်ဆံခန်းမှာ၊ ဘယ်အခန်းလဲ၊ မင်း သိသလား”

“ဟာ...တိဒယ်၊ တာဒွေး...တာဒွေးတာမီး၊ဒီမှာတွားတယ်၊ တိခန်း.....နိုခန်း....တုံးခန်း၊ နင် ဆစ်စတာ တိဒလား၊ လုံးဂျီးအာရှိမ်း ဝတ်တယ်၊ တူမေးတယ်နော်......ထမင်းလာပို့ ဒယ် ပြောဘား”

ဝဒ်တွင်းမှာ လူသူရှင်းသည်။ ထဘီအစိမ်းနှင့် စစ်စတာ ကိုလည်း မတွေ့ပါ၊

တွေ့ရသည်ကတော့....

ဦးထင်အောင်နှင့် ဒေါ်လှနု။ မမဝေ၏ အဖေနှင့် အမေပါ။

ကျွန်တော့်ကို မြင်သည်ခဏ၌ ဦးထင်အောင်၏ မျက်နှာသည် နီရဲတင်းမာသွားသည်။ အခန်းဝတွင် ကာဆီးဟန် မားမားကြီးရပ်လိုက်ပြီး ဆို၏။

“သြော်......လက်စသတ်တော့ ဒီလိုကိုး၊ မင်းက လိုက်လာ တယ်နော်”

သည့်အခြေအနေမျိုးအတွက် ကျွန်တော့်မှာပြင်ဆင်ထား ချက် မရှိ။ ခက်ထန်သော ဦးထင်အောင်၏မျက်နှာကိုသာ ငေး ကြည့်မိသည်၊

“ဒီမှာမင်း ဘာမှလာမရှုပ်နဲ့၊ မင်း ဒီက ခုချက်ချင်း ထွက်သွားပါ”

ဪ...သူဌေးမင်း၊ ဆေးရုံကြီးကို သူ့ စက်ဝင်း ထင်လေ သလော၊ တစ်လောကလုံးပေါ် သူ့အာဏာ တည်သည်ဟု ထင်လေသလော။

ကျွန်တော်က စိတ်ကို တည်ငြိမ်စွာ ထားလိုက်သည်။ ဖြစ်သမျှ ရင်ဆိုင်ရတော့မည်။

“ဦးလေးကို ရိုသေစွာ တောင်းပန်ပါတယ်၊ မမဝေကို ကျွန်တော် ကြည့်ပါရစေ”

“မင်းနဲ့ ဘာဆိုင်လို့တုံး၊ မင်းထွက်မှာသာ ထွက်သွား”

“ကျွန်တော် မမဝေကို ကြည့်ပါရစေ”

“ဟေ...ငါ့သမီးကို ငါခွင့်မပြုဘဲ ဘယ်သူမှမကြည့်ရဘူး၊ မင်း နားလည်ရဲ့လား

သူ့မှာလည်း ဒေါသနှင့် ကျွန်တော့်မှာလည်း သောကနှင့်။

“ကျွန်တော့်မှာလဲ မမဝေကို ကြည့်ခွင့်ရှိပါတယ်၊ ကျွန်တော် အခု ရိုသေစွာ တောင်းပန်နေတာပါ၊ ကျွန်တော့်ကို

ဘယ်သူမှ မတားဆီးနိုင်ပါဘူး”

“ဟေ...ဟုတ်လား၊ ကဲ.... ဝင်ရဲ ဝင်စမ်းလေ”

ဒေါ်လှနက သူ့ယောကျ်ားနှင့် ကျွန်တော့်ကြား ဝင်လိုက် ၏။

“ကိုထင်အောင် ဒေါသမကြီးနဲ့လေ၊ အရှက်တကွဲ အကျိုး နည်းတွေ ဖြစ်ကုန်ဦးမယ်”

“အို..ဖြစ်ဖြစ်ကွာ”

“ကျွန်မ အဖြစ်မခံနိုင်ဘူး၊ ပြီးတော့ သမီး လန့်နိုးသွား မယ်၊ ကြည့်ပါစေ၊ ပြီးတော့မှ စကားပြောကြတာပေါ့”

ထိုအခါကျမှ ဦးထင်အောင်သည် မဖယ်ချင့် ဖယ်ချင်ဟန် ဖြင့် ဖယ်ပေးသည်။

ဒေါ်လှနက မျက်နှာထားတင်းတင်းဖြင့် ကျွန်တော့်ဘက် လှည့်ပြော၏။

“မင်း ခဏကြည့်နိုင်တယ်၊ ဘာမှတော့ အနှောင့်အယှက် သွားမပေးပါနဲ့”

အခန်းက အတန် ကျယ်ဝန်းသည်။ သန့်စင်ရှင်းလင်း၍ လည်း နေသည်။ ခုတင်ဟူ၍လည်း တစ်လုံးတည်း။

တစ်လုံးတည်းသော ခုတင်ထက်တွင်က မမဝေသည် အိပ်မောကျသယောင် ငြိမ်သက်စွာဖြင့် ရှိနေသည်။

မမဝေဟုသာ ဆိုရပါသည်။ လွှမ်းထားသောစောင်၊ ဆေး ရုံ လူနာအဝတ်အစားဖြူ၊ ခေါင်းမှပတ်တီးတို့ကြောင့် အလွယ် တကူ မမှတ်မိနိုင်ပါ။

ကျွန်တော်သည် ရင်၌ ဖိုလှိုက်ဆွေးမြည့်သော ဝေဒနာကို ခံစားရင်း ခုတင်ဘေးမှာ ရပ်သည်။

နဂိုက ဝင်းသောမျက်နှာလေးမှာ သွေးအားနည်း၍လော မသိ၊ ယခု ပိုဝါနေသည်။ နှုတ်ခမ်းလေးတွေကလည်း ဖြူဖြူ ဖျော့ဖျော့နိုင်လှသည်။ မျက်တောင်ကော့ကြီးများကို ပုံချ ပိတ်ထားသည်ကား ပကတိ အိပ်မောကျနေဟန်ပါတကား။

ကောင်းကင်လေဟု ခေါ်သော အောက်စီဂျင်ဓာတ်ပေး ထားသည်ကို မတွေ့ရ။ သွေးသွင်းပေးထားရသည် ကိုလည်း မမြင်၊ ဘေးရှိ တိုင်တစ်ခုမှာ ဂလူးကို့စ်ရည်ပုလင်းတော့ ရှိ နေသည်။ ပုလင်းမှ သွယ်ဆင်းလာသော ပိုက်ပြွန်ငယ်သည် ထိုးမြှုပ်ထားသောအပ်မှတစ်ဆင့် မမဝေ၏လက်နှင့် ဆက် နေ၏။

အိပ်ပျော်နေသယောင် ရှိသော်လည်း အပ်စိုက်ထားသော လက်လေးက မကြာခဏ လှုပ်ရှားကြွတက်လာသည်။ အနီး တွင် ရပ်နေသော ထဘီနီဝတ် သူနာပြု ဆရာမလေးက လက် ကြွတက်လာတိုင်း ညင်ညင်သာသာ ပြန်ဖိချပေးနေသည်။ ထဘီနက်ပြာဝတ် အခြားနာ့စ်တစ်ဦးကမူ ခုတင်ခေါင်းရင်းအနီး၌ ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်နေ၏။ သူ့လက်တစ်ဖက်က ဝတ္ထုစာအုပ်တစ်အုပ်ကို ကိုင်ထားသော်လည်း ယခု အကဲခတ်သကဲ့သို့ ကျွန်တော့်ကိုကြည့်နေ၏။

ဆိတ်သုဉ်းသောည၊ ပူပန်ရသောည၊ စိုးရိမ်ခြင်းလျှင် နှိပ်စက်သောည။ သည်ညကို ဆင်းရဲပင်ပန်းစွာ ကုန်လွန်ခဲ့ရ ပြီးနောက် ယခုတော့ တွေ့ပါပြီ။ မမဝေကို ကျွန်တော်ပြန်တွေ့ ရပါပြီ။

ဝေဒနာနှင့်ဖြစ်သော်လည်း အသက်မသေ ကျန်ရှိနေသေး သည်ကို တွေ့ရ၍ မျက်ရည်ဝဲရင်းက ဝမ်းသာရသေးသည်။ သည်လောကကြီးမှာ မမဝေ ရှိနေသည်ကို မျက်ဝါးထင်ထင် မြင်ရ၍လည်း ယူကျုံးမရဖြစ်သည့်ကြားမှ အနည်းငယ် ဖြေ သာ နေသာ ရှိရသည်။

ပတ်တီးဖြူအောက်မှ နဖူးဝင်းဝင်းလေးကို ယုယစွာ မွှေးလိုက်ချင်သည်။ အကြောစိမ်းလေးတွေ ယှက်သန်းနေသော ပါးလေးဆီ ကျွန်တော့် ပါးကို ကပ်ပြီး မမဝေရေ အနားမှာ မောင်ရှိတယ် ဟု နီးနေက ကြားအောင် တိုးတိုး ပြောချင် သည်။

သည်အခွင့်အရေး ကျွန်တော်မှာ ရှိပါသေးသလော၊ ရှိဦးတော့ သုံးခွင့်ပြုကြပါတော့မည်လော၊

သဲဖြူ ငွေရောဇမတ်ကာနှင့် စတင် တွေ့ခဲ့ရသော မမဝေ သည် ယခု မုန်စိန်စီ သိင်္ဂီနန်းလယ် ပြန်ရောက်နေပြီလော။

ထဘီပြာနှင့် ဆရာမ နေရာမှ ထသွားပြီး ဒေါ်လှနှင့် စကားပြောသည်ကို

တွေ့ရ၏။ ခဏအကြာတွင် ဆရာမသည် ကျွန်တော့် နားကပ်လာပြီး တိုးတိုးပြောသည်။

“ရှင့်ကို လူနာရှင်တွေက စကားပြောချင်လို့တဲ့”

လူနာရှင်တွေ။ ဪ...ကျွန်တော်က လူနာရှင် မဟုတ် သယောင်ပါတကား။

ဒေါ်လှနုနှင့် ဦးထင်အောင်တို့ထံ ကျွန်တော် လျှောက် သွား၏။

ဦးထင်အောင်၏ အမူအရာက ကျွန်တော့်ကို မြင်နေရ ခြင်းကိုပင် သည်းမခံနိုင်သောအသွင် ပေါ်နေသည်။ မမဝေနှင့် ရုပ်ချင်းဆင်လှ၍ မိန်းမချောကြီးဖြစ်သော ဒေါ်လှနု၏ မျက်နှာကား မသုန်မှုန်စေ တင်းတော့ တင်းလှ၏။ ဒေါ်လှနုက စတင်ပြောသည်။

“မင်းကို ကြည့်ခွင့်ပေးပြီးပြီ၊ အခု ပြန်တော့လို့ ဒေါ်ဒေါ် မေတ္တာရပ်ခံချင်တယ်”

ကျွန်တော့် ရင်တွင် နာကြည်းမှုက ငွေ့ငွေ့ပေါ်လာသည်။ သို့ရာတွင် ဒေါ်လှနုပြောဟန်က ကျွန်တော့်ကို ပြန်ရှင်းခွင့် မပေး။

“ဒေါ်ဒေါ်ရယ် မမဝေကို ဒီမှာထားပြီး ကျွန်တော် ဘယ်ကိုမှ မသွားနိုင်ပါဘူး၊ ကျွန်တော့်ကိုလဲ ဒီမှာ စောင့်ခွင့် ပေးပါ’

“ဝေဝေဟာ ဒေါ်ဒေါ်တို့သမီး၊ ဒေါ်ဒေါ်တို့ စောင့်ရှောက်နေတယ်၊ တခြားဘယ်သူမှ စောင့်ရှောက်ဖို့ မလိုဘူး၊ ဒီတော့ မင်းပြန်မှာ ပြန်ပါ”

“ဒေါ်ဒေါ်၊ ကျွန်တော် စကားကုန် ပြောပါရစေတော့၊ ဒေါ်ဒေါ်တို့ဟာ မမဝေမိဘဆိုတာ မှန်ပါတယ်၊ ကျွန်တော် ရှိလဲရှိသေပါတယ်။ ဒါပေမယ့် အခု လူနာရှင်အစစ်က ကျွန်တော်ပါ ဒေါ်ဒေါ်’

ဦးထင်အောင်သည် ရှေ့တိုးလာ၏။ ဒေါ်လှနုက တားသည်။

“မင်းကို ဒေါ်ဒေါ် ကောင်းကောင်းမွန်မွန် မေတ္တာရပ်ခံနေတယ်၊ ဘာမှမဖြစ်ရဘဲ ကောင်းကောင်း ပြန်သွားစေချင် တယ်”

“ဒေါ်ဒေါ် စကားကို ငြင်းပယ်လို့ ရိုင်းမိသလို ဖြစ်နေရင် ခွင့်လွှတ်ပါ၊ ကျွန်တော် မပြန်နိုင်ပါဘူး”

ဒေါ်လှနုက ဦးထင်အောင်ကို လှမ်းကြည့်သည်။

ဦးထင်အောင်က အခန်းတွင်းမှ လျှင်မြန်စွာ ထွက်ခွာသွားသည်။ ဆိုင်ရာကို သွားတိုင်သည် ထင်၏။ မထူးပြီ။ ကိုယ့်ဘက်က မပိုင်မှန်း ရိပ်မိသော်လည်း ဖြစ်သလို ကျွန်တော်ရင်ဆိုင်ရတော့မည်။

မကြာပါ။ ဦးထင်အောင်သည် ထဘီ အစိမ်းဝတ် စစ္စတာ ဆရာမကြီးတစ်ဦးနှင့်အတူ ပြန်ရောက်လာသည်။

ဆရာမကြီး၏ မျှဟန်မှာ မြင်ရုံနှင့် စည်းကမ်းကြီး တင်း ကျပ်ပုံ ပေါ်သည်။ ကိုယ်လုံးကိုယ်ထည်က ကြီးပြီး အရပ်က လည်း ကောင်းသည်။

ဆရာမကြီး၏မျက်နှာထားသည့် ကျောက်ရုပ်မျက်နှာပမာ ဘာလှုပ်ရှားမှုမျှ မပြ။ တည်ငြိမ်လွန်းသော မျက်လုံးများနှင့် သာ ကျွန်တော့်ကို စိုက်ကြည့်ပြီး ပြော၏။

"ဒီအချိန်ဟာ ဗြော့်သည့်ချိန်လဲ မဟုတ်ဘူး၊ တရားဝင် အသိ အမှတ်ပြုပြီး ခွင့်ပြုထားတဲ့ လူနာရှင်လဲ မဟုတ်ဘူး၊ ဟောဒီ လူနာရှင်တွေကလဲ ကန့်ကွက်နေတယ်၊ ဒီတော့ ငါ့မောင် ပြန် သွားဖို့ ဆရာမ မေတ္တာရပ်ခံတယ်"

ကျွန်တော်က ဆရာမကြီးကို အကဲခတ်ကြည့်သည်။ သည် ဆရာမကြီးကို ဆန့်ကျင်၍ ကျွန်တော့်မှာ ဘာအကျိုးမျှ မထူး ထင်သည်။ ယခု အလိုက်အထိုက် တုံ့ပြန်ဆက်ဆံခြင်းဖြင့်သာ ရှေ့ဆက်၍ ကျွန်တော့်အတွက် ကြံသာဖန်သာရှိရန် သူ့မေတ္တာ ကို ယူထားရမည်။

"ဆရာမကြီးခင်ဗျာ၊ ကျွန်တော်ဟာလဲ ရင်ထဲမှာ မီးလောင်နေသူပါ၊ ဒါပေမယ့် အခု ဆရာမကြီးကို လေးစားသောအားဖြင့် ကျွန်တော် ထွက်သွားပါ့မယ်၊ ဒါပေမယ့် ဆရာမကြီးတို့ နှိုင်းချိန် စဉ်းစားနိုင်ဖို့ ကျွန်တော် တစ်ခု ပြောပါရစေ"

ကျွန်တော်က အယဉ်ကျေး အသိမ်မွေ့ နိုင်ဆုံး ပြောသည်။ ကျွန်တော့် စကားက ဆရာမကြီးအပေါ် တစ်စုံတစ်ရာထိရောက်သွားပုံ ပေါ်သည်။

"ပြောပါ၊ ဘာပြောချင်သလဲ"

"ကျွန်တော်ဟာလဲ လူနာရှင်ပါ၊ လူနာရှင်မှန်း ဆရာမ ကြီးတို့ လက်ခံနိုင်တဲ့အခါမှာ ကျွန်တော့် ကိုလဲ ရသင့်တဲ့အခွင့် အရေး ပေးပါ"

ကျွန်တော် စကား အဆုံးတွင် ဦးထင်အခေါင်က ပျာပျာ သလဲ ဝင်ပြော၏။

"ဆရာမကြီး...ဒါ သူ ညာတာ၊သူ မဟုတ်တာတွေ ပြော နေတာ"

ဆရာမကြီးက ခေတ္တ စဉ်းစားသယောင် ငြိမ်နေပြီးမှ ပြုံး ယောင်ယောင်ဖြင့် အဆုံးအဖြတ်ကို ပြော၏။

"ဒါတွေက နောက်တော့ ရှင်းကြတာပေါ့၊ အခု ဒီသူငယ် က ထွက်သွားပါ့မယ်လို့ ပြောပြီကော၊ လူနာခန်းမှာ ရှုပ်ရှုပ် ရှက်ရှက် အငြင်းပွားကြတာတော့ ဆရာမ မကြိုက်ဘူး၊ကဲ.. ငါ့မောင်ကလဲ သွားတော့"

ကျွန်တော်သည် မမဝေရှိရာသို့ တစ်ချက်လှမ်းကြည့်သည်။ ရင်မှာ နာလှသော်လည်း မလွှဲသာသောကြောင့် ခြေများကို အနိုင်နိုင် သယ်ပြီး ဆေးရုံကြီးမှ ဆင်းလာခဲ့ရ၏။

လောလောဆယ်တော့ ကျွန်တော် ဘာလုပ်ရမှန်း မသိ၊ အိမ်ကိုလည်း မပြန်လို။ ဆေးရုံကြီးပေါ်မှာ မမဝေ ရှိမှန်း သိနေလျက် သည်ဆေးရုံကြီးနားမှ ကျွန်တော် မခွာနိုင်။

ဪ....ကိုယ့်ဇနီး အနားတွင်ပင် ... ကိုယ် နေခွင့်မရသော ဘဝပါတကား။ မမဝေသည် ကျွန်တော့် ဇနီး ဖြစ်ကြောင်းလည်း ဘာအထောက်အထားမှပြစရာ ကျွန်တော့်မှာ အလွယ်တကူ မရှိပါတကား။

ရင်ပူလှသည့်ကြားမှ ခေါင်းကို တတ်နိုင်သမျှ အေးအောင် ကျွန်တော် ကြိုးစားရသည်။

ဘာလုပ်ရမည်နည်း။ ကျွန်တော် ဘာလုပ်ရမည်နည်း။ မမဝေ သတိပြန်ရ၍ အခြေအနေကောင်းလာသည့်အချိန် မတိုင်မီ ကျွန်တော် ဘာမျှ မလုပ်နိုင်ကြောင်း ကျွန်တော်သိ သည်။ မမဝေက ကျွန်တော့်ဇနီးပါဟု ဝန်ခံသောအခါတွင် ကား ဘယ်သူက တတ်နိုင်ပါမည်နည်း။

သည်အချိန်မတိုင်မီတော့ စိတ်ရှည်ရှည် ခေါင်းအေးအေးထားပြီး ကျွန်တော် သည်းခံ စောင့်ရဦးမည်။

ဆေးရုံကြီးတစ်ဝိုက်တွင် ယောင်လည်လည်နှင့် တစ်နေကုန် အချိန်ဖြုန်းရသည်။ ညနေ ညှော်လာချိန် ရောက်သော်လည်း ကျွန်တော်သည် စိတ်ကိုချုပ်တည်းပြီး ဆေးရုံကြီးပေါ် မတက်သေးဘဲ နေသည်။ ညနေ ငါးနာရီခွဲ၍ အချို့ ညှော်သည်တို့ပင် ပြန်စပြုမှ ဆေးရုံကြီးပေါ် ကျွန်တော် တက်ခဲ့သည်။

သည်တစ်ကြိမ်တော့ညှော်လာချိန်တွင်းမှာဖြစ်သောကြောင့် ကျွန်တော့်ကို ဆီးတားမည့်သူ လမ်းမှာ မတွေ့။ မမျှော်လင့် သော အလစ်တွင် အခန်းတွင်းဝင်လိုက်သည်ဖြစ်သောကြောင့် ဦးထင်အောင်တို့လည်း တားဆီးချိန် မရလိုက်။

မမဝေဆီ ခုတင်ဘေးတွင် ကျွန်တော် ရပ်လိုက်သည်။

မမဝေက မျက်လုံးများကို ဖွင့်ထားသည်။ အသက်လေး လည်း မှန်မှန် ရှူနေသည်။ လက်လေးတစ်ဖက်က စောင်ပြင် ထွက်နေသည်။

မမဝေ၏ လက်လေးကို ယုယစွာကိုင်ပြီး တိုးတိုးညင်သာ ခေါ်ရသည်။

'မမဝေ'

မမဝေက မလှုပ်။ မျက်နှာကြက်ဆီ စိုက်ကြည့်နေသယောင် ရှိသော မျက်လုံးများကလည်း မရွေ့။

'မမဝေရေ၊ မောင်လေ...မမဝေရဲ့ မောင်ပါလေ'

တည်ငြိမ်အောင် ကြိုးစားလျက်က ငိုသံက ပါရလေပြီ။

မမဝေ၏ မျက်လုံးများက ကျွန်တော်ရှိရာသို့ တစ်ချက် ကြည့်သည်။ သို့ရာတွင် မျက်လုံးများက ဘာအရိပ်အယောင် ကိုမျှ မပြ။ စောစောက မျက်နှာကြက်ဆီ စူးစိုက် ကြည့်နေ သကဲ့သို့ ယခု ကျွန်တော့်မျက်နှာကိုလည်း ခံစားမှုကင်းမဲ့ဟန် ဖြင့် စိုက်ကြည့်နေသည်။

"မမဝေ မောင့်ကို မြင်လား ဟင်၊ မောင့် ခေါ်သံကို ကော ကြားရဲ့လား"

မမသည် လုံးဝ လှုပ်မလာပါ။ကျွန်တော့်ကို စိုက်ကြည့် နေသော မျက်လုံးများကလည်း ဘာမျှ ထူးခြားမှုပြမလာ။ ထူးခြားမှု ပြမလာသည့်အပြင် ဖြည်းလေးစွာ ပိတ်သွား၏။

"အို....မမဝေရယ်၊ မောင့်ကို မသိတော့ဘူးလား၊ မောင့် အသံကို မမှတ်မိတော့ဘူးလား"

လက်တစ်ဖက်က ကျွန်တော့် ပခုံးပေါ် အသာကျလာ သည်။

မျက်ရည်များကြောင့် လက်ပိုင်ရှင်ကို ပထမ ဝေဝေဝါးဝါးသာ မြင်ရသည်။ ဩော်.....စစ္စတာ ဆရာမကြီးပါ။ နံနက် က တွေ့ခဲ့ရသော စစ္စတာဆရာမကြီးပါ။

"ဒီလောက်ဆို ကျေနပ်တော့ကွယ် နော်၊ ဆရာမနဲ့ ခဏ လိုက်ခဲ့ပါလား"

"ခင်ဗျာ..."

"ငါ့မောင်ကို ဆရာမ ပြောပြစရာတွေရှိတယ်၊ ဆရာမနဲ့ လိုက်ခဲ့ နော်"

ကျွန်တော်က ဆရာမကြီးကို ကြောင်ကြည့်နေမိသည်။ လှုပ် တော့ မလှုပ်မိ၊

"စောစောက မမဝေ လို့ မင်းခေါ်သံ ဆရာမ ကြားလိုက် တယ်၊ အဲဒီ မင်း မမဝေရဲ့ အကျိုးကိုမျှော်ပြီး ဆရာမနဲ့ လိုက် ခဲ့ကွယ်၊ ဟုတ်လား'

မမဝေ၏အကျိုး၊ ဩော်......မမဝေ၏ အကျိုးဆိုပြန်တော့ ကျွန်တော် နာခံရမည်။

ကျွန်တော်သည် ဆရာမကြီး ခေါ်ရာသို့ လိုက်လာခဲ့သည်။ နံနက်တုန်းကကဲ့သို့မဟုတ်ဘဲ ဦးထင်အောင်တို့ ငြိမ်နေကြသည် ကို ကျွန်တော် သတိပြုမိသည်။ ကျွန်တော်တို့နောက်သို့လည်း သူတို့ လိုက်မလာ။

ဆရာမကြီး၏အခန်းတွင် ကျွန်တော် ထိုင်သည်။ စားပွဲတစ်ဖက်၌ထိုင်ရင်း ဆရာမကြီးက ကျွန်တော့်ကို ကြည့်၏။

"ငါ့မောင်မျက်နှာမှာ မျက်ရည်တွေနဲ့၊ မင်း သိပ်စိတ်ထိခိုက်နေသလား၊ ဟုတ်လား"

ကျွန်တော် ပြုံးပြမိလိုက်သည် ထင်သည်။ ပြုံးမိသော် အပြုံးလည်း ဟုတ်ပါ့မည်လော ကျွန်တော် မသိ၊

"အဲဒီ မမဝေ ဆိုတာနဲ့ ငါ့မောင်က ဘာတော်သလဲ"

"ကျွန်တော် ဒါကို မပြောလို့ မဖြစ်ဘူးလား"

"အခု အခြေအနေကျမှ မပြောလို့ မဖြစ်တော့ဘူးကွယ်"

"မမဝေက ကျွန်တော့် ...ကျွန်တော့်..."

ပြင်းထန်လှသော စိတ်ထိခိုက်မှုကို ဆက်လက် မထိန်းချုပ်နိုင်တော့ဘဲ ကျွန်တော်သည် ငိုကြွေးမိပါသည်။

မမဝေက ကျွန်တော့် ဇနီး။ သည့်စကားကို ကျွန်တော် ရုတ်တရက်

မပြောနိုင်ပါ။ လွယ်လွယ်ကူကူ မပြောရက်ပါ။ ပေါင်းသင်းမိကြပြီးပြီမို့ လောက ဝေါဟာရ အရတော့ မမဝေသည် ကျွန်တော့်ဇနီးပါ။ တကယ်တမ်းကျတော့ မမဝေ သည် ကျွန်တော့် အတွက် ဇနီးအဖြစ်ထက် ပိုပါသည်။ ` ဇနီး အဖြစ်ထက် ပိုမြင့်စွာ ကျွန်တော် တန်ဖိုးထားပါသည်။ မလွဲ သာ၍ ဇနီးဟု ပြောချင် ပြောရမည်။ ပြောရတိုင်း ကျွန်တော့်ရင်မှာ နာသည်။

အမှန်တော့လည်း မမဝေကို ဇနီးအဖြစ် ကျွန်တော်မမှန်း ခဲ့ပါ၊ မမဝေသည် ကျွန်တော့်ဇနီး ဖြစ်ပါစေတော့ဟု ကျွန်တော် မကြိုးစားခဲ့ရပါ။ ချစ်တော့ ချစ်ပါသည်လေ၊ ချစ်လိုက် ရသည့်မှ ရင်နှင့် တစ်လုံးပါ။ နှလုံးနှင့် အပြည့်ပါ။ သို့ရာတွင် ငွေလမင်းကို ချစ်မိရသူ ပုံနှုန်းပါ။ ငွေလမင်းကြီး ပမာသာ မမဝေကို ကျွန်တော် မြတ်နိုးခဲ့သည်။ ငွေလမင်းကြီး ခုန်ဆင်းလာပြန်တော့လည်း ရင်မှာ ပွေ့ထားရသည်။

ချစ်မက် မြတ်နိုးစွာ ပွေ့ယူထားရသည်။ ဪ... သည်အဖြစ်ကို ဘယ်သူလာသိနိုင်ပါမည်နည်း။

ဆရာမကြီးက အားရအခေါင် ကျွန်တော် ဝိုကြွေးပြီးသည် အထိ ငြိမ်ကြည့်နေသည်၊ စိတ်ရှည်သူ ဖြစ်ဟန်တကား။

“ငါ့မောင်ကို ဆရာမ စကားပြောနိုင်ပြီလား”

ကျွန်တော်က ဖြည်းလေးစွာ ခေါင်းညိတ်ပြ၏။

“ငါ့မောင်နှုတ်က တကြောင်းကြောင်းကြောင့် မပြောချင် ဘူး ထင်တယ်၊ ဆရာမကပဲ ပြောပြပါမယ်။ မမဝေ ဆိုတာဟာ မင်းရဲ့ ချစ်သူလား၊ ဒါမှမဟုတ် ဇနီးလား’

“အခု ဆရာမကြီး ပြောတာ နှစ်ခုစလုံး မှန်ပါတယ်၊ ဟုတ်ပါတယ်၊ မမဝေဟာ ကျွန်တော် ချစ်သူ ဇနီးပါ”

ချစ်သူ- ဇနီး၊ ဪ... သည်စကားသည်သာ အမှန်ဆုံး ထင်၏။ ချစ်သူ-ဇနီး၊ ချစ်သူသာလျှင် ဖြစ်သော ဇနီးပါ၊ ချစ်သူ ဟူသော မွန်မြတ်ခြင်းသဘော လွှမ်းမိုးကဲခြုံသော ဇနီးပါ။

“ကောင်းပြီ၊ ငါ့မောင် မမဝေဟာ ငါ့မောင့်ရဲ့ ချစ်သူ ဇနီး၊ ငါ့မောင်ရဲ့ အသုံးလေးဟာ ဆရာမရင်ကို ထိခိုက်သွားတယ်၊ ဆရာမ မေးမယ်နော်၊ ငါ့မောင်တို့ကို ဟောဒီ မိဘတွေက သဘောမတူကြဘူး မဟုတ်လား’

“မှန်ပါတယ် ဆရာမ”

“မမဝေဟာ ငါ့မောင်ရဲ့ ချစ်သူ-ဇနီးပါဆိုတာ ငါ့မောင်မှာ ဥပဒေအရ ဘာအထောက်အထား ပြစရာရှိလဲ”

“ကျွန်တော်က ဝမ်းနည်းစွာ ခေါင်းခါပြမိ၏။

“အို.....မရှိဘူး”

"ဥပဒေအကြောင်းကို ကျွန်တော်နားမလည်ပါဘူး ဆရာမ ရယ်၊ ဒါပေမယ့် မမဝေဟာ ကျွန်တော် ချစ်သူ-ဇနီး အမှန် ပါ။မမဝေ သတိကောင်းကောင်းရလာရင် ဒါဟာ ရှင်းသွားမှာပါပဲ"

ဆရာမကြီးက သက်ပြင်းရှိုက်သည်။

"ဒီအတိုင်းဆိုရင်တော့ ခုနေမှာ ငါ့မောင်အဖြစ်က မလွယ်ဘူးကွယ်၊ မင်း မမဝေ သတိကောင်းကောင်းရလာရင်တော့ အင်း....တစ်ကဏ္ဍပေါ့လေ၊ ဆရာမ တစ်ခုအကြံပေးမယ်"

"ပေးပါဆရာမရယ်၊ နာခံသင့်တာကို ကျွန်တော် နာခံ ပါ့မယ်"

"ငါ့မောင်ရဲ့ မမဝေ အကျိုးကိုပဲ ဦးတည်ပြီး ဆရာမ အရင်ပြောမယ်၊ ဦးနှောက်ထိခိုက်တယ်ဆိုတာဟာ တခြား ဘာနဲ့မှ မတူဘူး၊ အင်မတန်သိမ်မွေ့ပါတယ်၊ အင်မတန်လဲ ကြောက်ဖို့ ကောင်းပါတယ်၊ ရှင်းရှင်းဝန်ခံမယ်၊ အခုအချိန်မှာ ဆရာမတို့ဟာ မင်း မမဝေကို သေခြင်းတရားနဲ့ အပြိုင်လုနေတုန်း ရှိသေးတယ်၊ ဆရာမတို့ဘက်မှာတော့ ရောက်နေ ပြီပေါ့လေ၊ ဒါပေမယ့် ဦးနှောက်ဒဏ်ရာဆိုတာမျိုးဟာ သိပ် ပရိယာယ်များတယ်၊အလွန်သတိကြီးစွာထားပြီး အချိန်ရှိသမျှ အကဲခတ်နေရတယ်၊ အခုရွှေ အခုငွေ ဆိုတာမျိုး"

"ခဏနေပါဦး ဆရာမရယ်၊ အခု မမဝေက ဦးနှောက်ကို ထိသွားတယ် ဟုတ်လား"

"ဟုတ်တယ်ကွယ်၊ ဦးနှောက်ကြေသွားတာ၊ ပျက်သွားတာ၊ ဒီလိုတော့မဟုတ်ဘူး၊ မဟုတ်ဘူးဆိုတာကလဲ စမ်းသပ်မြင်သမျှပေါ့၊ တိုက်ရိုက်မြင်ဖို့ စမ်းဖို့ခက်တဲ့ ဟိုးအတွင်းထဲက စင်တာလို့ ခေါ်တယ်၊ နာဗ်ဗဟို၊ ဗဟိုအဆက်အစပ်တွေ ကုဋေ ကုဋာများလှတဲ့ နာဗ်ဆဲလ်လေးတွေ၊ ဒါလေးတွေမှာ ဘာဖြစ်သွားသေးသလဲ မပြောနိုင်သေးဘူး"

ကျွန်တော်သည် ဆရာမကြီး၏မျက်နှာကို အားငယ်စွာ ကြည့်မိ၏။ ကြားရသည်မှာ ပို၍ စိတ်မချမ်းသာ ဖွယ်ပါ တကား။

"ခု အခြေအနေမှာ ငါ့မောင်ရဲ့ မမဝေအတွက် ကုသရေး ထက် သူနာပြုစုရေးက ပိုအရေးကြီးနေတယ်၊ ပြုစုနည်းမှန် ရင် မှန်သလောက်၊ ကောင်းရင် ကောင်းသလောက် အခြေ အနေ တိုးတက်လာနိုင်တယ်၊ လူနာဟာ ရုပ်လဲငြိမ်၊ စိတ်လဲ ငြိမ်နေမှ၊ ဒီအချိန်မျိုးမှာ ဘာမှ ရှုပ်ရှုပ်ထွေးထွေး အဖြစ် မခံနိုင်ဘူး၊ ဆရာမ ဆိုလိုတာကို နားလည်ရဲ့လား"

"နားလည်ပါတယ် . ဆရာမ၊ ဆရာမဆိုလိုတာက လောလောဆယ်မှာ ကျွန်တော်ဟာ ရှောင်နေရမယ်၊ ဒီလိုလား ဆရာမရယ်"

"အဲဒီလို ပြောရမှာပဲကွယ်၊ ငါ့မောင်တွင် မကပါဘူး၊ သူတို့ကိုလဲ ရှောင်ခိုင်းရမှာပဲ၊ ငါ့မောင်တို့ ပြဿနာကိုတော့ ဆရာမ အဆုံးအဖြတ် မပေးနိုင်ဘူး၊ ဒါပေမယ့် မြင်မြင်ချင်း မေတ္တာရှိလို့ ငါ့မောင်ကို ဆရာမ တစ်ခု အကူအညီပေးနိုင်တယ်"

ဆရာမကြီးက အကဲခတ်သယောင်ဖြင့် ကျွန်တော့်ကို တစ်ချက် စိုက်ကြည့်သည်၊ ငြိမ်သက်တည်ကြည်သော မျက်နှာတွင် ကရုဏာတရားကို ကျွန်တော် မြင်ရသည်။

"ငါ့မောင်တို့ ပြဿနာကို ဒီဝါဒ်က ဆရာဝန်ကြီးဆီ ဆရာမ တင်ပြပေးပါမယ်၊ နက်ဖြန် ဆယ်နာရီလောက်ကို ဆရာမဆီ လာခဲ့၊ ဒီအခန်းကိုပဲ လာခဲ့၊ ဟုတ်လား"

"ကောင်းပါပြီ ` ဆရာမရယ်၊ ကျွန်တော့် အပေါ် ခုလို မေတ္တာရှေ့ထား ပြောကြားတဲ့ ဆရာမကို ကျွန်တော် ကျေးဇူးတင်လှပါတယ်၊ ဆရာမပြောတဲ့ စကားတွေကို ကျွန်တော် နားထောင်ပါ့မယ်၊ နောက်ဆုံးတော့ ဆရာမရယ်.."

ရင်က ဆို့လာပြန်သဖြင့် စကားကို ကျွန်တော် ရပ်ထား ပြီး ကျွန်ုပ်ကို တင်းဆည်ရသည်။

"ပြောလေ ငါ့မောင် ဘာဖြစ်သလဲ"

"ဟုတ်ကဲ့၊ နောက်ဆုံးတော့ ကျွန်တော်က ဒုတိယပါ၊ မမဝေ ချမ်းသာပါစေ၊ မမဝေ ချမ်းသာအောင် ဆရာမတို့ စောင့်ရှောက်ပေးပါ၊ ကျွန်တော့်ဘဝက အခုနေ ဒါပဲပြော နိုင်တဲ့ဘဝပါ ဆရာမရယ်"

ဆရာမကြီးကို နှုတ်ဆက်ပြီး ကျွန်တော်ပြန်လာခဲ့သည်။

အိမ်သို့ပါ။ မမဝေမရှိတော့သဖြင့် ခြောက်သွေ့ ဆိတ်သုဉ်း အိမ်လုံးလုံးပင် မမည်လေတော့သော အိမ်သို့ပါ။

✳✳✳✳✳

အခန်း [၂၂]

ဆရာမကြီး ဆောင်ရွက်ပေးချက်အရ နောက်တစ်နေ့တွင် ဝါဒ်ပိုင် ဆရာဝန်ကြီးနှင့် ကျွန်တော် တွေ့ခဲ့ရပါ၏။

ဆရာဝန်ကြီးသည် ကျွန်တော့် တင်ပြချက်ကို စာနာထောက်ထားစွာ နားထောင်ခဲ့သည်။ မမဝေ၏ ဦးနှောက်အခြေအနေအရ ၅ ရက်အတွင်းတော့ မည်သူ့ကိုမျှ တွေ့ခွင့်မပေးနိုင်။ သည့်နောက်ပိုင်း စိတ်ကျေနပ်လောက်သော အခြေအနေကျမှ ပြဿနာကို သူ တတ်နိုင်သမျှ ဖြေရှင်းပေးမည်ဟူသော ကတိကို ကျွန်တော် ရရှိခဲ့သည်။

ဖြစ်စတုန်းကမူ သွေးပူပူ ခေါင်းဆူဆူမို့ တစ်ဇွတ်ထိုး လုပ်သင့်သမျှ ကျွန်တော် လုပ်မိသည်။ ယခုတော့လည်း မပိုင်သော ကိုယ့်အခြေအနေကို နားလည်သောကြောင့် သန်းခေါင်ထက် ညမနက်ပြီဟု စိတ်တုံးတုံးချကာ သောက လုံးကို တတ်နိုင်သမျှ မျှော်လင့်ချက်ဖြင့် ဖုံးပြီး အစောင့်အည်းသည်းခံ စောင့်စား ရသည်။

၅ ရက် ပြည့်မြောက်သော နေ့၌ ညနေ ၄ နာရီတွင် ဆရာဝန်ကြီး ရှေ့မှောက်သို့ ကျွန်တော် ရောက်လာခဲ့သည်။

“ခဏ ထိုင်ဦးကွယ့်နော်”

ကျွန်တော့်ကို ထိုင်ခိုင်းထားပြီး ဆရာဝန်ကြီးသည် နက်ပြာရောင် အဖုံးတွင် ရွှေရောင်စာလုံးများ ရိုက်ထားသည့် ထူထဲလှသော စာအုပ်ကြီးတအုပ်ကို စိတ်ဝင်စားစွာ ဆက်ကြည့်နေသည်။

ဆရာဝန်ကြီး၏ အသက်ကို ၄၀ ခန့်ဟု ကျွန်တော် ခန့်မှန်းသည်။ နှုဖူးကကျယ်ပြီး ဆံပင် ပါးသည်။ အသားလတ်၍ မျက်လုံး ကြည်သည်။ မျက်နှာ သွယ်၍ ပီသပေါ်ထင်သော မေးရိုးများ ရှိ၏။

ခဏအကြာတွင် ဆရာဝန်ကြီးက စာအုပ်ကို ပိတ်လိုက်ပြီး ကျွန်နော့်ကို ကြည့်သည်။ သာမန် ကြည့်သည် မဟုတ်။ ဘာကြောင့်မသိ တစိမ့်စိမ့်ကြည့်ခြင်း ဖြစ်၏။

“ မောင်လေးလှိုင်လို့ ခေါ်တယ်နော် ”

“ဟုတ်ပါတယ် ဆရာကြီး ခင်ဗျာ”

“မျက်နှာက သိပ်သေးတယ်၊ အသက်ကော ဘယ်လောက် ရှိပြီလဲ”

“၂၀ ပါ ဆရာကြီး”

“အလုပ်လုပ်ပြီလား၊ ဘာလုပ်သလဲ”

“အလုပ်ရယ်လို့တော့ မရှိသေးပါဘူး၊ ဒါပေမဲ့ ကျွန်တော် စာရေးပါတယ်”

“ဪ… စာရေးဆရာလား”

“အဲဒီလို ခေါ်ခွင့်ရှိပြီလားလို့ ကျွန်တော် မပြောတတ်ပါဘူး။ ကြိုးစားဆဲ ဘဝမှာပါ ဆရာကြီး”

“မိဘတွေ ရှိတယ်နော်”

“မရှိပါဘူး ဆရာကြီး”

“ဒါဖြင့် စာရေးခြင်းနဲ့ ကိုယ့်ဘာသာကိုယ် အသက်မွေးနေရတယ်ပေါ့ ဟုတ်လား”

“ဒီလိုတောင် မပြောနိုင်သေးပါဘူး ဆရာကြီး ခင်ဗျာ၊ အမှန်က…”

ဪ… ရင်နာသော စကားကို ဆိုရလေဦးမည်။

ဆရာဝန်ကြီးက ဘာမျှ ဝင်မထောက်ဘဲ ကျွန်တော့်ကို တစ်စိမ့်စိမ့် ကြည့်မြဲကြည့်နေ၏။

ကျွန်တော်က သက်ပြင်းရှိုက်ပြီး ဆက်ပြောရ၏။

“မမဝေက အလုပ် လုပ်ပါတယ်”

“မမ ဝေ ဆိုတာက အခု မင်း သွားတွေ့ရမယ့် လူနာပေါ့နော်”

“ဟုတ်ပါတယ်”

ဆရာဝန်ကြီး၏ မျက်နှာသည် အနည်းငယ် လှုပ်ရှားသွားကြောင်း ကျွန်တော် သတိပြုမိသည်။

ဆရာဝန်ကြီး၏ ကိုယ်သည် မတ်သွား၏။

“ကဲ… တို့ သွားကြတာပေါ့၊ ဪ… စာရေးဆရာဆိုလို့ မေးရဦးမယ်၊ မောင်လေးလှိုင် လောကကို ဘယ်လိုဖြစ်ဖြစ် ရင်ဆိုင်ရဲပါတယ်နော်”

“ဘာဆိုလိုပါသလဲ ဆရာကြီး”

“ဪ… ဆယ်ရေး တစ်ရေး ကိုးရေး တစ်ရာ၊ ယောက်ျားဆို စိတ်ဓာတ် ကြံ့ခိုင်ရတယ်၊ ဆရာကြီးက ဒါ သတိပေးတာပါ ကဲ… လာ… သွားကြစို့”

ကျွန်တော်က ဆရာဝန်ကြီး နောက်မှ လိုက်ခဲ့သည်။

မမဝေ၏ အခန်းအနီးသို့ ရောက်သောအခါ ကျွန်တော့်ရင်တွေမှာ တဒုန်းဒုန်း ခုန်နေ၏။ မမဝေကို ဘယ်လိုအသွင်နှင့် ကျွန်တော် ဘယ်ပုံမြင်ရပါမည်နည်း။

အခန်းက အထူးသန့်ရှင်းသပ်ရပ်နေသည်။ နေချင့်စဖွယ် ၊ သာသာယာယာ ကလေးဟုပင် ခေါ်နိုင်မည်။ စားပွဲလေးတွေပေါ်တွင် ပန်းတွေ မန်တွေနှင့်။

ခုတင်အနီးတွင် ဦးထင်အောင်နှင့် ဒေါ်လှနတို့က ရပ်နေကြသည်။

ခုတင်ပေါ်တွင်ကား...

ကျွန်တော့်မျက်လုံးများကို ကျွန်တော် မယုံမိ။

အင်္ကျီက အဖြူရောင် အပြာနုလေးပါ။ ထဘီကလည်း အပြာကဲသော ပွင့်ရိုက်အဆင်ပါ။ ဪ... အသားလေးတွေကလည်း နဂိုပကတိ ဝင်းဝါ ကြည်လင်ဘိသည်။

မမဝေ၊ ကျွန်တော့် မမဝေ။

မမဝေသည် ခေါင်းအုံးပေါ် လက်လေးတစ်ဖက် ထောက်ပြီး ကိုယ်လေး မစောင်းတစောင်းနှင့် ထိုင်နေသည်။

မမဝေက ဆရာဝန်ကြီးကို နှုတ်ဆက်ဟန် ပြုံးပြသည်။

“ နေကောင်းတယ်နော် ဝေဝေ ”

“ဟုတ်ကဲ့ ဆရာ၊ ကောင်းပါတယ်”

“ ခေါင်းထဲက မူးသေးလား ”

“အိပ်ရာထစက နည်းနည်းလေး မူးတယ်၊ အခုတော့ ဘာမှ မဖြစ်ဘူး ဆရာ”

“လမ်းလျှောက်သေးလား”

“ဆရာမနဲ့ လျှောက်ပါတယ်”

မကြားရသည် ကြာပြီဖြစ်သော မမဝေ၏ စကားသံ၊ ပြုံးရွှင်ကြည်လင်သော အဆင်း။ ဒါတွေကြောင့် လာရင်း ကိစ္စကို ခေတ္တမေ့သယောင် ဖြစ်ကာ မမဝေကိုသာ လှိုက်လှဲဝမ်းသာစွာ ကျွန်တော် ကြည့်နေမိသည်။

ဆရာဝန်ကြီးသည် ကျွန်တော့်ဘက် တစ်ချက် လှည့်ကြည့်ပြီးမှ မမဝေဘက် ပြန်လှည့်ကာ မေးသည်။

“သူ့ကိုကော သိသလား ဝေဝေ”

သည်တော့မှ မမဝေသည် ကျွန်တော့်မျက်နှာဆီ ကြည့်သည်။

ဆရာဝန်ကြီးနှင့် ပြောနေတုန်းက ရှိသော အပြုံးလေးသည် မမဝေ၏ မျက်နှာမှ ပျောက်သွားသည်။ တည်ကြည်သော မျက်နှာထားလေးဖြင့် မမဝေသည် ကျွန်တော့် မျက်နှာကို စိုက်ကြည့်သည်။

ကျွန်တော်ကမူ ပြုံးရင်း မမဝေ၏ မျက်နှာလေးကို ပြန်ကြည့်နေမိသည်။ နီထွေးသော နှုတ်ခမ်းလေးများ ပွင့်ပံ့လာပြီး ချိုသာသော ‘ မောင်... ’ ဟု ခေါ်သံကို စောင့်လင့်သည်။

မမဝေက ကျွန်တော့်ကို စိုက်ကြည့်နေရာမှ မျက်လုံးလေးများကို ဆရာဝန်ကြီးဆီ လွှဲလိုက်ပြီး ခေါင်းလေးကို ဖြည်းလေးစွာ ခါပြ၏။

အို... ကြမ္မာကံ ဘယ်ပုံ ဖန်လိုက်ပါသနည်း။ ဘဇာကြောင့် ရက်စက်လိုက်ပါသနည်း။

မြင်လိုက်ရသည်ကို မယုံမိ။ ကြားလိုက်ရသည်ကို လက်မခံနိုင်။ ကျွန်တော့် နှလုံးသားသည် ခေတ္တအခုန်ရပ်သွားသည် ထင်၏။ အသက်ရှူရန်လည်း မေ့လျော့ကာ မမဝေကို ဝမ်းနည်း အံ့ဩစွာ ကျွန်တော် ကြောင်ကြည့်နေမိသည်။

ဆရာဝန်ကြီး၏ အသံ ပေါ်လာသည်။

“ဟုတ်ကဲ့လား၊ သေသေချာချာ ပြန်ကြည့်ပါဦးလေ၊ သူ့ကို မသိဘူးလား”

မမဝေက ကျွန်တော့်ဘက် ပြန်လှည့်သည်။ကြိုးစားစဉ်းစားဟန်ဖြင့် မျက်မှောင်လေး တွန့်ပြီး ကျွန်တော့်ကို အတန်ကြာ စိုက်ကြည့်နေသည်။ ပြီးမှ သက်ပြင်းလေး ရှိုက်လိုက်၍ စိတ်ပျက်ဟန် ပြုံးမဲ့မဲ့ ပြုပြီး ဆို၏။

“သူ့ကို ကျွန်မ မသိပါဘူး ဆရာ”

ကျွန်တော် အစောင့်အည်းသည်းခံခြင်းငှာ မစွမ်းနိုင်တော့ပါ။

ကျပ်သိပ်ဆို့နှင့်နေသော ရင်ကို တွန်းလှန်၍ ခေါ်မိသည်။

“မမ ဝေ”

မမဝေ၏ မျက်လုံးလေးသည် ပြူးကျယ်သွားသည်။

“ဘယ်လို... ဒီကကို... မင်းက မမဝေလို့ ခေါ်လိုက်တယ်။ ဟုတ်လား”

“ဟုတ်ပါတယ်၊ မမဝေကို မမဝေလို့ပဲ မောင် ခေါ်လိုက်ပါတယ်၊ မမဝေ ရယ်... ဒီလိုပဲ မောင်က အမြဲခေါ်သူပါ၊ မောင်လို့ မမဝေ အမြဲခေါ်ခဲ့တဲ့ မောင့်ကိုကော မမဝေ မမှတ်မိတော့ဘူးလား ဟင်”

မမဝေသည် ထူးဆန်းအံ့ဩလှဟန်ဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ ထိုနောက် နှုတ်ခမ်းလေးတွေကို လှုပ်ပြီး-

“ မောင်... မောင်...” ဟု ခေါ်ကြည့်၏။ စဉ်းစားသယောင် တွေနေပြီးမှ ပြုံးလိုက်၍ မေး၏။

"မင်းက ဒီက မောင် ဟုတ်လား"

"ဟုတ်ပါတယ် မမဝေ၊ မမဝေရဲ့ မောင်"

"မမဝေရဲ့ မောင်၊ ဒီက အစ်မ... မင်းက မောင်၊ အို..."

မမဝေက ဒေါ်လှုနုဆီ အကူအညီတောင်းဟန် လှမ်းကြည့်ပြီး-

" မေမေ..." ဟု ခေါ်၏။

ဒေါ်လှုနုက ရှေ့တက်လာမည့် ဟန်ပြင်၏။ သို့ရာတွင် ဆရာဝန်ကြီးက ဝင်တားသည်။

" နေပါစေ ဒေါ်လှုနု၊ ဝေဝေ... သူ့ဘာသာ စဉ်းစားပါစေ၊ ကျွန်တော် ဘာသတိပေးထားလဲ "

မျက်နှာထားက ကျေနပ်မှုကို မပြသော်လည်း ဒေါ်လှုနုသည် ကိုယ် ရှိန်သတ်၍ နောက်ဆုတ်သွား၏။

မမဝေသည် ဘာကိုမျှ နားမလည်ဟန်ဖြင့် ဆရာဝန်ကြီးကို တစ်လှည့်၊ ကျွန်တော့်ကို တစ်လှည့် ကြည့်နေရှာသည်။

ဆရာဝန်ကြီးက ဘာမျှ အရေးမကြီးဟန် ပြုံးပြီး မေးသည်။

" ဝေဝေ တကယ် မမှတ်မိဘူးနော် "

"ဟင့်အင်း... ဆရာ၊ သူ... သူ... သူ... ဘယ်သူလဲ ဟင်"

"သူ့နာမည် မောင်လေးလှိုင်တဲ့၊ ဒီနာမည်ကော ကြားဖူးလား ဟင်"

" မောင်လေးလှိုင်... "

မမဝေသည် ကျွန်တော့်နာမည်ကို ရွတ်ကြည့်နေပြန်ပါ၏။

" မောင်လေးလှိုင်၊ မောင်... လေး... လှိုင်... ဟုတ်လား၊ မင့်နာမည် မောင်လေးလှိုင်တဲ့ နော် „

"ဟုတ်ပါတယ် မမဝေ၊ မောင့်နာမည်ဟာ မောင်လေးလှိုင်ပါ"

" မောင့်နာမည်ဟာ မောင်လေးလှိုင်၊ အင်း... အင်း... ဒါပေမဲ့ ငါ့ မောင်ရယ် မင်းကို မမ မသိရပါလား "

မှိုတွယ်ရာကင်းပြီ။ ရပ်တည်ရာ မဲ့ပြီ။ အရုပ်ကြိုးပြတ် မဖြစ်ရုံတစ်မည်ဖြင့် မမဝေကို ကျွန်တော် ကြေကွဲစွာ ပြန်ကြည့်နေမိသည်။ ဘာစကားမျှတော့ မပြောနိုင်တော့ပါ။ ပြောစရာလည်း မရှိတော့ပါ။

အမှုမဲ့ အမှတ်မဲ့ဟန်ဖြင့် ဆရာဝန်ကြီးသည် သူ့လက်တစ်ဖက်ကို

ကျွန်တော့်ပခုံးပေါ် တင်လိုက်သည်။ လက်ချောင်းများကမူ သတိပေးဟန် ကျွန်တော့် ပခုံးကို သုံး လေးကြိမ် မသိမသာ ဆုပ်ညှစ်၏။

ဟုတ်ကဲ့... ကျွန်တော် နားလည်ပါသည်။ ကျွန်တော် တင်းဆည်ထား ရမည်။ မမဝေ ရှေ့မှာ ကျွန်တော် မပျက်အောင် တင်းဆည်ထားရမည်။ မမဝေအတွက် ပါ။ ကျွန်တော့် မမဝေ... အတွက်ပါ။

ဆရာဝန်ကြီးကသာ တည်ငြိမ်စွာ ပြောသည်။

"ကိစ္စမရှိပါဘူး ဝေဝေ၊ ကဲ... ကဲ... ပြန်နားလိုက်ဦး၊ ဪ... သိပ်လည်း စဉ်းစားမနေနဲ့ဦးနော်၊ ခေါင်းကို ကြည်ကြည်ထား၊ ဝေဝေ အခုလောက် နေကောင်းလာတာ ဆရာ သိပ်ဝမ်းသာတယ်"

ဆရာဝန်ကြီးသည် ကျွန်တော့်ကို ပခုံးမှ ပွေ့ကာ ဆွဲခေါ်လာခဲ့သည်။ ဦးထင်အောင်နှင့် ဒေါ်လှုနတို့ကိုလည်း ခေါ်သည်။

"အပြင် ခဏလိုက်ခဲ့ကြပါ"

အပြင်တွင် မမျှော်လင့်သူ နှစ်ဦးကိုပါ ကျွန်တော် တွေ့ရသည်။

ကျွန်တော့်အဒေါ်နှင့် ဦးလေးပါ။ စောစောတုန်းက သူတို့ကို ကျွန်တော် သတိမပြုမိခဲ့ဟန် တူသည်။

ဦးလေး၏ မျက်နှာက ဘာလှုပ်ရှားမှုမျှ မပြ။ အဒေါ် မျက်နှာကတော့ တင်းသည်။ မျက်လုံးများက ဒေါသနှင့် ပြစ်တင်မှုကို ပြနေ၏။

ဒေါသထွက်ပါလေ။ အပြစ်လည်း တင်ပါ။ တကယ်တော့ ယခုအချိန်က သန်းခေါင်ပါ။ ပိုနက်သော အမှောင်ကို ကျွန်တော် မမြင်ပါ။

ဆရာဝန်ကြီးက ဦးထင်အောင်နှင့် ဒေါ်လှုနတို့ကို ကြည့်ပြီး ပြောသည်။

" ဝေဝေ့ကို စကားပြောတဲ့အခါမှာ ကြည့်ပြီး ပြောကြပါ၊ ကိုယ့်ဆန္ဒတွေကိုချည်း ကိုယ် ရှေ့တန်းမတင်ကြပါနဲ့၊ အခုအချိန်မှာ ဝေဝေ့စိတ်ကို မှန်လိုပဲ ကျွန်တော် ထားချင်တယ်၊ သဘာဝအတိုင်း သူ့ဘာသာသူ ထင်လာပါစေ၊ ခင်ဗျား တို့တွေက ဘာမှ ဝင်အရုပ်ရေးမပြကြပါနဲ့၊ အရုပ်ရေးမှားလို့ တစ်ခုခု ဖြစ်သွားရင် ကျွန်တော် တာဝန်မခံပါဘူး၊ ဒါပါပဲ၊ လာ မောင်လေးလှိုင် "

ဟိုနေ့က ဆရာမကြီးရှေ့မှာ ကျွန်တော် ငိုကြွေးခဲ့ရသည်။ ယခု ဆရာဝန်ကြီးရှေ့မှာ ငိုကြွေးမိရပြန်ပါ၏။ မရှက်နိုင်ပါ။ ကျွန်တော်က ငွေလမင်းကြီး ဆုံးရှုံး ရမည့် သူပါ။

"ဆရာကြီးရယ်... မမဝေ ဘာဖြစ်သွားတာလဲ၊ ကျွန်တော့်ပေါ် စိမ်း... စိမ်းကားလိုက်တာ ဆရာကြီးရယ်"

"အို... စိမ်းကားတာ မဟုတ်ဘူးလေ၊ သူဟာ ဝေဒနာရှင်ပါ မောင်လေးလှိုင်၊ ဒါကို မင်း မမေ့နဲ့"

"ဘယ်လို ဝေဒနာမျိုးမို့လဲ ဆရာကြီးရယ်၊ ကျွန်တော်လည်း ကြားဖူးနားဝတော့ ရှိပါရဲ့ ဒါပေမဲ့ ကိုယ်တွေ့ ကြုံရတော့ ကျွန်တော် မယုံနိုင်ဘူး၊ မျှော်လင့်ချက် ရှိသေးရဲ့လား ဆရာ ဟင်၊ ကျွန်တော် စိတ်သက်သာရာရအောင် ဆရာကြီး မကယ်နိုင်တော့ဘူးလား"

"နားထောင် မောင်လေးလှိုင်၊ ဆရာကြီး ရှင်းပြမယ်၊ ဒါပေမဲ့ စကတည်းက ဆရာကြီး စကားခံထားတယ် နော်၊ ယောက်ျားဆိုတာ စိတ်ဓာတ် ကြံ့ခိုင်ရမယ်လို့၊ ဆရာကြီး ရှင်းပြမှာ နားထောင်ပြီးတော့ မောင်လေးလှိုင် စဉ်းစား၊ ဟုတ်လား"

" ကောင်းပါပြီ ဆရာကြီး "

" ဝေဝေ ကြုံရတဲ့ ထိခိုက်ဒဏ်ရာရမှုမျိုးကို ဆေးပညာမှာ ထရွန်းမာလို့ ခေါ်တယ်၊ ကြမ်းတမ်း ပြင်းထန်စွာ ထိတဲ့ ဒဏ်ပေါ့ကွယ်၊ အဲဒီဒဏ်ကြောင့် ဝေဝေ့ ဦးနှောက် ဖွဲ့စည်းမှုဟာ ထိခိုက်သွားတယ်၊ ဘယ်နေရာမှာ ဘယ်လို ထိခိုက်သွားတယ် ဆိုတာ ဆရာကြီးတို့ အတိအကျ မပြောနိုင်ဘူး၊ ပြောနိုင်တာက ဝေဒနာရှင်ရဲ့ အခုလက်ရှိဘဝအခြေအနေပဲ၊ ခုဆိုရင် ဝေဝေဟာ အင်မ်နီးဇီးယာ ဆိုတဲ့ ရောဂါရှင် ဖြစ်လာတယ် "

"ခင်ဗျာ... အင်မ်နီးဇီးယာ ဆိုတဲ့ ရောဂါရှင်"

" ရောဂါဆိုတဲ့ စကားကို ဆရာကြီး မကြိုက်ဘူး၊ ဒါပေမဲ့ ရောဂါလို့ပဲ ခေါ်ရမှာပဲ၊ အင်မ်နီးဇီးယာ ဆိုတာက မေ့တာပဲ၊ အတိတ်ကို မေ့တာ၊ မေ့ပုံကလည်း အမျိုးမျိုး ရှိတယ်၊ အတိတ်ကို ယေဘုယျအားဖြင့် မေ့သွားတာကို ရက်ထရိုဂရိတ် အင်မ်နီးဇီးယာလို့ ခေါ်တယ်၊ တစ်စုံတစ်ရာသော အကန့်အသတ် ရှိတဲ့ အချိန်ပိုင်းကို မေ့သွားတာကိုတော့ ရက်ထရိုအက်ထစ်ဖ် အင်မ်နီးမီးယာလို့ ခေါ်တယ်။ ဥပမာ... တချို့ဟာ ဟိုးတစ်ချိန်တုန်းက ဟာတွေကို မှတ်မိတယ်၊ ဒါပေမဲ့ ဒဏ်ရာမရမီ တစ်ရက်၊ နှစ်ရက်၊ တစ်နာရီ စသဖြင့် အတောအတွင်းမှာ ဖြစ်ခဲ့တာတွေကို မမှတ်မိဘူး၊ ဝေဝေကတော့ အတိတ်ကို တော်တော်မေ့သွားတာပဲ၊ ဆရာကြီး အခုအထိ စမ်းသပ်တွေ့ရှိတာကတော့ ဝေဝေဟာ တက္ကသိုလ်တက် ဖူးတာ၊ ဘွဲ့ရခဲ့တာ၊ အဲဒါတွေတောင် မမှတ်မိတော့ဘူး"

"ဆရာကြီးရယ်... ဖြစ်ပျက်ခဲ့တာတွေကို မေ့သွားတယ် ထားပါတော့၊ လူကို မြင်ရင်တော့ မမှတ်မိနိုင်တော့ဘူးလား"

ဆရာဝန်ကြီးက ခေါင်းခါ၏။

" မေ့တဲ့နောက် ဘယ်မှတ်မိတော့မလဲ၊ မှတ်မိခြင်းဆိုင်ရာ လွဲမှားမှုတွေလည်း ရှိသေးတယ်၊ တစ်ခါမှ မမြင် မတွေ့ ဖူးတာကို မြင်တွေ့ ဖူးတယ်လို့ ထင်တတ်တယ်၊ မဖြစ်ဖူးတာကို ဖြစ်ဖူးတယ်လို့ ယုံချင် ယုံတတ်တယ်၊ အဲဒီသဘောကို ဒေးရှားဗုးလို့ ခေါ်တယ်၊ တစ်ခါ ရင်းနှီးစွာ သိခဲ့တာကို မမှတ်မိ၊ ထင်ရှားစွာ ဖြစ်ခဲ့တာကို သတိမရ၊ အဲဒီသဘောကိုတော့ ဂျမေးဗူးလို့ ခေါ်တယ်။ ဒါကြောင့်လည်း စောစောက သူ့မိဘတွေကို ထင်တာတွေ လျှောက်မပြောဖို့ ဆရာကြီး တားမြစ်ခဲ့တာ မောင်လေးလှိုင် ကြားတယ် မဟုတ်လား "

"သူ့ မိဘတွေကိုတော့ သူ မှတ်မိတယ်ပေါ့နော်"

“ တော်တော် ငယ်ငယ်က အကြောင်းတွေကိုတော့ ဝေဝေဟာ ပြန်မှတ်မိတယ်၊ ဒီတော့ မိဘတွေကို မှတ်မိတာပေါ့၊ မှတ်မိသမျှမှာတောင်မှ ဗလာကွက်လပ်သဘောတွေ ရှိနေသေးတယ်၊ နောင်ကိုလည်း ဆက်ရှိနေဦးမှာပဲ၊ သတိလေဟာကွက်တွေလို့ ခေါ်ရမလား မသိဘူး ”

“ဆရာကြီးရယ်… တဖြည်းဖြည်းနဲ့တော့ ပြန်သတိရမလာနိုင်တော့ဘူးလား”

“ခက်တယ်၊ မောင်လေးလှိုင် ဝင်လာတော့ ဒီကိစ္စမျိုးမှာ ပါရဂူဖြစ်ကြတဲ့ ဝိန်းစတိန်းနဲ့ ခါန်းတို့ရဲ့ ရေးသားထားချက်ကို ဆရာကြီး ပြန်လည်ဖတ်ရှုနေတယ်၊ ဘာမှ အတပ်မပြောနိုင်ပါဘူးကွယ်”

“ကုသလို့ကော မရတော့ဘူးပေါ့၊ ဟုတ်လား ဆရာကြီး”

“ကုသဖို့ ဆိုတာကလည်း မလွယ်ပါဘူး၊ ဦးနှောက်ဆိုတာဟာ အင်မတန် သိမ်မွေ့ ဆန်းကြယ်ပါတယ်၊ ကတ်ဂိုးလ်စတိန်း ဆိုတဲ့ ပါရဂူကြီးက အတိအလင်း မိန့်ဖူးတယ်၊ ဦးနှောက်ဒဏ်ရာနဲ့ ဖြစ်ပေါ်လာတဲ့ ရောဂါကို ဆက်နွယ်ကြည့်ရတာတောင် မလွယ်ပါဘူးတဲ့၊ လေ့လာလို့ အချက်အလက်တွေ ပိုသိလာလေလေ နားလည်ဖို့က ပိုခက်လာလေလေပဲတဲ့၊ ကုသနိုင်ဖို့ ဆိုတာက အင်း… အလွန် ဝေးနေပါသေးတယ်”

ကျွန်တော့်ခေါင်းက ငိုက်စိုက်ကျသွားသည်။ ဪ… မျှော်လင့်ဖွယ်ဟူ၍ ဘာမျှ မရှိတော့ပါတကား။

ကျွန်တော်သည် အံကြိတ်လိုက်ပြီး ရုတ်တရက် မေးမိ၏။

“ဆရာကြီး… ကျွန်တော် ဘာလုပ်ရမလဲ၊ ကျွန်တော့်ကို အကြံမပေးနိုင်တော့ဘူးလား ဟင်”

“ဆရာကြီး ဒါကို ပြောမလို့ဘဲ၊ အမှန်က ဆရာကြီးရဲ့ ဝတ္တရားက ကုန်ပါပြီ၊ ဒါပေမဲ့ မောင်လေးလှိုင်ဟာ ဆရာကြီးရဲ့ သားအရွယ် ငယ်ရွယ်သေးသူ အားကိုးရာမဲ့ မျက်နှာငယ်မို့ ဆရာကြီးမှာ ကရုဏာက ရှိနေတယ်၊ မောင်လေးလှိုင်မှာ လက်ထပ်စာချုပ်တွေ ဘာတွေ မရှိဘူးနော်”

“မရှိပါဘူး ဆရာကြီး”

“ဗုဒ္ဓဘာသာ ဓလေ့ထုံးစံအတိုင်း အများ ရှေ့မှောက်မှာလည်း လက်ထပ်ထားခဲ့ကြတာ မဟုတ်ဘူးနော်”

“မှန်ပါတယ် ဆရာကြီး”

“စာချုပ် ရှိရင်တော့ ဆေးရုံအာဏာပိုင်တွေကို ပြပြီး အဲဒါနဲ့မှ မလုံလောက်သေးရင် ရဲအကူအညီယူပြီး မောင်လေးလှိုင်ဟာ ဝေဝေ့ရဲ့ ပိုင်ဆိုင်သူအဖြစ် မားမား ဝင်ရပ်လို့ ရတယ်၊ အခုတော့ မလွယ်ဘူး၊ ဒါပေမဲ့ နည်းလမ်းတစ်ခုတော့ ရှိတယ်၊ မောင်လေးလှိုင်တို့ ပေါင်းသင်း အတူနေပါတယ် ဆိုတာ ရုံးတော်မှာ ကျမ်းကိုင် သက်သေလိုက်နိုင်သူ ရှိသလား”

“ရှာရင်တော့ ရမယ် ထင်တာပဲ ဆရာကြီးရယ်”

“အင်းလေ… ရနိုင်မှာပေါ့၊ ရနိုင်ရင် ရုံးတော်မှာ ဦးတိုက်လျှောက်ပြီး ရုံးတော်က ဝရမ်းတောင်းရမှာပဲ၊ ဒီတော့ သူတို့ဘက်ကလည်း ဘာကြံစည်ခုခံကြမလဲ မသိဘူး၊ အတူတကွ နေထိုင်ကြပါတယ် ဆိုတိုင်း အကြင်လင်မယားအရာ မြောက်သလား၊ အဓိကဖြစ်တဲ့ ဝေဝေကလည်း ဘာမှ မမှတ်မိ၊ ရုံးတော်က ဘယ်လိုဆုံးဖြတ်မလဲ၊ ဥပဒေပါရဂူ မဟုတ်တော့ ဆရာကြီးလည်း မသိဘူး၊ ယာယီ ဆောင်ရွက်ချက်အဖြစ် ဝေဝေ့ကို ကြားကနေပြီး ရုံးတော်က စောင့်ရှောက်ချင် စောင့်ရှောက်ထားလိမ့်မယ်၊ အမှုက ရှည်လိမ့်မယ်။ ငွေကုန်ကြေးကျလည်း များလိမ့်မယ်။ အထူး ဆရာကြီး ပြောချင်တာက ဝေဝေဟာ ဝေဒနာသည်ပါ၊ ဦးနှောက်ဝေဒနာသည်ပါ၊ ပြင်းပြင်းထန်ထန် ထိခိုက်ပြီး ပုံသေ အသားမကျသေးတဲ့ ဝေဝေ့ ဦးနှောက်ဟာ ဖြစ်ပေါ်လာမယ့် ရှုပ်ရှုပ်ထွေးထွေး ဒဏ်ကို ထပ်ခံနိုင်ပါ့မလား”

ဆရာဝန်ကြီးက လျော့လျော့ပြုံးပြီး ကျွန်တော့်ကို ကြည့်သည်။

ကျွန်တော်ကတော့ အံသာကြိတ်ထားမိသည်။ ဆရာဝန်ကြီး ပြောပြနေသော စကားအဓိပ္ပာယ်တွေကို ကျွန်တော် နားလည်သည်။ ထို့ကြောင့် အံကိုသာ ကြိတ်ထားမိသည်။

“ နောက်ဆုံးကွယ်… မောင်လေးလှိုင်ကပဲ နိုင်တယ် ထားပါတော့၊ မောင်လေးလှိုင် ပြောခဲ့တဲ့ စကားအရ မောင်လေးလှိုင်မှာက ဝင်ငွေ ဟုတ်တိပတ် မရှိသေးဘူး၊ ဝေဝေကပဲ အလုပ်လုပ်ခဲ့ရတယ်၊ ဟုတ်လား ”

မျက်ရည်ဝဲလာရင်း ကျွန်တော်က ခေါင်းညိတ်ပြရ၏။

“ဒီတော့ ဘယ့်နှယ်လုပ်မလဲ၊ ဝေဝေ့ကို ဆက်လက်ပြုစုဖို့လေးတွေကလည်း ကျန်နေသေးတယ်၊ ဝေဒနာရှင်တစ်ယောက်ရဲ့ တာဝန်ဟာ မသေးဘူး မောင်လေးလှိုင်၊ ချစ်တာ ပဓာနဆို တောင့်ခံမယ်ထား၊ ခက်တာက မောင်လေးလှိုင်၊ အဲဒီ ချစ်တယ်ဆိုတဲ့ အခြေအနေဟာတောင်မှ ပြည့်စုံပါသေးရဲ့လား”

“ခင်ဗျာ… ဆရာကြီး ဘာပြောလိုက်တယ်”

“ဒီအပိုင်းဟာ မောင်လေးလှိုင်ကို ဆရာကြီး မပြောရက်ဆုံး အပိုင်းပဲ၊ ဒါပေမဲ့ အရေးကြီးဆုံးအပိုင်းမို့ မပြောလည်း မပြီးလေဘူး၊ ဝေဝေဟာ မောင်လေးလှိုင်ကို မမှတ်မိတော့ဘူး၊ ဝေဝေ့ စိတ်သန္တာန်မှာ မောင်လေးလှိုင်ဟာ မရှိတော့သလို မောင်လေးလှိုင်အတွက် အချစ်ဆိုတာဟာလည်း မရှိတော့ဘူး၊ ဥပဒေက ဝေဝေ့ကို မောင်လေးလှိုင် လက်ထဲ ပြန်ထည့်ပေးချင်ပေးလိမ့်မယ်၊ ဒါပေမဲ့ အချစ်ဆိုတာက ပါမလာတော့ ဝေဝေဟာ မောင်လေးလှိုင်လက်ထဲ မြဲပါ့ မလားကွယ်၊ ဒါတွေက မောင်လေးလှိုင် လေးလေးနက်နက် စဉ်းစားရမှာတွေ၊ ဆရာကြီးကတော့ စဉ်းစားရမှာတွေပဲ ပြောပြနိုင်တယ်၊ ဘာလုပ်ပါလို့တော့ ပြောပိုင်ခွင့် မရှိဘူး၊ အဲ… ၊ နောက်ဆုံးတစ်ခုပဲ ပြောချင်တယ်”

ဆရာဝန်ကြီး၏ မျက်နှာသည် အထူးတည်ငြိမ်သွား၏။ လေးနက်သော လေသံဖြင့်လည်း ပြော၏။

“အချစ်ဆိုတာ ဘာလဲ၊ ပိုင်ဆိုင်လိုခြင်းလား၊ ပိုင်ဆိုင်လိုခြင်းလို့ အနက် ဖွင့်တဲ့ လူတွေကလည်း ဖွင့်ကြပါရဲ့ ဒါပေမဲ့… ကမ္ဘာ့သာဓကေ အများက ညွှန်ပြ နေတာကတော့ အချစ်စစ် အချစ်မှန် ဆိုတာဟာ ကိုယ့်ဘက်က စွန့်လွှတ်ရခြင်းပဲ၊

ပိုင်ဆိုင်လိုတဲ့ တရားကို ရင်နာနာနဲ့ ဆန့်ကျင်စွန့်လွှတ်လိုက်ရတဲ့ အနစ်နာခံမှုတရားပဲ၊ အဲဒါပါပဲ မောင်လေးလှိုင်”

ကျွန်တော်က နေရာမှ ဖြည်းညင်းစွာ ထလိုက်သည်။ ဖခင်ပမာ တူလှစွာသော ဆရာဝန်ကြီးကို မျက်ရည်ကျရင်း လက်အုပ်ချီ၍ နှုတ်ဆက်ရတော့သည်။

“ကျွန်တော့်ရင်ဟာ နာဆဲပါပဲ ဆရာကြီးရယ်၊ ကျွန်တော့် ဉာဏ်မျက်လုံးဟာလည်း ပိတ်ဆဲပါပဲ၊ ဒါပေမဲ့ မေတ္တာဖြူဖြူလွှမ်းတဲ့ ဆရာကြီးရဲ့ စကားပန်းကို ကျွန်တော့်နှလုံးသားမှာ ဆင်သွားပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါတော့ ဆရာ ကြီး ခင်ဗျား...”

ဆရာဝန်ကြီး၏ အခန်းတွင်းမှ ကျွန်တော်က ထွက်လိုက်၏။ အပြင်ဘက်မှာ စောင့်နေဟန်တူသော ဦးလေးနှင့် အဒေါ်ကို ရင်ဆိုင် တွေ့ ရသည်။

ဦးလေးက ပြောသည်။

“ မောင်လေးလှိုင်... မင်းကို စကားပြောချင်လို့ တို့ စောင့်နေတယ် ”

ဦးလေး၏ စကားသံကို ကျွန်တော် သရုပ်ခွဲကြည့်သည်။ ကရုဏာကို မတွေ့ပါ။ လုပ်ငန်းသဘောဆန်သည်။

အဒေါ်မျက်နှာကို ကျွန်တော် ကြည့်သည်။ တည်တည်တင်းတင်းပါ။

ရိုင်းပျခြင်းကို ကျွန်တော် မကြိုက်ပါ။ ရိုင်းပျခြင်းသည် ကျွန်တော့် စရိုက်နှင့် ဗီလာ ဖြစ်ပါသည်။

သို့တစေ ရင်က နာလွန်းလှတော့ ယဉ်ကျေးရမည်ကို ကျွန်တော် မေ့သွားသည်။

“ဝမ်းနည်းပါတယ်၊ မမဝေကို လုယူရေး စီမံကိန်းနဲ့ ပတ်သက်တဲ့ ဆွေးနွေးသံကို နားထောင်ဖို့ ကျွန်တော့်အသည်းနှလုံးက အဆင်သင့် မဖြစ်သေးပါဘူး၊ ဒီတော့ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ကြပါ”

ကျွန်တော်သည် ဆေးရုံကြီးပေါ်မှ အရှူးသဖွယ် ပြေးဆင်းခဲ့၏။

■

ခြေဦးတည့်ရာ...ဟုတ်ကဲ့...ခြေဦးတည့်ရာဆီကိုပါ။

ခြေခေါ်ရာကိုလူကလိုက်ပါလာမိတော့ ခြေဦးတည့်ရာဆီသာရောက်တော့သည်။

သတိဝင်၍ကျွန်တော်ရပ်လိုက်သောအခါ ရွှေတိဂုံစေတီတော်ကြီး၏တောင်ဘက်ခြေတော်ရင်းသို့ ကျွန်တော်ရောက်နေသည်။

အနောက်ဘက်ဆီစောင်းဝင်ရန်ပြင်နေသောနေမင်း၏ အရောင်၌ရွှေသားရွှေပုံရွှေတောင်ကြီးသည်ရွှန်းလဲ့ဝင်းမှည့်

တစ်ခဲနက်ထွန်းပြောင်နေဘိသည်။

ဪ...ကိုယ့်ခြေထောက်ကိုယ်ပင် ကျေးဇူးတင်ရသေးသည်။

အိမ်ဆိုသည်သို့ကျွန်တော်မပြန်ချင်ပါ။ အိမ်ကို ပြန်ရမည့်ကိုကျွန်တော်ကြောက်လန့်နေသည်။မမဝေ မရှိတော့သည့်နောက် အိမ်သည်ကျက်သရေလည်းကင်းပြီ။ အသက်လည်းမဲ့ပြီ။အိပ်စက်လဲလျောင်းခိုက်ပင် ညှိုးခြောက်သောအိပ်မက်တို့နှိပ်စက်မင်းမူဘိသည်။

အိမ်မပြန်ချင်တော့လည်းသည်မြို့ကြီးအလယ်မှာ ယောင်ချာချာနှင့်ဘယ်သို့မျှသွားစရာမရှိပါ။

ဪ...ပူပါဘိခြင်း၊ဒုက္ခရယ်...ကြီးပါဘိခြင်း။ နွမ်းနယ်လှသောကိုယ်ကိုပင်ပန်းစွာသယ်ပြီး စောင်းတန်းအတိုင်းဘုရားပေါ်သို့ကျွန်တော်တက်လာခဲ့သည်။

စေတီတော်မြတ်ကြီးကိုရင်ဆိုင်တွေ့ရသည့်နောက်တော့ ဦးသုံးကြိမ်ချရန်ကျွန်တော်မမေ့ပါ။ ရှည်ရှည်လျားလျား ဖွဲ့နွဲ့ပြည့်စုံစွာတော့မရှိခိုးမိ။ မရှိခိုးနိုင်ပါ။

အင်္ဂါထောင့်ညောင်ပင်ရိပ်မှပျဉ်ပြားအခင်းတစ်ခုပေါ်မှာ ကျွန်တော်ထိုင်လိုက်သည်။

ကျွန်တော့်တစ်ကိုယ်လုံး၌အားတို့မရှိတော့ပါ။ နေညို့စ ညနေလိုကျွန်တော့်ရင်တွင်းမှာလည်းညိုသည်။မှိုင်းသည်။ မလန်းပြီ။

ဖြစ်ရလေ...ရန်ကုန်ရောက်သည့်နေ့ညဦးကချစ်ဦးသူ မမဝေနှင့်အတူယှဉ်တွဲကာ သည်ဘုရားပေါ် ရောက်ခဲ့ကြသေးသည်။ သည်ထောင့် သည်ညောင်ပင်ဆီလည်း ရောက်ခဲ့ကြသေးသည်။ ဟံမယ်မင်း... သည်တုန်းကတော့ပျော်ရသည့်ဖြစ်ခြင်း။ မမဝေရယ်...ပျော်လိုက်ရသည့်ဖြစ်ခြင်း။ ပျော်ရွှင်ခြင်း ဆိုတာရေ...အခုတော့ သင် ဘယ်မှာပါလေနည်း။

တော်တော်ကြာလျှင်နေဝင်တော့မည်။ မောင့်ဘဝမှာလည်းနေဝင်ပါတော့မည်မမဝေ။ပျော်ရွှင်ခြင်း ဆိုသည်များ၏နေမင်းကြီးရယ်ပါလေ။နေမင်းကြီး ဝင်သွားတော့ လမင်းကြီးထွက်လာပါဦးမည်လော။လမင်းကြီး ထွက်လာမှာကိုတောင် မောင် ကြောက်ပါသည်မမဝေ။ သည်လမင်းကြီးက မောင့် ငွေလမင်းကြီး မမဝေထက် မောင့်အတွက် ဘာများ ပိုထွန်းလင်းနိုင်မှာမို့လဲ မောင့်မမဝေရယ်...။

အဝေး တန်ဆောင်းတစ်ခုမှ တရားဟောသံသည် ကျွန်တော့်ထံ လွင့်ပါ လာသည်။ တစ်ပါးပါးသော ဆရာတော်သည် တရားနိဂုံးချုပ်နေလေဟန်တကား။

“ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။

တသေံ သဘာဝဓမ္မာနံ၊ နာမမတ္တံ့ နနာယတိ”

အသံတော်က အခေါင်မြင်သည်။ တည်ငြိမ်လျက်က နာပျော်ဖွယ်လည်း ရှိသည်။

'ဗုဒ္ဓါဒိစ္စေ-ဘုရားတည်းဟူသောနေမင်းကြီးသည်။ အနုပ္ပန္နေ-လူ့ပြည်လောကကြီးမှာပွင့်ထွန်းပေါ်ပေါက်၍ မလာခဲ့သည်ရှိသော်။ ဗုဒ္ဓစန္ဒေ-ဘုရားတည်းဟူသော လမင်းကြီးသည်။ အနုဂ္ဂတေ-လူ့ပြည်လောကကြီးမှာ ပွင့်ထွန်းပေါ်ပေါက်၍လာခြင်း မရှိခဲ့သော်။ တေသံ သဘာဝဓမ္မေ- ထိုရုပ်နာမ် ဆိုသည့် သဘာဝဓမ္မတို့၏။ နာမ မတ္တံ- နာမည်လေးတွေကိုတောင်မှ၊ နာနာယတိ-ဘယ် လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ ဘယ်နည်းနှင့်မှ မသိနိုင်ဘဲ ရှိရလေတော့သတည်း'

ဖြိုင်ဖြိုင်ညီညီ သာဓုခေါ်သံများက ပေါ်ထွက်လာ၏။

သာဓု ဟူသည် ကောင်းသော တရားကို ကောင်းလေစွဟု ချီးမွမ်းဝန်ခံခြင်း ဖြစ်လေသည်။

မြတ်စွာဘုရား...။ မချီးမွမ်း မဝန်ခံဘဲ စိတ်ခွဲ စိတ်ညို့ စိတ်တွင်းမှာ ငို၍ အပူပိုပို စိတ်အလိုလိုက် စိတ်မိုက်တွင်းနက်နေသူမှာ ကျွန်တော်သာလျှင်တကား။

ဓမ္မသတိ ဝိဇ္ဇာမျိုးစေ့လေးက လူးလွန့်လာတော့ တရားသံဆီ အာရုံပြုမိသွားသည်။

" ယောဂီတို့... ရုပ်ကိုလည်း ရုပ်လို့ သိကြပြီ၊ နာမ်ကိုလည်း နာမ်လို့ သိကြပြီ၊ ရုပ်နာမ်မှတစ်ပါး လူပဲ၊ နတ်ပဲ၊ ငါပဲ သူပဲ၊ သားပဲ မယားပဲ၊ ချစ်သူ မုန်းသူရယ်လို့ မရှိပြီ "

ရုပ်နာမ် သဘာဝဓမ္မတွေ မသိခဲ့ကြလို့ သံသရာတစ်လျှောက် ဒုက္ခ ကောင်းကောင်းကြီး ရောက်ခဲ့ကြရပြီးပြီ။

ရုပ်ဟာ ငါ၊ ငါဟာ ရုပ်၊ ရုပ်မှာ ငါ ရှိတယ်၊ ငါမှာ ရုပ်ရှိတယ်နဲ့ အပြင် တုပ် အတွင်းတုပ်၊ အသွားတုပ် အပြန်တုပ်နဲ့ ရုပ်နာမ်ကို အမြင်မှားပြန်တော့ ဒိဋ္ဌိ ငါ၊ ဒိဋ္ဌိ ငါက ပွားလိုက်တော့ ငါ့သား၊ ငါ့မယား၊ ငါ့ချစ်သူ၊ ငါ့မုန်းသူ၊ ငါ့ရန်သူ၊ ဒီငါကို ချစ်၊ ဒီငါကို ကြိုက်၊ ဒီငါကို စွဲမက်လိုက်တော့ တဏှာ ငါ၊ ငါ့ကိုလည်း ချစ်ကြိုက်၊ ငါ ပွားတွေကိုလည်း ချစ်ကြိုက်၊ ငါ့သား၊ ငါ့မယား၊ ငါ့ချစ်သူ၊ ဒါတွေကိုတော့ လောဘနဲ့ လိုချင်တယ်၊ ငါ့ရန်သူ ဆိုတာကိုတော့ ဒေါသနဲ့ မလိုချင်ပြန်၊ ငါနဲ့ ငါ့ချစ်သူကို ထိလာပြန်တော့ ငါက မခံချင်၊ ငါတည်းဟူသော မာန်တွေဝင်တော့ မာန ငါ။

ဒီ ငါ သုံးငါ သက္ကာယဒိဋ္ဌိတရားကြောင့် ဒုက္ခလှလှကြီး တွေ့ခဲ့ကြရပြီ၊ သက္ကာယဆိုတာက ထင်ရှားရှိသော ရုပ်နာမ်တရားတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသဘောတွေနဲ့ ထင်ရှားရှိတဲ့ တရားတွေ၊ ဒီထင်ရှားရှိတဲ့ တရားတွေကို မြဲတယ်၊ ချမ်းသာတယ်၊ အစိုးတရ ရှိတယ်နဲ့ အမြင်မှားတာက ဒိဋ္ဌိ။

အမြင်မှန်ဖို့ ဉာဏ်မျက်လုံးလေးတွေ ဘုန်းကြီးက ဖွင့်ပေးပြီးပြီ၊ ကဲ... ကဲ... မပြန်ကြခင် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ သံဝေဂ လင်္ကာ ဘုန်းကြီး သင်ပေးထားတာ ရွတ်ကြ"

နေညိုချိန်မို့ ပတ်ဝန်းကျင်သည် လွမ်းဖွယ်လိုလို ရှိလှသည်။ နှလုံးကို တစ်မျိုးတစ်မည် ထိခိုက်လာသော သံဝေဂလင်္ကာ ရွတ်ကြသံကို ကျွန်တော်

ကြားနေရသည်။

"ဆိုပိမ့်မညှာ၊စေ့စေ့နာလော့၊ဂင်္ဂါသဲမျှ၊ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊လူ့ရွာနတ်ဥ္ဘ၊ နင် ကြုံကြိုက်လည်း၊အမိုက်မခွါ၊အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ယီးတီးယောင်တောင်၊ခုတိုင်အစောင်တည့်...။

သန်းခေါင်လကွယ်၊တောအုပ်လယ်ဥ္ဘ၊ရစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည့်၊ မိုးလုံးတိမ်တိုက်၊လျှပ်မကြိုက်သား၊ အမိုက်အပြား၊အင်လေးပါးထက်၊ နင်ကားရာထောင်၊မကမှောင်၏"

သံဝေဂလင်္ကာသည် အတန် ရှည်လျားသည်။ သူတို့ကတော့ အစအဆုံး ဆက်ရွတ်နေသည်။

ကျွန်တော့်အတွက်တော့ သည်နှစ်ပိုဒ်နှင့် လုံလောက်ပေပြီ။

ဘယ်သူမပြု မိမိမှု၊ လူဟူသည်က ကိုယ့်ကိုယ်ကိုယ်သာ ကိုယ် တာဝန် ခံရသည်။ ကိုယ့်ကြမ္မာကို ကိုယ် ဖန်တီးပြီး ကိုယ့်လမ်း ကိုယ် ရွေးရမည်။ လင်္ကာရွတ်ဖတ်သံတို့ စဲသွားသည်။ တစ်လောကလုံးသည် တိတ်ဆိတ် နေသကဲ့သို့ ကျွန်တော် ခံစားရသည်။

ရင်မှ အပူကတော့ ငြိမ်းမသွားပါ။ တော်တော်နှင့်လည်း သည်အပူက ငြိမ်းလေမည် မဟုတ်။ သို့ရာတွင် စောစောက အပူမီးလောင်သည်ကို လောင်သည့်အတိုင်း ခံနေရသည်။ ယခုတော့ ပူလောင်စွာ ခံနေရသော ကိုယ့်အဖြစ်ကို ကိုယ် သိသည်။

လေးလှိုင်ရယ်... မင်း ဒီလိုပဲ ခံနေတော့မှာလား။ မင်း ခံခဲ့ရတဲ့ ရက်တွေကလည်း များပါပြီကော။ ဘယ်ထိအောင်ကော မင်းက ဆက်ခံနေဦးမှာလဲ။ အသည်းတွေ ကျွမ်းသွားပါစေ၊ နှလုံးပင် ကြေွသွားပါစေ၊ ကျဖွယ်ရာ မျက်ရည်တို့ ခန်းသွားပါစေ။ သည်ပုံလား။ ဩော်... သည်ပုံမျိုးလား။ အဲသည်လိုဆိုတော့ မနုဿတ္တဘာဝေါ ဒုလ္လဘော ဆိုတဲ့ မင်း ယုံတဲ့ တရားက ဘယ်မှာလဲ၊ မင်း ခဏခဏ ရွတ်တဲ့ သည်တရားကို မင်း ဘယ်မှာ အားထားတော့လို့လဲကွယ်၊ မင်းမှာက ကိုးကွယ်ရာမဲ့ပြီလား။ မင်းဟာ ကိုးကွယ်ရာမရှိတဲ့ လူတစ်ယောက် အမှန် ဖြစ်နေလေပြီလား။

သစ်သားပျဉ်ခင်းပေါ်တွင် ကျွန်တော်က အကြာကြီး ဆက်ထိုင်နေသည်။

နေက ဝင်သွားပြီ။ လမင်းကြီးက ထွက်မလာ။ နက်မှောင်သော ကောင်းကင်ပြာတွင် ကြယ်လေးတွေတော့ ရှိသည်။ ကုဋေကုဋာ မရေတွက်နိုင်အောင် ရှိနေကြသည်။

မမဝေ... ဩော် မမဝေရယ်... မောင် မေ့လို့မရပါလား။ မမဝေကို မေ့ရမည်ဆိုသည်က ငွေလမင်းကြီး ဟောသည်လောကမှာ မရှိတော့ဘူးဟု ယုံရမှာထက် ခက်လှချေပါတကား။

ငွေလမင်းကြီး ရှိတော့ ရှိပါသေးသည်။ ဟို... အဝေးမှာမို့ပါ၊ လကွယ်သော ညမို့ပါ။ လကွယ်ည ရောက်တာမို့ ငွေလမင်းကြီးကို မောင်က မေ့လိုက်ရ တော့မှာလား။

မမေ့နိုင်ပါဘူး ငွေလမင်းရယ်… မမဝေကိုလည်း မောင် မမေ့နိုင်ပါဘူးကွယ်။

ဪ… မသာလည်း တ၊ သာလည်း တ,ရသတဲ့။ မပိုင်လည်း ချစ်၊ ပိုင်လည်း ချစ်ရမည်ပေ့ါ။ စချစ်ရကတည်းက ပိုင်ဖို့ရာ မောင်က မမှန်းခဲ့ပါဘူး။

သည်တော့ ဆက်ချစ်ရဦးမည် မမဝေ။ စကတည်းက မျက်ရည်ဝဲဝဲနှင့် ချစ်ခဲ့ရတော့ တစ်သက်လုံးပဲ မျက်ရည်ဝဲဝဲနဲ့ပဲ မောင် ဆက်ချစ်နေရဦးမည်။

မောင့်အဝိဇ္ဇာ၊ မောင့်တဏှာနှင့် မောင့်ကံ။

မောင့်ကြမ္မာ မောင် ဖန်တီးမည်။ မောင့်လမ်းကို မောင် ရွေးမည်။ မမဝေကိုတော့ နှုတ်ဆက်ရမည့်အချိန်က ရောက်လာပါပကော မမဝေရယ်… ရောက်လာရပါပကော။

ကျွန်တော်သည် မျက်ရည်တို့ကို သုတ်ပစ်လိုက်၏။ သစ်သားပျဉ်ခင်းပေါ်တွင် တင်ပျဉ်ခွေ်ထိုင်လိုက်သည်။ လက်ဖဝါးနှစ်ခုကိုလည်း ထပ်ထားလိုက်သည်။ ရှေ့တူရူတွင် မြင်နေရသော ရွှေပုံကြီးကို ခေတ္တ စိုက်ကြည့်မိသည်။ ပြီးတော့မှ မျက်လုံးများကို အသာ ပိတ်လိုက်သည်။

ဝင်လေ ထွက်လေဆီ စိတ်ကို နှောင်ကြည့်သော်လည်း မရ။ မျက်ဝန်းပြာ မျက်တောင်ကော့နှင့် ဝင်းပသန့်စင်သော မမဝေ၏ မျက်နှာကလေးကသာ ကျွန်တော့်မျက်လုံးများတွင် တဝဲလည်လည် တရစ်သန်းသန်း ပေါ်ထွန်းနေဘိသည်။

ပေါ်ထွန်းပါစေ… သည်မျက်နှာလေးကိုပင် ရှုမည်။ ဂေဟာသိတ ပေမ ဆိုသည့် မြူတွေကို တဖြည်းဖြည်း ပယ်ပြီး သန့်စင်သော မေတ္တာအလင်းနှင့် ရှုမည်။

မမဝေ ချမ်းသာပါစေ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။

ဪ… တစ်လောကလုံး ချမ်းသာကြပါစေ။ ချစ်သူ မုန်းသူ လူဟူသမျှ သဗ္ဗေသတ္တာ သတ္တဝါမှန်သမျှ ချမ်းသာကြပါစေ…။

မမဝေနည်းတူ ချမ်းသာကြပါစေသတည်း။

❊❊❊❊❊

အပိုင်း [၃]

~~~~~~~~~~~~

“ပိတောက်ပွင့်ဆဲ၊ လသာဆဲပေ”

“ဩော်.... ပိတောက်ဖန်ဝါ၊ သာသနာ၌၊ မဟာ ကရုဏာ၊ ဓမ္မလမင်း၊ ထိန်ထိန်ဝင်း၏၊ ဉာဏ်လင်း ထိ ရောက်၊ အသိပေါက်က၊ ပိတောက်ပွင့်ဆဲ၊လသာဆဲပေ၊ ခပဲလူသူ၊ ပူပူသမျှ၊ ငြိမ်းအေးမြလော့၊ လာကြ ရှုကြ၊ သန္နိဋ္ဌာတည်း၊ ချစ်ရ မုန်းရ၊ ပြိုးငိုရနှင့်၊ ဖြစ်ရ ပျက် ပြန်။ ဝဲကိုလွန်မည်၊ နတ်ဟန်ချစ်သူ၊ ပိုျမျစ်မှုနှင့်၊ ခုတူ မကွဲ၊ တစ်နေ့လွဲအံ့၊ နွေမွှဲမြူပြာ၊ ကမ္ဘလာလျှင်၊ အဝိဇ္ဇာသင်တိုင်း၊ မင် မဝိုင်းပြီ၊ လွမ်းတိုင်း မျက်ရည် မဝဲရစ်သော် ...”

~~~~~~~~~~~~

အခန်း [၂၄]

ကံ ဟူသည် ဆန်းပြားလှပါ၏။ ထို့ကြောင့်လည်း မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကမ္မဝိပါကောအစိန္တိယော ကံ၏အကျိုး(ဝါ)ကုသိုလ်-အကုသိုလ်၏ အကျိုးဆက်ကို မကြံစည်ကောင်းဟု ဟောတော်မူခဲ့သည်။

မမျှော်လင့်ဘဲ ငွေလမင်းကြီး ရင်ခွင်တွင်း ခုန်ဆင်းလာသလို မမဝေကို ကျွန်တော် ပိုင်ခဲ့ရသည်။ မမျှော်လင့်ဘဲပင် မမျှော်လင့်သောနည်းဖြင့် မမဝေနှင့် ကွဲခဲ့ရပြန်လေသည်။ ကပ်၍ နိပ်စက်တတ်လေသော ဥပပီဠကကံ ဖန်တီးချက်နာလေခြင်းဟုသာ စိတ်မှာ မှတ်ယူရသည်။

မမဝေနှင့် နောက်ဆုံး ခွဲခွာခဲ့ရသော ရက်အတွင်းမှာပင် စာဆိုတော်မဂ္ဂဇင်း ထွက်လာသောအခါ ကျွန်တော်၏ ကြယ် မကြွေသောညများ ဝတ္ထုကြီးသည် အခန်းဆက် ဝတ္ထုရှည် အဖြစ် တစ်ခမ်းတနား ပါလာခဲ့သည်။ မဂ္ဂဇင်းတွင် လေးလတိတိ ဖော်ပြပါရှိပြီးနောက် လုံးချင်းအဖြစ် ထွက်ပေါ်လာပြန် သည်။ ကျွန်တော့်ဝတ္ထုသည် စာဆိုတော် မဂ္ဂဇင်း၏ ပထမဆုံး လုံးချင်းဝတ္ထုဖြစ်ပြီး စောင်ရေလည်း စံချိန်သစ် တွင်ပါလေ ၏။ ဆက်တိုက်ပင် ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုက ရုပ်ရှင်ရိုက်ရန် ထိုခေတ်က အမြင့်ဆုံးဈေး ဖြစ်သော ငွေငါးထောင်ပေး၍ ဝယ်ယူလိုက်သည်။

သူတကာဆိုလျှင် ဝမ်းသာပီတိ ရွှန်းရွှန်းအိနေမည့်အချိန် တွင် ကျွန်တော်ကမူ မျက်ရည်ပေါက်ပေါက်ကျခဲ့ရသည်။

‘ ကြယ်မကြွေသော ညများ’ သည့်နာမည်ကို မမဝေပင် ရွေးပေးခဲ့သည်၊ သည့်ဝတ္ထု တစ်ပုဒ်လုံးကို သူကိုယ်တိုင် မဆောက်တည်ရှိုတစ်မည့် ကျန်သည်။ သည်အခန်း ဟိုအခန်း သည်အကွက် ဟိုအကွက်။ လှပသော အခန်းအကွက်လေးများစွာတွင် မမဝေ၏ အကြံဉာဏ် လွှမ်းခဲ့သည်။ စာမူတစ်ဝက် ကျော် နီးပါးမှာ မမဝေ၏ လက်ရေးဖြစ်သည်။ ဝတ္ထုတစ်ပုဒ်လုံးမှ ကျွန်တော့် အားတွေ၊ ကျွန်တော့် မာန်တွေ၊ ကျွန်တော့် မေတ္တာ၊ကျွန်တော့်ကရုဏာတွေ၊ ကျွန်တော့်စေတနာတွေ။ အားလုံး လိုလိုသည် မမဝေ တည်းဟူသော စမ်းရေယဉ်ဦးမှာ မြစ်ဖျား ခံသည်။

ဩော်...ယခုတော့ မရှိပြီ။ ချစ်လှစွာသော ချစ်သူဇနီး သည် ယခုကျွန်တော့်အနီးတွင်မရှိပြီ။ အဓောင်မြင်ခြင်း လမ်းမ ပေါ် ရောက်ရှိပါရမီကူညီဖြည့်ခွင့်လေး ရှိသွားရှာသူ ချစ်သူ ဇနီးသည် ယခု ကျွန်တော်နှင့် အတူ မရှိပြီ။

ဦးထင်အောင်နှင့် ဒေါ်လှနု၊ ကျွန်တော့် ဦးလေးနှင့် အဒေါ် သူတို့လေးဦးထံမှ ကျွန်တော် ဘာစျေးမှ မဆစ်တော့။ ဘာဟန်မျှလည်း မဆောင်။ ဖြစ်ခဲ့သမျှ အတွက်လည်း ဘာဆင်ခြေမှ မပေး။

သည်တုန်းက ကျွန်တော်က မျက်နှာငယ်၊ လက်ဝယ်မှာ ဘာရယ်မှမရှိ၊ အနာဂတ်ဟူသည်က မက်ထားရသော အိပ်မက် လောက်ပင်မှ အကောင်အထည် မည်မည်ရရ လုလုပပ မရှိ။

သည်တော့ မင်းဘဏ္ဍာပန်းတော်မြိတ်ကို သဲဖြူငွေ ရာဇမတ် သို့ ကျွန်တော် ပြန်လည် အပ်ခဲ့ရသည်။ ကြမ္မာနေခြည်ထိုး၍ ညှိုးမည်လုလု သဇင်နကို သူ ပြန်လည် လန်းနိုင်ရာ မှန်စီနီစီ သိင်္ဂီနန်းသို့ အသည်းကြွေချင်လျက်နှင့် ကျွန်တော် ပြန်ဆက်ခဲ့ရသည်၊

မြို့ဝန်မင်းထံ ခွင့်မပန်သူ ကျွန်တော် ဇမိုက်သားတစ်ဦး တော့ ဒူးပြတ်လေရသည်။ ချစ်ခြင်းမေတ္တာမြေမှာ ရပ်တည်ခွင့် မရှိသူသည် ဒူးပြတ်သူနှင့် မတူရန်မှာ ဘာဇာခြားပါ သနည်း။

ဇမ္ဗူဒီပ..နိမိတ္တ၊ နိမိတ်ကတော့ သန်းလေသည်။

အခေါင်မြင်ခြင်းဆီ ကျွန်တော့်ကို တွန်းပို့ပေးခဲ့သည်။ ကျွန်တော့် ဝတ္ထုကြီးနာမည်က ကြယ်မကြွေသော ညများပါ။

ဟုတ်ကဲ့။ ကြယ်မကြွေသော ညများ။ မကြွေ ကြယ်တို့၏ညများ။

မှောင်စမ်းပါစေလေ။ မှောင်လိုက်စမ်းပါ၊ သောင်ရယ် ကမ်းရယ် လမ်းရယ် မြေရယ်။ ဘာတွေကိုမှ မမြင်နိုင်အောင် ညရယ် မှောင်လိုက်စမ်းပါ၊ ကြယ်ကတော့ မကြွေဘူး၊ တစ်လုံး ပင်မှ မကြွေဘူး။

ဘဝမျှော်လင့်ချက် ကြယ်ကိုတော့ ကျွန်တော် အကြွေမခံ ပါ။ အထူးသဖြင့် ကျွန်တော့် ပေါ် ဟိုစိတ် ဟိုဘဝနှင့် မမဝေ စိတ်ချ ယုံကြည်သွားလေသည့် မျှော်လင့်ချက် ကြယ်ကိုတော့ ကျွန်တော် အကြွေမခံပါ၊

ကိုယ့်ဘဝ မလှပေမယ့် လောကကိုတော့ ကိုယ်စွမ်းသမျှ အလှဆင်မည်။ ကိုယ့်မှာ ချစ်သူနှင့် ဝေးပေမယ့် လောက ကိုတော့ ချစ်ဖွယ်ရာတွေ ပေးမည်။ ကိုယ့်ရင်မှာ ဆွေးပေမယ့် လောကကိုတော့ တေးဆိုပြမည်။ အနည်းဆုံး လွမ်းတေး ကိုတော့ဆိုပြမည်။ ရသမြောက်၍ ချစ်ခြင်းပြေးကြလျှင် စာပေ ကျေးကျွန် ကိုယ့်ဝတ်တော့ ပွန်သည်တကား၊

ဘဝမှာ မပျော်ပေမင့် စာပေလောကမှာတော့ ကျွန်တော် ပျော်သည်။

ရည်ရွယ်ချက်လမ်းပေါ်မှာ မငြီးငွေ့ဘဲ ဖြောင့်ဖြောင့် တန်းတန်း ဆက်လျှောက်စွမ်းနိုင်သော သတ္တိတွင်းဝယ် ပျော်ရွှင်ခြင်းရှိသည် ဆိုပါလျှင်။ ဟုတ်ကဲ့။ ကျွန်တော် ပျော်ပါ သည်။

သရက်တောလမ်းမှ အိမ်ကို ဒေါ်မမလေးထံ ကျွန်တော် ပြန်အပ်ခဲ့သည်။

သူ့ထံမှ မမဝေ၏ နီလာတစ်မျက်ရွဲသော ဆွဲကြိုးလေးကို ကျွန်တော် ပြန်ရသည်။

ဪ...လည်ဆွဲကြိုးတစ်ကုံးကိုတော့ မမဝေ ကိုယ်စား အလွမ်းပြေရှုဖို့ ကျွန်တော် သိမ်းထားသည်။

မမဝေနှင့် အတူပါလာသော အခြားရတနာ ပစ္စည်းများ နှင့် အဝတ်အစားများကိုတော့ ဦးထင်အောင်နှင့် ဒေါ်လှုန တို့ကို ကျွန်တော် ပြန်ပေးလိုက်သည်။

ရတနာတွေပြန်ပေး၍ သူတို့က အံ့ဩကြသေးသည်။ သူတို့ နားမလည်ပါ။ ဘယ်တော့မှလည်း နားလည်ကြမည် မဟုတ်။

သည်ရတနာတွေကို ကျွန်တော် မမက်ပါ။ သည်ရတနာတွေထက် တန်ဖိုးကြီးရာကိုပင် ကျွန်တော်က စွန့်လွှတ်ရပြီ မဟုတ်လော။

ဦးလေးနှင့် အဒေါ်တို့ကတော့ နောက်ဆုံးအချိန်တွင် တုံ့ပြန်သော မေတ္တာစကားကို ဆိုခဲ့ပါ၏။

ဦးလေးက မေးခဲ့သည်။

"မောင်လေးလှိုင်၊ မက်ထရစ်အောင်တယ်မဟုတ်လား"

"အောင်ပါတယ်"

"မင်း တက္ကသိုလ်ကို ဆက်သွားပါ၊ တို့များ ထားပေးမယ်'

အဒေါ်ကလည်း ခေါင်းညိတ်ပြ၏။ ကျွန်တော်ကသာ ခေါင်းခါ၏။

"တော်ပါပြီ၊ ဦးလေးတို့ ပတ်ဝန်းကျင်မှာ ကျွန်တော် မရှိတော့ရင် အားလုံးအတွက် အကောင်းဆုံး ထင်ပါတယ်"

ဦးလေးနှင့်အဒေါ်တို့ကတစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ပြီးမှ ဦးလေးက ရှင်းပြသည်။

"မောင်လေးလှိုင် နားမလည်ဘူးထင်တယ်၊မောင်လေးလှိုင် နဲ့ ဝေဝေ ခုလိုဖြစ်ခဲ့ကြတာ သိတာ ကိုထင်အောင်၊ မလှုနနဲ့ ဦးလေးတို့ ပေါင်း လေးဦးပဲ သိကြတာ၊ မင်းတို့ ထွက်သွား တာဟာ အတူတူပဲလို့ တို့အစက မယူဆခဲ့ဘူး၊ နည်းနည်း မသင်္ကာတာတော့ ဖြစ်သပေ့ါလေ၊ဒါပေမယ့် တို့ စုံစမ်းစဉ်က သင်္ဘောပေါ် မင်းတစ်ယောက်တည်းတက်သွားတာ၊ ဝေဝေ မပါဘူး၊ မီးရထားနဲ့ သတ်သတ်ထွက်သွားတယ် ထင်တယ်၊ ဒီ ဆေးရုံပေါ်ရောက်မှ အဖြစ်မှန် တို့သိကြတာ၊ ဒါကိုလဲ တို့အခု အုပ်ဆိုင်းထားတယ်၊ဒီတော့ ဗိုလ်နေမြဲ ကျားနေမြဲ၊ ဣန္ဒြေ မပျက်အောင်၊ မင်းရှေ့ရေးလဲ ကောင်းအောင် တက္ကသိုလ်ကို ဆက်သွားပါ၊ ဦးလေး စေတနာနဲ့ ပြောတယ်"

"ဦးလေးနဲ့ ဒေါ်ဒေါ် စေတနာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဇာတ်လမ်းတစ်ခုက ပြီးသွားပြီ၊ ဇာတ်လမ်းတစ်ခု ပြီးသွားရင် ပြည်ဖုံးကားကို ပီပီသသချလိုက်တာပဲ ကောင်းပါတယ် ဦးလေးရယ်၊ တစ်ဇာတ်ပြောင်းပြီး ကျွန်တော်

က'ပါရစေတော့၊ ဦးလေးတို့ နားလည်နိုင်မှာ မဟုတ်ဘူး၊ က,ရ တာက ကျွန်တော်၊ ဆိုရတာက ကျွန်တော်၊ ငိုရတာလဲ ကျွန် တော်၊ ဒီဇာတ်လမ်းကိုတွင် မကဘူး၊ ဒီဇာတ်ခုံနဲ့ ဒီ အခင်း အကျင်းကိုပါ ကျွန်တော် မုန်းပါပြီ၊ ခွင့်လွှတ်ကြပါတော့"

သည်လိုပင် ကျွန်တော့်ဘက်မှ ပြည်ဖုံးကားကို လုံးလုံးကြီး ကျွန်တော် ချပစ်လိုက်ခဲ့သည်။ သူတို့ဘက်မှာလည်း ဇွတ် မတိုက်တွန်းလာတော့။

ဪ... သူတို့လည်း သူတို့ဇာတ်ခုံ မှာ သူတို့နည်းနှင့်သူတို့ ဇာတ်လမ်းသစ်ကို ကချင်ရှာပုံ ရ သည်။

တက္ကသိုလ်ကိုတော့ ကျွန်တော့်ဘာသာ ကျွန်တော် သွား ပါသည်။ သွားရသည့်က နှစ်ကြောင်း ရှိသည်။ တစ်ကြောင်း က ပညာလိုချင်၍ပါ၊ တစ်ကြောင်းက နေစရာ လိုချင်၍ပါ။

အိမ်တစ်လုံးငှားနေနိုင်စွမ်း အဲသည်တုန်းက ကျွန်တော့်မှာ မရှိပါ။ ရှိလျှင်တောင်မှ သရက်တောလမ်းမှ အိမ်တွင် ကျွန်တော် ဘယ်ပုံ ဆက်နေနိုင်မည်နည်း၊ မမဝေ မရှိတော့ဘဲ သည်အိမ်တွင်ဆက်နေပါက သည်အိမ်သည် ကျွန်တော့်အတွက် နေ့စံ၍ညခံ၊ သို့မဟုတ် ညစံ၍နေ့ခံ၊ သို့မဟုတ် နေ့ရောညရော ခံနေရသည့် စံရမှု ကင်းသော ငရဲဘုံတစ်မျိုးသာ ဖြစ်ချိမ့်မည်။

ဇူလိုင်လဆန်းတွင် စာဆိုတော်မဂ္ဂဇင်း၌ဝတ္ထုပါလာသောကြောင့် တက္ကသိုလ် ဝင်ခွင့်လည်း မီသေးသည်၊ ငွေလည်းရှိသည်။

တက္ကသိုလ်တွင် ဥပစာတန်း၌ ကျွန်တော်က စိတ်ကြိုက် မြန်မာစာ၊ သမိုင်းနှင့်တက္ကဗေဒဘာသာတို့ကိုယူသည်။စစ်ကိုင်း ကျောင်းဆောင်တွင် နေ၏။

တက္ကသိုလ်တွင် မှတ်ပုံတင်တော့ မိဘ မရှိလျှင် အုပ်ထိန်းသူ တစ်ဦးဦးကို ဖော်ပြရသည်။ . ကျွန်တော့်မှာက အခြား အုပ် ထိန်းသူ ပြစရာမရှိ။ သည်တော့ စာဆိုတော်မဂ္ဂဇင်း စာတည်း အဖွဲ့ဝင် ဦးအုန်းသော်နှင့် ဇနီး ဒေါ်ဖြူဖြူတို့ကိုပင် ကျွန်တော် အုပ်ထိန်းသူအဖြစ် မှတ်ပုံတင်လိုက်သည်။

ဆရာဦးအုန်းသော်သည် အမှန်ပင် ကျွန်တော့်ဘ၀ အုပ် ထိန်းသူလည်း ဖြစ်သည်။

မမဝေနှင့် ကျွန်တော် ဖြစ်ခဲ့သည့် ဇာတ်လမ်းကို ဆရာ ဦးအုန်းသော် မသိပါ၊ ကျွန်တော်ကလည်း အသိမပေးပါ၊ ဆရာ့အမြင်မှာကား ကျွန်တော်သည် ချောင်းသာမှ မိဘမဲ့ ကိုယ့်ဒူးကိုယ်ချွန်သူ လူငယ် တစ်ဦး၊ ဒါလောက်ပဲ ဖြစ်သည်။

စာပေနယ်ဝင်စ တစ်ဟုန်ထိုး ကျော်ကြားလာသူ တယောက်အနေနှင့် စာပေလောကကို နားလည်သော အုပ်ထိန်း သူတစ်ဦး အမှန်လည်း လိုအပ်လှ၏။

စာအုပ်ထုတ်လုပ်ငန်းဟူသည်စီးပွားရေးလုပ်ငန်းဖြစ်သည်။ စီးပွားရေး လုပ်ငန်းပေ့ဟု ဆိုသည်နှင့် တစ်ပြိုင်နက် ဝိသမ လောဘသမားတို့ ကင်းခဲသည်။ စာရေးဆရာ တစ်ယောက်အတွက် သူတို့၏ ညွှတ်ကွင်းအမျိုးမျိုး၊ ညစ်နည်းအသွယ်သွယ်၊ ခေါင်းပုံ ဖြတ်နည်း အဖုံဖုံကို သိထားမှ ဖြစ်မည်။ မဟုတ်က နာမည်ကြီးထမင်းငတ်လည်း ဖြစ်တတ်သည်။ နာမည်ကြီးနိုင် လျက်နှင့် ပလက်ဖောင်း

အပေါင်းဈေးတွင် သိက္ခာအချစ်ခံ ချင်လည်း ခံရတတ်သည်။အနုပညာကိစ္စကား ဒုတိယ၊ ပိုက် ဆံ ရရေးကား ပထမ ဟူသော ရုပ်ရှင်လုပ်ငန်းသမားနှင့် ဆက်ဆံရပြီဆိုလျှင် ပိုကြောက်ဖွယ် ကောင်းတော့၏။

စာရေးဆရာကိုယ်၌ကလည်း မှားတတ်သည်။ ငါ နာမည် ကျော်သည်။ငါ လုပ်ချင်သလိုလုပ်မည်။ သည်မာနမျိုးကလည်း ဝင်တတ်၏။ ဦးနှောက်ကို စက်ဟုထင်ပြီး ဝတ္ထုတွေကို စက်နှင့် လုည်၍ထုတ်သကဲ့သို့ ထုတ်ချင်လည်း ထုတ်တတ်သည်။ ပြည်သူ ချစ်မှု တင့်တယ်ရသော ကိုယ့်အဖြစ်ကို ကိုယ်မေ့ပြီး ပြည်သူ့ အထင်သေးသော အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ ဒါတွေကို လုပ်မိတတ်သည်။ ထိုအခါမျိုးတွင် ပြည်သူက ဒဏ် ခတ်တတ်သည်။ ပြည်သူ့ဒဏ် ထိပြီဆိုလျှင် နာလံထူရေးက မလွယ်။ ကယ်နိုင်သူလည်း ဝေးတတ်သည်။

စာရေးဆရာဘဝ ဟူသည် လွတ်လပ်သည်ဟု ဆိုကြသည်။ မှားလေစွ၊ စာရေးဆရာဟူသည် မလွတ်လပ်ဆုံးသောလူ ဖြစ်၏။ အကြောင်းကား သူ့ကို ပြည်သူက ပိုင်သည်။ စာပေ ကမ္ဘာဦးကတည်းက သူသည် ပြည်သူပိုင် ဖြစ်သည်။ ပြည်သူပိုင် ဘဝသည်ပင် သူ့ဘဝအာမခံချက် ဖြစ်သတည်း။

ဆရာဦးအုန်းသော်၏အုပ်ထိန်းညွှန်ပြမှုကြောင့် ကျွန်တော်သည် ဆောင်ရမည်တို့ကို သိသကဲ့သို့ ရှောင်ရမည် တို့ကိုလည်း နားလည်လာသည်။ သည်တော့ စာပေလောကမှာ ကျွန်တော် ဘဝလေး ဖြောင့်ဖြူး သာယာပါ၏။

ဆရာဦးအုန်းသော်က ညတိုင်း ရွှေတိဂုံဘုရားတက်သူ ဖြစ် သည်။ ပုတီးလည်း စိပ်သည်။ တရားလည်း ထိုင်သည်။

ကျောင်းစာနည်းလျှင် သို့မဟုတ် စာရေးရန်မရှိလျှင် စနေ နှင့် တနင်္ဂနွေညတိုင်း ကျွန်တော်လည်း ဘုရားတက်ပြီး ဆရာနှင့် ဆုံ၏။

ဩော်... အင်္ဂါထောင့်မှာပင် ဆုံကြပါ၏။

ဘုရားပေါ်မှာကလည်း လူစုံပြီး အရှုပ်လေသား၊ စီးပွား ပျက် ယောင်လည်လည်တွေလည်း ရှိသည်။နိုင်ငံရေး သံဘော ပျက်ပြီး သောင်တင်နေသူတွေလည်း ရှိ၏။ ဘိုးတော်ဘွဲ့ခံပြီး ခပ်တည်တည် ကောင်းစားနေသူများလည်း ရှိလေသေး၏။

ဇရပ်တစ်ခုမှ ဘိုးတော်ကား မင်းသားချော ချောသည်။ အမျိုးသမီးပရိသတ် ကြီးသည်။ သူ့ဂိုဏ်းစည်းမျဉ်းကား အရက် မသောက်ရ။ မိန်းမတော့ ကာယကံရှင်သဘောတူလျှင် ပါရမီ ဖြည့်ဖက်အဖြစ် ကြိုက်သမျှ ယူနိုင်သည်။

အခြား ဇရပ်တစ်ခုမှ ဘိုးတော်ကား မုတ်ဆိတ်ကျင်စွယ် စုတ်ပြတ်ပြတ်။ လူကလည်း ခပ်ကုပ်ကုပ်။ ဥပဓိရုပ်လည်း မရှိလှ။ သူ့ဂိုဏ်း စည်းမျဉ်းက မိန်းမမပွေရ၊ အရက်တော့ ကြိုက်သလောက်သောက်။ ဒုစရိုက်ဆယ်ပါးတွင် အရက်သောက်ခြင်းမပါ ဟူသတတည်း။

စီးပွားအဖြောင့်ဆုံး ဘိုးတော်တစ်ဦးကား ကန်တော့ပွဲနှင့် အလုပ်ဖြစ်နေသူတည်း။ သူက ဂူတစ်ခုကို အပိုင်စားထားသည်။ သူ့ ဂူတွင်း၌ ဘုရားတွေရှိ၏။ဆည်းကပ်ကိုးကွယ်သူတွေအတွက် သူက ကန်တော့ပွဲ

စီရင်ပေးသည်။ ကန်တော့ပွဲတွေက သူ့ထံ တွင် အဆင်သင့်ရှိသည်။ ကန်တော့ပွဲ တစ်ပွဲကို ငွေ သုံးဆယ် ပူဇော်ရသည်။ သူကမှ ကန်ထရိုက်သွင်းသူထံမှ ရာသီမရွေး ကန်တော့တစ်ပွဲ ခြောက်ကျပ် ပုံသေနှုန်းနှင့်ယူသည်။ ထိုဘိုး တော်သည် အခါအားလျော်စွာ နေကသိုဏ်း ရှုသည်ဟု မွန်း တည့်ချိန်တွင် သမံတလင်းပေါ် ပက်လက်လှန်၍ နေကို ရှုပြ တတ်သည်။

သူ့ထက်ကဲ ရွှေပြည်စိုးသော ဘိုးတော်တစ်ဦး ရှိလေသေး ၏။ သူအပိုင်စားသောတိုက်ခန်းနံရံပေါ်တွင် အင်္ဂလိပ် အက္ခရာ ဖြင့် စီ-ဘီ-တီ ဟု ရေးထားသည်။ အရှည်ကောက်က ချိဖ် ဘိုးတော်၊ ဘိုးတော်ချုပ် ဟူသတည်း။

ချိဖ်ဘိုးတော်သည် အဆဲသန်၏။ ရက်ရက်စက်စက် ပက်ပက်စက်စက် ကမ်းကုန်အောင် ညစ်ပတ်စွာ ဆဲတတ်၏။ နိုင်ငံ ရေး စကားလည်း ပြောသည်။ အင်္ဂလိပ်စကားနှင့် စာလည်း တတ်သည်။ ဆည်းကပ်ကိုးကွယ်သူတို့ ထံမှ လာဘ်သပ်ပကာ အပြင် နိုင်ငံခြားသား ကမ္ဘာလှည့်သမား အမွဲစားများကို ဘုရားလှည့်ပတ်ရှင်းပြပြီး တိုးရစ်ဂိုက်ဒ် (ခရီးသည်ရှေ့ဆောင်) အဖြစ် တစ်ကျပ်တစ်ပြား နည်းများမဆို ချိဖ်ဘိုးတော် လက်ခံ ရရှိသည်။

သားသံယောဇဉ်၊ သမီး သံယောဇဉ်၊ မယား သံသောဇဉ် ဖြတ်ကာ တရား အားထုတ်ရင်း ဘုရားပေါ်တွင် အေးအေး ဆေးဆေး နေသူအများလည်း ရှိကြ၏။

ညချမ်းအခါ အိမ်မှလာပြီး နိစ္စဓူဝ အဓိဋ္ဌာန်မပျက်စေဘဲ ပုတီးစိပ်သူ၊ တရားထိုင်သူတွေလည်း များလှပါ၏။

ပုတီးစိပ်၊ တရားထိုင်ရန် အကောင်းဆုံးနေရာကား အထက် ပစ္စယံ ဖြစ်သည်။ အထက်ပစ္စယံဆီမိန်းမတက်ခွင့်မရှိ။ယောကျာ်း တိုင်းလည်း မတက်ရ။ ဂေါပကအဖွဲ့မှ ထုတ်ပေးထားသော ခွင့်ပြုလက်မှတ်ရှိသူမှသာ တက်ရသည်။ ဆရာဦးအုန်းသော် ယင်းလက်မှတ်ရှိ၏။ ဆရာနှင့်ကပ်၍ ကျွန်တော်လည်း တက် ခွင့်ရသည်။

ရင်ပြင်တော်ပေါ်သာ ရောက်ဖူးသူများကား ရွှေတိဂုံစေတီတော်ကြီး၏ အောက်ခြေပတ်လည်တွင် စေတီလေးတွေ ဝိုင်းနေသည်ကိုသာ တွေ့မည်။

သတ်မှတ်ထားသော လှေကားမှ အစောင့် ဘုရားရဲကို လက်မှတ်ပြပြီး တက်သွားလျှင် ရင်ပြင်တော် အထက် တစ်ဆင့် မြင့်သော အထက်ပစ္စယံဆီ ရောက်သွား၏။

အထက်ပစ္စယံသည် များစွာကျယ်ဝန်းသေး၏။ ရွှေတော ရွှေပုံကြီး၏ အခြေအစစ်လည်း ဖြစ်၏။ ထိုင်ရာမှ မော့ဖူးလိုက်လျှင် ဤ လူ လောကတွင် ဘယ်မှာမှ မတွေ့နိုင်သော ကြီးမာ လှသည့် ရွှေတောင်ရွှေပုံကြီးကို ရင်သပ်အံ့ဩဖွယ်ရာ ဖူးမြင်ရသည်။ ရွှေတောင်ရွှေပုံကြီး၏ အခြေအရင်းတွင် ထိုင်ရသောအရသာကပင် ထူးကဲလှ၏။ ရောင်ပြန်ဟပ်လာသော ရွှေရောင်တို့ကြောင့် ..မိမိကိုယ်လည်း ဝင်းဘိသည်။ အတုမရှိသော ကျက်သရေတော်နှင့် ပြည့်စုံသည့် သက်တော်ထင်ရှား ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ရှေ့တော်မှောက် ရောက်နေဘိ သကဲ့သို့လည်း ခံစားရသည်။ အရဟံ...အစရှိသော ကိုးပါး သော ဂုဏ်တော်မြတ်၏ တန်ခိုးရှိန်စော် အာနဘော်တို့သည် မိမိတစ်ကိုယ်လုံးဆီ- စိမ့်ဝင် ပျံ့နှံ့ ထွန်းတောက် လွှမ်းခြုံ စိုးမိုး ကုန်ပြီဟုလည်း သဒ္ဒါပီတိအရှိကြီး ရှိရသည်။

ဩော်…… ချမ်းသာစွ၊ ဩော်… အေးငြိမ်းစွ၊ … ဩော်…. ဘေးကင်းစွ။

ရွှေတောင်ကြီး၏ အခြေတွင် ကျွန်တော်က ကမ္ဘဋ္ဌာန်း ထိုင်သည်။ ပျောက်ခဲ့သော ဝသီဘော်ကို ပြန်မွေးယူရသည်။ ဩော်… စကားလည်း ရှိလေသည်။ တရားပျောက်က ကိုယ်မှာရှာ၊ တရားရှာက ကိုယ်မှာတွေ့။

ကျွန်တော့်မှာ တရားပျောက်၍ ဒုက္ခလှလှကြီးရောက်ခဲ့ရ ပြီးပြီ။ ယခုတော့ ပျောက်သောတရားကို ကိုယ်မှာပင် ပြန်ရှာ ရသည်။ ရှာပြန်တော့လည်းတရားကိုတွေ့သည်။ ပူဆာခပ်သိမ်း ပူစတွေ့ အကုန်မငြိမ်းနိုင်စေ၊ နေသာ ထိုင်သာရှိအောင် တရား ကိုတော့ ကျွန်တော် ပြန်တွေ့ပါ၏

ကိုယ့်ကိစ္စကိုယ် ပြီးကြသောအခါ ဆရာ ဦးအုန်းသော်နှင့် ကျွန်တော်တို့သည် အင်္ဂါထောင့်၌ ပြန်ထိုင်ကြသည်။. အထက် ပစ္စယံပေါ်မှာက စကားပြောခွင့်မရှိ။

လလည်းသာ၍ ရာသီလည်း ကောင်းသော ညမျိုး၌ ကျွန်တော်တို့သည် လရောင်ပြိုး ပြောက် သော ညောင်ပင် အောက်မှာ ညအတန်နက်သည်အထိ စကားပြောကြ၏။

“ကိုလေးလှိုင်က ငယ်ငယ်ရှိသေးတယ်၊ ဘာလို့ ကမ္မဋ္ဌာန်း ထိုင်တာလဲ”

“ဒါတော့ ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့ ဆရာရယ်”

“ဘယ်လိုလဲ၊ အသည်းမှာ ဒဏ်ရာရဖူးလို့ ကုစားနေတာ လား”

“မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော်က ငယ်ငယ်ကတည်း က ထိုင်တာပါ၊ နေပါဦး…ဆရာလဲ အဘိုးကြီး မဟုတ်သေး ပါဘူး၊ ဘာလို့ တရားထိုင်ရသလဲ”

“အဲ….အဟဲ၊ ကျွန်တော်က အစက တရားရှာတာ မဟုတ် ဘူး၊ တန်ခိုးရှာတာ”

“ဘယ်လို ဆရာ”

“စိတ်တန်ခိုးကြီးအောင် သမထနည်းတွေရှာပြီး သမထတွေ ချည်း လုပ်တာ”

“ဘာလို့ ဆရာက တန်ခိုးရှာချင်ရတာလဲ”

“လောကကြီးကိုပြုပြင်ချင်လို့ပေါ့၊ကျွန်တော်က တော်လှန် ရေးမှာလဲ ပါဖူးတယ်၊ ကျောင်းသားခေါင်းဆောင်လဲ လုပ်ဖူး တယ်၊ ကားစပယ်ယာလဲ ဖြစ်ဖူးတယ်၊ လက်ဝဲသမားယောင် ယောင်လဲ ကြောင်ဖူးတယ်၊ တစ်လောကလုံးကို ငါပြုပြင်လိုက် ရင် ရမှာပဲလို့ ဘဝင်ကိုင်ဖူးတယ်၊ တစ်ကြိမ်ကဆို တစ်ပြည်လုံး ဘယ်သူမှ မကောင်းဘူး၊ ငါတစ်ယောက်တည်းကောင်းတယ် လို့တောင် ထင်ဖူးတယ်၊ အဲဒီ မာနလေးရှေ့ဆောင်ပြီး တန်ခိုး ရဖို့သမထလုပ်ခဲ့ထာပေါ့”

“ဆရာ… ယောဂ ကျမ်းတွေဖတ်တာ ကျွန်တော်တွေ့တယ်၊ ဘယ်လိုနေလဲ ဆရာ”

“အစကတော့ အထင်ကြီးတတ်တာပါ တကယ်တော့ သူ့ခမျာများဟာ စိတ်နဲ့ စေတသိက်တောင် ခွဲခြားမသိရှာကြ ပါဘူး၊ စေတသိက်ဆိုတာ ရှိမှန်းတောင်

မသိကြပါဘူး၊ခဏိက သဘော၊ သန္တတိသဘော၊ ပစ္စယသဘောတွေ မသိတော့ ခပ်မျာများ ချာလည်ပတ်လည်ပါပဲ၊ ကွာသရတို့၊ ဇီဝတို့၊ ပကတိ တို့ ဆိုတဲ့ စကားတွေနဲ့ နပန်းလုံးနေကြရှာတာ၊ အခု ကျွန်တော် ဒါတွေ ရပ်လိုက်ပါပြီ၊ ဝိပဿနာပဲ ဆက်အားထုတ်နေ တယ်၊ ဒါထက် ကိုလေးလှိုင် တစ်ခါတစ်ခါ ထိုင်ရင် အတော် ကြာတယ် နော်၊ မညောင်းဘူးလား"

"မညောင်းပါဘူး ဆရာ"

"ကိုလေးလှိုင်...ဝေဒနာလွန်အောင် ရှုတတ်တယ်ပေါ့ ဟုတ်လား"

"ဆရာ ဘာကို ဆိုလိုတာလဲ"

"ကျွန်တော်က ကြာကြာထိုင်ရင် ညောင်းလာတယ်၊ကိုက်ခဲ တာတယ်၊ အဲဒါတွေကို ရှု... ရှု...ဆိုလို့ ရှုတာပဲ၊ မရဘူး၊ ညောင်းတာက ညောင်းတာပဲ၊ ကိုက်တာက ကိုက်တာပဲ၊ ဝေဒနာကို ရှုလို့မရဘူး"

"ကျွန်တော်က ဒီဝေဒနာကို မရှုဘူး၊ ကျွန်တော် ရှုတာက ထွက်လေဝင်လေပဲ၊ ထွက်လေဝင်လေ ဆိုတာက ကာယပဲ၊ ပိုတိတိကျကျဆိုရရင် ကာယသင်္ခါရပေါ့၊ အဲဒီလို ရှုတာကို ကာယာနုပဿနာ သတိပဋ္ဌာန်လို့ ပါဠိတော်က ခေါ်ပါတယ်၊ ဝေဒနာရှုတယ်လို့ ဆရာက ပြောတော့ ကျွန်တော် နားလည်တဲ့ ဝေဒနာနုပဿနာအကြောင်း နည်းနည်းပြောပြချင်တယ်"

"လုပ်စမ်းပါဦး"

"အာနာပါနသတိ ကမ္မဋ္ဌာန်း စီးဖြန်းတဲ့အခါမှာ ဝင်လေ ထွက်လေဟာ တစ်ဆင့်ပြီးတစ်ဆင့် သိမ်မွေ့သွားရတယ်၊ ဘယ်လောက်အထိသိမ်မွေ့ သွားသလဲဆိုရင် ဝင်လေထွက်လေ ဟာ ပျောက်ပြီး ချုပ်သွားတယ်တောင်ထင်တတ်တယ်တဲ့၊ တကယ်တော့ မချုပ်ပါဘူး၊ ထွက်လေဝင်လေချုပ်တဲ့ ပုဂ္ဂိုလ်ဟာ ခုနစ်မျိုးပဲရှိတယ်၊ ကိုယ်က ဒီထဲမှာမပါသေးဘူး၊ ဝင်လေ ထွက်လေက သိမ်မွေ့ လွန်းပြီး ကိုယ့်သတိက အားသေးလို့သာ ချုပ်တယ်ထင်တာ၊ မချုပ်ဘဲ ချုပ်တယ်ထင်ရင် လမ်းလွဲသွား တတ်တယ်၊ အန္တရာယ်တစ်ခုပေါ့ ဆရာရယ်၊ ဒီတော့ သတိကို ပြန်ထင်ရှားအောင် လုပ်ရပါတယ်၊ ဆရာရေ သတိ သတိနဲ့သာ ပြောနေကြရတယ်၊ သတိဟာလဲ မလွယ်ဘူး၊ အဆင့်ဆင့်ပဲ"

"အေးဗျ...ကျွန်တော်လဲ အဲဒါ ရိပ်မိသလိုလိုပဲ"

"တစ်ခါ အင်မတန် သိမ်မွေ့တဲ့ ထွက်လေဝင်လေကို ရှုရင်း လူရောစိတ်ရော ပေါ့ပါးပြီး အင်မတန် ချမ်းသာတဲ့ အရသာကို ခံစားရတတ်တယ်၊ တချို့ ဆိုရင် အဲဒါလေးနဲ့ တင်းတိမ် ကျေနပ်နေတတ်တယ်၊ ပီတိနဲ့ ပါမောဇ္ဇ ဖြစ်နေတယ်လို့ ဆိုတယ်၊ ပီတိ ဆိုတာက နှစ်သက်ခြင်း၊ ပါမောဇ္ဇ ဆိုတာက ဝမ်းမြောက်ခြင်း..."

"ဟုတ်တယ်ဗျို့ ၊ အမြဲတော့မဟုတ်ဘူးကျွန်တော်လဲ ကြုံဖူး တယ်၊ အဲဒီလိုဖြစ်ရင် ဘာဆက်လုပ်ရမှန်း မသိတော့ဘူး"

"ပါဠိတော်ကတော့ ရှင်းပါတယ်၊ အဲဒီလိုဖြစ်လာရင် ပီတိ ပဋိသံဝေဒီ၊

ပီတိသဘောကို ထင်ရှားအောင် သတိထားပြီး ဝင်လေ ထွက်လေကို ဆက်လုပ်အားထုတ်ရတယ်၊ နှစ်သက် ခြင်း ဝမ်းမြောက်ခြင်းတွေဟာ ထင်ရှားလာတော့ အဲဒါတွေကိုခံစားနေတဲ့ ဝေဒနာ သဘောဟာပေါ်လာတယ်၊ ဘာ ဝေဒနာလဲဆိုတော့ သုခဝေဒနာပဲပေါ့၊ ဒီတော့တစ်ခါ...သုခ ပဋိသံဝေဒီတဲ့၊ သုခဝေဒနာကိုထင်ရှားအောင် သတိထားပြီးရှု ရပြန်တယ်၊ ထင်ရှားပေါ်လာတဲ့ အဲဒီ သုခဝေဒနာပေါ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အနေနဲ့ ရှုရင် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဖြစ်သွားတယ် တဲ့၊ အင်မတန်သိမ်မွေ့ ပါတယ်ဆရာ”

“ဟာ..ကိုလေးလှိုင်က တယ်ဟုတ်ပါလား၊ အလုပ်အတော် လုပ်ဖူးတယ်ထင်တယ်”

“ကျွန်တော့် ကို သိပ်အထင်မကြီးနဲ့ ဆရာ”

“ဘာပြုလို့တုံး”

“ဆရာကောင်းများ ကျေးဇူးကြောင့် သိသင့် သမျှတော့ ကျွန်တော်သိပါတယ်. ဒါပေမယ့် သိတာက တခြား၊ ခရီး ရောက်အောင် ကျင့်နိုင်တာမကျင့်နိုင်တာက သတ်သတ်၊ မကျင့်နိုင်သေးတော့လဲ အင်း..”

ကျွန်တော်က နေရာမှ ထလိုက်၏။

“ကဲ....ဆရာရေ ပြန်ကြစို့ ၊ ဒီ ထက် ညနက်ရင် ကားမရှိဘဲနေလိမ့်မယ်”

ဦးအုန်းသော်လည်း “အင်း...ဟုတ်ပါရဲ့”ဟု ဆိုပြီး နေရာမှ လိုက်ထ၏။

စောင်းတန်းဆီ လျှောက်လာကြခိုက် ဦးအုန်းသော်ကမေး၏။

“ခင်ဗျား အခု ဘာရေးနေလဲ”

“ဆရာနဲ့ ကျွန်တော် တစ်ခါတိုင်ပင်ထားတာလေ”

“ဩော်...စစ်အတွင်း ရိုးမဇာတ်လမ်းဟာလား’

“ဟုတ်တယ် နာမည်ကို ရိုးမလို့ပဲ ကျွန်တော်တော့ ပေးချင်တယ်”

“အေးဗျာ....ကောင်းတယ်”

*****

အခန်း [၂၅]

ကြယ်မကြွေသော ညများ...။ စိတ္တဇလွင်ပြင်။ လွမ်းတေး ပဥ္စင်၊ ရိုးမ၊ တန်ခူးလေလျှင်၊ မိုးမြူ လွှမ်းသော ရောဦး၊ သာ၍ ဝေးရာဆီကိုပါ၊ သူငယ်ချင်း မစန္ဒာ။

ကျွန်တော့ဝတ္ထုအမည်များ ဖြစ်ပါသည်။ စက်နှင့် လှည့် ထုတ်သကဲ့သို့ မဟုတ်သော်လည်း တစ်နှစ်လျှင် နှစ်အုပ်နှုန်းမျှ ကျွန်တော် ရေးခဲ့သည်။ သည်ထက်နည်း ရေးပြန်တော့လည်း ပရိသတ်နှင့် အဆက်ပြတ်တတ်သည် ဆိုကြ၏။

သူငယ်ချင်း မစန္ဒာကား ကျောင်းသားဘဝနှင့်ကျွန်တော် နောက်ဆုံးရေးခဲ့သော ဝတ္ထု ဖြစ်၏၊ အကြောင်းမှာ ထိုနှစ်၌ ကျွန်တော်ဘွဲ့ရသောကြောင့် ဖြစ်ပါသည်။ငယ်စဉ်တုန်းက ဝိဇ္ဇာ တန်းတွင် မြန်မာစာပေ၊ အင်္ဂလိပ်စာပေ၊ ပါဠိစာပေ ယူမည် ဟု စိတ်ကူးယဉ်ထားသော်လည်း တကယ်တမ်းကျတော့အင်္ဂလိပ်စာပေ၊ နိုင်ငံရေးသိပ္ပံနှင့်ဖီလက်ဆက်ဖီခေါ် ဒသနိက ဗေဒကို ယူခဲ့သည်။ မြန်မာစာပေနှင့် ပါဠိစာပေကိုအထင်ကြီး နှစ်သက်သည် မှန်သော်လည်း ကိုယ်ခံလေးကရှိထားနှင့်ပြီးဖြစ် သည်။ ကိုယ်မတတ်သေးသည့် စာရေးဆရာဘဝ၌ အသုံးဝင် မည် ထင်သော ဘာသာများကို တမင်ရွေးယူရခြင်း ဖြစ်လေ သည်။ စာရေးဆရာဟူသည် သမိုင်း၊နိုင်ငံရေးသိပ္ပံနှင့် ဒဿနိက ဗေဒကို ခြေခြေမြစ်မြစ်လေး နားလည်ထားသင့်သည်ဟု ကျွန်တော် ယူဆပါသည်။

သာ၍ဝေးရာဆီကိုပါ ဝတ္ထုမှစပြီး “လွင်မော်” စာပေနှင့် ကျွန်တော် ဆက်ဆံသည်။ လွင်မော်စာပေမှ ဦးထင်ပေါ်သည် မော်ကွန်းဝင် သုံးဆင့်ရသော ရဲဘော်ဟောင်းကြီး တစ်ဦး ဖြစ်သည်။ ကတိတည်ပြီး ရဲဘော်စိတ် ရှိ၏။ ရိုးသားပွင့်လင်း၍ နှလုံးဖြူသည်။ သူ့တိုက်မှ စာအုပ်ကိုလည်း ပလက်ဖောင်း ပေါ် အရောက်မခံသော ထုတ်ဝေသူ ဖြစ်လေသည်။

ဦးထင်ပေါ်နှင့် ပတ်သက်ပြီး ၂၉-လမ်းတိုက်တစ်လုံးတွင် အလယ်ထပ်၌ ကျွန်တော်နေရန် အခန်းတစ်ခန်းရသည်။ လင် ကိုယ်မယား နေနိုင်သော အခန်းဖြစ်ရာ ကျွန်တော် တယောက်တည်းအတွက် ကောင်းစွာ ကျယ်ဝန်းလွတ်လပ်သည်။ အနှောင့်အယှက်မရှိဘဲ ကောင်းစွာ စာရေးနိုင်သည်။ကမ္ဘဋ္ဌာန်း ထိုင်နိုင်သည်။ အိပ်ချင်သည့် အချိန် အိပ်၊ ထချင်သည့် အချိန် ထ။ ကိုယ့်အချိန်ကိုယ် အစိုးရ၏။

ကျွန်တော်နှင့် ကျွန်တော့်ခေတ်ပြိုင် စာရေးဆရာတို့ကား စာပေခေတ်ကောင်းကို မီကြသူများ ဖြစ်ကြပါသည်။

ယခင်က ၂-ကျပ်တန်ဝတ္ထု၊ အုပ်ရေ နှစ်ထောင် ကုန်လျှင် ဝမ်းသာရသည်

ဆို၏။ ငါးထောင်ကုန်လျှင် စံချိန်ချိုးသည့် ခေါ်ကြ၏။ ကျွန်တော်တို့ခေတ်တွင်ကား စာဖတ်ပရိသတ် တိုး ပွားလာသောကြောင့် ငါးကျပ်တန်ကိုပင် သောင်းကျော် ရိုက်လာရပြီ။ ရေမြင့်၍ ကြာတင့်သည်။ ပြည်သူ မြှောက်စား၍ စာရေးဆရာတို့ အခြေမြင့်ရသည်။

ကျွန်တော့်ဝတ္ထုများသည် အလွမ်းဘက် ယိုင်သော ဝတ္ထု များ ဖြစ်ကြသည်။ အလွမ်းဓာတ်ခံကရှိနေသောကြောင့် အလွမ်းတွေ ရေးမိသည်မှာ မဆန်း။ သို့ရာတွင် စာရေးသက် ရလာသောအခါ ဦးတည်ချက်လေး ပြောင်းလာ၏။

ကမ္ဘာကျော် ဝတ္ထုရေးဆရာကြီး ဟယ်မင်ဝေးသည် ကြမ်း တမ်း ရက်စက်မှုအကြောင်း ဝတ္ထုတွေကို ရေးသည်။ မူလက ကြမ်းတမ်းရက်စက်မှုအကြောင်းကို ရေးရုံသက်သက် ရေးခဲ့ သည်၊ နောင်သော် ကြမ်းတမ်းရက်စက်မှုတို့၏ အကြောင်းခံ တရားကို သုံးသပ်ဆင်ခြင်၍ ရေးလာသည် ဆို၏။

ကျွန်တော်လည်း မူလက လွမ်းဖွယ်ရာကို လွမ်းဖွယ်ရာ သက်သက် ရေးခဲ့မိသည်။ နောက်တော့ လွမ်းဖွယ်အဖြစ်တို့၏ အကြောင်းခံတရားကို ကြိုးစားပြီး သုံးသပ် ဆင်ခြင်၍ ရေး သည်။အကြောင်းခံတရားကို နှစ်ပါးသောဌာန၌ ကျွန်တော်က တွေ့သည်။ တစ်ဌာနကား ဝိသမလောဘလွှမ်းသော လူနေမှု စနစ်ဖြစ်သည်။ တစ်ဌာနကား. လူ၏ စိတ်သန္တာန်မှ အဝိဇ္ဇာ နှင့် တဏှာဖြစ်လေသည်။ ကျွန်တော်၏ဝတ္ထုများတွင် ယင်းအကြောင်းခံ တရားနှစ်ပါးကို တတ်နိုင်သမျှ ကြိုးစား တင်ပြ သည် ။

အဲသည်နေ့တုန်းက ပိတောက်ပင်ကြီး တစ်ပင် အောက်သို့ မမျှော်လင့်ဘဲ ကျွန်တော် ရောက်သွားခဲ့သည်။

ကျွန်တော့်ဆရာ ကထိကတစ်ဦးက အင်းလျား ရိပ်သာလမ်းတွင် နေသည်။ ကိစ္စတစ်ခုကြောင့် သူနှင့် တွေ့ပြီး ကျွန်တော် ပြန်လာခဲ့သည်။ သူ့ အိမ်ကျောဘက်မှနေ၍ ဖြတ်လမ်းအတိုင်းပြည်နှင့် တကောင်း ကျောင်းဆောင်များဆီ ကျွန်တော် လျှောက်လာခဲ့သည်။ သည်ကျောင်းဆောင်များ ဂိတ်ဝမှ အင်းစိန်ကားစီးရန် ဖြစ်သည်။

အချိန်မှာ သင်္ကြန်ပြီးစ ဖြစ်၏။ ဘီအိုစီ ကောလိပ်ရှေ့အရောက်၌ ပိတောက်ပင်ကြီးကို ကျွန်တော် ဘွားဘွားတိုးမိတော့၏။

ဩော်.....ပင်လုံးကျွတ်အခေါင် ပိတောက်တွေ ထိန်ထိန်ဝင်း နေလေသည်တကား။

ပိတောက်တစ္ဆေ အခြောက်ခံလေရသည်ဟုတော့ မဆိုလိုပါ။ သို့ရာတွင် လှိုင်းထလှုပ်ရှားသော ရင်နှင့်မူ ပိတောက်ပင် ကြီးကို ရပ်ငေးကြည့်မိသည်။

တက္ကသိုလ်နယ်မြေမှာက ပိတောက်ပင်တွေ ပေါလှသည်။ သို့တစေ ပိတောက်ပင်အများကား ကပ္ပလီ ပိတောက်ခေါ် မွေးစားထားသော ပိတောက်ပင်တွေ ဖြစ်သည်။ သူတို့က မိုး ဖြိုင်ဖြိုင် ရွာသော ဇူလိုင်လထဲတွင် ပွင့်ကြသည်။ နှစ်ဦးမင်္ဂလာသင်္ကြန်အခါ ပွင့်သောပန်း မဟုတ်လေတော့ သူတို့ကို ဘယ်သူကမှ မြတ်မြတ်နိုးနိုး တန်ဖိုးမထားကြ။

ယခု ကျွန်တော့်ရှေ့မှ ပိတောက်ပင်ကြီးကား မြန်မာ့ ပိတောက်ပင်ကြီး ဖြစ်၏။ အိုလည်း အိုမင်းသည်။ မြင့်လည်း မြင့်မားသည် ။

ပင်အိုကြီးဖြစ်သော်လည်း တစ်နှစ်မှတစ်ခါ သူ့ဓမ္မတာမို့ ကြိုင်စွာ လှိုင်စွာ မချန်မခြွင်း ထိန်ထိန် ဝင်းအောင် ပွင့်ပြနေ ရှာသည်။

ပန်းချစ်သူ တက္ကသိုလ် လုပျိုဖြူတို့က ယခု သည်မြေမှာ မရှိကြပြီ။ ရှိကြလျှင်တော့ သည်ပင်အိုမှ အလှပန်းကို သူတို့ ခေါင်းမှာဆင်မြန်းကြပေမည်။ ယခုအချိန်မှာပင် တစ်ပါးသော မြေ၌ တစ်ပါးသောအပင်၏ ပိတောက်ပန်းတို့၊ သူကလေးတို့၏ ကေသာဦးမှာ တင့်ထူးနေကြမည် ထင်သည်။

သြော်.....သည်ပင်အိုကတော့ မျက်နှာငယ်ပါ။ သူ့ပွင့် ပန်းကို ဆင်မြန်းသူ ကင်းဘိသည်။

တော်တော်ကြာတော့ ပိတောက်ရွှေ မြေမှာ ခ,ရသည်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ ပွင့်ပေးလေလျက် ဆင်သူမဲ့တော့ မြေထက်ဝယ် မျက်နှာငယ် ဇာတ်သိမ်းရှာရ မည်။

သည်ပင်အိုမျိုးနှင့် သည်မျက်နှာငယ် အလှပန်းမျိုးတို့သည် ကမ္ဘာမြေဝယ် မရေမတွက်နိုင်အောင် ရှိပေလိမ့်မည်။

သြော်... သည်လိုပင် ကိုယ့်မေတ္တာ ပိတောက် အလှကို ကိုယ့်ခန္ဓာ ရိုးပြာမြေကျအထိ ကိုယ့်ရင်မှာသာ သိမ်းဆည်းယူသွားရသူတွေလည်း သည်ကမ္ဘာမြေဝယ် မရေတွက်နိုင်အောင် ရှိရှာပေလိမ့်မည်။

အတိတ်ရိပ်သည်လည်း ကျွန်တော့်ပစ္စုပ္ပန်ပေါ်မှာ ညို့ညို့ မိုးလာသည်။

“သြော်......မဆင်ငြင်းရင်လှ

ပင်မင်းမှာ မာလာသုဉ်းသည်သို့

ဘဝမှာ ပိတောက်တုံးပေလိမ့်

ဆံထုံး နောင်မပြင်နဲ့....”

သြော်... သည်တုန်းက သည်ကဗျာကို စပ်သာစပ်သည် ဘဝမှာက ပိတောက်ပွင့်ဆဲ...လသာဆဲပါ...။ ယခုတော့... ပိတောက်လည်း တုံး.... လလည်း ပုန်းပြီ။

သြော်... မမဝေရယ်၊ မောင့်ဘဝမှာ ပိတောက်လဲတုံး လလဲ ပုန်းပါလေပြီကော။

အင်းစိန်ဘက် ဆက်သွားစရာရှိသည်ကို မသွားတော့ဘဲ ကျွန်တော်က တိုက်ခန်းသို့ ပြန်လာခဲ့သည်။

စာရေးစားပွဲမှာ ကျွန်တော် ထိုင်သည်။ အကြာကြီး ထိုင်သည်။

ကျွန်တော့်ရှေ့ မှာ ဖောင်တိန်လည်းရှိသည်။ စာရေးစက္ကူ ဖြူဖြူ အလွတ်လည်း ရှိသည်။

ဘာမျှတော့ ကျွန်တော်မရေး၊ ကျွန်တော့် စိတ်မှာ ရုတ်တရက်တော့ စက္ကူဖြူအလွတ်ပမာ ဗလာချည်းကဲ့သို့ ဖြစ်နေ သည်။ သို့ရာတွင် ကျွန်တော် တစ်ကိုယ်လုံးကိုတော့ ခံစားမှု တိမ်ခိုးတို့ တဖြည်းဖြည်း တိုးဝှေ့ လွှမ်းခြုံလာသည်။

အတန်ကြာသောအခါ ကျွန်တော်သည် စားပွဲထောင့်မှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟဲလို...ဦးထင်ပေါ်လား"

"ဟုတ်ပါတယ်၊ ဪ.....ဆရာလား"

"ဟုတ်တယ် ဦးထင်ပေါ်၊ ဒါထက် ဒီလ စက်မှာ ဘာစာ အုပ် တင်နေလဲ"

"အင်း... မင်းသား အစ်ကိုအေးရဲ့စာအုပ်လေ၊ စာမူထုံးစံအတိုင်း နောက်ကျလို့ တရကြမ်း ဆော်နေရတယ်"

"ကြော်ငြာဖို့ နေရာကျန်သေးလား"

"ရပါတယ်ဆရာ၊ ဘာပြုလို့လဲ"

"ဒါဖြင့် ကြော်ငြာ ထည့်လိုက်ဗျာ ကျွန်တော့် ဝတ္ထု အသစ်"

"ဟာ...တကယ်လားဆရာ၊ နာမည် ဘာတဲ့လဲ ဆရာ"

"ပိတောက်ကယ် တစ်နှစ်- အချစ်က တစ်သက်တစ်ခါ"

"ပြန်...ပြန်ပြောပါဦး ဆရာ"

ကျွန်တော်က ဦးထင်ပေါ် သဲကွဲရန် တစ်လုံးချင်း ထပ်ပြောပါ၏။

"ပိတောက်ကယ် တစ်နှစ် အချစ်က တစ်သက်တစ်ခါ"

သည်ကမ္ဘာလေးက သေးသေးလေးပါ။

အင်္ဂလိပ်လူမျိုးတို့၏ ဆိုရိုးစကားဖြစ်ပါသည်။ မတွေ့နိုင်၊ မဆုံနိုင်ဟု ထင်သူချင်း ပြန်လည်တွေ့ဆုံကြလျှင် သည်ဆိုရိုးကို ပြုကြ၏။

သည်ကမ္ဘာလေးက သေးသေးလေးပါ။

ပိတောက်ကယ် တစ်နှစ်အချစ်က တစ်သက်တစ်ခါ ဝတ္ထု အမည်က ရှည်သည်။ ခံစားမှုကို ဇာက်လွှတ်ပေးလိုက်တော့ ဝတ္ထုကလည်း ရှည်သွားသည်။ နှစ်လကျော်လည်း အချိန်ယူ ရေးရ၏။

ဝတ္ထုပြီး၍ ကောင်းမွန်စွာ အနားယူပြီးသော တစ်နေ့လယ် တွင် ပန်းဆိုးတန်းရှိ

လွင်မော်စာပေတိုက်သို့ ကျွန်တော်သွား ၏။

သူစားပွဲတွင် စာအိတ်တစ်ပုံကြီးနှင့် ဦးထင်ပေါ် အလုပ် များနေ၏။

"ဆရာ့စာအုပ် အမှာစာတွေ ဆရာရေ့၊ မျက်နှာဖုံး မပို့ရသေးဘူး၊ ဒီနေ့အထိ အမှာစာ တစ်သောင်းကျော်နေပြီ၊ နှစ်သောင်းတောင် လောက်ပါ့မလား မသိဘူး"

"နှစ်သောင်းဆို တော်ပါပြီဗျာ"

"တော်တော့ တော်ပါပြီ၊ ဒါပေမယ့် ဆရာ့ဝတ္ထုထွက်တိုင်း ကျွန်တော့်မှာ ဒုက္ခ၊ တယ်လီဖုန်းက တဂွမ်ဂွမ်နဲ့၊ အိမ်က ရှောင်ပြေးနေရတယ်"

"အဲဒီတော့လဲ ဖိုးတင်အေးတို့နဲ့ အိုးရီးယင့်မှာ ဘီလိယက် ထိုးမကောင်းဘူးလား"

"ထိုးကောင်းတာထက် ဘီယာက ပိုကောင်းတော့ ကျွန်တော့် ဗိုက်ကြီး အိအိလာတယ်၊ မဖြစ်ပါဘူး၊ အရက်ဖြတ်ပြီး ဆရာတို့နဲ့ ကမ္မဋ္ဌာန်း လိုက်ထိုင်တော့မယ်"

ထိုစဉ် တိုက်တွင်းသို့ အသားဖြူဖြူ လူနွဲ့နွဲ့တစ်ဦး ဝင် လာ၏။

ဟောဒီမှာ ပြီးပြီဗျ ဦးထင်ပေါ်၊ ကျွန်တော် ကိုယ် တိုင် ဝင်ယူခဲ့တယ်၊ စိတ်တိုင်းကျပဲမျို့"

လူရွယ်ကမျက်နှာဖုံး ပန်းချီစာရွက်ကို ဦးထင်ပေါ်အားလှမ်းပေး၏။

"အတော်ပဲ ဆရာရွှေ့ ငါးကျပ်တန်လဲဖြစ်ပြန်၊ အုပ်ရေ လဲ နှစ်သောင်းဆိုတော့ ကျွန်တော် အဆန်းထွင်လိုက်တယ်၊ ဆရာ့ဝတ္ထုမျက်နှာဖုံးကို အခု လစ်သိုင်နဲ့ ရိုက်တယ်လေ၊ ပိုက်ဆံ တော့ ပိုကုန်တာပေါ့၊ ဒါပေမယ့် ဘယ်သူမှ မလုပ်သေးဘူး၊ ပန်းချီဆရာလဲ ပြောင်းလိုက်တယ်၊ ဪ....မိတ်ဖွဲ့ပေးရဦး မယ်၊ ဟောဒါက ပန်းချီ သန်းအောင်၊ ဒါကတော့ ဆရာ၊ ဆရာ လေးလှိုင်"

ကျွန်တော် တုန်လှုပ်သွားသည်။ သူ သွားတွေပေါ်အောင် ရယ်ပြီး ကျွန်တော့်ထံလက်ကမ်းပေးလေသော ကိုသန်းအောင် ကို ခေတ္တ ကြောင်ကြည့်မိသေးသည်။

"ဆရာရယ်..သိပ်ဝမ်းသာတာပဲ၊ ဆရာ့ဝတ္ထု၊ မျက်နှာဖုံး ဆွဲရလို့ ကျွန်တော် ဂုဏ်ယူမိတယ်၊ ဆရာနဲ့လဲ တွေ့ချင်တာ ကြာပြီ၊ အရီကလဲ ဆရာ့တွေ့ချင်လို့တဲ့၊ အရီ ကို ဆရာ မှတ် မိပါတယ်နော်"

"မှတ်....မှတ်မိပါတယ် ကိုသန်းအောင်"

ဦးထင်ပေါ် က ကျွန်တော်တို့နှစ်ဦးကို ကြည့်၍ အံ့ဩဟန် ဆို၏။

"လက်စသတ်တော့ ဆရာက မင်းပါမဟုတ်ဘူး၊ ရွှေရိုးပါ သိနေသလား၊ ဟုတ်လား"

"အဲ.....အဟဲ....ဆိုပါတော့ဗျာ၊ ကဲ......ပန်းချီလဲ ကြည့်ကြ ပါဦး"

ပန်းချီက သာမန်ကြည့်ရုံနှင့်ပင် မြိုင်လှ၏၊ လစ်သိုဆိုတော့ မူလပန်းချီမှ ပကတိအရောင်တို့ကို မယွင်းမပျက်စေဘဲ ပေါ် လွင်စေသည်။ အရောင်ကို စုံအောင် သုံးထားပုံကလည်း လှ သည်။ ပွင့်ဝါတွေနှင့် ပိတောက်ပင်ကြီးတစ်ပင်ကို အသားပေး ဆွဲထားသော နွေရှုခင်းမှာ မြူ ပြာပြာ ဝေ့နေပုံက မကျန် အသေးစိတ် ပြည့်စုံတင့်တယ်၏။ စီးပွားရေးမျက်နှာဖုံးပန်းချီ ထက် လက်စွမ်းပြ ရှုမျှော်ခင်းပန်းချီနှင့် ပိုတူ၏။

"ကိုသန်းအောင်ရေ၊ ခင်ဗျားလက်ရာကို အခုမှ ကျွန်တော် မြင်ဖူးတာပဲ၊ ကြိုက်တယ်ဗျာ၊ နွေရသ အပြည့်ပေါ်တယ်"

"ကျေးဇူးပါပဲ ဆရာ၊ ကျွန်တော် ကြိုးစားဆွဲထားတာ၊ ဘလောက်သမားနဲ့ကျွန်တော်က ခင်လဲ ခင်တော့ နှစ်ယောက် တိုင်ပင်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့တာ၊ပန်းချီကောင်း ပေမယ့် ဘလောက်သတ်ရင် ခံရတယ် ဆရာ၊ ကိုယ့်ပန်းချီဆွဲပြီးပြီဆို လွှတ်ထားလို့ မရဘူး"

ဦးထင်ပေါ်ကလည်း ဝင်ထောက်ခံ၏။

"မောင်သန်းအောင်က ကျွန်တော့ညီလိုပါပဲ ဆရာ၊ အစကသူက မျက်နှာဖုံးပန်းချီလိုင်းက မဟုတ်ဘူး၊ သူ့ လိုင်းက သတ်သတ်၊ ကျွန်တော် အခု အတင်းဆွဲခေါ်တာ၊ ဘယ့်နှယ်လဲ ဆရာ၊ ကျေနပ်တယ်မဟုတ်လား"

"ဟာ...ကျေနပ်ပါတယ်ဗျာ"

"လုပ်ငန်းကိစ္စစကားက ပြီးသွားပြီ"

ကိုသန်းအောင်က ကျွန်တော့ ကို ကြည့်ပြီး ပြော၏။

"ဆရာ့ကို တွေ့ရဖို့ မမျှော်လင့်ဘူး၊ ဆရာ့ဝတ္ထုမျက်နှာဖုံး ကို ဆွဲရတော့ ဆရာနဲ့ တစ်နေ့ တွေ့ရမယ်ဆိုတာတော့ သိတယ် ပေါ့လေ၊ ဪ ဒါထက် ဆရာ၊ ဆရာ့ ဟိုကဗျာလေးနဲ့ ပတ်သက်တဲ့ ပန်းချီဟာလေ၊ အဲဒါနဲ့ ပတ်သက်ပြီး ပြောစရာတွေ ရှိလို့"

"ကိုသန်းအောင်က အဲဒီ ပန်းချီ ဆွဲဖြစ်လို့လား"

"ဆွဲဖြစ်တာပေါ့ ဆရာ၊ ဆွဲဖြစ်ရုံတင်မကဘူး၊ မမျှော်လင့်သူတစ်ဦးကို မမျှော်လင့်သောနည်းနဲ့ ရောင်းလိုက်ရတယ်"

"ဘယ်လို မမျှော်လင့်သူတစ်ဦးကိုလဲ"

ကိုသန်းအောင်သည် ခေတ္တဆိုင်းသွား၏။ ထို့နောက် အဓိပ္ပာယ်မျိုးစုံထွက်သောမျက်နှာဖြင့် ကျွန်တော့်ကို ကြည့်ပြီး တစ်လုံးချင်း ပြော၏။

"အဲဒီပန်းချီကို ဝယ်သွားသူနာမည်က ဒေါ်ဝေဝေတဲ့ ဆရာ"

ဒေါ်ဝေဝေ.. ကြားလိုက်ရသည်ကို နားက မယုံမိ။ တစ်ချိန်တည်းမှာပင်

ကိုသန်းအောင် ဘာဆိုလိုသည် ကို ကျွန်တော် နားလည်လိုက်သည်။ ဪ... ကိုသန်းအောင်သည် နှုတ်စောင့်စည်း ဟန် တကား၊ ဦးထင်ပေါ် ရှေ့တွင် ကျွန်တော်တို့ချင်းသာ နားလည်နိုင်သော စကားကို သုံးလေသည်။

ကျွန်တော်က ဘာမျှ မပြော၊ ခေါင်းကိုသာ အခါခါ အလေးလေးညိတ်နေမိ၏။

"ငွေလမင်းရဲ့ ချစ်သူပန်းချီကားရဲ့ မူလပုံစံ ပန်းချီကား လေးတော့ အိမ်မှာ ကျန်နေသေးတယ်၊ ဆရာ လာကြည့်ပါလား ဟင်"

"ကိုသန်းအောင်တို့အိမ်က ရွှေဘုန်းပွင့်လမ်းမှာနော်"

"ဟုတ်တယ် ဆရာ၊ နံပါတ်(....)ပါ"

"ကောင်းပါပြီလေ၊ တစ်နေ့ ကျွန်တော် လာခဲ့ပါမယ်"

"လာခဲ့ပါ ဆရာ၊ ညနေ ငါးနာရီကစပြီး အိမ်မှာ ကျွန်တော် အမြဲရှိပါတယ်"

ဘေးမှာနားထောင်နေသော ဦးထင်ပေါ်က မကျေနပ်ဟန်ဖြင့် ဝင်ပြော၏။

"ဘယ်လိုလဲ၊ ဆရာနဲ့ မင်းက ငါ့ကို ပဟေဠိဝှက်ပြနေ တာလား၊ ဒီလိုတော့ မလုပ်ကြနဲ့လေ၊ မရဘူး"

ကျွန်တော်က ဦးထင်ပေါ် ကျေနပ်စေရန် လျင်မြန်စွာ ဝင်ဖာရ၏။

"မဟေဠိ မဟုတ်ပါဘူး၊ ကဗျာနဲ့ ပန်းချီရဲ့လျှို့ဝှက် ဇာတ်လမ်းလေးပါ၊ တစ်နေ့ အဲဒီဝတ္ထု ခင်ဗျားရရင် ပြီးရောပေါ့ မဟုတ်ဘူးလား ကိုသန်းအောင်"

"အင်း...အဟင်း၊ ဟုတ်တယ်..ဟုတ်တယ်"

ထိုနေ့က ကိုသန်းအောင်နှင့် တွေ့ပြီး တိုက်ခန်းသို့ ပြန် ရောက်သောအခါ ကျွန်တော့်တွင် တွေးစရာတွေ တစ်ပုံကြီး ပါလာ၏။

ဒေါ်ဝေဝေ ဟူသည်မှာ မမဝေပဲ ဖြစ်ရမည်။ မမဝေသည် သည်ပန်းချီကားကို ဘာကြောင့် ဝယ်ရသနည်း၊ တစ်စုံတစ်ရာကို မမဝေသည် ပြန်လည် မှတ်မိနေလေသလော၊

ဟိုတုန်းကတော့ ကျွန်တော့်မှာ ဗဟုသုတ နည်းသေးသည်၊ အင်နီးဇီးယား ရောဂါအကြောင်းကို ဘာမျှမသိ၊

ဝိဇ္ဇာတန်း ဒသနီကဗေဒ၏ ဘာသာခွဲအဖြစ် အထွေထွေ စိတ်ပညာကို ကျွန်တော် ယူခဲ့ရသည်။ အထွေထွေစိတ်ပညာ၏ အပိုင်းတစ်ပိုင်းဖြစ်သော စံလွဲမှုစိတ်ပညာကို ကျွန်တော် အထူး စိတ်ဝင်စားခဲ့သည်။ စံလွဲမှု စိတ်ပညာကို သင်ရိုးထက်လွန်ပြီး ကျွန်တော် ပိုမိုလေ့လာခဲ့မိ၏။

အတိတ်ကို မေ့သော ရောဂါ အမျိုးမျိုး ရှိ၏၊ ယင်းတို့ အားလုံးကို စံလွဲမှုစိတ်ပညာက လေ့လာသည်။စိတ်အကြောင်း သက်သက်ကြောင့် အတိတ်ကို မေ့သော ရောဂါများကား နျူရိုးဆီးစ်မျိုးစု အောက်၌ ပါဝင်သည်။ မမဝေ၏

ရောဂါကား စိတ်ကြောင့်မဟုတ်၊ ဩဇာဂင်းနစ်ခေါ် ရုပ်ခန္ဓာဓာတ် ချွတ်ယွင်းရာမှ ဖြစ်ရသည်။

ရုပ်ခန္ဓာဓာတ် အထူးသဖြင့် ဦးနှောက် ဒဏ်ရာကြောင့် အတိတ်မေ့သော ရောဂါသည်လည်း ဆန်းကြယ်သည်။ အမြဲ မေ့သည်လည်း ရှိသည်။ ယာယီမေ့သည်လည်း ရှိသည်။အတိတ်အားလုံးကို ခြုံ၍ မေ့သည်လည်း ရှိသည်။ ကွက်၍ မေ့သည့် လည်း ရှိသည်။ မေ့ခြင်းသက်သက်သဘောနှင့် မေ့သည့် ရှိသကဲ့သို့ သတိ စူးစိုက်နိုင်စွမ်းအား နည်းသွား၍ မေ့ခြင်း သဘောလည်း ရှိ၏။ ဒဏ်ရာကြောင့်မေ့ရသကဲ့သို့ ဒဏ်ရာရစဉ် က ပေါ်ခဲ့သော ကြောက်ရွံ့ထိတ်လန့်ခြင်းခံစားမှု လွှမ်းသော ကြောင့် မေ့သည်လည်းရှိ၏။ အချို့ ကိစ္စ၌ ပကတိ အနေ အထားဖြင့် မေ့နေသော အရာများကို စိတ်ညှို့ခံထားရစဉ် သတိရရှိမှတ်မိသည်လည်း ရှိသေး၏။

မမဝေသည် တဖြည်းဖြည်းပြန်လည်သတိရလာနေပြီလော။ အားလုံးကို ပြန်လည် သတိမရနိုင်တော့သည်တိုင်စေ တစ်စုံ တစ်ရာသော စိတ္တဇဆည်းဆာရောင်လေးလဲ့နေလေသည်လော။ သတိလေဟာကွက်လေးတွေသည် မဆက်လုလု ဆက်လုလုဖြစ် နေလေသည်လော။

တစ်နေ့ လာခဲ့ပါမည်ဟု ကိုသန်းအောင်ကို ပြောလိုက်မိ သော်လည်း ထိုညနေတွင်ပင် ရေကျော် ရွှေဘုန်းပွင့်လမ်းသို့ ကျွန်တော်သွားသည်။

ကိုသန်းအောင်နှင့် အရီတို့အိမ်လေးမှာ သေးသေးနှင့် သပ်သပ်ရပ်ရပ်လေး ဖြစ်၏။ ဧည့်ခန်းလေးကား ဧည့်ခန်းထက် ပန်းချီပြခန်းလေးနှင့် ပိုတူသည်။

အရီသည် သွက်လက်၏။ ထာဝစဉ် .စိတ်ချမ်းသာနေဟန် မျက်နှာနှင့် မျက်လုံးလေးများသည် ပြုံးရယ်နေ၏။ စကား ပြောဟန်ကော အမူအရာပါ ပေါ့ပါးလွတ်လပ်သည်။

“ကိုသန်းအောင်က ဆရာလာမယ်ပြောတော့ အရီက သိပ် မယုံဘူး၊ ဟော....ဆရာက ခုချက်ချင်းကို တကယ်ကြီး ရောက် လာတယ်”

အရီသည် ကော်ဖီ၊ လက်ဖက်၊ လက်ဖက်ရည်ကြမ်းတို့ကို ဧည့်ဝတ်ကျေစွာ ချထားပေးရင်း ပြော၏။

“ဘာကြောင့် ကျွန်တော်လာမယ်ဆိုတာကို အရီက မယုံရ တာလဲ”

အရီသည် လျှာလေးတစ်လစ်ဖြစ်သွားပြီး သူ့မောင်တော် ကို တစ်ချက်ကြည့်၏။

“အဟီး.....အဲဒါတော့ အရီ မသိဘူး”

ကိုသန်းအောင်သည် သူ့ဇနီးကိုသူ သဘောကျဟန် ရယ် ပြီး ပြော၏။

“အဲဒါသာကြည့်တော့ ဆရာရေ၊ မရွှေရီက ပြောချင်တာ ပြောချလိုက်တာပဲ၊ ပြီးတော့ မသိဘူးတဲ့၊ ကောင်းရော၊ ကဲ.... ဆရာ သုံးဆောင်ပါဦး၊ ကျွန်တော့်ပန်းချီတွေလဲ ကြည့်ပါဦး၊ အေးအေးဆေးဆေးပေါ့”

ပန်းချီကားတွေကတော့ အမျိုးစုံလှ၏။

လူကား၊ ရှုမျှော်ခင်းကား၊ တိရစ္ဆာန်နှင့် သက်မဲ့ လေ့လာထားသောကား။

ဆီဆေးကားတွေက ရေဆေးကားများထက် ပိုများသည်။ ကိုသန်းအောင်သည် ဆီဆေးကို ပိုနိုင်ဟန်တူ၏။

ရွှေတိဂုံစေတီတော်ကို ရှုထောင့်အမျိုးမျိုးမှ ဆွဲထားသော ကားများလည်း ရှိ၏။ ယင်းတို့အနက် တစ်ကားက ကျွန်တော့် ကို ဆွဲဆောင်လှ၏။ ကျွန်တော်သည် ထိုင်ရာမှထပြီး ထိုကားကို ကြည့်မိ၏။

အရီသည် ကျွန်တော့်နား လာရပ်ပြီး မေး၏။

“ဆရာ အဲဒီကားကို ကြိုက်သလား”

“ကြိုက်လို့ ထကြည့်မိတာပေါ့၊ အရီ၊ရွှေတိဂုံဘုရားကို ဓာတ် ပုံရိုက်သလို ဆွဲထားတာတွေ ကျွန်တော် အများကြီး တွေ့ဖူးတာပေါ့၊ ဒီပုံကတော့ တစ်မျိုးပဲ၊ ဘုရားကြီးရဲ့ အစိတ်အပိုင်း တစ်ခုပဲ၊ အဲ့ဒီ အစိတ်အပိုင်းလေးနဲ့ ဘုရားကြီး တစ်ခုလုံးဟာ ဘယ်လောက် ကြီးကျယ်တယ် ဆိုတာ ပြောပြနေတယ်၊ မိမိ ဟာလဲ ဘယ်လောက် သေးငယ်သလဲဆိုတာ သိနေတယ်၊ အဲ နေတဲ့ ရွှေဟာ လက်နဲ့ကိုင်ကြည့်ချင်အောင် ဖိတ်ခေါ်နေ တယ်၊ ရွှေတောင်ကြီးကို မြင်ရတာပါပဲ အရီ၊ ဒီကားကို ကြည့် ရတာဟာ ရွှေတောင်ကြီး အခြေမှာ ထိုင်ပြီး မော့ဖူးနေရ သလို ခံစားရတယ်”

“ဟာ...ဟုတ်တယ်....ဟုတ်တယ်၊ ဆရာ ပြောတာ ဟုတ်တယ်၊ ဒီကားက အရီ့ကား ဆရာ”

“ဘယ်လို.....အရီ့ ကား”

ကိုသန်းအောင်က ဝင်ရှင်းပြောသည်။ .

“ဒီလို ဆရာရေ၊ မရွှေရီ ဆွဲခိုင်းတာ ကြုံကြုံဖန်ဖန် ကျွန်တော်က ဆွဲပေးရတာ၊ ဟိုတစ်လောက သံရုံးတစ်ခုက ဒီကားကို တစ်ထောင်အထိ ပေးတယ်၊ အဲဒါ ရွှေရီက ရောင်းခွင့် မပေးဘူး၊ အရီ့ ကား၊ သူ့ကိုယ်ပိုင်ကား မရောင်းရဘူး”

“ဟုတ်တယ်နော် ဆရာ၊ ဒါက ကိုယ်မြတ်နိုးတာ၊ ငွေတစ်ထောင် ဘာလုပ်ရမှာလဲ”

အရီနှင့် ကိုသန်းအောင်ကိုကြည့်ရင်း ကျွန်တော် ရင်တွင်း လှမ်းလှမ်းဆွတ်ဆွတ် ဖြစ်လာ၏။

အနုပညာသည် ဇနီးမောင်နှံ၊ပါရမီရှင်နှင့် ပါရမီဖြည့်သူ၊ ငွေကို ဘာလုပ်ရမည်နည်း။ ဪ...မြတ်နိုးသည်က ပဓာန။ ကျွန်တော်သည် ကုလားထိုင်၌ ပြန်ထိုင်လိုက်၏။

“ငွေလမင်းရဲ့ သစ္စာရှင်ဟာလဲ အရီ့ကားပဲ ဆရာ၊ ရောင်း ခွင့် မရှိဘူး၊ ဪ.....အရီရေ၊ မူလပုံ သွားယူပါဦး”

အရီသည်အိမ်တွင်းခန်းဆီဝင်သွားပြီးအလျားဆယ်လက်မ၊ အနံခြောက်လက်မခန့် ပန်းချီကားလေးတစ်ချပ်ကို ယူလာ ခဲ့၏။

သည်ကားကတော့ ရေဆေးကားပါ။ အမှောင်တွင်ယှဲ့ယှဲ့ လဲ့လဲ့သာရှိသော အရောင်သဘောကို ခက်ခဲသိမ်မွေ့စွာ ဖော် ထားသည်။ဟိုးမိုးကုပ် စက်ဝိုင်းဆီမှာ ငွေပြာရောင်လဲ့ လဲ့ လေး သန်းစပြုနေ၏။ ကျန် ကောင်းကင်မှာကတော့ ကြယ်များသာ ရှိနေသည်။ အရိပ်မှောင်ပြီး အနည်းငယ်သာ ရောင်ပြန်ရှိသည့် ကန်ရေပြင်ထက်မှာကြာဖြူတစ်ပွင့်ထီးတည်း ရှိနေ၏၊ ပန်းချီကို ဖွဲ့ထားပုံမှာ ဘယ်လိုကြည့်ကြည့် မျက်လုံးများက ကြာဖြူဆီသာ ပြန်ဆွဲဆောင်သည်။ ကြာဖြူကလည်း မျှော်လင့်ခြင်း စကားကို ပြောနေ၏။

ပန်းချီကားမှသည် ကိုသန်းအောင်၏မျက်နှာကို ကျွန်တော် ကြည့်သည်။

“အပြီးသတ်ပုံကြမ်းကို ဟိုတလောက ကျွန်တော်တို့စုလုပ်တဲ့ ပြပွဲမှာ လက်စွမ်းပြအဖြစ် ကျွန်တော်တင်တယ် ဆရာ၊ အရီ့ပုံမို့ ဘယ်သူ့ကိုမှ ကျွန်တော် မရောင်းဘူး၊ ဒါပေမယ့်…”

ကိုသန်းအောင်က အရီ့ ကို လှမ်းကြည့်သည်။ အရီက “မထူးတော့ပါဘူး၊ ပြောလိုက်ပါ မောင်”ဟု တိုက်တွန်းသည်။

“ဒါပေမယ့် မမျှော်လင့်ဘဲ ပြပွဲကို မမဝေတို့ ရောက်လာ တယ်၊ ဒီကားကို မမဝေက အတင်းပဲ ဝယ်တယ်၊ ကျွန်တော် ငြင်းပါတယ် မရဘူး၊ နောက်ဆုံး တောင်းပန်တဲ့အချိန်မှာ မမဝေဟာ ငိုတော့မလိုပဲ၊ သူ့ပိုင်ပစ္စည်းကို ပြန်အသနားခံ တောင်းနေသလိုပဲ၊ အဲဒါနဲ့… လူချင်းကလဲ ခင်နေတော့ ကျွန်တော် ရောင်းလိုက်ရတယ်”

ကျွန်တော်သည် ခေါင်းငိုက်စိုက်ပြီး နားထောင်နေရ၏၊ အတန် ကြာမှ မေးမိသည်။

“ကိုသန်းအောင်ကို မမဝေက မှတ်မိသလား”

“မှတ်မိပါတယ်၊ ကျွန်တော်တို့ • ငယ်ငယ်လေးကတည်းက ခင်ကြတာ၊ ဪ…ဆရာမေးလို့ ထူးဆန်းတာတစ်ခု သတိရ တယ်၊ ကျွန်တော်က ဒီကားဟာ အရီ့ကား၊အရီက ရောင်းခွင့် မပေးဘူးဆိုတော့ မေးတယ်၊ အရီဟာ ဘယ်သူလဲ တဲ့၊ အရီဟာ ကျွန်တော့်ဇနီးလေ ဆိုတော့ ဪ…..မင်းအိမ်ထောင်ကျနေပြီ လားတဲ့၊ ခက်ကရော ဆရာ”

ကျွန်တော်သည် ငြိမ်နေ၏။ ကိုသန်းအောင်တို့ မောင်နှံက လည်း ဘာမျှမပြောဘဲ ကျွန်တော့်ကို ကြည့်နေကြ၏၊

ကျွန်တော်က သက်ပြင်းမှုတ်ထုတ်ပြီး ပြောရ၏။

“မထူးပါဘူးလေ၊ ကိုသန်းအောင်တို့မှာပဟေဠိဖြစ်နေတယ် မဟုတ်လား၊ ကျွန်တော် ပြောပြပါတော့မယ်၊ ခုနင်က ပြပွဲကို မမဝေတို့ ရောက်လာတယ်လို့ ကိုသန်းအောင် ပြောတယ်၊ မမဝေနဲ့ ဘယ်သူလဲ ကိုသန်းအောင်’

“ကိုသန်းဟန်လေ……မမဝေ ယောကျ်ားတဲ့၊ ပုသိမ်သားပဲ”

“အဲဒီ ကိုသန်းဟန်၊ အစ်ကိုသန်းဟန်ဟာ ကျွန်တော့် အစ်ကိုပါ၊ ဖြစ်ခဲ့ကြရတာကတော့…”

ကျွန်တော်သည် ဇာတ်လမ်းကို အကျဉ်းချုံ့ ပြောပြရ၏။

ကျွန်တော့်စကားအဆုံးတွင် အရီသည် မျက်နှာလေး ညှိုး ညှိုးနှင့် “ဟင်… ဆရာရယ်၊ ဆရာတို့အဖြစ်က ရင်နင့်စရာကြီး၊ ကျွန်မ ငိုချင်လိုက်တာ”ဟု ဆို၏။

“ကျွန်တော်လဲ ငိုခဲ့ရပါတယ် အရီ၊ ယောကျ်ားတန်မဲ့ ကျွန်တော် အများကြီး ငိုခဲ့ရတယ်၊ အခုတော့ ဇာတ်လမ်းက သိမ်းခဲ့ပါပြီ၊ ဒီဒုက္ခ ဒီအပူဟာ သံသရာမှာ ကျင်လည်သော ယောကျ်ားတကာတို့ ခံရမြဲပဲလို့ နှလုံးသွင်းပြီး ဖြေယူရတယ်”

“ဖြေလို့ကော တကယ်ရရဲ့လား ဆရာ”

“ဩော်….အရီရယ်၊ ပြေတယ်ရယ်တော့ လုံးလုံးဘယ်ဟုတ် မလဲ၊ ဒါပေမယ့် မေတ္တာလေးရှေ့ထားပြီး မုဒိတာလေး ပွားပေးရတယ်၊ ရုပ်နာမ်ဓမ္မသင်္ခါရကို အနုပဿနာ ခုနစ်ဉာဏ်နဲ့ သမုစ္ဆေဒပဟာန်အားဖြင့်တော့ အပြတ်ပယ်ရေးက မလွယ်သေးဘူး၊ မလွယ်တာနဲ့ ဥပါဒါန် ကျေးကျွန် တစ်ချိန်လုံးဖြစ် နေရတော့မလား၊ အရီတို့လဲ မှတ်ထားပေါ့၊မေတ္တာကမ္မဋ္ဌာန်းဟာလဲ ရင်ကို ငြိမ်းချမ်းသင့်သမျှ ငြိမ်းချမ်းနိုင်ပါတယ်၊ ကိုယ့်မှာ ခံစားရပေမယ့် မမဝေတစ်ယောက်တော့ ချမ်းသာနေပြီ၊ ဩော်… ချမ်းသာပါစေ၊ ဒီချမ်းသာခြင်းကိုသိလို့ ငါ ဝမ်းမြောက်မယ်၊ အဲဒီလို မုဒိတာနဲ့ပဲ ဖြေနေရတယ် အရီရေ”

“မမဝေ ပြန်သတိမရနိုင်တော့ဘူးလား”

“မပြောတတ်ဘူး` အရီ၊ မရပါစေနဲ့လို ပဲ ဆုတောင်းရမလိုဖြစ်နေတယ်”

“အို……ဘာပြုလို့”

“ရလာပြန်တော့ ဘယ်သူ့အတွက်များ ကောင်းလာနိုင်ပါ့ မလဲ အရီ၊ ကျွန်တော်တော့ ပျော်ချင် ပျော်ရမှာပေါ့၊ မမဝေ ပျော်နိုင်ပါတော့မလား၊ ဟိုတစ်ယောက်ခမျာကော မငိုရလေ ဘူးလား၊ တော်ပါပြီ အရီရေ၊ ဒီနေ့ ဒီအကြောင်းလာပြော ရတာကလဲ အမှန်ဝန်ခံရရင် လာနှုတ်ပိတ်တာပေါ့၊ မမဝေနဲ့ ကျွန်တော့် အကြောင်းကို သိတဲ့လူဟာ အရီတို့အပါအဝင် နည်းနည်းလေးပါ၊ ဒီဇာတ်လမ်း ဒီမှာ သိမ်းပါစေတော့”

“ဒါတော့ စိတ်ချပါ ဆရာရယ်၊ အရီက စပ်စုတတ်ပေမယ့် နှုတ်ကို ထိန်းတတ်ပါတယ်”

ကျွန်တော် ပြန်ခါနီးတွင် အရီက ဆို၏။

“ဩော်……ဆရာ၊ ဟောဒီ ပန်းချီကားလေး ဆရာ့ကို အရီ ပေးလိုက်တော့မယ်”

“ဘာပြုလို့လဲ အရီ”

“အမှတ်တရလက်ဆောင်ပေါ့ ဆရာရယ်၊ ဘာလဲ ဆရာကမလိုချင်ဘူးလား”

“လိုချင်ပါတယ် အရီ၊ အရီပေးရင် ကျွန်တော်ယူပါ့မယ်”

“အခု ယူမသွားနဲ့ဦး၊ ကိုသန်းအောင်ကို ဘောင်လုပ်ခိုင်းဦးမယ်၊ ဪ…အောက်က သတ်သတ် ဆရာ့ ကဗျာလေးလည်း ရွှေစာလုံးနဲ့ ရေးပေးခိုင်းမယ်”

ကိုသန်းအောင်နှင့် အရီတို့အိမ်မှ ပြန်လာစဉ် ကျွန်တော့်ကဗျာလေးကို ပြန်သတိရမိ၏။

‘ဪ……လကွယ်သော ည၊

နှမဘယ်ဆီ၊ .

ရောက်ခဲ့ပြီနည်း….’

မမဝေ ငွေလဝန်း နှမဘယ်ဆီရောက်ခဲ့ပြီးကို ကျွန်တော်သိပါ၏။

သည်ငွေလဝန်းကြီးက ဟောသည် ကမ္ဘာသေးသေးလေးမှာ ကျွန်တော့်ဆီ ပြန်လည်ရောက်လာခဲ့လျှင်….

ကုမုဒြာ…ကြာဖြူပမာ အပြုံးပွင့်နှင့် ကျွန်တော် ဘယ်ပုံကြိုပါမည်နည်း။

✳✳✳✳✳

အခန်း [၂၆]

မြန်မာဟူသည်က နှလုံး တစ်ဖြောင့်တည်း ထားတတ်သော လူမျိုးဖြစ်၏။ မေတ္တာနှင့် သစ္စာသည် မြန်မာ့လူမှု ဆက်ဆံရေးလောက၏ ပဲ့ထိန်းတရားများ ဖြစ်ကြ၏။

ဃရာဝါသ၊ သမ္ဘာဝေဟု၊ ကိစ္စများမြောင်၊ လူတို့ဘောင်ဟု သုံးသပ်ရှုကြသော်လည်း လူတို့ဘောင်၏ အိမ်ထောင်ရေး၌ နှလုံးတစ်ဖြောင့်တည်း ထားသော စရိုက် ရှိကြ၏။ မင်းဝဿာန်နှင့် မယ်မဒ္ဒီသည် မြန်မာ့အိမ်ထောင်ရေးဘဝ စံပြ သဘော နေရာယူထားသည်။ တစ်ဦးတည်းသော ချစ်သူအပေါ် တစ်သက်တာ မြတ်နိုးကြသည့် နဝဒေးတို့ နတ်သျှင်နောင်တို့၏ စာတွေကို ချိုးမွှမ်းနှစ်သက်ကြသည်။ နှမ လက်လျှော့၊ နေရစ်တော့ဟု မြင့်မြတ်သော အကြောင်းကြောင့် ချစ်သူကို အဆုံးတွင် နှုတ်ဆက်ခဲ့သော်လည်း လူပီပီ ချစ်စဉ်တုန်းက အသည်းတုန်အောင် ချစ်တတ်ရှာခဲ့သော အရှင်မဟာရဋ္ဌသာရ၏ စာတွေ တန်ဖိုးထားကြသည်။

ဩော်... မြန်မာ့မြေမှာ ပန်းမျိုးတွေ ကုဋေကုဋာ ရှိလင့်ကစား ရှားရှားပါးပါး တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်တည်း ပွင့်ရှာသည့် ပိတောက်ပန်းကိုမှ... သည်ပန်းမှ မြတ်ပန်းတော်ဟု ထွတ်တင် ကြင်ချစ်ကြသည်။

သည်လူမျိုးနှင့် သည်ပရိသတ်။ စရိုက် သည်ပုံရှိတော့... ပိတောက်ကယ် တစ်နှစ် အချစ်က တစ်သက်တစ်ခါ ဟူသော ကျွန်တော့ဝတ္ထုကြီးသည် သိမ့်သိမ့်တုန်အောင် ကျော်သည်။ နှစ်သောင်းကျော် ပထမနှိပ်ခြင်းနောက်မှ ဒုတိယ နှိပ်ခြင်းက ကပ်လိုက်ရသည်။

ချီးမွမ်းစာ၊ ကန့်ကွက်စာတွေလည်း ရောက်လာမစဲ တဖွဲဖွဲတည်း။

ကန့်ကွက်ကြသည်က အသည်းနှင့်လွန်း၍ပါဟု ဆိုကြသည်။ ဝတ္ထုတွင်းမှ ဇာတ်ကောင်တွေကို အသက်ရှိသော လူသားတွေပမာ သူတို့က ကရုဏာသက်ကြသည်။ ဇာတ်လမ်း၌ ချစ်သူနှစ်ဦးကို ခွဲလိုက်သည်အား သူတို့က မကျေနပ် မဟုတ်သော်လည်း လျစ်လျူရှု လက်ပိုက်မကြည့်ရက်ဟု ဆိုကြသည်။ ကြံဖန်ပြီး ပြန်ပေါင်းပေးပါဟု မေတ္တာရပ်ခံကြသည်။

စာလှမ်းရေးသူတွေ ရှိသကဲ့သို့ တယ်လီဖုန်းဖြင့် ဆွေးနွေး အကြံပေးကြ သူတွေလည်း မရှား။

တစ်နေ့လယ်တွင် စားပွဲပေါ်မှ တယ်လီဖုန်းက မြည်လာ၏။ စာဖတ်ပရိသတ်တစ်ဦး ဆွေးနွေးပြန်တော့မည် ထင်ပြီး စိတ်မောမောနှင့်

တယ်လီဖုန်းကို ကျွန်တော် ကောက်ကိုင်လိုက်၏။

တစ်ဖက်မှ အသံက မိန်းမအသံပါ။

"ဟဲလို... ဆရာလေးလှိုင်ပါလား"

"ဟုတ်ကဲ့... ကျွန်တော် လေးလှိုင်ပါ"

"ဪ... ဆရာရေ၊ ကျွန်မ နာမည် ဆွေဆွေပါ၊ သုခန္တီရုပ်ရှင်က ဦးမေအောင်ရဲ့သမီးပါ"

"ဪ... ဟုတ်ကဲ့"

"ကျွန်မနဲ့ အဖော်တစ်ယောက် ဆရာ့ကို လာတွေ့ ချင်ပါတယ်၊ ဆရာ အားပါသလား"

"အားပါတယ် ခင်ဗျာ"

"ဒါဖြင့် အခု လာခဲ့မယ်နော် ဟုတ်ကဲ့ လာခဲ့ပါ"

ဆွေဆွေ... လူချင်းတော့ မသိ။ ကျောင်းမှာတော့ တွေ့ဖူးသည်။ ရုပ်ရှင်သူဌေးသမီးမှန်း သိသည်။ ဘာကြောင့် မသိ၊ ဆွေဆွေ ကို ကျွန်တော် နှစ်ကြိမ်မျှ စိုက်ကြည့်မိဖူးသည်။ သည်နောက်တော့ ကိုယ့်ဘာသာကိုယ် နေမိသည်။ ကိုယ်က နှလုံးမှာ ပိတောက်တုံးနေသူပါ။

နာရီဝက်ခန့်အကြာ၌ ကျွန်တော့်အခန်း ဘဲလ် မြည်လာ၏။

တံခါးကို ဖွင့်ပေးလိုက်ပြီးသည့် ခဏ၌ ကျွန်တော့်မှာ မှင်တက်မိလျက် ခေတ္တကျောက်ရုပ်ပမာ မလှုပ်မယှက် ကြောင်ငေးနေမိသည်။

ရှေ့ကတော့ ဆွေဆွေပါ။ ဆွေဆွေ့ကို ကျွန်တော် ကောင်းကောင်းမှတ်မိပါသည်။ နောက်ကတော့...

ဪ... လမင်းကြီး သာပါဘိသည်။ ငွေလမင်းရယ်... သာပါဘိသည်။

မမဝေ..ဟု နှုတ်မှ ခေါ်မိတော့မည်ကို ထိန်းချုပ်လိုက်ရပြီး ကျွန်တော်သည် အိမ်တွင်း ဝင်ကြရန် လက်ဖြင့်သာ ဖိတ်ခေါ်နိုင်တော့၏။

ကျွန်တော့် စာရေးစားပွဲက အခန်းနံရံတစ်ခုနှင့် ကပ်လျက် ရှိသည်။ သည်ရှေ့ အခန်းလယ်တွင် စားပွဲပုနှင့် ဆက်တီ ကုလားထိုင်များ ရှိသည်။

မမဝေတို့ကို ဆက်တီတွင် ထိုင်စေ၍ ဧည့်ခံရသည်။

ဆွေဆွေက ပြောသည်။

"ဆရာနဲ့ ဆွေဆွေ တစ်နှစ်တည်း တစ်တန်းတည်းပဲ ဆရာ၊ ကွန်ဘိုင်နေးရှင်း မတူလို့ ခင်ခွင့်မရပေမယ့် ဆရာ့ကို ဆွေဆွေ သိနေတာပဲ"

“ ဆွေဆွေ့ကို ကျွန်တော်လည်း သိပါတယ်၊ ဘာပဲဖြစ်ဖြစ်လေ အခု တွေ့ကြပြီပဲ၊ ခင်ခွင့်ရလို့ ကျွန်တော် ဝမ်းသာပါတယ် ”

“ ဆွေဆွေလည်း ဝမ်းသာပါတယ်၊ ဪ... ဒါထက် ဆရာ ဟောဒါက မမဝေ၊ ဝေဝေတဲ့၊ ဆွေဆွေ့ ကာဇင်ပါ ”

မမဝေက ပြုံးပြသည်။ ဪ... သည်အပြုံးကို မမြင်ရသည်မှာကြာပြီ။ သည်နှုတ်ခမ်းနီနီ၊ သည်သွားအလှ ရှည်ရှည်လှဲ့လှဲ့၊ ဪ... မျက်ဝန်း ပြာများရယ်။ ချစ်ခဲ့ရပါသော မျက်တောင်ကော့နှင့် မျက်ဝန်းပြာများရယ်လေ။

မမဝေက တည်ငြိမ်သိမ်မွေ့စွာ ပြော၏။

“ ဝေဝေက ဆရာ့ စာဖတ်ပရိသတ်ပါ၊ အစကတော့ ဝေဝေ သိပ်စာမဖတ်နိုင်ဘူး၊ ဖတ်နိုင်လာတော့ ဆရာ့... ‘သာ၍ဝေးရာဆီကိုပါ’ကို စစွဲတယ်၊ ‘သူငယ်ချင်း မစန္ဒာ’တုန်းကတော့ ရင်နင့်ရတယ်၊ အခု နောက်ဆုံးစာအုပ်ကျ တော့... ”

မမဝေသည် စကားကို မဆုံးဘဲ ပြုံးပြုံးလေး ရပ်ထား၏။

ဆွေဆွေကသာ ရယ်ပြီး ဝင်တိုက်တွန်း၏။

“ ပြောလေ၊ ဆက်ပြောလေ၊ အခု နောက်ဆုံး စာအုပ်ကျတော့ ငိုရတယ်ပေါ့၊ တကယ် ဆရာ၊ ဆွေဆွေလည်း ငိုတာပါပဲ၊ ဆရာ မကောင်းဘူး၊ ဆွေဆွေတို့ကို နှိပ်စက်တယ် ”

ပြုံးနေရမည့် သဘာဝမို့ ဇွတ်ပြုံးပြီး ညီအစ်မနှစ်ဦးကို ကျွန်တော် ကြည့်မိသည်။ အခုမှ ရုပ်ချင်းဆင်ပုံကို သတိပြုမိ၏။ ဪ... လှကြပါသည်။ မမဝေက ပိုလှသည်။ ဆွေဆွေ့ နဂုဏ်ကို ပြိုင်နိုင်သည်ထက်ပိုလွန်၍ ပိုလှနေသည်။

မမဝေသည် ပြုံးရင်းက သက်ပြင်းရှိုက်၍ ပြောသည်။

“ဟုတ်ပါတယ်။ မမဝေ ငိုမိပါတယ်။ ဝေဝေ့ ရင်ကို လာခိုက်တာကိုး၊ ကဗျာလေးကလည်း ပါသေးတယ်လေ၊ ဘာတဲ့... မဆင်ခြင်းရင်ကို ပင်မင်းမှာ မာလာသည်းသည်သို့... ဟုတ်တယ် မဟုတ်လား ဆရာ”

“ဟုတ်... ဟုတ်ပါတယ် မ... မ အဲ... ဒေါ်ဝေဝေ”

မမဝေသည် မျက်လုံးလေး ပြူးပြ၏။

“ ဝေဝေ့ကို ဆရာက ဒေါ်ဝေဝေလို့ ခေါ်တယ် ”

“ကျွန်တော့်ကို ဒေါ်ဝေဝေက ဆရာလို့ ခေါ်တော့ ဒေါ်ဝေဝေ့ကိုလည်း ဒေါ်ဝေဝေလို့ပဲ လေးစားသမှုနဲ့ ခေါ်ခွင့်ပြုပါ”

“အို... နို့... ဆရာ့ကို ဆရာ မခေါ်လို့ ဝေဝေက ဘယ်လို ခေါ်ရမလဲ”

ရင်နာသည်... ကျွန်တော့်ရင် နာလာသည်။ ဘယ်လို ခေါ်ရမလဲ၊ မမဝေရယ်... မောင်... လို့ မခေါ်နိုင်တော့ဘူးပေါ့။ ဪ... မခေါ်ပါနဲ့တော့။ မမဝေရယ်၊

မခေါ်ပါနဲ့တော့။

ကျွန်တော်သည် မချိုပြုံးကို အပြုံးကြီးလုပ်ပြီး ပြောရ၏။

"ဟုတ်ပါတယ်လေ ခေါ်ပါ၊ ဒေါ်ဝေဝေ ခေါ်ချင်သလို ခေါ်ပါ"

"ကြည့်... ဆရာ သိပ်ပိုင်တယ်၊ ခေါ်ချင်သလို ခေါ်ပါတဲ့။ ဒီတော့ ဝေဝေကလည်း ပြောရတော့မှာပေ့ါ၊ ခေါ်ပါ... ဝေဝေ့ကို ခေါ်ချင်သလို ခေါ်ပါနော်"

" ဆွေဆွေက ရယ်၏။ ဒါပဲနော် ဆရာ၊ ဆွေဆွေ့ကိုတော့ ဒေါ်ဆွေဆွေ မလုပ်လိုက်ပါနဲ့၊ တစ်ခါတည်း ဆရာ့ဆီ နောက်မလာတော့ဘူး "

ဆွေဆွေနှင့်အတူ မမဝေကလည်း လိုက်ရယ်သည်။ သည့်တော့ ကျွန်တော်ကလည်း ရယ်သံလိုက်ပြုရသည်။ ဟံမယ်မင်း... သည်နေ့လယ်တော့ ဟန်ဆောင်မှုတွေနှင့် အချိန်ကုန်ရမည်။

မမဝေသည် အရယ်ရပ်ပြီး မျက်နှာလေးကို တည်လိုက်၏။

"တစ်စုံတစ်ခုဟာ ရင်ထဲမှာ စကားပြောလာရင် အဖြေဟာ ရှာရတယ်၊ အထူးသဖြင့် ဝေဝေကတော့ ရှာရတယ်၊ ဝေဝေ့ကို ခွင့်ပြုပါ၊ ဆရာ့ဝတ္ထုက ဝေဝေ့ ရင်ထဲမှာ စကားတွေ လာပြောနေတယ်၊ ဆရာ့ဝတ္ထုထဲက ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်တဲ့ အတွေးအခေါ် သဘောဟာ ဝေဝေနဲ့ သိပ်ရင်းနှီးနေတယ်၊ ဝေဝေ့ကို တစ်စုံတစ်ယောက်က ပြောဖူးသလား။ တစ်နေရာရာမှာ ဒီသဘောကို ဝေဝေ ဖတ်ဖူးသလား၊ ဆရာ့ ကိုယ်ပိုင်အတွေးအခေါ် ဆိုရင်တော့ ဆရာ့ကို ဝေဝေ စော်ကားသလို ဖြစ်နေတော့မယ်၊ ဒါပေမဲ့ ဝေဝေ သိချင်တယ်၊ ဪ... တစ်ခုလည်း ဆရာ့ကို ပြရဦးမယ်"

မမဝေသည် လက်ပွေ့အိတ်ကို ဖွင့်လိုက်ပြီး စာအုပ်တစ်အုပ်ကို ထုတ်လိုက်သည်။ မြတ်စွာဘုရား...

ကြယ်မကြွေသော ညများ...ပါ၊ မမဝေကိုယ်တိုင် သူ့လက်ရေးလေးတွေနှင့် ရေးပေးခဲ့သော ကြယ်မကြွေသော ညများပါ။

"ဒီဝတ္ထုကို ဟိုတစ်နေ့ကမှ ဆွေဆွေ ပေးလို့ ဝေဝေ ဖတ်ရတာပါ။ ဝေဝေ ကြိုက်ပါတယ်လေ၊ သိပ်ကြိုက်ပါတယ်၊ ဒါပေမဲ့ ဖတ်နေရင်း ရှေ့ဘာဖြစ်တော့မယ်ဆိုတာ ဝေဝေ အလိုလို သိနေတယ်၊ တခြား ဆရာ့ဝတ္ထုတွေ ဖတ်လို့ ဝေဝေ ဒီလို မဖြစ်ဘူး၊ ဆရာ့ဝတ္ထုတွေက ဇာတ်လမ်းကို ဘယ်လိုမှ ကြိုတင်ခန့်မှန်းနိုင်တာ မဟုတ်ဘူး၊ ဆရာက ဇာတ်လမ်း စာရေးဆရာ မဟုတ်ဘူး၊ ဇာတ်ကောင် စာရေးဆရာ၊ ဝေဝေ ဒါကို သိပါတယ်၊ ဒါပေမဲ့ ဒီဝတ္ထုကျတော့ ဝေဝေ သိနေတယ်။ အညိုထွေး... အဲ အညိုထွေးကိုတောင် ဝေဝေ မှတ်မိနေတယ်၊ ဆရာ အညိုထွေးကို သိတယ် မဟုတ်လား"

"ခင်ဗျာ... အညိုထွေး"

"ဪ... ဆရာကလည်း၊ ဆရာ့ဝတ္ထုထဲက မင်းသမီးလေ၊ ချောင်းသာက"

“ဪ… ဟုတ်ကဲ့ အင်း… အင်း”

အဲဒီချောင်းသာဆီကိုလည်း ဝေဝေ ရောက်ဖူးသလိုပဲ၊ ကျောက်ဆောင်နဲ့ ပင်လယ်လှိုင်းတွေ၊ ဟိုးအဝေးကြီးမှာက သဲဖြူကျွန်းကလေး၊ အုန်းတောတွေထဲ ဖြတ်ကျနေတဲ့ ငွေလရောင်၊ ထားပါတော့လေ… ဝေဝေ ရောက်ဖူးချင်လည်း ရောက်ဖူးမှာပေ့ါ၊ ဒါပေမဲ့ ဆရာ့ ဒီဝတ္ထုကို ဝေဝေ ဘာလို့ ကြိုတင်သိနေရသလဲ”

သတိ… လေးလှိုင် သတိ။ ရင်တစ်ခုလုံး ခံစားမှုတွေ နင့်အခောင် သည်းအခောင် ဖုံးလာလင့်ကစား သတိကို ကျွန်တော် မလွှတ်ပါ။

မမဝေ၏ ညှိုးသယောင် ဖြစ်နေသော မျက်နှာလေးကို ကျွန်တော် တစ်ချက် ငေးကြည့်မိသည်။ ကိုယ့်ဘဝအတွက်တော့ ဝမ်းနည်းသည်။ မမဝေကိုတော့ ကရုဏာသက်မိသည်။ ဪ… ဖြစ်ရလေ… ဖြစ်ရှာလေခြင်း။

ကျွန်တော်သည် အသာအယာ ရယ်၏။ ဘာမျှ အမှုမကြီးသည့်သဖွယ် ရယ်လိုက်ရ၏။

“ ဒေါ်ဝေဝေ အင်္ဂလိပ်ဝတ္ထုတွေ ဖတ်ဖူးသလား ”

“ဟုတ်ကဲ့၊ တစ်ခါက အင်း… တော်တော် ဖတ်ဖူးတယ် ထင်တာပဲ”

မမဝေ စကားမှ ‘ထင်တာပဲ’ ဟူသော စကားကို ကျွန်တော် သတိပြုမိ၏။ သို့ရာတွင် အမှုတမဲ့ဟန်ဖြင့် ကျွန်တော် ဆက်မေးသည်။

“ သောမတ်စ်ဟာဒီရဲ့ ဝတ္ထုတွေ ဖတ်ဖူးသလား ”

မမဝေသည် မျက်လုံးများကို အပေါ်သို့ မော့ပြီး စဉ်းစားသယောင် ပြု၏။

“ ဝေဝေ မှတ်မိသလိုပဲ၊ နေဦး… ဟိုဒင်း… ဝက်စ်… ဝက်စ် ဘာ…”

“ဟုတ်ပါတယ် ဝက်စ်ဆက်စ်ပါ၊ ဟာဒီက ဝက်စ်ဆက်စ် နယ်ကို အမြဲ နောက်ခံထားပြီး သူ့ဝတ္ထုတွေကို ရေးလေ့ရှိတယ်၊ ကျွန်တော် ကြွယ်မကြွေသော ညများ ရေးစဉ်က သောမတ်စ်ဟာဒီရဲ့ ဩဇာဟာ ကျွန်တော့်အပေါ် လွှမ်းနေတယ်၊ သောမတ်စ်ဟာဒီရဲ့ ဇာတ်လမ်းတွေနဲ့တောင် ဆင်နေလိမ့်မယ် ထင်တယ်။ ဒီတော့ ဇာတ်လမ်းကို ဒေါ်ဝေဝေ သိသလို ဖြစ်နေမှာပေ့ါ၊ ပြီးတော့ အဲဒီဝတ္ထုဟာ ကျွန်တော့် ပထမဆုံး လက်ရာ၊ ကျွန်တော့်အရေးအသားဟာ မပီရိသေးဘူး”

မမဝေသည် တွေတွေလေး စဉ်းစားနေ၏။ ပြီးမှ သက်ပြင်းလေးချပြီး ဆို၏။

“ဆရာ ရှင်းပြသလိုဆိုတော့ ဟုတ်မယ် ထင်တာပါပဲလေ၊ အင်းလေ… ဟုတ်မှာပေ့ါ၊ ဝေဝေ အဲဒီအချက်ကို မစဉ်းစားမိဘူး”

မမဝေသည် ဝတ္ထုစာအုပ်ကို လက်ပွေ့အိတ်တွင်း ရိုရိုသေသေ ပြန်ထည့်၏။

ဆွေဆွေက ဝင်ဖောက်သည်။

“အခုဟာကတော့ ရှင်းပါပြီ၊ ဒါပေမဲ့ စောစောက မမဝေ ပြောတာကကော”

“ဘယ်ဟာလဲ ဆွေဆွေ”

“ပိတောက်ကယ် တစ်နှစ်၊ အချစ်က တစ်သက်တစ်ခါ... ဝတ္ထုထဲက ဖီလက်ဆက်ဖီအဇေ့ဖ်လဗ် (ချစ်ခြင်းအဘိဓမ္မာ) ဟာလေ...”

သည့်ညီအစ်မ အတိုင်အဖောက် ညီသည်။ သြော်... ဆွေဆွေလို မိန်းမလှလေးများကလည်း ချစ်ခြင်းအဘိဓမ္မာကို စိတ်ဝင်စားတတ်သည်။

“သြော်... ဒါနဲ့ ပတ်သက်ပြီး အင်္ဂလိပ်ကဗျာတစ်ပိုဒ် ရှိသားပဲ”

“ဘယ်ကဗျာလဲ ဆရာ”

“အနိုက်တ်ဟက်စ်အာ သောင်းဆင်းဒ်အိုင်းစ်”

မမဝေ၏ မျက်နှာလေးသည် ဝင်းလက်သွား၏။ အပြုံးနှင့်အတူ နှုတ်ခမ်းလေးများ လှုပ်ရှားလာပြီး လှပစွာ လိုက်ရွတ်၏။

“အနိုက်တ်ဟက်စ် အာ သောင်းဆင်းဒ် အိုင်းစ်၊ တတ်ထ်သဒေးဟင်စ်ဝမ်းန်၊ ပြီးတော့ ဘာပါလိမ့်၊ ကြားထဲက ဟာတွေ မေ့ကုန်ပါပြီ၊ သြော်... ဒုတိယအပိုဒ်က အမိုင်းဒ်ဟက်စ်အား သောင်းဆင်းဒ် သော့စ်၊ ဘတ်ထ် သဟားတ် ဟက်စ်ဝမ်းန်၊ ဟုတ်တယ် မဟုတ်လား ဆရာ”

“ဟုတ်ပါတယ် ဒေါ်ဝေဝေ၊ ညမှာက ကြယ်တွေ များပေမယ့် နေ့မှာတော့ နေတစ်လုံးတည်းပါတဲ့၊ မျက်လုံးပမာနဲ့ သူက နှိုင်းတယ်၊ စိတ်မှာက အတွေးတွေ အနန္တ၊ နှလုံးသားမှာတော့ ချစ်တာ တစ်ခုတည်းပါတဲ့။ နေမင်းကြီး ကွယ်တော့ အမှောင်ဖုံးတယ်၊ အချစ်ကွယ်တော့ ဘဝသုဉ်းတယ်၊ အဲဒီသဘောကို မြန်မာမှုပြုပြီး မှီးတာပါ”

မမဝေက ပြုံးချိုချိုနှင့် ကျွန်တော့်ကို စိမ်းစိမ်းစိုက်ကြည့်သည်။

လုပ်ပါ မမဝေ... လုပ်လိုက်စမ်းပါ။ မမေ့နိုင်သော သည့်အပြုံးနှင့် သည့်အကြည့်ကိုမှ လုပ်လိုက်ပလေ။

ပြုံးချိုချိုနှင့် စိမ်းစိမ်း စိုက်ကြည့်ရင်းက မမဝေ ဆိုသည်။

“အဲဒါနဲ့ ဆရာကလည်း စပ်သပေ့ါလေ၊ မဆင်ခြင်းရင်လှ... ပင်မင်းမှာ မာလာသုဉ်းသည့်သို့...၊ ဘဝမှာ ပိတောက် တုံးပေလိမ့်၊ ဆံထုံးနောင် မပြင်နဲ့...၊ ဆံထုံးနောင် မပြင်နဲ့... ဆံထုံးကို နောင် မပြင်နဲ့...တဲ့၊ ဒါပေမဲ့ ဆရာရယ် ဆရာ့ မင်းသမီးခမျာက ဆံထုံးကို နောင်မှ ပြင်ရရှာပါကလား”

ပြုံးချိုချိုနှင့် စိမ်းစိမ်း စိုက်ကြည့်နေသော မမဝေ၏ မျက်လုံးတို့တွင်လည်း မျက်ရည်လဲ့လဲ့ ဝဲနေသည်။

ထိုစဉ် ဆွေဆွေက- “မမဝေ... ဟိုမှာ” ဟု ရုတ်တရက် ပြော၏။

ဆွေဆွေက ကျွန်တော့် စာရေးစားပွဲ အနောက်ရှိ နံရံ၌ ချိတ်ထားသော ပန်းချီကားကို ညွှန်ပြနေသည်။

“မမဝေ... အဲဒါ မမဝေ ဝယ်သွားတဲ့ ပန်းချီ မဟုတ်လား”

ကျွန်တော် တုန်လှုပ်သွားသည်။ သည်တစ်ကြိမ် ဘယ်လို လိမ်ရပ့်။

မမဝေသည် နေရာမှ ထပြီး ပန်းချီကားကို ကြည့်၏။

ပန်းချီကားအစောက်တွင် ဘောင်ခတ်ထားသော ရွှေစာလုံးနှင့် ကဗျာကလည်း ရှိနေ၏။

မမဝေသည် ဖြည်းညင်းစွာနှင့် နေရာတွင် ပြန်လာထိုင်၏၊

“ဆရာ...”

“အင်... ခင်ဗျာ”

“အဲဒီပန်းချီ ဘယ်က ရတာလဲ ဟင်”

“ကဗျာက စတာပါ ဒေါ်ဝေဝေ၊ ကိုသန်းအောင်က ကဗျာကို ပန်းချီဆွဲပြီး မူလပုံကြမ်းကို ကျွန်တော့်ကို လက်ဆောင်ပေးထားတာပါ”

“ဒါဖြင့် ကဗျာက ဆရာ စပ်တာပေါ့နော်”

ကဗျာအစောက်မှာက လေးလှိုင်ဟု ရေးထားသည်။ မမဝေ မြင်ပြီးလေပြီမို့ ကျွန်တော်က ခေါင်းညိတ်ပြရ၏။

မမဝေသည် မျက်လုံးလေးများကို ပိတ်လိုက်၏။ မျက်လုံးပိတ်၍ အတန်ကြာ ငြိမ်နေသောကြောင့် ဆွေဆွေနှင့် ကျွန်တော်တို့သည် တစ်ဦးမျက်နှာတစ်ဦး ကြည့်ကြသည်။

ဆွေဆွေ၏ မျက်နှာလေးသည် စိုးရိမ်ဟန်သို့ ပြောင်းသွားပြီး-

“မမဝေ... မမဝေ ဘာဖြစ်သလဲ” ဟု မေးသည်။

မျက်လုံး ပိတ်ထားလျက်က ပြုံးပြီး မမဝေသည် ခေါင်းခါပြ၏။ မနှောင့်ယှက်ပါနှင့်ဟု ဆိုဟန် လက်ဝါးလေးတစ်ဖက်ကိုလည်း ထောင်ပြ၏။

မကြာပါ။ မမဝေသည် ချိုလွင်သာယာစွာဖြင့် ကဗျာကို ရွတ်၏။

“ပန်းတိုင်းအိပ်စက်

နေ့ကို မက်သည်

ညနက်သဘင်

လှမဆင်လို

နှင်းလျှင် ဖွိုးဖြောက်

တံခါးခေါက်လည်း

မိုးသောက်ထိအခေါင် အိပ်ရက်သည်။

ကုမုဒကြာ

ကျွန်ုပ်သာလျှင်

မျက်နှာငယ်သော

ကြယ်၏တောမှ

တိမ်ကြောဆန်သူ

ပန်းချစ်သူကို

လူသူဆိတ်တုန်း

ညနက်တုန်းမှာ

အပြုံးပွင့်နှင့် ကြိုပါ၏”

ဆွေဆွေသည် နားမလည်ဟန်ဖြင့် မမဝေကို တစ်လှည့်၊ ကျွန်တော့်ကို တစ်လှည့် ကြည့်နေသည်။ ကျွန်တော်ကမူ ပြုံးထားလျက်နှင့် အံကိုလည်း ကြိတ်ထားရ၏။

မမဝေကမူ မျက်လုံးမှိတ်လျက်နှင့်ပင် ကဗျာကို ဆက်ရွတ်နေ၏။

“ဩော်... လကွယ်သော ည

နမဘာယ်ဆီ

ရောက်ခဲ့ပြီနည်း

နာရီပြန်ညှောင်း

ညပေါင်းရင့်ရှည်

မှောင်သည့်ပိန်းပိန်း

သန်းယိမ်းလွန်လွန်

တံခွန်သောက်ရှူး

အရုဏ်ကူးစေ

ချစ်ဦးသူကို စောင့်ပါမည်”

မမဝေက မျက်လုံးများကို ဖြည်းညင်းစွာ ပြန်ဖွင့်လိုက်၏။ မျက်နှာက ပြုံးဆဲပါ။ မျက်လုံးများမှာတော့ မျက်ရည်တွေ ခိုတွဲနေ၏။

"ဆရာ..."

"ဗျာ... မမဝေ"

"ဪ... ဒေါ်ဝေဝေလို့ မခေါ်တော့ဘူးပေါ့၊ ဟုတ်လား"

သေပါတော့ လေးလှိုင်ရယ်၊ နင် သေပါတော့။

"ဪ... အပေါင်း... ဟုတ်ကဲ့၊ ဆွေဆွေ ခေါ်သလို ယောင်ခေါ်မိပါတယ် ဒေါ်ဝေဝေ"

မမဝေက ကျွန်တော့်မျက်လုံးများကို စူးစူးရဲရဲ ကြည့်ပြန်သည်။ သည် အကြည့်ကို ကျွန်တော် မှတ်မိပါသည်။ ကျွန်တော့်ရင်ကို စာဖတ်သော အကြည့်ပါ။

"ဒီကဗျာကို ဝေဝေ ရနေပြန်တယ်၊ ဆရာ ဘာပြောမလဲ"

"ဒီကဗျာကို ကျွန်တော် စပ်ခဲ့တာ ကြာပါပြီ၊ မဂ္ဂဇင်းထဲမှာ ပါပါတယ်။ မမ... အဲ... ဒေါ်ဝေဝေ နှစ်သက်လို့ အလွတ်ကျက်မိဖူးတယ် ထင်ပါတယ်"

မမဝေသည် ငိုင်ငိုင်လေး ဖြစ်သွား၏။ ခဏအကြာ၌ ညည်းညည်းလေး ဆို၏။

"အင်းလေ... ဟုတ်မှာပါပဲ၊ ချောင်းသာတုန်းက အညိုထွေး ကျက်ထားတာ မဟုတ်ဘူးပေါ့"

" ချောင်းသာတုန်းက အညိုထွေး... ဒေါ်ဝေဝေ ဘာပြောတာလဲ "

မမဝေသည် နဖူးလေး တွန့်ပြီး မဲ့မဲ့လေး ဖြစ်သွားကာ ခေါင်းလေးငိုက်လျက် နားထင် တစ်ဖက်ကို လက်မလေးဖြင့် နှိပ်၏။

ဆွေဆွေသည် မမဝေနား တိုးသွားပြီး မမဝေ၏ ပခုံးလေးကို ကိုင်လျက် မေးသည်။

"မမဝေ ဘာဖြစ်သလဲ၊ ခေါင်းကိုက်လာသလား"

"အို... မဟုတ်ပါဘူး၊ မမဝေ ခေါင်းထဲ နည်းနည်းရှုပ်သွားလို့ပါ၊ ကိစ္စမရှိတော့ပါဘူး"

မမဝေက ကျွန်တော့်ကို ပြုံးပြ၏။ သည်အပြုံးက နွမ်းနယ်သည်။ တစ်စုံတစ်ရာ ဝေဒနာသဘောကိုလည်း ဖော်ပြသည် ထင်၏။

ဆွေဆွေ့ အမူအရာမှာလည်း အားနာဟန် ပေါ်နေသည်။ မျက်လုံးလေးများက တောင်းပန်သည့် အဓိပ္ပာယ်ကို ဆောင်လျက် ကျွန်တော့်ကို ကြည့်သည်။

ကျွန်တော့်ရင်တွင်းမှာ မကောင်းပါ။ ဘယ်ပုံမှ မကောင်းပါ။ ညီအစ်မ နှစ်ဦးကို

ကရုဏာနှင့် ပြန်ကြည့်မိ၏။

တစ်ဦးက ဘာကိုမျှ မသိရှာသူ။ တစ်ဦးက ဘဝ တစ်စိတ်တစ်ဒေသကို မေ့နေသူ။ ပေါလာသမျှ စိတ္တဇ၏ အမျှင်စလေးတွေကို စမ်းတဝါးဝါး လှမ်းဆွဲနေရသူ။

ဪ... သိသူက ကျွန်တော်ပါ။ သိသူ ကျွန်တော်ကလည်း သိသမျှကို ဖော်ခွင့် မရှိတော့သော ဘဝမှာပါ။ ဪ... သည်ဘဝကိုပင် စိတ်နာချင်သည်။ တခြား ဘာကိုမှ စိတ်မနာချင်ပါ။

မမဝေ၏ အပြုံးလေးက ပြန်ကြည်လာပြီး နှုတ်ဆက်စကားကို စတင် ဆိုသည်။

“ ဝေဝေတို့ ပြန်ပါတော့မယ်၊ ဝေဝေတို့ကို လက်ခံတွေ့ ဆုံလို့ ဆရာ့ကို ကျေးဇူးတင်ပါတယ်၊ ဆရာ့ကို လာနှောင့်ယှက်သလို ဖြစ်နေရင်လည်း ခွင့်လွှတ်ပါ၊ ဪ... ဟောဒါလေးတော့ လုပ်ပေးနော် ဆရာ ”

မမဝေက လက်ပွေ့အိတ်ကို ဖွင့်ပြန်ပါသည်။

‘ကြယ်မကြွေသော ညများ’ ဝတ္ထုစာအုပ်ကို ကျွန်တော့်ထံ လှမ်းပေးပြီး ဆို၏။

“ဒီစာအုပ်ပေါ်မှာ ဆရာ့လက်မှတ် ထိုးပေးပါ”

သည်တစ်ခါတော့ ကျွန်တော် ငိုချင်သည်။

ဪ... ဟိုးတစ်ချိန်မှာ ပိတောက်တွေ ခြွေကြရင်း မမဝေကို ကျွန်တော် ကတိပေးဖူးသည်။ ကျွန်တော့် ပထမဆုံးဝတ္ထုကြီးကို မမဝေသို့ ရည်ညွှန်းချက် ပြုပါမည်ဟု။

ရည်ညွှန်းချက်ခွင့်ကံက မကြုံပါ။ သည်ဝတ္ထု ထွက်စဉ်ကလည်း သည်ဘဝ သည်မျှဟု ပြည့်ဖုံးကား လုံးလုံးချရသည်မို့ မမဝေကို ရည်ညွှန်းချက် ကျွန်တော် မပြုလိုက်ပါ။

ယခုတော့...

မမဝေ လှမ်းပေးသော စာအုပ်ပေါ်တွင် ကျွန်တော်က မျက်ရည်စို့ရင်း လက်မှတ်ထိုးပေးရသည်။

ကျွန်တော်က ပြန်ပေးလိုက်သော စာအုပ်ကို သေချာစွာ ငုံ့ကြည့်ရာမှ မမဝေသည် မော့လာကာ ကျွန်တော့်ကို ပြုံးချိုချိုနှင့် ကြည့်သည်။

ကိုယ့်လက်မှတ်ကို ကိုယ် ပြန်လှမ်းကြည့်မိသည်။

သတိထားသည့်ကြားမှ မသိစိတ်က လုပ်လိုက်ပြန်လေပြီ။

လက်မှတ်က ပြနေသည်။ မမဝေသို့... လေးလှိုင်။

သွားလှဲ့လှဲ့များ ပေါ်အောင် ထပ်ဆင့်ပြုံး၍ မမဝေက ပြောသည်။

“ ဒေါ်ဝေဝေ မဟုတ်ဘူးနော် ”

“ဩော်... ဟုတ်ကဲ့၊ မ... မမဝေ မကြိုက်ဘူးလား”

“ဟွန်း... ဆရာ ပိုတယ်၊ မကြိုက် ရှိမလား”

“ဆရာ ပိုတယ်၊ အင်း အင်း... ဆရာ ပိုတယ်။ မောင် ပိုတယ်၊ မောင် ပိုတယ်တော့ မဟုတ်တော့ဘူးပေါ့။ ဩော်... မဟုတ်တော့ဘူးပေါ့။

မမဝေတို့ ညီအစ်မ ပြန်သွားသောအခါ စာရေးစားပွဲတွင် ကျွန်တော် ထိုင်သည်။ စားပွဲပေါ် လက်ထက် မျက်နှာမှောက်ပြီး ကျွန်တော် ငိုသည်။

မျက်ရည်တော့ မကျပါ။ ရှိုက်သံလည်း မထွက်ပါ။

ရင်ထဲတွင် လာလှိုက်ပြီး ကျွန်တော် ငိုမိပါ၏။

✳✳✳✳✳

အခန်း [၂၇]

ပုသိမ်မြေဆီ ကျွန်တော် ပြန်မရောက်သည်မှာ ကြာပြီ။

ထင်ရှားကျော်ကြားလာပြန်တော့ ပုသိမ်မှာ ကျွန်တော် ပညာသင်သွားမှန်း ပုသိမ်ပရိသတ်က သိလာကြသည်။ ပုသိမ်သို့လာပြီး စာပေဟောပြောရန် ပုသိမ်ပရိသတ်က ဖိတ်ကြ သည်။ ဖိတ်ကြသူများတွင် ကျွန်တော့်ကျေးဇူးရှင် ဆရာ-ဆရာမဟောင်းများ ပါကြသည်။

ဪ... ဆရာတို့မည်သည် လောကတွင် အခေါင်မြင်ကျော် ကြားသော တပည့်ကို ပြန်လည် တွေ့ချင်ရှာပေမည်။ သူတို့ ပျိုးလိုက်သော အပင်လေး သီးပွင့်နေသည်ကိုမြင်ချင်ပေမည်။ သူ့ကို လက်ညှိုးထိုးပြပြီး တပည့်သစ်တွေ အားကျကြိုးစား လာအောင် သွန်သင်ချင်ပေမည်။ .

တကယ်တော့ ပုသိမ်ကို မပြန်ဝံ့သည့်အကြောင်း ယခု ကျွန်တော့်မှာ မရှိပြီ။

ဆွေဆွေနှင့်က ဆက်လက်ပြီး ကျွန်တော် အဆက်အသွယ် ရသည်။ ကလေးမ၏ရည်ရွယ်ချက်က သန့်ရှင်းဖြူစင်လှလောက်သည်။

ဘွဲ့ရအပြီးတွင် ဖခင်၏ ရုပ်ရှင် လုပ်ငန်း၌ ဆွေဆွေက ဇောက်ချဝင်လုပ်သည်။ ပရော့ဒတ်ရှင်းမန်နေဂျာခေါ် ထုတ်လုပ်မှု ဦးစီးသူဖြစ်အောင် ကြိုးစားနေသည်၊ ပညာတတ် ငယ် ရွယ်သူ ဖြစ်သောကြောင့် ပိုက်ဆံက ပထမ၊ အနုပညာက ဒုတိယ ဖြစ်နေသော အစဉ်အလာကို ပယ်ဖျက်ချင်သည်။ အဲသည်အတွက် ကျွန်တော့် ထံမှ အကူအညီနှင့် အကြံဉာဏ် လို ချင်သည်။ အနည်းဆုံး တိုင်ပင်နိုင်သော မိတ်ဆွေတစ်ယောက် အဖြစ် ကျွန်တော့်ကို အလိုရှိသည်။

ကမ္ဘာလေးသေးသေးမှာ ကြုံရသည့်အဖြစ်ကို ရင်နာသည့် ကြားမှ ပြုံးမိရသေး၏။

ကြာခဲ့ပြီဖြစ်သောအချိန်က မခင်လှ အမှတ်မထင် ပြောခဲ့သော စကားကို ယခုမှ သတိရသည်။ မမဝေမှာက ဝမ်းကွဲ ညီမ ရှိသည်။ သူ့အဖေက ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်၊ အစ်ကို သန်းဟန်နှင့်မမဝေ။ ကျွန်တော်နှင့် အဲသည်ညီမ။

အဲသည်ညီမက ယခုတော့ ဆွေဆွေဖြစ်နေလေပြီ။

ဪ......မမဝေလိုပင် မျက်တောင်ကော့၊ မျက်ဝန်းပြာ၊ အသားနဝါဝါနှင့် ဆွေဆွေ။ ကျွန်တော်ပင်လျှင် တစ်ချိန်က နှစ်ကြိမ် မှတ်မှတ်ရရ စိုက်ကြည့်မိဖူးသော

ဆွေဆွေ။

ယခု ကိုယ့်မှာက ပိဘောက်တုံးလေပြီ။ သံသရာသည် တစ်ခေတ်အတွက်မူ တစ်ခါပွင့်ပြီးလေပြီမို့ ပိတောက်က တုံးခဲ့လေပြီ။

ဆွေဆွေနှင့် မိတ်ဆွေတော့ဖြစ်လာခဲ့ပါသည်။ ဆွေဆွေ့ထံ မှပင် မမဝေတို့ ပြည်မြို့တွင်နေကြောင်း သိရသည်။ နိုင်ငံခြား ပညာသင် သွားထားသောကြောင့် အစ်ကို သန်းဟန်သည် အစိုးရအလုပ်မှ ထွက်ခွင့်မရသေးဟန် တူသည်။

ပုသိမ်မှာ မမဝေ မရှိမှန်းသိတော့ ပုသိမ်သို့ မပြန်ဝံ့သည့် အကြောင်း ကျွန်တော့်မှာ မရှိပြီ။

သည်နှစ် စာဆိုတော်အချိန် နက်တော်လတွင်း၌ ရေးဖော် စာရေးဆရာများနှင့်အတူ စာပေဟောပြောပွဲ အတွက် ကျွန်တော် ခရီးထွက်ခဲ့သည်။

ရန်ကုန်မှ ထွက်လာကြပြီး ဟင်္သာတတွင် တစ်ပွဲ၊ မြို့ သေးသလောက် အဖက်ဖက်က တက်ကြွပြီး သမိုင်း အစဉ်အလာရှိသော ငါးသိုင်းချောင်းမြို့တွင် တစ်ပွဲ။

ငါးသိုင်းချောင်းပြီးမှ ပုသိမ်သို့ ဝင်ကြသည်။ စာပေဟောပြောပွဲကို နံနက်ပိုင်း၌ မင်းကြီးလမ်းရှိ ရွှေပြည်တော် ရုပ်ရှင်ရုံကြီး၌ ကျင်းပကြသည်။

ဟောပြောပွဲအပြီး၌ ကျွန်တော့်ထံ လာနှုတ်ဆက်ကြသူတွေထဲတွင် ပြုံး ဖြိုးဖြိုးနှင့် ကိုဘိုကေကြီးကို တွေ့ရ၏။

“ဟာ..ကိုဘိုကေကြီး ဝပြီး ဖြူနေပါလား၊ မတွေ့ကြတာကြာပြီနော်”

“ကြာပြီပေါ့၊ ဝပြီး ဖြူနေတာက ငါ အခု မာလီမှ မလုပ်တော့ပဲ”

“ဟုတ်လား၊ အခု ဘာလုပ်နေလဲ”

“အိမ်ထောင်ကျပြီးကတည်းက ငါစီးပွားရေးလုပ်နေတယ်၊ ဈေးထဲမှာ ကုန်သေးဆိုင် ဖွင့်ထားတယ်´

“အိမ်ထောင်တောင် ကျပြီးပြီ၊ ဘယ်သူနဲ့လဲ၊ ထွေးဆင့် နဲ့လား ထွေးမြင့်နဲ့လား”

အနီးတွင် လူတွေရှိနေသောကြောင့်လားမသိ ကိုဘိုကေက ကျွန်တော့် လက်ကိုဆွဲခေါ်၏။

“လာကွာ...ဟိုနားသွား စကားပြောကြရအောင်”

လူရှင်းရာ တစ်ထောင့်သို့ ရောက်သောအခါ ကျွန်တော်ကမေး၏။

“ဖြေဗျာ၊ ထွေးဆင့်နဲ့လား ထွေးမြင့်နဲ့လား”

“အဟီး..ဟိုဒင်း.......ထွေးဆင့်မြင့်”

"ဘယ်လို၊ ထွေးဆင့်မြင့်"

"ကိုယ့်လူ စာရေးဆရာလုပ်ပြီး နားဝေးတယ်၊ ထွေးဆင့်နဲ့ရော ထွေးမြင့်နဲ့ပါ၊ ချိုး... ဖွင့်ပြောနေရပြီ"

"ဟာ... လုပ်လှချီလား၊ စွံမယ့် စွံတော့လဲ နှစ်ယောက်လုံးနဲ့"

"ငါ့ကိုယ်၌က မရှင်းတာကိုး၊ မချောတွေကလဲ ညီအစ်မ မခွဲနိုင်ဘူးတဲ့၊ ငါ့ကွာ သေချင်စော်နံရော"

"အံမယ်.....ခင်ဗျားက သေချင်စော်နံရသေးတယ်"

"ဟ...နှစ်ယောက်ကြီးများတောင် လုပ်ကျွေးရမှာ၊ မင့် အဒေါ် ကပ်စေးနဲကြီးကလဲ ငါ့ ဘယ်လောက်ပေးလို့လဲ အခု တော့လဲသူ့ဟာနဲ့သူဖြစ်သွားတာပါပဲ၊ငါ့အကြောင်းထားဦး၊ မင့်အကြောင်း မေးရဦးမယ်"

"ဘာလဲ"

"မင်း.....မင်း....တစ်ယောက်တည်းထွက်သွားတာနော်"

"တစ်ယောက်တည်း ထွက်မသွားလို့ ခင်ဗျားက ဘယ်သူ့ ခေါ်သွားတယ် ထင်လို့လဲ"

"ဟ...ဒီမှာက အမျိုးမျိုး ဖြစ်ကျန်ရစ်တာ၊ မင်းကလဲ ပျောက်သွား၊ တစ်ခါ ဝေဝေကလဲ ပျောက်သွားတော့. မင်း စဉ်းစားကြည့်လေ"

"ဩော်....မမဝေက ဘယ်ပျောက်သွားတာလဲ"

"မင်း မသိသေးဘူးထင်တယ်၊ ဝေဝေကလဲ အဲဒီနေ့ကပဲ ပျောက်သွားတာ၊ ထင်ချင်တာ ထင်ကုန်ကြတာပေါ့၊ နောက်မှ ဝေဝေ့ကားကို ဘူတာမှာ တွေ့တယ်၊ ရထားကတော့ ထွက်သွားပြီ၊ ကမ်းနားမှာ သတင်းစာတွေ စာအုပ်တွေရောင်း တဲ့ လူက မင်းကို တွေ့လိုက်ရတယ် ပြောတယ်၊သူကပြောတယ်။ မင်းတစ်ယောက်တည်းတဲ့၊ ထိုင်ငိုနေတာတောင် တွေ့ရသတဲ့ ဒီတော့မှ ရှင်းသွားကြတာပေါ့ကွာ၊အေး...အဲဒါနဲ့ ဆက်ပြော ရဦးမယ်၊ တစ်လကျော်ကျော်ကြာတော့ ဝေဝေပြန်ရောက် လာတယ်၊ ထွေးဆင့်တို့ပြောတော့ ကားလဲ အတိုက်ခံထားရလို့ ခေါင်းထိပြီး မေ့တာတွေ မေ့နေတယ်တဲ့၊ အဲ... အဲ...မဟုတ် တာတော့ သတိရနေတယ်တဲ့"

"ဘာမဟုတ်တာ သတိရတာလဲ"

"သတိရတာ မဟုတ်ပါဘူးလေ၊ ငါ ဘယ်လိုပြောရမလဲ၊ ဟိုဒင်း....ထင်မိထင်ယောင်ဆိုတာမျိုးပေါ့ကွာ၊ ဝေဝေက သူ ကိုသန်းဟန်နဲ့ လက်ထပ်ပြီး ဟိုဒင်းဟာကွာ ဗိုလ်ဆန်ဆန် လင်မယားရစ ခရီးထွက်လာတာ ဘာခေါ်လဲ"

"ဟန်နီးမွန်း"

"အေး.....အဲဒါ ထွက်သွားတာတဲ့၊ အဲဒီတုန်း ကားတိုက်ခံရ တာတဲ့၊ ကြံ့ကြံ့ဖန်ဖန်ကွာ၊ မကြိုက်လို့ အိမ်ကထွက်ပြေးပြီးပြီပဲ၊ အခုတော့ မကြိုက်တဲ့လူကို ကိုယ့်ယောက်ျား ထင်နေတယ်၊ ဒါနဲ့ပဲ သူတို့ ချော်လဲ ရောထိုင် လုပ်လိုက်ကြတာ အခုတော့ ဟန်ကျသွားတာပေါ့လေ"

ကျွန်တော့်မပျက် နားထောင်နေရင်းက ကျွန်တော့် အသည်း မှာ လာအောင့်သည်။

မမဝေသည် သူ့မှာ ချစ်လင်ရှိသည့်ကိုတော့ ရေးရေးလေး မှတ်မိဟန်တကား။ သို့ရာတွင် သူ့ ချစ်လင်က ကျွန်တော်မဟုတ်၊ ကိုသန်းဟန်၊ ဆရာဝန်ကြီး ရှင်းပြသော သဘောတစ်ခုကို ကျွန်တော် သွားအမှတ်ရသည်။ ဒေးရှားဗူး။

ကျွန်တော်သည် သက်ပြင်းကို ရှိုက်မိ၏။

"အေးဗျာ... ဘာပဲဖြစ်ဖြစ် ကောင်းသွားကြရင် ပြီးတာပါပဲ၊ ဟိုမှာ စောင့်နေကြပြီ၊ ကျွန်တော် သွားမယ်"

"အေး...အေး၊ ဪ...ခဏနေဦး၊ ရောက်တုန်း ရောက် ခိုက် ကမ္ဘဋ္ဌာန်းကျောင်း ခဏဝင်သွားပါဦးလား'

"ခင်ဗျာ"

"ဟယ်...ငါပြောမလို့ မေ့နေတယ်၊ အခု ဆရာတော် ပြန် ရောက်နေပြီ"

"ခင်ဗျာ...ဆရာတော်"

"ဦးဇင်းဦးဝိမလလေ၊ တို့က အခု ဆရာတော်လို့ပဲ ခေါ် တော့တယ်၊ ဟိုတစ်လောက တို့ သွားကန်တော့တော့ မင်းကို တောင် မေးနေသေးတယ်၊ အချိန်ရရင် ဝင်သွားလိုက်ဦး"

"ဟုတ်လား၊ အေးဗျာ....ကျွန်တော် ဝင်သွားလိုက်ဦးမယ်"

ကျွန်တော်တို့က နက်ဖြန်နံနက်တွင် သင်္ဘောနှင့် ပြန်ကြမည် ဖြစ်သည်။

နေ့ခင်းမှာကတော့ စာပေဆွေးနွေးမှုလေးတွေက ရှိနေ သေးသည်။ ညနေပိုင်းကျမှ ကမ္ဘဋ္ဌာန်းကျောင်း ဘက်သို့ ကျွန်တော်တစ်ယောက်တည်း ထွက်လာခဲ့၏။

လမ်းမကြီးအတိုင်း ကျွန်တော် လျှောက်လာခဲ့သည်။

ကျွန်တော် စာသင်ခဲ့သော ဟိုက်စကူးကျောင်းကြီးကို ကျော်လာသည်။ ဪ... သည့်လမ်းမှာ ကျွန်တော် အကြိမ်ကြိမ် လျှောက်ခဲ့ဖူးသည်။ မိုးရွှာရွာ၊ နေပူပူ၊ နှင်းကျကျ၊

ကြံ့ကြံ့ဖန်ဖန် သွားအမှတ်ရမိသေးသည်။ သည့်လမ်းအတိုင်း သည့်လို လျှောက်လာခဲ့သည်။ ဟွန်းသံကြားရပြီး မောက်စ် ဝက်ဂွန်းကားလေးက ဆိုက်လာသည်။ မောင်းသူက မမဝေရယ်လေ။ မမဝေခေါ်၍ ကားပေါ်သို့

ကျွန်တော်တက်လိုက် သွားသည်။ ဟိုး မြက်တိုအတိ။ လေယာဉ်ပျံကွင်းအထိ။ အဲဒီမှာ လွမ်းဖွယ်သောအဖြစ် စတင်ခဲ့သည်။ မမဝေက ကဗျာနှင့် စာပေအကြောင်း ကျွန်တော့်ကို စတင် ရှင်းလင်းပြသည်။ပါရမီ ကူညီဖြည့်မည်ဟု အဲသည်မှာ ဆုံးဖြတ်ခဲ့သည်။ သည့်က စပြီး နောက်..

ကျွန်တော်က ပြုံးမိသည်။ ခယမမွှာ၊ ဝယမမွှာ။ မရှိတော့ ပြီဖြစ်သော အတိတ်တစ္ဆေသည် ကျွန်တော့်ကို ခြောက်တုန်း ပါတကား။

လမ်းမကြီးအတိုင်း ကျွန်တော် အတန်ဆက်လျှောက်ရသေးသည်။ လက်ဝဲဘက်သို့ချိုးပြီး ကတ္တရာခင်းမဟုတ်သော လမ်း အတိုင်း ခရီးဆက်ရပြန်၏။

အတန်လှမ်းရာဆီ၌ သစ်ရိပ်၊ ဝါးရိပ်တို့ဖြင့် အမြင်နှင့်ပင် အေးချမ်းသော ကမ္မဋ္ဌာန်းရိပ်သာကို လှမ်းတွေ့ရ၏။

ရိပ်သာအတွင်းဝင်မိသောအခါ ဓမ္မာရုံကြီး၏ ဦးထိပ်ဘက်ဆီ ကျွန်တော် ဆက်လာခဲ့သည်။

ကျွန်တော် တွက်သည့်မှာ မှန်၏။ ပိတောက်ပင်ကြီးရှိရာ အနီး သဲမြေ လမ်းဖြူဖြူပေါ်တွင် ဦးပဥ္စင်းက စင်္ကြံလျှောက် တော်မူနေသည်။

သည်ဘက်လှည့်အလျှောက်တွင် ဦးပဥ္စင်းက ကျွန်တော့်ကိုမြင်သွားပြီး စင်္ကြန်လျှောက်ခြင်းကို ရပ်လိုက်သည်။

ဦးပဥ္စင်းသည် ပိတောက်ပင်ရိပ် ခုံတန်းပေါ်၌ ထိုင်ပေး တော်မူသည်။ မြက်ခင်းပေါ် ပုဆစ်တုပ်ပြီး ကျွန်တော်က ဦးချ၏။

“မောင်လေးလှိုင် မဟုတ်လား”

“တင်ပါ၊ အရှင်ဘုရား မှတ်မိတယ်နော်’

“ကောင်းကောင်းမှတ်မိတယ်ကွယ်. ဒါထက် ငါ့တပည့်က အခု ထင်ရှားကျော်ကြားတဲ့ စာရေးဆရာဖြစ်နေပြီဆို”

“တင်ပ့ါဘုရား”

“ကျန်းမာချမ်းသာရှိရဲ့ မဟုတ်လား”

“ကျန်းမာပါတယ် ဘုရား၊ အသင့်အတင့်လဲ ချမ်းသာပါတယ် ဘုရား”

ဦးပဥ္စင်းသည် ပြုံးလျက် ကျွန်တော့်ကို စိုက်ကြည့်သည်။ ဦးပဥ္စင်း၏ ရုပ်တော်ကား ဘာမျှမပြောင်းသေး၊ ဣန္ဒြေတော် တို့ကလည်း ယခင်အတိုင်းတည်း။

“အရှင်ဘုရားကို တပည့်တော် ပြန်မဖူးရတော့ဘူးထင်တာ၊ အခုတော့ ဝမ်းသာလိုက်တာ ဘုရား၊ အရှင်ဘုရား ဘယ်ကြွနေခဲ့တာလဲ ဘုရား”

“ငါ ဘယ်ကြွကြွပေ့ါ၊ အခု ပြန်တွေ့ရပြီမဟုတ်လား”

"တင်ပ့ါဘုရား"

"အေး...ဒါဆို ပြီးတာပဲ၊ ဒါထက် ငါ့တပည့် ဆက်အလုပ်လုပ်ရဲ့လား"

"လုပ်ပါတယ် ဘုရား"

"လုပ်ပါတယ်၊ ခရီးရော ရောက်ရဲ့လား"

ကျွန်တော် မဖြေနိုင်။ ပြုံးပြီးသာ မျက်လွှာချနေရ၏။

"မရောက်ဘူးပေ့ါ၊ အရောင်၊ အဆင်း၊ အလင်း၊ အကြည် နိမိတ်နဲ့ပဲ နေတယ်၊ ပီတိပါမောဇ္ဇနဲ့ပဲနေတယ်၊ ဟုတ်လား"

"တင်ပါ"

"ခရီးကော ဆက်ချင်သေးရဲ့လား တပည့်ရယ်"

"ဆက်ချင်ပါတယ် ဘုရား၊ တပည့်တော် သိပ်ဆက်ချင်ပါ တယ်၊ မဆက်တတ်၊ မဆက်နိုင်လို့ပါ"

"ဩော်.......ဟုတ်ပေသားပဲ၊ ဦးဇင်းကလဲ နိမိတ်က ရုပ်နာမ် ဖော်ကာ အသေးစိတ်မသင်ပြလိုက်မိဘူး၊ မောင်လေးလှိုင် သင်ချင်ရဲ့လား"

"သင်ချင်ပါတယ် ဘုရား၊ တပည့်တော်ကို သနားတော် မူပါ၊ အရှင်ဘုရားကို တမ်းတပြီး တပည့်တော် နေရပါတယ်"

"သာဓု သာဓု၊ ငါ့တပည့် အခု ဒီကို လမ်းလျှောက်လာတော့ လမ်းမှာ စိတ်ထဲ ဘာတွေမြင်လာလဲ"

ကျွန်တော် ထိတ်လန့်သွားသည်။ ဩော်....ကျွန်တော့်စိတ် ထဲမှာက မြင်မိပါသည်လေ။ မမဝေ....ပြီးတော့ ... မော်တော်ကား အနက်လေး။ နောက်....

ဦးပဥ္စင်းက အသာအယာ ရယ်တော်မူ၏။

" အဖြေခက်ရင် မဖြေပါနဲ့ တပည့်ရယ်၊ လူတွေ မြင်တယ်၊ အရာဝတ္ထုတွေ မြင်တယ်၊ စိတ်ထဲမှာလေ ဟုတ်လား၊ အဲဒီလို စိတ်ထဲမှာ မြင်ရတာတွေကို ဘာလို့ခေါ်လဲ"

"ဓမ္မာရုံပါဘုရား"

"ဓမ္မာရုံတွေ မြင်အပ်သောတရားပေ့ါ၊ ဒါဖြင့် မြင်တတ်သော တရားကလဲ ရှိရဦးမယ်၊ ဘာနဲ့ မြင်သလဲဟေ့၊ မျက်စိနဲ့လား"

"မဟုတ်ပါဘူး ဘုရား၊ မနောနဲ့ပါ၊ တပည့်တော် မှတ်မိပါပြီ၊ နှလုံးအကြည်မှာ ထင်လာပါတယ် ဘုရား"

"နှလုံးအကြည်မှာ ထင်လာတယ်၊ ဒါကို စိတ်ထဲမှာ မြင် တယ်လို့ပြောကြတယ်၊

လူ့ လောကစကားပေါ့၊ နှလုံးအကြည် ကိုကော ဒါတွေက ဘယ်ကရောက်လာလဲ”

“အရင်က မြင်ဖူးထားတာကိုးဘုရား၊ ဘယ်က ရောက်လာ လဲတော့ အဲ မသိဘူးဘုရား”

“မသိဘူး၊ သိရင် သညက္ခန္ဓာ ပေါ်မယ်၊ ထားတော့၊ ငါ တပည့် ကမ္မဋ္ဌာန်းထိုင်နေတုန်း မြင်နေရတဲ့ နိမိတ်ကြီးဟာလဲ ဒီသဘောပဲ၊ နှလုံးအကြည်ရှိတယ်၊ ဓမ္မာရုံရှိတယ်၊ ဒီနှစ်ပါး ဆုံတော့ ဘဝင်စိတ် ပေါ်တယ်၊ ဒီသုံးပါးဆုံတော့ မနော ဝိညာဏ် ဆိုတဲ့ သိမှုကြီး ပေါ်တယ်၊ ဒီလေးပါး ပေါင်းဆုံညီညွတ်ခြင်းကိုပဲ ဖဿလိုခေါ်တယ်၊အင်မတန်သိမ်မွေ့ တဲ့တရားနော်၊ ရုပ် နာမ် ရှာတော့ နှလုံးအကြည်က အတိတ်သဘော ရုပ်၊ ဓမ္မာရုံက အနာဂတ် သဘော နာမ်၊ ဘဝင်စိတ်က ပစ္စုပ္ပန်သဘော”

“ဟာ…တပည့်တော် သဘောပေါက်ပါပြီဘုရား၊ ကာလ သုံးပါး ယန္တရား”

“မှန်တယ်၊ အတိတ်ဆိုတာက မရှိတော့တာ၊ ခယဋ္ဌေန-ကုန်သောသဘော အမှန်ရှိ၏၊ အနိစ္စလို့ ရှုရတယ်၊ ဓမ္မာရုံဆိုတဲ့ အနာဂတ်သညာက အနာဂတ်ဆိုတော့ ရှိကို မရှိသေးဘူး၊ အတိတ်ကာလနဲ့သာ ရှိသယောင်ယောင် တင့်တယ်ရတာ…။ အတိတ်ကာလကို အနိစ္စနဲ့ရှုလို့ အနိစ္စလက္ခဏာမှာ ကျရောက် သွားတော့ အနာဂတ်ဟာ ဘယဋ္ဌေန-ဘေးတွေ့သွားပြီ၊ ဒုက္ခ လို့ ရှုရတယ် ဘဝင်စိတ် ပစ္စုပ္ပန်ကာလ ရုပ်နာမ် သဘော ကလဲ အတိတ် အနာဂတ် သဘောတွေကို မှီပြီး တင့်တယ်ရတယ်၊ အဲဒါတွေက အနိစ္စနဲ့ ဒုက္ခလက္ခဏာမှာ ကျရောက်ကုန်တော့ ပစ္စုပ္ပန်သဘောဟာလဲ အသာရကဋ္ဌေနဲ့ အနှစ်အား ဆိုလို့ မြူမှမရှိတော့ဘူး၊ အနတ္တနဲ့ရှုရတယ်၊ ငါ့တပည့် လိုက် နိုင်ရဲ့လား”

“သဘောလောက်တော့ မိပါတယ်ဘုရား”

“သဘောလောက်ပဲ မှတ်ထားဦး၊ အလုပ်နဲ့ လိုက်ရမယ်၊ ကာလသုံးပါးရုပ်နာမ်ကို ဦးဇင်း ခုနကပြောပြခဲ့တဲ့ သမ္မသန ဉာဏ်နဲ့ သိမ်းဆည်းလိုက်တော့ သမူဟပညတ်- ဆိုတာဟာ ပျက်သွားတယ်၊ ဝိပဿနာဆိုတာက ပညတ်ကို သတ်နေရတာ၊ နိမိတ်မှာသာယာနေတာက ပညတ်မှာ သာယာနေတာ၊ အဲဒီ နိမိတ်ဆိုတဲ့ သမူဟပညတ်ကြီး ပျက်သွားရင် မသာယာတော့ဘူး၊ ဒါနဲ့တွင် ကိစ္စက ပြီးပလားဆိုတော့ မပြီးသေးဘူး၊ ဆက်အလုပ်လုပ်ရင် သန္တတိပညတ်ဆိုတာ ကျန်နေသေးတာ တွေ့ရဦးမယ်၊ အဲဒီပညတ်ကိုသတ်ဖို့ ဖဿနဲ့ ဝေဒနာကို ပေါ်အောင် ရှုရဦးမယ်၊ ဖဿကို ဖြစ်၊ ဝေဒနာကို ပျက်လို့ ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ပေါက်အောင် လုပ်ရဦးမယ်”

“အမလေး … မလွယ်ပါလားဘုရား”

“ဘယ်သူက လွယ်တယ် ပြောလို့လဲ၊ မှတ်ထား တပည့်…. အလုပ်စခန်းအဆင့်ဆင့်တွေ၊ ရုပ်, နာမ်ကို သိမ်းဆည်းတော့ ခန္ဓာဆိုတဲ့ သဘောပေါ်ထွက်လာမယ်၊ ခန္ဓာကို သိမ်းဆည်းတော့ ပဋိစ္စသမုပ္ပါဒ်သဘောပေါ်ထွက်လာမယ်၊ပဋိစ္စသမုပ္ပါဒ် ကို သိမ်းဆည်းနိုင်မှ မဂ်တရား၊ ဖိုလ်တရား ရမယ်၊ မလွယ် ပေ ဘူး ဒါကြောင့်လဲ အစတည်းက အာတာပီ စတဲ့တရားတွေနဲ့ ပြည့်စုံရမယ်လို့ ဦးဇင်း တိုက်တွန်းထားတယ် မဟုတ်လား”

"တပည့်တော် မှတ်မိပါတယ်"

"ဒီတော့ မင်း အခု ခဏလာတာ မဟုတ်လား"

"တင်ပါဘုရား"

"အလုပ်လုပ်ဖို့ ဘယ်တော့လာမလဲ"

ကျွန်တော် ရုတ်တရက် ´ မဖြေနိုင်၊

"ငြိမ်လှချည်လားကွယ်"

"စဉ်းစားနေလို့ပါ ဘုရား၊ တပည့်တော် လာမယ့်သင်္ကြန် လောက်မှာ လာခဲ့ပါ့မယ်""

"ကတိလား တပည့်'

"ကတိပါဘုရား"

"အိမ်း....ဦးဇင်း ကတိကို မှတ်ထားမယ်"

နေဝင်ခါနီးပြီဖြစ်သောကြောင့် ကျွန်တော်သည် ဦးပဉ္ဇင်းကို ဦးချပြီး တည်းခိုရာသို့ ပြန်လာခဲ့သည်။

လမ်းမကြီးပေါ်ရောက်တော့ အရှေ့ဘက်ဆီ လှမ်းငေးမိသည်။

အဲသည်ဘက်ဆက်သွားလျှင်တော့ ကန်းသုံးဆင့်ကို ရောက်မည်။

ကန်သုံးဆင့်။ မမဝေနှင့်ကျွန်တော်တို့ ချစ်မိုးစွေရာ မဟုတ်စေ.. ချစ်မိုးတွေ စဝေရာ ကန်သုံးဆင့်၊

ကျွန်တော်သည် ဝမ်းနည်းစွာ ပြုံးမိ၏။ နှလုံးအကြည်မှာ အတိတ်ရိပ်တွေ စိုးမိုးဆဲပါတကား။

✳✳✳✳✳

အခန်း [၂၈]

ဒီဇင်ဘာလ အတွင်းတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ရှိသည်။ ဘွဲ့နှင်းသဘင်ဟူသည် လေးနက်တည်ကြည်ခံ့ညားသော အခမ်းအနားကြီးဖြစ်၏၊ အပတ်တကုပ် ကြိုးစားလာရသူတို့အတွက် မိမိတို့၏ အောင်မြင် ပေါက်မြောက်ခြင်းကို တရား ဝင် အသိအမှတ်အပြုခံရသော အခါထူးအခွင့်ထူးကြီးလည်း ဖြစ်သည်။

ဪ....ကိလေသာဝဋ်မှ ကင်းလွတ်အောင် ကျင့်ဆောင် ကြသော ရဟန္တာ အရှင်မြတ်တို့ အတွက်ပင်မှ အောင် မြင် ပေါက်မြောက်ခြင်းကို အသိအမှတ်အပြုခံရသည့် ဧတဒဂ် ဟူသော ဘွဲ့ရှိလေသည်။ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး၌ သာဝက သန္နိပါတ အစည်းအဝေးပြု၍ ထိုက်တန်သော အရှင်မြတ်တို့ကို ဧတဒဂ်အရာထား ဌာနန္တ ကြားတော်မူသည်။

ပုထုဇဉ်တို့အတွက်မူ ဆိုဖွယ် မရှိပြီ။ မိမိ၏ အောင်မြင် ပေါက်မြောက်ခြင်းကို လူတိုင်း အသိအမှတ်ပြု ခံလိုကြသည်။ သည့်ထဲတွင် ကျွန်တော်လည်း ပါ၏။

ဘွဲ့နှင်းသဘင်ကြီး၌ အမှားအယွင်းမရှိရန် အရေးကြီး သည်။ ထို့ကြောင့် သတ်မှတ်ထားသော အကြိုတစ်နေ့တွင် ဘွဲ့ယူမည့်သူ အားလုံးသွားပြီး ဇာတ်တိုက်လေ့ကျင့်ကြရသည်။

မော်ကွန်းထိန်း ဆရာဦးယုခင် ဦးစီးသည့် ဇာတ်တိုက်ပွဲ ပြီးသောအခါ ဘွဲ့နှင်းသဘင် အဆောက်အအုံကြီး၏ အပြင်သို့ ကျွန်တော် ထွက်လာခဲ့သည်။

"ဆရာ"

ခေါ်သံကြားသဖြင့် လှမ်းကြည့်လိုက်ရာ အဆောက်အအုံ ကြီး၏ အနောက်ဘက် ကားများဆိုက်ရာဆီတွင် အဖြူရောင် ဖီးယက်ကားလေးတစ်စီး ဘေး၌ရပ်လျက် ကျွန်တော့်ကို ပြုံးပြုံး နှုတ်ဆက်နေသော ဆွေဆွေကို တွေ့ရ၏။

ကျွန်တော်သည် ဆွေဆွေ့ထံ လျှောက်သွား၏။

ဆွေဆွေက တစ်ယောက်တည်းရပ်နေသည်။ ကားတွင်း၌ ဒရိုင်ဘာလည်း မရှိ။

"ဆွေဆွေတစ်ယောက်တည်းလား"

"မဟုတ်ဘူး၊ မမဝေလဲ ပါတယ်"

ကျွန်တော့်ကိုယ်သည် အနည်းငယ် တောင့်တင်းသွားသည်။ ပတ်ဝန်းကျင်ကို ဣန္ဒြေမပျက် မျက်လုံးလှည့်ပြီး ကြည့်မိသည်။

မမဝေ၏အရိပ်အယောင်ကို မတွေ့ရ။

"ဒေါ်ဝေဝေက ဒီလိုပဲ ဆွေဆွေတို့နဲ့ လာလာနေသလား၊ ဟုတ်လား"

"လာနေတာတော့ မဟုတ်ဘူးလေ၊ ခဏခဏ ဆင်းလာ တတ်တာ၊ ပြည်နဲ့ ဒီကလဲ ဘာဝေးလို့လဲ၊ ပြီးတော့ မိဘတွေ ကလဲ ပုသိမ်မှာဆိုတော့ မမဝေက ကူးချည်သန်းချည်ပါပဲ"

"ဪ... အခု ဘယ်ပျောက်သွားလဲ"

"ဆွေဆွေလဲစောင့်နေတာ၊သိဘူးလေ၊ မမဝေက ဟိုဒင်း.. ခြေရာများ လိုက်ကောက်နေသလား မသိဘူး"

"ခြေရာကောက်၊ ဆွေဆွေ ဘာပြောတာလဲ"

"ဆရာ့ကို ဆွေဆွေ တစ်ခါပြောဖူးသားပဲ၊ မမဝေက ခေါင်းမှာ ဒဏ်ရာရပြီး အင်မ်နီးဇီးယား ရှိတယ်"

"ဪ.....အင်း..ဟုတ်ကဲ့"

"သနားစရာပါပဲ ဆရာရယ်၊ သူ့ခေါင်းထဲမှာ မရှင်းတာ လေးတွေရှိရင် အဖြေလိုက်ရှာတတ်တယ်၊ သွားတားလို့လဲ မရ ဘူး၊ အဲဒါဖြစ်ပြီးမှ မမဝေဟာ နည်းနည်းစိတ်တိုတတ်တယ်။ စိတ်တိုတာလဲ မဟုတ်ပါဘူးလေ၊ နည်းနည်းစိတ်ပြင်းလာတယ်၊ အရင်က ဒီလိုမဟုတ်ဘူး"

" ဒေါ်ဝေဝေ ဒဏ်ရာရတုန်းက ဆွေဆွေတို့ သွားကြည့် သေးလား"

စိတ်တွင်း၌ မလုံသောကြောင့် ကျွန်တော်က တောက်ကြည့် မိ၏၊ ဆွေဆွေကတော့ သိပုံမပေါ်။

"အဲဒီဖြစ်တဲ့ ညနေကတော့ ဆွေဆွေတို့ တစ်ခေါက်ရောက် တယ်၊ အဲဒီတုန်းက မမဝေ သတိမရသေးဘူး၊ နောက်တော့ ဆွေဆွေတို့ သွားမကြည့်ရဘူး၊ မမဝေ စိတ်တွေရှုပ်ကုန်မှာစိုးလို့ ဘယ်သူ့သည်မှ မလာရဘူးလို့ ဆရာဝန်ကြီးက တား ထားတယ်တဲ့၊ ဖေဖေတောင် မသွားရဘူး၊ မမဝေရဲ့ အဖေနဲ့ အမေပဲ၊ သူတို့တောင် ဆရာဝန်ကြီးရှေ့မှာပဲ စကားပြောကြရ သတဲ့"

တော်ပါသေး၏။သူတို့အဖုံးအပိတ် ပိရိခဲ့ကြသည်။ ဪ-ကောင်းပါလေ၏။

"ခုနင်က စကားဆက်ရဦးမယ်၊ မမဝေက အဖြေလိုက်ရှာ တတ်တယ်၊ သူ့ကိုယ်သူ ဘဲ့ရဖူးတာလဲ မမှတ်မိဘူး၊ တက္ကသိုလ် မှာ တက်ဖူးတာလဲ မမှတ်မိဘူး ရက်ဂျစ်စတြာ့အဓောဖစ်စ် (မော်ကွန်းထိန်းရုံး)မှာတော့ မမဝေရဲ့ ဓာတ်ပုံရော မှတ်တမ်း ရော ရှိတာပေါ့လေ၊ တွေ့လဲ တွေ့ပြီးပါပြီ. ဒါပေမယ့် သူ့ စိတ်ထဲမှာတော့

ဘလင့်ခ်(ပလာ)နဲ့ တူပါတယ်၊ အခု ဆွေဆွေ နဲ့ လိုက်လာတာက . သူ ကျင်လည်ဖူးတဲ့ ပတ်ဝန်းကျင်ကို ပြန်ရင်းနှီးအောင် လုပ်မလို့နဲ့ တူတယ်၊ ဒါကြောင့် ခြေရာ ကောက်လို့ ဆွေဆွေက ပြောတာ၊ ဪ..ဒါထက် ဆရာ့မှာ ကားပါလား”

“မပါဘူး ဆွေဆွေ၊ လိုင်းကားနဲ့ လာတာ”

“ဒီလိုဆို ဆွေဆွေတို့နဲ့ လိုက်ခဲ့ပါလား’

“နေပါစေ ဆွေဆွေ”

“အို...ဆရာကလဲ၊ ဆွေဆွေတို့ ကား ချောင်ပါတယ်’

ကျွန်တော် ငြင်းမည်အလုပ်၌ ခြေသံကြားရသည်။

နှင်းရိပ်ပြာသော အင်းလျားကန်ပတ်ဝန်းကျင်ကို ကျောပြု ပြီး မမဝေသည် ကျွန်တော်တို့ထံ ချဉ်းကပ်လာသည်။ ခြေလေး တွေက လှမ်းလာနေသော်လည်း မျက်လုံးများက မလှုပ်ဘဲ ကျွန်တော့်မျက်နှာဆီ တည့်တည့်စိုက်ထား၏။

ဆွေဆွေက လှမ်းမေး၏။

“မမဝေ ဘယ်သွားနေတာလဲ’

သည့်တော့မှမမဝေသည် သတိဝင်လာဟန်နှင့် တန့်ခနဲ ဖြစ်သွား၏။

“ဪ...အဟင်း၊ မမဝေ ဟိုဘက်သွားတာ”

“ဘယ်ဘက်လဲ”

မမဝေသည် ပြည်လမ်းဘက်ရှိ ကန်စောင်းကို ညွှန်ပြ၏။

“အဲဒီဘက်”

“အဲဒီဘက်တောင် ဘာသွားလုပ်လဲ”

“ဟိုဒင်း......မဟာစေတီ’

ဆွေဆွေက မျက်လုံးလေးပြူးပြ၏။

“မမဝေ ဘာပြောတာလဲ၊ မဟာစေတီက ဘယ်ကရောက် လာတာလဲ’

မမဝေသည် ကျွန်တော့်ကို လှမ်းကြည့်၏။ ထိုနောက် စိတ် ရှုပ်ဟန် ပြုံးပြီး ခေါင်းကိုကုတ် ၏။

“မဟာစေတီ ဘယ်ကရောက်လာသလဲ၊ မမဝေလဲ ဘယ်သိ မလဲ၊ ခေါင်းထဲရောက်လာတာပြောတာ၊ ဪ..ဆရာကော ဘာလာလုပ်တာလဲ ဟင်”

“ဆွေဆွေ့လိုပဲ ရှီဟာစ် (ဇာတ်တိုက်ခြင်း) လာလုပ်တာ”

ဆွေဆွေက ဝင်ပြော၏။

"ဆွေဆွေတို့ ရပ်စောင့်နေတာ ကြာလှပြီ၊ ပြန်ကြစို့ မမဝေ၊ ဪ ဆရာလဲ လိုက်ခဲ့ရမယ်နော်"

မမဝေသည် ပြုံးရွှင်စွာဖြင့် ကျွန်တော့်ကို မေးသည်။

"ဆရာ့ကား မပါဘူးလား"

ကျွန်တော်မဖြေခင် ဆွေဆွေက ဝင်ဖြေ၏။

"မပါဘူးမမဝေ၊ အဲဒါ ဆွေဆွေခေါ်တာ ဆရာက အင်နေတယ်'

မြင်ဖူးလှပြီဖြစ်၍ ဘယ်သောအခါမှ ကျွန်တော် မမေ့နိုင် သော ပြုံးချိုချိုမျက်နှာပေးဖြင့် ကျွန်တော့်ကို ကြည့်ပြီး မမဝေက ပြော၏။

"စာရေးဆရာကြီးက ဝေဝေတို့ ကားကို မစီးချင်ဘူးလား ဟုတ်လား"

"အို..အို....ဒီလိုမဟုတ်ပါဘူး"

"ဒီလိုမဟုတ်ရင် ဟိုလိုလဲမဟုတ်ဘူးပေါ့၊ ဟဲ....ဟဲ-ကဲပါ တက်ပါ မမဝေ ဖိတ်ခေါ်နေတာ"

မမဝေ-၊ဝေဝေ-မဟုတ်၊ မမဝေ၊

သူ့အသုံးကိုလည်း သူ သိလိုက်ဟန်တူသည်။ မမဝေသည် ကျွန်တော့်မျက်လုံးများကို စိုက်ကြည့်ပြီး မေးသည်။

"မမဝေ လို့ သုံးမိတာ စာရေးဆရာကြီးက ကြိုက်ရဲ့လား"

ဒုက္ခ၊ မည်သူ့ဒုက္ခမှမဟုတ်။ ကျွန်တော့်ဒုက္ခ။ ကျိတ်ပေး ပါ မမဝေ။ ကျိတ်ပေးသည်ကတော့ သေချင်ပြီ။

"ဆရာ"

"ခင်ဗျာ"

"ဖြေလေ"

ကျွန်တော်က သက်ပြင်း ခိုးရှိုက်မိ၏။

"ကြိုက်ပါတယ် မမဝေ၊ ဒေါ်ဝေဝေလို့ ကျွန်တော်ကလဲ မခေါ်ချင်ပါဘူး၊ မမဝေကို မမဝေလို့ပဲ ကျွန်တော် ခေါ်ချင်ပါတယ်"

"မမဝေကို မမဝေလို့ပဲ ကျွန်တော်ခေါ်ချင်တယ်၊ အဲဒီလိုဆို အစက ဘာလို့ မခေါ်သလဲ"

"ဪ......ဒါတော့ မမဝေရယ်"

မမဝေသည် ပြုံးလဲ့လဲ့ဖြင့် ကျွန်တော့်ကို ကြည့်ပြန်၏။ ထိုနောက်မှ ရယ်ပြီး ဆို၏။

“မမဝေက ကျီစားတာပါ၊ အို......ဗွာ..ဗွာ၊ ဆရာ့ကို မရိုမသေ၊ ရယ်စရာပြောတာ၊ ကဲ..တက်၊ ရှေ့ခန်းက ထိုင်”

ဆွေဆွေက ကားနောက်ခန်းက ထိုင်သည်။ ကျွန်တော်က ရှေ့ခန်းတွင် မမဝေ၏ ဘေးမှ ထိုင်ရ၏။

မမဝေသည် ကျင်လည်စွာဖြင့် ကားကို မောင်းထွက် လာ၏။

ဘွဲ့နှင်းသဘင်လမ်းမှနေ၍ ပြည်လမ်းဆီ မောင်းသည်။ပြည် လမ်းအတိုင်း ရန်ကုန်ဘက်ဆက်လာသည်။မမဝေ ကားမောင်း ပုံက အကျင့်မပျောက်။ အတန်မြန်သည်။ ကမာရွတ်အဝိုင်းကြီး ကို အရှိန်နှင့် ပတ်ကွေ့သည်၊

“မမဝေ ကားမောင်းတာက နည်းနည်းမြန်တယ်နော်”

“ဆရာ ကြောက်လို့လား”

“မကြောက်ပါဘူး”

“မကြောက်ပါနဲ့ ဆရာ၊ မမဝေ ကောင်းကောင်း မောင်း တတ်ပါတယ်၊ မမဝေက ငယ်ငယ်လေးကတည်းက ကားမောင်း တာ၊ ကားမြင်ရင် မောင်းရမှ၊ ပြည်ကနေလဲ ဒီကားနဲ့ မောင်း လာတာ”

“တစ်ယောက်တည်း”

“တစ်ယောက်တည်းတော့ ဘယ်ဟုတ်မလဲ အိမ်ကလူပါတာပေါ့’

အိမ်ကလူ၊ သူ့ချစ်လင်၊ ဪ...ဘေးမှ ချစ်လင်ကိုတော့ မမဝေ အမှတ်မရလေပြီ။ ကောင်းပါသည်။ အားလုံးပဲ ကောင်းပါသည်။ ဟံမယ်မင်း....။

နောက်ခန်းမှ ဆွေဆွေက ပြော၏။

“မမဝေက ကားကို ဖိလက်ဆက်ဖိနဲ့ မောင်းတာ၊ မမဝေ ပြောပြလိုက်ဦးလေ”

မမဝေက ရယ်၏။

“စာရေးဆရာကြီးရှေ့ ပြောလို့ ဝတ္ထုထဲ ထည့်ရေးနေဦးမယ်”

ကျွန်တော် ငြိမ်နေ၏။ တမင် ငြိမ်နေ၏။ အလိုက်မသိစွာ မမဝေက ဆက်ပြော၏။

“ရေးချင်လဲ ၊ ရေး၊ ပြောရဦးမယ်၊ ဟောဒီကားလေးက မမဝေ စေရာကို နာခံတယ်၊ ဘဝရဲ့ အနှစ်သာရဆိုတာ ဘာလဲ၊ လွတ်လပ်ခြင်းပဲ၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်၊ ကားမောင်းနေ တုန်းဆိုရင် မမဝေဟာ မမဝေဘဝရဲ့ မာလိန်မှူး၊ ကံကြမ္မာရဲ့ အရှင်သခင်၊ ဪ.....ဆရာ့ကို..”

မမဝေသည် စကားကို တန်းလန်း ရပ်ပစ်လိုက်၏။ ကား မောင်းရင်း မျက်မှောင်လေးကြုတ်ကာ စဉ်းစားသယောင် ငြိမ်နေ၏။

"ဆရာ"

"ခင်ဗျာ"

"ဆရာ့ကို ဒီစကား မမဝေ ပြောပြဖူးလား"

"ဗျာ.."

ကျွန်တော်သည် တုန်လှုပ်ချောက်ချားသွား၏။ မမဝေသည် ထင်သည်ထက် မှတ်မိနေဟန်ပါတကား။

သတိထိန်းလိုက်ပြီး ကျွန်တော်က ရယ်ချလိုက်၏။

"မမဝေကလဲ ကြိုကြိုဖန်ဖန် ဘယ်တုန်းက ပြောဖူးလို့လဲ"

မမဝေသည် ကျွန်တော့်ကို စောင်းကြည့်သည်။ သုံးလေးခါ စောင်းကြည့်၏။ ထိုနောက် မမျှော်လင့်သော စကားကို ဆို၏။

"ဆရာ့ကို မမဝေ မြင်ဖူးတယ်"

"ဗျာ"

"ဟုတ်ပါတယ်၊ မြင်ဖူးတယ်၊ ဘယ်မှာပါလိမ့်"

မမဝေသည် ကားကို အရှိန်အနည်းငယ် လျှော့၏။ ကား က ဦးဝိစာရလမ်းပေါ်မှာ ပြေးနေ၏။

ရုတ်တရက် မမဝေသည် ကားကို လမ်းဘေးတွင် ထိုးရပ် လိုက်၏။

ဆွေဆွေရော ကျွန်ထော်ပါ ထိတ်လန့်တကြား မေးမိ၏။

"ဘာဖြစ်လို့လဲ မမဝေ၊ ဘာဖြစ်လို့လဲ"

မမဝေက ဘာမျှမဖြစ်ဟန်ဖြင့် ပြုံး၏။

"မေးစရာရှိလို့ ပါ"

"မေးစရာရှိလို့၊ ဘယ်သူ့ကိုလဲ"

"ဆရာ့ကို"

"ကျွန်တော့်ကို"

"ဟုတ်တယ်၊ ဆရာ မှန်မှန်ပြောနော်၊ မမဝေ ဆေးရုံမှာတုန်းက ဆရာ သတင်းလာမေးတယ် မဟုတ်လား'

ကျွန်တော် ခေါင်းထက် မိုးကြိုးမှန်လိုက်သကဲ့သို့ ထင်မိသည်။

ရင်တစ်ခုလုံးလည်း သွက်သွက်ခါအောင် လှုပ်ရှားသွားသည်။

မေးလေပြီ။ လေးလှိုင်.......ဖြေလေ မင်း ဘာဖြေမလဲ။ မင်း အဖြစ်ကို မင်းသာ အသိဆုံး၊

ကျွန်တော်သည် ရှိသမျှ အားတို့ကို စုရုံး ယူလိုက်ရ သည်။ မျက်နှာကိုရော အသံကိုပါ အတည်ငြိမ်ဆုံးထားပြီး မေး ရ၏။

"ဒေါ်ဝေဝေ နေကောင်းရဲ့လား"

"ရှင်..."

"ဒေါ်ဝေဝေ နေကောင်းရဲ့လားလို့ ကျွန်တော် မေးနေ တယ်၊ နေမကောင်းရင် ကားကို ကျွန်တော် မောင်းပေးပါ့ မယ်"

မမဝေသည် မျက်လုံးလေးများ ဝိုင်း၍ ကျွန်တော့်ကို ကြည့် နေသည်။ ပါးစပ်လေးလည်း ဟနေ၏၊

သနားသည်။ .. ဪ... ချစ်သည်။ ဪ... ရင်နာသည် မတတ်နိုင်ပါ။ မျက်နှာထားကို မတင်းပေမယ့် ကျွန်တော် မချိုရဲ။

မမဝေ၏ ခေါင်းလေး ငိုက်ကျသွားသည်။ ခဏတွင် ပြုံးမဲ့မဲ့ဖြင့် တောင်းပန်၏။

"ဆောရီး၊ ဝေဝေ့ခေါင်းထဲမှာ တစ်ခါတလေ ရှုပ်ရှုပ်သွား တယ်၊ ဝေဝေ နေကောင်းပါတယ်၊ ဝေဝေ့ကို ခွင့်လွှတ်ပါ"

"ဝေဝေ မဟုတ်ဘူးလေ"

"ရှင်...."

"မမဝေပါ၊ မမဝေကို ကျွန်တော် စိတ်မဆိုးပါဘူး၊ဆွေဆွေ ပြောပြထားလို မမဝေရဲ့ ဝေဒနာကို ကျွန်တော် နားလည် ထားပါတယ် စိတ်လဲ မကောင်းပါဘူး မမဝေ"

အမဲ့ရိပ်မပျောက်သော အပြုံးလေးဖြင့် မမဝေသည် ကျွန်တော့်ကို ခေတ္တစိုက်ကြည့်နေသေးသည်။ ပြီးမှ "သင့်ခရု... ဆရာ"ဟု ဆိုကာ ကားကို ဆက်မောင်း၏။

မြို့တွင်းရှိ ကျွန်တော့်တိုက်ရှေ့အထိ လိုက်မောင်းပို့ပေးပြီး ညီအစ်မ နှစ်ယောက်သည် လက်ပြ နှုတ်ဆက်၍ ပြန်သွားကြ သည်။

ဝဋ်... မြတ်စွာဘုရားသခင်....သည်ဝဋ်မှ ကျွတ်ပါရစေ ဘုရား။ တပည့်တော် အမြန် ကျွတ်ပါရစေဘုရား။

အခန်း [၂၉]

ဓမ္မပဒ ပါဠိတော်က ဆိုသည်။

"ပိယတော ဇာယတီ သောကော၊

ပိယတော ဇာယတီ ဘယံ၊

ပိယတော ဝိပ္ပမုတ္တဿ၊

နတ္ထိသောကော ကုတော ဘယံ။"

ပိယတော၊ ချစ်ခင်စုံမက် နှစ်သက် မြတ်နိုးခြင်း တရားကြောင့်၊ သောကော၊ စိုးရိမ်ပူဆွေး သောက ဘေးသည်။ ဇာယတီ၊ စင်စစ်မသွေ ဖြစ်ပေါ်လာရလေ၏။

ပိယတော၊ ချစ်ခင်စုံမက် နှစ်သက် မြတ်နိုးခြင်း တရားကြောင့်၊ ဘယံ၊ ကြောက်ရွံ့ထိတ်လန့် စိတ်မသန့်ခြင်းသည်။ ဇာယတီ၊ စင်စစ်မသွေ ဖြစ်ပေါ်လာရလေ၏။

ပိယတော၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်း တရားမှ၊ ဝိပ္ပမုတ္တဿ၊ တွယ်တာမဲ့ကင်း လွတ်မြောက်ခြင်းရှိသောသူအဖို့၊ သောကော၊ စိုးရိမ်ပူဆွေးသောကဘေးသည်၊ နတ္ထိ၊ မရှိနိုင် တော့ချေ။ ဘယံ၊ ကြောက်ရွံ့ ထိတ်လန့် စိတ်မသန့်ခြင်းသည်။ ကုတော၊ အဘယ်မှာလျှင် ဖြစ်လာနိုင်ပါအံ့နည်း။

ကျွန်တော့်ရင်မှာက ချစ်ခင်စုံမက် နှစ်သက် မြတ်နိုးခြင်း တရားတို့ ရှိနေသေးသည်။ သည်တော့ စိုးရိမ်ပူဆွေး သောက ဘေးက ပြေးမလွတ်ပြီ။ ကြောက်ရွံ့ ထိတ်လန့် စိတ်မသန့်ခြင်း ကလည်း တစ်ဖက်က ညှင်းပန်း နှိပ်စက်လေသေးသည်။

မမဝေက ကျွန်တော့်ငွေလမင်းပါ။ မမဝေကို ငွေလမင်းက လွှဲ၍ နှိုင်းစရာ ကျွန်တော်လောကမှာ မမြင်ပါ။ သည် ငွေလ မင်းကြီး တစ်ပတ်လည် ကျော့လာပြန်တော့ စုံမက်ရပါဘိခြင်း။ မြတ်နိုးရပါဘိခြင်း၊ တကြိမ်တုန်းကလိုပင် ရင်ခွင်တွင်း ငွေလမင်းကြီး ခုန်ဆင်းလာရန် မျှော်လင့်ရမလား၊ ဆုတောင်းရ မလား။ သည်အတွေး ပေါ်လာပြန်တော့ ကြောက်ရွံ့ ထိတ်လန့် စိတ်မသန့် ဖြစ်ရပြန်သည်။

ဝဋ်... ကြောက်ဖွယ်သော ဝဋ်။

တော်ပါသေး၏။ နောက်ဆုံးအကြိမ် ဆုံမိပြီးမှ မမဝေနှင့် ထပ်မတွေ့ရ။ ကျွန်တော့်နေရာကိုသိပြီးလျက် ထပ်မပေါ်လာ တော့ … မမဝေမှာလည်း ဆင်ခြင်တုံတရား ရှိပုံ ပေါ်သည်။ ကျွန်တော့် အပေါ်တုန်းက မဒ္ဒီလိုကျင့်နိုင်သော မမဝေ သည် အစ်ကိုသန်းဟန်အပေါ်၌လည်း သမ္မုလသို့ ကျင့်ပေ မည်။

ဪ… သည်အတွက်တော့ ဝမ်းသာရမည်။ ကိုယ် ဘာပဲ ဖြစ်ဖြစ် လောကကြီးတော့ ကျက်သရေ ရှိပါစေ။ သည်လူ့ဘောင်မှာ အကျင့်ကောင်းတို့ ထွန်းကားပါစေ။

ဆွေဆွေ တစ်ယောက်လည်း ကျွန်တော်နှင့် ဆက်သွယ် မလာတော့။ နောက်ဆုံးတစ်ကြိမ်ဖြစ်ရပုံကြောင့် ကျွန်တော့်ကို အားနာသွားပုံရသည်။

တစ်နည်းတော့လည်း ကောင်းပါသည်။ မီးခဲဟူသည် မငြိမ်းသေးခင် ပြာဖုံးနေသည်ပင် ကောင်းပါသည်။ ပြာမဖုံး ဘဲ မီးခဲကြီး ရဲရဲပေါ်လာတော့ ကိုယ်သာကျွမ်းရမည်။ ဩော် … ကိုယ်သာ ကျွမ်းရမည်။

ဆောင်းသည် သည်လိုနှင့် တဖြည်းဖြည်း ကုန်သွားသည်။ နွေဦးရာသီလည်း ပီပီဆိုက်လာခဲ့သည်။

နွေဦးရာသီ ပီပီဆိုက်လာမှ ဦးပဉ္ဇင်းကို ကျွန်တော် ပေးခဲ့ မိသော ကတိကို သွား သတိရသည်။

သည်တစ်ကြိမ်တော့ သွားမည်။ ဆက်ဆက် သွားမည်။ ဥပကာဇာတ်လမ်းမျိုး ကျွန်တော် ဆက်မကလို။

ကိုသန်းအောင်တို့ အရီတို့နှင့် စကားစပ်မိကြသောအခါ လင်မယားနှစ်ယောက်လုံး ဝမ်းသာသွားကြသည်။ ကိုသန်းအောင်၏ ဖခင်က အသက်ခြောက်ဆယ်ကျော်ပြီ။ ပုသိမ်၌ပင် နေသည်။ တစ်နှစ်တစ်ကြိမ် ကိုသန်းအောင်က ဖခင်ကို ပြန် ကန်တော့လေ့ ရှိသည်။သင်္ကြန်မှာ သူတို့လည်းလိုက်ကြမည်။ ကျွန်တော်က သူတို့အိမ်မှာ တည်းနိုင်သည်။ တရားသွား အားထုတ်တော့လည်း အတူတူပေါ့။ သူတို့လည်း အနည်းဆုံး ဝိဇ္ဇာမျိုးစေ့လေး ရချင်ကြသည်။

ကိုသန်းအောင်ရော ကျွန်တော်ပါ ကိုယ့်အချိန် ကိုယ်ပိုင် ကြသူများ ဖြစ်ကြ၏။ ထို့ကြောင့် သင်္ဘော လူ ကျပ်တတ် သော သင်္ကြန်အခါတွင်းထက် … သုံးရက်ခန့် စော ပြီး ကျွန် တော်တို့ ပုသိမ်သို့ သွားကြသည်။

ရန်ကုန်မြို့တွင် နွေအလှကို မမြင်တွေ့ရသော်လည်း ပုသိမ် မြေမှာတော့ နွေက အလှကြီး လှနေသည်။

ပင်တိုင်းသည် နုနုစိုစို ပျိုပျိုမျစ်မျစ်နှင့် ရောက်အုံ့ မှုးမှုး သော နှစ်သစ်ဦးကို ကြိုဆိုနေကြသည်။

ဘယ်ကြည့်လိုက်ကြည့်လိုက် မြပြာပြာက ရီရီဝေ့နေသည်။

စိန်ပန်းတို့က ပတ္တမြားပွင့်နီ ဆင်နှင့်ပြီ။ ငုတွေကလည်း ထိန်ထိန်ဝါပါဘိခြင်း၊

တရုတ်စကားဖြူတွေကလည်း စွယ်တော်နှင့် ပြိုင်လေသည်။

ပိတောက်သာ ကျန်တော့သည်။ ပိတောက်မပွင့်မီ ကံကော် ပွင့်ကြွင်းတွေက အလွမ်းပြေ သင်းပြနေကြသည်။

ဩော်… သည့်မြေ၊ သည့်ရာသီ၊ သည့်အခါမျိုးဆီမှာ မမဝေကို တွေ့ခဲ့ရတော့ သည့်အခါ သည့်ရာသီ သည့်မြေခံ ပြန်ရောက်လာခိုက် ရှိုက်ချင်သလို ဖိုချင်သလိုနှင့် မမဝေကို အလွမ်းကြီး လွမ်းမိရပြန်သည်။

မမဝေရွတ်ပြခဲ့သော ဓာတုကလျာ၏ ရတုကလေးကို ပြန် သတိရမိသည်။

"ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်၊ ခိုင်တည့်နှလုံး၊ တဖြောင့်သုံး၍၊ နှောင်ထုံးကေမင်၊ လျော့ဖြေချင် လည်း၊ နတ်သျှင်သူကြောင့်၊ တရေးမှောင့်ခဲ့"

ဓာတုကလျာကို ကိုယ်ချင်းစာမိသည်။ ဩော်… သူ့မှာက မိန်းမသား၊ ယောက်ျားဖြစ်သောကျွန်တော်က သည့်မြေဆီသို့ "ခိုင်တည့်နှလုံး၊တစ်ဖြောင့်သုံး"ရန် ရောက်လာခဲ့သည့်ကြားက မမဝေ သူ့ကြောင့် တစ်ရေးမှောင့်ချင် ဖြစ်လေရသည်။

ဦးပဥ္စင်းတို့ ကမ္ဘာ့ဗ္ဗာန်းရိပ်သာထုံးစံက သင်္ကြန် အကြိုနေ့ ကျမှ အလုပ်စဝင်ရသည်။ ကျွန်တော်တို့ ရောက်ကြသည်က နှစ်ရက်စောနေသည်။

ပထမတစ်ရက်မှာတော့ လှူဖွယ်တန်းဖွယ် ဈေးမှာဝယ်ကြ သည်။ အခြား ဘယ်သို့မှ မထွက်ဖြစ်ကြ။

အကြိုနေ့မတိုင်မီ တစ်ရက်၏ ညနေပိုင်းတွင်မူ ကိုသန်းအောင်နှင့် ကျွန်တော်တို့သည် ကန်သုံးဆင့်ဘက်သို့ လမ်းလျှောက် ထွက်ခဲ့ကြ၏။

ကိုသန်းအောင်တို့ အိမ်ရှိရာ မြို့တွင်းနှင့်ကန်သုံးဆင့်ရှိရာမှာ ဝေးပါ၏၊ သို့ရာတွင် ပုသိမ်မြို့သူမြို့သားတိုင်းလိုလို သည့်ခရီးကို ညနေမှာ လျှောက်တတ်ကြသည်။ လျှောက်၍ မောသမျှ ကန် သုံးဆင့်ရောက်၍ လေသန့်လေအေးကို ရှူရလျှင် အမောပြေ သည်။

စကားတပြောပြောနှင့် ကျွန်တော်တို့နှစ်ဦးသည် လမ်းမ ကြီးအတိုင်း တဖြည်းဖြည်း လျှောက်လာကြသည်။

ဟိုက်စကူးကျောင်းကြီးရှေ့ ရောက်သောအခါ ကျွန်တော် တို့ နှစ်ဦးလုံး ကျောင်းကြီးကို ကြည့်မိကြသည်။

အနည်းငယ် ဆက်လျှောက်မိသည့်အချိန်တွင် အနောက်မှ ဆင့်တီးလိုက်သော ကားဟွန်းသံကို ကြားရသည်။

အမှတ်မထင် လှည့်ကြည့်လိုက်မိသော ကျွန်တော်မှာ မြင် လိုက်ရသည့် အာရုံကြောင့် ကြက်သေ သေသွားမိသည်။

ကိုယ့်မျက်စိကိုယ်ပင် မယုံမိ၊ အိပ်မက်ပေလား။

ဆိုက်ကားနှစ်စီးက လမ်းပိတ်သကဲ့သို့ ယှဉ်သွားနေသော ကြောင့် ဟွန်းတီးပြီး

ကားက လမ်းတောင်းပုံရသည်။

ကားက ဖောက်စ်ဝက်ဂွန် ၊ အနက်ရောင်၊ မောင်းလာသူက...

မမဝေ။ ဪ...မမဝေ။ ကျွန်တော် ဘယ်လိုမှ မျှော်လင့်မထားသော မမဝေ။

ကားသည် ကျွန်တော်တို့ကို ကျော်တက်သွားသည်။ မမဝေ၏ ခေါင်းသည် သမင်လည်ပြန် လှည့်ကြည့်သည်ကို မြင်ရ၏။

မကြာပါ။ ကားက လမ်းဘေးမှာ ထိုးရပ်သွားသည်။ ထို့နောက် နောက်ပြန်ဆုတ်လာ၏။

ကားတံခါးဖွင့်ပြီး မမဝေက ဆင်းလာ၏။

"ကြည့်စမ်း၊ မောင်သန်းအောင်ရော ဆရာရောပါလား၊ဘယ်တုန်းက ရောက်လာကြသလဲ"

ကိုသန်းအောင်ကလည်း အံ့ဩဟန် ပြန်ပြော၏။

"နှစ်ရက်ရှိပြီ၊ မမဝေလဲ ဒီပြန်ရောက်နေတယ်'

"သင်္ကြန်တိုင်း မမဝေ ပြန်လာတာပဲဟာ၊ ပြည်မှာက သိပ်ပူတယ်၊ ပြီးတော့ ဒီလကုန်ရင် ကိုသန်းဟန်က အလုပ်က ထွက်ခွင့်ရပြီ"

မမဝေသည် ကြည်လင်ပြုံးရွှင်စွာဖြင့် ကျွန်တော့်ကို ကြည့်သည်။

"ဆရာက လိုက်လည်တာလား"

ကျွန်တော်က ခေါင်းညိတ်ပြရ၏။

"ဆရာ ပုသိမ်ကို မရောက်ဖူးသေးဘူးပေါ့၊ ဟုတ်လား"

ကိုသန်းအောင်က စိတ်ဝင်စားလှဟန်ဖြင့် မမဝေ ကိုတစ်လှည့် ကျွန်တော့်ကိုတစ်လှည့် ကြည့်နေသည်။ ကျွန်တော်က ဘာဖြေရမှန်း မသိ။

"ဆရာက ဝေဝေ့ကို စကားမပြောချင်လို့လား၊ ဒါမှမဟုတ် မမှတ်မိတော့ဘူးလား ဟင်"

ဪ... သူက ပြောင်းပြန် ပြောနေပြန်လေပြီ။

"မဟုတ်ပါဘူး မမဝေ၊ မမျှော်လင့်ဘဲ ရုတ်တရက်ဆိုတော့ အံ့အားသင့်ပြီး ကျွန်တော် ဘာပြောရမှန်း မသိဘူး"

တစ်စုံတစ်ရာကိုနှစ်ခြိုက်သွားဟန်ဖြင့် မမဝေသည် ထပ်ဆင့်ပြုံးသွား၏။

"ဆရာတို့ အခု ဘယ်သွားကြမလို့လဲ"

"လမ်းလျှောက်တာပါ မမဝေ ကန်သုံးဆင့်ဘက်ကို"

"အို... ဒါဖြင့် လာလေ၊ မမဝေ ကားနဲ့ လိုက်ခဲ့"

"ကိစ္စမရှိပါဘူး မမဝေ၊ ကျွန်တော်တို့ လျှောက်ပဲသွားပါ တော့မယ်"

"လျှောက်ဖို့က အဝေးကြီး ကျန်သေးတာ၊လာပါ...ဆရာတို့ ဆင်းချင်တဲ့နေရာ မမဝေ ချပေးခဲ့ပါမယ်"

ခက်ချေပြီ။ သည့်လမ်းမှာ သည့် ကားနှင့်၊ ဪ.. .တိုက်တိုက်ဆိုင်ဆိုင် ကြုံရပြန်လေသည်။ ငြင်းဖို့ကလည်း အခက်ကြီး

"ဘာလဲ၊ စာရေးဆရာကြီးက ဝေဝေ့ကားကို မစီးချင် ဘူးလား၊ ဒါမှမဟုတ် ဝေဝေ့အပေါ် ခွင့်မလွှတ်နိုင်တာ တွေ ထားလို့ ရှောင်ချင်နေတာလား၊ အဲဒီလိုဆိုရင်တော့ ဝမ်းနည်း ပါတယ် ဆရာ၊ ဝေဝေ့ကို ခွင့်လွှတ်ပါ"

မမဝေ၏ အသံလေးက အနည်းငယ် တုန်သည်။ မျက်နှာ မှာ အပြုံးလေး မရှိတော့။ ကျွန်တော့်ကို စိုက်ကြည့်နေသော မျက်ဝန်းပြာသည့် မျက်လုံးကြည်တို့၌ မျက်ရည်လဲ့လဲ့ ဝဲနေဘိသည်။

ခဏပါ...ခဏလေးပါ။သည်ခဏလေးမှာ ချစ်ခင်စုံမက်ခြင်းနှင့် နှစ်သက်မြတ်နိုးခြင်းတရားတို့က ကျွန်တော့်ကို စိုးမိုးလွှမ်းခြုံသွားသည်။

မမဝေဝတ်ထားသည်ကလည်း အဝါလေး။ ဖျော့ဖျော့ အဝါလေး၊ အသားရွှေရည်နှင့် တစ်သွေးတည်း လိုက်ဟပ်နေသော အဝါလေး။ သည်အသွင် သည်အဆင်နှင့် သည်အချိန် မျိုးမှာ မမဝေကို ကျွန်တော် စတွေ့ခဲ့ရသည်။ ပိတောက်ဦး တွေနှင့် အတူ စတွေ့ခဲ့ရသည်။ ဪ... ငွေငန်းဖြူလည်တိုင်နှင့်၊ နောက်ထုံးရှင်နှင့်၊ မျက်ဝန်းပြာနှင့်၊ မျက်တောင်ကော့နှင့်။

"ကောင်းပါပြီ မမဝေ၊ တစ်လွဲထင်ပြီး စိတ်တော့ မညို ပါနဲ့၊ မမဝေ ကားနဲ့ ကျွန်တော် လိုက်ခဲ့ပါမယ်"

ကိုသန်းအောင်က ကားနောက်ခန်း၌ ဝင်ထိုင်သည်။ ကျွန်တော်ကတော့ မမဝေဘေးမှပင် ယှဉ်လိုက်သည်။ နောက် ခန်း ဝင်ထိုင်တော့... အစိပ္ပာယ် ဘယ်ပုံကောက်ဦးမည် မသိ။ မထူးပါပြီ။

နှုတ်ခမ်းတွင် အပြုံးခိုတွဲလျက် မျက်နှာထားကြည်ကြည် ဖြင့် မမဝေက ကားကို မောင်းလာ၏။

"မမဝေ မောင်းတာကို ကြောက်သေးလား"

ကျွန်တော်ကမဖြေဘဲ ပြုံးသာ ပြမိ၏။

"ဟော... စကားမပြောပြန်ဘူး"

"ဪ...မမဝေရယ်၊ မကြောက်ပါဘူး"

"မကြောက်ပါနဲ့ ဆရာ၊ မမဝေက ဒီလမ်းမှာ အမြဲမောင်း နေတာ၊ ပုသိမ်မှာကလဲ ဒီတစ်လမ်းပဲ ကောင်းတယ်၊ ဒီကနေ မြက်တိုအထိ၊ ဪ... "

မမဝေက ကျွန်တော့်ကို စောင်းကြည့်သည်။

"ဘာလဲ မမဝေ'

"ဟင့်အင်း..ဟင့်အင်း၊ ဘာမှမဟုတ်ဘူး'

မမဝေသည် လီဗာကို ဖိနင်းပုံရသည်။ ကားအဟုန်က ပြင်းလာ၏။

ကန်သုံးဆင့်ကို လှမ်းမြင်ရသည်။ မြူက ပြာရီနေသည်။ ဩော်... ရေဝမ်းဘဲတို့လည်း လေမှာ မည်းအစောင် ပျံဝဲနေ ကြသည်။

ကျွန်တော်က မမဝေကို ငေးကြည့်မိသည်။ နဖူးပေါ် ဆံနွယ်တို့ ဝဲကျ လှုပ်ရှားနေ၏။ ပါးပြင်မှာ မွေး ညှင်းစိမ်းတို့ ရှိမ်းမြနေသည်။

ကိုယ်သင်းနံ့က ကျွန်တော့်ဆီ မွှေးပျံ့လာသည်။ ကျွန်တော် ကောင်းကောင်းသိသော ကိုယ်သင်းနံ့ ၊ ကျွန်တော်မြတ်နိုးစုံမက် နှစ်သက် မွှေးကြူခဲ့ရသော ကိုယ်သင်းနံ့၊

မမဝေသည် ရှေ့ကိုသာ စူးစိုက်ကြည့်ပြီး ကားကို မောင်း နေသည်။ မျက်နှာက လှုပ်ရှားမှုမပြ ဘာစကားမျှလည်း မဆိုတော့။ ကားအရှိန်ကိုလည်း မလျှော့။

ကျွန်တော်က လန့်နိုးလာပြီး သတိပေးသည်။

"မမဝေ ကန်သုံးဆင့်ရောက်ပြီ"

"အင်း"

"ဒီမှာ ဆင်းမယ်လေ"

"မြက်တိုအထိ သွားမယ်လေ"

"အို....မြက်တိုအထိ"

"ဘာတွေပြောနေတာလဲ၊ ခါတိုင်း မြက်တိုအထိ သွား တယ် မဟုတ်လား"

မြတ်စွာဘုရား၊ ကျွန်တော် ထိတ်လန့်သွားသည်။

"မမဝေ ဘာပြောတာလဲ၊ ဘယ်လို ခါတိုင်း မြက်တိုအထိ သွားတာလဲ"

မမဝေက ကျွန်တော့်ကို စောင်းကြည့်သည်။ သည်အကြည့် က တစ်မျိုး။ သည်အကြည့်ကို ကျွန်တော် မကြိုက်။

" ဆရာ ညာတယ်"

"ခင်ဗျာ"

"ဆရာ ညာတယ်လို့"

"ခင်ဗျာ... ကျွန်တော် ညာတယ်၊ ဘာညာလို့တုံး"

"ဆရာ... မမဝေနဲ့ မြက်တိုအထိ သွားဖူးပါတယ်။ ပြီး တော့ တခြားလဲ သွားဖူးပါတယ်၊ ပြီးတော့... ပြီးတော့ အို ညာတယ်၊ တစ်လောကလုံး ညာကြတယ်၊ ဝေဝေ့ကို ညာကြတယ်"

မမဝေက ကားကို အရှိန် ထပ်တင်လိုက်သည်၊ နှုတ်ခမ်း များကိုလည်း သွားနှင့်ခဲထားသည်။

ဖြစ်ပုံက မြန်လွန်းလှသည်။ အားလုံးပေါင်း စက္ကန့်ပိုင်းသာ ရှိမည်ထင်သည်။

ကန်သုံးဆင့် အရှေ့ဘက်မှ တစ်ဆစ်ချိုးသာသာ လမ်းအတိုင်း မမဝေက အရှိန်မလျှော့ဘဲ ကားကို ကွေ့သည်။

ကန်တွင်းမှ ကျွဲတစ်အုပ် တက်လာပြီး ကျွဲတစ်ကောင်က လမ်းကို ဖြတ်ကူးသည်။ ကျွဲကိုရှောင်ရင်း ကားသည် သုံး လေး ကြိမ် လူးသွားသည်။ ရှေ့တည့်တည့်မှ ကုန်ကားကြီးတစ်စီး လာနေသည်ကို တွေ့ရ၏။

ကားကြီးက ` ကြီးသည်၊ မြင့်သည်။ . သည့်ကားကြီးက ကျွန်တော်တို့မျက်နှာနား နီးနီးလာသည် ထင်ရ၏။

မမဝေကို တစ်ဖက်သို့ တွန်းလိုက်ပြီး ကားစတီယာရင်ကို လုကိုင်ကာ ဘယ်ဘက်သို့ ချိုးချလိုက်မိသည်ကိုသာ ကျွန်တော် နောက်ဆုံး သတိရသည်။

သည့်နောက်......

ကျွန်တော် ရှေ့ တည့်တည့်မှာက ရွှေတောင်ကြီး၏ အခြေ ပါ။ တစ်ခဲနက် ဝင်းမှည့်ရွှန်းအိနေသော ရွှေပုံကြီးပါ။

ရွှေတောင်ရွှေပုံကြီးကို ရှေ့ထားပြီး ကျွန်တော်က ပုဆစ်တုပ် ထိုင်နေသည်။ ရွှေတောင်ရွှေပုံကြီးမှ အရောင်တွေက ကျွန်တော့် တစ်ကိုယ်လုံးဆီ ထိန်အခင် လာဟပ်နေသည်။

ဩော်...ချမ်းသာစွ၊ ဩော်....ငြိမ်းအေးစွ၊ ဩော်..... ဘေးကင်းစွ။

ကျွန်တော်က တင်ပျဉ်ခွေ၍ ပြင်ထိုင်လိုက်သည်။ ပလ္လင်္ကံ အာဘုဇိတွာ၊ ခန္ဓာကိုယ်အထက်ပိုင်းကို ဖြောင့်ဖြောင့် မတ်မတ် ထားလိုက်သည်။ ဥဇုံကာယံပဏိဓာယ၊ လက်ဝါးချင်း ထပ်ပြီး လက်မချင်းလည်း ထိထားလိုက်သည်။ ပြီးတော့မှ သတိကို နှာသီးဖျားဆီ ကပ်ထားလိုက်၏။ ပရိမုခံသတိံ-ဥပဋ္ဌပေတွာ။

ဖြူဖြူတန်းလေး ပေါ်လာသည်။ ထို့နောက် မြူတိမ်ကင်း သော ကောင်းကင်ပြာမှာ သက်တန့်ရောင်စုံသော နိမိတ်ကြီး ပေါ်လာသည်။ နောက်ဆုံးတော့ ဘာသဏ္ဌာန်ဟုမျှ မခေါ် ဆိုနိုင်သော အရောင်၊ အဆင်း၊ အလင်း၊ အကြည်တို့သာ ပြည့်စုံဆန်းကြယ်သော နိမိတ်က မြဲနေသည်။

မည်မျှကြာသနည်း။ ကျွန်တော် မသိပါ။ ဪ... အစ ရယ် အဆုံးရယ် ရှိပါသလား။ အချိန်ဆိုတာရောရှိပါသလား။

တိတ်ဆိတ်ငြိမ်းချမ်းစွာ နေရခိုက် အသံသဲ့သဲ့လေး ကျွန်တော်ကြားသည်။ အသံက ဟိုးအဝေးဆီမှ လာသည်။

ကျွန်တော့် နိမိတ်ကြီးက တဖြည်းဖြည်း ပျောက်ကွယ် သွားသည်။ ခေါင်းတွင်းမှာတော့ ကောင်းကင်ပြာကြီးလို ကြည်လင်နေသည်။

ကျွန်တော်က မျက်လုံးများကို ဖြည်းညင်းစွာ ဖွင့်လိုက်၏။ ပထမတော့ စူးသလိုပါ။ ခဏမှာ ကြည်လင်သွားသည်။ ဪ... နေ့လယ်ခင်းပါတကား။

"ဟော....သတိရလာပြီ...သတိရလာပြီ"

အသံရှင်က မျက်နှာရှည်ရှည်နှင့်လူတစ်ဦးပါ၊ မျက်မှန်ကြီးကို တပ်ထားသည်။ လည်ပင်းမှာ နားကျပ်ကို ဆွဲထား၏။သူ့ ဘေးမှ ခေါင်းစည်းဖြူနှင့် အမျိုးသမီးကိုတော့ မြင်ရုံနှင့် သိ သည်။ သူနာပြုဆရာမ တစ်ဦးရယ်ပါ။

နားကျပ်နှင့်ပုဂ္ဂိုလ်က ကျွန်တော့်လက်မောင်းကို ကိုင်ပြီး ပြော၏။

"သတိရလာပြီနော်၊ မထလိုက်နဲ့ဦး...ဟုတ်လား"

"ဟုတ်ကဲ့..ကျွန်တော် ဆေးရုံကြီးပေါ်မှာလား"

ဆရာဝန်နှင့် ဆရာမသည် အံ့သြဟန်ဖြင့် တစ်ဦး မျက်နှာ တစ်ဦးကြည့်ကြ၏။ ပြီးမှ ဆရာဝန်က ဖြေသည်။

"ဟုတ်တယ်....ဆေးရုံကြီးပေါ်မှာပါ၊ ဒါထက် ဆရာ့ နာမည် ဘယ်သူလဲ၊ အဲလေ... ခင်ဗျားနာမည် ဘယ်သူလဲ သိရဲ့လား"

ကျွန်တော် ပြုံးချင်သွားသည်။ ကိုယ့်နာမည် ကိုယ် မသိ ရှိရမည်လော။

"ကျွန်တော် လေးလှိုင်ပါ။ ဪ ... ကျွန်တော် ဘယ်ထိသွားလဲ ဆရာ"

"ရင်ဘတ်နဲ့ ခေါင်းပါ၊ သိပ်မများပါဘူး၊ မစိုးရိမ်ပါနဲ့... ငြိမ်ငြိမ်လေးတော့ နေဦးနော်"

"ဟုတ်ကဲ့၊ ဪ... မမဝေကော၊ ကိုသန်းအောင်ကော၊ သူတို့..သူတို့"

"ကိုသန်းအောင်က ပွန်းရုံ ရှရုံပါပဲ၊ အခု အိမ်ပြန်သွား တယ်၊ ညနေကျ လာပါလိမ့်မယ်"

"ဒါဖြင့် မမဝေကော ဟင်၊ မမဝေ ဘာဖြစ်သွားသေးလဲ"

ဆရာဝန်က မဖြေပါ၊ နူးညံ့သော လက်လေးတစ်ဖက်က ကျွန်တော့်လက်ကို ကိုင်ဆုပ်လာသည်။

ကျွန်တော့်မျက်နှာပေါ်မှာလည်း ငွေလမင်းကြီး မိုးလာ ဘိသည်။ မမဝေ မျက်နှာငွေလမင်းကြီး။

"မောင်"

ဝမ်းသာဝမ်းနည်းဖြင့် ဟစ်၍သာ ငိုလိုက်ချင်သည်။

မောင်.... သည်အသံကို ပြန်ကြားရချေပြီ။ အသည်း နှလုံးမှ မမဝေသော ခေါ်တတ်သည့် သည်အသံ။ ကျွန်တော့် နား၌ တစ်လောကလုံး အချိုဆုံးအသံ၊ ယခု ပြန်ကြားရပြီ.... ပြန်ကြားရပေမယ့်....

ကျွန်တော် ဆက်မတွေးနိုင်၊မတွေးရဲသေး၊ ဩော် မတွေး ချင်သေးပါ။

မမဝေ၏မျက်နှာလေးကိုသာ ငေးကြည့်နေမိသေးသည်။ ပြီးမှ ပြုံးပြီး ထူးရ၏။

" မမဝေ "

"မောင်၊ မမဝေ ဝမ်းသာလိုက်တာ၊ မောင် ဘာမှ မဖြစ်ဘူးနော်၊ ပြောစမ်းပါ မောင်ရယ်၊ မောင် ဘာမှမဖြစ်ဘူး မဟုတ်လား"

မမဝေ၏ လက်လေးကို ပြန်ဆုပ်ညှစ်ပြီး ဖြေရသည်။

"ရင်ဘတ်မှာ နည်းနည်းလေးပဲ အောင့်နေတယ်၊ တခြား ဘာမှမဖြစ်ပါဘူး မမဝေ၊ မမဝေကော ဘာဖြစ်သွားသေးလဲ ဟင်"

"မမဝေ ခေါင်းနည်းနည်းပေါက်သွားတယ်၊ကိစ္စမရှိပါဘူး မောင်ရယ်၊ မောင် သတိရလာလို့ မမဝေ ဝမ်းသာလိုက်တာ၊ မောင်များ တစ်ခုခုဖြစ်သွားရင်တော့၊ အမယ်လေး....မောင် ရယ်"

မမဝေသည် ကျွန်တော့်လက်ကို မယူကာ သူ့ပါးလေးနှင့် ကပ်ထားလိုက်သည်။ မမဝေပါးမှ မျက်ရည်တို့ဖြင့် ကျွန်တော့် လက်မှာ စိုလာဘိသည်။

မမဝေက မျက်လုံးများကို ပိတ်ထားသည်။ ပါးမှာ အပ် ထားသော ကျွန်တော့် လက်ကို သူ့ လက်လေးတစ်ဖက်နှင့် ပွတ်သပ်နေသည်။ အသံမထွက်သော်လည်း ရှိုက်ငိုနေသလောမသိ။ ကိုယ်လေးက သိမ့်သိမ့်တုန်နေ၏။

" မမဝေ "

"မောင်"

"မမဝေအားလုံးကို ပြန်သတိရပြီပေါ့နော်"

မမဝေသည် ကျွန်တော့် လက်ကို မလွှတ်။ ပါးမှာအပ်ထားလျက်နှင့်ပင် ခေါင်းညိတ်ပြ၏။

"သူတို့ ဘာပြောကြလဲ"

"အို…သူတို့ကို ဂရုမစိုက်ဘူး၊ သူတို့အားလုံး မတရားဘူး၊ မောင်နဲ့ မမဝေအပေါ်မှာ နည်းနည်းမှ မတရားခဲ့ကြဘူး၊ မမဝေ နှလုံးတွေ အခု ကြေရပြီ၊ သိရဲ့လား မောင်"

သည်တစ်ကြိမ်တော့ မမဝေသည် ကျွန်တော့် လက်ကို လွှတ်လိုက်သည်။ သူ့မျက်နှာလေးကို လက်ဝါးနှင့် အုပ်ပြီး အသံထွက်အောင် ရှိုက်ငိုတော့သည်။

ဘေးမှ ရပ်ကြည့်နေသော ဆရာဝန်က ချောင်းဟန့် အသံပေး၏။

"ဒေါ်ဝေဝေ၊ လူနာ နားပါစေဦး၊ နောက်မှ ပြောကြ စဉ်းစားကြတာပေါ့"

ကျွန်တော့်ခေါင်းတွင်းမှာ ဘာမျှမဖြစ်။ ကျွန်တော့် စိတ်ကကြည်လင်နေသည်။ ကျွန်တော့်ကိုယ်ကိုတော့ ကျွန်တော် လူနာ မထင်။

ဆရာဝန်ကို ပထမ ကန့်ကွက်မည် ကြံသည်။ သို့ရာတွင် သတိဝင်လာပြီး ကျွန်တော် ငြိမ်နေလိုက်၏။

မမဝေက ကျွန်တော့် မျက်နှာကို လှမ်းကြည့်၏။ လှသော မျက်နှာလေးပေါ်မှာ မျက်ရည်အသွယ်သွယ်စီးနေဘိသည်။

လည်ချောင်း၌ ဆို့တက်လာခြင်းကို သည်းခံ နှိမ်နင်းပြီး ကျွန်တော် ပြောရ၏။

"ဟုတ်တယ်၊ နောက်မှ ပြောကြ စဉ်းစားကြတာပေါ့ မမဝေ၊ မမဝေလဲ နားပါ၊ စိတ်ကြည်လင်အောင် နေပစ်လိုက် ပါဦး၊ မောင် တစ်ခုပဲ ပြောလိုက်မယ်"

"ဘာလဲ မောင်"

"မမဝေကို မောင် ကြည်ဖြူတယ်၊ မောင့်ရင်ထဲက ပိတောက် ဟာ ဘယ်တော့မှ မနွမ်းဘူး၊ ဒီစကား မမဝေ နားလည် ရဲ့လား"

မမဝေသည် မျက်ရည်ဝန်းသော မျက်လုံးလှလှကြီးများဖြင့် ကျွန်တော့်ကို စိမ့်စိမ့်စိုက်ကြည့်သည်။

"မောင့်သဘောကို မမဝေ နားလည်ပါတယ်"

"အဲဒီလိုဆို မောင်လဲ ဝမ်းသာတယ်"

သုံးဖူးသော အသုံးအနှုန်းကို ကြားရ၍ထင်သည်။မမဝေ၏ မျက်နှာလေးတွင် ပြုံးရိပ်ပေါ်လာ၏။

"ဒါဖြင့် မမဝေ သွားမယ်၊ ပြန်လာခဲ့ဦးမယ်၊ နော် မောင်"

"မောင်လဲ မျှော်နေပါတယ် မမဝေ"

နေရာမှ မခွာချင့်ခွာချင်ဟန်ဖြင့် မမဝေသည် ထွက်ခွာ သွား၏။

ဆရာဝန်က ပြော၏။

"ခင်ဗျားဟာ ထူးဆန်းတဲ့လူနာပဲ၊ ဒါပေမယ့် ခင်ဗျား အဲ....ဆရာလေးလှိုင် သိပ်စကားတွေပြောခဲ့တယ်၊ အခု နား လိုက်စေချင်တယ်"

ဝေဒနာသည် ဝေဒနာပဲ ဖြစ်၏။ ရင်မှ အခောင့်ခြင်းသည် ထင်ရှားလာ၏။ ဩော်....ခေါင်းကလည်း နာနေပါတကား။

"ဟုတ်ကဲ့၊ ကျွန်တော် နားချင်ပါတယ် ဆရာ"

ဆရာဝန်က အမိန့်ပေးသဖြင့် ဆရာမလေးသည် ကျွန်တော့်ကို ဆေးတစ်လုံး ထိုးပေး၏။

မကြာမီ မျက်လုံးများ လေးလာပြီး ကျွန်တော် အိပ်ပျော် သွားပါ၏။

*****

အခန်း [၃၀]

ကံစမ္မားမြောင် လူတို့ဘောင်ဟု စာဆိုရှိသည်။ သို့ရာတွင် လူတို့ဘောင်မှာ ကျွန်တော့် ကံစမ္မျိုးက ရှားပေလိမ့်မည်။

ထနိုင် ထိုင်နိုင်ပြီ ဖြစ်သောကြောင့် လူနာခန်းတွင်းရှိ နောက်မှီကောင်းသော ကုလားထိုင်ထက်တွင် ကျွန်တော်က ထိုင်နေ၏။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာတော့ အစ်ကိုသန်းဟန်က မျက်နှာညှိုးညှိုးနှင့် ထိုင်နေရှာသည်။

ပိုက်ဆံခန်း ဖြစ်သောကြောင့် အခန်းတွင်းမှာ အခြား လူနာတို့ မရှိ။ ဩော်... ဧည့်လာချိန်လည်း မဟုတ်သေးပါ။

ညီအစ်ကိုသာ ဆိုသည် ကျွန်တော်တို့နှစ်ဦးက ရင်းနှီးကြသည် မဟုတ်။ တွေ့ဖူး ဆုံဖူးခဲ့ကြစဉ်ကလည်း ခဏတာမျှသာပါ။

အစ်ကိုသန်းဟန်က စိတ်ထိခိုက်မှုကို မဖုံးနိုင်သော အသံဖြင့် ပြောနေ၏။

“ ဖြစ်ခဲ့ရတာတွေအတွက် အစ်ကိုလည်း နည်းနည်းမှ စိတ်မချမ်းသာနိုင်ပါဘူး၊ ဇာတ်စုံကို အစ်ကို မသိရရိုး အမှန်ပါ၊ ဝေဝေဟာ အစ်ကို့အပေါ် မေတ္တာ မမျှနိုင်လို့ ထွက်ခွာပြေးတယ်လို့ပဲ ထင်မိခဲ့တယ်၊ ရှက်လည်း ရှက်၊ ဝမ်းလည်း နည်း၊ ဒီလိုတော့ ဖြစ်ခဲ့ရတယ်ပေါ့၊ ပုသိမ်က အမြန်ဆုံးခွာ၊ အလုပ်ဝင်ပြီး မန္တလေးကို အစ်ကို ထွက်သွားတာပါပဲ၊ ဝေဝေ့ကို ပြန်တွေ့ရင်တောင်မှ ဝေဝေ သဘော မတူဘဲ ဘာမှ မလုပ်ကြဖို့ အစ်ကို တောင်းပန်ခဲ့ပါတယ်။ ဝေဝေ့မှာ ချစ်သူရှိနေရင်တောင် ချစ်သူနဲ့ပဲ ပေါင်းပါစေ၊ အစ်ကို ခွင့်လွှတ်ပါတယ်လို့ ပြောခဲ့ပါတယ်၊ ဝေဝေ့ချစ်သူဟာ ငါ့ညီမှန်း သိရင် ကိုယ်တိုင် လက်ထပ်ပေးရဲပါတယ်၊ အစ်ကိုဟာ နှလုံးသားရှိတဲ့ ယောကျ်ားပါ ငါ့ညီ ”

မျက်နှာထားကို ညှိုးညှိုးတည်တည် ပြောနေသော်လည်း အစ်ကိုသန်းဟန်သည် မျက်ရည်တော့ ဝဲနေ၏။

“ ဝေဝေနဲ့ ပြန်တွေ့တော့ အင်း... အဲဒီအပိုင်းကို ငါ့ညီ ယုံနိုင်မလား မသိဘူး၊ ဝေဝေ ဆေးရုံက ဆင်းလာပြီးမှ သူတို့ အစ်ကို့ကို ခေါ်ယူတာပါ၊ ဒီကျတော့ အခြေအနေက တစ်မျိုး ဖြစ်နေပြီ၊ ဝေဝေဟာ အစ်ကို့ကို သူ့ချစ်လင် ထင်နေတယ်၊ ငါ့ညီ ဒါယုံရဲ့လား”

“ကျွန်တော် ယုံပါတယ်၊ ဘာဖြစ်တယ် ဆိုတာလည်း နားလည်တယ်”

"ဒီလိုဆို အစ်ကို ဝမ်းသာပါတယ်၊ အဲဒီတော့ အစ်ကို ဘာလုပ်ရမလဲ၊ ချော်လဲ ရောထိုင်တယ်ပြောရင်လည်း ခံမှာပဲ၊ အမုန်ကို ဝန်ခံရမယ်၊ ဝေဝေ့ကို ငယ်ငယ်ကတည်းက အစ်ကိုတစ်ဖက်သတ် ချစ်လာရသူ၊ ပြန်ဆုံတွေ့ရတဲ့အခါမှာ ဝေဝေဟာ ဝေဒနာသည်၊ ဝေဝေ့ကို ပေါင်းခဲ့တာမှာ ချစ်ခြင်း တစ်ခုတည်း မဟုတ်ပါဘူး ငါ့ညီ၊ အစ်ကို့မှာ ကရုဏာလည်း ပါပါတယ်၊ အခုတော့ အစ်ကိုဟာ ဝေဝေ့အမြင်မှာ လူဆိုးကြီး ဖြစ်နေလား မသိဘူး၊ အမုန်းဆုံး လူတစ်ယောက်တောင် ဖြစ်သွားပြီလား မသိဘူး"

ကျွန်တော်သည် အစ်ကိုသန်းဟန်ကို ကရုဏာမကင်းဘဲ ငေးကြည့်မိသည်။

"အဲဒါတွေ ထားပါတော့ အစ်ကိုသန်းဟန်၊ အခု ကျွန်တော့်ကို လာတွေ့တာက ဘာပြောချင်လို့လဲ၊ အစ်ကို ဘယ်လို စီစဉ်ချင်လဲ"

အစ်ကိုသန်းဟန်သည် သက်ပြင်းကြီး ရှိုက်၏။

" ပြောချင်တဲ့စကားကို အစ်ကို ပြောမထွက်ရက်ဘူး၊ ဒါပေမဲ့ မပြောလည်း မပြီး မတီးလည်း မမြည် အစ်ကို ပြောရတော့မှာပဲ "

"ဟုတ်ကဲ့ ပြောပါ"

"ငါ့ညီ ရင်ထဲ ဘယ်လိုရှိမယ်ဆိုတာ အစ်ကို ကိုယ်ချင်းစာနိုင်ပါတယ်၊ ဒါပေမဲ့ ငါ့ညီဟာ ဝေဝေနဲ့ ခဏသာ ပေါင်းခဲ့ရသူပါ၊ ခွဲခွာနေရတာလည်း ကြာပါပြီ၊ အစ်ကို့မှာက လေးနှစ်ကျော် ငါးနှစ်နီးပါး ပေါင်းခဲ့ရသူ၊ တခြား လူမှုရေး၊ စီးပွားရေး၊ ဆွေရေးမျိုးရေး အနှောင်အဖွဲ့တွေကလည်း ရှိနေပြီ၊ ပြင်မရတော့တဲ့ ဘဝမှာမို့ ပြီးတာတွေကို ပြီးစေပြီး ငါ့ညီကပဲ သဘောထားကြီးပါတော့လို့ အစ်ကို တောင်းပန်ပါတယ်"

ကျွန်တော့်ရင်မှာ နာလာပြန်သည်။ သဘောထားကြီးပါ။ သြော်.... ပြောသူက လွယ်သည်။ စွန့်လွှတ်ရမှာက ငွေလမင်းကြီး၊ ငွေလမင်းကိုမှ အလှူခံလာဘိသည်။

"သဘောထားကြီးပါ ဆိုတာထက် ငရဲမှာ ဆက်နေပါ ငါ့ညီ ရယ်လို့ အစ်ကို ပြောသလို ဖြစ်နေတယ်၊ အဲဒါကိုကော အစ်ကို သိရဲ့လား"

" ပြောတော့ ငါ့ညီ ပြောတော့၊ ဒီလိုဆို အစ်ကိုကလည်း ပြောရမလို ဖြစ်နေပြီ၊ အစ်ကို့အတွက်ရော လောကငရဲဆိုတာ မရှိဘူးလားကွယ် "

သည့်လို ဆိုပြန်တော့လည်း သူ မှန်လေသည်။ သြော်... သူလည်း ငွေလမင်းကို ချစ်လေမပေါ့။ သြော်... ချစ်ရှာမပေါ့။

"ခက်တယ် အစ်ကိုသန်းဟန်၊ ကျွန်တော်တို့ စကားနိုင်လု မပြောကြပါနဲ့စို့၊ မမဝေ သဘောပဲ ရှိပါစေတော့၊ မမဝေ ရွေးချယ်တာကိုပဲ ကျွန်တော်တို့ လက်ခံကြရအောင်"

အစ်ကိုသန်းဟန်က ခေါင်းခါသည်။

"အခုနေ သွေးပူတုန်း ဝေဝေ ဘာရွေးချယ်မယ်ဆိုတာ အစ်ကို သိပါတယ်၊

အစ်ကိုက အရှုံးဘက်က လူပါ၊ ရှုံးလည်း ရှုံးနေပါပြီလေ၊ အစ်ကို ပြောခဲ့ပါရောလား၊ အခု အစ်ကိုဟာ ဝေဝေ့အမြင်မှာ လူဆိုးကြီး ဖြစ်နေပြီ၊ သူယုတ်မာကြီး ဖြစ်နေပြီ၊ ဝေဝေ့အသည်းနှလုံးမှာ အစ်ကိုဟာ နေရာမရှိတော့ပါဘူး"

"အစ်ကိုသန်းဟန်... ကျွန်တော်ဟာ တရားမဟောမဲ့ပါဘူး၊ စကားလည်း ကပ်ပြောတာ မဟုတ်ပါဘူး၊ မမဝေရဲ့ အသည်းနှလုံးထဲမှာ အစ်ကိုသန်းဟန်ဟာ နေရာမရှိတော့ဘဲနဲ့ အစ်ကိုသန်းဟန်တို့ အိမ်ထောင်ရေးဟာ ရှေ့ဆက် ဘယ်လို သာယာနိုင်တော့မလဲ"

အစ်ကိုသန်းဟန်သည် မချိပြုံးကို ပြုံးပြ၏။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မျှော်လင့်ချက်လေးတစ်ခုတော့ အစ်ကို ထားတယ်၊ ဝေဝေ့ အသည်းနှလုံးမှာ အစ်ကို့အတွက် နေရာမရှိတော့ပေမယ့် အခြား တစ်ယောက်အတွက်တော့ ရှိနေသေးတယ်၊ အဲဒီတစ်ယောက်အတွက်လည်း အစ်ကို ပြောနေရတယ်"

"ခင်ဗျာ... ဘာကို ဆိုလိုတာလဲ"

အစ်ကိုသန်းဟန်သည် နေရာမှ ထလိုက်သည်။ ဆေးရုံပေါ်မှနေ၍ အောက်သို့ တစ်စုံတစ်ရာ လက်ဟန်ခြေဟန် ပြသည်။

နားမလည်နိုင်ဘဲ ကျွန်တော်က ကြည့်နေမိသည်။

အစ်ကိုသန်းဟန်သည် မမဝေကိုပဲ ခေါ်လိုက်လေသလော၊ အို... မဖြစ်နိုင်ပါ။

ကျွန်တော့်ရှေ့မှောက်မှ အစ်ကိုသန်းဟန် ပျောက်သွားသည်။

ခဏအကြာ၌ ပြန်ပေါ်လာသည်။ တစ်ယောက်တည်းတော့ မဟုတ်။

အစ်ကိုသန်းဟန်၏ လက်တစ်ဖက်က နှစ်နှစ်အရွယ် ကလေးတစ်ဦးကို ပွေ့ချီလာသည်။

ချစ်စဖွယ် ကလေး၊ အရုပ်လေးလို လှသော မိန်းကလေးတစ်ဦး။

" ဆေးရုံပေါ် မခေါ်ချင်လို့ သူ့ကို ကားပေါ်မှာ ထားခဲ့တာ။ သူ စကား မပြောတတ်သေးဘူး ငါ့ညီ၊ ပြောတတ်ရင် သူလည်း ပြောချင်ရှာမှာပဲ၊ ပြောခွင့်လည်း သူ့မှာ ရှိတယ် "

အစ်ကိုသန်းဟန်က ကလေးကို ပြုံးပြီး ပြော၏။

"သမီး... ဟောဒီဦးဦးက မေးနေတယ်၊ သမီး ဖေဖေရောတဲ့"

ကလေးငယ်သည် ချစ်စဖွယ်အသံလေး ထွက်အောင် ရယ်သည်။ ပြီးတော့ အစ်ကိုသန်းဟန်၏ ရင်ဘတ်ကို သူ့လက်ဝါးလေးတစ်ဖက်ဖြင့် ပုတ်ပြ၏။

"ဪ... ဖေဖေက ဒီမှာ၊ ဒါဖြင့် မေမေရော၊ သမီး မေမေရော"

ကလေး၏ လက်လေးတစ်ဖက်သည် ညွှန်ပြလိုဟန်ဖြင့် လေထဲတွင် မြောက်လာသည်။ ကြည်လင်ဝိုင်းစက်သော မျက်လုံးလေးက ရှာဟန်ဖြင့် တစ်ခန်းလုံးကို နှံ့အောင်လိုက်ကြည့်သည်။

“ မေ... မေ ” ဟု နှစ်လုံးတော့ ခေါ်သည်။ မျက်နှာမှာ အပြုံးလေး ပျောက်သွားပြီး ငိုမဲ့မဲ့ ဖြစ်လာ၏။

သူတို့ သားအဖကို ကြည့်နေရင်းက ကျွန်တော့် ရင်တွင်း လှိုက်လာသည်။ အသည်းနှလုံးက မခံနိုင်အောင် နာကျင်လာသည်။

ကျွန်တော်က နေရာမှ ထလိုက်၏။ အမေတူမို့ အသားဝါ မျက်တောင်ကော့နှင့် အရုပ်လေးပမာ လှသူလေးကို ကြည့်ပြီး ပြောမိသည်။

“ကလေးရယ်... မင်း စကားပြောတတ်ပါလား၊ မင်းက ဦးဦးရဲ့ အသည်းနှလုံးကိုမှ စကားပြောပလေတယ်၊ မင်းအဖေနဲ့ မင်းအမေကို မင်းကပဲ ပြောပြလိုက်ပါတော့၊ ဦးဦး အရှုံးပေးပါပြီလို့၊ မင်းကိုပဲ အရှုံးပေးလိုက်ပါပြီလို့ အဲဒီအတွက် ကြည်နူးကြေကွဲစွာနဲ့ ဦးဦး ငိုလိုက်ပါတယ်လို့၊ သွားကွယ် ကလေးရယ်၊ ဦးဦးကို သနားရင် သွားတော့ကွယ်၊ ဪ... အစ်ကိုသန်းဟန်ရေ ခေါ်သွားပါ၊ သူ့ကို ခေါ်သွားပါတော့”

ကျွန်တော်သည် လူနာခုတင်ဆီသို့ ပြေးလာခဲ့သည်။

မျက်နှာကို ခေါင်းအုံးပေါ် မှောက်လိုက်သည်။

ကျွန်တော် လူနာပါ။ သည်သံသရာမှာက ကျွန်တော် လူနာပါ။

*****

အခန်း [၃၁-ဇာတ်သိမ်း]

ပိတောက်ပင်ကြီးထက်တွင် ပိတောက်ပန်းတွေ ထိန်အဝါရောင် ပွင့်နေ၏။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် ပိတောက်ရနံ့တို့ သင်းပျံ့ကြိုင်လှိုင်နေသည်။

အနောက်ဘက် ကောင်းကင်တွင် ရဲရဲနီသော နေလုံးက မဝင်သေး။

အရှေ့ဘက်ကောင်းကင်ဆီ၌ လမင်းကြီး တက်လာနေသည်။

ဦးပဥ္ဇင်းက ခုံတန်းပေါ်တွင် ယခင်အခါများကကဲ့သို့ပင် တည်ငြိမ်စွာ ထိုင်နေ၏။

ပုဆစ်တုပ် ဦးချရာမှ ကျွန်တော်က ခေါင်းကို မော့သည်။ ဦးပဥ္ဇင်းကို ဖူးသည်။

"ဘယ်လိုလဲ ငါ့တပည့်၊ မျက်လုံးမှာ မျက်ရည်တွေနဲ့ပါလား"

"တင်ပါ့၊ မျက်ရည်သိမ်းဖို့ အခု တပည့်တော် ရောက်လာရပါတယ်"

"မျက်ရည်သိမ်းဖို့ အခု ဦးပဥ္ဇင်းတို့နယ်ဆီ တပည့် လာခဲ့ပြီပေါ့"

"တင်ပါ့၊ ဦးပဥ္ဇင်းတို့နယ်ဆီကိုပါ ဘုရား"

"ငါ့တပည့်မှာ ပိုင်သူ ဆိုင်သူ ရှိလေသလား"

"တပည့်တော်မှာ အခု တပည့်တော်ကိုယ်ကို တပည့်တော်ပဲ ပိုင်ပါ ဆိုင်ပါတော့တယ် ဘုရား"

"သာဓု တပည့်... သာဓု သာဓု၊ ဒီအချိန်ကို ဦးပဥ္ဇင်းလည်း စောင့်နေတယ်၊ အခုတော့ အချိန်ရောက်ပေါ့၊ မဆိုင်းလိုပြီ၊ ဦးပဥ္ဇင်းနောက်ကို လိုက်ခဲ့ပေတော့ ငါ့တပည့်"

ဦးပဥ္ဇင်းက ရှေ့မှ ကြွတော်မူသည်။

ဦးပဥ္ဇင်း၏ နောက်မှ လိုက်ရာက ခေတ္တရပ်ပြီး နောက်ကြောင်းဆီ တစ်ချက် ပြန်ကြည့်မိသည်။

စရိုက်ဝါသနာမို့ အသျှင်မဟာရဋ္ဌသာရထံုး နှလုံးမူပြီး နှုတ်ဆက်ခဲ့ချင်သည်။

မမဝေကို နှုတ်ဆက်ခဲ့ချင်ပါသည်။

ဩော်... ပိတောက်ဖန်ဝါ သာသနာ၌၊ မဟာကရုဏာ၊

ဓမ္မလမင်း၊ ထိန်ထိန် ဝင်း၏၊ ဉာဏ်လင်းထိရောက်၊

အသိပေါက်က၊ ပိတောက်ပွင့်ဆဲ၊ လသာဆဲပေ၊ ခပဲလူသူ၊

ပူပူသမျှ၊ ငြိမ်းအေးမြလော့၊ လာကြ ရှုကြ၊ သန္နိဋ္ဌာတည်း၊

ချစ်ရ မုန်းရ၊ ပြုံးငိုရနှင့်၊ ဖြစ်ရပျက်ပြန်၊ ဝဲကို လွန်မည်၊

နတ်ဟန်ချစ်သူ၊ ပျို့မျစ်မူနှင့်၊ ခုတူမကွဲ၊ တစ်နေ့ လွဲအံ့၊

နွေမွှဲမြူပြာ၊ ကမ္ဘာလာလျှင်၊ အဝိဇ္ဇာ သင်တိုင်း၊ မင် မဝိုင်းပြီ၊

လွမ်းတိုင်း မျက်ရည် မဝဲရစ်သော်။

ပြီးပါပြီ

မေတ္တာရည်၍

တက္ကသိုလ်ဘုန်းနိုင်

*****

အဆုံးထိ ဖတ်ပေးခဲ့လို့

ကျေးဇူးတင်ပါတယ်

Whispers of Words